# ဓမ္မကထိကဂုဏ်ရည်
## ခေါ်
# မြင်းခြံတရားစာ

ပ. ဦး. တ အတွဲ ၉

၁၆၉၃၈

မြင်းခြံမြို့

ကိုးဆောင်တိုက်၊ ပခုက္ကူကျောင်းသစ်

ဂဏဝါစက

**အရှင်ဇနကာဘိဝံသ**

ရေးသားစီရင်တော်မူအပ်သော

ဓမ္မကထိကဂုဏ်ရည်

ခေါ်

# မြင်းခြံတရားစာ

( ပ - ဒု - တ အတွဲစုံ )

**သုဓမ္မဝတီစာပုံနှိပ်တိုက်**
တိုက်နံပါတ် ၅၃–စစ်ကဲမောင်ခိုင်လမ်း၊ ရန်ကုန်မြို့။
၁၃၃၈ - ခု။

ထုတ်ဝေသူ — ဦးတင်ထူး - မှတ်ပုံတင် အမှတ် မြဲ - ၀၂၂၀
သုဓမ္မဝတီပိဋကတ်စာအုပ်တိုက်၊
အမှတ် - ၃၅၊ ဈေးတော်ရုံ၊ ဘုရားဈေး၊
ရန်ကုန်မြို့။

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက် အမှတ် ၇၉၀၅

ပုံနှိပ်သူ — ဦးသိန်းဝင်း - မှတ်ပုံတင် အမှတ် ၀၂၁၅၅
သုဓမ္မဝတီစာပုံနှိပ်တိုက်၊
အမှတ် - ၅၃၊ မောင်ခိုင်လမ်း၊ ရန်ကုန်မြို့။

၁၃၃၈ - ခု၊ တန်ဆောင်မုန်းလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၂၀၀၀၊

အဘိုး ၁၅ - ကျပ်။

# မာတိကာ

## မြင်းခြံတရားစခ ပဌမတွဲ


| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| | နိဒါနကထာ | .... | ၁၁ |
| ၁။ | ကျမ်းအမည် | .... | ၁၃ |
| ၂။ | တရားမနာ မဂ်မလာ | .... | ၁၃ |
| ၃။ | တရားဟောကြ မိန့်ခွန်းချ | .... | ၁၃ |
| ၄။ | တရားဟောသူ နိဗ္ဗာန်လှူ | .... | ၁၄ |
| ၅။ | ဓမ္မဒါန မြတ်ပါလှ | .... | ၁၄ |
| ၆။ | သာ,နာရေးမှူ လွန်လွယ်ကူ | .... | ၁၄ |
| ၇။ | ဤကျမ်းပေါ်ထွက် ရည်ရွယ်ချက် | .... | ၁၅ |
| ဂ။ | သန္ဒေသကထာ | .... | ၁၆ |
| | ပဏာမာဒိ | .... | ၁၇ |
| ၉။ | ဗုဒ္ဓပ္ပဏာမ | .... | ၁၇ |
| ၁ဂ။ | ဓမ္မပ္ပဏာမ | .... | ၁၇ |
| ၁၁။ | သံဃပ္ပဏာမ | .... | ၁ဂ |
| ၁၂။ | ပဋိညာ | .... | ၁ဂ |
| ၁၃။ | အာသီသ | .... | ၁ဂ |
| | ကျောင်းအနုမောဒနာ တရားတော် | .... | ၂၁ |
| ၁၄။ | သုံးတန်စေတနာ ပြည့်စွာစုံပြု | .... | ၂၁ |
| ၁၅။ | ကျောင်းအလှူ၌အလှူ ၉-မျိုး အကျိုး ၉-ပါး | | ၂၂ |
| ၁၆။ | အလှူ ၉-မျိုးကား | .... | ၂၂ |
| ၁၇။ | အကျိုး ၉-ပါးကား | .... | ၂၄ |
| ၁ဂ။ | အာဂါရိယ ပဋိပဒါ | .... | ၂၅ |

၁၉။ ကျောင်း၏အကျိုး ကုသိုလ်နေ့စဉ်တိုး .... ၂၆
၂၀။ အနာထပိဏ်နတ်သား သုလ္လတဲ့ကျောင်းကို ချီးကျူး .... ၂၇
၂၁။ ကျေးဇူးသိစွာ တရားဟောပါ .... ၂၈
၂၂။ သစ္စာလေးပါး .... ၂၈
၂၃။ တရားသိမ်း .... ၃၀

ဆွမ်း, အဝတ်သင်္ကန်း, ယာဉ်, ဆီမီး, ကျောင်း အနုမောဒနာတရားတော် .... ၃၁

၂၄။ ဗီဇနိယာမနှင့် ကမ္မနိယာမ .... ၃၁
၂၅။ ကမ္မနိယာမဝတ္ထု အကျိုးဝိပါက် .... ၃၃
၂၆။ အကြောင်းကံ .... ၃၄
၂၇။ အကျိုးဝိပါက် .... ၃၄
၂၈။ အကြောင်းကံ .... ၃၄
၂၉။ အကျိုးဝိပါက် ... ၃၅
၃၀။ အကြောင်းကံ .... ၃၅
၃၁။ လောကဥ္စ အကုသိုလ်ကံမှ လွတ်ရာအရပ်မရှိ ၃၅
၃၂။ သုက္ခပက္ခ ကမ္မနိယာမ .... ၃၆
၃၃။ ဆွမ်း အကျိုး .... ၃၈
၃၄။ အဝတ်သင်္ကန်း အကျိုး .... ၃၉
၃၅။ ယာဉ် အကျိုး .... ၄၀
၃၆။ ဆီမီးအလင်း အကျိုး .... ၄၁
၃၇။ ကျောင်း အကျိုး .... ၄၂
၃၈။ ကျောင်း အလှူမှာ .... ၄၃
၃၉။ ကုသိုလ်များကို ကြိုးစားပါ .... ၄၅
၄၀။ လောကုတ် အကျိုး .... ၄၅
၄၁။ ဒုက္ခသစ္စာ .... ၄၅
၄၂။ သမုဒယသစ္စာ ... ၄၆
၄၃။ နိရောဓသစ္စာ .... ၄၆
၄၄။ မဂ္ဂသစ္စာ .... ၄၇

၄၅။ ကြိုးစားပါ .... ၄၈
၄၆။ တရားသိမ်း .... ၄၈
ဒါနတရားတော် .... ၄၉
၄၇။ စေတနာသုံးတန် .... ၄၉
၄၈။ ပြည့်စုံအောင်ပြု .... ၅၀
၄၉။ အာဂန္တုက သူဌေးကြီးဝတ္ထု .... ၅၁
၅၀။ ပစ္စုပ္ပန်ဝတ္ထု ... ၅၁
၅၁။ အတိတ်ဝတ္ထု .... ၅၃
၅၂။ တဂ္ဂရသိခီ ပစ္စေကဗုဒ္ဓါကြွလာခြင်း .... ၅၃
၅၃။ ဆွမ်းလှူခိုင်းခြင်း .... ၅၃
၅၄။ သူဌေးကတော် အကြံဖြစ်ပုံ .... ၅၄
၅၅။ သလေးသားပြွမ်းဆွမ်း လှူဒါန်းခြင်း .... ၅၄
၅၆။ အပရစေတနာ ပျက်ပုံ .... ၅၄
၅၇။ အကို၏သားကို သတ်ဘူးခြင်း .... ၅၅
၅၈။ ဆွမ်းလှူကျိုး .... ၅၆
၅၉။ အပရစေတနာ ပျက်ကွက်ကျိုး .... ၅၆
၆၀။ အကို၏သားကို သတ်ရကျိုး .... ၅၆
၆၁။ မဟာရောရုဝ ငရဲကျ .... ၅၆
၆၂။ ဂါထာမျာ .... ၅၇
၆၃။ သစ္စာလေးပါး .... ၆၀
၆၄။ တရားသိမ်း .... ၆၁
မရဏာဿတိကထာ .... ၆၃
၆၅။ ပဋိသန္ဓေမှအစပြု၍ သေမင်းသို့ရှေးရှု .... ၆၃
၆၆။ သေခြင်းသဘောကို ဆင်ခြင်ပါ .... ၆၄
၆၇။ သေခြင်းသဘောမေ့ ကာမဂုဏ်မွေ့ .... ၆၄
၆၈။ သေမည့်နေ့မသိ ယနေ့ကုသိုလ်ပြု .... ၆၅
၆၉။ သေမင်းကို လက်ဆောင်တံစိုးပေးထိုးမရ .... ၆၆
၇၀။ အိုးခွက်ပမာ သေကြရာ .... ၆၇
၇၁။ အမိပွါယ်အကျဉ်း .... ၇၀

၇၂။ သစ္စာလေးပါး .... ၇၁
၇၃။ တရားသိမ်း .... ၇၃

သင်္ခါရတရားတော် .... ၇၄

၇၄။ အနိစ္စာ ဝတ သင်္ခါရာ .... ၇၄
၇၅။ ဥပ္ပါဒ ဝယ ဓမ္မိနော .... ၇၉
၇၆။ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ .... ၈၀
၇၇။ ဓမ္မကထိက တဦးဟာ .... ၈၀
၇၈။ တေသံ ူပသမော သုခေါ .... ၈၁
၇၉။ တရားသိမ်း .... ၈၄

ဝနစရကောပမာ ဒေသနာ .... ၈၅

၈၀။ ဥယျောဇန .... ၈၅
၈၁။ ဥပမာန ဝတ္ထု .... ၈၆
၈၂။ ဥပမာန လိုရင်းပြ .... ၈၇
၈၃။ ဥပမာန ဥပမေယျ ဆက်သွယ်ပြ .... ၈၈
၈၄။ တောအုပ်ကြီးပမာ သံသရာ .... ၈၈
၈၅။ ခြင်္သေ့စသည်တူစွာ ဇာတျာဒိဘယာ .... ၈၉
၈၆။ မျက်စိလည်လမ်းမှား ယောကျ်ားပမာ
သတ္တဝါများစွာ .... ၉၀
၈၇။ တောမုဆိုးကြီးပမာ ဘုရားမြတ်စွာ .... ၉၁
၈၈။ လမ်းမှန်ပမာ ဒေသနာ .... ၉၁
၈၉။ လမ်းမှန်သွားတဲ့ ယောကျ်ားပမာ
ဒေသနာကျင့်တဲ့ သတ္တဝါများစွာ .... ၉၂
၉၀။ အနတ္တလက္ခဏသုတ် အကျဉ်းချုပ်ဒေသနာ ၉၄
၉၁။ ဘုရားဒေသနာ ကျင့်ကြံပါ .... ၉၆
၉၂။ တရားသိမ်း .... ၉၆

သစ္စာလေးပါးတရားတော် .... ၉၇

၉၃။ သစ္စာလေးဖော် ခန္ဓသုတ်ပါဠိတော် .... ၉၇
၉၄။ ဒုက္ခသစ္စာ .... ၉၈

၉၅။ သမုဒယသစ္စာ .... ၉၈
၉၆။ နိရောဓသစ္စာ .... ၉၉
၉၇။ မဂ္ဂသစ္စာ .... ၉၉
၉၈။ ဒုက္ခ .... ၉၉
၉၉။ သစ္စာ .... ၉၉
၁၀၀။ ဒုက္ခသစ္စာ .... ၁၀၀
၁၀၁။ သမုဒယ .... ၁၀၀
၁၀၂။ သစ္စာ .... ၁၀၁
၁၀၃။ သမုဒယသစ္စာ .... ၁၀၁
၁၀၄။ နိရောဓ .... ၁၀၂
၁၀၅။ သစ္စာ .... ၁၀၂
၁၀၆။ နိရောဓသစ္စာ .... ၁၀၂
၁၀၇။ မဂ္ဂ .... ၁၀၃
၁၀၈။ သစ္စာ .... ၁၀၃
၁၀၉။ မဂ္ဂသစ္စာ .... ၁၀၄
၁၁၀။ ကိစ္စလေးပါး .... ၁၀၄
၁၁၁။ ပရိညေယျကိစ္စ .... ၁၀၄
၁၁၂။ ပဟာတဗ္ဗကိစ္စ .... ၁၀၅
၁၁၃။ သစ္ဆိကာတဗ္ဗကိစ္စ .... ၁၀၆
၁၁၄။ ဘာဝေတဗ္ဗကိစ္စ .... ၁၀၇
၁၁၅။ သစ္စာမြင်အောင် ကြိုးစားပါ .... ၁၀၇
၁၁၆။ တရားသိမ်း .... ၁၀၈
**သစ္စာလေးပါးတရားတော်** .... ၁၀၉
၁၁၇။ အကျဉ်းချုပ်အားဖြင့် .... ၁၁၆
၁၁၈။ တရားသိမ်း .... ၁၁၆
**သမ္မာပဏိဟိတစိတ္တ ဒေသနာ** .... ၁၁၇
၁၁၉။ ရေစက်မချမီ ပြောကြားရန် .... ၁၁၇
၁၂၀။ စိတ်ထားနည်း နှစ်မျိုး .... ၁၁၇
၁၂၁။ မိစ္ဆာပဏိဟိတ စိတ်ထားနည်း၏အကျိုး .... ၁၁၈

၁၂၂။ သမ္မာပဏိဟိတစိတ်ထားနည်း၏ အကျိုး .... ၁၁၈
၁၂၃။ သမ္မာပဏိဟိတစိတ်ထားနည်းမျိုးဖြင့် ဒါနပြုပါ ၁၁၉

**ဝိဝဋ္ဋနိဿိတ ဒါနကထာ** .... ၁၂၁

၁၂၄။ ရေစက်မချမီ ဟောကြားရန် .... ၁၂၁
၁၂၅။ ဝဋ္ဋနိဿိတဒါန အကျိုးပြ .... ၁၂၁
၁၂၆။ ဝိဝဋ္ဋနိဿိတဒါန အကျိုးပြ .... ၁၂၂
၁၂၇။ ဝိဝဋ္ဋနိဿိတ ဒါနမျိုးပြုပါ .... ၁၂၃

**ဒေဝဒူတသုတ် သံဝေဂတရားတော်** .... ၁၂၄

၁၂၈။ အို့ဘွယ်လေးဖြာ .... ၁၂၄
၁၂၉။ သေမင်းတမန်သုံးပါး .... ၁၂၆
၁၃၀။ တမန်သုံးပါး .... ၁၂၆
၁၃၁။ တမန်သုံးပါးတို့ သံဝေဂဖြစ်စေကြပုံ .... ၁၂၇
၁၃၂။ ဇရာဖိစီး သူအိုကြီးက .... ၁၂၇
၁၃၃။ ဗျာဓိဖိစီး သူနာကြီးက .... ၁၂၇
၁၃၄။ မရဏဖိစီး သူသေကြီးက .... ၁၂၈
၁၃၅။ တမန်သုံးပါး သရုပ်ပြဂါထာ .... ၁၂၈
၁၃၆။ ငရဲသို့ရောက်ကြောင်းကံ .... ၁၂၉
၁၃၇။ ငရဲထိန်းနှင့် ယမမင်း .... ၁၂၉
၁၃၈။ ယမမင်းကြီး စစ်မေးခန်း .... ၁၃၀
၁၃၉။ ပဌမ သေမင်းတမန် စစ်မေးခန်း .... ၁၃၀
၁၄၀။ သင်္ဂဟဂါထာ .... ၁၃၁
၁၄၁။ ကုသိုလ်ကို အမှတ်ရက ငရဲမှလွတ်ရ .... ၁၃၁
၁၄၂။ ဒုတိယ သေမင်းတမန် စစ်မေးခန်း .... ၁၃၂
၁၄၃။ သင်္ဂဟဂါထာ .... ၁၃၃
၁၄၄။ ကုသိုလ်ကို အမှတ်ရက ငရဲမှလွတ်ရ .... ၁၃၃
၁၄၅။ တတိယ သေမင်းတမန် စစ်မေးခန်း .... ၁၃၄
၁၄၆။ သင်္ဂဟဂါထာ .... ၁၃၅
၁၄၇။ ကုသိုလ်ကို အမှတ်ရက ငရဲမှလွတ်ရ .... ၁၃၅

၁၄၈။ ကိုယ်တိုင် ဆင်ခြင်အောက်မေ့ခြင်း .... ၁၃၅
၁၄၉။ ကုသိုလ်ကို အမှတ်ရက ငရဲမှလွတ်ရ .... ၁၃၆
၁၅၀။ သင်္ဂဟာဂါထာ .... ၁၃၆
၁၅၁။ ကုသိုလ်မမြင် ဆိတ်ဆိတ်ပင်နေ .... ၁၃၆
၁၅၂။ ညှဉ်းပန်းမှုမျိုးစုံ ငရဲဘုံ .... ၁၃၇
၁၅၃။ ယမမင်းကြီး အကြံဖြစ်ပုံ .... ၁၃၉
၁၅၄။ တရားသိမ်း .... ၁၄၂

# မြင်းခြံတရားစာဒုတိယတွဲ

ဒါနတရားတော် .... ၁၄၅
၁၅၅။ သပ္ပုရိသ ဒါန ၅-မျိုး .... ၁၄၅
၁၅၆။ ပဌမ အမျိုး .... ၁၄၆
၁၅၇။ ဒုတိယ အမျိုး .... ၁၄၇
၁၅၈။ တတိယ အမျိုး .... ၁၄၈
၁၅၉။ စတုတ္ထ အမျိုး .... ၁၄၉
၁၆၀။ ပဥ္စမ အမျိုး .... ၁၄၉
၁၆၁။ အလှူငါးမျိုး၏ အကျိုးများ .... ၁၅၀
၁၆၂။ သဒ္ဓါယ ဒါန် ဒေတိ အကျိုး .... ၁၅၀
၁၆၃။ သက္ကစ္စ ဒါန် ဒေတိ အကျိုး .... ၁၅၁
၁၆၄။ ကာလေန ဒါန် ဒေတိ အကျိုး .... ၁၅၂
၁၆၅။ အနုဂ္ဂဟိတစိတ္တော ဒါန် ဒေတိ အကျိုး .... ၁၅၃
၁၆၆။ အတ္တာနဉ္စ ပရဉ္စ အနုပဟစ္စ ဒါန် ဒေတိ အကျိုး ၁၅၄
၁၆၇။ ဆက်ဆံသော ဒါနအကျိုး ၁- ပါး .... ၁၅၅
၁၆၈။ မဆက်ဆံသော ဒါနအကျိုး ၅- ပါး .... ၁၅၆
၁၆၉။ သူတော်ကောင်း ဒါန အကျိုး ၆- ပါး .... ၁၅၈
၁၇၀။ အာနိသံသဖလ .... ၁၅၈
၁၇၁။ သူတော်ဒါန ပြုပါကြ .... ၁၅၈
အန္တရာယ်ကင်း တရားတော် .... ၁၅၉
၁၇၂။ ရှိခိုးဦးချ ကျိုးလေး၀ .... ၁၅၉

၁၇၃။ အာယုဝဍ္ဎန သတို့သားဝတ္ထု ···· ၁၆၀
၁၇၄။ ရှိခိုး၍ ဆုပေးခြင်း ···· ၁၆၀
၁၇၅။ အန္တရာယ်မကင်း၍ ဆုမပေး ···· ၁၆၁
၁၇၆။ အသက်အန္တရာယ် ပရိတ်တရားနှင့် ကာကွယ် ၁၆၂
၁၇၇။ ပရိတ်တန်ခိုးလွှင် ဘီလူးမစားနိုင် ···· ၁၆၄
၁၇၈။ ပရိတ်တရားကယ် အသက်ႀတရာနှစ်ဆယ် ···· ၁၆၄
၁၇၉။ ပရိတ်အကျိုး ပြ ဂါထာ ···· ၁၆၅
၁၈၀။ အန္တရာယ်ကင်းအောင် ပရိတ်နာ ···· ၁၆၅
၁၈၁။ ပရိတ်နာက အန္တရာယ်ကင်းပ အကျိုးရ ···· ၁၆၆
၁၈၂။ ကုသိုလ်ဆင့်ပွား အကျိုးများ ···· ၁၆၆
၁၈၃။ သစ္စာလေးပါး ···· ၁၆၇
၁၈၄။ ဒုက္ခသစ္စာကို ပိုင်းခြားသိ ···· ၁၆၇
၁၈၅။ သမုဒယသစ္စာကို ပယ် ···· ၁၆၈
၁၈၆။ နိရောဓသစ္စာကို မျက်မှောက်ပြု ···· ၁၆၈
၁၈၇။ မဂ္ဂသစ္စာကို ပွားများ ···· ၁၆၉
၁၈၈။ သစ္စာမြင်အောင် ကြိုးစားပါ ···· ၁၆၉
၁၈၉။ တရားသိမ်း ··· ၁၆၉
၁၉၀။ မှတ်ရန် ···· ၁၇၀

အန္တရာယ်ကင်း တရားတော် ···· ၁၇၁
၁၉၁။ ကုသိုလ်မင်္ဂလာ ···· ၁၇၁
၁၉၂။ မင်္ဂလာရှိသောနေ့ ···· ၁၇၁
၁၉၃။ အရိပ်ပမာ ကံနှင့်ဖြာ ···· ၁၇၂
၁၉၄။ အန္တရာယ်ကင်းလို ကုသိုလ်ပြု ···· ၁၇၃
၁၉၅။ ဒိဗ္ဗစက္ခု ဖြင့် မြင်တော်မူခြင်း ···· ၁၇၃
၁၉၆။ တန်ခိုးတူစွာ နေအိမ်မှာ ···· ၁၇၃
၁၉၇။ ရှင်အာနန္ဒာကို မိန့်ကြားခြင်း ···· ၁၇၄
၁၉၈။ ပင့်ဖိတ်ဆွမ်းကျွေးခြင်း ···· ၁၇၄
၁၉၉။ အနုမောဒနာ ပြုတော်မူခြင်း ···· ၁၇၅

၂၀၀။ အဓိပ္ပါယ်အကျဉ်း .... ၁၇၆
၂၀၁။ ဘုမ္မစိုးနတ်တွေ အမျှဝေ .... ၁၇၇
၂၀၂။ နတ်တွေစောင့်ရှောက် အန္တရာယ်ပျောက် .... ၁၇၈
၂၀၃။ ကုသိုလ်ဆင့်ပွား အကျိုးများ .... ၁၇၈
၂၀၄။ သစ္စာလေးပါး .... ၁၇၉
၂၀၅။ အမှန်တရား ကြိုးစားပါ .... ၁၈၂
၂၀၆။ တရားသိမ်း .... ၁၈၂
အနေကဇာတင် တရားတော် .... ၁၈၃
၂၀၇။ ဥဒါန်းဂါထာများ .... ၁၈၃
၂၀၈။ ဥဒါန်းကျူးရင့်ချိန် .... ၁၈၅
၂၀၉။ ဥဒါန်းဒေသနာ ဆိုလိုရာ .... ၁၈၆
၂၁၀။ ဥပမာန ဥပမေယျ ထုတ်ကာပြ .... ၁၈၇
၂၁၁။ တဏှာလက်သမားရပ်က ခန္ဓာအိမ်ပြတ် .... ၁၈၈
၂၁၂။ သစ္စာလေးပါး .... ၁၈၈
၂၁၃။ ဒီဥဒါန ဘုရားတိုင်း ကျူးရင့်ကြ .... ၁၈၈
၂၁၄။ ဥဒါန်းဒေသနာဖြင့် အနေကဇာတင် .... ၁၈၉
၂၁၅။ သိဟိုဠ်ခေတ်က စေတီရုပ်ပွားတည်ပုံ .... ၁၈၉
၂၁၆။ ဓာတ်တော် တန်ခိုးပြ .... ၁၉၁
၂၁၇။ အစိန္တေယျ နှစ်မျိုး .... ၁၉၁
၂၁၈။ ဗုဒ္ဓဝိသယ အစိန္တေယျ .... ၁၉၂
၂၁၉။ ကမ္မဝိသယ အစိန္တေယျ .... ၁၉၂
၂၂၀။ စိတ်တူမျှမူ အကျိုးတူ .... ၁၉၂
၂၂၁။ စေတီရုပ်ပွား တည်ထားပူဇော်ပါ .... ၁၉၃
၂၂၂။ တရားသိမ်း .... ၁၉၄
သံဃိကကျောင်း အနုမောဒနာတရားတော် .... ၁၉၅
၂၂၃။ ကျောင်းသုံးမျိုး .... ၁၉၅
၂၂၄။ သံဃိကကျောင်းဆိုတာ .... ၁၉၆
၂၂၅။ ဂဏိကကျောင်းဆိုတာ .... ၁၉၆
၂၂၆။ ပုဂ္ဂလိကကျောင်းဆိုတာ .... ၁၉၆

၂၂၇။ သံဃိကကျောင်း၏ ဟေဌ္ဌိမ ပရိစ္ဆေဒ .... ၁၉၆
၂၂၈။ သံဃိကကျောင်း အကျိုးကြီးပုံ .... ၁၉၆
၂၂၉။ ရာဇဂြိုဟ်သူဌေး၏ သံဃိကကျောင်းဒါန .... ၁၉၇
၂၃၀။ ကျောင်းငါးမျိုး ခွင့်ပြုခြင်း .... ၁၉၈
၂၃၁။ ကျောင်းတွေ ဆောက်လုပ် .... ၁၉၉
၂၃၂။ ပင့်ဖိတ်ဆွမ်းကျွေးခြင်း .... ၁၉၉
၂၃၃။ ကျောင်းတွေ သံဃိက လှူရန် မိန့်ခြင်း .... ၂၀၀
၂၃၄။ ကျောင်းတွေ သံဃိက လှူဒါန်းခြင်း .... ၂၀၀
၂၃၅။ ကျောင်းအနုမောဒနာ ပြုတော်မူခြင်း .... ၂၀၀
၂၃၆။ ကျောင်းအကျိုး ၁၇-မျိုး .... ၂၀၃
၂၃၇။ ကျောင်းနေရဟန်းနှင့် ကျောင်းဒကာ ....
ဒကာမ တို့ ရခြင်း .... ၂၀၄
၂၃၈။ သစ္စာလေးပါး .... ၂၀၅
၂၃၉။ ကြိုးစားပါ .... ၂၀၇
၂၄၀။ တရားသိမ်း .... ၂၀၇

ခေတ်လေးပါး တရားတော် .... ၂၀၈

၂၄၁။ ခေတ်လေးပါးတရား နာကြားပါ .... ၂၀၈
၂၄၂။ ခေတ်လေးပါး .... ၂၀၉
၂၄၃။ ပထဝီခေတ်၌ ဥသျှိရှု .... ၂၀၉
၂၄၄။ ပထဝီခေတ် ၂၀ .... ၂၀၉
၂၄၅။ မြန်မာလို .... ၂၀၉
၂၄၆။ အာပေါခေတ်စု ဥသျှိရှု .... ၂၁၀
၂၄၇။ အာပေါခေတ် ၁၂-ပါး .... ၂၁၀
၂၄၈။ မြန်မာလို .... ၂၁၁
၂၄၉။ တေဇောခေတ်စု ဥသျှိရှု .... ၂၁၂
၂၅၀။ တေဇောခေတ် လေးပါး .... ၂၁၂
၂၅၁။ မြန်မာလို .... ၂၁၂
၂၅၂။ ဝါယောခေတ်စု ဥသျှိရှု .... ၂၁၃
၂၅၃။ ဝါယောခေတ် ၆-ပါး .... ၂၁၃

၂၅၄။ မြန်မာလို .... ၂၁၃
၂၅၅။ တရားသိမ်း .... ၂၁၇

ကာကောပမာ ဒေသနာ .... ၂၁၈

၂၅၆။ သမုဒယသစ္စာကြောင့် ဒုက္ခသစ္စာဖြစ်ရပုံ .... ၂၁၈
၂၅၇။ ဒုက္ခသစ္စာ .... ၂၁၈
၂၅၈။ သမုဒယသစ္စာ .... ၂၁၉
၂၅၉။ ဥပယျောဇန .... ၂၁၉
၂၆၀။ ရသတဏှာ သမုဒယသစ္စာကြောင့်
မရဏဒုက္ခသစ္စာဖြစ်ရပုံ ဥပမာနဝတ္ထု .... ၂၁၉
၂၆၁။ ဥပမာဝယဝ .... ၂၂၁
၂၆၂။ ဥပမာန ဥပမေယျ နှိုးနှော့ပြ .... ၂၂၂
၂၆၃။ ဂင်္ဂါမြစ်ကြီးပမာ သံသရာ .... ၂၂၃
၂၆၄။ ဆင်သေကောင်ပမာ ကာမဂုဏ်ငါးပြာ .... ၂၂၃
၂၆၅။ ကျီးမိုက်ပမာ လူဗာလာ .... ၂၂၅
၂၆၆။ ကျီးမိုက်တူစွာ ဝမ်းမြောက်သောခါ .... ၂၂၆
၂၆၇။ ကျီးမိုက်တူစွာ မြင်သောခါ .... ၂၂၇
၂၆၈။ ကျီးမိုက်တူစွာ ပျက်စီးရာ .... ၂၂၈
၂၆၉။ သမုဒယသစ္စာကြောင့် ဒုက္ခသစ္စာဖြစ်ရ .... ၂၂၉
၂၇၀။ တဏှာအလို ပြည့်ခဲစွ .... ၂၃၀
၂၇၁။ တဏှာအလိုလိုက်လို့ ဒုက္ခနှင့်ရင်ဆိုင်ရ .... ၂၃၁
၂၇၂။ ဆင်ရဲအားလုံး တဏှာကြောင့်ဖြစ် .... ၂၃၁
၂၇၃။ တဏှာပြုတ်အောင် ကမ္မဋ္ဌာန်းအားထုတ် .... ၂၃၂
၂၇၄။ ချမ်းသာလိုက တဏှာပယ်ကြ .... ၂၃၂
၂၇၅။ ကြိုးစားပါ .... ၂၃၃
၂၇၆။ တရားသိမ်း .... ၂၃၃

မရဏဿတိကထာ .... ၂၃၄

၂၇၇။ သေခြင်း နှစ်မျိုး လေးပါး .... ၂၃၄
၂၇၈။ ကာလမရဏ .... ၂၃၄

၂၇၉။ အကာလမရဏ .... ၂၃၄
၂၈၀။ သေခြင်းနှစ်မျိုးလေးပါး တပါးပါးဖြင့်သေ ၂၃၅
၂၈၁။ မရဏဿတိဘာဝနာ .... ၂၃၅
၂၈၂။ မရဏဿတိဘာဝနာ အကျိုးပြဝတ္ထု .... ၂၃၆
၂၈၃။ ခြောက်ယောက်အိမ်သား မရဏဿတိပွား .... ၂၃၆
၂၈၄။ မြွေကိုက်သွားသေ သိကြားမင်းဖြစ် .... ၂၃၆
၂၈၅။ တဦးမျှလဲ မျက်ရည်မကျ .... ၂၃၇
၂၈၆။ သိကြားမေး ဖခင်ဖြေ .... ၂၃၇
၂၈၇။ အဓိပ္ပါယ်အကျဉ်း .... ၂၃၉
၂၈၈။ သိကြားမေး မိခင်ဖြေ .... ၂၄၀
၂၈၉။ အဓိပ္ပါယ်အကျဉ်း .... ၂၄၁
၂၉၀။ သိကြားမေး နှမဖြေ .... ၂၄၁
၂၉၁။ အဓိပ္ပါယ်အကျဉ်း .... ၂၄၃
၂၉၂။ သိကြားမေး မယားဖြေ .... ၂၄၃
၂၉၃။ အဓိပ္ပါယ်အကျဉ်း .... ၂၄၅
၂၉၄။ သိကြားမေး ကျွန်မဖြေ .... ၂၄၅
၂၉၅။ အဓိပ္ပါယ်အကျဉ်း .... ၂၄၆
၂၉၆။ သိကြားမင်း ဓမ္မပူဇာနှင့် ဩဝါဒကထာ .... ၂၄၇
၂၉၇။ သစ္စာလေးပါး .... ၂၄၇
၂၉၈။ ဒုက္ခသစ္စာ .... ၂၄၇
၂၉၉။ သမုဒယသစ္စာ .... ၂၄၇
၃၀၀။ နိရောဓသစ္စာ .... ၂၄၈
၃၀၁။ မဂ္ဂသစ္စာ .... ၂၄၈
၃၀၂။ ဒေသနာ အကျိုး .... ၂၄၈
၃၀၃။ မရဏဿတိ ဘာဝနာ အကျိုး .... ၂၄၈
၃၀၄။ မရဏဿတိ ဘာဝနာ ပွားများပါ .... ၂၄၉
၃၀၅။ တရားသိမ်း .... ၂၄၉



ပဗ္ဗဇ္ဇမင်္ဂလာ အနုမောဒနာ ဒေသနာ .... ၂၅၀
၃၀၆။ ဒုလ္လဘဒေသနာ ရိုသေစွာနာ .... ၂၅၀

၃၀၇။ အနှစ်ရှိတဲ့ ဘာသာဝါဒ .... ၂၅၁
၃၀၈။ အသောကမင်း ဘာသာမျိုးစုံ စူးစမ်းပုံ .... ၂၅၂
၃၀၉။ ဆွမ်းဝတ်တည်ခဲ့ပုံ .... ၂၅၂
၃၁၀။ အသောကမင်း အကြံဖြစ်တော်မူခြင်း .... ၂၅၃
၃၁၁။ အကြံဖြစ်ခြင်း အကြောင်းရင်း .... ၂၅၃
၃၁၂။ သီလရှိသူကို လှူက အကျိုးကြီး .... ၂၅၄
၃၁၃။ တိတ္ထိတွေကို စုံစမ်းတော်မူခြင်း .... ၂၅၄
၃၁၄။ ဗုဒ္ဓဘာသာကို ယုံကြည်တော်မူခြင်း .... ၂၅၅
၃၁၅။ အသောကမင်း သာသနာ့အမွေခံယူခြင်း .... ၂၅၅
၃၁၆။ ပဗ္ဗဇ္ဇမင်္ဂလာ ပြုသင့်စွာ .... ၂၅၇
၃၁၇။ ပဗ္ဗဇ္ဇမင်္ဂလာ ပြုကြပါ .... ၂၅၇
၃၁၈။ ခန္ဓာငါးဖြာ လေးသစ္စာ .... ၂၅၇
၃၁၉။ ရူပက္ခန္ဓာ လေးသစ္စာ .... ၂၅၈
၃၂၀။ ဝေဒနာက္ခန္ဓာ လေးသစ္စာ .... ၂၅၈
၃၂၁။ သညာက္ခန္ဓာ လေးသစ္စာ .... ၂၅၉
၃၂၂။ သင်္ခါရက္ခန္ဓာ လေးသစ္စာ .... ၂၅၉
၃၂၃။ ဝိညာဏက္ခန္ဓာ လေးသစ္စာ .... ၂၆၀
၃၂၄။ ဤသို့ကျင့်ပါ ငါးခန္ဓာ .... ၂၆၀
၃၂၅။ တရားသိမ်း .... ၂၆၁

ကထိန်အနုမောဒနာ တရားတော် .... ၂၆၂
၃၂၆။ ကထိန် .... ၂၆၂
၃၂၇။ ကထိန်ခင်းပြုခြင်း အကြောင်းရင်းဝတ္ထု .... ၂၆၂
၃၂၈။ အာလာပ သလ္လာပ ပြုခြင်း .... ၂၆၃
၃၂၉။ အနမတဂ္ဂိယဒေသနာကို ဟောတော်မူခြင်း .... ၂၆၄
၃၃၀။ ကထိန်ခင်းပြုတော်မူခြင်း .... ၂၆၆
၃၃၁။ ကထိန်အကျိုးငါးပါး ဟောကြားခြင်း .... ၂၆၇
၃၃၂။ ကထိန်မျက်မှောက်ကျိုးငါးပါး ရဟန်းများရ .... ၂၆၈
၃၃၃။ ပဌမ အကျိုး .... ၂၆၈

၃၃၄။ ဒုတိယ အကျိုး .... ၂၆၈
၃၃၅။ တတိယ အကျိုး .... ၂၆၉
၃၃၆။ စတုတ္ထ အကျိုး .... ၂၆၉
၃၃၇။ ပဥ္စမ အကျိုး .... ၂၆၉
၃၃၈။ ကထိန်ဒါန အကျိုးကြီးလှ .... ၂၇၀
၃၃၉။ ကြောင်းကျိုးထပ်တူ ရမြဲဟူ .... ၂၇၁
၃၄၀။ တရားသိမ်း .... ၂၇၂

# မြင်းခြံတရားစာ တတိယတွဲ

ဥပုသ်သီလ တရားတော် .... ၂၇၅
၃၄၁။ တရားအချီ .... ၂၇၅
၃၄၂။ အလုပ်အကျွေးနတ်တို့ စာရင်းယူခြင်း .... ၂၇၆
၃၄၃။ သားတော်နတ်တို့ စာရင်းယူခြင်း .... ၂၇၈
၃၄၄။ နတ်မင်းကြီးလေးဦးတို့ စာရင်းယူခြင်း .... ၂၇၉
၃၄၅။ ကောင်းမှုရှင်စာရင်း ဖတ်ကြားခြင်း .... ၂၈၀
၃၄၆။ ကောင်းမှုရှင်နည်း မှု ဝမ်းနည်းခြင်း .... ၂၈၀
၃၄၇။ ကောင်းမှုရှင်များမှု ဝမ်းသာခြင်း .... ၂၈၂
၃၄၈။ ဥပုသ်စောင့်ကျိုး .... ၂၈၄
၃၄၉။ သိကြားအဆိုနှင့် ဘုရားအလိုမကိုက် .... ၂၈၅
၃၅၀။ ဘုရားအလိုတော် .... ၂၈၅
၃၅၁။ ကုသိုလ်ကောင်းမှု ကြိုးစားပြု .... ၂၈၆
၃၅၂။ ဥပုသ်စောင့် တရားကိုယ် .... ၂၈၇
၃၅၃။ နာမ်တရား .... ၂၈၇
၃၅၄။ ရုပ်တရား .... ၂၈၈
၃၅၅။ သစ္စာလေးပါး .... ၂၈၈
၃၅၆။ ကြိုးစားပါ .... ၂၈၈
၃၅၇။ တရားသိမ်း .... ၂၈၈
**သင်္ကန်း, ဆွမ်း, ကျောင်း, ဆေး**
**အနုမောဒနာ တရားတော်** .... ၂၉၀

၃၅၈။ တရားအချုပ် .... ၂၉၀
၃၅၉။ အဂါရိယပဋိပဒါကို သူဌေးအား ဟောကြားခြင်း .... ၂၉၁
၃၆၀။ အဂါရိယပဋိပဒါ ဖြည့်ကျင့်ပါ .... ၂၉၄
၃၆၁။ အဂါရိယပဋိပဒါ အကျိုးလဒ္ဓ .... ၂၉၄
၃၆၂။ ပေးလှူသူ တရားကိုယ် .... ၂၉၅
၃၆၃။ နာမ်တရား .... ၂၉၅
၃၆၄။ ရုပ်တရား .... ၂၉၅
၃၆၅။ သစ္စာလေးပါး .... ၂၉၅
၃၆၆။ ကြိုးစားပါ .... ၂၉၆
၃၆၇။ တရားသိမ်း .... ၂၉၆

ဒါနတရားတော် .... ၂၉၇

၃၆၈။ တရားအချုပ် .... ၂၉၇
၃၆၉။ စေတနာဒါန .... ၂၉၇
၃၇၀။ စေတနာသုံးတန် .... ၂၉၇
၃၇၁။ ပုဗ္ဗစေတနာ .... ၂၉၇
၃၇၂။ မုဉ္စစေတနာ .... ၂၉၇
၃၇၃။ အပရစေတနာ .... ၂၉၈
၃၇၄။ မုံချဒါန .... ၂၉၈
၃၇၅။ ဥပစာဒါန .... ၂၉၈
၃၇၆။ ဒါနအပြား .... ၂၉၈
၃၇၇။ တနည်း .... ၂၉၈
၃၇၈။ တနည်း .... ၂၉၉
၃၇၉။ တနည်း .... ၂၉၉
၃၈၀။ ဒါနမပြုက နိဗ္ဗာန်မရ .... ၃၀၀
၃၈၁။ နိဗ္ဗာန်လိုချင် ဒါနပင်ပြု .... ၃၀၀
၃၈၂။ သုမေဓာ တရားရှာပုံ .... ၃၀၀
၃၈၃။ ဒါနပါရမီကို မြင်ပုံ .... ၃၀၁
၃၈၄။ ဒါနပြုရန် မိမိကိုယ်ကို ဆုံးမခြင်း .... ၃၀၁

၃၇၅။ ချမ်းသာလိုချင် ဒါနပင်ပြု .... ၃၀၂
၃၇၆။ မမြလေးဝတ္ထု .... ၃၀၃
၃၇၇။ ဝိပဿီဘုရားလက်ထက် သဒ္ဓါထက်မြက်ကြပုံ .... ၃၀၃
၃၇၈။ ဗန္ဓုမမင်းကြီး သဒ္ဓါထက်ပုံ .... ၃၀၃
၃၇၉။ မြို့သူမြို့သားတွေ သဒ္ဓါထက်ပုံ .... ၃၀၄
၃၈၀။ မင်းနှင့် မြို့သူ သဒ္ဓါစစ်ထိုးခြင်း .... ၃၀၅
၃၈၁။ ရှေးခေတ်သဒ္ဓါ အတုယူစရာ .... ၃၀၇
၃၈၂။ ရှေ့ဦးနေ့ စစ်သူကြီး ဒါနပြုခွင့်ရ .... ၃၀၇
၃၈၃။ ဒါနမပြုရသို့ ငိုခြင်း .... ၃၀၈
၃၈၄။ ငိုတဲ့မိခင်ကို နှစ်သိမ့်စေပုံ .... ၃၀၈
၃၈၅။ ဘုရားကို ဆွမ်းလှူရန် စီစဉ်ပုံ .... ၃၀၈
၃၈၆။ ဆွမ်းလှူရန် ဘုရားထံအသွား .... ၃၀၉
၃၈၇။ ပဉ်းရှိသူများ နှုတ်ပြော ချိုသာ .... ၃၀၉
၃၈၈။ အမောင့်အကြပ်များ လှည့်စားဆွမ်းလှူ .... ၃၁၀
၃၈၉။ မမြလေး ဆုတောင်းပုံ .... ၃၁၀
၃၉၀။ ဘုရားရှင် ဆုပေးတော်မူခြင်း .... ၃၁၁
၃၉၁။ ဘုရားထံမှ မမြလေး ဖဲ့ခွါ .... ၃၁၂
၃၉၂။ စစ်သူကြီးအိမ်သို့ ကြွရောက် ဆွမ်းစားတော်မူခြင်း .... ၃၁၂
၃၉၃။ ကျောင်းသို့ ပြန်ကြွခြင်း .... ၃၁၃
၃၉၄။ မမြလေးကို ဇနီးအရာတင် .... ၃၁၃
၃၉၅။ မမြလေး ဒါနပြုခြင်း .... ၃၁၄
၃၉၆။ နတ်သမီး မမြလေး .... ၃၁၄
၃၉၇။ ဘဝတိုင်း မမြလေး အမည်ရခြင်း .... ၃၁၄
၃၉၈။ ဖွားဘက်တော် အမျိုးသမီး ငါးရာ .... ၃၁၅
၃၉၉။ သာဝတ္ထိပြည်သို့ ဘုရားကြွခြင်း .... ၃၁၅
၄၀၀။ မမြလေးနှင့် ဖွားဘက်တော်ငါးရာတို့ကိုဆို .... ၃၁၅
၄၀၁။ ခရီးအကြား သောတာပန် နှစ်ထောင် .... ၃၁၆

၄၁၂။ ဒါနပြုသူနှင့် မပြုသူ ခြားနားချက်ပုစ္ဆာ
ဖြစ်ပေါ်လာ .... ၃၁၆
၄၁၃။ ဦးဒါနနှင့် ဦးသီလ .... ၃၁၆
၄၁၄။ အချင်းချင်းဆုံးမ နားမကျ .... ၃၁၇
၄၁၅။ ဦးဒါနက ငါးမျိုးအနိုင်ရ .... ၃၁၇
၄၁၆။ သူငယ်နှစ်ဦး စကားစစ်ထိုးခန်း .... ၃၁၈
၄၁၇။ မမြလေး အကြံဖြစ်ပုံ .... ၃၂၁
၄၁၈။ ပုစ္ဆာမေးလျှောက်ရန် ဘုရားထံသွားခြင်း .... ၃၂၂
၄၁၉။ ပုစ္ဆာမေးလျှောက်ခြင်း .... ၃၂၂
၄၂၀။ ဒါနပြုထိုက်ပုံ .... ၃၂၅
၄၂၁။ ဒါနအကျိုးပြ ဂါထာများ .... ၃၂၅
၄၂၂။ အဓိပ္ပါယ်အကျဉ်း .... ၃၂၇
၄၂၃။ ဒါနပါရမီကို ပြည့်အောင်ဖြည့်ပါ .... ၃၂၈
၄၂၄။ ဒါနသဘာဝနှင့် အကျိုးပေးပုံ .... ၃၂၉
၄၂၅။ သစ္စာလေးပါး .... ၃၂၉
၄၂၆။ တရားသိမ်း .... ၃၃၀

ဒါနတရားတော် .... ၃၃၁

၄၂၇။ တရားအချီ .... ၃၃၁
၄၂၈။ ဒါန၏ သာမည လောကီ အကျိုး ၅-ပါး .... ၃၃၁
၄၂၉။ မျက်မှောက်အကျိုး လေးပါး .... ၃၃၁
၄၃၀။ တမလွန်အကျိုး တပါး .... ၃၃၂
၄၃၁။ စစ်သူကြီးသီဟ ဝတ္ထု .... ၃၃၂
၄၃၂။ ဒါနအကျိုးငါးပါး ဟောကြားခဲ့ပုံ .... ၃၃၂
၄၃၃။ တမလွန်အကျိုးကို နှစ်သက်ခြင်း .... ၃၃၃
၄၃၄။ ဒါနအကျိုးပြ ဂါထာများ .... ၃၃၄
၄၃၅။ ဒါနအကျိုး ရကြမည် .... ၃၃၇
၄၃၆။ နာမ်နှင့်ရုပ်ကို ပိုင်းခြား မှတ်သားပုံ .... ၃၃၈

၄၃၇။ သစ္စာလေးပါး .... ၃၃၈
၄၃၈။ ကြိုးစားပါ .... ၃၃၉
၄၃၉။ တရားသိမ်း .... ၃၃၉
**ဘောဇဥ် အနုမောဒနာတရားတော်** .... ၃၄၀
၄၄၀။ ဘောဇဥ်အလှူ၌ အလှူငါးမျိုး .... ၃၄၀
၄၄၁။ အလှူငါးပါး .... ၃၄၁
၄၄၂။ ဘောဇဥ်အလှူ၌ အသက်ရှည်ခြင်း အလှူမည်ပုံ ၃၄၁
၄၄၃။ ဘောဇဥ်အလှူ၌ အသက်ရှည်ခြင်း အကျိုးရပုံ ၃၄၁
၄၄၄။ ဘောဇဥ်အလှူ၌ အဆင်းလှခြင်း အလှူမည်ပုံ ၃၄၂
၄၄၅။ ဘောဇဥ်အလှူ၌ အဆင်းလှခြင်း အကျိုးရပုံ ၃၄၂
၄၄၆။ ဘောဇဥ်အလှူ၌ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း အလှူမည်ပုံ .... ၃၄၃
၄၄၇။ ဘောဇဥ်အလှူ၌ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း အကျိုးရပုံ .... ၃၄၄
၄၄၈။ ဘောဇဥ်အလှူ၌ ခွန်အားကြီးခြင်း အလှူမည်ပုံ .... ၃၄၄
၄၄၉။ ဘောဇဥ်အလှူ၌ ခွန်အားကြီးခြင်းအကျိုးရပုံ ၃၄၅
၄၅၀။ ဘောဇဥ်အလှူ၌ ပညာကြီးခြင်း အလှူမည်ပုံ ၃၄၆
၄၅၁။ ဘောဇဥ်အလှူ၌ ပညာကြီးခြင်းအကျိုးရပုံ ၃၄၆
၄၅၂။ ဘောဇဥ်အလှူ၌ အလှူငါးပါးမည်ပုံ .... ၃၄၇
၄၅၃။ ဘောဇဥ်အလှူ၌ အကျိုးငါးပါး ရပုံ .... ၃၄၇
၄၅၄။ အကျိုးငါးပါး ရကြမည် .... ၃၄၉
၄၅၅။ အကျိုးရ ဘ၀အရေအတွက် .... ၃၄၉
၄၅၆။ ပုဂ္ဂလိကအလှူ .... ၃၅၀
၄၅၇။ ဘ၀ တရာ .... ၃၅၀
၄၅၈။ ဘ၀ တထောင် .... ၃၅၂
၄၅၉။ ဘ၀ တသိန်း .... ၃၅၃

၄၆၀။ ဘဝ ကုဋေတသိန်း .... ၃၅၄
၄၆၁။ သာသနာပ လောကီစျာန်ရ ဒါနအကျိုးရ .... ၃၅၄
၄၆၂။ ဘဝအသချေ် .... ၃၅၄
၄၆၃။ အသချေ်ယျ အပ္ပမေယျချင်းခြားနားပုံ .... ၃၅၆
၄၆၄။ ဆယ်ယောက်မြောက်အလှူခံ .... ၃၅၆
၄၆၅။ အကျိုးဆင့်ကဲ .... ၃၅၇
၄၆၆။ သံဃိက အလှူ ၇-မျိုး .... ၃၅၇
၄၆၇။ သံဃိကဒါန အကျိုးရ .... ၃၅၈
၄၆၈။ ဒါနပါရမီကို ကြိုးစားပါ .... ၃၅၈
၄၆၉။ သစ္စာလေးပါး .... ၃၅၉
၄၇၀။ သစ္စာမြင်အောင်ကြိုးစားပါ .... ၃၆၀
၄၇၁။ တရားသိမ်း .... ၃၆၀
ဒါနတရားတော် .... ၃၆၁
၄၇၂။ စေတနာဒါန .... ၃၆၁
၄၇၃။ ဆင္ဂဂ်ဒါန .... ၃၆၂
၄၇၄။ အင်္ဂါ ၆-ပါး .... ၃၆၂
၄၇၅။ ဒါယကာဘက်မှ အင်္ဂါ သုံးပါး .... ၃၆၂
၄၇၆။ ပဌမ အင်္ဂါ .... ၃၆၂
၄၇၇။ ဒုတိယ အင်္ဂါ .... ၃၆၃
၄၇၈။ တတိယ အင်္ဂါ .... ၃၆၃
၄၇၉။ ဒါယကာဘက်မှ အင်္ဂါသုံးချက်ပြ ဂါထာ .... ၃၆၄
၄၈၀။ အလှူခံဘက်မှ ၃-ပါး .... ၃၆၅
၄၈၁။ အလှူခံဘက်မှ အင်္ဂါ ၃-ချက်ပြ ဂါထာ .... ၃၆၅
၄၈၂။ ဆင္ဂဂ်ဒါနမှ ကောင်းမှုပမာဏ တွက်ဆမပြနိုင် .... ၃၆၆
၄၈၃။ ဆင္ဂဂ်ဒါန ပြုနည်းပြ .... ၃၆၇
၄၈၄။ ဆင္ဂဂ်ဒါနနှင့် အကျိုးကြီးပုံပြ ဂါထာ .... ၃၆၇

၄၈၅။ ဆဠင်္ဂဒါန အကျိုးပြ .... ၃၆၈
၄၈၆။ ဆဠင်္ဂဒါန အကျိုးပြ ဂါထာ .... ၃၆၈
၄၈၇။ လက်ထက်တော်က ဆဠင်္ဂဒါန .... ၃၆၈
၄၈၈။ ဒိဗ္ဗစက္ခုဖြင့် ရှု၍ ဆဠင်္ဂဒါနနှင့်
အကျိုးများကို ဟောခြင်း .... ၃၆၉
၄၈၉။ ယခုပြုရ ဆဠင်္ဂဒါန .... ၃၆၉
၄၉၀။ ဒါယကာဘက်မှ ပဌမအင်္ဂါနှင့်ပြည့်စုံပုံ .... ၃၆၉
၄၉၁။ ဒုတိယအင်္ဂါနှင့် ပြည့်စုံပုံ .... ၃၆၉
၄၉၂။ တတိယအင်္ဂါနှင့် ပြည့်စုံပုံ .... ၃၇၀
၄၉၃။ အလှူခံဘက်မှ ပဌမအင်္ဂါနှင့် ပြည့်စုံပုံ .... ၃၇၀
၄၉၄။ ဒုတိယအင်္ဂါနှင့် ပြည့်စုံပုံ .... ၃၇၀
၄၉၅။ တတိယအင်္ဂါနှင့် ပြည့်စုံပုံ .... ၃၇၀
၄၉၆။ အင်္ဂါခြောက်ပါးနှင့် ပြည့်စုံပုံ .... ၃၇၁
၄၉၇။ ဆဠင်္ဂဒါန အကျိုးရ .... ၃၇၁
၄၉၈။ ဒါနသဘာဝနှင့် အကျိုးပေးပုံ .... ၃၇၁
၄၉၉။ သစ္စာလေးပါး .... ၃၇၂
၅၀၀။ သစ္စာမြင်အောင် ကြိုးစားပါ .... ၃၇၃
၅၀၁။ တရားသိမ်း .... ၃၇၃

**နဝမခဏ ဒုလ္လဘတရားတော်** .... ၃၇၅
၅၀၂။ မဂ်ဖိုလ်ကွယ်ငြား အက္ခဏရှစ်ပါး .... ၃၇၅
၅၀၃။ မဂ်ဖိုလ်ရနိုင်တဲ့ နဝမခဏ .... ၃၇၆
၅၀၄။ မေ့လျော့က နဝမခဏကို လွန်မည် .... ၃၇၇
၅၀၅။ ခဏနည်းပါး အက္ခဏများ .... ၃၇၈
၅၀၆။ ဒုလ္လဘ အ၀၀ ရခဲစွ .... ၃၇၈
၅၀၇။ နဝမခဏ ကြိုးစားကြ .... ၃၇၉
၅၀၈။ ခဏလွန်ရာ အပါယ်စာ .... ၃၈၀
၅၀၉။ ဒီသာသနာ ချွတ်ချော်က နောင်ခါနောင်တ
ရှိတတ်စွ .... ၃၈၁

၅၁၀။ မင်္ဂဖိုလ်မရ ဒုက္ခရှည်ကြာ .... ၃၀၂
၅၁၁။ ဗုဒ္ဓသြဝါဒ လိုက်နာကြ .... ၃၀၃
၅၁၂။ ဒီသာသနာမှာ မဂ်ရပါသော် မချွတ်ချော် .... ၃၀၄
၅၁၃။ သီလသံဝရဖြင့် ကိလေသာမိုယ်း မစွတ်
အောင်နေကြ .... ၃၀၅
၅၁၄။ အနုသယပြတ်က နိဗ္ဗာန်ရ .... ၃၀၅
၅၁၅။ လိုရင်းအချုပ် .... ၃၀၇
၅၁၆။ တရားသိမ်း .... ၃၀၇
ဒါနတရားတော် .... ၃၀၈
၅၁၇။ တရားအချီ .... ၃၀၈
၅၁၈။ သူယုတ်မာဒါန အကျိုးပေးမလှ .... ၃၀၈
၅၁၉။ မျက်မှောက်ခေတ် အသပ္ပုရိသဒါန၏
အကျိုးများ .... ၃၉၀
၅၂၀။ သူတော်ကောင်း ဒါန အကျိုးပေးလှ .... ၃၉၁
၅၂၁။ ဝေလာမပုဏ္ဏား ဝတ္ထု .... ၃၉၃
၅၂၂။ ဗာရာဏသီပြည်ဖွား ပုရောဟိတ်သား .... ၃၉၃
၅၂၃။ တက္ကသိုလ်ပြည် ပညာသင်သွား .... ၃၉၃
၅၂၄။ ဝေလာမဆရာအား မင်းသားများကို
အပ်နှင်း .... ၃၉၃
၅၂၅။ ဆရာဝေလာမ ပုရောဟိတ်ရာထူးရ .... ၃၉၄
၅၂၆။ မင်းသားတို့နှိပ်စက်၍ ဇနပုဒ်သားတို့ဆူပွက် ၃၉၄
၅၂၇။ ဥပါယ်တခု ပြုစေခြင်း .... ၃၉၅
၅၂၈။ နယ်ပိုင်းခြားသတ်မှတ်ခြင်း .... ၃၉၅
၅၂၉။ နယ်ပိုင်းခြားသတ်မှတ်၍ ချေမ်း .... ၃၉၅
၅၃၀။ ဒါနစည် လည်စေခြင်း .... ၃၉၆

၅၃၁။ ဒါနကို စုံစမ်းခြင်း .... ၃၉၆
၅၃၂။ အလှူကြီးပေးခြင်း .... ၃၉၇
၅၃၃။ အလှူခံ သီလကင်း၍ အကျိုးပေးညံ့ဖျင်း .... ၃၉၈
၅၃၄။ အလှူခံဂုဏ်အဆင့်ဆင့် အကျိုးကြီးမြင့် .... ၃၉၈
၅၃၅။ ဝိစေယျဒါန အကျိုးကြီးလှ .... ၄၀၀
၅၃၆။ သပ္ပုရိသဒါန ဝိစေယျဒါန ပြုကြပါ .... ၄၀၀
၅၃၇။ သစ္စာလေးပါး .... ၄၀၁
၅၃၈။ သစ္စာမြင်အောင် ကြိုးစားပါ ... ၄၀၂
၅၃၉။ တရားသိမ်း .... ၄၀၃
၅၄၀။ ဝေလာမသုတ်၌ မှတ်ဖွယ် .... ၄၀၃
၅၄၁။ သံဃိကကျောင်း .... ၄၀၃
၅၄၂။ သရဏဂုံ .... ၄၀၄
၅၄၃။ ငါးပါးသီလ .... ၄၀၄
၅၄၄။ မေတ္တာဘာဝနာ .... ၄၀၄
၅၄၅။ အနိစ္စသညာ .... ၄၀၄
ပေတဥဒ္ဒိဿဒါန အနုမောဒနာတရားတော် .... ၄၀၅
၅၄၆။ ပေတဥဒ္ဒိဿဒါန .... ၄၀၅
၅၄၇။ ပေတဥဒ္ဒိဿဒါနဖြင့် ဆွေမျိုးပြိတ္တာ, ဒါယကာ နှစ်ဖြာ ချမ်းသာရ .... ၄၀၅
၅၄၈။ ဆွေမျိုး ပြိတ္တာတို့ ချမ်းသာသုခရကြပုံ .... ၄၀၅
၅၄၉။ အကြောင်းတူစွ အကျိုးရ .... ၄၀၆
၅၅၀။ ဒါယကာ ချမ်းသာသုခရပုံ .... ၄၀၆
၅၅၁။ ပေတ ဥဒ္ဒိဿဒါနကို ဇာတကဿောဏ် ပုဏ္ဏားအား ဟောကြားခြင်း .... ၄၀၆
၅၅၂။ ဌာနနှင့် အဌာန .... ၄၀၈

| | | |
|---|---|---|
| ၅၅၃။ ငရဲဘုံ အဌာန | .... | ၄၀၇ |
| ၅၅၄။ တိရစ္ဆာန်ဘုံ အဌာန | .... | ၄၀၉ |
| ၅၅၅။ လူ့ဘုံ အဌာန | .... | ၄၀၉ |
| ၅၅၆။ နတ်ပြဟ္မာဘုံ အဌာန | .... | ၄၁၀ |
| ၅၅၇။ ပြိတ္တာဘုံ ဌာန | .... | ၄၁၁ |
| ၅၅၈။ ပေတဒါနမှာ ဒါယကာ အကျိုးရှိပုံ | .... | ၄၁၂ |
| ၅၅၉။ တိရစ္ဆာန်ဘဝ ဒါနအကျိုးရပုံ | .... | ၄၁၂ |
| ၅၆၀။ လူ့ဘဝ ဒါနအကျိုးရပုံ | .... | ၄၁၃ |
| ၅၆၁။ နတ်ဘဝ ဒါနအကျိုးရပုံ | .... | ၄၁၃ |
| ၅၆၂။ ပေတဒါန ပြုသင့်ပုံ | .... | ၄၁၄ |
| ၅၆၃။ ပေတ ဥဒ္ဒိဿ ဒါနပြင့် အမျှဝေ | .... | ၄၁၅ |
| ၅၆၄။ သစ္စာလေးပါး | .... | ၄၁၆ |
| ၅၆၅။ သစ္စာမြင်အောင် ကြိုးစားပါ | .... | ၄၁၇ |
| ၅၆၆။ တရားသိမ်း | .... | ၄၁၇ |
| **ခြောက်ရောင်ခြည် တရားတော်** | .... | ၄၁၈ |
| ၅၆၇။ ရောင်ခြည်တော် ၆-ပါး | .... | ၄၁၈ |
| ၅၆၈။ ရောင်ခြည်တော် လွှတ်ကြောင်းများ | .... | ၄၂၀ |
| ၅၆၉။ ဓာတ်တော် တန်ခိုးပြ | .... | ၄၂၀ |
| ၅၇၀။ ပလ္လင်္က သတ္တာဟ | .... | ၄၂၁ |
| ၅၇၁။ အနိမိသ သတ္တာဟ | .... | ၄၂၁ |
| ၅၇၂။ နတ်တွေအထင်မှား | .... | ၄၂၁ |
| ၅၇၃။ တန်ခိုးတော်ပြ | .... | ၄၂၂ |
| ၅၇၄။ စင်္ကမ သတ္တာဟ | .... | ၄၂၂ |
| ၅၇၅။ သုံးလီသတ္တာဟ | .... | ၄၂၂ |
| ၅၇၆။ ရတနာဃရ သတ္တာဟ | .... | ၄၂၂ |

၅၇၇။ ခြောက်ဖြာရောင်ခြည် ထွက်ပေါ်ခြင်း .... ၄၂၃
၅၇၈။ အဆင်းဓာတ်တူ ရောင်ခြောက်ဆူ .... ၄၂၄
၅၇၉။ ညိုသော ရောင်ခြည်တော် .... ၄၂၄
၅၈၀။ ရွှေသော ရောင်ခြည်တော် .... ၄၂၅
၅၈၁။ နီသော ရောင်ခြည်တော် .... ၄၂၆
၅၈၂။ ဖြူသော ရောင်ခြည်တော် .... ၄၂၇
၅၈၃။ မောင်းသော ရောင်ခြည်တော် .... ၄၂၈
၅၈၄။ ပြိုးပြိုးပြက် တခဲနက်သော ရောင်ခြည်တော် ၄၂၉
၅၈၅။ ခြောက်သွယ် ရောင်ခြည် ထွက်လည်ကွန့်ကြွ
အနန္တ .... ၄၃၀
၅၈၆။ ပင်ကိုယ်ရောင်ပျောက် ရောင်ခြည်
ရောင်တောက် .... ၄၃၁
၅၈၇။ စိတ္တသမုဋ္ဌာန ဝဏ္ဏဓာတ် .... ၄၃၁
၅၈၈။ အစိန္တေယျနှစ်မျိုး .... ၄၃၂
၅၈၉။ တရားသိမ်း .... ၄၃၃
၅၉၀။ နိဂမကထာ .... ၄၃၄

မာတိကာ ပြီးပြီ။

မြင်းခြံမြို့ ကိုးဆောင်ကျောင်းတိုက်

ဂဏဝါစက

အရှင် ဇနကာဘိဝံသ

ရေးသားစီရင်အပ်သော

ဓမ္မကထိကဂုဏ်ရည်ခေါ်

# မြင်းခြံတရားစာ

[ ပဉ္စမတွဲ ]

# ဓမ္မ ကထိက ဂုဏ်ရည်

## နိဒါနကထာ

ဓမ္မ ကထိကော သမ္ဗုဒ္ဓေါ၊
ကထိ ကော ပိဋကတ္တယံ။
က ရုဏာ ပညာ တမ္မူလံ၊
ဂုဏ်ရည် နာမ တိပေဋကံ။

ပိဋကတ္တယံ၊ နိကာယ်ငါးရပ် ပိဋကတ်သုံးပုံကို။ ကထိကော၊ ကန့်သတ် ပိုင်းခြား စည်းကမ်းထား၍ ဟောကြားတော်မူသော။ သမ္ဗုဒ္ဓေါ၊ သစ္စာ လေးဆိုင် မြတ်ပန်းခိုင်ကို ကိုယ်တိုင်တော်မူ သယမ္ဘူဖြင့် ဆွတ်ချူ ပန်ဆင် ဘုရားရှင်သည်။ ဓမ္မကထိကော၊ အမွန်အစ တုမရသည့် ဓမ္မကထိက အစစ် ဖြစ်ကြီးဖြစ်ပေ၏။ ကရုဏာပညာ၊ မြတ်စွာဗုဒ္ဓအစ မဟာကရုဏာ, ဆုံးရာအမှန် အရဟတ္တ မဂ်ဉာဏ် သဗ္ဗညုတဉာဏ်တော်သည်ရင်း။ တမ္မူလံ၊ ထို ကရုဏာ ပညာလျှင် အကြောင်းရင်း မူလ ရှိသော။ တိပေဋကံ၊ နိကာယ် ငါးရပ် ပိဋကတ် သုံးပုံသည်ရင်း။ ဂုဏ်ရည် နာမ၊ ဂုဏ်ရည် မည်၏။

ဒီဃနိကာယ် မဇ္ဈိမနိကာယ် သံယုတ္တနိကာယ် အင်္ဂုတ္တရနိကာယ် ခုဒ္ဒက နိကာယ် အားဖြင့် နိကာယ် ငါးရပ်, ဝိနည်း သုတ် အဘိဓမ္မာ အားဖြင့် ပိဋကတ်သုံးဖြာ, အင်္ဂါအားဖြင့် ကိုးတန်, ဓမ္မက္ခန္ဓာ အားဖြင့် ရှစ်သောင်း လေးထောင် ဤအလုံးစုံသော တရားများကို ဟောကြားတော်မူသော ဘုရားရှင်သည် အမွန်အစ "ဓမ္မကထိက"ပင် ဖြစ်ပေ၏၊ ဘုရားတဆူ၏ အစကား မဟာကရုဏာတော်တည်း၊ အဆုံးကား အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်ပင် ဖြစ်၏။

မှန်၏— သံသရာဝဋ်အတွင်း၌ ဇာတိ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ ဆိုတဲ့ ဒုက္ခသစ္စာ စက်အတွင်းမှ မလွတ်ကင်း

နိုင်ကြတဲ့ သတ္တဝါတို့၏ ဆင်းရဲဒုက္ခကို ပယ်ရှားလိုတဲ့ မဟာကရုဏာတော်ကြောင့် သာလျှင် သမ္မာသမ္ဗောဓိဆုကို ပန်ဆင်ပြီး များစွာသော ကပ်ကုဋေ အသင်္ချေတို့ပတ်လုံး သံသရာဝဋ်အတွင်း၌ ဒုက္ခကိုယ် ပင်ပန်းဆင်းရဲခြင်းကို မရေတွက်မူဘဲ ပါရမီ သမ္ဘာရများကို မနားမနေ ဆည်းပူးရှာဖွေတော် မူခဲ့တယ်၊ ဒါကြောင့် မဟာကရုဏာတော်သည် အလုံးစုံသော ဘုရားရှင်၏ ဂုဏ်တော်တို့၏ အရင်းမူလ အမွန်အစပင် ဖြစ်၏။

အရဟတ္တမဂ် ဉာဏ်တော်ဖြင့် ဝါသနာနှင့် တကွသော ကိလေသာတို့ကို အကြွင်းမဲ့ ပယ်တော်မူတယ်၊ သဗ္ဗညုတ ဉာဏ်တော်ဖြင့် သစ္စာ ဥေယျ ဓမ္မဉဿံ အလုံးစုံကို အကုန်အစင် သိမြင်တော်မူတယ်၊ ဒါကြောင့် အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတ ဉာဏ်တော်သည် အလုံးစုံသော ဘုရားရှင်၏ ဂုဏ်တော်တို့၏ အပြီးအဆုံးပင် ဖြစ်၏။

ဤ ကရုဏာ သီလအစ ပညာအဆုံးကို ပြခြင်းဖြင့် အလယ်သမာဓိကို လည်း "မဇ္ဈေ ဒဿနနည်း" ဖြင့် သိစေအပ်၏။

ဤ ကရုဏာ, ပညာ, သီလ, သမာဓိ, ပညာတို့သည်ပင် အမွန်အစ ဓမ္မကထိကထွင်ရှဘင် ဘုရားရှင်၏ ဂုဏ်တို့ပင်ဖြစ်၏၊ ထိုဂုဏ်တို့ကိုပင် အမြိုက်ရည်ဖြင့် "ရူပက" ပြု၍ ကိလေသာ တည်းဟူသော မှတ်သိပ် ဆာလောင်ခြင်းဖြင့် ပြင်းစွာ နှိပ်စက်အပ်ကုန်သော ဥပနိဿယ သမ္ပတ္တိဂုဏ်နှင့် ပြည့်စုံကြသူ နတ် လူ ဗြဟ္မာ သတ္တဝါတို့ အကျင့်တည်းဟူသော ခံတွင်းဖြင့် သောက်သုံးခြင်းဖြင့် ကိလေသာ တည်းဟူသော မှတ်သိပ် ဆာလောင်ခြင်း ပျောက်ကင်းရကား "ဂုဏ်ရည်" လို့ ဆိုသည်။

ထိုကရုဏာ ပညာကို အကြောင်းရင်း မူလပြုကာ ဖြစ်ပေါ်လာသော နိကာယ်ငါးရပ် ပိဋကတ်သုံးဖြာ အင်္ဂါကိုးတန် ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်း လေးထောင်တို့သည်လည်း ကာရဏူပစာရအားဖြင့် "ဂုဏ်ရည်" မည်၏။

မှန်၏ ဝိနည်းပိဋကတ်၌ ကရုဏာပြဋ္ဌာန်း၏၊ အဘိဓမ္မာ ပိဋကတ်၌ ပညာပြဋ္ဌာန်း၏၊ သုတ္တန်ပိဋကတ်၌ ကရုဏာပညာ နှစ်ပါးစုံ ပြဋ္ဌာန်း၏။

## ကျမ်းအပည်

ထိုရှင်တော်ဗုဒ္ဓ ဓမ္မကထိက၏ နိကာယ် ငါးရပ် ပိဋကတ် ဂုဏ်ရည် တည်ရာဖြစ်သော ဤကျမ်းသည် ကား ဌာနျုပစာရအားဖြင့် ဓမ္မကထိက ဂုဏ်ရည် မည်၏။

## တရားမနာ မင်္ဂလာ

တရားဟူသည် မိမိကို ဆောင်တဲ့ သတ္တဝါ ခပင်းကို သံသရာဝဋ် အတွင်းမှ ထုတ်ဆောင်ကယ်တင်ခြင်းပြုတတ်တဲ့ မဂ် ၄-ပါး ဖိုလ် ၄-ပါး နိဗ္ဗာန်-၁ ပရိယတ္တိ-၁ အားဖြင့် ဆယ်ပါးတည်း။

ယင်း ၁၀-ပါးတွင် ပရိယတ္တိ ဓမ္မသည် အခြေခံ အဋ္ဌမြစ်သဘွယ်ပင် ဖြစ်၏၊ ထိုပရိယတ္တိဓမ္မမှ ဆင့်တက်ပေါက်ဖွား၍ မဂ် ၄ - ပါး ဖိုလ် ၄-ပါး နိဗ္ဗာန် ၁- အားဖြင့် ၉-ပါးသော လောကုတ္တရာ တရားကိုရ၏၊ သယမ္ဘူ ဉာဏ်အရှင် ဘုရားကြီး ဘုရားငယ် နှစ်ဆူကို ကြဉ်၍ နိကာယ်ငါးရပ် ပရိယတ္တိဓမ္မ ဒေသနာများကို မနာကြားရဘဲ မည်သည့်သတ္တဝါမျှ ၉-ပါး သော လောကုတ္တရာ တရားကို မရနိုင်။

## တရားဟောကြ မိန့်ခွန်းချ

ဘုရားရှင်လည်း—

"စရထ ဘိက္ခဝေ စာရိကံ ဗဟုဇန ဟိတာယ" စသည်ဖြင့် ရဟန်း တော်တို့ကို ချစ်သားတို့ လှုတ်ပြော့ သတ္တဝါတို့၏ စီးပွား ချမ်းသာ အလို့ငှါ ရွာ,နိဂုံး, မင်းနေပြည် များသို့ ဒေသစာရီ လှည့်လည်ပြီး သာ သနာ ပြုကြရမည်။

"ဒေသေထ ဘိက္ခဝေ ဓမ္မံ အာဒိကလျာဏံ" စသည်ဖြင့် ချစ်သားတို့ ရောက်ရာ ရောက်ရာ ရွာနိဂုံး မင်းနေပြည်တို့မှာ တရားအစမှာ သီလကို ပြခြင်း, တရားအလယ်မှာ မဂ်ကိုပြခြင်း, တရားအဆုံးမှာ နိဗ္ဗာန်ကိုပြခြင်း ဆိုတဲ့ အာဒိကလျာဏ မဇ္ဈေကလျာဏ ပရိယောသာန ကလျာဏ ကောင်း ခြင်းသုံးဖြာ အနက်သဒ္ဒါတို့နှင့် ပြည့်စုံတဲ့ တရားတော်များကို ဟောကြား ရမည်။

၉—ပါးသော လောကုတ္တရာ တရားကို ရထိုက်တဲ့ ဥပနိဿယနှင့် ပြည့်စုံကြတဲ့ သတ္တဝါတွေရှိကြတယ်၊ ဒီသတ္တဝါတွေဟာ တရားတော်ကို မနာရလျှင် ၉-ပါးသော လောကုတ္တရာတရားမှ ဆုတ်ယုတ်နစ်နာကြ လိမ့်မည်။

တရားတော်ကို နာကြားရလျှင် ၉-ပါးသော လောကုတ္တရာ တရား ကို ထိုးထွင်း သိမြင်ကြလိမ့်မည်ဟု အမြိုမြို အရှာရှာသို့ လှည့်လည်ကာ တရားဟောပြီး သာသနာပြုဘို့ရန် အရေးတကြီး မိန့်မှာတော်မူတယ်။

## တရားဟောသူ နိဗ္ဗာန်လှူ

ဒေဝတာသံယုတ် ကိံဒဒသုတ်—

"အမတံ ဒဒေါ စ သော ဟောတိ၊
ယော ဓမ္မမနုသာသတိ"

ဟု တရားဟောပြသတဲ့ ဓမ္မကထိက ရဟန်း, လူ,ရှင်, သီလရှင်သည် အမြိုက်နိဗ္ဗာန်အလှူကို ပေးလှူသည်မည်၏ ဟု ဟောတော်မူခဲ့သည်။

## ဓမ္မဒါန မြတ်ပါလှ

ဓမ္မပဒ တဏှာဝဂ်၌—

"သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ"

တပါးသူတို့အား တရားဟောပြော ပြသခြင်း ဓမ္မဒါနသည် အခြား သော အလှူဒါနတို့ထက် သာလွန်ပြီး အကျိုးကြီး မြတ်ပေ၏ ဟု ဟော တော်မူခဲ့သည်။ ယင်းသို့လျှင် ဘုရားမြတ်စွာ မိန့်မှာသည်များကို အလေး ဂရု လိုက်နာမှုဖြင့် ဤဓမ္မကထိက ဂုဏ်ရည် မြင်းခြံတရားစာများကို နှုတ်မှာ ရှရှ ကြေညက်အောင် ကျက်ကြ၍ ဟောပြော ပြသကြပါ၊ အမြိုက် နိဗ္ဗာန် အလှူပေးကြပါ၊ ဓမ္မဒါနပြုကြပါ။

## သာ,နာရေးမှု လွန်လွယ်ကူ

ဤ "ဓမ္မကထိက ဂုဏ်ရည်ကျမ်း"၌ ပါသော တရားများမှာ နိကာယ် ငါးရပ် ဝိဋကတ်သုံးပုံမှ ကောင်းနိုးရာရာ အဆီအနှစ်များကို ရှာဖွေ

စိစစ်ပြီး ဆိုင်ရာ သာရေး နာရေးများနှင့် ကိုက်ညီအောင် စီစဉ်ရေးသား ထားပါသဖြင့် သာရေး နာရေးကိစ္စများ၌လည်း လွယ်လင့်တကူ ဟော ကြားနိုင်ပါသည်။

ဤကျမ်းပေါ်ထွက် ရည်ရွယ်ချက်

ဗုဒ္ဓဘာသာ သာသနာ ထွန်းလင်းရာ ဒေသတိုင်း၌ပင် ကမ္မကထိက ဓမ္မပဋိဂ္ဂါဟက ပုဂ္ဂိုလ်များ ပေါ်များပြီး ဗုဒ္ဓဘာသာဆိုင်ရာ သာရေး နာရေးကိစ္စများ ထွန်းကားလျက်ရှိ၏၊ ဓမ္မကထိက ပုဂ္ဂိုလ်များကလည်း မြို့တိုင်း ရွာတိုင်း၌ပင် အခါအခွင့်သင့်သလို ဟောကြ ပြောကြ၏၊ သာသနာရောင်ပိုမိုပြီး ထွန်းပြောင်ကြောင်း အလုပ်ကောင်း တခုပင်ဖြစ်၏၊ တရားဟော တရားနာ ပေါ်များလေလေ သာသနာရောင် ပိုမိုပြီး ထွန်းပြောင်လေလေပင် ဖြစ်၏၊ ဒါ့ကြောင့် ရဟန်း, လူ, ရှင်, သီလရှင် ဓမ္မကထိက ပုဂ္ဂိုလ်များသည် အခါအခွင့် သင့်သလိုပင် တရားတော်များကို များများဟောကြားရမည်။

ယင်းသို့ဟောကြားရာ၌—

အဉ္ဇောပိ ဓမ္မကထိကော ဓမ္မံ ကထေန္တော—
အာဒိမှိ သီလံ ဒဿေယျ၊
မဇ္ဈေ မဂ္ဂံ ဝိဘာဝယေ။
ပရိယောသာနေ၀ နိဗ္ဗာနံ၊
သော ကထိကသဏ္ဌိတိ။

ဟု လာရှိသည်နှင့်အညီ—

တရားအစ၌ သီလများကို ဟောကြားရမည်။
တရားအလယ်၌ အရိယာမဂ်တရားကို ဟောကြားရမည်။
တရားအဆုံး၌ နိဗ္ဗာန်ကို ဟောကြားရမည်။

ဓမ္မပဋိဂ္ဂါဟက ပုဂ္ဂိုလ်များကလည်း ထိုတရားမျိုးကိုသာ အရေး တယူ အလေးမူပြီး နာကြားရမည်၊ ယင်းသို့ ဗုဒ္ဓတရားတော် များကို များများ နာကြားရမှုဖြင့် ယဉ်ကျေးမှု ဘက်ကလည်း တိုးတက်လာမည် ပင်ဖြစ်၏။

သာရေး နာရေးကိစ္စများ၌ကား ဘုန်းကြီးများဘက် လူများဘက်ဟု နှစ်ဘက်ပူး၍ ဆောင်ရွက်ရာ လွယ်လင့်တကူဖြင့် ပိုမိုထိရောက်မှု ရှိရန်လိုအပ်ပေ၏၊ ယင်းသို့ အချက်အလက်များကိုရှု၍ ဓမ္မကထိက ဓမ္မပဋိဂ္ဂါဟက ပုဂ္ဂိုလ် များအား ကျေးဇူးများစေရန် ဗုဒ္ဓဘာသာ သာသနာထွန်းလင်းရာ ဒေသတို့၌ ယဉ်ကျေးမှုဘက်တွင် တိုးတက်စေရန် ဗုဒ္ဓဘာသာဆိုင်ရာ သာရေး နာရေး ကိစ္စများ၌လည်း လွယ်လင့်တကူ အသုံးပြုရန်နှင့်ပိုမိုထိရောက်မှုရှိစေရန် သာသနာရောင် ပိုမိုပြီး ထွန်းပြောင်စေရန် ဟူသောရည်ရွယ်ချက် ထက်မျက်သော သဒ္ဓါတရားကို အရင်းခံထားပြီး ဓမ္မကတိကဂုဏ်ရည် မြင်းခြံတရားစာဟူသော အမည်ဖြင့် ဤဗုဒ္ဓဘာသာ သာသနာပြုစာအုပ်ကို ရေးသားထုတ်ဝေလိုက်ရပေသတည်း။

**သန္ဒေသကထာ**

အယုတ္တမိဓ စေ ကိဉ္စိ၊
ပသော ကတ္វာန သောဓနံ။
ဟိတတ္ထိကေန စိတ္တေန၊
သမ္မာပေက္ခန္တု သဇ္ဇနာ။

**အရှင် ဇနကာဘိဝံသ**
မြင်းခြံ (၁၃၃၁) ခု၊ တန်ဆောင်မုန်းလ။



ဓမ္မကထိကဂုဏ်ရည်ခေါ်

# မြင်းခြံတရားစာ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ပဏာမာဒိ

ဗုဒ္ဓပ္ပဏာမ

(က) ဘာသိတံ ပဥ္စတာလီသံ၊
ဓမ္မံ ဓမ္မံ မိတာမိတံ။
ဟိတာဟိတံ ကရံ ဘဥ္ဇုံ၊
ဗုဒ္ဓံ ဝန္ဒာမျဟာဒရံ။
(ပထျာဝတ္တ)

ဓမ္မပ္ပဏာမ

(ခ) တဏှံ ဇဟံ ဓမ္မက္ခန္ဓံ၊
မဂ္ဂံ ဖလံ အသင်္ခတံ။
အတ္ထိ ဝဋ္ဋုဒ္ဓရံ တေံ၊
ဓမ္မံ ဝန္ဒာမျဟာဒရံ။
(ပဌမ မကာရဝိပုလာ)

သံဃပဗ္ဗကာမ

(ဂ) သစ္စံ ဒိဋ္ဌံ လောကံ တိဏ္ဏံ၊
ဂတံ ဗုဒ္ဓဿ ဩရသံ။
အနုတ္တရံ ပုညက္ခေတ္တံ၊
သံဃံ ဝန္ဒာမျဟာဒရံ။
(ဥဘယ မကာရ ဝိပုလာ)

ပဋိညာ

(ဃ) စောဒိတော ကရုဏာယာဟံ၊
ပဟာယ တေနုပဒ္ဒဝံ။
သာဓုနုတ္တာယိမံ ဂန္ထံ၊
ကရိဿာမိ ယထာဗလံ။
(ပထျာဝတ္တ)

အာသီသ

(င) "ဓမ္မကထိကဂုဏ်ရည်"နာ၊
မာယံ ဂန္ထော မတံ ပဒံ။
ဒီပေန္တော သာဓု ဇနာနံ၊
ဌာတု စန္ဒော ဝိယမ္ဗရေ။
(တတိယ သ ကာရဝိပုလာ)

(က) အဟံ၊ "ဉာဏ္ဍကာဘိဝံသ" ဟု သမ္မုတိသစ္စာ သညာသွဲ့ချီ ငါ သည်။ ဘဂဝတာ၊ ခြောက်ဆူဘုန်းတော် ဘဝဂ်ကျော်၍ အံ့သော်မကုန် သုံးဘုံထွဋ်တင် ဘုရားရှင်သည်။ ဓမ္မံ၊ ပဋိပတ္တိ သဒ္ဓမ္မ, ပဋိဝေဓ သဒ္ဓမ္မ ယင်းနှစ်ဝ၏ ဥပနိဿယကောင်း အကြောင်းဖြစ်သော။ ဓမ္မံ၊ နိကာယ် ငါးဖြာ အင်္ဂါကိုးတန်ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် မြားမြောင် စွာလှ ပရိယတ္တိ သဒ္ဓမ္မကို။ ပဉ္စတာလီသံ၊ လေးဆယ့်ငါးဝါ ကာလကြာ အောင်။ ဘာသိတံ၊ ဝေဘန်ပိုင်းခြား စည်းကမ်းထား၍ ဟောကြားတော် မူအပ်ပြီ။ မိတံ၊ သဗ္ဗညုဉာဏ်ကျော် အမော်ထွဋ်ထား ရှေးဘုရားတို့နှင့်သာ ပုံထားခိုင်းတင် နှိုင်းယှဉ်အပ်ထသော။ အမိတံ၊ လူနတ် ဗြဟ္မာ ဘုံသုံးရွာ

တွင် တုလာသူကင်း ပြိုင်ဘက်ကင်း၍ နှိုင်းခြင်းငှါလည်း မအပ်တသော။ ဟိတံ၊ လောကုတ်လောကီ နှစ်လီနှစ်စား အစီးအပွားကို။ ကရိ၊ ကချဏာ ရှေးရှု ပညာစုဖြင့် ပြုတော်မူကသော။ အဟိတံ၊ လောကုတ်လောကီ နှစ်လီချိုတဲ့ စီးပွားပဲ့ကို။ ဘဉ်၊ ကရုဏာရှေ့တွက် ပညာစက်ဖြင့် ချီးဖျက်တော်မူထသော။ ဓမ္မံ၊ ထူးကဲပေါက်ချွန် အမှန်အစ တုမရသည့် ဓမ္မကာကိ ထွင်ရှတင် ဘုရားရှင်ကို။ အာဒရံ၊ ကိုယ်ရောစိတ်ပါ ရှိသေကာ။ ဝန္ဒာမိ၊ အန္တရာယ်ကင်းပျောက် ကျမ်းပြီးမြောက်အောင် စောင့်ရှောက်စေခြင်းငှါ ရှိခိုးပါ၏။

(၁) အဟံ၊ သည်။ တဏှ၊ ခန္ဓာအပင်ကို ရှင်စေတတ်စွာ အဝိဇ္ဇာ အမြစ်ပါသည့် မျိုးစေ့တဏှာကို။ ဇဟံ၊ ဥပနိဿယသတ္တိမျှဖြင့် လှလှသတ်ဖြတ် စွန့်ပယ်တတ်သော။ ဓမ္မက္ခန္ဓံ၊ နိကာယ်ငါးဖြာ အင်္ဂါကိုးတန် ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် မြားမြောင်စွာလှ ပရိယတ္တိဓမ္မ သည်၎င်း။ တဏှံ၊ ကို။ ဇဟံ၊ သမုစ္ဆေဒ ပဟာနဖြင့် လှလှသတ်ဖြတ် စွန့်ပယ်တတ်သော။ မဂ္ဂံ၊ လေးပါးအပြား မဂ်တရားသည်၎င်း။ တဏှံ၊ ကို။ ဇဟံ၊ ပဋိပ္ပဿမ္ဘန သတ္တိမျှဖြင့် လှလှသတ်ဖြတ် စွန့်ပယ်တတ်သော။ ဖလံ၊ လေးပါးအပြား ဖိုလ်တရားသည်၎င်း။ တဏှံ၊ ကို။ ဇဟံ၊ နိဿရဏ ပဟာနဖြင့် လှလှသတ်ဖြတ် စွန့်ပယ်တတ်သော။ အသင်္ခတံ၊ ဥပါဒ်၊ ဌီ၊ ဘင် ကင်း၍စင် လွတ်လပ် နိဗ္ဗာနဓာတ်သည်၎င်း။ အတ္ထိ၊ အမှန်တိတ် ရှိပေ၏။ ဝဋ္ဋဒုက္ခရံ၊ မိမိမည်ရ သဒ္ဓမ္မကို အရအမိ ဆောင်ခြင်းရှိစွာ သတ္တဝါကို သံသရာဝဋ် ဒုက္ခညွှတ်မှ ကျွတ်လွတ် သွားအောင် ထုတ်ဆောင်ကယ်တင် တတ်သော။ တံဓမ္မံ၊ ထိုမဂ်ဖိုလ်နိဗ္ဗာန် ဓမ္မက္ခန်ဟု ဆယ်တန်ပိုင်းဖြတ် ဆယ်ပါးသော တရားတော်မြတ်ကို။ အာဒရံ၊ စွာ။ ဝန္ဒာမိ၊ ၏။

(၇) အဟံ၊ သည်။ သစ္စံ၊ ဒုက္ခ, သမုဒယ, နိရောဓနှင့် မဂ္ဂတဖြာ လေးသစ္စာကို။ ဒိဋ္ဌံ၊ လေးဉာဏ်လေးမဂ်ဖြင့် ပြက်ပြက်ထင်ထင် မြင်ပြီ ထသော။ လောကံ၊ သတ္တောကာသ သင်္ခါရ သုံးလောကကို။ တိဏ္ဏံ၊ တရားလက်စွဲ ဇွဲနဘဲနှင့် လွန်ဆဲလွန်ပြီးလည်း ဖြစ်ထသော။ ဗုဒ္ဓသာ၊ သစ္စာ လေးဆိုင် မြတ်ပန်းခိုင်ကို ကိုယ်တိုင်တော်မူ သယမ္ဘူဖြင့် ဆွတ်ချူပန်ဆင် များဖြင်ဝေနေ ပန်ဆင်စေဌြား မြတ်ဘုရား၏။ ဩရသံ၊ ရှေ့ရင်တော်နှစ်

သားတော်စစ်အဖြစ်သို့။ ဂတံ၊ စင်စစ်မဖောက် ရောက်တော်မူပြီးထသော။ အနုတ္တရံ၊ သာလွန်သူကင်းပြတ်၍ မြင့်မြတ်စွာထသော။ ပုညက္ခေတ္တံ၊ ကောင်းမှုခေါ် ရိုး မျိုးစေ့မျိုးတို့ စိုက်ပျိုးကြရာ လယ်ယာမြေကောင်း ပမာ လည်း ဖြစ်တော်မူသော။ သံဃံ၊ ရှစ်ယောက်အရိယာ မြတ်သံဃာကို။ အာဒရံ၊ စွာ။ ဝန္ဒာမိ၊ ၏။

(ဃ) အဟံ၊ သည်။ ကရုဏာယ၊ သတ္တဝါများ သနားကယ်ဆယ် ဆင်းရဲပယ်လို ပြဟွမ်စိုရ်ခေါ်ရာ ကရုဏာဖြင့်။ ဝါ၊ သည်။ စောဒိတော၊ ကောင်းစွာပြည့်နှုန်း တိုက်တွန်းနှိုးဆော် အပ်သည်ဖြစ်၍။ ဝါ၊ သော။ အဟံ၊ သည်။ တေန၊ ထိုသို့ ရတနာသုံးပါး ဂုဏ်တော်များကို လေးစားကော်ရော် ပူဇော်မြတ်နိုး ရှိခိုးခြင်းပြု မြတ်ကောင်းမှုဖြင့်။ ဥပဒ္ဒဝံ၊ အန္တရာယ် အတန်တန် ဘေးရန်ကို။ ပဟာယ၊ ကိုယ်သို့မရောက်အောင် ဖြတ်တောက်ပယ်စွန့် ပြီး၍။ သာဓူနံ၊ တရားဟောတရားနာ များစွာသောင်းပြောင်း သူတော် ကောင်းတို့၏။ အတ္တာယ၊ လောကုတ်လောကီ နှစ်လီခံစား စီးပွား အကျိုးငှါ။ ဣမံဂန္ထံ၊ ဤ **ဓမ္မကထိကဂုဏ်ရည်** အမည်တင့်ဆန်း မြင်းခြံ **တရားစာကျမ်း** ကို။ ယထာဗလံ၊ လုံ့လဉာဏ်သွား စွမ်းပကားအားလျော် စွာ။ ကရိဿာမိ၊ ဘုရားဒေသနာ လွယ်ကူစွာဖြင့် ဟော,နာစေမှု စေတနာ စုဖြင့် ပြုစီရင်ပေအံ့။

(င) ဓမ္မကထိက ဂုဏ်ရည်နာမ၊ ဓမ္မကထိက ဂုဏ်ရည်အမည်ရှိသော။ အယံဂန္ထော၊ ဤမြင်းခြံတရားစာကျမ်းသည်။ သာဓုဇနာနံ၊ တရားဟော တရားနာ များစွာသောင်းပြောင်း သူတော်ကောင်းဖြစ်ကုန်သော သူတို့ အား။ အမတံ၊ ဖြစ်ပျက်,ပြတ်ရှင်း သေခြင်းကင်းသော။ ပဒံ၊ နိဗ္ဗုတိမတ္တ သုခအမှန် မြတ်နိဗ္ဗာန်ကို။ ဒီပေန္တော၊ သေချာဂ,န ညွှန်းကာပြလျက်။ အမ္ဗရေ၊ ပြစ်မျိုးကင်းစင် မိုဃ်းကောင်းကင်၌။ စန္ဒောဝိယ၊ ကလာပြည့် တင်း လပြည့်ဝန်းကဲ့သို့။ ဌာတု၊ ကြက်သရေတမြမြ နိစ္စ,မသွေ တည်ပါ စေသတည်း။

( မဇ္ဈိမ နိကာယ၊ မူလ ပဏ္ဏာသပါဠိတော်၊ သမ္မာဒိဋ္ဌိ သုတ်မှ )

# ကျောင်းအနှံ့မှာ ဒါနတရားတော်

## သုံးတန်စေတနာ ပြည့်စုံစွာပြု

ဒီကနေ့ ကျောင်းအလှူပွဲကြီး ကျင်းပကြတယ်၊ ရဟန်းတော်တို့အား ဘုရားခွင့်ပြုထားတဲ့ ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး ပစ္စည်းလေးပါးတွင် ကျောင်းပစ္စည်းဖြင့် မဆင်မရဲ မပင်ပန်း မွေ့မွေ့လျော်လျော် နေနိုင်အောင်တဲ့ ရည်ရွယ်ချက် ထက်မြက်တဲ့ သဒ္ဓါတရားဖြင့် ပစ္စည်းဥစ္စာ မြောက်မြားစွာ အကုန်အကျခံပြီး ကျောင်းဒကာကြီး( ) ကျောင်းအမကြီး ( ) တို့က ကျောင်းကြီး ဆောက်လုပ်ပြီး လှူဒါန်းတယ်။

ဒီလို ကျောင်းဒါနကြီး မြောက်ဖို့ရာလဲ မလွယ်ကူလှဘူးပေါ့၊ ဘာကြောင့်လဲ သဒ္ဓါတရား ပြည့်စုံကြွယ်ဝသော်လဲ ပစ္စည်းဥစ္စာ ရှားပါးလို့ ကျောင်းဒါနကြီး မမြောက်ဘူးတဲ့၊ ပစ္စည်းဥစ္စာ ကြွယ်ဝကုံလုံ ပြည့်စုံပြန်ပါတော့လည်း သဒ္ဓါတရား ပါးရှားလို့ ကျောင်းဒါနကြီး မမြောက်ဘူးတဲ့။

ကျောင်းဒကာကြီး( )ကျောင်းအမကြီး( )တို့ကတော့ သဒ္ဓါတရားကလည်း ပြည့်စုံ ပစ္စည်းဥစ္စာကလည်း ပြည့်စုံလို့ ကျောင်းဒါနကြီး မြောက်ပြီ၊ ကျောင်းဒကာ ကျောင်းအမကြီးတို့အနေနှင့် အလွန်ဝမ်းမြောက်ဖို့ပင် ကောင်းတယ်၊ ဝမ်းလည်း ဝမ်းမြောက်ရမည်၊ မလှူမီ ရှေးအဘို့မှာလည်း ဝမ်းမြောက်ရမည်၊ လှူတုန်း လှူဆဲ အခါမှာလည်း ဝမ်းမြောက်ရမည်၊ လှူပြီးနောက်အခါ မှာလဲ ဝမ်းမြောက်ရမည်၊ သို့မှလဲ စေတနာသုံးတန် ပြည့်စုံညီညွတ်ပြီး အကျိုး ကြီးမည်။

"ဒါနံ နာမ တိဿော စေတနာ ပရိပုဏ္ဏာ ကာတုံ

သက္ကောန္တဿေဝ မဟပ္ဖလံ ဟောတိ"

လို့ အဟောလည်း ရှိခဲ့တယ်။

သုမင်္ဂလဝိလာသိနီ (က) ၁၀၀-၃

ဒါနံနာမ၊ ဒါနမည်သည်ကား။ တိဿော စေတနာ၊ ပုဗ္ဗ, မုဉ္စ,အပရ, မှန် သုံးတန်သောစေတနာတို့ကို။ ပရိပုဏ္ဏံ၊ ပြည့်ပြည့်စုံစုံ။ ကာတုံ၊ ပြုခြင်းငှါ၊ သက္ကောန္တဿေဝ၊ ကောင်းစွာပိုင်ပိုင် စွမ်းနိုင်သူအား သာလျှင်။ မဟပ္ဖလံ၊ ကြီးကျယ်ဖွံ့ဖြိုး များမြတ်သောအကျိုးရှိသည်။ ဟောတိ၊ မုချ ပုံသေ ဖြစ်ပါပေ၏။

ဒါကြောင့် ကျောင်းဒကာ ကျောင်းအမကြီးတွေ စေတနာသုံးတန်လုံး ပြည့်စုံအောင် ပြုကြပါ။

## ကျောင်းအလှူဥ

### အလှူ ၉-မျိုး,အကျိုး ၉-ပါး

သုက္ကန္တပရိယာယေန ယာဝဒေဝ သိတသ ပဋိဃာ
တာယာတိ အာဒယော နဝါနိသံသာ ဝုတ္တာ။

သဗ္ဗာသဝသုတ်စတဲ့ သုတ္တန်ဒေသနာ နည်းအားဖြင့် ကျောင်းအလှူမှာ အလှူ ၉-မျိုး အကျိုး ၉-ပါး ဟောကြားတော်မူခဲ့တယ်။

အလှူ ၉-မျိုးကား

၁။ အချမ်းကင်းခြင်း အလှူလည်းတမျိုး
၂။ မီးပူကင်းခြင်း အလှူလည်းတမျိုး
၃။ မှက်ဘေးကင်းခြင်း အလှူလည်းတမျိုး
၄။ ခြင်ဘေးကင်းခြင်း အလှူလည်းတမျိုး
၅။ လေဘေးကင်းခြင်း အလှူလည်းတမျိုး
၆။ နေပူကင်းခြင်း အလှူလည်းတမျိုး
၇။ မြွေ, ကင်း, သန်း ဘေးကင်းခြင်း အလှူလည်းတမျိုး
၈။ ဥတုဘေးကင်းခြင်း အလှူလည်းတမျိုး
၉။ ကမ္မဋ္ဌာန်းအာရုံ၌ မွေ့လျော်နိုင်ခြင်း အလှူလည်းတမျိုး

အားဖြင့် အလှူ ၉-မျိုးပင် ဖြစ်တယ်။

ကျောင်းကို ပေးလှူလျှင် ဒီအလှူ ၉-မျိုးကို ပေးလှူသည် မည်သတဲ့။

**ဟုတ်တာပေါ့**

အချမ်းဥတု လွန်ကဲဖောက်ပြန်ပြီး အဇ္ဈတ္တသန္တာန်မှာဘဲ ဖြစ်စေ ဗဟိဒ္ဓသန္တာန်မှာဘဲ ဖြစ်စေ အချမ်းများနေတဲ့ အခါမျိုးမှာ ကျောင်းတွင်းမှာ ဝင်ပြီး တံခါးပိတ်ကာ အသာကလေးနေပါလျှင် ခဏချင်း အချမ်းကင်းသွားမည်၊ ဒါကြောင့် ကျောင်းကို ပေးလှူလျှင် အချမ်းကင်းခြင်း အလှူကို ပေးလှူသည် မည်တယ်လို့ ဆိုတယ်။

တောမီးပူ စသည်တို့ကြောင့် အပူများနေတဲ့ အခါမျိုးမှာ ကျောင်းတွင်းမှာ ဝင်ပြီး တံခါးပိတ်ကာနေပါလျှင် တခဏချင်း အပူကင်းသွားမည်၊ ဒါကြောင့် ကျောင်းကို ပေးလှူလျှင် မီးပူကင်းခြင်း အလှူကိုလည်း ပေးလှူသည် မည်တယ်လို့ ဆိုတယ်။

မှက်တွေ ခြင်တွေ မြွေ ကင်း သန်းတွေ ပေါများပြီး သောင်းကျန်းနေတဲ့ အခါမျိုး၊ လေပြင်းမုန်တိုင်း ထပြီးနေတဲ့ အခါမျိုး၊ နေပူပြင်းထန်နေတဲ့ အခါမျိုး၊ ဒီအခါမျိုးတွေမှာ ကျောင်းတွင်းမှာဝင်ပြီး တံခါးပိတ်ကာနေပါလျှင် ဒီဘေးရန်အားလုံးမှ လွတ်ကင်းသွားမည်၊ ဒါ့ကြောင့် ကျောင်းကိုပေးလှူလျှင် မှက်ဘေးကင်းခြင်း အလှူကိုလည်း ပေးလှူသည် မည်တယ်လို့ ဆိုတယ်၊ ခြင်ဘေးကင်းခြင်း အလှူကိုလည်း ပေးလှူသည် မည်တယ်လို့ ဆိုတယ်၊ လေဘေးကင်းခြင်း အလှူကိုလည်း ပေးလှူသည် မည်တယ်လို့ ဆိုတယ်၊ နေပူကင်းခြင်း အလှူကိုလည်း ပေးလှူသည် မည်တယ်လို့ ဆိုတယ်၊ မြွေ ကင်း သန်း ဘေးကင်းခြင်း အလှူကိုလည်း ပေးလှူသည် မည်တယ်လို့ ဆိုတယ်။

မသင့်တဲ့ ဥတုဘေးရန်ကြောင့် ကိုယ်၏ ကျင်နာခြင်း စိတ်၏ ပြန့်လွင့်ခြင်းဖြစ်တဲ့ အခါမျိုးမှာ ကျောင်းကို မှီဝဲခြင်းဖြင့် ဥတုဘေးရန် ပျောက်ကင်းပြီးသွားမည်၊ ဒါကြောင့် ကျောင်းကို ပေးလှူလျှင် ဥတုဘေးကင်းခြင်း အလှူကိုလည်း ပေးလှူသည်မည်တယ်လို့ ဆိုတယ်။

ဗဟိဒ္ဓမှာ အာရုံအထွေထွေ ဘေးရန်အထွေထွေကြောင့် စိတ်တည်ကြည်မှုမရ ကမ္မဋ္ဌာန်းအာရုံ၌ မကျတဲ့အခါမျိုးမှာ ကျောင်းတွင်းမှာဝင်ပြီး တံခါးပိတ်ကာ ကမ္မဋ္ဌာန်းအလုပ်ကို အားထုတ်ပါလျှင် စိတ်၏ တည်ကြည်မှုကို ရပြီး ကမ္မဋ္ဌာန်းအာရုံ၌သာ မွေ့လျော်နိုင်မည်၊ ဒါကြောင့်

ကျောင်းကို ပေးလှူလျှင် ကမ္မဋ္ဌာန်းအာရုံ၌ မွေ့လျော်နိုင်ခြင်း အလှူကို လည်း ပေးလှူသည် မည်တယ်လို့ ဆိုတယ်။

ကျောင်းကို ပေးလှူလျှင် အလှူ ၉-မျိုးကို ပေးလှူသည်မည်ခြင်းကြောင့် အလှူခံကျောင်းနေ ရဟန်းတို့မှာ အကျိုး ၉-ပါးကို ရကြတယ်။

**အကျိုး ၉–ပါးကား**

၁။ အချမ်းကင်းခြင်း အကျိုးလည်းတပါး
၂။ မိုးပူကင်းခြင်း အကျိုးလည်းတပါး
၃။ မှက်ဘေးကင်းခြင်း အကျိုးလည်းတပါး
၄။ ခြင်ဘေးကင်းခြင်း အကျိုးလည်းတပါး
၅။ လေဘေးကင်းခြင်း အကျိုးလည်းတပါး
၆။ နေပူကင်းခြင်း အကျိုးလည်းတပါး
၇။ မြွေ့ ကင်း့သန်း ဘေးကင်းခြင်း အကျိုးလည်းတပါး
၈။ ဥတုဘေးကင်းခြင်း အကျိုးလည်းတပါး
၉။ ကမ္မဋ္ဌာန်းအာရုံ၌ မွေ့လျော်နိုင်ခြင်း အကျိုးလည်းတပါး

အားဖြင့် အကျိုး ၉-ပါးပင် ဖြစ်ပါတယ်။

"ပဋိဂ္ဂဟကာနံ ဝိဟာရဝသေန ဥပ္ပန္နဖလာနုရူပမ္ပိ
ဒါယကာနံ ဝိဟာရဒါနဖလံ ဝေဒိတဗ္ဗံ"

ဟု ကျမ်းလာရှိသောကြောင့် ကျောင်းကို အလှူခံတဲ့ ကျောင်းနေ ရဟန်းတို့အား ကျောင်း၏အစွမ်းဖြင့် ဖြစ်ပေါ်ရရှိတဲ့ အကျိုး ၉-ပါး အားလျော်စွာပင် ကျောင်းကို ပေးလှူတဲ့ ကျောင်းဒကာ, ကျောင်းအမတို့ မှာလည်း ဒီအကျိုး ၉ - ပါးပင် ရတယ်လို့ မှတ်ရမည်တဲ့။

ပဋိဂ္ဂဟကာနံ၊ သီလ,မခန်း အလှူခံကျောင်းနေ ရဟန်းတို့အား။ ဝိဟာရ ဝသေန၊ ဘေးရန်လုံခြုံ ကျောင်းရိပ်မြုံ၏ အစွမ်းဖြင့်။ ဥပ္ပန္နဖလာ နုရူပမ္ပိ၊ ဖြစ်ပေါ်ရငြား အကျိုးအားလျော်စွာလည်း။ ဒါယကာနံ၊ သဒ္ဓါ မြဲမြံ ကျောင်းအလှူကြီးကို ပေးကြတဲ့ ကျောင်းဒကာ, ကျောင်းအမတို့ အား။ ဝိဟာရဒါနဖလံ၊ သုခပွါးတိုး ကျောင်းအလှူ၏အကျိုးကို။ ဝေဒိ တဗ္ဗံ၊ ပိုင်းခြားကန့်သတ် ကြောင်းကျိုးထပ်တူ သိအပ်ဟူ၏။

ယေဘုယျ အားဖြင့် သတ္တဝါတိုင်း သတ္တဝါတိုင်းပင် ကိုယ်ပြုတဲ့ အကြောင်းကံနှင့်တူတဲ့ အကျိုးတရားကို ရမြဲဖြစ်တယ်။

ဒါကြောင့် ကျောင်းအလှူမှာ အလှူ ၉–မျိုး အကျိုး ၉–ပါးကို ဟောကြားတော်မူခဲ့ပါတယ်။

နဝဒါနံ နဝဖလံ၊
ဒါနေ ဝိဟာရ ဘာသိတံ။
ယေဘုယျေန ဟိ သတ္တာနံ၊
ဖလံ ကမ္မ သရိက္ခကံ။
(ပထမ နကာရ ဝိပုလာ)

ဝိဟာရံ၊ ပျော်မွေ့ခိုအောင်း ရဟန်းတို့၏ နေရာကျောင်းကို။ ဒါနေ၊ စေတနာမပျက် ရက်ရောကြည်ဖြူ ပေးလှူခြင်း၌။ နဝဒါနံ၊ အချမ်းကင်းရှိး အစပျိုးတဲ့ ကိုးမျိုးသောအလှူကိုရင်း။ နဝဖလံ၊ အချမ်းကင်းကွာ အစလာရိုး ကိုးဖြာသော အကျိုးကိုရင်း။ ဘဂဝတော၊ ဘုန်းမိုသခင် ဘုရားရှင်သည်။ ဘာသိတံ၊ ဝေဖန်ပိုင်းခြား ကန့်သတ်ငြား၍ ဟောကြားတော်မူအပ်၏။ ဟိသစ္စံ၊ မချွတ်ကေန် မှန်လှပေ၏။ ယေဘုယျေန၊ အဖြစ်ထင်ရှား များသောအားဖြင့်။ သတ္တာနံ၊ ပုညာပုည ပြုကုန်ကြသည့် များပြားလှစွာ သတ္တဝါတို့အား။ ကမ္မသရိက္ခကံ၊ ဆည်းပူးအားထုတ် ပြုလုပ်ပြီးမှန် အကြောင်းကံနှင့် ပုံစံမကွာ တူလှစွာသော။ ဖလံ၊ အကောင်း အဆိုး ရအပ် ခံစား အပ်သော အကျိုးသည်။ ဟောတိ၊ မုချမတွေ ဖြစ်ရပေ၏။

## အာဂါရိယ ပဋိပဒါ

ကျောင်းဒကာ, ကျောင်းအမကြီးတွေ ကျောင်းအလှူကြီးတော့ ထမြောက်အောင်မြင်သွားပြီ၊ ဒီကျောင်းမှာ ပျော်မွေ့ရှင်ပြုံး သိတင်းသုံးတော်မူကြတဲ့ ကျောင်းနေရဟန်းတို့အား—

၁။ အဝတ်သင်္ကန်းဖြင့် မပင်ပန်းအောင်လည်း တတ်နိုင်သမျှ အဝတ်သင်္ကန်းကို လှူဒါန်းရမည်။

၂။ ဆွမ်းဖြင့် မပင်ပန်းအောင်လည်း တတ်နိုင်သမျှ ဆွမ်းကို လှူဒါန်းရမည်။

၃။ အိပ်ရာနေရာ ညောင်စောင်းကုတင် အင်းပျဉ်ဖြင့် မပင်ပန်းအောင်လည်း တတ်နိုင်သမျှ အိပ်ရာနေရာ ညောင်စောင်းကုတင် အင်းပျဉ်ကို လှူဒါန်းရမည်။

၄။ ဆေးဝါးဖြင့် မပင်ပန်းအောင်လည်း တတ်နိုင်သမျှ ဆေးဝါးကို လှူဒါန်းရမည်၊ လှူလည်း လှူဒါန်းကြပါ။

ဒီဆွမ်း သင်္ကန်း ကျောင်း ဆေး ပစ္စည်းလေးပါးကို ပေးလှူခြင်းအကျင့်ကိုပင် "အာဂါရိယပဋိပဒါ" အိမ်ရာတည်ထောင် လူ့ဘောင်နေသူတို့ ပြုကျင့်ရမည့်ကျင့်ဝတ်တရားလို့ ဟောကြားတော်မူခဲ့တယ်။

## ကျောင်း၏အကျိုး ကုသိုလ် နေ့ညဥ့်တိုး

ဤကဲ့သို့ ကျောင်းအလှူကြီးကို အမှီပြုပြီး ဆွမ်း အဝတ် သင်္ကန်း အိပ်ရာနေရာ ညောင်စောင်းကုတင် အင်းပျဉ် ဆေးဝါး ပစ္စည်းများ လှူဒါန်းခြင်း ပရိက္ခာဂ၊ ထိုလေးပစ္စယ ပရိက္ခာဂကို အဖန်ဖန် အောက်မေ့ခြင်း အနုဿရဏတို့၏ အစွမ်းဖြင့် အကုသိုလ်ဝိတက်အခိုက် အိပ်နေခိုက်ကို ကြဉ်၍ နေ့ရောညဥ့်ပါ အခါခပ်သိမ်းပင် ကုသိုလ်တရား တိုးပွားတယ်လို့ ဆိုပါတယ်။

ဒေဝတာသံယုတ် ဝနရောပသုတ်မှာ—

"ယေ ဒဒန္တိ ဥပဿယံ၊ တေသံ ဒိဝါ စ
ရတ္တော စ သဒါ ပုညံ ပဝဍ္ဎတိ"

ဟု—ကျောင်း၏အကျိုးကို တမျိုးအားဖြင့် ဟောကြားတော်မူခဲ့တယ်။

ယေ၊ အမှတ်မထင် အကြင်သူတို့သည်။ ဥပဿယံ၊ ပျော်မွေ့ခိုအောင်း ရဟန်းတို့၏ နေရာကျောင်းကို။ ဒဒန္တိ၊ သဒ္ဓါမြမြ ပေးလှူ ကြကုန်၏။ တေသံ၊ ထိုသဒ္ဓါမြမြ ကျောင်းအလှူကြီးကို ပေးကြတဲ့ ကျောင်းဒကာ ကျောင်းအမတို့အား။ ဒိဝါ စ၊ အကုသိုလ်ဝိတက် မငြိယှက်ဘဲ အိပ်စက်

ကင်းကွာ နေ့အခါ၌လည်းကောင်း။ ရတ္တော စ၊ အကုသိုလ်ဝိတက် ပါ ယှက်ဘဲ အိပ်စက်ကင်းကွာ ညဥ့်အခါ၌လည်းကောင်း။ သဒါ၊ နေ့ရော ညဥ့်ပါ အခါခပ်သိမ်း။ ပုညံ၊ ကြီးစင်မြင့်မြတ် အကျိုးဇာတ်ကို ဖြစ်တတ် စေစု မြတ်ကောင်းမှုသည်။ ပဝဍ္ဍတိ၊ သဏ္ဌာန်အစဉ် ဟာဥ့်သဒ္ဓ်နှင့် မိဂင် များပြား တိုးပွားတော့၏။

## အနာထပိဏ်နတ်သား

## သူ့လှူတဲ့ကျောင်းကို ချီးကျူး

ဘုရားလက်ထက်တော် အခါက ကျောင်းဒါယကာ အနာထပိဏ် သူဌေးကြီးဟာ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါးကို ပေးလှူ ခြင်းဆိုတဲ့ အာဂါရိယ ပဋိပဒါ လူ့ကျင့်ဝတ်လွှာကို အသက်ထက်ဆုံး ပြုကျင့်ပြီး သေသည်၏ အခြားမဲ့မှာ နတ်ပြည်မှာသွားပြီး နတ်သားဖြစ် သတဲ့၊ ဒီအနာထပိဏ် နတ်သားဟာ မြတ်စွာဘုရားထံလာပြီး သူဆောက် လုပ် လှူဒါန်းခဲ့တဲ့ ဇေတဝန်ကျောင်းတော်ကြီးကို ဤသို့ ချီးကျူးသတဲ့—

ဣဒံ ဟိ တံ ဇေတဝနံ၊
ဣသိ သံဃ နိသေဝိတံ။
အာဝုတ္ထံ ဓမ္မရာဇေန၊
ပီတိ သဉ္ဇာနနံ မမ။

(ပထမ ဘာကာရ ဝိပုလာ)

ဣဒံ ဇေတဝနံ၊ ဤဇေတဝန်ခေါ် မြတ်ကျောင်းတော်ကြီးသည်ကား။ ဣသိ သံဃ နိသေဝိတံ၊ သာသနာ့ဝန်ထမ်း ရဟန်းအပေါင်း သူတော် ကောင်းတို့ ခိုအောင်းရှင်ပြုံး သိတင်းသုံးရာလည်း ဖြစ်၏။ ဓမ္မရာဇေန၊ သုံးလူ့သေဌ်နင်း တရားမင်းသည်။ အာဝုတ္ထံ၊ ဣရိယာပထ စက်လေးဝဖြင့် မျှတရှင်ပြုံး သိတင်းသုံးရာလည်း ဖြစ်၏။ တံ-တသ္မာ၊ ထိုကြောင့်။ မမ၊ ကျောင်းဒါယကာ အနာထပိဏ် ဂုဏ်သိရ်ထင်ရှား ငါနတ်သားအား။ ပီတိသဉ္ဇာနနံ၊ ရှင်လန်းအားတက် နှစ်သက်ခြင်းရှိ ပီတိအထွေထွေ ဖြစ်စေ ခြင်းသည်။ ဟောတိ၊ စင်စစ်မသွေ ဖြစ်ပါပေ၏။

## ကျေးဇူးသိစွာ တရားဟောပါ

ကျောင်းနေ ရဟန်းတွေကလည်း မိဘတို့အပေါ်မှာ ကျေးဇူးများတဲ့ ကျောင်းဒကာကြီး ကျောင်းအမကြီးတို့အား ကျေးဇူး တုံ့ပြန်တဲ့ အနေဖြင့် မဂ်,ဖိုလ်ရကြောင်း သူတော်ကောင်း တရားတော်များကို အခွင့်သာတိုင်း အခွင့်သာတိုင်း ဟောပြော ပြသကြရမည်၊ ကျောင်းဒကာကြီး ကျောင်းအမကြီးတွေကလည်း ဟောပြော ပြသတဲ့ တရားတော်များကို နာကြားမှတ်သား ပြီး တရားတော်လာတိုင်း ကျင့်ကြံကြိုးကုတ် အားထုတ်ကြမှမည်၊ ဥပနိဿယနှင့် ပြည့်စုံက ဒီဘုရားသာသနာတော်မှာပင် မဂ်ဖိုလ်နိဗ္ဗာန် တရားထူးကို ရမည်၊ ဥပနိဿယနှင့် မပြည့်စုံလို့ ဒီဘုရားသာသနာတော်မှာ မဂ်ဖိုလ်နိဗ္ဗာန် တရားထူးကို မရသေးလျှင် နောင်ဘုရားသာသနာတော်တွေမှာ မဂ်ဖိုလ် နိဗ္ဗာန် တရားထူးကို ရရန် ဥပနိဿယဖြစ်ကြပါလိမ့်မည်။

## သစ္စာလေးပါး

ဒုက္ခသစ္စာ, သမုဒယသစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာလို့ သစ္စာလေးပါး ဟောကြားတော်မူခဲ့တယ်၊ သူရောင်ပါ သတ္တဝါတွေဟာ ဒီသစ္စာလေးပါး မြတ်တရားကို ဉာဏ်ဖြင့်ပိုင်ပိုင် ထိုးထွင်း၍ မသိနိုင်ခြင်းကြောင့် ဘယ်မင်းလက်ထက်က ဘယ်ဘုရား လက်ထက်က အစပြုပြီး သတ္တဝါတွေဟာ ဖြစ်ပေါ်လာတယ်-ဟု အစမထင်မြင် နိုင်လောက်အောင် ရှည်လျားတဲ့ ဖြစ်ပျက် သံသရာကြီးထဲမှာ ဘဝအထွေထွေနှင့် ရုပ်နာမ်တွေ ဖြစ်ပျက်ပြီး လာခဲ့တာ ကြာလှပြီ၊ နောင်ကိုလည်း ဒီသစ္စာလေးပါး မြတ်တရားကို ဉာဏ်ဖြင့်ပိုင်ပိုင် ထိုးထွင်း၍ မသိနိုင်သေးသမျှ ဘဝအထွေထွေနှင့် ရုပ်နာမ်တွေ ဖြစ်ပျက်ပြီး နေပါလိမ့်ဦးမည်။

ဒါကြောင့် သံသရာဇာတ်သိမ်း ရုပ်နာမ်ဖြစ်ပျက် ငြိမ်းလိုသူတိုင်း သစ္စာလေးပါးကို ဉာဏ်ဖြင့် ထိုးထွင်းပြီး သိမြင်အောင် တွင်တွင်ကြိုးကြိုးစားကြပါ။

ဘဝ အထွေထွေနှင့် ရုပ်, နာမ်တွေ မပြတ် ဖြစ်ပျက် နေတာက **ဒုက္ခသစ္စာ**။

ဒီလို ဘဝအထွေထွေနှင့် ရုပ်နာမ်တွေ မပြတ် ဖြစ်ပျက်ပြီးနေအောင် ဖန်တီးပြုလုပ်ပြီးပေးတဲ့ တဏှာလောဘက သမုဒယသစ္စာ။

ဒုက္ခမူလ ဘဝနေတ္တိ ဂုဏ်ထူးရှိတဲ့ တဏှာလောဘကို မဂ်ဖြင့် အကြွင်းမဲ့ ဖြတ်လိုက်လို့ ရုပ်နာမ်တွေ ချုပ်ငြိမ်းသွားပြီး နောက်ထပ် တခါ မဖြစ် ပေါ်လာတာက နိရောဓသစ္စာ။

ဒုက္ခမူလ ဘဝနေတ္တိ ဂုဏ်ထူးရှိတဲ့ တဏှာလောဘကိုပယ်ဖြတ်တဲ့ အင်္ဂါ က မဂ်က မဂ္ဂသစ္စာ။

ဒီသစ္စာလေးအင်ကို ဉာဏ်ဖြင့် ထိုးထွင်းပြီး သိမြင်ပါလျှင် သံသရာ ဇာတ်သိမ်းတဲ့ ရုပ်နာမ်ဖြစ်ပျက် ငြိမ်းရပါတော့သည်။

ဘုရားရှင်လည်း သစ္စသံယုတ် ပဌမ ကောဋိဂါမသုတ်မှာ ဤဒေသနာ တော်ကို ဟောတော်မူခဲ့တယ်။

(က) စတုန္နံ အရိယသစ္စာနံ၊
ယထာဘူတံ အဒဿနာ။
သံသိတံ ဒီဃ မဒ္ဓါနံ၊
တာသု တာသွေဝ ဇာတိသု။
(ပထျာဝတ္တ)

(ခ) တာနိ သစ္စာနိ ဒိဋ္ဌာနိ၊
ဘဝနေတ္တိ သမူဟတာ။
ဥစ္ဆိန္နံ မူလံ ဒုက္ခဿ၊
နတ္ထိ ဒါနိ ပုနဗ္ဘဝေါ။
(တတိယ မကာရ ဝိပုလာ)

(က) စတုန္နံ၊ ဒုက္ခ, သမုဒယ, နိရောဓနှင့် မဂ္ဂ,အပြား လေးပါးကုန် သော။ အရိယသစ္စာနံ၊ အရိယာပုဂ္ဂိုလ် များထိုထိုတို့အဖြစ်ကိုပြုခြား သစ္စာ တရားတို့ကို။ ယထာဘူတံ၊ မဖောက်မပြန် ဟုတ်တိုင်းမှန်စွာ။ အဒဿနာ၊ ဉာဏ်ဖြင့်ထိုးထွင်း မသိမမြင်ခြင်းကြောင့်။ ဒီဃံ၊ အစမထင် အလွန်ပင် ရှည်လျားသော။ အဒ္ဓါနံ၊ ရုပ်နာမ်နှစ်ချက် ဖြစ်ပျက်မစွန့် သံသရာအခွန့် ပတ်လုံး။ တာသု တာသု ဇာတိသုဝေ၊ဘဝထိုထို ဇာတ်ထိုထိုတို့၌သာလျှင်။ သံသိတံ၊ ပြေးသွားပြန်လာ ဖန်ခါခါ ကျင်လည်ခဲ့ကြရပြီ။

(ခ) တာနိ သစ္စာနိ၊ ထို ဒုက္ခ, သမုဒယ, နိရောဓနှင့် မဂ္ဂ,အပြား လေးပါးသော သစ္စာတို့ကို။ ဒိဋ္ဌာနိ၊ ဉာဏ်ဖြင့်ထင်ထင် ထိုးထွင်း၍ သိမြင်အပ်ကုန်ပြီ။ ဘဝနေတ္တိ၊ ဘဝအတွေထွေ ဆောင်ပေတတ်လှ သမုဒယသစ္စာ ဝဋ်မြစ်တဏှာကို။ သမူဟတာ၊ ကောင်းစွာဆွဲထုတ် ပယ်နုတ်အပ်ပြီ။ ဒုက္ခဿ၊ ဒုက္ခသစ္စာ ခန္ဓာမစဲ ဝဋ်ဆင်းရဲ၏။ မူလံ၊ အောက်ခြေသက်ဆင်း အဝိဇ္ဇာတည်းဟူသော အမြစ်အရင်းကို။ ဥစ္ဆိန္နံ၊ အရှင်းပယ်သတ် မကြွင်းပြတ်အောင် ဖြတ်အပ်ပေပြီ။ ဒါနိ ဣဒါနိ၊ ဝဋ်မြစ်ပြတ်ရာ ဤယခုအခါ၌။ ပုနဗ္ဘဝေါ၊ နောက်ထပ်တဖန် ရုပ်နာမ်နှစ်ဆစ် ဘဝသစ်၌ ဖြစ်ရခြင်းသည်။ နတ္ထိ၊ ဘယ်သောအခါ ဘယ်ကမ္ဘာမှ မှန်စွာတိတိ မရှိတော့ပေ။

**တရားသိမ်း**

ကဲ- တရားသိမ်းကြစို့--

သုတွာ ဘာသိတံ သဒ္ဓမ္မံ၊
ဂါရဝေန သယမ္ဘုနာ။
အဘိနန္ဒန စိတ္တေန၊
'သာဓု သာဓူ'တိ ဘာသထ။

(ပထမ မဏာရ ဝိပုလာ)

ဘောဒန္တော သပ္ပုရိသာ၊ အို-တရားနာ ပရိသတ်အပေါင်း သူတော်ကောင်းတို့။ တုမှေ၊ ဓမ္မသဘင် တရားမင်ကြသည့် သင်တို့သည်။ ဂါရဝေန၊ ဒေသနာတရား၌ ရိုသေလေးစားခြင်းရှိတော်မူသော။သယမ္ဘုနာ၊သယမ္ဘူ ဉာဏ်ရှင် ဘုရားသခင်သည်။ ဘာသိတံ၊ ဝေဘန်ပိုင်းခြား စည်းကမ်းထား၍ ဟောကြားတော်မူအပ်သော။ သဒ္ဓမ္မံ၊ မဂ်ဖိုလ် နိဗ္ဗာန် ကေန်ရကြောင်း သူတော်ကောင်းတရားကို။ သုတွာ၊ အားရပါးရ သဘောကျပင် နာကြပြီး၍။ အဘိနန္ဒန စိတ္တေန၊ ရွှင်လန်း အားတက် အလွန်နှစ်သက်သော စိတ်ဖြင့်။ သာဓု သာဓူတိ၊ မဂ်ဖိုလ်ရကြောင်း အလွန်ကောင်းစွ ကောင်းလေစွ ဟူ၍။ ဘာသထ၊ သာယာချိုမြ နှုတ်မြွက်ဟ၍ ဆိုလိုက်ကြကုန်လော့။

(သာဓု သာဓု သာဓု)

ကျောင်းအနုမောဒနာ တရားတော် ပြီး၏၊

(သံယုတ္တ နိကာယ သဂါထာဝဂ္ဂ ကိံဒဒသုတ်)

# ဆွမ်း အဝတ်သင်္ကန်း ယာဉ် ဆီမီး ကျောင်း အနုမောဒနာ တရားတော်

**ဗီဇနိယာမ နှင့် ကမ္မနိယာမ –**

ယာဒိသံ ဝပတေ ဗီဇံ၊
တာဒိသံ ဟရတေ ဖလံ။
ကလျာဏကာရီ ကလျာဏံ၊
ပါပကာရီ စ ပါပကံ။
(တတိယ မကာရ ဝိပုလာ)

ယာဒိသံ၊ အကြင်သို့ သဘောရှိသော။ ဗီဇံ၊ ချိုမြိန်ရသာ သူငါ မြတ်နိုး အဘိုးထိုက်ပေ့ အချိုမျိုးစေ့ကို။ ဝပတေ၊ ရသာချိုမျိုး စားလိုရိုးဖြင့် စိုက်ပျိုးပေ၏။ တာဒိသံ၊ ထိုသို့သဘောရှိသော။ ဖလံ၊ ချိုမြိန်ရသာ သူငါမြတ်နိုး အဘိုးတန်ကြီး အချိုသီးကို။ ဟရတေ၊ ကြောင်းကျိုးညီညာ ကောင်းစွာမသွေ သီးဆောင်ပေ၏။

ယာဒိသံ၊ အကြင်သို့သဘောရှိသော။ ဗီဇံ၊ ရသာခါးမျိုး မြတ်နိုးသူနည်း ဘိုးမကြီးပေ့ အခါးမျိုးစေ့ကို။ ဝပတေ၊ ရသာခါးမျိုး စားလိုရိုးဖြင့် စိုက်ပျိုးပေ၏။ တာဒိသံ၊ ထိုသို့သဘောရှိသော။ ဖလံ၊ ရသာခါးမျိုး မြတ်နိုးသူနည်း ဘိုးမကြီးသည့် အခါးသီးကို။ ဟရတေ၊ ကြောင်းကျိုးညီညာ ကောင်းစွာမသွေ သီးဆောင်ပေ၏။

ကလျာဏကာရီ၊ ကောင်းတာ အစုစု ကောင်းမှုကို ပြုလေ့ ရှိသောသူသည်။ ကလျာဏံ၊ ကောင်းတာအမျိုးမျိုး ကောင်းကျိုးတွေကို။ လဘတေ၊ ကြောင်းကျိုးညီညာ ကောင်းစွာမသွေ ရတတ်ပေ၏။ ပါပကာရီ စ၊ မကောင်းတာ အစုစု မကောင်းမှုကို ပြုလေ့ရှိသော သူသည်လည်း။

ပါပကာ၊ မကောင်းတာ အမျိုးမျိုး မကောင်းကျိုးတွေကို။ လာဘတော၊ ကြောင်းကျိုးညီညာ ကောင်းစွာမသေ့ ရတတ်ပေ၏။

ဒီဂါထာကလေးရဲ့ ဆိုလိုရင်း အဓိပ္ပါယ်ကတော့—

လယ်မှုး ယာမှုး ဥယျာဉ်မှူးဟာ မိမိရဲ့ လယ်မြေ ယာမြေ ဥယျာဉ်မြေထဲမှာ ချိုမြိန်ကောင်းမြတ်တဲ့ အရသာရှိတဲ့ မျိုးစေ့များကို ရသာချိုချိုစားလိုသောစိတ်ထားဖြင့် ကောင်းမွန်စွာ စိုက်ပျိုးထားတယ်၊ အဲဒီ စိုက်ပျိုးထားတဲ့ အချိုမျိုးစေ့ များဟာလဲ "ဗီဇနိယာမ" အားလျော်စွာ အချိုသီး သီးကြတယ်၊ ခါးတဲ့အရသာရှိတဲ့ မျိုးစေ့များကိုလဲ ရသာခါးကို စားလိုတဲ့ စိတ်ထားဖြင့် စိုက်ပျိုးပြီးထားတယ်၊ အဲဒီ စိုက်ပျိုးထားတဲ့ အခါးမျိုးစေ့များဟာလဲ "ဗီဇနိယာမ" အားလျော်စွာ အခါးပင်ပေါက်ပြီး အခါးသီး သီးကြတယ်။

ဟုတ်တာပေါ့၊ အချိုမျိုးစေ့က အချိုပင်ပေါက်ပြီး အချိုသီးသာ သီးနိုင်တယ်၊ အခါးပင်ပေါက်ပြီး အခါးသီး မသီးနိုင်ဘူး၊ အခါးမျိုးစေ့က အခါးပင်ပေါက်ပြီး အခါသီးသာ သီးနိုင်တယ်၊ အချိုပင်ပေါက်ပြီး အချိုသီး မသီးနိုင်ဘူး၊ အဲဒါ ဗီဇနိယာမ သဘောတဲ့။

ဒါကြောင့်—

"တေသံ တေသံ ဗီဇာနံ
တံ တံ သဒိသဖလဒါနံ
ဗီဇနိယာမော နာမ"

ဟု အဋ္ဌကထာမှာ မိန့်တော်မူတယ်။

တေသံ တေသံ ဗီဇာနံ၊ထိုထိုမျိုးစေ့တို့၏။တံ တံ သဒိသဖလဒါနံ၊ထိုထို မျိုးစေ့နှင့် တူသော အသီးကို ပေးခြင်းသည်။ ဗီဇနိယာမော နာမ၊ "ဗီဇနိယာမ" မည်၏။

ဒီ ဥပမာပြ ဗီဇနိယာမကဲ့သို့ပင် ဒါနမှု သီလမှု ဘာဝနာမှုဆိုတဲ့ ကောင်းမှု အစုစုကို ပြုလေ့ရှိတဲ့ ပညာရှိ သူတော်ကောင်းဟာ သုခ

အမျိုးမျိုး ကောင်းကျိုးများကို ရတယ်၊ ဟာယာဒုစရိုက်မှု ဖော်ဒုစရိုက်မှု မနောဒုစရိုက်မှုဆိုတဲ့ မကောင်းမှု အစုစုကို ပြုလေ့ရှိတဲ့ လူကိုကျတော့ ဒုက္ခအမျိုးမျိုး မကောင်းကျိုးများကို ရတယ်။

ဟုတ်တာပေါ့၊ ကောင်းမှုကို ပြုက ကောင်းကျိုးကို ရတယ်၊ မကောင်း ကျိုးကို မရနိုင်ဘူး၊ မကောင်းမှုကို ပြုက မကောင်းကျိုးကို ရတယ်၊ ကောင်းကျိုးကို မရနိုင်ဘူး။

အဲဒါကမ္မနိယာမ သဘောတဲ့၊ ဒါကြောင့် –

"တဿ တဿ ကမ္မဿ 'တံ တံ သဒိသံ ဝိပါက
ဒါနမေဝ ကမ္မနိယာမော နာမ"

ဟု အဋ္ဌကထာမှာ မိန့်မှာတော်မူတယ်။

တဿ တဿ ကမ္မဿ၊ ကောင်း ဆိုး နှစ်တန် ထိုထိုကုသိုလ်ကံ၏။ တံ တံ သဒိသံ ဝိပါက ဒါနမေဝ၊ ထိုထိုအကြောင်းကံနှင့် တူသော အကျိုးကို ပေးခြင်းသည်သာလျှင်။ ကမ္မနိယာမော နာမ၊ ကမ္မနိယာမ မည်၏။

ဗီဇနိယာမ, ဥတုနိယာမ, ကမ္မနိယာမ, ဓမ္မနိယာမ, စိတ္တနိယာမ-ဟု နိယာမ ငါးပါး ရှိသည်တွင် ဥပမာန စကားရပ်မှာ ဗီဇနိယာမကို ပြတယ်၊ ဥပမေယျ စကားရပ်မှာ ကမ္မနိယာမကို ပြတယ်။

## ကမ္မနိယာမဝတ္ထု- အကျိုးဝိပါက်

ဒီကမ္မနိယာမ သက္က ကဏ္ဍ နှစ်ပက္ခတွင် ကဏ္ဍပက္ခကို ဝတ္ထုသက်သေ နှင့်တကွ ထင်ရှားအောင် ထုတ်ပြမယ်။

ဘုရားလက်ထက်တော် အခါက သာဝတ္ထိမြို့တံခါး၏ အနီးမှာရှိတဲ့ ရွာကလေးတရွာကို မီးလောင်သတဲ့၊ အဲဒီ မီးလောင်ရာ အရပ်မှ လေခပ်ပြီး မီးတောက်ပါတဲ့ မြက်ကမ္ဘတ်ခွေကြီးတခုဟာ ကောင်းကင်ခရီးဖြင့် ပျံလာ တဲ့ ကျီးကန်းရဲ့ လည်ပင်းကို သွားပြီး စွပ်မိသတဲ့၊ ကျီးကန်းကလေးလဲ အောဲ်ဟစ်မြည်တမ်းပြီး မြေသို့ကျကာ သေရှာသတဲ့။

(၃၄) ဓမ္မကထိကဂုဏ်ရည်ခေါ်

## အကြောင်းကံ

ဒီကျီးကန်းကလေးရဲ့ ရှေးမကောင်းမှုကံကို ပြန်လှန်ပြီး ဘုရားရှင် ဟောတော်မူခဲ့တယ်၊ ဒီကျီးကန်းကလေးဟာ လွန်ပြီးအတိတ်ဘဝ လူဖြစ်စဉ်အခါက ရိုင်းစိုင်းဆိုးဝါးတဲ့ နွားတကောင်ကို လည်ပင်းမှာ ကောက်ရိုး ပတ်ပြီး မီးနဲ့ရှို့ကာ သတ်ဘူးသတဲ့၊ အဲဒီမကောင်းမှု အကုသိုလ်ကံကြောင့် "ကမ္မသရိက္ခက ဝိပါက" အကြောင်းကံနှင့်တူတဲ့ အကျိုးတရားကို ရခြင်းပင် ဖြစ်သတဲ့၊ ကမ္မနိယာမလို့ မှတ်ရမည်။

## အကျိုးဝိပါက်

ဝတ္ထုတခုမှာ သမုဒ္ဒရာ ခရီးမှားသွားတဲ့ လှေတစင်းဟာ သမုဒ္ဒရာ အလယ်မှာ ငြိတွယ်တာမရှိဘဲ အလိုလို ရပ်တန့်ပြီး နေသတဲ့၊ ဒီအခါမှာ ငါတို့ရဲ့ လှေပေါ်မှာ အမှန်ပင် သူယုတ်မာ ပါလာလိမ့်မည်ဟု သူယုတ်မာ စာရေးတံကိုချလျှင် သုံးကြိမ်တိုင်အောင် လှေသူကြီးမယားကို သွားပြီးကျသတဲ့၊ လှေသူကြီးခမျာမှာလည်း မလွှဲသာ မရှောင်သာ သူယုတ်မာ တဦးအတွက်နှင့် တလှေလုံး မပျက်စေသင့်ဘူး၊ ဒီသူယုတ်မကို သမုဒ္ဒရာ ရေထဲသို့ ပစ်ချရမည်၊ ဒီသူယုတ်မကို ဒီအတိုင်းချလျှင် သမုဒ္ဒရာရေပြင်တွင် ပေါ်ပြီးနေတာကို မြင်ရလိမ့်ဦးမည်၊လည်ပင်းမှာ သဲအိုးဆွဲပြီး ချစေသတဲ့၊ ထိုခဏမှာပင် လှေကြီးလဲ ရပ်တန့်နေရာမှ ထွက်ခွာပြီး သွားသတဲ့။

## အကြောင်းကံ

ဒီလှေသူကြီး ကတော်ရဲ့ ရှေးမကောင်းမှုကံကို ပြန်လှန်ပြီး ဘုရားရှင် ဟောတော်မူခဲ့တယ်၊ ဒီလှေသူကြီး ကတော်ဟာ လွန်ပြီး အတိတ်ဘဝ လူမိန်းမဖြစ်စဉ် အခါက ခွေးနဲ့ ရိုးစွဲပြီး တပါးသူတို့ ပြောင်လှောင်မှုကြောင့် ထိုခွေးကို လည်ပင်းမှာ သဲအိုးဆွဲပြီး ရေထဲသို့ချကာ သတ်ဘူးသတဲ့၊ အဲဒီမကောင်းမှု အကုသိုလ်ကံကြောင့် "ကမ္မသရိက္ခက ဝိပါက" အကြောင်းကံနှင့်တူတဲ့ အကျိုတရားကို ရခြင်းပင် ဖြစ်သတဲ့၊ ကမ္မနိယာမလို့ မှတ်ရမည်။

## အကျိုးဝိပါက်

ဝတ္ထုတခုမှာ ဘုရားလက်ထက်တော် အခါက ရဟန်းတော် ၁ုနှစ်ဦးဟာ တခုသော လှိုဏ်ဂူမှာ ခေတ္တသီတင်းသုံးတော်မူသတဲ့၊ ထိုအခိုက်မှာ ပေတောင် ထွဋ်ပမာဏမျှရှိတဲ့ ကျောက်တုံးကြီးတခုဟာ အလိုလိုလိမ့်လာပြီး လိုဏ်ဂူ ဝမှာ ပိတ်ဆို့ပြီးနေသတဲ့၊ ခုနစ်ရက်မြောက်ရာအခါမှ ကျောက်တုံးကြီးလဲ အလိုအလျောက် ဖယ်ရှားပြီး သွားသတဲ့။

## အကြောင်းကံ

ဒီရဟန်းတော် ခုနစ်ဦးရဲ့ ရှေးမကောင်းမှုကံကို ပြန်လှန်ပြီး ဘုရားရှင် ဟောတော်မူခဲ့တယ်၊ ဒီ ရဟန်းတော် ခုနစ်ဦးဟာ လွန်ပြီး အတိတ်ဘဝ နွားကျောင်းသား ဖြစ်စဉ်အခါက တွင်းထဲသို့ ဝင်နေတဲ့ ဖွတ်ကို သစ်ခက် ဆုပ်ဖြင့် တွင်းဝကို ပိတ်ထားခဲ့ပြီး ခုနစ်ရက်မြောက်ရာအခါမှ တဖန်ပြန် ဖွင့်လျှင် ဖွတ်ခမျာလဲ ကြောက်ရွံ့တုန်လှုပ်စွာ တွင်းထဲမှ ထွက်လာသတဲ့၊ သနားလို့ သတ်တော့မသတ်ဘူးတဲ့၊ အဲဒီမကောင်းမှု အကုသိုလ်ကံကြောင့် "ကမ္မ သရိက္ခက ဝိပါက"အကြောင်းကံနှင့်တူတဲ့ အကျိုးတရားကို ရခြင်း ပင် ဖြစ်သတဲ့၊ ကမ္မနိယာမလို့ မှတ်ရမည်။

## လောက၌ အကုသိုလ်ကမှ လွတ်ရာအရပ်မရှိ

ဒါကြောင့် ဓမ္မပဒ ပါပဝဂ်မှာ ဒီဂါထာကို ဟောတော်မူခဲ့တယ်။

န အန္တလိက္ခေ န သမုဒ္ဒမဇ္ဈေ၊
န ပဗ္ဗတာနံ ဝိဝရံ ပဝိဿ။
န ဝိဇ္ဇတေ သော ဇဂတိပ္ပဒေသော၊
ယတ္ထ ဋ္ဌိတော မုစ္စေယျ ပါပကမ္မာ။

အန္တလိက္ခေ၊ အဇဋ္ဌာပြင် မိုဃ်းကောင်းကင်၌။ ဋ္ဌိတောပိ၊ ကျက်စား ကျင်လည် တည်သော သူသည်လည်း။ ပါပကမ္မာ၊ မကောင်း ဆိုးသွမ်း ကိုယ်နှုတ်ကြမ်းသည့် ဘရမ်းဘတာ ကံယုတ်မာမှ။ န မုစ္စေယျ၊ အကြောင်း တိုက်ဆိုင် မလွတ်မြောက်နိုင်ရာ။

သမုဒ္ဒမဇ္ဈေ၊ နက်ဝှမ်းပြင်ကျယ် သမုဒ္ဒရာအလယ်၌။ ဌိတောပိ၊ ကျက်စားကျင်လည် တည်သောသူသည်လည်း။ ပါပကမ္မာ၊ မကောင်းဆိုးသွမ်း ကိုယ်နှုတ်ကြမ်းသည့် ဘရမ်းဘတာ ကံယုတ်မာမှ။ န မုစ္စေယျ၊ အကြောင်းတိုက်ဆိုင် မလွတ်မြောက်နိုင်ရာ။

ပဗ္ဗတာနံ၊ ကြီးမားမြင့်ခေါင် တောင်တို့၏။ ဝိဝရံ၊ မိုခိုပုန်းအောင်း တွင်းလိုဏ်ခေါင်းသို့။ ပဝိဿ၊ ပုန်းအောင်းခိုမှီး သက်ဝင်ပြီး၍။ ဌိတောပိ၊ ကျက်စားကျင်လည် တည်သောသူသည်လည်း။ ပါပကမ္မာ၊ မကောင်းဆိုးသွမ်း ကိုယ်နှုတ်ကြမ်းသည့် ဘရမ်းဘတာ ကံယုတ်မာမှ။ န မုစ္စေယျ၊ အကြောင်းတိုက်ဆိုင် မလွတ်မြောက်နိုင်ရာ။

ယတ္ထ၊ သတ္တဝါများစွာ တည်နေရာမှတ် အကြင် လောကအရပ်၌။ ဌိတော၊ ကျက်စားကျင်လည် တည်သောသူသည်။ ပါပကမ္မာ၊ မကောင်းဆိုးသွမ်း ကိုယ်နှုတ်ကြမ်းသည့် ဘရမ်းဘတာ ကံယုတ်မာမှ။ မုစ္စေယျ၊ အကြောင်းမဆိုင် လွတ်မြောက်နိုင်ရာ၏။

အညော၊ ကောင်းကင်သမုဒ္ဒရာ တောင်ခေါင်းမှ တပါးသော။ သော ဇဂတိပ္ပဒေသော၊ သတ္တဝါများစွာ တည်နေရာမှတ် ထိုလောကအရပ်သည်။ န ဝိဇ္ဇတေ၊ တစိုးတစိ ရှာဖွေကြည့်လည်း မရှိစင်းစင်းတည်း။

**သုက္ကပက္ခ ကမ္မနိယာမ**

ကိုယ်ပြုတဲ့ ကောင်းကံ ဆိုးကံ နှစ်မျိုးကံဟာဖြင့် ကိုယ်တိုင်ပင် ကောင်းကျိုးဆိုးကျိုး နှစ်မျိုးကို ခံစားရမည်၊ အကြောင်းကံနှင့်တူတဲ့ အကျိုးကို ရမည်။

ဒါ့ကြောင့် ဘုရားရှင်လဲ ဒေဝတာသံယုတ် ကိံဒဒသုတ်မှာ—

အန္နဒေါ ဗလဒေါ ဟောတိ၊
ဝတ္ထဒေါ ဟောတိ ဝဏ္ဏဒေါ။
ယာနဒေါ သုခဒေါ ဟောတိ၊
ဒီပဒေါ ဟောတိ စက္ခုဒေါ။
သော စ သဗ္ဗဒဒေါ ဟောတိ၊
ယော ဒဒါတိ ဥပဿယံ။
(ပထျာဝတ္တ-တဂါထာ ၊ )

ဟု-သတ္တဝါတို့အား အကြောင်းကံနှင့်တူတဲ့ အကျိုးများကို ရပုံ 'ကမ္မနိယာမ' ကို ဟောပြတော်မူခဲ့တယ်။

အန္နဒေါ၊ ဘုဉ်းပေးရန်မှန်း အစာဆွမ်းကို ရှင်လန်းကြည်ဖြူ ပေးလှူသူသည်။ ဗလဒေါ၊ ကိုယ်စွမ်းအင်အား ကြီးမားမောက်မူ ခွန်အားအလှူကို ပေးလှူသည် မည်သည်။ ဟောတိ၊ ကြောင်းကျိုးညီညာ ကောင်းစွာမသေွ ဖြစ်ပါပေ၏။

ဝတ္ထဒေါ၊ ဝတ်ဘို့ရန်မှန်း အဝတ်သက်န်းကို ရှင်လန်းကြည်ဖြူ ပေးလှူသူသည်။ ဝဏ္ဏဒေါ၊ ရုပ်ရေအဆင်း လှပခြင်းဟူ အဆင်းအလှူကို ပေးလှူသည် မည်သည်။ ဟောတိ၊ ကြောင်းကျိုးညီညာ ကောင်းစွာမသေွ ဖြစ်ပါပေ၏။

ယာနဒေါ၊ ထိး, ဘိနပ်ကောင်း တောင်းဝှေး, ချောင်းနှင့် ညောင်စောင်း အင်းပျဉ် လမ်းပြင်လှေခါး မော်တော်ကားနှင့် တံတားလှေဖောင် မြားမြောင်သန်းျာ စီးနင်းရာပေါင်း သွားလာကြောင်းဟူ ယာဉ်အလှူကို ပေးလှူသူသည်။ သုခဒေါ၊ ကာယ, စိတ္တ သုခနှစ်ဆူ ချမ်းသာအလှူကို ပေးလှူသည် မည်သည်။ ဟောဘိ၊ ကြောင်းကျိုးညီညာ ကောင်စွာမသေွ ဖြစ်ပါပေ၏။

ဒီပဒေါ၊ အမှောင်ကင်းစေရန် ဆီမီးအလင်းကို ပေးလှူသူသည်။ စက္ခုဒေါ၊ ရှုပါရုံအထွေထွေ မြင်လေတတ်ဘိ မျက်စိအလှူကို ပေးလှူသည်မည်သည်။ ဟောတိ၊ ကြောင်းကျိုးညီညာ ကောင်းစွာမသေွ ဖြစ်ပါပေ၏။

ယော၊ သဒ္ဓါစင်ဖြူ အကြင်သူသည်။ ဥပဿယံ၊ ဘုရားသားကျော် ရဟန်းတော်တို့ ရှင်ပျော်ခိုအောင်း နေရာကျောင်းကို။ ဒဒါတိ၊ မစ္ဆေရရန် တွန်းပယ်လှန်၍ ကြည်လျှံဝေဝေ ပေးလှူလေ၏။ သော စ၊ ထိုသဒ္ဓါဖြူဖြူ ကျောင်းအလှူကို ပေးလှူသူသည်ကား။ သဗ္ဗဒဒေါ၊ ဗလ, ဝဏ္ဏ, သုခ, စက္ခု လေးခုအကုန် အလုံးစုံကို ပေးလှူသည် မည်သည်။ ဟောတိ၊ ကြောင်းကျိုးညီညာ ကောင်းစွာမသေွ ဖြစ်ပါပေ၏။

၁။ ဆွမ်းကို ပေးလှူသူသည် ခွန်အား အလှူကို ပေးလှူသည် မည်သတဲ့။
၂။ အဝတ်သင်္ကန်းကို ပေးလှူသူသည် အဆင်းအလှူကို ပေးလှူသည် မည်သတဲ့။
၃။ ယာဉ်ကို ပေးလှူသူသည် ကိုယ့်စိတ်နှစ်ဖြာ ချမ်းသာအလှူကို ပေးလှူသည် မည်သတဲ့။
၄။ ဆီမီးအလင်းကို ပေးလှူသူသည် မျက်စိအလှူကို ပေးလှူသည် မည်သတဲ့။
၅။ ကျောင်းကို ပေးလှူသူသည် အလုံးစုံ အလှူလေးပါးလုံးကို ပေးလှူသည် မည်သတဲ့။

### ၁။ ဆွမ်းအကျိုး

ဟုတ်တာပေါ့၊ ဗလခွန်အား အလွန်ကြီးမားတဲ့ ပုဂ္ဂိုလ်တပါးပင် ဖြစ်သော်လဲ နှစ်ထပ် သုံးထပ် ဆွမ်းစား ရပ်လိုက်လျှင် မတ်တတ်ပင် မထနိုင် ခွေယိုင်ကာ အားကုန်ခန်းပြီး ညှိုးနွမ်းလျက်သာ နေရမည်၊ ဆွမ်းစားရပါလျှင် အလွန်အားနည်းတဲ့ ပုဂ္ဂိုလ်ပင်ဖြစ်သော်လဲ ဗလခွန်အားနှင့်ပြည့်ဝလာမည်၊ ဒါ့ကြောင့် ဆွမ်းကို ပေးလှူသူသည် ခွန်အားအလှူကို ပေးလှူသည် မည်တယ်၊ ဆွမ်းအလှူခံတဲ့ ရဟန်းတော်တို့မှာလဲ ခွန်အားကြီးမားခြင်းအကျိုးကို ရတယ်၊ ဆွမ်းဒကာ ဆွမ်းအမတို့မှာလဲ ခွန်အားကြီးမားခြင်း အကျိုးကိုဘဲ ရတယ်-ဟု ဟောတော်မူတယ်။

ဆွမ်းဟု သာမည ဆိုသော်လဲ—

ဩဒန, သတ္တု, ကုမ္မာသ, မစ္ဆ, မံသ ဘောဇဉ် ငါးပါး။

မူလ, ကန္ဒ, မုဠာလ, မတ္ထက, ခန္ဓ, တစ, ပတ္တ, ပုပ္ဖ, ဖလ, အဋ္ဌိ, ပိဋ္ဌ, နိယျာသ ခဲဘွယ်များ။ ဤခဲဘွယ်ဘောဇဉ် ယာဝကာလိကများကို ယူပါ။

အန္နဒေါ ဗလဒေါ ဟောတိ၊
ဗလံ ဒတွာ စ ပဏ္ဍိတော။
သန္တိဘာ ဗလဝါ ဟောတိ၊
ယတ္ထ ယတ္ထူပ ပဇ္ဇတိ။
(ပထျာဝတ္တ)

အနုဒေါ၊ ဆွမ်း မုံ့ စသော အစာများကို တတ်အားကြည်ဖြူ ပေး ကမ်းလှူသော။ ပဏ္ဍိတော၊ ခုရှောနေ့ဝင်ပါ ကျိုးနှစ်ဖြာကို ရကာယူတတ် ပညာရှိသည်။ ဗလဒေါ၊ ကိုယ်စွမ်းအင်အား ကြီးမားမောက်မူ ခွန်အား အလှူကိုပေးလှူသည်မည်သည်။ ဟောတိ၊ ကြောင်းကျိုးညီညာ ကောင်းစွာ မသေ့ ဖြစ်ပါပေ၏။ ဗလံ စ၊ ကိုယ်စွမ်းအင်အား ကြီးမားမောက်မူ ခွန်အား အလှူကိုလည်း။ ဒတွာ၊ သဒ္ဓါဖွေးဖြူ အလေးမူပြီး ပေးလှူပြီး၍။ ယတ္ထ ယတ္ထ၊ လောကီလူပေါင်း ချမ်းသာကောင်းဟု နှစ်ထောင်းရိပ်မြုံ အကြင် အကြင် သုဂတိဘုံ၌။ ဥပပဇ္ဇတိ၊ သန္ဓေစွဲကပ် အမြတ်ဇာတ်နေ ဖြစ်ရ လေ၏။ တတ္ထ တတ္ထ၊ လောကီလူပေါင်း ချမ်းသာကောင်းဟု နှစ်ထောင်း ရိပ်မြုံ ထိုထို သုဂတိဘုံ၌။ သန္နိဘာ၊ ဘဝဟိုရှေး လှူပေးခဲ့မှန် အကြောင်း ကံနှင့် တူသော။ ဗလဝါ၊ ကိုယ်စွမ်း ခွန်အား စွမ်းပကားနှင့် ထင်ရှား ကုံလုံ ပြည့်ဝစုံသည်။ ဟောတိ၊ ကြောင်းကျိုးညီညာ ကောင်းစွာမသေ့ ဖြစ်ပါပေ၏။

## ၂။ အဝတ်သင်္ကန်းအကျိုး

အဆင်းရူပကာယ ချောမောလှတဲ့ ပုဂ္ဂိုလ်ပင် ဖြစ်သော်လဲ အဝတ် မပါ ဗလာကိုယ်ချည်း နေခဲ့ပါလျှင် ရှုချင့်စဘွယ်မရှိ ရှက်ကြောက်ဘွယ် အတိနှင့် အဆင်းမလှဖြစ်မည်၊ အဝတ်တန်းဆာ ဝတ်ဆင် လိုက်ပါလျှင် နတ်သား နတ်သ္မီးတမျှ အဆင်းရူပကာယ ချောမောလှပမည်၊ ဒါ့ကြောင့် အဝတ်သင်္ကန်းကို ပေးလှူသူသည် အဆင်းအလှူကို ပေးလှူသည် မည်တယ်၊ အဝတ်သင်္ကန်းကို အလှူခံတဲ့ ရဟန်းတော်တို့မှာလဲ အဆင်းလှခြင်းအကျိုး ကို ရတယ်၊ အဝတ်သင်္ကန်းကို ပေးလှူတဲ့ ဒကာ၊ ဒကာမတို့ မှာလည်း အဆင်းလှခြင်း အကျိုးကိုဘဲ ရတယ်ဟု ဟောတော်မူတယ်။

ဝတ္ထဒေါ ဝဏ္ဏဒေါ ဟောတိ၊
ဝဏ္ဏံ ဒတွာ စ ပဏ္ဍိတော။
သန္နိဘာ ဝဏ္ဏဝါ ဟောတိ၊
ယတ္ထ ယတ္ထူပ ပဇ္ဇတိ။

(ပယျာသတွဲ)

ဝတ္တဒေါ၊ ဝတ်ရုံသုံးဆောင် အရောင်တင့်ဆန်း အဝတ်သင်္ကန်းကို ရှင်လန်းကြည်ဖြူ ပေးကမ်းလှူသော။ ပဏ္ဍိတော၊ ခုရောနောင်ပါ ကျိုးနှစ်ဖြာကို ရကာယူဘိ ပညာရှိသည်။ ဝဏ္ဏဒေါ၊ ကိုယ်အရေအဆင်း လှပခြင်း ဟူ အဆင်းအလှူကို ပေးလှူသည် မည်သည်။ ဟောတိ၊ ကြောင်းကျိုးညီညာ ကောင်းစွာမသွေ ဖြစ်ပါပေ၏။ ဝဏ္ဏံ စ၊ ကိုယ်အရေအဆင်း လှပခြင်းဟူ အဆင်းအလှူကိုလည်း။ ဒတွာ၊ သဒ္ဓါဖွေးဖြူ အလေးမူပြီး ပေးလှူပြီး၍။ ယတ္ထ ယတ္ထ၊ လောကီလူပေါင်း ချမ်းသာကောင်းဟု နှစ်ထောင်းရိပ်မြုံ အကြင်အကြင် သုဂတိဘုံ၌။ ဥပပဇ္ဇတိ၊ သန္ဓေစွဲကပ် အမြတ်ဇာတ်နေ ဖြစ်ရလေ၏။ တတ္ထ တတ္ထ၊ လောကီလူပေါင်း ချမ်းသာကောင်းဟု နှစ်ထောင်းရိပ်မြုံ ထိုထို သုဂတိဘုံ၌။ သန္ဒိဘာ၊ ဘဝဟိုရှေး လှူပေးခဲ့မှန် အကြောင်းကံနှင့် တူသော။ ဝဏ္ဏဝါ၊ အဆင်းရူပကာယ လှပကုံလုံ ပြည့်ဝစုံသည်။ ဟောတိ၊ ကြောင်းကျိုးညီညာ ကောင်းစွာမသွေ ဖြစ်ပါပေ၏။

## ၃။ ယာဉ်အကျိုး

"န ဟတ္ထိယာနံ သမဂ္ဃာ ကပ္ပတိ၊
န အဿယာနံ န ရထေန ယာတုံ"

ဟု လာသောကြောင့် ဆင်ယာဉ် မြင်းယာဉ် ရထားယာဉ်တွေဟာ ရဟန်းတို့အား မအပ်ဘူးတဲ့။

ထီး, ဘိနပ်, တောင်ဝှေး, ညောင်စောင်း, အင်းပျဉ်, စကြံလမ်း, လှေခါး, မော်တော်ကား, ဓာတ်ရထား, တံတား, မီးသင်္ဘော, လှေ, ဖောင်, ဒီယာဉ်တွေဟာ ရဟန်းတို့အား အပ်သတဲ့။

ထီး, ဘိနပ်, တောင်ဝှေး မပါလျှင် ခရီးသွားရာမှာ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာသုခ မရနိုင်ဘူး၊ ပါမှသာလျှင် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာသုခ ရနိုင်တယ်၊ ညောင်စောင်း, အင်းပျဉ် မရှိလျှင် အိပ်ရာနေရာမှာ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာသုခ မရနိုင်ဘူး၊ ရှိမှသာလျှင် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာသုခ ရနိုင်တယ်။

စကြံလမ်း, လှေခါး, မော်တော်ကား, ဓာတ်ရထား, မီးသင်္ဘော, လှေ, ဖောင် ဒီယာဉ်တွေမရှိလျှင် သွားရာ လာရာမှာ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာ

သုခ မရနိုင်ဘူး၊ ရှိမှသာလျှင် သွားရာလာရာမှာ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာသုခ ရနိုင်တယ်၊ ဒါကြောင့် ဒီယာဉ်တွေကို ပေးလှူသူသည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာအလှူကို ပေးလှူသည်မည်တယ်၊ ယာဉ်ကိုအလှူခံတဲ့ ရဟန်းတော်တို့မှာလဲ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းအကျိုးကို ရတယ်၊ ယာဉ်ကိုပေးလှူတဲ့ ဒကာ ဒကာမတို့မှာလဲ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း အကျိုးကိုဘဲ ရတယ်လို့ ဟောတော်မူတယ်။

ယာနဒေါ သုခဒေါ ဟောတိ၊
သုခံ ဒတွာ စ ပဏ္ဍိတော။
သန္တိဘာ သုခဝါ ဟောတိ၊
ယတ္ထ ယတ္ထုပ ပဇ္ဇတိ။
(ပထ၂၁ဝတ္ထု)

ယာနဒေါ၊ ထိး, ဘိနပ်ကောင်း တောင်ဝှေးချောင်းနှင့် ညောင်စောင်း အင်းပျဉ် လမ်းပြင် လှေခါး မော်တော်ကားမှ တံယား လှေဖောင် မြားမြောင်သချာ စီနင်းရာပေါင်း သွားလာကြောင်းဟူ ယာဉ်အလှူကို ပေးလှူသော။ ပဏ္ဍိတော၊ ဒါနအကျိုး မြော်ကိုးလိုချင် ပညာရှင်သည်။ သုခဒေါ၊ ကာယစိတ္တ သုခနှစ်ဆူ ချမ်းသာအလှူကို ပေးလှူသည် မည်သည်။ ဟောတိ၊ ကြောင်းကျိုးမသွေ ဖြစ်ပါပေ၏။ သုခံ စ၊ ကာယစိတ္တ သုခနှစ်ဆူ ချမ်းသာအလှူကိုလည်း။ ဒတွာ၊ သဒ္ဓါချွန်မော် ပူဇော်မြောက်ချီးပေးလှူပြီး၍။ ယတ္ထ ယတ္ထ၊ လောကီလူပေါင်း ချမ်းသာကောင်းဟု နှစ်ထောင်းရိပ်မြုံ အကြင်အကြင် သုဂတိဘုံ၌။ ဥပပဇ္ဇတိ၊ သန္ဓေစွဲကပ် အမြတ်ဇာတ်နေ ဖြစ်ရလေ၏။ တတ္ထတတ္ထ၊ လောကီလူပေါင်း ချမ်းသာကောင်းဟု နှစ်ထောင်းရိပ်မြုံ ထိုထိုသုဂတိဘုံ၌။ သန္တိဘာ၊ ဘဝဟိုရှေး လှူပေးခဲ့မှန် အကြောင်းကံနှင့် တူသော။ သုခဝါ၊ ကာယစိတ္တ သုခနှစ်ဖြာ ချမ်းသာကိုလုံ ပြည့်ဝစုံသည်။ ဟောတိ၊ ကြောင်းကျိုးမသွေ ဖြစ်ပါပေ၏။

## ၄။ ဆီမီးအလင်း အကျိုး

အလင်းရောင်ကင်းတဲ့ အမှောင်အတွင်းမှာ မျက်စိနှစ်ကွင်းပင် ရှိသော်လဲ ရူပါရုံကို မမြင်နိုင်ဘူး၊ ဖယောင်းမီး, ဆီမီး, ဓာတ်မီး, လျှပ်စစ်မီး

သုဓမ္မဝတီ (က) ၁ဝဝ-၅

စတဲ့ မီးအလင်းရောင်ရှိမှသာ ရူပါရုံကို မြင်နိုင်တယ်၊ ဒါ့ကြောင့်ဖယောင်းမီး ဆီမီး ဓာတ်မီး လျှပ်စစ်မီးစတဲ့ မီးအလင်းရောင်ကို ပေးလှူသူသည် မျက်စိအလှူကို ပေးလှူသည် မည်တယ်၊ မီးအလင်းရောင်ကို အလှူခံတဲ့ ရဟန်းတော်တို့မှာလဲ မျက်စိသန့်ရှင်း ရူပါရုံကို မြင်ရခြင်း အကျိုးကို ရတယ်၊ မီးအလင်းရောင်ကို လှူဒါန်းတဲ့ ဒကာ ဒကာမတို့မှာလဲ မျက်စိသန့်ရှင်း ရူပါရုံကို မြင်ရခြင်းအကျိုးကို ရတယ်ဟု ဟောတော်မူတယ်။

ဒီပဒေါ စက္ခုဒေါ ဟောတိ၊
စက္ခုံ ဒတွာ စ ပဏ္ဍိတော။
သန္ဒိဘာ စက္ခုမာ ဟောတိ၊
ယတ္ထ ယတ္ထူပ ပဇ္ဇတိ။
(ပလျှာဝတ္ထု)

ဒီပဒေါ၊ အမှောင်ကင်းစေရန် ဆီမီးအလင်းကို ပေးလှူသော။ ပဏ္ဍိတော၊ ဒါနအကျိုး မြော်ကိုးလိုချင် ပညာရှင်သည်။ စက္ခုဒေါ၊ ရူပါရုံ အထွေထွေ မြင်လေတတ်ဘိ မျက်စိအလှူကို ပေးလှူသည် မည်သည်။ ဟောတိ၊ ကြောင်းကျိုးမသွေ ဖြစ်ပါပေ၏။ စက္ခုံ စ၊ ရူပါရုံ အထွေထွေ မြင်လေတတ်သော မျက်စိအလှူကိုလည်း။ ဒတွာ၊ သဒ္ဓါချွန်မော် ပူဇော်မြှောက်ချီး ပေးလှူပြီး၍။ ယတ္ထယတ္ထ၊ လောကီလူပေါင်း ချမ်းသာကောင်းဟု နှစ်ထောင်းရိပ်မြုံ အကြင် အကြင် သုဂတိဘုံ၌။ ဥပပဇ္ဇတိ၊ သန္ဓေစွဲကပ် အမြတ်ဇာတ်နေ ဖြစ်ရလေ၏။ တတ္ထ တတ္ထ၊ လောကီလူပေါင်း ချမ်းသာကောင်းဟု နှစ်ထောင်းရိပ်မြုံ ထိုထိုသုဂတိဘုံ၌။ သန္ဒိဘာ၊ ဘဝဟိုရှေး လှူပေးခဲ့မှန် အကြောင်းကံနှင့်တူသော။ စက္ခုမာ၊ ရူပါရုံ အထွေထွေ မြင်လေတတ်ဘိ မျက်စိရှိသည်။ ဟောတိ၊ ကြောင်းကျိုးမသွေ ဖြစ်ပါပေ၏။

## ၅။ ကျောင်းအကျိုး

အိမ်ဥဥ်မပြတ် နှစ်ရှာ သုံးရှာပင် လှည့်ပတ်ပြီး ဆွမ်းရပ်ပါသော်လဲ အနည်းငယ်မျှပင် ဆွမ်းမရခဲ့လျှင် ရေမိုးချိုးပြီး ကျောင်းတွင်းမှာ ဝင်၍

တခဏမျှ အိပ်လျှင်ပင် ခွန်အားဗလ ပြည့်ဖြိုးလာတယ်၊ ဒါကြောင့် ကျောင်းကို ပေးလှူသူသည် ခွန်အားအလှူကို ပေးလှူသည်မည်တယ်။

ကျောင်းပြင်ဘက်မှာ လှည့်လည်သွားလာကာနေသူကား လေ-နေပူတို့ တိုက်ခိုက် လောင်မြိုက်ခြင်းကြောင့် ကိုယ်မှာအဆင်းဝဏ် ဖောက်ပြန်ပြီး ရုပ်ရေ မကြည်မလင် ဖြစ်နေလျှင် ကျောင်းတွင်းမှာဝင်ပြီး တံခါးပိတ်ကာ တခဏမျှ အိပ်လျှင်ပင် အဆင်းဝဏ် ကြည်လင်ပြီးလာတယ်၊ ဒါကြောင့် ကျောင်းကို ပေးလှူသူသည် အဆင်းအလှူကိုလည်း ပေးလှူသည် မည်တယ်။

ကျောင်းပြင်ဘက်မှာ လှည့်လည်သွားလာကာ နေသူအား ဆူးငြောင့် ခလုတ် သစ်ငုတ်ဘေးရန် မှက်, ခြင်,မြွေ,လေ နေပူ,ခိုးသူဘေးရန်တို့ကြောင့် ကိုယ်၏ချမ်းသာခြင်း စိတ်၏ ချမ်းသာခြင်းကို မရခဲ့လျှင် ကျောင်းတွင်းမှာဝင်ပြီး တံခါးပိတ်ကာ အိပ်လျှင်ပင် ဒီဘေးရန်အားလုံးငြိမ်းပြီး ကိုယ်၏ ချမ်းသာခြင်း စိတ်၏ ချမ်းသာခြင်းကိုရတယ်၊ တရားကို သရဇ္ဈာယ်သော ရဟန်းအား ဓမ္မပီတိ သုခဖြစ်တယ်၊ ကမ္မဋ္ဌာန်းကို နှလုံးသွင်းသော ရဟန်းအား ဥပသမသုခ ဖြစ်တယ်၊ ဒါကြောင့် ကျောင်းကို ပေးလှူသူသည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာအလှူကိုလည်း ပေးလှူသည် မည်တယ်။

ကျောင်းပြင်ဘက်မှာ လှည့်လည်သွားကာ နေသူအား ချွေးယိုစီးခြင်း မျက်စိတုန်လှုပ်ခြင်းများ ဖြစ်ပြီး ကျောင်းတွင်းသို့ ဝင်သောခဏမှာ တွင်းထဲသို့ ဝင်ရသလိုပင် ညောင်စောင်း ကုတင် တံခါးရွက်တို့ကိုပင် ကောင်းမွန်စွာမမြင်၊ တခဏမျှ အိပ်လျှင်ပင် မျက်စိတွေ ကြည်လင်လာပြီး ညောင်စောင်း ကုတင် တံခါးရွက်တို့ကိုပင် ကောင်းမွန်စွာ မြင်ရတယ်၊ ဒါကြောင့် ကျောင်းကို ပေးလှူသူသည် မျက်စိအလှူကိုလည်း ပေးလှူသည် မည်တယ်။

ကျောင်းအလှူမှာ

၁။ ခွန်အားအလှူ
၂။ အဆင်းအလှူ
၃။ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာအလှူ
၄။ မျက်စိအလှူ

ဒီအလှူလေးမျိုးလုံးကို ပေးလှူသည် မည်တယ်။

ကျောင်းကို အလှူခံတဲ့ ရဟန်းတော်တို့မှာလဲ—

၁။ ခွန်အား ကြီးမားခြင်း အကျိုး

၂။ အဆင်းလှခြင်း အကျိုး

၃။ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း အကျိုး

၄။ မျက်စိသန့်ရှင်း ရူပါရုံကိုမြင်ရခြင်း အကျိုး

ဒီအကျိုး လေးပါးကို ရတယ်။

ကျောင်းကို ပေးလှူတဲ့ကျောင်းဒကာ ကျောင်းအမတို့မှာလဲ—

၁။ ခွန်အားကြီးမားခြင်း အကျိုး

၂။ အဆင်းလှခြင်း အကျိုး

၃။ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း အကျိုး

၄။ မျက်စိ သန့်ရှင်း ရူပါရုံကို မြင်ရခြင်း အကျိုး

ဒီအကျိုးလေးပါးကိုဘဲ ရတယ်ဟု ဟောတော်မူတယ်။

ဒီလို အကြောင်းကံနှင့်တူတဲ့ အကျိုးကိုရတာဟာ "ကမ္မနိယာမ" သဘောဘဲလို့ မှတ်ရမည်။

> သဗ္ဗဒဒေါ ဟောတီတိ သဗ္ဗေသံ ယေဝ ဗလာဒီနံ ဒါယကော ဟောတိ။ (အဋ္ဌကထာ)

> ဃရဒေါ သဗ္ဗဒေါ ဟောတိ၊
> သဗ္ဗံ ဒတွာ စ ပဏ္ဍိတော။
> သန္တိဘာ သဗ္ဗဝါ ဟောတိ၊
> ယတ္ထ ယတ္ထူပ ပဇ္ဇတိ။
> (ပထုျဝတ္ထု)

ဃရဒေါ၊ ဘုရားသားကျော် ရဟန်းတော်တို့ ရှင်ပျော်ခိုအောင်း နေရာကျောင်းကို နှစ်ထောင်းကြည်ဖြူ ဆောက်လုပ်လှူသော။ ပဏ္ဍိတော၊ ကျောင်း၏ အကျိုး မြှော်ကိုးသိမြင် ပညာရှင်သည်၊ သဗ္ဗဒေါ၊ ဗလ, ပဏ္ဏ, သုခ, စက္ခု လေးခုအကုန် အလုံးစုံကို ပေးလှူသည် မည်သည်။ ဟောတိ၊ ကြောင်းကျိုးမသွေ ဖြစ်ပါပေ၏။ သဗ္ဗံ စ၊ ဗလ, ဝဏ္ဏ, သုခ,

စက္ခု လေးခုအကုန် အလုံးစုံကိုလည်း။ ဒတွာ၊ သဒ္ဓါချွန်မော် ပူဇော် မြှောက်ချီး ပေးလှူပြီး၍။ ယတ္ထ ယတ္ထ၊ လောကီလူပေါင်း ချမ်းသာ ကောင်းဟု နှစ်ထောင်းရိပ်မြုံ အကြင် အကြင် သုဂတိဘုံ၌။ ဥပပဇ္ဇတိ၊ သန္ဓေစွဲကပ် အမြတ်ဇာတ်နေ ဖြစ်ရလေ၏။ တတ္ထ တတ္ထ၊ လောကီ လူပေါင်း ချမ်းသာကောင်းဟု နှစ်ထောင်းရိပ်မြုံ ထိုထို သုဂတိဘုံ၌။ သန္နိဘာ၊ဘဝဟိုရှေး လှူပေးခဲ့မှုန် အကြောင်းကံနှင့်တူသော။ သမ္ပဝါ၊ ဗလ, ဝဏ္ဏ, သုခ, စက္ခု လေးခုအကုန် အလုံးစုံနှင့် ပြည့်စုံသည်။ ဟောတိ၊ ကြောင်းကျိုးမသွေ ဖြစ်ပါပေ၏။

## ကုသိုလ်များကို ကြိုးစားပါ

ဒီ ကမ္မနိယာမ သဘောကို တွေးတောဆင်ခြင် သတိသမ္ပဇဉ် ပွားများ ကြပြီး အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည် မကောင်းမှု အကုသိုလ်များကို ဝေးစွာရှောင်ရှားပြီး ကောင်းမှုကုသိုလ်များကို ကြိုးစား ၍ ပြုကြရမည်။

## လောကုတ်အကျိုး

ရင်းပြင် ယနေ့ပြုရ ဒါနပါရမီဖြင့် အဆုံးဘဝမှာ မဂ်ချမ်းသာ ဖိုလ်ချမ်းသာ နိဗ္ဗာန်ချမ်းသာတို့ကိုလည်း ကေန်မုချ ရကြပါလိမ့်ဦးမည်ဟု ယုံကြည်မှတ်သား ဒါနပါရမီများကို ကြိုးစားကြရာသတည်း။

# ဒုက္ခသစ္စာ

ကာမုပါဒါန် ဒိဋ္ဌုပါဒါန် သီလဗ္ဗတုပါဒါန် အတ္တဝါဒုပါဒါန်သဘော အားဖြင့် တဏှာနှင့်ဒိဋ္ဌိ ဒီဥပါဒါန်တရားတွေရဲ့ အာရုံဖြစ်တဲ့ ရူပက္ခန္ဓာ-ရုပ်တရား၊ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာ နာမ်တရား၊ဒီခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးဟာ စက်ဆုပ်ဘွယ်ချည်း အချည်း အနှီးသာ ဒုက္ခသစ္စာ မည်တယ်။

## သစ္စဉာဏ်

ဤဥပါဒါန်၏ အာရုံဖြစ်တဲ့ ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးသည်ကား ဒုက္ခသစ္စာသာတည်းဟု မဖောက်မပြန် အမှန်အားဖြင့် သိတယ်။

### ကိစ္စဉာဏ်

ဤဒုက္ခသစ္စာသည့်ကား ဥပါဒါန်၏ အာရုံဖြစ်တဲ့ ခန္ဓာငါးပါး ရုပ်နာမ် နှစ်ပါးပင်တည်း၊ ထိုထက် အယုတ်အလွန် မရှိဟု ဒုက္ခသစ္စာ၏"ပရိညေယျ" ကိစ္စကို ပိုင်းခြား၍ သိတယ်။

### ကတဉာဏ်

ဤဒုက္ခသစ္စာသည်ကား ဥပါဒါန်၏ အာရုံဖြစ်တဲ့ ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးပင်တည်း၊ ထိုထက် အယုတ်အလွန် မရှိ ပိုင်းခြား၍ သိပြီးပြီဟု ဒုက္ခသစ္စာ၏ ပရိညေယျ ကိစ္စကို ပြုအပ်ပြီးပြီဟု သိတယ်။

ဤကဲ့သို့ ဒုက္ခသစ္စာ၌ ဉာဏ်သုံးပါးကို မှတ်သားရမယ်။

## သမုဒယသစ္စာ

ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာ ဒီတဏှာသုံးပါးကား ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါး ဒုက္ခတရားကို ဖြစ်ပွားစေတတ်တဲ့ သမုဒယ သစ္စာမည်တယ်။

### သစ္စဉာဏ်

ဤ ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာသည်ကား ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါး ဒုက္ခတရားကို ဖြစ်ပွားစေတတ်တဲ့ သမုဒယသစ္စာသာတည်း ဟု မဖောက်မပြန် အမှန်အားဖြင့် သိတယ်။

### ကိစ္စဉာဏ်

ဤတဏှာသုံးပါးကို ပယ်အပ်၏-ဟု သမုဒယသစ္စာ၏ ပဟာတဗ္ဗကိစ္စ ကို သိတယ်။

### ကတဉာဏ်

ဤတဏှာသုံးပါးကို ပယ်ပြီးပြီ-ဟု သမုဒယသစ္စာ၏ ပဟာတဗ္ဗ ကိစ္စ ကို ပြုအပ်ပြီးပြီဟု သိတယ်။

ဤကဲ့သို့ သမုဒယသစ္စာ၌ ဉာဏ်သုံးပါးကို မှတ်သားရမယ်။

## နိရောဓသစ္စာ

နိဗ္ဗာန်သည်ကား ခန္ဓာငါးပါး ရုပ်, နာမ် နှစ်ပါး ဒုက္ခတရားတို့၏ ချုပ်ရာ နိရောဓသစ္စာ မည်တယ်။

### သစ္စဉာဏ်

ဤနိဗ္ဗာန်သည်ကား ဒုက္ခတရားတို့၏ချုပ် ရာနိရောဓသစ္စာ သာတည်းဟု မဖောက်မပြန် အမှန်အားဖြင့် သိတယ်။

### ကိစ္စဉာဏ်

ဤနိဗ္ဗာန်ကို မျက်မှောက်ပြုအပ်၏ဟု နိရောဓသစ္စာ၏ သစ္ဆိကာတဗ္ဗ ကိစ္စကို သိတယ်။

### ကတဉာဏ်

ဤနိဗ္ဗာန်ကို မျက်မှောက်ပြုပြီးပြီဟု နိရောဓသစ္စာ၏ သစ္ဆိကာတဗ္ဗ ကိစ္စကို ပြုအပ်ပြီးပြီဟု သိတယ်။

ဤကဲ့သို့ နိရောဓသစ္စာ၌ ဉာဏ်သုံးပါးကို မှတ်သားရမယ်။

## မဂ္ဂသစ္စာ

သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ၊ ဤမဂ္ဂင်ရှစ်ပါးသည်ကား ဒုက္ခချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်းအကျင့်ဖြစ်တဲ့ မဂ္ဂသစ္စာ မည်တယ်။

### သစ္စဉာဏ်

ဤမဂ္ဂင်ရှစ်ပါး အကျင့်တရား သည်ကား ဒုက္ခချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ဖြစ်တဲ့ မဂ္ဂသစ္စာသာတည်းဟု မဖောက်မပြန် အမှန်အားဖြင့် သိတယ်။

### ကိစ္စဉာဏ်

ဤမဂ္ဂင်ရှစ်ပါး အကျင့်တရားကို ပွားစေအပ်၏ဟု မဂ္ဂသစ္စာ၏ ဘာဝေတဗ္ဗ ကိစ္စကို သိတယ်။

### ကတဉာဏ်

ဤမဂ္ဂင်ရှစ်ပါး အကျင့်တရားကို ပွားစေအပ်ပြီဟု မဂ္ဂသစ္စာ၏ ဘာဝေတဗ္ဗ ကိစ္စကို ပြုအပ်ပြီ ပြီဟု သိတယ်။

ဤကဲ့သို့ မဂ္ဂသစ္စာ၌ ဉာဏ်သုံးပါးကို မှတ်သားရမယ်။

## ကြိုးစားပါ

ဤကဲ့သို့ သစ္စာဉာဏ်လေးပါး၊ ကိစ္စဉာဏ်လေးပါး၊ ကတဉာဏ်လေးပါး၊ ဤတဆယ့်နှစ်ပါးသော အခြင်းအရာအားဖြင့် သစ္စာလေးအင်ကို သိမြင်အောင် ကြိုးစားကြရာ သတည်း။

## တရားသိမ်း

ကဲ တရားသိမ်းကြစို့ရဲ့—

ဒေသိတံ လောကနာထေန၊
သုဏိတွာ ဒါန ဒေသနံ။
အဘိနန္ဒန စိတ္တေန၊
'သာဓု သာဓူ'တိ ဘာသထ။
(ပထျာဝတ္တ)

ဘောဒ္ဓေ၊ တရားတော်နာ ညီညာဖျဖျ လာရောက်ကြတဲ့ အို—ဒကာ ဒကာမတို့။ တုမှေ၊ ဓမ္မသဘင် တရားနာဝင်ကြသည့် သင်တို့သည်။ လောကနာထေန၊ သတ္တလောက၏ အားထားမှီတွယ် ကိုးကွယ်ရာအစစ် ဖြစ်ကြီးဖြစ်တော်မူသော ဘုရားရှင်သည်။ ဒေသိတံ၊ စည်းကမ်းကျနန နည်းလမ်းချ၍ ဟောပြတော်မူအပ်သော။ ဒါန ဒေသနံ၊ ကမ္မနိယာမ သဘာဝပြ ဒါနဒေသနာတော်ကို။ သုဏိတွာ၊ ယုံကြည်လေးစား မှတ်မိသွားအောင် နာကြားပြီး၍။ အဘိနန္ဒန စိတ္တေန၊ ရွှင်လန်းအားတက် အလွန်နှစ်သက်သော စိတ်ဖြင့်။ သာဓု သာဓူတိ၊ ကောင်းလေစွ ကောင်းလေစွဟူ၍။ ဘာသထ၊ သာယာချိုမြ နှုတ်မြွက်ဟ၍ ဆိုလိုက်ကြကုန်လော့။

(သာဓု သာဓု သာဓု)

ဆွမ်း, အဝတ်သင်္ကန်း, ယာဉ်, ဆီမီး, ကျောင်း

အန္နဓမာဒနာ တရားတော် ပြီး၏။

(သံယုတ္တနိကာယ သဂါထာဝဂ္ဂ ဒုတိယ၊ အဝုဿုကသုတ်)

# ဒါနတရားတော်

## စေတနာသုံးတန်

ပုဗ္ဗေဝ ဒါနာ သုမနော၊
ဒဒံ စိတ္တံ ပသာဒယေ။
ဒတွာ အတ္တမနော ဟောတိ၊
ဧသာ ယညဿ သမ္ပဒါ။
(ပထမ ဘာကာရဒီပုလာ)

ဒါနာ၊ ပေးလှူစွန့်ချ သန္နိဋ္ဌာပက မုဉ္စစေတနာ ဖြစ်ရာအခါမှ။ ပုဗ္ဗေဝ၊ ဒါနအဆောက်အဦကို ရှာဖွေဆည်းပူးရာ စေတနာပုဗ္ဗ ရှေးကာလ၌သာလျှင်။ သုမနော၊ ဘဝဘောဂ နိဗ္ဗာနကို မချွတ်ရကြောင်း ကုသိုလ်ကောင်းဟု အနုဂါမိက မြတ်ဒါနကို ပြုရတော့မည်ဟု စိတ်ကြည်ဝမ်းမြောက်သည်။ ဘဝေယျ၊ စင်စစ်မသွေ ဖြစ်လေရာ၏။

ဒဒံ ဒဒန္တော၊ လှူရန်တန်းရန် အတန်တန်ကို အလှူခံလက် သက်ရာကာလ သန္နိဋ္ဌာပက မုဉ္စစေတနာ အပြာပြာဟူ ဖြစ်စေသူသည်။ စိတ္တံ၊ ဒါနပြုရာ ဖြစ်ပေါ်လာသည့် ဖြူစွာရောင်ဖိတ် မိမိစိတ်ကို။ ပသာဒယေ၊ အသာရမှ အနှစ်ရအောင် ယူရပေ၏ဟု ပီတိပါမောက် ဝမ်းမြောက်ဝမ်းသာ ကြည်လင်စေရာ၏။

ဒတွာ၊ အပရစေတနာ အချိန်ခါတန် လှူရန်တန်းရန် အတန်တန်ကို အလှူခံလက် သက်လှူပြီး၍။ အတ္တ မနော၊ သူတော်သူမြတ် ပညာတတ်တို့ ပညတ်ဒါန ပြုခဲ့ရပြီ ဩော်—ကောင်းလေစွ၊ ကောင်းလေစွဟု ပြုခဲ့ပြီးမှန် ဒါနကံ၌ အဖန်ဖန်ဝမ်းမြောက်သည်။ ဟောတိ၊ စင်စစ်မသွေ ဖြစ်ပါပေ၏။

သော၊ ဤပုဗ္ဗ မုဥ္စ အပရစေတနာ သုံးဖြာသုံးဖြစ် ပြည့်စုံညီညွတ်ခြင်းသည်။ ယညဿ၊ ပေးလှူစွန့်ချ မြတ်ဒါန၏။ သမ္ပဒါ၊ နောင်ခါကာလ အကျိုးလှုဘို့ စေ့ငကိုလုံ ပြည့်စုံခြင်းသည်။ ဟောတိ၊ မချွတ်ပုံသေ ဖြစ်ရပေ၏။

မြတ်ဘုရားက ဒါနပြုတဲ့အခါမှာ စေတနာသုံးတန်လုံးပြည့်စုံအောင် ပြုနိုင်ပါမှ အကျိုးကြီးတယ်လို့ ဟောတော်မူခဲ့တယ်။

စေတနာသုံးတန်ကား—

၁။ ပုဗ္ဗ စေတနာ

၂။ မုဥ္စ စေတနာ

၃။ အပရ စေတနာ

မလှူမီ ရှေးအဘို့မှာ ဖြစ်ပေါ်သည့် စေတနာတွေကို "ပုဗ္ဗစေတနာ" လို့ ခေါ်တယ်။

လှူတန်းလှူဆဲ အခိုက်အတန့်မှာ ဖြစ်ပေါ်တဲ့ စေတနာတွေကို "မုဥ္စစေတနာ" လို့ ခေါ်တယ်။

ပေးလှူပြီး နောက်အခါမှာ ဖြစ်ပေါ်တဲ့ စေတနာတွေကို "အပရစေတနာ"လို့ ခေါ်တယ်။

## ပြည့်စုံအောင်ပြု

ဒီစေတနာသုံးတန် ပြည့်စုံအောင်—

မလှူမီ ရှေးအဘို့မှာလဲ "သြော်—ငါတော့ ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိ နိဗ္ဗာန သမ္ပတ္တိအားဖြင့် သုံးပါးသော သမ္ပတ္တိတို့ကို ရကြောင်းဖြစ်တဲ့ အရိပ်ပမာ အလှူ့ရှင်သွားရာ အစဉ်တစိုက် လိုက်တတ်တဲ့ အနုဂါမိက ဒါန ရွှေအိုးကြီးတော့ မြုပ်ရတော့မယ်"ဟု ဝမ်းမြောက်ရမယ်တဲ့။

လှူတန်းလှူဆဲ အခိုက်အတန့်မှာလဲ "သြော်-ငါတော့အနှစ်မရှိတဲ့ ပစ္စည်းဥစ္စာရတနာတွေမှ အနှစ်ရှိတဲ့ ကုသိုလ်ဒါနကို ရယူရပေ၏"ဟု ဝမ်းမြောက်ရမယ်တဲ့ ။

ပေးလှူပြီး နောက်အခါမှာလဲ "ဩဇာ-ငါတော့ ပညာရှိတွေ ပညတ်ထားတဲ့ ဒါနကို ပြုခဲ့ရပြီ၊ လွန်စွာ ကောင်းလေစွ"ဟု ဝမ်းမြောက်ရမယ်တဲ့။

ဒီ စေတနာသုံးတန်မှာ တတန်တန် ပျက်ကွက်ခဲ့လျှင် အကျိုးမကြီးဘူးတဲ့၊ မွန်မွန်မြတ်မြတ် ပစ္စည်းဥစ္စာတွေကိုလဲ သုံးဆောင်ခံစားလိုစိတ်မရှိဘူးတဲ့၊ ဒါကြောင့် ဒါနပြုတဲ့အခါမှာ စေတနာသုံးတန်လုံး ပြည့်စုံအောင် ပြုကြပါ။

## အာဂန္တုက သူဌေးကြီး ဝတ္ထု

**ပစ္စုပ္ပန်ဝတ္ထု**

ဒီ စေတနာသုံးတန်လုံး ပြည့်စုံအောင် မပြုနိုင်လို့ ရရှိပြီးတဲ့ ပစ္စည်းဥစ္စာ ရတနာတွေကို မွန်မွန်မြတ်မြတ် သုံးဆောင် ခံစားလိုစိတ်မရှိတဲ့ ဝတ္ထု သက်သေကို ထုတ်ပြဦးမယ်။

ဘုရားလက်ထက်တော် အခါက သာဝတ္ထိပြည်မှာ အာဂန္တုကသူဌေး ဆိုတာ ရှိသတဲ့၊ အဲဒီ အာဂန္တုက သူဌေးကြီးဟာ မွန်မွန်မြတ်မြတ် ပစ္စည်းဥစ္စာဆိုလို့ ဘာတခုမျှ မသုံးဆောင်ဘူးတဲ့၊ စားတဲ့ ထမင်းကလဲ ဆန်ကွဲထမင်းနှင့် ပုံးရည်ဟင်းချည်းသာတဲ့၊ ဝတ်တဲ့ အဝတ်ကလဲ ပိုက်ဆံလျှော် အဝတ်တဲ့၊ စီးတဲ့ ယာဉ်ကလဲ ရထားအို ရထားဆွေးတဲ့၊ ဆောင်းတဲ့ ထီးကလဲ သစ်ရွက်ထီးတဲ့၊ သဒ္ဓါတရားကလဲ မွဲလိုက်တာ ကောင်းမှုကုသိုလ် ဆိုလို့ ဘာတခုမျှ မပြုဘူးတဲ့၊ အမွေဆက်ခံဘို့ရာ သား-သမီးရတနာလဲ မထွန်းကားဘူးတဲ့၊ အာဂန္တုကသူဌေးကြီးလဲ လူ့ဘဝခန္ဓာတုံးပြီး သေဆုံးလျှင်ပင် မဟာရေစုဝရဲကြီးမှာ ဖြစ်ရသတဲ့။

ကောသလမင်းကြီးလဲ အမွေဆက် အမွေခံမရှိတဲ့ အာဂန္တုကသူဌေးကြီး၏ ပစ္စည်း ဥစ္စာ ရတနာတွေကို မင်းဘဏ္ဍာတော်အဖြစ် သိမ်းယူပြီး ဘုရားကျောင်းတော်သို့သွားကာ ဘုရားရှင်အား ရှိသေစွာ ရှိခိုးပြီး ထိုင်နေသတဲ့။

သုဓမ္မဝတီ (က) ၁၀၀–၆

ဘုရား “ဒကာတော် ရေမြေရှင် နေမွန်းတည့် အချိန်အခါမှာ ဘယ် အရပ်က လာခဲ့သလဲ”

ကောသလမင်း “မြတ်စွာဘုရား သာဝတ္ထိပြည်မှာ အာဂန္တုက သူဌေး ကြီး သေလွန်လို့ အမွေဆက် အမွေခံ မရှိတဲ့ပစ္စည်းဥစ္စာ ရတနာ တွေကို မင်းဘဏ္ဍာတော် အဖြစ် သိမ်းယူပြီး လာခဲ့ပါ၏ ဘုရား၊ ရွှေချည်းပင် သိန်းတရာ ရှိပါ၏ဘုရား၊ ငွေဆိုတာ ဆိုဘွယ်ရာ မရှိ အလွန်များပါ၏ ဘုရား။

“မြတ်စွာဘုရား အာဂန္တုက သူဌေးကြီးဟာ အလွန် များပြားတဲ့ ပစ္စည်းဥစ္စာများကို ရရှိထားပါသော်လဲ မွန်မွန် မြတ်မြတ် ပစ္စည်းဥစ္စာဆိုလို့ ဘာတခုမျှ မသုံးဆောင်ဘူး ဘုရား၊ ဆန်ကွဲထမင်းနှင့် ပုံးရည်ဟင်းကိုသာ စားတယ်၊ ပိုက်ဆံ လျှော် အဝတ်ကိုသာ ဝတ်တယ်၊ ရထားအို ရထားဆွေးကိုသာ စီးတယ်၊ သစ်ရွက်ထီးကိုသာ ဆောင်းတယ်၊ သဒ္ဓါတရား ကလဲ မွဲလိုက်တာ ဘယ်သူ့ကိုမျှလဲ မပေးကမ်း မလှူဒါန်းဘူး ဘုရား။

“ဒါလောက် နှစ်မြောစေးနဲ သဒ္ဓါမဲ့တဲ့ ပုဂ္ဂိုလ်တဦး ဖြစ်ပါ လျက် အဘယ်မည်သော ကောင်းမှုကံကြောင့် အလွန်များ ပြားတဲ့ ပစ္စည်းဥစ္စာ ရတနာများကို ရရှိထားပါသလဲ ဘုရား။

“အဘယ်မည်သော မကောင်းမှုကံကြောင့် ရရှိထားတဲ့ ပစ္စည်း ဥစ္စာ ရတနာတွေကို မွန်မွန်မြတ်မြတ် သုံးဆောင်ခံစား လိုစိတ် မရှိပါသလဲ ဘုရား။

“အဘယ်မည်သော မကောင်းမှုကံကြောင့် အမွေဆက် အမွေခံ သားသမီးရတနာများ မထွန်းကားပါသလဲ ဘုရား”

အတိတ်ဝတ္ထု

## တဂ္ဂရသိခိ ပစ္စေကဗုဒ္ဓါ ကြွလာခြင်း

ဘုရား "ဒကာတော် ရေမြေ့ရှင်–

အလွန်များပြားတဲ့ ပစ္စည်းဥစ္စာ ရတနာများကို ရရှိခြင်း၏ အကြောင်းကိုလဲ အာဂန္တုက သူဌေးကြီးဘဲ ပြုခဲ့တယ်၊

ရရှိထားတဲ့ ပစ္စည်းဥစ္စာ ရတနာတွေကို မွန်မွန်မြတ်မြတ် သုံးဆောင်ခံစားလိုစိတ် မရှိခြင်း၏ အကြောင်းကိုလဲ အာဂန္တုက သူဌေးကြီးဘဲ ပြုခဲ့တယ်၊

အမွေဆက် အမွေခံ သားသမီးရတနာများ မထွန်းကားခြင်း၏ အကြောင်းကိုလဲ အာဂန္တုကသူဌေးကြီးဘဲ ပြုခဲ့တယ်။

"ဒကာတော် ရေမြေ့ရှင် အာဂန္တုက သူဌေးကြီးဟာ လွန်လေပြီးသောအတိတ်က ဗာရာဏသီပြည်မှာ သူဌေးကြီး ဖြစ်ဘူးတယ်၊ တနေ့သောအခါမှာ ပဒုမဝတီ မိဖုယား၏ တတိယသားဖြစ်တဲ့ တဂ္ဂရသိခိ ပစ္စေကဗုဒ္ဓါ အရှင်မြတ်ဟာ ဂန္ဓမာဒနတောင်မှ ဈာန်ယာဉ်စီးကာ ကောင်းကင်ခရီးဖြင့် ကြွလာပြီး ဗာရာဏသီမြို့တံခါးမှာ ဆင်းသက်၍ သင်္ကန်းကို ရုံပြီးလျှင် သပိတ်ကိုပိုက်ကာ ဗာရာဏသီ မြို့သူမြို့သားတို့၏ အိမ်တံခါးမှာ အသပြာထောင်ထုပ်ကို ထားဘိသကဲ့သို့ အလွန် ကြည်ညိုဘွယ်ကောင်းတဲ့ ဣရိယာပုထ်များဖြင့် အိမ်စဉ်မပြတ် လှည့်လည်ပြီး ဆွမ်းရပ်လေရာ သူဌေးကြီး၏ အိမ်တံခါးသို့ ရောက်လာသတဲ့။

### - ဆွမ်း လှူခိုင်းခြင်း

"ထိုနေ့မှာတော့ သူဌေးကြီးလဲ စောစောစီးစီး မွန်မြတ်တဲ့ ဘောဇဉ်များကို သုံးဆောင်ပြီး အိမ်တံခါးမုခ်မှာ နေရာ ကလေးခင်းကာ သွားကြားများကို သုစ်သင်ရင်း ထိုင်နေ သတဲ့၊ သူဌေးကြီးလဲ ပစ္စေကဗုဒ္ဓါကိုမြင်လျှင် ပေးလှူချင်စိတ်

ဖြစ်ပေါ်လာပြီး မယားကိုခေါ်ကာ 'ရှင်မ ဤရဟန်းအား ဆွမ်းလှူလိုက်ပါ' ဟု ပြောကြားပြီး မင်းအား ခစားရန် ထွက်ခွာပြီး သွားသတဲ့။

## သူဌေးကတော် အကြံဖြစ်ပုံ

"သူဌေးကတော်ကြီးလဲ အကြံဖြစ်မိသတဲ့၊ 'အင်း—ငါဟာ ဒီသူဌေးကြီးနဲ့ အတူနေလာတာလဲ ကြာပြီ၊ လှူဒါန်းပါဆိုတဲ့ စကားမျိုးကို မကြားရဘူးဘူး၊ ဒီကနေ့ လှူဒါန်းပါဆိုတဲ့ စကားမျိုးကို ကြားရပေပြီ၊ လှူဒါန်း ခိုင်းပြန်ပါတော့လဲ အဖျင်းအညံ့စား အလှူခံများကို လှူဒါန်းခိုင်းတာ မဟုတ်ဘူး၊ ရာဂ,ဒေါသ,မောဟ ကင်းပြီးတဲ့ ချမ်းပြီးတဲ့ ခန္ဓာဝန်ရှိတဲ့ ပစ္စေကဗုဒ္ဓါကို လှူဒါန်းခိုင်းတယ်၊ ဒါကြောင့် အဖျင်းအညံ့စား ဆွမ်းများကိုမလှူဘဲ မွန်မြတ်တဲ့ဆွမ်းကို လှူဒါန်းရမှာဘဲ' လို့ အကြံများ ဖြစ်သတဲ့။"

## သလေး သားပြွမ်းဆွမ်း လှူဒါန်းခြင်း

"အဲဒါလို အကြံများ ဖြစ်ပေါ်ပြီး အိမ်မှ ထွက်ကာ ပစ္စေကဗုဒ္ဓါကို ထိခြင်းငါးဖြာဖြင့် ရိုသေစွာရှိခိုး၍ လက်တော်မှ သပိတ်ကို လှမ်းယူပြီးလျှင် 'အရှင်မြတ်ဘုရား ဤအိမ်အတွင်းမှာ သီတင်းသုံးတော်မူပါ'ဟု အိမ်အတွင်းခင်းထားတဲ့ နေရာမှာ သီတင်းသုံးနေစေပြီး အလွန်မွန်မြတ်တဲ့ သလေး သားပြွမ်းဆွမ်းတွေကို သပိတ်ပြည့် လောင်းထည့်၍ အပြင်ဘက်က နံ့သာများ သုတ်လိမ်းကာ ပစ္စေကဗုဒ္ဓါ၏လက်သို့ သပိတ်ကို ကပ်ပြီး ရိုသေစွာ ရှိခိုးလိုက်သတဲ့။"

## အပရ စေတနာ ပျက်ပုံ

"တဂ္ဂရသိခီ ပစ္စေကဗုဒ္ဓါ အရှင်မြတ်လဲ အခြားသော ပစ္စေကဗုဒ္ဓါများကိုလဲ ချီးမြှောက်လို၍ နေရာတွင် မဘုဉ်းပေးဘဲ အနုမောဒနာပြု၍ ပြန်ကြွတော်မူလျှင် သူဌေးကြီးလဲ မင်းနန်းတော်မှ တဖန် ပြန်အလာ ပစ္စေကဗုဒ္ဓါကို မြင်၍

'အရှင်ဘုရား တပည့်တော် အရှင်ဘုရားအား ဆွမ်းလှူဘို့ရန် မှာထားပြောကြားခဲ့ပါတယ်၊ ဆွမ်းများ ရခဲ့ပါပြီလားဘုရား' ဟု မေးမြန်းသတဲ့၊ ပစ္စေကဗုဒ္ဓါ အရှင်မြတ်က 'သူဌေးကြီး ရခဲ့ပါ၏'ဟု ဖြေကြားလျှင် သူဌေးကြီးလဲ 'အရှင်ဘုရား ဆွမ်းရခဲ့လျှင် ပြစမ်းပါ'ဟု သပိတ်ကို လှန်ကြည့်ပြီး စိတ်ကြည်လင် ဝမ်းမြောက်မှုကို မပြုနိုင်ဘဲ—

"ဝရမေတံ ပိဏ္ဍပါတံ ဒါသာ ဝါ
ကမ္မကရာ ဝါ ဘုဥ္ဇေယျုံ"

ဟု နှလုံးမသာယာမှုကို ဖြစ်သတဲ့။

ဧတံ ပိဏ္ဍပါတံ၊ သလေးသားပြွမ်း ဤမွန်မြတ်တဲ့ဆွမ်းကို။ ဒါ သာဝါ၊ ငါ့အစေအပါး ငါ့ကျေးကျွန် များတို့သည်ရင်း၊ ကမ္မကရာ ဝါ၊ ငါ့အကျိုးစီးပွား ရွက်ဆောင်ကြေးတဲ့ ငါ့အလုပ်သမားတို့သည်ရင်း။ ဘုဥ္ဇေယျုံ၊ ကျွေးမွေးလိုက်တုံ စားသောက်ရပါကုန်မူကား။ ဝရံ၊ ဆထက်တံပိုး ငါ့အကျိုးစီးပွား ငါ့ကိစ္စများကို ကြိုးစားရွက်ဆောင် အောင်မြင်ပြီးစီး၍ မြတ်လှသေး၏။

'ခြေဘ် အလွန်မွန်မြတ်တဲ့ ဒီသလေး သားပြွမ်း ဆွမ်းတွေကို ငါ့အကျိုးစီးပွားကို ရွက်ဆောင်တဲ့ ငါ့ကျွန် ငါ့အမှုလုပ်တွေကို ကျွေးမွေးလိုက်ရလျှင် ငါ့အကျိုးစီးပွားကို ဆထက်တံပိုး ပြီးစီးအောင် ရွက်ဆောင်နိုင်ကြမှာဘဲ၊ ဒါ့ကြောင့် ဒီပစ္စေကဗုဒ္ဓါကို လှူရတာထက် ငါ့ကျွန် ငါ့အမှုလုပ်တွေကို ကျွေးမွေးရတာက ပိုမိုပြီး ကောင်းမြတ်သေးတယ်'ဟု နှလုံးမသာမှု ဖြစ်ပွားပြီး 'အပရစေတနာ' ပျက်ပြားသွားသတဲ့။

### အကို၏သားကို သတ်ဘူးပုံ

"ဒကာတော် ရှေမြှရှင် အာဂန္တုက သူဌေးကြီးဟာ လွန်လေပြီးသော အတိတ်က ဗာရာဏသီပြည်ကြီးမှာ သူဌေး မျိုး၌ဖြစ်စဉ် အကို၏သားကို ပစ္စည်းဥစ္စာဟူသောအကြောင်းကြောင့် သတ်ခဲ့ဘူးတယ်။

### ဆွမ်းလှူကျိုး

"ဒကာတော် ရေမြွေရှင် အာဂန္တုက သူဌေးကြီးဟာ တဂ္ဂရသိခီ ပစ္စေကဗုဒ္ဓါ အရှင်မြတ်အား ဆွမ်းလှူရသော ကောင်းမှုကံကြောင့် ခုနစ်ကြိမ်တိုင်တိုင် နတ်ပြည်မှာဖြစ်ရပြီး နတ်စည်းစိမ်ကို ရတယ်၊ ခုနစ်ကြိမ်တိုင်တိုင် ဤသာဝတ္ထိပြည်မှာ သူဌေးမျိုး၌ ဖြစ်ရပြီး သူဌေးစည်းစိမ်ကို ရတယ်။

### အပရစေတနာ ပျက်ကွက်ကျိုး

"ဒကာတော် ရေမြွေရှင် အာဂန္တုက သူဌေးကြီးဟာ တဂ္ဂရသိခီ ပစ္စေကဗုဒ္ဓါ အရှင်မြတ်အား ဆွမ်းလှူပြီး နောက်အခါမှာ နှလုံးမသာယာမှု ဖြစ်ပွားပြီး အပရစေတနာ ပျက်ပြားခဲ့သော မကောင်းမှုကံကြောင့် မွန်မြတ်တဲ့ ထမင်းကိုလဲ စားလိုစိတ် မရှိဘူး၊ မွန်မြတ်တဲ့ အဝတ်ကိုလဲ ဝတ်လိုစိတ် မရှိဘူး၊ မွန်မြတ်တဲ့ ယာဉ်ကိုလဲ စီးလိုစိတ် မရှိဘူး၊ မွန်မြတ်တဲ့ ကာမဂုဏ်ငါးပါးကိုလဲ သုံးဆောင်လိုစိတ် မရှိဘူး။

### အကို၏သားကို သတ်ရကျိုး

"ဒကာတော် ရေမြွေရှင် အာဂန္တုက သူဌေးကြီးဟာ အကို၏သားကို ပစ္စည်း ဥစ္စာဟူသော အကြောင်းကြောင့် သတ်ခဲ့ဘူးတဲ့ မကောင်းမှုကံကြောင့် နှစ်ပေါင်းများစွာ ငရဲမှာကျက်ရပြီး ထိုကံ၏ အကျိုးကြွင်းဖြင့် အမွေဆက် အမွေခံသားသမီးရတနာ မထွန်းကားဘဲ ပစ္စည်းဥစ္စာ ရတနာများကို ခုနစ်ကြိမ်တိုင်တိုင် မင်းဘဏ္ဍာတော်အဖြစ် သိမ်းယူခံရတယ်။

### မဟာရောရုဝ ငရဲကျ

"ဒကာတော် ရေမြွေရှင် အာဂန္တုက သူဌေးကြီးဟာ တဂ္ဂရသိခီ ပစ္စေကဗုဒ္ဓါ အရှင်မြတ်အား ဆွမ်းလှူဘူးတဲ့ ကောင်းမှုကံလဲကုန်ပြီ၊ အသစ်ဖြစ်တဲ့ ကောင်းမှုကံကိုလဲမဆည်းပူးခြင်းကြောင့် မဟာရောရုဝငရဲမှာ ဖြစ်ရတယ်"ဟု မိန့်တော်မူပြီးလျှင် ဤဂါထာတို့ကို ဟောတော်မူသည်။

ဂါထာများ

၁။ ဓညံ့ ဓနံ ရဇတံ ဇာတရူပံ၊
ပရိဂ္ဂဟံ ဝါပိ ယဒတ္ထိ ကိဉ္စိ။
ဒါသာ ကမ္မကရာ ပေဿာ၊
ယေ စဿ အနုဇီဝိနော။

၂။ သဗ္ဗံ နာဒါယ ဂန္တဗ္ဗံ၊
သဗ္ဗံ နိက္ခိပ္ပ ဂါမိနံ။
ယဉ္စ ကရောတိ ကာယေန၊
ဝါစာယ ဥဒ စေတသာ။

၃။ တံ ဟိ တဿ သကံ ဟောတိ၊
တဉ္စ အာဒါယ ဂစ္ဆတိ။
တဉ္စဿ အနုဂံ ဟောတိ၊
ဆာယာဝ အနပါယိနီ။

၄။ တသ္မာ ကရေယျ ကလျာဏံ၊
နိစယံ သမ္ပရာယိကံ။
ပုညာနိ ပရလောကသ္မိံ၊
ပတိဋ္ဌာ ဟောန္တိ ပါဏိနံ။

၁။ ယံ ဓညံ၊ အကြင် အကောင်းအဆိုး အမျိုးမျိုး အစားစား ဆန်စပါးသည်၎င်း။ ယံ ဓနံ၊ အကြင် သက်မဲ့ သက်ရှိ ရှိသမျှ အဖြာဖြာ ဥစ္စာသည်၎င်း။ ယံ ရဇတံ၊ အကြင် ပိုက်ဆံဒင်္ဂါး စက္ကူများနှင့် ဘော်သား အထွေထွေ ငွေသည်၎င်း။ ယံ ဇာတရူပံ၊ အကြင် ဆင်းဝါပြိုးဖြိုး အမျိုးမျိုး အစားစား အယဉ်အရိုင်းဖြစ်သော ရွှေများသည်၎င်း။ ပရိဂ္ဂဟံ ဝါပိ၊ ရှာဖွေစုဆည်း မပျက်စီးအောင် သိမ်းဆည်း အပ်သည်လည်းဖြစ်သော။ ကိဉ္စိ၊ အမှတ်မပြု တစုံတခုသော။ ယံ၊ အကြင်ဝတ္ထုသည်။ အတ္ထိ၊ ဒါနကံအလျောက် လက်ရောက်မိမိ ရလျက်ရှိ၏။ အဿ၊ ဥစ္စာစီးပွား ချမ်းသာများတဲ့ ထိုသူ့အား။ အနုဇီဝိနော၊ ကပ်ရပ်ခိုလှုံ အသက်မွေးကုန်သော။ ယေ ဒါသာ စ၊ အကြင် အန္တောဇာတ စသည်အပြား ကျွန်ယောကျ်ားတို့သည်၎င်း။ ယေ ကမ္မကရာ စ၊ အကြင်အမှုလုပ်ငန်း ကြိုးပမ်း

အားသည်း အလုပ်သမားကြီးတို့သည်ဋင်း။ ယေ ပေဿာ စ၊ အကြင်အရှင့်
ထံပါး ခ,စားမြဲနေ အခိုင်းအစေတို့သည်ဋင်း။ အတ္ထိ၊ ရှေးခါဒါန ပုည
လျော်စွာ ရှိပါကုန်၏။

၂။ တေ သဗ္ဗေ၊ ဤခပ်သိမ်းကျုံးခြုံ အလုံးစုံကို။ အာဒါယ၊ ငါ့ဥစ္စာ
များ ငါစီးပွားကို မထားခဲ့နိုင် ကိုယ်တိုင်သွားရာ တမလွန် ရွာသို့
ပြောင်းကာရွှေ့ကာ ယူငင်ပါ၍။ န ဂန္တုံ၊ အများနှင့်ဆိုင် ကိုယ်မပိုင်
၍ မသွားနိုင်ခဲ့။ တေ သဗ္ဗေ၊ ဤခပ်သိမ်းကျုံးခြုံ အလုံးစုံကို။ နိက္ခိပ္ပ၊
မငြင်းဆန်သာ ဓမ္မတာမို့ စွန့်ခွါပြီး၍။ ဂါမိနံ- ဂမနိယံ၊ ကံအား
လျော်စွာ တမလွန်ရွာသို့ ပြောင်းကာရွှေ့လတ် သွားအပ်၏။ ကာယေန
စ၊ ကာယကံ၏ ဖြစ်ရာဌာန ကာယဒွါရဖြင့်ဋင်း။ ဝါစာယ စ၊ ဝစီကံ၏
ဖြစ်ရာဌာန ဝစီဒွါရဖြင့်ဋင်း။ ဥဒ၊ ထိုမှတပါး။ စေတသာ စ၊ မနော
ကံ၏ ဖြစ်ရာဌာန မနောဒွါရဖြင့်ဋင်း။ ယံ ကမ္မံ၊ အကြင် ကောင်းဆိုး
နှစ်တန် ကုသိုလ်ကံ, အကုသိုလ်ကံကို။ ကရောတိ၊ ကြိုးစားအားထုတ်
ပြုလုပ်၏။

၃။ တံ ဟိ-တံ ဝေ၊ ထို ကောင်းဆိုးနှစ်တန် ကုသိုလ်ကံ, အကုသိုလ်ကံ
သည်သာလျှင်။ တဿ၊ ထိုတဏှာမကင်း သုံးဘုံတွင်း၌ ဖြစ်ခြင်းရှိသူအား။
သကံ၊ အများမဆိုင် ကိုယ်ပိုင်ဥစ္စာသည်။ ဟောတိ၊ စင်စစ်မသွေ ဖြစ်ပါ
ပေ၏။ တဉ္စ- တံဝေ၊ ထိုအများမဆိုင် ကိုယ်ပိုင်ဥစ္စာ ကုသိုလ်ကံ အကုသိုလ်
ကံကို သာလျှင်။ အာဒါယ၊ သွားလေရာရာ တမလွန်ရွာသို့ ယူကာ·
ဆောင်ကြဉ်း၍။ ဂစ္ဆတိ၊ အများမဆိုင် ကိုယ်သာပိုင်၍ သွားနိုင်ပါ၏။
ဆာယာ၊ ကိုယ်မှထွက်သည့် ကိုယ်၏အရိပ်သည်။ ယာယန္တံ၊ မရပ်မနား
သွားသောသူသို့။ အနုပါယိနီ ဣဝ၊ အစဉ်တစိုက် လိုက်သကဲ့သို့။ တဉ္စ-
တံ ဝေ၊ ထိုအများမဆိုင် ကိုယ်ပိုင်ဥစ္စာ ကုသိုလ်ကံ အကုသိုလ်ကံသည်
သာလျှင်။ တဿ၊ ထို တဏှာမကင်း သုံးဘုံတွင်း၌ ဖြစ်ခြင်းရှိသူအား။
အနုဂံ၊ သွားလေရာပင် အစဉ်တစိုက် အမြဲလိုက်သည်။ ဟောတိ၊ စင်စစ်
မသွေဖြစ်ပါပေ၏။

၄။ တသ္မာ၊ ထိုသို့ ကိုယ်ပိုင်ဥစ္စာ ကုသိုလ်ကံ အကုသိုလ်ကံသည်သာ
လျှင် အရိပ်ပမာ အစဉ်ပါသောကြောင့်။ သမ္ပရာယိကံ၊ ရောက်ရာရောက်
ရာ တမလွန်ရွာ၌ ချမ်းသာများပြား အကျိုးစီးပွားကို။ နိစယံ-နိစယန္တော၊

ကြိုးစားအားထုတ် ပြုလုပ်ရယူ ဆည်းပူးသူသည်။ ကလျာဏ၊ ကုသိုလ် စုစု မြတ်ကောင်းမှုကို။ ကရေယျ၊ အခါမလင့် အခွင့်သာခိုက် အားသွန် စိုက်ပြီး များများကြီး ပြုရာ၏။ ပုညာနိ၊ အများမဆိုင် ကိုယ်ပိုင်ဥစ္စာ သွားရာပါကြွား ကုသိုလ်များတို့သည်။ ပရလောကသ္မိံ၊ ရောက်ရာရောက် ရာ တမလွန်ရွာ၌။ ပါဏိနံ၊ တဏှာမကင်း သုံးဘုံတွင်း၌ ဖြစ်ခြင်းရှိစွာ သတ္တဝါတို့အား။ ပတိဋ္ဌာ၊ ကျွန်းကြီးပမာ မှီခိုထောက်တည်ရာတို့သည်။ ဟောန္တိ၊ စင်စစ်မသွေ ဖြစ်ပေကုန်၏။

ဟောတော်မူလိုရင်း အကျဉ်းအဓိပ္ပါယ်ကား

"ဒကာတော် ရေမြွေရှင်- အိမ်မှာရှိတဲ့ သက်ရှိသက်မဲ့ ပစ္စည်းဥစ္စာ ရတနာတွေဟာ ကိုယ်ပိုင်ဥစ္စာတွေ မဟုတ်ဘူး၊ ကိုယ်သွားရာကို ယူဆောင် ပြီး မသွားနိုင်ဘူး၊ အားလုံးကိုပင် စွန့်ပစ်ပြီး သွားရတယ်၊ တမလွန်ရွာသို့ မပါလာဘူး။"

"ကိုယ်ပြုလုပ်ထားတဲ့ ကုသိုလ်ကံ အကုသိုလ်ကံ နှစ်ပါးသာလျှင် ကိုယ် ပိုင်ဥစ္စာဖြစ်တယ်၊ ကိုယ်သွားရာကို ယူဆောင်ပြီးသွားနိုင်တယ်၊ အရိပ်ပမာ တမလွန်ရွာသို့ ပါလာတယ်။"

"ဒါ့ကြောင့် တမလွန် ရွာမှာ ဖြစ်တဲ့ ချမ်းသာစီးပွားကို လိုလား တောင့်တ ဆည်းပူးရှာဖွေကြတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီး တို့ဟာ ဒါန, သီလ, ဘာဝနာ ဆိုတဲ့ ကောင်းမှုကုသိုလ်များကို များများ ကြီး ပြုထားရမည်၊ ဒါန, သီလ, ဘာဝနာဆိုတဲ့ ကောင်းမှုကုသိုလ်များဟာ ရောက်ရာရောက်ရာ တမလွန်ရွာမှာ ကျွန်းကြီးပမာ သတ္တဝါတို့၏ မှီခိုအား ထားရာပင် ဖြစ်တယ်"ဟု ဟောတော်မူတယ်။

ဒီဒေသနာတော်ထဲမှာ ကြည့်လျှင်–

အာဂန္တုက သူဌေးကြီး၏ ပစ္စည်းဥစ္စာတွေ ကြွယ်ဝချမ်းသာတာကို မြင်ပါလိမ့်မည်။

တဖန် အကြောင်းကံကို ကြည့်ပြန်လျှင် တဂ္ဂရသိခီ ပစ္စေကဗုဒ္ဓါ အရှင် မြတ်အား သလေးသားပြွမ်းဆွမ်းသပိတ် လှူဒါန်းခဲ့ဘူးတာကို တွေ့မြင်ပါ လိမ့်မည်။

အာဂန္တုက သူဌေးကြီး၏ မွန်မွန်မြတ်မြတ် ပစ္စည်း ဥစ္စာတွေကို မသုံး ဆောင် မခံစားတာကိုလဲ မြင်ပါလိမ့်မည်။

တဖန် အကြောင်းကံကို ကြည့်ပြန်လျှင် တဂ္ဂရသိခီ ပစ္စေကဗုဒ္ဓါ အရှင်မြတ်အား ဆွမ်းလှူပြီး နောက်အခါမှာ နှလုံးမသာယာမှု ဖြစ်ပွားပြီး အပရာစေတနာ ပျက်ပြားခဲ့ဘူးတာကို မြင်ပါလိမ့်မည်။

ဒါ့ကြောင့် ဖြစ်တိုင်းဖြစ်တိုင်းသော ဘဝမှာ အောက်ကျ နောက်ကျ ဆင်းရဲ့တေတဲ့ ဘဝမျိုးနှင့် မကြုံရဘဲ ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာလိုလျှင် ဒါနကို များများကြီး ပြုကြပါ၊ ကာမဂုဏ်ငါးပါးကို မွန်မွန်မြတ်မြတ် သုံးဆောင်ခံစားလိုလျှင် ဒါနပြုတဲ့ အခါမှာ စေတနာသုံးတန်လုံး ပြည့်စုံအောင် ပြုကြပါ၊ ပါရမီဒါန ဖြစ်အောင် ပြုနိုင်ကြပါလျှင် နိဗ္ဗာန် ချမ်းသာကြီးကိုလဲ ရကြပါလိမ့်မည်။

## သစ္စာလေးပါး

ဒုက္ခသစ္စာ, သမုဒယသစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာလို့ သစ္စာလေး ပါး ရှိတယ်။

ဟောခဲ့ပြီးတဲ့ ဝတ္ထုတဲမှာ အာဂန္တုက သူဌေးကြီးဟာ မဟာရောရုဝ ငရဲမှာ ဖြစ်ရခြင်းဆိုတဲ့ "ဇာတိဒုက္ခသစ္စာ" ဖြစ်တယ်။

ဒီဇာတိဒုက္ခသစ္စာဟာ ဘာကြောင့် ဖြစ်ရတာလဲလို့ မကင်းနိုင်တဲ့ အကြောင်းတရားကို စိစစ်ရှာဖွေကြည့်လျှင်—

"ဘဝ သမုဒယာ ဇာတိ သမုဒယော"

ဟု ဟောတော်မူသောကြောင့် အတိတ်ဘဝက အကိုဖြစ်သူ၏ သားကို ပစ္စည်း ဥစ္စာ ဟူသော အကြောင်းကြောင့် သတ်ခဲ့ဘူးတဲ့ ပါဏာတိပါတ အကုသိုလ်ကံဟူသော ဘဝ၏ ဖြစ်ခြင်းကို မြင်ပါလိမ့်မည်၊ အဲဒီ ပါဏာတိ ပါတ ကမ္မဘဝ သမုဒယသစ္စာကြောင့် မဟာရောရုဝငရဲမှာ ဇာတိ ဒုက္ခသစ္စာဖြစ်ရတယ်လို့ မှတ်ရမည်။

"ဘဝ နိရောဓာ ဇာတိ နိရောဓော"

ဟု ဟောတော်မူသောကြောင့် ကုသိုလ်ကံ အကုသိုလ်ကံဆိုတဲ့ ကမ္မ ဘဝ သမုဒယသစ္စာ ချုပ်လျှင် သုံးဆယ့်တဘုံ၌ ရုပ်နာမ်ခန္ဓာ ဖြစ်ခြင်း ဇာတိဒုက္ခသစ္စာလဲ ချုပ်ရတယ်၊ ဒီ ဇာတိ ဒုက္ခသစ္စာချုပ်ခြင်း နိဗ္ဗာန်ကိုပင် နိရောဓသစ္စာလို့ ဆိုတယ်။

"အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ ဇာတိ နိရောဓ ဂါမိနီ ပဋိပဒါ၊ သေယျထိဒံ၊ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ သမ္မာ ဝါစာ သမ္မာကမ္မန္တော သမ္မာအာဇီဝေါ သမ္မာဝါယာမော သမ္မာသတိ သမ္မာသမာဓိ"

ဟု ဟောတော်မူသောကြောင့်—

၁။ မှန်စွာ သိခြင်း
၂။ မှန်စွာ ကြံခြင်း
၃။ မှန်စွာ ဆိုခြင်း
၄။ မှန်စွာ ပြုခြင်း
၅။ မှန်စွာ အသက်မွေးခြင်း
၆။ မှန်စွာ အားထုတ်ခြင်း
၇။ မှန်စွာ အောက်မေ့ခြင်း
၈။ မှန်စွာ တည်ကြည်ခြင်း

ဒီပြုစင်မြင့်မြတ် အညစ်အကြေး မကပ်တဲ့ မဂ္ဂင်ရှစ်ပါး အကျင့်တရားဟာ ဇာတိဒုက္ခသစ္စာချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ဖြစ်တယ်၊ မဂ္ဂသစ္စာလို့ မှတ်ရမည်။

ဤကဲ့သို့ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားမှတ်သားပြီး အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည် ဇာတိ ဒုက္ခသစ္စာမှ လွတ်မြောက်ပြီး နိရောဓသစ္စာကို မျက်မှောက်ပြုနိုင်အောင် မဂ္ဂင်ရှစ်ပါး အကျင့်တရားကို ကြိုးစားကြကုန်ရာသတည်း။

## တရားသိမ်း

ကဲ-တရားသိမ်းကြစို့ရဲ—

ဒက္ခိဏာ ဓမ္မ သညုတ္တာ၊
သုတ္တန္တံ ဗုဒ္ဓ ဘာသိတံ။
သက္ကစ္စံ ယောဝ သုတွာန၊
'သာဓု သာဓု'တိ ဘာသထ။

(ပထျာဝတ္တ)

သုဓမ္မဝတီ (က) ၁၀၀–၇

ဘောဇ္ဈေ၊ တရားနာလာကြတဲ့ အိုဒကာ ဒကာမတို့။ တုမေ၊ မမ္ဗ သဘင် တရားနာဝင်ကြသည့် သင်တို့သည်။ ဗုဒ္ဓဘာသိတံ၊ ဘုရားမြွတ်စွာ မိန့်မှာဆုံးမ နည်းလမ်းကျအောင် ဟောပြတော် မူအပ်သော။ ဒက္ခိဏာ မမ္ဗ သညုတ္တံ၊ ပေးလှူစွန့်ချ မြွတ်ပုညဟု ဒါနအကျင့်နှင့် စပ်ယှဉ်သော။ သုတ္တန္တံ၊ ဒုတိယ အပုတ္တကသုတ် ဒေသနာတော်ကို။ သက္ကစ္စံယေဝ၊ ဝင်္ဂလွတ် ဘိုရာ ဒေသနာဟု သဒ္ဒါစိတ်ထား လေးစားရိုသေစွာသာလျှင်။ သုတွာန၊ အားရပါးရ နာကြားကြပြီး၍။ သာဓု သာဓုတိ၊ နိဗ္ဗာန်မဂ်ဖိုလ် ရပါလိုဟု ပတ္ထနာပြု၊ သာဓု၊ သာဓု၊ သာဓု ဟူ၍။ ဘာသထ၊ သုံးကြိမ်သုံးဝ နှုတ်မြွက် ဟ၍ ဆိုလိုက်ကြကုန်လော့။

(သာဓု သာဓု သာဓု)

**မှတ်ချက်။** ။ဘာတု ပနာယံ ဇကံ ပုတ္တကံ သာပတေယျ ကာရဏာ ဇီဝိတာ ဝေါရောပေယျ၊ တေန မဟာရောရုဝံ ဥပ ပဇ္ဇေ။ (ဋီကာ)

ဒုတိယ အပုတ္တကသုတ် ဒါနတရားတော် ပြီး၏။

( သံယုတ္တနိကာယ သဂါထာဝဂ္ဂ ဒေဝတာသံယုတ် )

# မရဏဿတိကထာ

## ပဋိသန္ဓေမှ အစပြု သေမင်းသို့ ရှေးရှု

သဗ္ဗေ သတ္တာ မဟာရာဇ မရဏခမ္မာ၊
မရဏ ပရိယောသာနာ၊
မရဏံ အနတီတာ။

မဟာရာဇ၊ ဒကာတော်မင်းမြတ်။ သဗ္ဗေ၊ ခပ်သိမ်းကုန်းကုန် အလုံးစုံ ကုန်သော။ သတ္တာ၊ အနန္တ စကြာဝဠာ တည်ရာဌာန ဖြစ်ဖြစ်သမျှ သတ္တဝါ အနန္တတို့သည်။ မရဏခမ္မာ၊ သက်မြတ်ပျက်ကြွေ သေရခြင်းလျှင် သဘောရှိကုန်၏။ မရဏ ပရိယောသာနာ၊ သက်မြတ်ပျက်ကြွေ သေရခြင်း လျှင် အဆုံးရှိကုန်၏။ မရဏံ၊ သက်မြတ်ပျက်ကြွေ သေရခြင်း သဘောကို။ အနတီတာ၊ တော်လှန်ကာပြန်ပြီး မလွန်ဆန်နိုင် ကုန်။

ဒီ ဒေသနာတော်ကလေးကတော့ ကောသလသံယုတ်မှာ ကောသလ မင်းမြတ်အား သေခြင်းတရားနှင့်စပ်ပြီး ဟောကြားခဲ့တဲ့ ဒေသနာကလေး တဲ့။

"ကေသို့ ဘဝေ ကော မရဏံ ဟောတိ"

ဟု လာရှိတဲ့အတိုင်း တဘဝမှာ တခါသေမြဲ သတ္တဝါတိုင်း၏ ထုံးစံဘဲ ဖြစ်တယ်၊ ပဋိသန္ဓေနေတဲ့ သတ္တဝါမှန်သမျှ မသေရတယ်လို့ မရှိဘူး၊ သေခြင်းသဘောကို မလွန်ဆန်နိုင်ဘူး၊ အမှန်ပင် သေရတယ်၊ သတ္တဝါ တိုင်းပင် ပဋိသန္ဓေခဏမှစပြီး သေမင်းကို ခေါင်းနှင့်ရှက်ပြီး လာခဲ့တယ်၊ ပဋိသန္ဓေနေတဲ့ သတ္တဝါတိုင်းပင် ပဋိသန္ဓေခဏမှစပြီး လေရိုက်တဲ့တိမ်ဘိုက် ကဲ့သို့ နောက်သို့တဖန် မဆုတ်ပြန်ဘဲ လွင့်ကာ တက်ကာ အချိန်မလပ် အမြဲမပြတ်ပင် သေမင်းသို့ ချဉ်းကပ်ကြရတယ်။

ယမေက ရတ္တိံ ပဌမံ၊
ဂစ္ဆေ ၀သတိ မာဏဝေါ။
အဗ္ဘုဋ္ဌိတောဝ သော ယာတိ၊
သဂစ္ဆံ န နိဝတ္တတိ။

မာဏဝေါ၊ တဏှာမကင်း သုံးဘုံတွင်း၌ ဖြစ်ခြင်းရှိလာ သတ္တဝါသည်။ ယမေကရတ္တိံ - ယံ ဧကရတ္တိံ၊ အကြင် အမှတ်မပြု တခုသောညဉ့်၌။ ပဌမံ၊ ရှေးဦးစွာ။ ဂစ္ဆေ၊ အကြောင်းတိုက်ဆိုက် အမိဝမ်းတိုက်၌။ ၀သတိ၊ ပဋိသန္ဓေ ယူနေကိန်းအောင်း၏။ တတော၊ ထိုပဋိသန္ဓေ ယူနေရာကျ ညဉ့်ခဏမှ။ပဌာယ၊ စ၍။ သော မာဏဝေါ၊ ထိုတဏှာမကင်း သုံးဘုံတွင်း၌ ဖြစ်ခြင်းရှိလာ သတ္တဝါသည်။ အဗ္ဘုဋ္ဌိတောဝ၊ လေဖြင့်ပင့်ရိုက် တက်သော တိမ်တိုက်ကဲ့သို့။ ယာတိ၊ သေမင်းထံပါး ရှေးရှုသွား၏။ ဂစ္ဆံ - ဂစ္ဆန္တော၊ သေမင်းထံပါး ရှေးရှုသွားသော။ သ- သော မာဏဝေါ၊ ထိုတဏှာမကင်း သုံးဘုံတွင်း၌ ဖြစ်ခြင်းရှိသာ သတ္တဝါသည်။ န နိဝတ္တတိ၊ နောက်သို့ တဖန် တုံ့ပြန်ခေါက်ရစ် မဆုတ်နစ်ခဲ့။

## သေခြင်းသဘောကို ဆင်ခြင်ပါ

မျက်မြင်အားဖြင့်လဲ အချိန်မလပ် နာရီမလပ် အမြဲမပြတ် သေနေကြတဲ့ လူတွေ့ ခွေးတွေ့ နွားတွေ့ ကြက်တွေ့ ဝက်တွေ တိရစ္ဆာန်တွေဟာ မြင်မဆုံးအောင်ပင် ရှိတယ်၊ ဒီလို သေနေကြတဲ့ သတ္တဝါတွေကိုကြည့်ပြီး သေခြင်းသဘောကို သိရှိနိုင်တယ်၊ ငါတို့လဲ သူတို့လို သေခြင်းမကင်းသေးတဲ့ သတ္တဝါတွေဘဲ၊ သူတို့လိုဘဲ သေရလိမ့်ဦးမည်၊ သတ္တဝါတိုင်းပင် သေရပါကလား၊ သတ္တဝါအားလုံးပင် သေခြင်းလျှင် အဆုံးရှိတယ်၊ ဘယ်သတ္တဝါမျှ သေခြင်းသဘောကို မလွန်ဆန်နိုင်ဘူးလို့ သေခြင်းသဘောကို မျှားမျှားကြီး အောက်မေ့ဆင်ခြင်ရမည်။

## သေခြင်းသဘောမေ့ ကာမဂုဏ်မွေ့

ဒါလဲ သတိသမ္ပဇဉ်နှင့် ပြည့်စုံတဲ့ ပုဂ္ဂိုလ်တွေသာ သေခြင်းသဘောကို ရိပ်စားမိနိုင်တယ်၊ သတိသမ္ပဇဉ်မရှိတဲ့ ပုဂ္ဂိုလ်တွေကတော့ သူများတွေသာ သေတယ်၊ ကိုယ်မသေရတော့ဘူးလိုလို ထင်မှတ်ပြီး သေခြင်းသဘောကို မရိပ်စားမိကြဘူး၊ ဒါ့ကြောင့်လဲ ဒါန, သီလ, ဘာဝနာဆိုတဲ့

ကုသိုလ် တရားတွေကို မေ့ပြီး အာရုံငါးပါး ကာမဂုဏ်တရားတွေနှင့် ပျော်မွေ့နေကြတယ်။

## သေမည့်နေ့ မသိ-ယနေ့ ကုသိုလ်ပြု

ဒီကနေ့ကစပြီး သေခြင်းသဘောကို မျှားမျှားကြီး သတိတရားရှိပြီး ဒါန, သီလ, ဘာဝနာဆိုတဲ့ ကုသိုလ်များကို မျှားမျှားကြီး ပြုစုထားရမည်။

လက်နက် ဒုတ်မား ရောဂါများနှင့် သေမင်း၏ စစ်သားများကား အလွန်ပင် များပြားလှတယ်၊ သေဘုရားအကြောင်း စစ်သည်ပေါင်း မြောက်မြားစွာရှိတဲ့ သေမင်းကြီးနှင့် နှစ်ရက် သုံးရက် လဝက်မျှလည်း ဆိုင်းငံ့ပါဦး၊ အလှူပေးပါဦးမည်၊ သီလ ဆောက်တည်ပါဦးမည်၊ ဘာဝနာ အလုပ်ကို အားထုတ်ပါဦးမည်ဟု မိတ်ဆွေဖွဲ့လျက် အချိန်းအချက်လည်း မရှိ။

ငွေကာရာ ယူပါ၊ ငွေတထောင် ယူပါ၊ နှစ်ရက် သုံးရက် လဝက်မျှလည်း ဆိုင်းငံ့ပါဦးဟု လက်ဆောင်တံစိုး ပေးထိုးလို့လည်း မရ။

လက်နက်ဗိုလ်ပါ အလုံးအရင်းများစွာဖြင့် သေမင်းကို ဘက်ပြိုင်စစ်ထိုး လို့လည်း မနိုင်နိုင်သောကြောင့်—

မနက်ဖြန်မှ ဒါနပြုမည်၊
သဘက်ခါမှ ဒါနပြုမည်၊
နောက်လထဲကျမှ ဒါနပြုမည်၊
နောက်နှစ်ခါကျမှ ဒါနပြုမည်၊ သီလဆောက်တည်မည်၊
ဘာဝနာအလုပ်ကို အားထုတ်မည်-

ဟု ဒီလို ရက်တွေ လတွေ နှစ်တွေကို အချိန်ဆွဲပြီး မထားသင့်ဘူးတဲ့၊ ဒီကနေ့မှာပင် ဒါနမှု, သီလမှု, ဘာဝနာမှုတွေကို ပြုရမည်တဲ့။

ဒါ့ကြောင့်—

ဥပရိပဏ္ဏာသ ပါဠိတော် ဘဒ္ဒေကရတ္တသုတ်မှာ ဤဒေသနာကို ဟောတော်မူခဲ့တယ်....

အဇ္ဈေဝ ကိစ္စံ အာတပ္ပံ၊
ကောဇညာ မရဏံ သုဝေ။
နဟိ နော သင်္ဂရံ တေန၊
မဟာသေနေန မစ္စုနာ။

အဇ္ဇေဝ၊ နက်ဖြန်သဘက် ပြုရက်မရွေ့ ယနေ့ပင်လျှင်။ အာတပ္ပံ၊ ဒါန, သီလ, ဘာဝနာဟု သုံးဖြာအလုပ် တကယ်တမ်း အားထုတ်ခြင်းကို။ ကိစ္စံ- ကာတဗ္ဗံ၊ ဆောလျင်မသေ့ ပြုသင့်ပေ၏။ သုဝေ၊ ယနေ့လွန်မြောက် တမိုးသောက်ရာ နက်ဖြန်ကာဝ္ဌ။ ဇီဝိတံ ဝါ၊ သက်မြတ်မစင် ရှင်ရမည်ကို ၄င်း။ မရဏံ ဝါ၊ သက်မြတ်ပျက်ကြွေ သေရမည်ကို၄င်း။ ကော၊ ဘယ်လူ ဘယ်ဇာတ် ဘယ်နတ် ဗြဟ္မာ ဘယ်သတ္တဝါသည်။ ဇညာ၊ ဟုတ်တိုင်းမှန်စွာ သိနိုင်ပါအံ့နည်း။ နော၊ ငါတို့အား။ မဟာသေနေန၊ လက်နက် ဒုတ် ဓား ရောဂါအားဖြင့် များသော စစ်သည်ရှိသော။ တေန မစ္စုနာ၊ ထိုသုံးဘုံ ပိုင်နင်း အားကောင်းသည့် သေမင်းကြီးနှင့်။ သင်္ဂရံ၊ မိတ်ဆွေ ဖွဲ့လျက် လက်ဆောင်ဆက်၍ စစ်ဘက်ယှဉ်ပြိုင် အောင်နိုင်ရန်တွက် အချိန်း အချက် သည်။ နဟိ အတ္ထိ၊ အမှန်ပင်တည့် မရှိသည်သာတည်း။

## သေမင်းကို လက်ဆောင်တံစိုး ပေးထိုးမရ

သေမင်းကို ရွှေငွေ ရတနာ ပစ္စည်းဥစ္စာတွေနဲ့ လက်ဆောင်တံစိုး ပေးထိုးပြီး တောင်းပန်လို့ မရနိုင်ပုံကို ကောသလသံယုတ်မှာ ကောသလ မင်းကြီးအား ဟောကြားတော်မူခဲ့တယ်။

ဘုရားလက်ထက်တော် အခါက ရာဇဂြိုဟ် သာဝတ္ထိပြည်ကြီးမှာ အရှယ် အားဖြင့် ပစ္ဆိမအရွယ်, အသက်အားဖြင့် တရာ့နှစ်ဆယ်မျှရှိတဲ့ ကောသလ ဘုရင်မင်းမြတ်၏ အဖွားကြီး ပျက်စီးကွယ်လွန်သတဲ့၊ ကောသလမင်းလဲ မိမိငယ်စဉ်ကပင် မွေးမိခင် ကွယ်လွန်သွားလို့ အဖွားကြီး လက်ပေါ်မှာ ကြီးပြင်းလာခဲ့တယ်တဲ့၊ ဒါကြောင့် အဖွားကြီးကို အလွန်ပင် ချစ်မြတ် နိုးသတဲ့။

ဒီလို ချစ်မြတ်နိုးခြင်းကြောင့်ပင် ကောသလမင်းတြားက ဘုရားရှင် အား ဤကဲ့သို့ လျှောက်ထားသတဲ့။

"မြတ်စွာဘုရား တပည့်တော်၏ အဖွားကြီး ပျက်စီးကွယ်လွန်သွားပါ တယ်ဘုရား၊ အရွယ်အားဖြင့် ပဌမအရွယ်, အသက်အားဖြင့် တရာ့နှစ်ဆယ် ရှိပါ၏ဘုရား၊ တပည့်တော် အဖွားကြီးကို အလွန်ချစ်မြတ်နိုးပါ၏ဘုရား၊ အဖွားကြီးမသေစေရန် ဆင်ရတနာကို ပေးလိုရလျှင် ဆင်ရတနာကိုလဲ ပေးပါ၏ဘုရား၊ မြင်းရတနာကို ပေးလိုရလျှင် မြင်းရတနာကိုလဲ ပေးပါ၏ဘုရား၊ ရွာမြော်ကို ပေးလိုရလျှင် ရွာမြော်ကိုလဲ ပေးပါ၏ဘုရား၊ ဇနပုဒ်နယ်ပယ်ကို ပေးလိုရလျှင် ဇနပုဒ်နယ်ပယ်ကိုလဲ ပေးပါ၏ဘုရား"ဟု လျှောက်ထားသတဲ့။

## အိုးခွက်ပမာ သေကြရာ

ရှင်တော်ဘုရားက ကောသလမင်းကြီးအား သခြင်းတရားကို ဟောကြားတော်မူလိုက်တယ်။

ယေယျထာပိ မဟာရာဇ ယာနိ ကာနိစိ ကုမ္ဘကာရ ဘာဇနာနိ အာမကာနိ စေဝ ပက္ကာနိ စ၊ သဗ္ဗာနိ တာနိ ဘေဒနဓမ္မာနိ ဘေဒနပရိယောသာနာနိ ဘေဒနံ အနတီတာနိ၊

ဧဝ မေဝ ခေါ မဟာရာဇ သဗ္ဗေ သတ္တာ မရဏဓမ္မာ မရဏပရိယောသာနာ မရဏံ အနတီတာ။

မဟာရာဇ၊ ဒကာတော်မင် မြတ်။ အာမကာနိ စေဝ၊ မပုတ်မကျက် အစိမ်းသက်သက်လည် ဖြစ်ကုန်သော။ ပက္ကာနိ စ၊ ဖုတ်ကင်၍ပြီး အကျက်လည်း ဖြစ်ကုန်သော။ ယာနိ ကာနိစိ၊ အကြင်အမှတ်မပြု တခုခုကုန်သော၊ ကုမ္ဘကာရ ဘာဇနာနိ၊ အိုးထိန်းသည်တို့၏ လက်ရာလက်ချက် အိုးခွက်တို့သည်။ သန္တိ၊ မျက်မြင်အားဖြင့် ထင်ရှားရှိကုန်၏။ သဗ္ဗာနိ၊ ခပ်သိမ်းကျုံးခြုံ အလုံးစုံကုန်သော။ တာနိ၊ ထိုအစိမ်းအကျက် အိုးခွက်တို့သည်။ ဘေဒန ဓမ္မာနိ သေယျထာပိ၊ ပွဲဆဲ, ပွဲပြီး, မြေကြီးမှာတည်, ထို့နောက်ရည်၍ လေးလီလေးချက် ခဏထက်၌ ကွဲပျက်ခြင်း သဘောရှိကုန်၏သို့။ ဘေဒန ပရိယောသာနာနိ သေယျထာပိ၊ ပွဲဆဲ, ပွဲပြီး, မြေကြီးမှာတည်, ထို့နောက်ရည်၍ လေးလီလေးချက် ခဏထက်၌ ကွဲပျက်ခြင်းသဘောလျှင် အဆုံးရှိကုန်၏သို့။ ဘေဒနံ၊ လေးလီလေးချက် ခဏထက်၌ ကွဲပျက်ခြင်းကို။ အနတီတာနိ သေယျထာပိ၊ မပိုမချွန် မကျော်လွန်နိုင်ကုန်၏ သို့။

ဝေမမဝ၊ လောကပုံယူ ဤ၍အတူသာလျှင်။ မဟာရဇ၊ ဒကာတော် မင်းမြတ်။ သဗ္ဗေ၊ ခပ်သိမ်းကျုံ ခြုံ အလုံးစုံကုန်သော။ သတ္တာ၊ အနန္တ စကြာဝဠာ တည်ရာဌာန ဖြစ်ဖြစ်သမျှ သတ္တဝါအနန္တတို့သည်။ မရဏ ဓမ္မာ၊ သက်မြတ်ပျက်ကြွေ သေရခြင်းသဘောရှိကုန်၏။ မရဏ ပရိယော သာနာ၊ သက်မြတ်ပျက်ကြွေ သေရခြင်းလျှင် အဆုံးရှိကုန်၏။ မရဏံ၊ သက်မြတ်ပျက်ကြွေ သေရခြင်းသဘောကို။ အနတီတာ၊ တော်လှန်ကာ ပြန်ပြီး မလွန်ဆန်နိုင်ကုန်။

"ဒကာတော်မင်းမြတ် လောက မျက်မြင် ပုံတူရှု ပြီး ပြုရပါလျှင် အိုး ထိန်းစက်ဖြင့် အိုးတွေခွက်တွေ ပြုလုပ်နေတာ မြင်ဘူးပါလိမ့်မည်။

အချို့အိုးခွက်တွေဟာ ပြုလုပ်နေဆဲခဏမှာပင် ကွဲကြပျက်ကြတယ်။

အချို့အိုးခွက်တွေဟာ ပြုလုပ်ပြီးစီး၍ အိုးထိန်းစက်မှ မဖယ်ရှားမီပင် ကွဲကြပျက်ကြတယ်။

အချို့ အိုးခွက်တွေဟာ အိုးထိန်းစက်မှဖယ်ရှားပြီး မြေမှာထားသော ခဏမှာ ကွဲကြပျက်ကြကယ်။

အချို့ အိုးခွက်တွေဟာ ထိုမှ နောက်အခါမှာ ကွဲကြပျက်ကြတယ်။

"ဒကာတော်မင်းမြတ် ဒီအိုးတွေ ခွက်တွေ ကွဲကြတာလို—

အချို့သော သတ္တဝါတွေဟာ ပဋိသန္ဓေယူပြီးသော ခဏမှာပင် သေ ကြေ ပျက်စီးကြတယ်။

အချို့သော သတ္တဝါတွေဟာ ပဋိသန္ဓေယူပြီး အမိဝမ်းမှ မဖွားမီပင် သေကြေပျက်စီးကြတယ်။

အချို့သော သတ္တဝါတွေဟာ အမိဝမ်းမှ ဖွားမြင်စ ခဏမှာပင် သေကြေ ပျက်စီးကြတယ်။

အချို့သော သတ္တဝါတွေဟာ ထိုမှနောက်အခါမှာ သေကြေပျက်စီး ကြတယ်။

အိုးတွေ ခွက်တွေ ကွဲကြတာလို သတ္တဝါတွေလဲ သေကြတယ်။

အိုးခွက်အားလုံး ကွဲခြင်းလျှင် အဆုံးရှိတာလို သတ္တဝါအားလုံး သေခြင်းလျှင် အဆုံးရှိတယ်။

အိုးခွက်တွေ ကွဲခြင်းသဘောကို မလွန်ဆန်နိုင်တာလို သတ္တဝါတွေလဲ သေခြင်းသဘောကို မလွန်ဆန်နိုင်ကြဘူး" ဟု ဟောတော်မူတယ်။

ထိုမှတပါး ဂါထာအားဖြင့်လည်း ဟောကြားတော်မူတယ်။

၁။ သဗ္ဗေ သတ္တာ မရိဿန္တိ၊
မရဏန္တံ ဟိ ဇီဝိတံ။
ယထာကမ္မံ ဂမိဿန္တိ၊
ပုည ပါပ ဖလူပဂါ။
နိရယံ ပါပ ကမ္မန္တာ၊
ပုညကမ္မာ စ သုဂ္ဂတိံ။

၂။ တသ္မာ ကရေယျ ကလျာဏံ၊
နိစယံ သမ္ပရာယိကံ။
ပုညာနိ ပလောကသ္မိံ၊
ပတိဋ္ဌာ ဟောန္တိ ပါဏိနံ။
(ပသု၂၁၀ဗ္ဗ)

၁။ မဟာရာဇ၊ ဒကာတော် မင်းမြတ်။ သဗ္ဗေ၊ ခပ်သိမ်းကျုံးခြုံ အလုံးစုံကုန်သော။ သတ္တာ၊ အနန္တစကြာဝဠာ တည်ရာဌာန ဖြစ်ဖြစ်သမျှ သတ္တဝါ အနန္တတို့သည်။ မရိဿန္တိ၊ အိုးခွက်ပုံလျှောက် သေချိန်ရောက်က ယွင်းပျောက်ခန္ဓာ သေကြပါကုန်လတ္တံ့။ ဟိသစ္စံ၊ မချွတ်ကေန် ထိုစကားသည် မှန်၏။ ဇီဝိတံ၊ ရုပ် နာမ် နှစ်တွေ့ ဇီဝိတိန္ဒြေ ထင်လင်း အသက်ရှင်ရခြင်းသည်။ မရဏန္တံ၊ ခန္ဓာ ယွင်းဖောက် ဇီဝိန်ခြောက်၍ သေပျောက်ရခြင်းလျှင် အဆုံး ရှိ၏။ သဗ္ဗေ၊ ခပ်သိမ်းကျုံးခြုံ အလုံးစုံကုန်သော။ သတ္တာ၊ စကြာဝဠာ အနန္တ ရှိရှိသမျှ သတ္တဝါမှန်သမျှတို့သည်။ ပုညပါပ ဖလူပဂါ၊ ကောင်းကျိုး ဆိုးကျိုး ဤနှစ်မျိုးကို ပြုရိုးအဖုံဖုံ ရကုန်သည်ဖြစ်၍။ ယထာကမ္မံ၊ ကောင်းကံ ဆိုးကံ နှစ်မျိုးကံ အားလျော်စွာ။ ဂမိဿန္တိ၊ သုဂတိရွာ ဒုဂ္ဂတိရွာ ဤနှစ်ရွာသို့ မှန်စွာမသွေ လားရလေကုန်လတ္တံ့။ ပါပ ကမ္မန္တာ၊ ညစ်ညမ်း ဆိုးယုတ် ကိုယ် နှုတ် စိတ်မှု ဒုစရိုက်စုကို ပြုကုန်သောသူတို့သည်။ နိရယံ၊ ချမ်းသာကင်းစဲ အလွန်ဆင်းရဲသည့် ငရဲရွာသို့။ ဂမိဿန္တိ၊ မချွတ်ပုံသေ လားရပေကုန်လတ္တံ့။ ပုည ကမ္မာ၊ ကိုယ် နှုတ် စိတ်မှု သုစရိုက်စုကို ပြုကုန်သော သူတို့သည်။ သုဂတိံ၊ လူပြည်နတ်ရွာ ချမ်းသာဘုမ် သုဂတိသို့။ ဂမိဿန္တိ၊ မချွတ်ပုံသေ လားရပေကုန်လတ္တံ့။

၂။ တသွာ၊ ထိုသို့ ကံအားလျော်စွာ တမလွန်ရွာသို့ သွားရာလေ သောကြောင့်။ သမ္ပရာယိကံ၊ ရောက်ရာ ရောက်ရာ တမလွန်ရွာ၌ ချမ်းသာ များပြား ကျိုးစီးပွားကို။ နိစယံ - နိစယန္တော။ ကြိုးစားအားထုတ် ပြုလုပ် ရယူ ဆည်းပူးသူသည်။ ကလျာဏံ၊ ကုသိုလ်အစုစု မြတ်ကောင်းမှုကို။ကရေယျ၊ အခါမလင့် အခွင့်သာခိုက် အားခွန်စိုက်ပြီး များများကြီး ပြုရာ၏။ ပုညာနိ၊ အများမဆိုင် ကိုယ်ပိုင်ဥစ္စာ သွားရာပါငြား ကုသိုလ်များတို့ သည်။ပရလောကသ္မိံ၊ ရောက်ရာ ရောက်ရာ တမလွန်ရွာ၌။ ပါဏီနံ၊ တဏှာ မကင်း သုံးဘုံတွင်း၌ ဖြစ်ခြင်းရှိလာ သတ္တဝါတို့အား။ ပတိဋ္ဌာ၊ ကျွန်းကြီး ပမာ မှီခိုဆောက်တည်ရာတို့သည်။ ဟောန္တိ၊ စင်စစ်မသွေ ဖြစ်ပေကုန်၏။

## အဓိပ္ပါယ် အကျဉ်း

ဟောတော်မူလိုရင်း အဓိပ္ပါယ်အကျဉ်းမှာ—

"ဒကာတော် မင်းမြတ် သတ္တဝါ ခေါ်စရာ ရုပ်နာမ် ခန္ဓာရယ်လို့ ဖြစ်ပေါ်လာလျှင် အမှန်ပင် သေရမည်၊ အဖြစ်နှင့် အပျက်တို့ဟာ အကြောင်းအကျိုး ဆက်စပ်ပြီး နေလေတော့ ဖြစ်မှုရှိလာတဲ့ အခါမှာ ပျက်မှုလဲ ရှိလာရတယ်၊ မဖြစ်သောတရားမှာ ပျက်စရာမရှိဘူး၊ ဖြစ်သော တရားမှာ မပျက်တယ်ရယ်လို့မရှိဘူး၊ အဖြစ်ဟူသည် အပျက်လျှင် အဆုံး ရှိတယ်၊ ဒီအဖြစ်နှင့် အပျက်ကို ဉာဏ်ဖြင့်စေ့ငု သေချာစွာ ရှုရမည်။

"သတ္တဝါတွေဟာ ကာယသုစရိုက်မှု, ဝစီသုစရိုက်မှု, မနောသုစရိုက်မှု ဆိုတဲ့ ကောင်းမှုကံ၊ ကာယဒုစက်မှု၊ ဝစီဒုစရိုက်မှု၊ မနာဒုစရိုက်မှု ဆိုတဲ့ မကောင်းမှုကံ၊ ဒီကောင်းကံ ဆိုးကံ နှစ်မျိုးကံကို ပြုကြတယ်၊ ဒါကြောင့် လဲ အကောင်း အဆိုး အကျိုးနှစ်မျိုးကိုရပြီး အကောင်း အဆိုး ဘုံအမျိုး မျိုးသို့ လားကြ ရောက်ကြတယ်။

"ကာယ သုစရိုက်မှု, ဝစီသုစရိုက်မှု, မနော သုစရိုက်မှု ဆိုတဲ့ ကောင်းမှု ကို ပြုကြတဲ့ သတ္တဝါတွေဟာ ကောင်းရာဌာန ကောင်းတဲ့ ဘုံဘဝသို့ လားရောက်ကြရတယ်။

"ကာယဒုစရိုက်မှု ဝစီဒုစရိုက်မှု, မနောဒုစရိုက်မှု ဆိုတဲ့ မကောင်းမှုကို ပြုကြတဲ့ သတ္တဝါတွေဟာ မကောင်းရာဌာန မကောင်းတဲ့ ဘုံဘဝသို့ လားရောက်ကြရတယ်။

"ဒါကြောင့် တမလွန်ရွာမှာ ဖြစ်တဲ့ ချမ်းသာ စီးပွားကို လိုလား တောင့်တ ဆည်းပူး ရှာဖွေကြတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီး တို့ဟာ ကာယသုစရိုက်မှု၊ ဝစီသုစရိုက်မှု၊ မနောသုစရိုက်မှု ဆိုတဲ့ ကုသိုလ် ကောင်းမှုများကို များများကြီး ပြုလားရမည်။

"ကာယသုစရိုက်မှု၊ ဝစီသုစရိုက်မှု၊ မနောသုစရိုက်မှု ဆိုတဲ့ ကုသိုလ် ကောင်းမှုများဟာ ရောက်ရာ ရောက်ရာ တမလွန်ရွာမှာ ကျန်းကြံ ပမာ သတ္တဝါတို့၏ မှီခိုအားထားရာပင် ဖြစ်ပေတယ်"ဟု ဟောတော်မူတယ်။

### သစ္စာလေးပါး

"ဇာတိ သမုဒယာ ဇရာမရဏ သမုဒယော"

ဇာတိ သမုဒယာ၊ ပဋိသန္ဓေ တည်နေဖြစ်ခြင်း အကြောင်းရင်းကြောင့်။ ဇရာမရဏ သမုဒယော၊ အိုခြင်း၊ သေခြင်း၊ ဆင်းရဲဖြစ်ခြင်းသည်။ ဟောတိ၊ ကြောင်းကျိုးညီစေ ဖြစ်ပါပေ၏။

ဘဝတိုင်း ဘဝတိုင်း ပဋိသန္ဓေ ဇာတိဖြစ်နေသမျှ ကာလပတ်လုံး အိုရမှု သေရမှု ဇရာ မရဏ နှစ်ခုတို့လဲ ဖြစ်တယ်၊ ဇာတိခေါ်တဲ့ ရုပ်နာမ် ဥပါဒ် ဟာ ဇရာဌီ၊ မရဏဘင် တို့နှင့် မကင်းနိုင်ခြင်းကြောင့် ဥပါဒ်ဖြစ်လျှင် ဌီ၊ ဘင်တို့လဲ ဖြစ်တယ်လို့ ဆိုတယ်။

"ဇာတိ နိရောဓာ ဇရာမရဏ နိရောဓော"

ဇာတိနိရောဓာ၊ ပဋိသန္ဓေ မနေ ဇာတိချုပ်သောကြောင့်။ ဇရာမရဏ နိရောဓော၊ အိုခြင်း သေခြင်း ဆင်းရဲခြင်းတို့ ချုပ်ခြင်းသည်။ ဟောတိ၊ ကြောင်းကျိုးညီစေ ဖြစ်ပါပေ၏။

ပဋိသန္ဓေနေမှု ဇာတိဟာ ရှေးဘဝတဏှာ သမုဒယသစ္စာကြောင့် ဖြစ်ရတယ်၊ ဒီတဏှာ လောဘ သမုဒယသစ္စာကို အကြွင်းမဲ့ ပယ်နိုင်လျှင် ဇာတိချုပ်မည်၊ ဇာတိချုပ်လျှင် ဇရာမရဏတို့လဲ ချုပ်ပြီး ပဋိသန္ဓေနေမှု၊ အိုမှု၊ သေမှုဆိုတဲ့ ဒုက္ခသစ္စာ တရားတွေ မရှိနိုင်တော့ဘူး၊ ဥပါဒ်မရှိလျှင် ဌီ၊ ဘင်လဲ မရှိနိုင်ဘူးလို့ ဆိုတယ်။

သုဓမ္မဝတီ (က) ၁၀၀−၀

ဒီ ဇာတိ ဇရာ မရဏတို့ ချုပ်ပြီး ပဋိသန္ဓေ မနေ မအို မသေရခြင်း ဥပါဒ် ဌီ ဘင် ကင်းတဲ့ နိဗ္ဗာန် နိရောဓသစ္စာလို့ ဆိုတယ်။

"အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ ဇရာမရဏ
နိရောဓ ဂါမိနီ ပဋိပဒါ၊ သေယျထိဒံ၊ သမ္မာဒိဋ္ဌိ သမ္မာ
သင်္ကပ္ပေါ သမ္မာဝါစာ သမ္မာကမ္မန္တော သမ္မာအာဇီဝေါ
သမ္မာဝါယာမော သမ္မာသတိ သမ္မာသမာဓိ"

အရိယော၊ ဖြူစင်မြင့်မြတ် အညစ်အကြေး မကပ်သော။ အဋ္ဌင်္ဂိကော၊ အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော။ အယမေဝ မဂ္ဂေါ၊ ဤမဂ်သည်သာလျှင်။ ဇရာမရဏ နိရောဓ ဂါမိနီ ပဋိပဒါ၊ ဇရာ မရဏ ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်တည်း။ဣဒံ၊ ဤအဋ္ဌင်္ဂိက မဂ်ဟူသည်။သေယျထာ-ကတမံ၊အဘယ်နည်း။ သမ္မာဒိဋ္ဌိ၊ မှန်ကန်စွာသိခြင်းရင်း။'သမ္မာသင်္ကပ္ပေါ၊ မှန်ကန်စွာ ကြံခြင်းရင်း။ သမ္မာဝါစာ၊ မှန်ကန်စွာ ဆိုခြင်းရင်း။ သမ္မာကမ္မန္တော၊ မှန်ကန်စွာ ပြုလုပ်ခြင်းရင်း။ သမ္မာအာဇီဝေါ၊ မှန်ကန်စွာ အသက်မွေးခြင်းရင်း။ သမ္မာဝါယာမော၊ မှန်ကန်စွာ အားထုတ်ခြင်းရင်း။ သမ္မာသတိ၊ မှန်ကန်စွာ အောက်မေ့ခြင်းရင်း။ သမ္မာ သမာဓိ၊ မှန်ကန်စွာ တည်ကြည်ခြင်းရင်းတည်း။

အဖန်ဖန် ပဋိသန္ဓေ နေရခြင်းဆင်းရဲ အိုရခြင်းဆင်းရဲ နာရခြင်းဆင်းရဲ သေရခြင်းဆင်းရဲ တွေမှ လွတ်မြောက်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်ကတော့ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံတဲ့ အရိယာမဂ်ပင် ဖြစ်တယ်။

ဒီအင်္ဂါရှစ်ချက် အရိယာမဂ်ကား—

၁။ မှန်ကန်စွာ သိခြင်း၊
၂။ မှန်ကန်စွာ ကြံခြင်း၊
၃။ မှန်ကန်စွာ ဆိုခြင်း၊
၄။ မှန်ကန်စွာ ပြုလုပ်ခြင်း၊
၅။ မှန်ကန်စွာ အသက်မွေးခြင်း၊
၆။ မှန်ကန်စွာ အားထုတ်ခြင်း၊
၇။ မှန်ကန်စွာ အောက်မေ့ခြင်း၊
၈။ မှန်ကန်စွာ တည်ကြည်ခြင်း

တို့ပင် ဖြစ်တယ်၊ မဂ္ဂသစ္စာလို့ မှတ်ရမည်။

ပဋိသန္ဓေ နေခြင်းဆင်းရဲ အိုခြင်းဆင်းရဲ နာခြင်းဆင်းရဲ သေခြင်းဆင်းရဲ တို့မှ လွတ်ကင်း ထွက်မြောက်ရန် သစ္စာလေးပါး မြတ်တရားကို ပိုင်းခြား ထင်ထင် ဉာဏ်ဖြင့် မြင်အောင် ကြိုးစား အားထုတ်ကြကုန်ရာ သတည်း။

## တရားသိမ်း

ကဲ-တရားသိမ်းကြစို့ရဲ-

မဂ္ဂါ ဓမ္မ ကညုတ္တံ၊
သုတ္တန္တံ ဗုဒ္ဓ ဘာသိတံ။
သက္ကစ္စံယေဝ သုတွာန၊
'သာဓု သာဓူတိ' ဘာသထ။

(ပလ္လင်္ကတွေ)

ဘောဒ္ဓော သပ္ပုရိသာ၊ အိုတရားနာ ပရိသတ်အပေါင်း သူတော်ကောင်းတို့။ တုမှေ၊ တရားခင်မင် သင်သူတော်စင်တို့သည်။ ဗုဒ္ဓဘာသိတံ၊ ဘုရားမြတ်စွာ မိန့်မှာဆုံးမ ဟောပြတော်မူအပ်သော။ မဂ္ဂါ ဓမ္မ သညုတ္တံ၊ သတ္တာခါပင့် မကင်းနိုင်ကြ မဂ္ဂါခေါ်ငြား သေခြင်းတရားနှင့် စပ်ယှဉ်[illegible]သာ။ သုတ္တန္တံ၊ ကောသလ သံယုတ်လာ အယျိကာသုတ် ဒေသနာတော်ကို။ သက္ကစ္စံယေဝ၊ ဝဋ်လွတ်ဘိုရာ ဒေသနာဟု သဒ္ဓါစိတ်ထား လေးစားရိုသေစွာသာလျှင်။ သုတွာန၊ အားရပါးရ သဘောကျပင် နာကြပြီး၍။ သာဓု သာဓူတိ၊ သာဓု, သာဓု, သာဓု ဟူ၍။ ဘာသထ၊ အသံချိုမြ နှုတ်မြွက်ဟ၍ ဆိုလိုက်ကြကုန်လော့။

(သာဓု သာဓု သာဓု)

အယျိကာသုတ်

မဂ္ဂါသုတ္တိကထာ ပြီး၏။

(သံယုတ္တ နိကာယ နိဒါနဝဂ္ဂ ဝေပုလ္လပဗ္ဗတသုတ်)

# သင်္ခါရတရားတော်

အနိစ္စာ ဝတ သင်္ခါရာ၊
ဥပ္ပါဒ ဝယ ဓမ္မိနော။
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊
တေသံ ဝူပသမော သုခေါ။

သင်္ခါရာ၊ အကြောင်းလေးခု ပေါင်းစုပြုပြင် စီရင်ခံရ တေဘူမက ရုပ် နာမ် သင်္ခါရတို့သည်။ အနိစ္စာဝတ၊ ဖြစ်ပြီးမြောက်က ချုပ်ပျောက်ကုန်ဘိ အမြဲမရှိကုန်စွ တကား။ ဥပ္ပါဒဝယဓမ္မိနော၊ ဥပါဒ်, ဌီ, ဘင်, အစဉ်မပြတ် ထပ်တလောလော ဖြစ်ခြင်း ပျက်ခြင်း သဘောရှိကုန်၏။ ဥပ္ပဇ္ဇိတွာ၊ ဥပါဒ်တိုင်း ဥပါဒ်တိုင်း မဆိုင်းမတွ ဖြစ်ကုန်ပြီးကြ၍။ နိရုဇ္ဈန္တိ၊ ဘင်သို့ ရောက်ခါ ရောက်ခါ မကြာခဏ ချုပ်ပျောက်ကြကုန်၏။ တေသံ သင်္ခါရာနံ၊ ထိုအကြောင်းလေးခု ပေါင်းစုပြုပြင် စီရင်ခံရ တေဘူမက ရုပ်, နာမ် သင်္ခါရ တို့၏။ ဝူပသမော၊ ဖြစ်ပျက်ပြေငြိမ်း လက်စသိမ်း၍ ချုပ်ငြိမ်းရာမှန် မြတ်နိဗ္ဗာန်သည်။ သုခေါ၊ ဘယ်သောအခါ ဘယ်ကမ္ဘာမှ ဘယ်ဟာ ဒုက္ခ မရှိပ၍ ချမ်းသာကြီး ချမ်းသာလှပေ၏။

### အနိစ္စာ ဝတ သင်္ခါရာ

ပြုပြင် စီရင်ခြင်း သဘောကို သင်္ခါရလို့ ဆိုတယ်။

၁။ ကံ
၂။ စိတ်
၃။ ဥတု
၄။ အာဟာရ

ဒီ လေးပါးကို ပြုပြင် စီရင်တတ်တဲ့ တရားလို့ မှတ်သားရမည်။

တေဘူမက သင်္ခါရ နယ်အတွင်းမှာ တည်ရှိတဲ့ ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံ, ဒါက ပရမတ်အလို၊ ပညတ် အနေနှင့်

ပြောရလျှင် လူတွေ, နတ်တွေ, ဗြဟ္မာတွေ, ငရဲတွေ, တိရစ္ဆာန်တွေ, ပြိတ္တာတွေ, အသုရကာယ်တွေ, ဘုရား, တန်ဆောင်း, အိမ်, ကျောင်း, စရပ်, တော, တောင်, ရေ, မြေ, သမုဒ္ဒရာ စသည်တွေပေါ့၊ ဒီဟာတွေ အားလုံး ပြုပြင်စီရင်အပ်တဲ့ သင်္ခါရ တရားတွေလို့ မှတ်သားရမည်။

ဖြစ်စေမှု ပျက်စေမှု ဒီနှစ်ခုကို ပြုပြင် စီရင်မှုလို့ မှတ်သားရမည်။

တိုင်းပြည့်သေဌ်နင်း ပြည့်ရှင်မင်းကြီးဟာ မိမိ အာဏာ နှံ့ရာ တိုင်းနိုင်ငံ နယ်ပယ်အတွင်းမှာ တည်ရှိတဲ့ တိုင်းသူပြည်သားတွေကို အပြစ်မဲ့ သူတို့အား ချမ်းသာစေ၊ အပြစ်ရှိသူတို့အား ဒဏ်အာမှုကို ပြုစေဟု စီရင်သကဲ့သို့ပင်--

ကံ, စိတ်, ဥတု, အာဟာရ, ဆိုတဲ့ သင်္ခါရ မင်းတြားကြီးကလည်း မိမိ အာဏာနှံ့ရာ တေဘူမက သင်္ခါရ နယ်အတွင်းမှာ တည်ရှိတဲ့ ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံ, လူ, နတ်, ဗြဟ္မာ, ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ်, ဘုရား, တန်ဆောင်း, အိမ်, ကျောင်း, စရပ်, တော, တောင်, ရေ, မြေ, သမုဒ္ဒရာ စတဲ့ သင်္ခါရ နယ်သူ နယ်သားတွေကို ဖြစ်စေမှု ပျက်စေမှု ဒဏ်နှစ်ခုဖြင့် ပြုပြင် စီရင်တော်မူတယ်။

သင်္ခါရ မဏ္ဍလေ သဗ္ဗေ၊
ဌိတေ သဘာဝ သင်္ခါရေ။
ဥပ္ပါဒဝယ ဒဏ္ဍေန၊
သင်္ခရောတိ မဟာရာဇာ။
(ပထျာဝတ္တ)

မဟာရာဇာ၊ သင်္ခါရမျိုး ရုပ်နာမ်ဆိုးကို အုပ်စိုးပိုင်နင်း အာဏာပြင်းသည့် သင်္ခါရမင်းကြီးသည်။ သင်္ခါရ မဏ္ဍလေ၊ သုံးဆယ့်တစ်ဝ ဘုံဌာနဝယ် သင်္ခါရနယ်၌။ ဌိတေ၊ သဘောအလျောက် ပေါ်ပေါက်ခါလေ တည်နေကြကုန်သော။ သဗ္ဗေ၊ တခု မကြွင်း ခပင်း ဥဿုံ အလုံးစုံကုန်သော။ သဘာဝ သင်္ခါရေ၊ သက်ရှိ သက်မဲ့ နှစ်ဖွဲ့ နှစ်တန် ရုပ်, နာမ် အချင်း သင်္ခါရ နယ်သူ နယ်သား တသင်းတို့ကို။ ဥပ္ပါဒဝယ ဒဏ္ဍေန၊ အဖြစ်အပျက် ဒဏ်နှစ်ချက်ဖြင့်။ သင်္ခရောတိ၊ မိန့်စေကာပ အာဏာပြလျက် ဆုံးမပြုပြင် စီရင်တော်မူ၏။

ကာမ, ရူပ, အရူပ ဆိုတဲ့ ဘုံသုံးပါးမှာ ဖြစ်တဲ့ ရုပ်တရား နာမ်တရား တွေကို ကံ, စိတ်, ဥတု, အာဟာရဆိုတဲ့ အကြောင်းလေးခု ပေါင်းပြီး ဥပါဒ်, ဌီ, ဘင်, ခဏသုံးပါးဖြင့် ပြုပြင် စီရင် ကြတယ်၊ ဒါကြောင့်ပင် ဒီ တေဘူမက ရုပ်, နာမ် ဓမ္မတွေဟာ သင်္ခါရလို့ အမည်ရတယ်၊ ဒီ သင်္ခါရ တရားတွေဟာ ဥပါဒ် ခဏမှာ ဖြစ်တယ်၊ ဌီ ခဏမှာ တည်တယ်၊ ဘင် ခဏမှာ ပျယ်တယ်၊ ဒါကြောင့်- ဒီ သင်္ခါရ တရားတွေကို အမြဲမရှိတဲ့ 'အနိစ္စ' တရားတွေလို့ ဟောတော်မူတယ်၊ ကာလ မြင့်ရှည် မတည် မခိုင်တဲ့ 'အဒ္ဓုဝ' တရားတွေလို့လည်း ဟောတော်မူတယ်၊ သာယာဘွယ် ကင်းပ သက်သာရာ မရတဲ့ 'အနဿာသိက' တရားတွေလို့လည်း ဟောတော် မူတယ်။

အနိစ္စာ ဘိက္ခဝေ သင်္ခါရာ၊
အဒ္ဓုဝါ ဘိက္ခဝေ သင်္ခါရာ၊
အနဿာသိကာ ဘိက္ခဝေ သင်္ခါရာ

လို့ အနမတဂ္ဂ သံယုတ် ဝေပုလ္လပဗ္ဗတသုတ်မှာ လာတယ်။

ဘိက္ခဝေ၊ သံသရာဘေး လာမည့်အရေးကို မြော်တွေးရှုငြား အို- ချစ်သားတို့။ သင်္ခါရာ၊ အကြောင်းလေးခု ပေါင်းစု ပြုပြင် စီရင်ခံရ ရုပ်, နာမ် သင်္ခါရတို့သည်။ အနိစ္စာ၊ ဖြစ်ပြီးမြောက်က ချုပ်ပျောက်ကုန်ဘိ အမြဲမရှိကုန်။

ဘိက္ခဝေ၊ တို့။ သင်္ခါရာ၊ တို့သည်။ အဒ္ဓုဝါ၊ ကာလမြင့်ရှည် မတည် မတံ့ မခိုင်ခံ့ကုန်။

ဘိက္ခဝေ၊ တို့။ သင်္ခါရာ၊ တို့သည်။ အနဿာသိကာ၊ နှစ်သက်တွယ်တာ သာယာဖွယ် ကင်းပ သက်သာရာ မရကုန်။

မြတ်စွာဘုရား ရာဇဂြိုဟ်ပြည်၏အနီးဖြစ်တဲ့ ဂိဇ္ဈကုဋ်တောင်မှာ သီတင်း သုံးတော်မူစဉ် သင်္ခါရ တရားတို့၏ အမြဲ မရှိပုံကို 'အနမတဂ္ဂေါ'ယံ ဘိက္ခဝေ သံသာရော၊ ပုဗ္ဗကောဋိ န ပညာယတိ" အစချီပြီး ဟောကြား တော် မူခဲ့တယ်။

"ချစ်သား ရဟန်းတို့ သံသရာကြီးဟာ အလွန်ပင် ရှည်လျားတယ်၊ ရှည်လျားလွန်းလို့လဲ ဒီသံသရာကြီး၏ အစကို မသိမမြင်၊ ဒီသံသရာကြီး ဟာ ဘယ်က စတင်ပြီး ဖြစ်ပေါ်လာတယ်လို့ အစ မထင်နိုင်အောင်ပင်

ရှည်လျားတဲ့ သံသရာကြီးထဲမှာ သတ္တဝါတွေဟာ အဝိဇ္ဇာနှင့် တဏှာဆိုတဲ့ မူလနှစ်ပါးကို အရင်းခံထားပြီး ဟိုဘဝ, ဒီဘဝ တပြောင်း ပြန်ပြန်ပြေး သွား ကျင်လည်ကြရတယ်၊ ဒီ သတ္တဝါတွေဟာ ဘယ်မင်းလက်ထက် ဘယ် ဘုရားလက်ထက်က စ,တင်ပြီး ဖြစ်ပေါ်လာတယ်လို့ သတ္တဝါတွေ၏ ရှေ့အစွန်းကို မသိမမြင် မထင်နိုင်ကြဘူး။

"ချစ်သား ရဟန်းတို့ ဤဝေပုလ္လတောင်ဟာ ကကုသန် မြတ်စွာဘုရား လက်ထက်တော် အခါတုန်းက 'ပါစီနဝံသ' တောင်လို့ အမည်ရခဲ့တယ်၊ ထိုစဉ်အခါက လူတို့သက်တမ်းမှာ အနှစ်လေးသောင်းတမ်း ဖြစ်တယ်၊ ပါစီနဝံသတောင်ကို လေးရက်ဖြင့် တက်နိုင်ပြီး လေးရက်ဖြင့် ဆင်းနိုင် ကြတယ်။

"ချစ်သားရဟန်းတို့ 'ပါစီနဝံသ' ခေါ်တဲ့ တောင်အမည်လည်း ကွယ် ပျောက်ခဲ့တယ်၊ ထိုစဉ်အခါက လူတွေလည်း သေဆုံးခဲ့ကြတယ်၊ ကကုသန် မြတ်စွာဘုရားလည်း ပရိနိဗ္ဗာန် ပြုတော်မူခဲ့တယ်။

"ချစ်သား ရဟန်းတို့ ဤဝေပုလ္လတောင်ဟာ ကောဏာဂုံ မြတ်စွာ ဘုရားလက်ထက်တော် အခါတုန်းက 'ဝင်္ကက' တောင်လို့ အမည်ရခဲ့တယ်၊ ထိုစဉ်ကခါက လူတို့၏ အသက်တမ်း အနှစ်သုံးသောင်းတမ်း ဖြစ်တယ်၊ ဝင်္ကက တောင်ကို သုံးရက်ဖြင့် တက်နိုင်ပြီး သုံးရက်ဖြင့် ဆင်းနိုင်ကြတယ်။

"ချစ်သား ရဟန်းတို့ 'ဝင်္ကက' ခေါ်တဲ့ တောင်၏ အမည်လည်း ကွယ်ပျောက်ခဲ့တယ်၊ ထိုစဉ်အခါက လူတွေလည်း သေဆုံးခဲ့ကြတယ်၊ ကောဏာဂုံမြတ်စွာဘုရားလည်း ပရိနိဗ္ဗာန် ပြုတော်မူခဲ့တယ်။

ချစ်သား ရဟန်းတို့ ဤဝေပုလ္လတောင်ဟာ ကဿပ မြတ်စွာဘုရား လက်ထက်တော် အခါတုန်းက 'သုပဿ' တောင်လို့ အမည် ရခဲ့တယ်၊ ထိုစဉ်အခါက လူတို့၏ သက်တမ်းမှာ အနှစ် နှစ်သောင်းတမ်း ဖြစ်တယ်၊ သုပဿတောင်ကို နှစ်ရက်ဖြင့် တက်နိုင်ပြီး နှစ်ရက်ဖြင့် ဆင်းနိုင်ကြတယ်။

"ချစ်သား ရဟန်းတို့ 'သုပဿ' ခေါ်တဲ့ တောင်၏ အမည်လည်း ကွယ်ပျောက်ခဲ့တယ်၊ ထိုစဉ်အခါက လူတွေလည်း သေဆုံးခဲ့ကြတယ်၊ ကဿပ မြတ်စွာဘုရားလည်း ပရိနိဗ္ဗာန် ပြုတော်မူခဲ့ဘယ်။

"ချစ်သား ရဟန်းတို့ ငါဘုရားလက်ထက်မှာ 'ဝေဠုလ္လ' တောင်လို့ အမည်ရခဲ့တယ်၊ ယခု လူတို့၏ အသက်တမ်းမှာ အနှစ်တရာတမ်း ဖြစ်တယ်၊ ဝေဠုလ္လတောင်ကို တမုဟုတ်ခြင်းဖြင့် တက်နိုင်ပြီး တမုဟုတ်ခြင်းဖြင့် ဆင်းနိုင်ကြတယ်။

"ချစ်သား ရဟန်းတို့ 'ဝေဠုလ္လ' ခေါ်တဲ့တောင်၏ အမည်သည်း ကွယ် ပျောက်လတ္တံ့၊ ယခုလူတွေလည်း သေဆုံးကြလတ္တံ့၊ ငါဘုရားလည်း ပရိ နိဗ္ဗာန် ပြုလတ္တံ့။

"သင်္ခါရတရားတွေဟာ ဖြစ်လိုက်ပျက်လိုက်နှင့် ဘယ်ဟာတစ် မြဲတယ်လို့ မရှိဘူး၊ အနိစ္စ တရားတွေသာ ဖြစ်တယ်၊ အဒ္ဓုဝ တရားတွေသာဖြစ်တယ်၊ အနဿာသိက တရားတွေသာ ဖြစ်တယ်"လို့ ဟောတော်မူတယ်။

သင်္ခါရာ နာမ ရူပေတိ၊
သင်္ခတာ စတုဠ္ဌာနေဟိ။
ဥပ္ပါဒဝယ ဘာဝါ တေ၊
အနိစ္စာ ဝတ သင်္ခါရာ။

(ဝဏ္ဏဂါထာ)

စတုဠ္ဌာနေဟိ၊ ကံ- စိတ်- ဥ- ဟာ လေးဖြာရှိငြား အကြောင်း တရား တို့သည်။ နာမ ရူပါ၊ သုံးဘုံတွင်းလည်း အတည်မဟုတ် နာမ်နှင့် ရုပ်တို့ကို။ သင်္ခတာ၊ ဖြစ်မှု ပျက်မှု ဒဏ်နှစ်ခုဖြင့် ပေါင်းစုပြုပြင် စီရင်အပ် ကုန်၏။ ဣတိ တသ္မာ၊ သုံးဘုံ လည်ငြား နာမ်ရုပ်တရားကို လေးပါး အပေါင်း စီရင်ခြင်းဟူသော ထိုအကြောင်းကြောင့်။ နာမရူပါ၊ သုံးဘုံ တွင်လည် အတည်မဟုတ် နာမ်နှင့်ရုပ်တို့သည်။ သင်္ခါရာ၊ ဖြစ်ချုပ် အတာန် တန် ပြုပြင်ခံရ သင်္ခါရတို့မည်ကုန်၏။ တေ သင်္ခါရာ၊ ထိုတေဘူမက နာမ် သင်္ခါရ ရုပ်သင်္ခါရတို့သည်။ ဥပ္ပါဒဝယဘာဝါ၊ ဥပါဒ်-ဌီ-ဘင် အစဉ်မပြတ် ထပ်တလောလော ဖြစ်ခြင်း - ပျက်ခြင်း - သဘောရှိကုန်၏။ ဣတိ တသ္မာ၊ ထိုသို့ တေဘူမက သင်္ခါရတို့ လေးဝကြောင်းရင်း စီရင်ခြင်းဖြင့် ဖြစ်ခြင်းပျက်ခြင်း သဘောရှိသည်၏ အဖြစ်ကြောင့်။ သင်္ခါရာ၊ အကြောင်း လေးခု ပေါင်းစု ပြုပြင် စီရင်ခံရ တေဘူမက ရုပ် နာမ် သင်္ခါရတို့သည်။ အနိစ္စာဝတ၊ ဖြစ်ပြီးမြောက်က ချုပ်ပျောက်ကုန်ဘိ အမြဲမရှိကုန်စွတကား။

## ဥပ္ပါဒဝယ ဝမ္မိနော

သင်္ခါရ တရားတွေဟာ ဥပါဒ်ခဏမှာ ဖြစ်ပြီး ဌီခဏမှာ တည်တယ်၊ ဘင်ခဏမှာ ပျက်တယ်၊ ဒီ ဖြစ်ပျက်ကို ခဏအတွင်းမှာတော့ ဉာဏစက္ခု ဖြင့်သာ မြင်နိုင်တယ်၊ ကာလငံလင့်၍ကား မံသ စက္ခုဖြင့်လည်း မြင်နိုင်တယ်။

လူလို့ခေါ်တဲ့ သတ္တဝါမျိုး၏ ရုပ်, နာမ်ကို မံသ စက္ခု, ဉာဏ စက္ခု နှစ်ခုဖြင့် ရှုပါလျှင် ပဋိသန္ဓေ ဥပါဒ် ခဏမှ စပြီး စုတိ၏ ဘင်ကျ အောင် ဥပါဒ်တိုင်း ဥပါဒ်တိုင်း ရုပ်တရား နာမ်တရားတို့ ဖြစ်၍ ဘင်တိုင်း ဘင်တိုင်း ရုပ်တရား နာမ်ဘရားတို့ ချုပ်ဆုံး ပျက်စီးနေတာကို ဉာဏစက္ခု ဖြင့်ပင် မြင်ပါလိမ့်မည်၊ လူသတ္တဝါတဦး မွေးဖွားခြင်း အစအဆုံး အဖြစ် နှင့် သေဆုံးခြင်း နောက်ဆုံး အပျက်ကိုတော့ မံသစက္ခုဖြင့်လည်း မြင်ပါ လိမ့်မည်။

ဣရိယာပုထ် လေးပါးကို ရှုဆင်ခြင်၍လည်း သိမြင်နိုင်ပါတယ်။

လျောင်းဆဲ ဣရိယာပုထ်မှာ ဖြစ်တဲ့ ရုပ်, နာမ် သင်္ခါရ တရားတွေဟာ လျောင်းဆဲ ဣရိယာပုထ်မှာပင် ချုပ်ပျက်ကြတယ်၊ ထိုင်ခြင်း ဣရိယာပုထ် သို့ မပါလာဘူး။

ထိုင်ဆဲ ဣရိယာပုထ်မှာ ဖြစ်တဲ့ ရုပ်, နာမ် သင်္ခါရ တရားတွေဟာ ထိုင်ဆဲ ဣရိယာထ်မှာပင် ချုပ်ပျက်ကြတယ်၊ ရပ်ခြင်း ဣရိယာပုထ်သို့ မပါ လာဘူး။

ရပ်ဆဲ ဣရိယာပုထ်မှာ ဖြစ်တဲ့ ရုပ်, နာမ် သင်္ခါရတရားတွေဟာ ရပ်ဆဲ ဣရိယာပုထ်မှာပင် ချုပ်ပျက်ကြတယ်၊ သွားခြင်း ဣရိယာပုထ်သို့ မပါ လာဘူး။

သွားဆဲ ဣရိယာပုထ်မှာ ဖြစ်တဲ့ ရုပ်, နာမ် သင်္ခါရ တရား တွေဟာ သွားဆဲ ဣရိယာပုထ်မှာပင် ချုပ်ပျက်ကြတယ်၊ ရပ်ခြင်း ဣရိယာပုထ်သို့ မပါလာဘူး။

အခြားသော သက်ရှိ သက်မဲ့ ရုပ်, နာမ် သင်္ခါရ တရားတွေ ဖြစ်ခြင်း ပျက်ခြင်း သဘောရှိပုံကိုလည်း မံသ စက္ခု, ဉာဏစက္ခုတို့ဖြင့် ရှုပြီး သိမှတ် ကြရမည်။

သင်္ခါရာ နာမရူပေတိ၊
စတုဣ္ဌာနေဟိ သင်္ခတာ။
တေ နိစ္စဥ္စ သင်္ခါရာ၊
ဥပ္ပါဒဝယ ဓမ္မိနော။
(ပထ၂၁၀ဗ္ဗ)

စတုဣ္ဌာနေဟိ၊ တို့သည်။ နာမ ရူပ၊ တို့ကို။ သင်္ခတာ၊ ကုန်၏။ ဣတိ တသ္မာ၊ ကြောင့်။ နာမရူပ၊ တို့သည်။ သင်္ခါရာ၊ ကုန်၏။ တေ သင်္ခါရာ၊ တို့သည်။ နိစ္စဥ္စ၊ မပြတ်မစဲ အမြဲသာလျှင်။ ဥပ္ပါဒဝယ ဓမ္မိနော၊ ဥပါဒ်၊ ဌီ၊ ဘင် အစဉ်မပြတ် ထပ်တလောလော ဖြစ်ခြင်း ပျက်ခြင်း သဘော ရှိကုန်၏။

## ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ

ရုပ်, နာမ် သင်္ခါရ တရားတွေဟာ ဥပါဒ်တိုင်း ဥပါဒ်တိုင်း ဖြင်ပြီး ဘင်သို့ ရောက်ခါ ရောက်ခါ မကြာခဏ ချုပ်ပျောက်ကြတယ်၊ ဖြစ်ပြီးသမျှ သင်္ခါရတွေဟာ မချုပ်တယ်ရယ်လို့ မရှိဘူး အမှန်ပင် ချုပ်ရတယ်၊ ဒီလို ရုပ်,နာမ် သင်္ခါရ တရားတွေ ဖြစ်ဖြစ်ပြီး ချုပ်ပုံကို ရှေ့နောက် ပြောဆိုတဲ့ စကားခွန်းများကို ထောက်၍လည်း သိမြင်နိုင်တယ်။

## ဓမ္မကထိက ၀.ဦးဟာ

၁။ ရူပက္ခန္ဓာ၊ သင်္ခါရာ၊ ဖြစ်ခါပျက်ခါ မမြဲပါ၊
၂။ ဝေဒနာက္ခန္ဓာ၊ သင်္ခါရာ၊ ဖြစ်ခါပျက်ခါ မမြဲပါ၊
၃။ သညာက္ခန္ဓာ၊ သင်္ခါရာ၊ ဖြစ်ခါပျက်ခါ မမြဲပါ၊
၄။ သင်္ခါရက္ခန္ဓာ၊ သင်္ခါရာ၊ ဖြစ်ခါပျက်ခါ မမြဲပါ၊
၅။ ဝိညာဏက္ခန္ဓာ၊ သင်္ခါရာ၊ ဖြစ်ခါပျက်ခါ မမြဲပါ

လို့ သင်္ခါရတရားတော်ကို ဟောကြားတယ်။

"ရူပက္ခန္ဓာ(ပ)ပါ" ဟူသော ပထမ စကားခွန်းအခိုက်မှာ ဥပါဒ်တဲ့ ဖြစ်တဲ့ ရုပ်,နာမ် သင်္ခါရတရားတွေဟာ "ဝေဒနာက္ခန္ဓာ(ပ)ပါ" ဟူသော ဒုတိယ စကားခွန်းအခိုက်သို့ မပါလာဘဲ ဘင်သို့ ရောက်ခါ ချုပ်ပျောက်ကြတယ်။

"ဝေဒနာက္ခန္ဓာ (ပ) ပါ" ဟူသော ဒုတိယ စကားခွန်းအခိုက်မှာ ဥပါဒ်တဲ့ဖြစ်တဲ့ ရုပ်နာမ်သင်္ခါရ တရားတွေဟာ "သညာက္ခန္ဓာ (ပ) ပါ" ဟူသော တတိယစကားခွန်းအခိုက်သို့ မပါလာဘဲ ဘင်သို့ရောက်ခါ ချုပ်ပျောက်ကြတယ်။

ထိုအတူပင် တတိယ စကားခွန်းအခိုက်မှ စတုတ္ထစကားခွန်းအခိုက်သို့၊ စတုတ္ထစကားခွန်းအခိုက် မှ ပဉ္စမစကားခွန်းအခိုက်သို့ ရုပ်နာမ်သင်္ခါရတရားတွေမပါလာဘဲ ဘင်သို့ ရောက်ခါ ချုပ်ပျောက်ကြတယ်။

အခြားသော သက်ရှိသက်မဲ့ ရုပ်နာမ် သင်္ခါရတရားတွေ ဥပါဒ်တိုင်း ဥပါဒ်တိုင်း ဖြစ်ပြီး ဘင်သို့ ရောက်ခါရောက်ခါ ချုပ်ပျောက်ကြပုံကိုလည်း မံသစက္ခု, ဉာဏစက္ခုတို့ဖြင့် ရှုပြီးမှ သိကြရမည်။

သင်္ခါရာ နာမ ရူပေတိ၊
သင်္ခတာ စတုဋ္ဌာနေဟိ။
ဓေတ နိစ္စဋ္ဌ သင်္ခါရာ၊
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ။
(ဝဏ္ဏဂါထာ)

စတုဋ္ဌာနေဟိ၊ တို့သည်။ နာမရူပါ၊ တို့ကို။ သင်္ခတာ၊ ကုန်၏။ ဣတိ တသ္မာ၊ ကြောင့်။ နာမရူပါ၊ တို့သည်။ သင်္ခါရာ၊ ကုန်၏။ ဓေတ သင်္ခါရာ၊ တို့သည်။ နိစ္စဋ္ဌ၊ သာလျှင်။ ဥပ္ပဇ္ဇိတွာ၊ ဥပါဒ်တိုင်း ဥပါဒ်တိုင်း မဆိုင်းမတွဖြစ်ကုန် ပြီးကြ၍။ နိရုဇ္ဈန္တိ၊ ဘင်သို့ ရောက်ခါ ရောက်ခါ မကြာခဏ ချုပ်ပျောက်ကြကုန်၏။

## တောသံ ဝူပသမော သုခေါ

အဝိဇ္ဇာ အမြစ်ပါတဲ့ တဏှာမျိုးစေ့ကို အရဟတ္တ မဂ်ဉာဏ် မီးထဲမှာ ထည့်ပြီး ဖျက်ဆီးလိုက်ခြင်းကြောင့် ရုပ် နာမ် သင်္ခါရ မျိုးစေ့ ပျက်စီးသွားပြီး နောက်ထပ်တခါ ရုပ် နာမ် သင်္ခါရ အပင် မပေါက်လာတော့ခြင်းကိုပင် နိဗ္ဗာန်လို့ ဆိုတယ်၊ ရုပ် နာမ် သင်္ခါရ တရားတွေ ရှိနေသမျှ ကာလပတ်လုံး ပဋိသန္ဓေ နေရခြင်း ဆင်းရဲ, အိုရခြင်း ဆင်းရဲ, နာရခြင်း ဆင်းရဲတွေနှင့် အမြဲမပြတ် ရင်ဆိုင်နေရမည်။

သုဓမ္မဝတီ (က) ၁၀၀-၉

နိဗ္ဗာန်မှာ ရုပ်နာမ် သင်္ခါရတွေ မရှိခြင်းကြောင့် ပဋိသန္ဓေ နေရခြင်းဆင်းရဲ, အိုရခြင်းဆင်းရဲ, နာရခြင်းဆင်းရဲ, သေရခြင်း ဆင်းရဲတွေ မရှိဘူး၊ ဒီလို ဆင်းရဲမရှိခြင်းကိုပင် ချမ်းသာတယ်လို့ ဆိုတယ်။

အဲဒီ နိဗ္ဗာန်ဟာ အလုံးလား, အပြားလား, လေးထောင့်လား, ဘယ်လို ပုံသဏ္ဌာန်လဲ၊ ဘယ်နေရာ ဘယ်ဌာနမှာလဲ၊ နိဗ္ဗာန်ရသွားတဲ့ ပုဂ္ဂိုလ်တွေဟာ ဘယ်လို ပုံသဏ္ဌာန်နှင့် ဘယ်လိုများ နေကြပါသလဲလို့ မေးစရာတွေ အများကြီးဘဲ။

နိဗ္ဗာန်ဟာ အလုံးလဲမဟုတ်၊ အပြားလဲမဟုတ် လေးထောင့်လဲမဟုတ် ပုံဟန်သဏ္ဌာန် အစိုင်အခဲလဲ မဟုတ်ဘူး၊ ဘယ်နေရာ ဘယ်ဌာနမှာလို့လဲ လက်ညှိုးထိုးပြလို့ မဖြစ်ဘူး၊ နိဗ္ဗာန်ရသွားကြတဲ့ ပုဂ္ဂိုလ်တွေဟာ ဘယ်လို သဏ္ဌာန်မှ မရှိဘူး။

ဒီလို ဆိုလျှင် ဗုဒ္ဓဘာသာဝင် သူတော်စင်တို့ ဆုတောင်းနေကြတဲ့ နိဗ္ဗာန်ဟာ 'အဘူတ'လောလို့ မေးစရာ ရှိတယ်၊ နိဗ္ဗာန်ဟာ ပုံဟန်သဏ္ဌာန်မရှိ နေရာမရှိသော်လဲ 'အဘူတ'တော့ မဟုတ်ပါဘူး၊ တကယ် ပရမတ္ထအားဖြင့် ထင်ရှားရှိပါတယ်။

"အပိ စာဟံ အာဝုသော ဗျာမမတ္တေ
ကဠေဝရေ သသညိမှိ သမနကေ လောကဉ္စ ပညပေမိ
လောကသမုဒယဉ္စ လောကနိရောဓဉ္စ လောကနိရောဓ
ဂါမိနိဉ္စ ပဋိပဒံ"

ဟု ဟောတော်မူသောကြောင့် ခန္ဓာကိုယ်ကြီးထဲမှာပင် သင်္ခါရလောကကြီးလည်း တည်နေတယ်၊ သင်္ခါရ လောကဖြစ်ကြောင်း တရားများလည်း တည်နေတယ်၊ သင်္ခါရလောက ချုပ်ငြိမ်းခြင်း နိဗ္ဗာန်ကြီးလည်း တည်နေတယ်၊ ဒါကြောင့် နိဗ္ဗာန်ဟာ အာသဝေါကင်းကွာ ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာ အရှင်မြတ်တို့၏ ခန္ဓာကိုယ်ပင် ဖြစ်တယ်ဟု မှတ်ရမည်။

အရှင်မြတ်တို့ ပရိနိဗ္ဗာန် ပြုတော်မူသည်နှင့် တပြိုင်နက် ဘယ်နေရာ ဘယ်ဌာန ဘယ်ဘုံဘဝမျှ သတ္တဝါခေါ်စရာ ရုပ် နာမ် ခန္ဓာ အသစ်မဖြစ်တော့ဘဲ ထိုပရိနိဗ္ဗာန်ပြုတော်မူရာ နေရာ၌ပင် ရုပ်ရော နာမ်ပါ ချုပ်ငြိမ်း၍

လက်စသိမ်းကာ ငြိမ်းခြင်းသဘောမျှကိုပင် နိဗ္ဗာန်လို့ သဉပါဒိသေသ, အနုပါဒိသေသ နှစ်မျိုးမှတ်ကြရမည်။

"နိဗ္ဗာနဓာတုတိ နိဗ္ဗုတိမတ္တံ"

နိဗ္ဗာနဓာတုတိ၊ သာသနာ့ခေတ်ဘွင် သူတော်စင်တို့ လိုချင်တမ်းတ ပန်ဆင်ကြသည့် သုခအမြတ် နိဗ္ဗာနဓာတ် ဟူသည်ကား။ နိဗ္ဗုတိမတ္တံ၊ သတ္တဝါခေါ်စရာ နှစ်ဖြာရုပ်နာမ် တဖန်အသစ် မဖြစ်ပြန်ရ ချုပ်ငြိမ်းခြင်း သဘောမျှသာတည်း။

သတ္တဝါတွေဟာ အစမသင် သံသရာဘဝင်မှ စပြီး ရုပ်နာမ် ခန္ဓာတွေ ဖြစ်လိုက် ပျက်လိုက် ဖြစ်လိုက် ပျက်လိုက်နှင့် မရပ်မနား လာခဲ့တယ်၊ သံသရာအဆုံး ဖြစ်တဲ့ နိဗ္ဗာန်ရောက်တော့ ရုပ် နာမ် ခန္ဓာ အားလုံး ဖြစ်ပျက်မှုရပ်ဆုံးတော့တယ်၊ သံသရာ အစက အဝိဇ္ဇာ, အဆုံးက နိဗ္ဗာန်၊ အဲဒီနိဗ္ဗာန်သို့ ရောက်မှ ဆင်းရဲကင်းပ သန္တိသုခဖြင့် ချမ်းသာလှတယ်လို့ ဆိုတယ်။

သင်္ခါရာ နာမရူပေတိ၊
စတုဋ္ဌာနေဟိ သင်္ခတာ။
ပိဋ္ဌိတတ္တာ စ တေ ဒုက္ခာ၊
တေသံ ဝူပသမော သုခေါ။
(ပထျာဝတ္တ)

စတုဋ္ဌာနေဟိ၊ တို့သည်။ နာမရူပါ၊ တို့ကို။ သင်္ခတာ၊ ကုန်၏။ ဣတိ တသ္မာ၊ ကြောင့်။ နာမရူပါ၊ တို့သည်။ သင်္ခါရာ၊ ကုန်၏။ တေ သင်္ခါရာ၊ ထို တေဘူမက နာမ်သင်္ခါရ ရုပ်သင်္ခါရတို့သည်။ ပိဋ္ဌိတတ္တာ၊ အဖြစ်ဒဏ် အပျက် ဒဏ်တို့ဖြင့် အဖန်ဖန် နှိပ်စက်အပ်သည်၏ အဖြစ်ကြောင့်။ ဒုက္ခာ၊ ဖြစ်ချည် ပျက်ချည် အတည်မကျ ဆင်းရဲလှကုန်၏။

တေသံ သင်္ခါရာနံ၊ ထိုဖြစ်ချည်ပျက်ချည် အတည်မကျ ဆင်းရဲလှသည့် ရုပ်-နာမ် သင်္ခါရတို့၏။ ဝူပသမော၊ ဖြစ်ပျက် ပြေငြိမ်း လက်စသိမ်း၍

ချုပ်ငြိမ်းရာမှန် မြတ်နိဗ္ဗာန်သည်။ သုခေါ၊ ဘယ်သောအခါ ဘယ်ကမ္ဘာမှ ဘယ်ဟာဒုက္ခ မရှိပ၍ ချမ်းသာကြီး ချမ်းသာလှပေ၏။

ဤ ဒေသနာတော်ကို နှလုံးထား၍ ယခုအခါ ဗုဒ္ဓဘာသာဝင် သူတော်စင် အပေါင်းတို့သည် ရုပ် နာမ် သင်္ခါရတရားတို့၏ မမြဲသော အဖြစ်, ဆင်းရဲသောအဖြစ်, အလိုမကျ အစိုးမရသော အဖြစ်ကို စဉ်းစား ဆင်ခြင်ပြီး မဂ်ပေါက်ဖိုလ်ဝင် နိဗ္ဗာန်ကို မြင်အောင် ဒါန သီလ ဘာဝနာ အလုပ်ကို ဝသွင်တွင်ကြီး အားထုတ်ကြကုန်ရာသတည်း။

တရားသိမ်း

သင်္ခါရဓမ္မ သညုတ္တံ၊
ဒေသနံ ဗုဒ္ဓဘာသိတံ။
သက္ကစ္စံယေဝ သုတွာန၊
'သာဓု သာဓူတိ' ဘာသထ။

(ပထ၂၁၀ဌ)

ဘောန္တော သပ္ပုရိသာ၊ သာသနာ့ခေတ် အကြုံတွင်မှ ဂုဏ်ထင် သိုက်မြိုက် ရဆိုက်စွာလှ ဓမ္မအမူး ရတနာထူးကို ဆည်းပူးယူငင် အိုဗုဒ္ဓ ဘာသာဝင် သူတော်စင်တို့။ တုမှေ၊ သင်သူတော်စင်တို့သည်။ ဗုဒ္ဓဘာသိ တံ၊ ဘုရားမြတ်စွာမိန့်မှာဆုံးမ ဟောပြတော်မူအပ်သော။ သင်္ခါရဓမ္မသညုတ္တံ၊ ရုပ်နာမ်နှစ်ချက် ဖြစ်ပျက်မနား သင်္ခါရတရားတို့နှင့်စပ်ယှဉ်သော။ ဒေသနံ၊ သိမ်မွေ့နက်နဲ ခက်ခဲ ဆန်းကြယ် ကျင့်ဘွယ်များလှ သင်္ခါရ ဒေသနာတော် ကို။ သက္ကစ္စံယေဝ၊ သဒ္ဓါတရား အရင်းခံထား၍ လေးစားရိုသေစွာသာ လျှင်။ သုတွာန၊ အားပါးတရ သဘောကျပင် နာကြပြီး ၍။ သာဓု သာဓူတိ၊ သာဓု သာဓု သာဓု ဟူ၍။ ဘာသထ၊ သာယာချိုမြ နှုတ်မြွက်ဟ၍ ဆိုလိုက်ကြကုန်လော့။

(သာဓု သာဓု သာဓု)

ဝေပုလ္လပဗ္ဗတသုတ် သင်္ခါရတရားတော် ပြီး၏။

(သံယုတ္တနိကာယ ခန္ဓဝဂ္ဂ အနတ္တလက္ခဏသုတ်)

# ဝနံစရေခါကာပမာဒေသနာ

ဥယျောဇန

လောကနာယေန ကထိတံ၊
ဒေသနံ သုတိ ဒုလ္လဘံ။
အဝိက္ခေပေန မနသာ၊
တုမှေ သုဏာထ သာဓဝေါ။

(ဥဘာယ မကာရ ဝိပုလာ)

ဘောဒ္ဓေါ သပ္ပုရိသာ၊ တရားနာယူ ဗိုလ်လူအပေါင်း အို....သူတော်ကောင်းတို့။ သာဓဝေါ၊ ကိုယ်နှုတ်စိတ်ကို ထိန်းချုပ် ပြေ့ပျောင်း သူတော်ကောင်းဖြစ်ကုန်သော။ တုမှေ၊ သင်တို့သည်။ လောကနာထေန၊ သတ္တလောက၏ အားထားမှီတွယ် ကိုးကွယ်ရာ အစစ် ဖြစ်ကြီး ဖြစ်တော်မူသော ဘုရားရှင်သည်။ ကထိတံ၊ ဝေနေယျများ ချမ်းသာပွားဘို့ ဟောကြားတော် မူအပ်သော။ သုတိ ဒုလ္လဘံ၊ ကမ္ဘာသချေ လွန်လေပါလည်း ကြုံလာမှုနဲ ကြားနာရခဲသော။ ဒေသနံ၊ သံသရာလွှတ်ရေး နည်းပေးလမ်းပြ ဝနစရကောပမာ ဒေသနာတော်ကို။ အဝိက္ခေပေန၊ ထိုထိုအာရုံ မသွားကုန်ကြ တည်ကြည်လှသော။ မနသာ၊ သဒ္ဓါရှေ့သွား သမာဓိ စိတ်ထားဖြင့်။ သုဏာထ၊ အခွင့်သာခိုက် လုံ့လစိုက်၍ နာလိုက်ကြကုန်လော့။

ဒီကနေ့ သံသရာ လွှတ်ရေး နည်းပေး လမ်းပြ ဝနစရကောပမာ ဒေသနာတော်ကြီးကို အားသည်းခွန်စိုက် ဟောကြား လိုက်ရမှာပေါ့၊ သံသရာ တောအုပ်တွင်းဝယ် တဝဲလည်လည် မျက်စိလည် လမ်းမှားပြီး သွားချင်ရာသွား ရောက်ချင်ရာရောက် ကမောက်ကမ ဒုက္ခတွေ အတန်တန်နှင့် လမ်းမှန်ကို ရှာကြံလို့မရ သံသရာတောအုပ်တွင်းမှ မလွှတ်ကင်း မထွက်မြောက်နိုင်သေးကြတဲ့ သံသရာ ခရီးသွား ဒုက္ခသည် သတ္တဝါများ

ဖြစ်ကြတဲ့ သင်သူတော်ကောင်းတို့သည် အားရပါးရ 'ငါတို့သည် သံသရာတောအုပ်တွင်းမှ လွတ်ကင်း ထွက်မြောက်ရန် လမ်းမှန်ကို ရပြီ' ဟဲ့လို့ သဒ္ဓါရွှေဆောင်သွား တည်ကြည်သော စိတ်ထားဖြင့် ကြိုးစားပြီး နာကြားကြပါ။

## ဥပမာနဝဆ၊

လွန်လေပြီးသော အတိတ်ခေတ်က လူ့ရပ်ဌာနေမှ မဝေးလွန်းသော အရပ်ဝယ် အလွန်ကြီးကျယ်တဲ့ တောအုပ်ကြီးတခုရှိသတဲ့၊ အဲဒီ တောအုပ်ကြီးအတွင်းမှာ ခြင်္သေ့ သစ် ကျား စတဲ့ ဘေးရန်တွေကလဲ အလွန်ပေါများတယ် ဆိုဘဲ။

အခါတပါး ခရီးသွား ယောကျ်ား တယောက်ဟာ မျက်စိလည်လမ်းမှားပြီး ထိုတောအုပ်အတွင်းသို့ ရောက်သွားရာ တောအုပ်ကြီးအတွင်းမှ ထွက်မြောက်ရန် လမ်းမှန်ကို ရှာကြံလို့ မရဘူးတဲ့။

ထိုအခိုက်မှာ တောအရပ်တွင် ကျင်လည်ကျက်စား သွားလာ နေတဲ့ တောတွင်း တောလမ်း ခရီးကျွမ်းတဲ့ တောမုဆိုးကြီးတဦးနှင့် တွေ့ကြုံပါကရောတဲ့၊ ဒီအခါမှာ တောမုဆိုးကြီးက "အမောင်ယောကျ်ား ခရီးသွား ဒီတောအုပ်ကြီးအတွင်းမှာ ခြင်္သေ့ သစ် ကျား စတဲ့ ဘေးရန်တွေ အလွန်တရာ ပေါများလှတယ်၊ ယခု သင်မြန်း ခရီးလမ်းက တောခန်းမြိုင်ခွင်တောအုပ်တွင်လည် လမ်းမှားမည်၏၊ များသည်ရန်ဘေး ကြုံရေးမြင်တွေ့ ခြင်္သေ့ သစ် ကျား သားရဲများနှင့် သားစားဘီလူး စွယ်ပြူးရက္ခိုသ် ဆိုးမိုက် လူမျိုး သူခိုးဓားပြ ထကြွရန်မူ ကယ်သူကင်းပ သတ်ဖြတ်ကြလိမ့်မည်၊ ယခု သင့်အား တောအုပ်ကြီးအတွင်းမှ ထွက်မြောက်ရန် လမ်းမှန်ကို ညွှန်ကြားပေအံ့။

"ဤခရီးလမ်းကား တောအုပ်ကြီးအတွင်းမှ ထွက်မြောက်ရန် ခရီးလမ်းမှန်ဖြစ်ပေတယ်၊ ဤခရီးလမ်းဖြင့် သွားပါ၊ မကြာမတင် တောအုပ်ခွင်မှ ထွက်မြောက်ပြီး ခြင်္သေ့ သစ် ကျား စတဲ့ ဘေးရန်တွေမှ လွတ်မြောက်ကာ ချမ်းသာရာ အရပ်သို့ ရောက်ပါလိမ့်မည်" ဟု လမ်းမှန်ကိုညွှန်ကြားသတဲ့၊ ခရီးလမ်းမှန်ဖြင့် သွားလေလျှင် မကြာမတင် တောအုပ်ခွင်မှ ထွက်မြောက်

ပြီး ခြင်္သေ့ သစ် ကျား စတဲ့ ဘေးရန်တွေမှ လွတ်မြောက်ကာ ချမ်းသာရာ အရပ်သို့ ရောက်သွားသတဲ့။

သီဟာဒီဟိ မောစေတွာန၊
ပထိကာယ ဝနန္တရေ။
သုပ္ပထ္ထ ဒဿေတွာန၊
ဌာနံ ပါပေတိ နိဗ္ဗယံ။
(ဥဘယ မကာရ ဝိပုလာ)

ဝနစရကော၊ တောတွင်း တောလမ်း ခရီး ကျွမ်းသည့် တောခန်း ပျော်ပိုက် တောလိုက် မုဆိုးသည်။ ဝနန္တရေ၊ ခြင်္သေ့စသား သားရဲများနှင့် ဘေးများရန်ပြင်း တောအုပ်အတွင်း၌။ ပထိကာယ၊ မျက်စိလည် လမ်းမှား ခရီးသွားအား။ သုပ္ပထံ၊ တောမှထွက်ကြောင်း လမ် မှန် လမ်းကောင်း ကို။ ဒဿေတွာန၊ ဤသည့်လမ်းက တောခန်းဝါမှ ထွက်ရာကေန် လမ်းမှန် ပါဟု သေချာ ဂန ညွှန်ကာပြ၍။ သီဟာဒီဟိ၊ ခြင်္သေ့ စသား ဘေးရန် များတို့မှ။ မောစေတွာန၊ မယှက်မနှောက် လွတ်မြောက်စေပြီး ၍။ နိဗ္ဗယံ၊ အန္တရာယ်မငြိ ဘေးမရှိသော။ ဌာနံ၊ တောမှ ထွက်လတ် ချမ်းသာရာ အရပ်သို့။ ပါပေတိ၊ မကွေ့မကောက် ချမ်းသာ မြောက်အောင် ရောက်စေလေ၏။

## ဥပမာန လိုရင်းပြ

ဒီ ဥပမာန် ဝတ္ထုထဲမှာ—

၁။ တောအုပ်ကြီးကိုလဲ ပြလျက်ရှိတယ်၊

၂။ ခြင်္သေ့ သစ်ကျား စတဲ့ ဘေးရန်တွေကိုလဲ ပြလျက်ရှိတယ်၊

၃။ မျက်စိလည် လမ်းမှား ခရီးသွား ယောကျ်ားကိုလဲ ပြလျက် ရှိတယ်၊

၄။ တောမုဆိုးကြီးကိုလဲ ပြလျက်ရှိတယ်၊

၅။ တောအုပ်ကြီးထဲမှ လွတ်မြောက်ရန် လမ်းမှန်ကိုလဲ ပြလျက် ရှိ ာယ်၊

၆။ ထိုလမ်းမှန်ဖြင့် သွားတဲ့ ခရီးသွားယောကျ်ားကိုလဲ ပြသျက် ရှိတယ်၊

## ဥပမာန ဥပမေယျ ဆက်သွယ်ပြ

၁။ တောအုပ်ကြီးကဲ့သို့ သံသရာကြီးကို မှတ်ရမည်၊

၂။ ခြင်္သေ့ သစ် ကျား စတဲ့ ဘေးရန်တွေကဲ့သို့ ဇာတိ, ဇရာ, ဗျာဓိ, မရဏ စတဲ့ ဘေးရန်တွေကို မှတ်ရမည်။

၃။ မျက်စိလည် လမ်းမှား ခရီးသွား ယောကျ်ားကဲ့သို့ သံသရာခရီး သွား သတ္တဝါများကို မှတ်ရမည်၊

၄။ မုဆိုးကြီးကဲ့သို့ ဘုရားကိုယ်တော်မြတ်ကြီးကို မှတ်ရမည်၊

။ တောအုပ်ကြီးထဲမှ ထွက်မြောက်ရန် လမ်းမှန်ကဲ့သို့ ဘုရားရှင်၏ ဒေသနာတရားကို မှတ်ရမည်၊

၆။ ထိုလမ်းမှန်ဖြင့် သွားတဲ့ ခရီးသွားယောကျ်ားကဲ့သို့ ဘုရားရှင်၏ ဒေသနာ လမ်းမှန်ဖြင့် ကျင့်ကြံ သွားကြတဲ့ သတ္တဝါများကို မှတ်သားရမည်။

## တောအုပ်ကြီးပမာ သံသရာ

**သံသရာဆိုတာ**

ခန္ဓာနဉ္စ ပဋိပါဋိ၊
ဓာတု အာယတနာန စ။
အဗ္ဗောစ္ဆိန္နံ ဝတ္တမာနာ၊
သံသာရောတိ ပဝုစ္စတိ။

ခန္ဓာနဉ္စ၊ ရုပ်နာမ်နှစ်ပုံ စုပုံတည်လာ ငါးခန္ဓာတို့၏ လည်းကောင်း။ ဓာတု အာယတနာနဉ္စ၊ တဆယ့်ရှစ်ခု ဓာတုသညာ ဆယ့်နှစ်ဖြာရ အာယတန တို့၏ လည်းကောင်း။ အဗ္ဗောစ္ဆိန္နံ၊ ဥပါဒ်, ဌီ, ဘင် အစဉ်မပြတ်။ ဝတ္တမာနာ၊ သဘာဝမို့ ယိုချို့မရဖြစ်ကြသော။ ပဋိပါဋိ၊ ရှေ့နောက်ဖြစ်ပျက် စဉ်အဆက်ကို။ သံသာရောတိ၊ သံသရာ ဟူ၍။ ပဝုစ္စတိ၊ ဂုဏ်သကတ်လိုက် သမိုက်ပညတ် ခေါ်ဆိုအပ်၏။

ဤကဲ့သို့ ဟောတော်မူသောကြောင့်

ခန္ဓာ, အာယတန ,ဓာတ်တို့၏ ဥပါဒ်,ဌီ, ဘင် အစဉ်မပြတ် ဆက်စပ်ပြီး ဖြစ်တဲ့ အစဉ်ကို ''သံသရာ''လို့ ဆိုတယ်။

ဒီသံသရာကြီးဟာ ဇာတိ, ဇရာ, ဗျာဓိ, မရဏ စတဲ့ ဘေးရန်တွေနှင့် အလွန်တရာ ကျယ်ဝန်း ရှုပ်ထွေး ရန်ဘေး များလှတယ်၊ တောအုပ်ကြီး ဟာ ခြင်္သေ့ သစ် ကျား စတဲ့ ဘေးရန်တွေနှင့် ကျယ်ဝန်းရှုပ်ထွေး ရန်ဘေး များတာလို သံသရာကြီးဟာလဲ ဇာတိ, ဇရာ, မရဏ စတဲ့ ဘေးရန်တွေနှင့် ကျယ်ဝန်း ရှုပ်ထွေး ရန်ဘေးများလှသောကြောင့် တောအုပ်ကြီးကဲ့သို့ သံသရာကြီးကို မှတ်ရမည်လို့ ဆိုတယ်။

## ခြင်္သေ့စသည်ဟူသော ဇာတျာဒိဘယာ

ဇာတိစတဲ့ ဘေးတွေဆိုတာ

ဇာတိဘေး, ဇရာဘေး, ဗျာဓိဘေး, မရဏဘေး, သောကဘေး, ပရိဒေဝဘေး, ဒုက္ခဘေး, ဒေါမနဿဘေး, ဥပါယာသဘေး, အပါယ်ဘေး, ဝဋ်ဆင်းရဲဘေး, အဲဒီ ဒုက္ခ သောင်းပြောင်း ဘေးအပေါင်းတွေကို ဆိုတယ်။

ပဋိသန္ဓေနေကာ ခန္ဓာအသစ် ဖြစ်ပေါ်လာခြင်းကို ဇာတိဘေးလို့ ဆိုတယ်။

ဖြစ်ပေါ်လာတဲ့ ခန္ဓာတို့၏ အိုမင်းရင့်ရော်ခြင်းကို ဇရာဘေးလို့ ဆိုတယ်။

ဖြစ်ပေါ်လာတဲ့ ခန္ဓာတို့၏ ဆိုးဆိုးဝါးဝါး အနာရောဂါ များဖြင့် မအီမသာ ကျင်နာခြင်းကို ဗျာဓိဘေးလို့ ဆိုတယ်။

ဖြစ်ပေါ်လာတဲ့ ခန္ဓာတို့၏ ပြိုကွဲ ပျက်စီးခြင်းကို မရဏ ဘေးလို့ ဆိုတယ်။

စိုးရိမ်ပူဆွေးခြင်းကို သောကဘေးလို့ ဆိုတယ်။

ငိုကြွေးခြင်းကို ပရိဒေဝဘေးလို့ ဆိုတယ်။

ကိုယ်၏ဆင်းရဲခြင်းကို ဒုက္ခဘေးလို့ ဆိုတယ်။

စိတ်၏ဆင်းရဲခြင်းကို ဒေါမနဿဘေးလို့ ဆိုတယ်။

ပြင်းစွာ ပင်ပန်းခြင်းကို ဥပါယာသ ဘေးလို့ ဆိုတယ်။

အပါယ်လေးပါး၌ ဖြစ်ရခြင်းကို အပါယ်ဘေးလို့ ဆိုတယ်။

ဝဋ်အတွင်း၌ ဖြစ်ရခြင်းကို ဝဋ်ဆင်းရဲဘေးလို့ ဆိုတယ်။

ဒီ ဇာတိ, ဇရာ, ဗျာဓိ, မရဏ စတဲ့ ဘေးရန်တွေက သံသရာကြီးထဲ၌ ကျင်လည်နေကြတဲ့ သံသရာ့ခရီးသွား သတ္တဝါများကို ညှဥ်းဆဲ နှိပ်စက် သတ်ဖြတ်ကြတယ်။

ခြင်္သေ့ သစ် ကျား စတဲ့ ဘေးရန်တွေဟာ တောအုပ်ကြီးအတွင်းမှာ မျက်စိလည် လမ်းမှားနေတဲ့ ခရီးသွား ယောကျ်ားအား ညှဥ်းဆဲ နှိပ်စက် သတ်ဖြတ်ကြတာလို ဇာတိ, ဇရာ, ဗျာဓိ, မရဏ စတဲ့ ဘေးရန်တွေကလဲ သံသရာကြီးထဲမှာ ကျင်လည်နေကြတဲ့ သံသရာခရီးသွား သတ္တဝါများကို ညှဥ်းဆဲ နှိပ်စက် သတ်ဖြတ်ကြသောကြောင့် ခြင်္သေ့ သစ် ကျား စတဲ့ဘေးရန်တွေကဲ့သို့ ဇာတိ,ဇရာ,ဗျာဓိ,မရဏ စတဲ့ ဘေးရန်တွေကို မှတ်ရမည်လို့ ဆိုတယ်။

## မျက်စိလည်လမ်းမှား ယောကျ်ားပမာ သတ္တဝါများစွာ

**သတ္တဝါတွေ ဆိုတာ**

လူကောင် နတ်ကောင် ဗြဟ္မာကောင် ငရဲကောင် တိရစ္ဆာန်ကောင် ပြိတ္တာကောင် အသုရကာယ်ကောင် ဆိုတဲ့ သုံးဆယ့်တစ် သံသရာဝဋ်အတွင်းမှာ ဖြစ်ဖြစ်သမျှ မလွတ်ကင်းနိုင်သေးကြတဲ့ သတ္တဝါ အနန္တကို ဆိုတယ်။

ဒီသတ္တဝါတွေဟာ သံသရာကြီးထဲမှာ မျက်စိလည် လမ်းမှားပြီးသွားချင် ရာသွား ရောက်ချင်ရာရောက် ကမောက်ကမ ဒုက္ခတွေ အတန်တန်နှင့် သံသရာကြီးထဲမှ ထွက်မြောက်ရန် လမ်းမှန်ကို ရှာကြံလို့ မရကြဘူးတဲ့။

မျက်စိလည် လမ်းမှားတဲ့ ခရီးသွား ယောကျ်ားဟာ တောအုပ်ကြီး အတွင်းမှ ထွက်မြောက်ရန် လမ်းမှန်ကို ရှာကြံလို့ မရတာလို သံသရာ ခရီးသွား သတ္တဝါများဟာလဲ သံသရာကြီးထဲမှ ထွက်မြောက်ရန် လမ်းမှန် ကို ရှာကြံလို့ မရကြခြင်းကြောင့် မျက်စိလည် လမ်းမှား ခရီးသွား ယောကျ်ားကဲ့သို့ သံသရာခရီးသွား သတ္တဝါများကို မှတ်ရမယ်လို့ ဆိုတယ်။

## တောမှဆိုးကြီးပမာ ဘုရားမြတ်စွာ

### ဘုရား ရှင် ဆိုတာ

သဗ္ဗညုတ ဉာဏ်စတဲ့ နာမကာယ, သုံးဆယ့်နှစ်ပါးသော ယောကျ်ား မြတ်တို့၏ လက္ခဏာတော်ကြီး, ရှစ်ဆယ်သော လက္ခဏာတော်ငယ်တို့ဖြင့် တန်ဆာဆင်ထားတဲ့ ရူပကာယ၊ ဤ နာမကာယ, ရူပကာယတော်ရှိတဲ့ အနုတ္တရ ပုဂ္ဂလဝိသေသကို ဘုရားလို့ ဆိုတယ်။

အဲဒီ ဘုရား ကိုယ်တော်မြတ်ကြီးဟာ သံသရာမှ ထွက်မြောက်ရန် ဒေသနာ ခရီးလမ်းမှာတော့ အလွန်ပင် ကျွမ်းကျင်တော်မူတယ်၊ ဒါကြောင့် လဲ သံသရာကြီးထဲမှာ မျက်စိလည် လမ်းမှားပြီး သွားချင်ရာသွား ရောက် ချင်ရာရောက် ကမောက်ကမ • ဒုက္ခတွေ အတန်တန်နှင့် သံသရာကြီးထဲမှ ထွက်မြောက်ရန် လမ်းမှန်ကို ရှာကြံလို့ မရကြတဲ့ သံသရာခရီးသွား သတ္တဝါများတို့အား သံသရာကြီးထဲမှ ထွက်မြောက်ရန် ဒေသနာတော် တည်းဟူသော လမ်းမှန်ကို ဟောဖော်ညွှန်ကြားတော်မူဘယ်။

တောတွင်း တောလမ်း ခရီးကျွမ်းတဲ့ တောမှဆိုးကြီးဟာ တောအုပ် ကြီးအတွင်းမှာ မျက်စိလည်လမ်းမှား ခရီးသွားယောကျ်ားအား တောအုပ် ကြီးအတွင်းမှ ထွက်မြောက်ရန် လမ်းမှန်ကို ညွှန်ကြားတာလို သံသရာထွက် လမ်းခရီးကျွမ်းတဲ့ ဘုရားကိုယ်တော်မြတ်ကြီးကလဲ သံသရာကြီးထဲမှာမျက်စိ လည် လမ်းမှားပြီးနေတဲ့ သံသရာခရီးသွား သတ္တဝါများတို့အား သံသရာ ကြီးထဲမှ ထွက်မြောက်ရန် ဒေသနာတော် တည်းဟူသော လမ်းမှန်ကို ဟောဖော် ညွှန်ကြားတော်မူခြင်းကြောင့် တောမှဆိုးကြီးကဲ့သို့ ဘုရားကိုယ် တော်မြတ်ကြီးကို မှတ်ရမယ်လို့ ဆိုတယ်။

## လမ်းမှန်ပမာ ဒေသနာ

### ဒေသနာ ဆိုတာ

ဘုရားကိုယ်တော်မြတ်ကြီးက ကောဏ္ဍည အစ သုဘဒ်အဆုံး လေးဆယ့် ငါးဝါ ကာလပတ်လုံး ဟောကြားပြသ ဆုံးမတော်မူခဲ့တဲ့ အာဏာဒေသနာ

သုစမ္မဝတီ(က)၁၀၀–၁၀

ဝေါဟာရ ဒေသနာ ပရမတ္ထ ဒေသနာ ဝိနည်း သုတ် အဘိဓမ္မာ ပိဋကတ် သုံးဖြာကို ဒေသနာလို့ ဆိုတယ်၊ ဒီဒေသနာတွေဟာ သံသရာကြီးထဲမှာ မျက်စိလည် လမ်းမှားပြီး နေကြတဲ့ သံသရာခရီးသွား သတ္တဝါများတို့အား သံသရာကြီးထဲမှ လွတ်မြောက်ရန် လမ်းမှန်ဖြစ်တယ်လို့ မှတ်ရမည်။

မှဆိုးညွှန်ကြားတဲ့ ခရီးလမ်းမှန်ဟာ တောအုပ်ကြီးအတွင်းမှာ မျက်စိလည် လမ်းမှားပြီးနေတဲ့ ခရီးသွား ယောကျ်ားအား တောအုပ်ကြီးအတွင်းမှ ထွက်မြောက်ရန် လမ်းမှန် ဖြစ်တာလို ဘုရားကိုယ်တော် မြတ်ကြီး ဟောဖော်ညွှန်ကြားတဲ့ ဒေသနာများဟာလဲ သံသရာကြီးထဲမှာ မျက်စိလည် လမ်းမှားပြီးနေတဲ့ သံသရာခရီးသွား သတ္တဝါများတို့အား သံသရာကြီးထဲမှ ထွက်မြောက်ရန် လမ်းမှန်ဖြစ်ခြင်းကြောင့် တောအုပ်ကြီးထဲမှ ထွက်မြောက်ရန် လမ်းမှန်ကဲ့သို့ ဘုရားရှင်၏ ဒေသနာတရားကို မှတ်သားရမည်လို့ ဆိုတယ်။

## လမ်းမှန်သွားတဲ့ ယောကျ်ားပမာ ဒေသနာ ကျင့်တဲ့ သတ္တဝါ များစွာ

ဒေသနာကျင့်တဲ့ သတ္တဝါများစွာ ဆိုတာ

အာဏာဒေသနာမှာ လာတဲ့ အဓိသီလသိက္ခာကို ပြည့်စုံအောင် ဖြည့်ကျင့်တဲ့ သတ္တဝါတွေ၊ ဝေါဟာရဒေသနာမှာ လာတဲ့ အဓိစိတ္တသိက္ခာကို ပြည့်စုံအောင် ဖြည့်ကျင့်တဲ့ သတ္တဝါတွေ၊ ပရမတ္ထ ဒေသနာမှာ လာတဲ့ အဓိပညာ သိက္ခာကို ပြည့်စုံအောင် ဖြည့်ကျင့်တဲ့ သတ္တဝါတွေ၊ ဒီဒေသနာ သုံးရပ်မှာလာတဲ့ အဓိသီလ, အဓိစိတ္တ, အဓိပညာ ဆိုတဲ့ သိက္ခာသုံးပါး အကျင့်တရားကို ပြည့်စုံအောင် ဖြည့်ကျင့်တဲ့ သတ္တဝါတွေကို ဒေသနာကျင့်တဲ့ သတ္တဝါများစွာလို့ ဆိုတယ်။

ဒီဒေသနာကျင့်တဲ့ သတ္တဝါတွေဟာ ပဟာန် သုံးချက်ဖြင့် ဝီတိက္ကမ ကိလေသာ, ပရိယုဋ္ဌာန ကိလေသာ ,အနုသယ ကိလေသာတို့ကို ပယ်ဖျက်နိုင်ပြီး ဝိဇ္ဇာသုံးပါး အဘိညာဏ်ခြောက်ပါး ပဋိသမ္ဘိဒါ လေးပါးတို့ကို ရရှိကြကာ ရုပ် နာမ် မျိုးစေ့ ပြတ်ပြီး ဘဝသစ်မှာ သတ္တဝါခေါ်စရာ ရုပ်နာမ်ခန္ဓာ မဖြစ်ပေါ်လာတော့ဘူး။

ရုပ်နာမ်ခန္ဓာ မဖြစ်ပေါ်လာခြင်းကြောင့် ရုပ်နာမ်နှစ်ရပ် မပြတ်ဖြစ်ပျက်မှုဆိုတဲ့ သံသရာလဲ မရှိနိုင်တော့ဘူး၊ ဖြစ်ပျက် သံသရာမှ ထွက်မြောက်ပြီးဟု မှတ်ရမည်၊ သံသရာမှ ထွက်မြောက်ပြီးတဲ့ သတ္တဝါတိုင်းပင် ရုပ်နာမ်ခန္ဓာ အသစ် ဖြစ်ပေါ်လာမှု ဇာတိ, အိုမင်းရင့်မရော်မှု ဇရာ, ကျင်နာမှု ဗျာဓိ, ပြိုကွဲပျက်စီးမှု မရဏ အစရှိဘဲ့ ဘေးအပေါင်းမှလဲ လွတ်မြောက်တော့တယ်၊ ရုပ်နာမ်ခန္ဓာ ငြိမ်းခြင်းသဘောမျှ နိဗ္ဗာနဓာတ် ချမ်းသာမြတ်သို့ ရောက်ရတော့တယ်လို့ မှတ်ရမည်။

မှုဆိုး ညွှန်ကြားတဲ့ ခရီးလမ်းမှန်ဖြင့် သွားတဲ့ယောကျ်ားဟာ တောအုပ်ကြီးထဲမှ ထွက်မြောက်ပြီး ခြသေ့ သစ် ကျား စတဲ့ ဘေးရန်တွေမှ လွတ်မြောက်ကာ ချမ်းသာရာအရပ်သို့ ရောက်ဘာလို ဘုရားဟောဖော် ညွှန်ကြားတော်မူတဲ့ ဒေသနာ ခရီးလမ်းမှန်ဖြင့် ကျင့်ကြံသွားလာကြတဲ့ သတ္တဝါတွေဟာလဲ သံသရာကြီးထဲမှ ထွက်မြောက်ပြီး ဇာတိ, ဇရာ, ဗျာဓိ, မရဏ, စတဲ့ ဘေးရန်တွေမှ လွတ်မြောက်ကာ နိဗ္ဗာန်သို့ရောက်ရခြင်းကြောင့် မှုဆိုးညွှန်ကြားတဲ့ လမ်းမှန်ဖြင့်သွားတဲ့ ခရီးသွားယောကျ်ားကဲ့သို့ ဘုရားရှင်၏ ဒေသနာလမ်းမှန်ဖြင့် ကျင့်ကြံသွားကြတဲ့ သတ္တဝါများကို မှတ်သားရမည်လို့ ဆိုတယ်။

ဇာဘျာဒိဟိ မောစေတွာန၊
ပထိကာနံ ဝနန္တရေ။
သုပ္ပထဥ္စ ဒဿေတွာန၊
ဌာနံ ပါပေတိ နိဗ္ဗုယံ။

(ဥဘယ မကာရ ဝိပုလာ)

မဂ္ဂဒေသကော၊ သံသရာထွက်ခန်း နိဗ္ဗာန်နန်းသို့ ရောက်လမ်းပြညွှန် အမှန်ထွင်ထား မြတ်ဘုရားသည်။ ဝနန္တရေ၊ ရုပ်နာမ်နှစ်ချက် ဖြစ်ပျက်ဖန်ခါ သံသရာ တည်းဟူသော တောအုပ်ကြီး အတွင်း၌။ ပထိကာနံ၊ မျက်စိလည်လမ်းမှား သံသရာခရီးသွား သတ္တဝါများတို့အား။ သုပ္ပထံ၊ သံသရာထွက်ကြောင်း ဒေသနာတော် တည်းဟူသော လမ်းကောင်းကို။ ဒဿေတွာန၊ ဤလို ဤသို့ ကျင့်ပါလို့ဟု ကျင့်ဘို့ဌာန ဟောညွှန်ပြ၍။

ဇာတျာဒီဟိ၊ ဇာတိစသား ဘေးရန်များတို့မှ။ မောစေတွာန၊ မယှက်မနှောက် လွတ်မြောက်စေပြီး၍။ နိဗ္ဗာယံ၊ အန္တရာယ်မငြိ ဘေးမရှိသော။ ဌာနံ၊ သံသရာထွက်လတ် နိဗ္ဗာန်တည်းဟူသော အရပ်သို့။ ပါပေတိ၊ မကွေ့ မကောက် ချမ်းသာမြောက်အောင် ရောက်စေတော်မူ၏။

## အနတ္တလက္ခဏသုတ် အကျဉ်းချုပ်ဒေသနာ

ဗုဒ္ဓမြတ်စွာ ကျင့်ဘွယ် ဒေသနာ များစွာတို့တွင် တခုသော ဒေသနာတော်သည် ကား—

ချစ်သားရဟန်းတို့ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ် ဆိုတဲ့ ခန္ဓာငါးပါးကို အနတ္တလို့ ရှုကြရမည်။

ချစ်သားရဟန်းတို့ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ် ဆိုတဲ့ ခန္ဓာ ငါးပါးဟာ အတ္တတရားဖြစ်ခဲ့ပါလျှင် ဖောက်ပြန် ပျက်စီးမှု မဖြစ်နိုင်ရာဘူး၊ ငါ၏ခန္ဓာ ငါးပါးဟာ ဒီလိုဖြစ်စေ ဒီလိုမဖြစ်စေနှင့်လို့ အလိုကျအောင် စေခိုင်းလို့လဲ ရမည်။

ချစ်သားရဟန်းတို့ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ် ဆိုတဲ့ ခန္ဓာ ငါးပါးဟာ အနတ္တတရား သက်သက်မျှသာ ဖြစ်တယ်၊ ဒါကြောင့်လဲ ဖောက်ပြန် ပျက်စီးမှု ဖြစ်ရတယ်၊ ငါ၏ ခန္ဓာငါးပါးဟာ ဒီလို ဖြစ်စေ ဒီလို မဖြစ်စေနှင့်လို့ အလိုကျအောင် စေခိုင်းလို့လဲ မရဖြစ်တယ်။

ချစ်သားရဟန်းတို့ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ် ဆိုတဲ့ ခန္ဓာငါးပါးဟာ မြဲတဲ့သဘောတဲ ရှိသလား၊ မမြဲတဲ့ သဘောတဲ ရှိသလား။

ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား.... မမြဲတဲ့ သဘောတဲ ရှိပါ၏ ဘုရား။

ချစ်သားရဟန်းတို့ မမြဲတဲ့ သဘောတဲရှိတဲ့ ရုပ်, ဝေဒနာ, သညာ သင်္ခါရ, ဝိညာဏ် ဆိုတဲ့ ခန္ဓာငါးပါးဟာ ဆင်းရဲတဲ့ သဘောတဲ ရှိသလား၊ ချမ်းသာတဲ့ သဘောတဲ ရှိသလား။

ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား.... ဆင်းရဲတဲ့ သဘောတဲ ရှိပါ၏ ဘုရား။

ချစ်သားရဟန်းတို့ မမြဲတဲ့ သဘော၊ ဆင်းရဲတဲ့ သဘော၊ ဖောက်ပြန်တဲ့ သဘောရှိတဲ့ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ် ဆိုတဲ့ ခန္ဓာ ငါးပါးကို ငါ၏ ဥစ္စာတည်း၊ ငါတည်း၊ ငါ၏ အတ္တာတည်းဟု တဏှာ၊ မာန၊ ဒိဋ္ဌိတို့ဖြင့် မှားမှား ယွင်းယွင်း ရှုမြင်ခြင်းငှါ သင့်ပါ့မလား။

ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား....မသင့်ပါဘုရား။

ချစ်သားရဟန်းတို့ ထို့ကြောင့်လျှင်—

အတိတ်ကာလမှာဖြစ်တဲ့ ခန္ဓာငါးပါး၊ အနာဂတ်ကာလမှာ ဖြစ်တဲ့ ခန္ဓာငါးပါး၊ ပစ္စုပ္ပန်ကာလမှာဖြစ်တဲ့ ခန္ဓာငါးပါး။

ကိုယ်တွင်း သန္တာန်မှာ ဖြစ်တဲ့ ခန္ဓာငါးပါး၊ ကိုယ်ပသန္တာန်မှာ ဖြစ်တဲ့ ခန္ဓာငါးပါး။

ရုန့်ရင်း ကြမ်းတမ်းတဲ့ ခန္ဓာငါးပါး၊ သိမ်မွေ့နူးညံ့တဲ့ ခန္ဓာငါးပါး။

ယုတ်ညံ့တဲ့ ခန္ဓာငါးပါး၊ မွန်မြတ်တဲ့ ခန္ဓာငါးပါး။

အဝေးမှာဖြစ်တဲ့ ခန္ဓာငါးပါး၊ အနီးမှာဖြစ်တဲ့ ခန္ဓာငါးပါး။

ဒီ အလုံးစုံသော ခန္ဓာငါးပါးကို ငါ၏ ဥစ္စာ မဟုတ်၊ ငါမဟုတ်၊ ငါ၏ အတ္တာ မဟုတ်ဟု မဖောက် မပြန် ဟုတ်တိုင်း မှန်စွာ ရှုရမည်။

ချစ်သားရဟန်းတို့ ဤကဲ့သို့ရှုတဲ့ ငါဘုရား၏ တပည့်သားဟာ ခန္ဓာ ငါးပါးမှာ ငြီးငွေ့မှု ဖြစ်ပေါ်လာမည်၊ ငြီးငွေ့မှု ဖြစ်ပေါ်လာခြင်းကြောင့် ခန္ဓာငါးပါးမှာ တပ်နှစ်သက်ခြင်း တဏှာကင်းမည်၊ တဏှာ ကင်းခြင်း ကြောင့် ကိလေသာမှ လွတ်ပြီး ရဟန္တာ အဖြစ်ကို ရကာ ဘဝသစ်မှာ တဖန် ပဋိသန္ဓေ မနေရ၊ နိဗ္ဗာန်ကို ရပြီဟု ဟောတော်မူသည်။

ကောဏ္ဍည၊ ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာမ်၊ အဿဇိ ဆိုတဲ့ ပဉ္စဝဂ္ဂီ ငါဦးတို့လဲ မြတ်စွာဘုရား၏ အနတ္တ လက္ခဏသုတ် ဒေသနာ တရားကို နှစ်သက် အားရ ရှိသေစွာ နာကြားကြပြီး ဒေသနာတော်၏ အဆုံးမှာ ငါးဦး လုံးပင် အရဟတ္တဖိုလ်ကို ရ၍ ရဟန္တာ ဖြစ်ကြကာ သံသရာကြီးထဲမှ ထွက်မြောက်ပြီး ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ စတဲ့ ဘေးရန်တွေမှ လွတ်မြောက်ကာ နိဗ္ဗာန်သို့ ရောက်တော်မူကြတယ်။

## ဘုရားဒေသနာ ကျင့်ကြံပါ

ဤဒေသနာတော်ကို နှစ်လုံးထား၍ ယခုအခါ ရတနာသုံးတန် ကံ၊ ကံ၏အကျိုးကို လေးစားယုံကြည်ကြကုန်သော ရဟန်း လူရှင် သူတော်စင်တို့သည် သံသရာကြီးထဲမှ ထွက်မြောက်ပြီး ဇာတိ, ဇရာ, ဗျာဓိ, မရဏ စသည်တို့မှ လွတ်မြောက်ကာ နိဗ္ဗာန်သို့ ရောက်အောင် မြတ်စွာဘုရား၏ ဒေသနာတရားကို နာကြားကျင့်ကြံကြကုန်ရာသတည်း။

### တရားသိမ်း

ကဲ-တရားသိမ်းကြစို့ရဲ—

အင်္ဂီရသေန ကထိတံ၊
ဒေသနံ သုတိဒုလ္လဘံ။
သက္ကစ္စံယေဝ သုတ္ဝာန၊
'သာဓု သာဓူ'တိ ဘာသထ။
(ပဌမ နကာရ ဝိပုလာ)

ဘောန္တော၊ တရားနာလာကြတဲ့ အို....ဒကာ ဒကာမတို့။ တုမှေ၊ ဓမ္မသဘင် တရားနာဝင်ကြသည့် သင်တို့သည်။ အင်္ဂီရသေန၊ အင်္ဂီရသ ဘွဲ့ထူးရသည့် လောကထွဋ်တင် ဘုရားရှင်သည်။ ကထိတံ၊ နည်းပေးလမ်းပြ နိဗ္ဗာန် ရအောင် ဟောပြတော်မူအပ်သော။ သုတိဒုလ္လဘံ၊ ကမ္ဘာသချေ်၊ လွန်လေကြာလည်း ကြုံလာမှုနဲ့ ကြားနာရခဲသော။ ဒေသနံ၊ သံသရာ လွတ်ရေး နည်းပေးလမ်းပြ ဝနစရကောပမာ ဒေသနာတော်ကို။ သက္ကစ္စံယေဝ၊ သံသရာမှ မြန်စွာလွတ်ကြောင်း လမ်းဟောင်းသာဟု သဒ္ဓါ စိတ်ထား လေးစားရိုသေစွာသာလျှင်။ သုတွာန၊ အားရပါးရ နာကြားကြပြီး၍။ သာဓု သာဓူတိ၊ သာဓု သာဓု သာဓု ဟူ၍။ ဘာသထ၊ သုံးကြိမ် သုံးဝ နှုတ်မြွက်ဟ၍ ဆိုလိုက်ကြကုန်လော့။

(သာဓု သာဓု သာဓု)

အနုတ္တလက္ခဏာသုတ်

ဝနစရကောပမာ ဒေသနာ ပြီး၏။

(သံယုတ္တနိကာယ မဟာဝဂ္ဂ သစ္စသံယုတ် ခန္ဓသုတ်)

# သစ္စာလေးပါးတရားတော်

## သစ္စာလေးပေါ် ခန္ဓသုတ် ပါဠိတော်

စတ္တာရိမာနိ ဘိက္ခဝေ အရိယ သစ္စာနိ၊ ကတမာနိ စတ္တာရိ၊ ဒုက္ခံ အရိယသစ္စံ, ဒုက္ခသမုဒယံ အရိယသစ္စံ, ဒုက္ခနိရောဓံ အရိယသစ္စံ, ဒုက္ခနိရောဓ ဂါမိနီ ပဋိပဒါ အရိယသစ္စံ။

ကတမဉ္စ ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ။

ပဉ္စုပါဒါနက္ခန္ဓာတိဿ ဝစနီယံ။

သေယျထိဒံ၊ ရူပုပါဒါနက္ခန္ဓော ဝေဒနုပါဒါနက္ခန္ဓော သညုပါဒါနက္ခန္ဓော သင်္ခါရုပါဒါနက္ခန္ဓော ဝိညာဏုပါဒါနက္ခန္ဓော၊ ဣဒံ ဝုစ္စတိ ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ။

ကတမဉ္စ ဘိက္ခဝေ ဒုက္ခသမုဒယံ အရိယသစ္စံ။

ယာယံ တဏှာ ပေါနောဗ္ဘဝိကာ နန္ဒီရာဂသဟဂတာ တတြတတြာဘိနန္ဒိနီ။

သေယျထိဒံ၊ ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ၊ ဣဒံ ဝုစ္စတိ ဘိက္ခဝေ ဒုက္ခသမုဒယံ အရိယသစ္စံ။

ကတမဉ္စ ဘိက္ခဝေ ဒုက္ခနိရောဓံ အရိယသစ္စံ။

ယော တဿာယေဝ တဏှာယ အသေသ ဝိရာဂ နိရောဓော စာဂေါ ပဋိနိဿဂ္ဂေါ မုတ္တိ အနာလယော၊ ဣဒံ ဝုစ္စတိ ဘိက္ခဝေ ဒုက္ခနိရောဓံ အရိယသစ္စံ။

ကတမဉ္စ ဘိက္ခဝေ ဒုက္ခနိရောဓ ဂါမိနီ ပဋိပဒါ အရိယသစ္စံ။

အာယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ။

သေယျထိဒံ၊ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ သမ္မာဝါစာ သမ္မာကမ္မန္တော သမ္မာအာဇီဝေါ သမ္မာဝါယာမော သမ္မာသတိ သမ္မာသမာဓိ၊ ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ။

ဣမာနိ ခေါ ဘိက္ခဝေ စတ္တာရိ အရိယသစ္စာနိ။

**သစ္စာလေးပါး**

၁။ ဒုက္ခသစ္စာ
၂။ သမုဒယသစ္စာ
၃။ နိရောဓသစ္စာ
၄။ မဂ္ဂသစ္စာ

လို့ သစ္စာလေးပါး ဘုရားဟောထားတယ်။

**ဒုက္ခသစ္စာ**

ဥပါဒါန်၏ အာရုံဖြစ်တဲ့—

၁။ ရူပက္ခန္ဓာ
၂။ ဝေဒနာက္ခန္ဓာ
၃။ သညာက္ခန္ဓာ
၄။ သင်္ခါရက္ခန္ဓာ
၅။ ဝိညာဏက္ခန္ဓာ

ဒီခန္ဓာ ငါးပါးကို ဒုက္ခသစ္စာလို့ ဟောတော်မူတယ်၊ ဒုက္ခသစ္စာလို့ မှတ်ရမည်။

**သမုဒယသစ္စာ**

၁။ ကာမတဏှာ
၂။ ဘဝတဏှာ
၃။ ဝိဘဝတဏှာ

ဒီတဏှာ သုံးပါးကို သမုဒယသစ္စာလို့ ဟောတော်မူတယ်၊ သမုဒယ သစ္စာလို့ မှတ်ရမည်။

နိရောဓသစ္စာ

တဏှာကုန်ရာ မဂ်ဖိုလ်တို့၏ အာရုံဖြစ်တဲ့

၁။ နိဗ္ဗာန်

ဒီ နိဗ္ဗာန်ကို နိရောဓသစ္စာလို့ ဟောတော်မူတယ်၊ နိရောဓ သစ္စာလို့ မှတ်ရမည်။

မဂ္ဂသစ္စာ

၁။ သမ္မာဒိဋ္ဌိ
၂။ သမ္မာသင်္ကပ္ပ
၃။ သမ္မာဝါစာ
၄။ သမ္မာကမ္မန္တ
၅။ သမ္မာအာဇီဝ
၆။ သမ္မာဝါယာမ
၇။ သမ္မာသတိ
၈။ သမ္မာသမာဓိ

ဒီ မဂ္ဂင် ရှစ်ပါး အကျင့်တရားကို မဂ္ဂသစ္စာလို့ ဟောတော်မူတယ်၊ မဂ္ဂသစ္စာလို့ မှတ်ရမည်။

ဒုက္ခ

ဒုက္ခ ဆိုတာ ဘာလဲ၊ "ဒု ကုစ္ဆိတံ ခံ တုစ္ဆံ ဒုက္ခံ"။

ဒု ကုစ္ဆိတံ၊ စက်ဆုပ်ဖွယ်ချည်း။ ခံ တုစ္ဆံ၊ အချည်းနှီး။ ဒုက္ခံ၊ စက်ဆုပ်ဖွယ်ချည်း အချည်းနှီး။

သစ္စာ

သစ္စာဆိုတာ ဘာလဲ၊ "သဘာနံ သစ္စံ"။

သတနံ၊ မှန်ကန်ခြင်း။ သစ္စံ၊ မှန်ကန်ခြင်း။

## ဒုက္ခသစ္စာ

နှစ်ရပ် ပေါင်းလိုက်တော့ ဒုက္ခ သစ္စာ ဆိုတာ စက်ဆုပ် ဖွယ်ချည်း အချည်းနှီးသာ မှန်ကန်တယ်လို့ ဆိုတယ်။

ဥပါဒါန်၏ အာရုံဖြစ်တဲ့ ရူပက္ခန္ဓာ, ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာ ဤခန္ဓာငါးပါး ရုပ်နာမ် တရားတွေဟာ များစွာသော ဥပဒ္ဒဝေါတို့၏ တည်ရာဖြစ်သောကြောင့် စက်ဆုပ်ရွံရှာ ဖွယ်လည်း ဖြစ်တယ်တဲ့။

မိစ္ဆာဆက်ဆံ ဉာဏ်မသန့်သူ မိုက်သောသူတို့ ကြံဆထားတဲ့ ဓုဝ, မြဲတယ်၊ သုဘ, တင့်တယ်၊ သုခ, ချမ်းသာတယ်၊ အတ္တ, ကိုယ်ပိုင် ကိုယ်စိုး၊ ဒီသဘောတွေမှ ဆိတ်သောကြောင့်လည်း အနှစ်မပါ အကာခွံချည်း အချည်းနှီးလည်း ဖြစ်တယ်တဲ့။

ဒါကြောင့် ဒီဥပါဒါန်၏ အာရုံဖြစ်တဲ့ ခန္ဓာငါးပါး ရုပ်နာမ်တရား တွေကို ဒုက္ခတရားတွေလို့ ဆိုတယ်။

ဒီ ဒုက္ခတရားတွေမှာ ဒုက္ခသမင်္ဂီ ပုဂ္ဂိုလ်ကို ညှဉ်းဆဲ နှိပ်စက်တတ်တဲ့ **ပီဠန** သဘောဆိုတာ ရှိတယ်။

ကံ, စိတ်, ဥတု, အာဟာရ ဟူသော အကြောင်းလေးခု ပေါင်းစုပြုပြင် စီရင်ရခြင်းဆိုတဲ့ **သင်္ခတ** သဘောလည်း ရှိတယ်။

ကိလေသာ ဟူသော ပူပန်စေတတ်သော တရားနှင့် ယှဉ်ခြင်းကြောင့် ထက်ဝန်းကျင် ပူပန်စေခြင်းဆိုတဲ့ **သန္တာပ** သဘောလည်း ရှိတယ်။

ဇရာ, မရဏ ဟူသော နှစ်ပါးသော အဘို့တို့ဖြင့် ဖောက်ပြန်စေအပ် သည်၏ အဖြစ်ဟူသော **ဝိပရိဏာမ** သဘောလည်း ရှိတယ်။

ဒီ ပီဠန, သင်္ခတ, သန္တာပ, ဝိပရိဏာမ ဆိုတဲ့ သဘောလေးမျိုး ရှိခြင်း ကြောင့်ပင် ဒီဒုက္ခ တရားတွေ၏ ဒုက္ခ သဘာဝသည် မှန်ကန်တယ်၊ ဒါကြောင့် ဒီဒုက္ခတရားတွေကို ဒုက္ခသစ္စာလို့ ဆိုတယ်။

## သမုဒယ

သမုဒယဆိုတာ ဘာလဲ၊ သမုဒယ=သံ+ဥ+အယ။

'သံ' သဒ္ဒါ သံယောဂတ္ထ၊ အဝိဇ္ဇာ စသော အကြောင်းတပါးနှင့် ပေါင်းဆုံခြင်း အနက်ဟော။

'ဥ'သဒ္ဒါ ဥပ္ပတ္တျတ္ထ၊ ဖြစ်ခြင်းအနက်ဟော။

'အယ' သဒ္ဒါ ကာရဏတ္ထ၊ အကြောင်းအနက်ဟော။

"အဝိဇ္ဇာဒိကေန ကာရဏန္တရေန သင်္ဂမေ သတိ ဒုက္ခသစ္စံ သမုဒေတိ ပုနပ္ပုနံ ဥဒေတိ ဝဍ္ဎတီတိ ဒုက္ခသမုဒယော"

အဝိဇ္ဇာဒိကေန၊ အဝိဇ္ဇာ အစရှိသော။ ကာရဏန္တရေန၊ အကြောင်း တပါးနှင့်။ သင်္ဂမေ၊ ပေါင်းဆုံမိခြင်းသည်။ သတိ၊ ဖြစ်လတ်သော်။ ဒုက္ခသစ္စံ၊ ဒုက္ခသစ္စာကို။ သမုဒေတိ၊ ဖြစ်ပွားစေတတ်၏။ ပုနပ္ပုနံ၊ အဖန် တလဲလဲ။ ဥဒေတိ ဝဍ္ဎတိ၊ ဖြစ်ပွားစေတတ်၏။ ဣတိ၊ ထို့ကြောင့်။ ဒုက္ခ သမုဒယော၊ ဒုက္ခသစ္စာကို ဖြစ်ပွားစေတတ်တဲ့ သမုဒယသစ္စာမည်၏။

## သစ္စာ

သစ္စာဆိုတာ ဘာလဲ၊ "သတနံ သစ္စံ"။

သတနံ၊ မှန်ကန်ခြင်း။ သစ္စံ၊ မှန်ကန်ခြင်း။

## သမုဒယသစ္စာ

နှစ်ရပ်ပေါင်းလိုက်တော့ ဒုက္ခသစ္စာကို ဖြစ်ပွားစေတတ်တာမှန်တယ်လို့ ဆိုတယ်၊ ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာ ဤတဏှာသုံးပါး လောဘတရားဟာ အဝိဇ္ဇာ စတဲ့ အကြောင်းတပါးနှင့် ပေါင်းဆုံမိလျှင် ခန္ဓာငါးပါး ဒုက္ခတရားကို ဖြစ်ပွားစေတတ်သောကြောင့် ဒီတဏှာ သုံးပါး လောဘတရားကို ဒုက္ခသမုဒယ တရားလို့ ဆိုတယ်။

ဒီ ဒုက္ခသမုဒယတရားမှာ ထိုထိုအာရုံ ဘုံဘဝတို့၌ သာယာစုံမက် နှစ်သက်သည်၏အစွမ်းဖြင့် ပြန့်နှံ့ပြီး ဒုက္ခစည်ပင် ပြန့်ပွားများပြားအောင် အပေါင်းအစုပြုခြင်း **အာယူဟန** သဘောဆိုတာ ရှိတယ်။

ဒုက္ခကို ညွန်ပြသကဲ့သို့ ဖြစ်စေခြင်း နိဒါန သဘော ဆိုတာလည်း ရှိတယ်။

ဝဋ်အတွင်းမှ မလွတ်ကင်းသေးတဲ့ သတ္တဝါတွေကို သံသရာ ဒုက္ခ၌ ယှဉ်စေခြင်း **သံယောဂ** သဘောလည်း ရှိတယ်။

မဂ် ဖိုလ် နိဗ္ဗာန်ကို ဆီးတားပိတ်ပင်တဲ့ **ပလိဗောဓ သဘော** ဆိုတာလည်း ရှိတယ်။

ဒီ အာယူဟန, နိဒါန, သံယောဂ, ပလိဗောဓ ဆိုတဲ့ သဘောလေးမျိုး ရှိခြင်းကြောင့်ပင် ဒီ ဒုက္ခသမုဒယ တရား၏ ဒုက္ခ သမုဒယ သဘာဝဟာ မှန်ကန်တယ်၊ ဒါ့ကြောင့် ဒီ ဒုက္ခ သမုဒယ တရားကို သမုဒယ **သစ္စာ**လို့ ဆိုတယ်။

## နိရောဓ

နိရောဓ ဆိုတာ ဘာလဲ၊ နိရောဓ = နိ + **ရောဓ**။

'နိ' သဒ္ဒါ အဘာဝတ္ထ၊ မရှိခြင်းအနက်ဟော။

'ရောဓ' သဒ္ဒါ စာရကတ္ထ၊ သံသရာနှောင်ချိုင့် အနက်ဟော။

"အဘာဝေါ တေသ္မိံ ရောဓဿာတိ နိရောဓော"

တေသ္မိံ နိဗ္ဗာနေ၊ ထိုနိဗ္ဗာန်၌။ ရောဓဿ၊ သံသရာ နှောင်ချိုင့်၏။ အဘာဝေါ၊ မရှိခြင်းသည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ထို့ကြောင့်။ သော၊ ထိုနိဗ္ဗာန်သည်။ နိရောဓော၊ နိရောဓ မည်၏။

## သစ္စာ

သစ္စာ ဆိုတာ ဘာလဲ၊ "သတနံ သစ္စံ"။

သတနံ၊ မှန်ကန်ခြင်း။ သစ္စံ၊ မှန်ကန်ခြင်း။

## နိရောဓသစ္စာ

နှစ်ရပ်ပေါင်းလိုက်တော့ နိဗ္ဗာန်ဟာ သံသရာ နှောင်ချိုင့် မရှိရာ ဌာန ဒုက္ခတွေ ချုပ်ငြိမ်းရာဌာန မှန်တယ်လို့ ဆိုတယ်။

တဏှာ သုံးပါး ဒုက္ခတရားမှ ထွက်မြောက်ရာ နိဗ္ဗာန်၊ ဒီ နိဗ္ဗာန်ဟာ သံသရာ နှောင်ချိုင့် မရှိရာဌာန ဒုက္ခတွေ ချုပ်ငြိမ်းရာဌာန ဖြစ်သောကြောင့် ဒီ နိဗ္ဗာန်ကို **နိရောဓ** တရားလို့ ဆိုတယ်။

နိရောဓ တရားမှာ ဝဋ်မှ လွတ်မြောက်တတ်တဲ့ **နိဿရဏ သဘော** ဆိုတာ ရှိတယ်။

ဥပဓိတရားတို့မှ ဆိတ်တဲ့ **ဝိဝေက** သဘောဆိုတာလည်း ရှိတယ်။

အကြောင်းတရား လေးပါးတို့ မပြုပြင် မစီရင်အပ်သည်၏ အဖြစ် ဟူသော အသင်္ခတ သဘောဆိုတာလည်း ရှိတယ်။

စုတေရွေ့လျောခြင်း ကင်းသည်၏ အဖြစ်ဟူသော အမတ သဘော ဆိုတာလည်း ရှိတယ်။

ဒီ နိဿရဏ, ဝိဝေက, အသင်္ခတ, အမတ ဆိုတဲ့ သဘောလေးမျိုး ရှိခြင်းကြောင့်ပင် ဒီ နိရောဓတရား၏ နိရောဓ သဘာဝဟာ မှန်ကန်တယ်၊ ဒါ့ကြောင့် ဒီ နိရောဓတရားကို နိရောဓသစ္စာလို့ ဆိုဘယ်။

## မဂ္ဂ

မဂ္ဂဆိုတာ ဘာလဲ၊ မဂ္ဂ = မာရေန္တ + ဂ။

'မာရေန္တ'သဒ္ဒါ မာရဏတ္ထ၊ သတ်ခြင်းအနက်ဟော။

'ဂ'သဒ္ဒါ ဂမနတ္ထ၊ သွားခြင်းအနက်ဟော။

"ကိလေသေ မာရေန္တော နိဗ္ဗာနံ ဂစ္ဆတီတိ မဂ္ဂေါ"

ကိလေသေ၊ တထောင့်ငါးရာ ကိလေသာတို့ကို။ မာရေန္တော၊ သမုစ္ဆေဒ ပဟာနဖြင့် လုလုံယ်ဖြတ် အသေသတ်လျက်။ နိဗ္ဗာနံ၊ ဒုက္ခပငြိမ်း ငြိမ်းရာအမှန် မြတ်နိဗ္ဗာန်သို့။ ဂစ္ဆတိ၊ အာရုံပြုလတ် သွားရောက်တတ်၏။ ဣတိ၊ ထို့ကြောင့်။ မဂ္ဂေါ၊ မဂ်မည်၏။

**မှတ်ချက်။** ။"မာရေန္တ ဂေါ"တိ ဝတ္တဗ္ဗေ ဝဏ္ဏလောပ နိရုတ္တိနယေန ဝါ ဝဏ္ဏာဂမာဒိ သုတ္တေန ဝါ ရေန္တ သဒ္ဒဿ လောပံ ဂကာရာဂမံ အာကာရဿ စ ရဿတ္တံ ကတွာ မဂ္ဂေါတိ ဝုတ္တံ။ (သီ–ဋီ)

'မာရေန္တဂ'ဆိုလိုလျက် ဝဏ္ဏလောပ နိရုတ္တိ နည်းဖြင့် 'ရေန္တ' ပုဒ်ကိုချေ၊ ဝဏ္ဏာဂမ နိရုတ္တိနည်းဖြင့် 'ဂ'လာ၊ ဝဏ္ဏဝိကာရ နိရုတ္တိ နည်းဖြင့် မာ၌ အာကို ရဿပြု၍ မဂ္ဂ ပြီးစေ၊ ကစ္စည်း သုတ်များလည်း ပြု၍ မဂ္ဂ ပြီးစေ။

## သစ္စာ

သစ္စာ ဆိုတာ ဘာလဲ၊ "သတနံ သစ္စံ"။

သတနံ၊ မှန်ကန်ခြင်း၊ သစ္စံ၊ မှန်ကန်ခြင်း။

### မဂ္ဂသစ္စာ

နှစ်ရပ်ပေါင်းလိုက်တော့ အင်္ဂါ၈ ကမင်္ဂဟာ တဏှာသုံးဖြာ အရင်းပါတဲ့ တထောင့်ငါးရာ ကိလေသာတွေကို ပယ်ဖြတ်သတ်ပြီး ဒုက္ခ ပ,လပ်တဲ့ နိဗ္ဗာန်ရပ်သို့ သွားရောက်တဲ့ အကျင့် မှန်တယ်လို့ ဆိုတယ်။

သမ္မာဒိဋ္ဌိ (ပ) သမ္မာသမာဓိ၊ ဒီမဂ္ဂင် ရှစ်ပါး အကျင့်တရားဟာ တဏှာ သုံးဖြာ အရင်းပါတဲ့ တထောင့်ငါးရာ ကိလေသာတွေကို ပယ်ဖြတ် သတ်ပြီး ဒုက္ခ ပ,လပ်တဲ့ နိဗ္ဗာန်ရပ်သို့ သွားတတ်တဲ့ အကျင့်ဖြစ်သော ကြောင့် ဒီ မဂ္ဂင်ရှစ်ပါး အကျင့်တရားကို မဂ္ဂ တရားလို့ ဆိုတယ်။

ဒီမဂ္ဂ တရားတွေမှာ သံသရာဝဋ်မှထွက်မြောက်ခြင်း **နိယျာန** သဘော ဆိုတာ ရှိတယ်၊ နိဗ္ဗာန်သို့ ရောက်ကြောင်း **ဟေတု** သဘောဆိုတာလည်း ရှိတယ်၊ နိဗ္ဗာန်ကိုမြင်ခြင်း **ဒဿန** သဘော ဆိုတာလည်း ရှိတယ်၊ သစ္စာ ကို မြင်ခြင်း၌ သမ္ပယုတ်တရားတို့၌ မိမိအစိုးရသည်၏ အဖြစ်ကို ပြုတတ် သည်၏ အဖြစ်ဟူသော **အာဓိပတေယျ** သဘောဆိုတာလည်း ရှိတယ်။

ဒီ နိယျာန, ဟေတု, ဒဿန, အာဓိပတေယျ ဆိုတဲ့ သဘောလေးမျိုး ရှိခြင်းကြောင့်ပင် ဒီမဂ္ဂတရားတွေ၏ မဂ္ဂ သဘာဝဟာ မှန်ကန်တယ်၊ ဒါ့ကြောင့် ဒီ မဂ္ဂ တရားတွေကို မဂ္ဂသစ္စာလို့ ဆိုတယ်။

### ကိစ္စလေးပါး

ဒီ သစ္စာ လေးပါးမှာ--

၁။ ပရိညေယျကိစ္စ
၂။ ပဟာတဗ္ဗကိစ္စ
၃။ သစ္ဆိကာတဗ္ဗကိစ္စ
၄။ ဘာဝေတဗ္ဗကိစ္စ

လို့ ကိစ္စလေးပါး လာတယ်။

### ပရိညေယျကိစ္စ

"ဒုက္ခံ ဘိက္ခဝေ အရိယသစ္စံ ပရိညေယျံ"

လို့ ဟောတော်မူသောကြောင့် ဒုက္ခသစ္စာကို ပိုင်းခြားပြီး သိရမည်တဲ့။

ဘယ်လိုသိမလဲ၊ ဥပါဒါန်၏ အာရုံဖြစ်တဲ့ ရူပက္ခန္ဓာ, ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာ ဤခန္ဓာငါးပါး ရုပ်နာမ်တရားကား မုချ ဒုက္ခသစ္စာသာတည်း၊ အယုတ်အလွန် မရှိဟု ပိုင်းခြားပြီး သိရမည်တဲ့။

ဒေသိတံ သစ္စဗုဒ္ဓေန၊
ဒုက္ခန္တံ သစ္စ ဒေသနံ။
ပရိညာတံ သုဏိတ္ဗာန၊
ဝါယမေထ ဝိပဿနံ။

(ပထျာဝတ္တ)

သစ္စဗုဒ္ဓေန၊ သစ္စာသိမြင် ဘုရားရှင်သည်။ ဒေသိတံ၊ ဝေဖန်ပိုင်းခြား စည်းကမ်းထား၍ ဟောကြားအပ်သော။ ဒုက္ခံ၊ ဆင်းရဲအစုပ် စက်ဆုပ်ဖွယ်မျှ ဒုက္ခဖြစ်သော။ သစ္စဒေသနံ၊ မှန်ကန်လှစွာ သစ္စာဒေသနာတော်ကို။ သုဏိတွာန၊ သဒ္ဓါတရား အရင်းခံထားကာ နာကြားပြီး၍။ တံ ဒုက္ခသစ္စံ၊ ထိုဆင်းရဲအစုပ် စက်ဆုပ်ဖွယ်မျှ မှန်ကန်လှသည့် ဒုက္ခသစ္စာကို။ ပရိညာတံ၊ ဒုက္ခသစ္စာ ဤမျှသာဟု သေချာ ဂ,န မဂ်ဉာဏ်လုဖြင့် လှလှ ခွဲခြား အမှန်အားဖြင့် ပိုင်းခြားသိစိမ့်သောငှါ။ ဝိပဿနံ၊ ရှုအားထက်စွာ ဝိပဿနာ ဘာဝနာကို။ ဝါယမေထ၊ နေ့ညမယုတ် စွမ်းအားထုတ်လျက် ကြိုးကုတ်ကြပါကုန်လော့။

**ပဟာတဗ္ဗကိစ္စ**

"ဒုက္ခသမုယံ အရိယသစ္စံ"

လို့ ဟောတော်မူသောကြောင့် သမုဒယသစ္စာကို ပယ်ရမည်တဲ့။

ဘယ်လိုပယ်မလဲ၊ အစမထင်တဲ့ သံသရာတခွင်မှ စပြီး မိမိသန္တာန်မှာ အဖန်ဖန်ကိန်းပြီး ပါလာတဲ့ တဏှာနုသယ သမုဒယသစ္စာကို ဘဝသစ်မှာ တဖန် ခန္ဓာအသစ် မပြုနိုင်အောင် အဋ္ဌင်္ဂိက မဂ္ဂသစ္စာဖြင့် အကြွင်းမဲ့ ပယ်ရမည်တဲ့။

ဒေသိတံ သစ္စဗုဒ္ဓေန၊
တံ သမုဒယ ဒေသနံ။
ပဇဟိတုံ သုဏိတွာန၊
ဝါယမေထ ဝိပဿနံ။
(ပထ၂၁၀တ္တ)

သစ္စဗုဒ္ဓေန၊ လေးပါး သစ္စာ ကောင်းစွာ သိမြင် ဘုရားရှင်သည်။ ဒေသိတံ၊ ဝေနေယျများ သိစေသားဟု ဟောကြားအပ်သော။ သမုဒယ ဒေသနံ၊ ဒုက္ခသစ္စာ ဖြစ်စေငှါဟု အဖန်ဖန်ပြုတဲ့ သမုဒယသစ္စာ ဒေသနာတော်ကို။ သုဏိတွာန၊ သဒ္ဓါတရား အရင်းခံထားကာ နာကြားပြီး၍။ တံ သမုဒယသစ္စံ၊ ထိုဒုက္ခဖြစ်ပွား သမုဒယ သစ္စာတရားကို. ပဇဟိတုံ၊ အင်္ဂါက မဂ်ဉာဏ်လှဖြင့် လှလှဖြတ်ပယ် စွန့်ပယ်နိုင်စိမ့်သောငှါ။ ဝိပဿနံ၊ ရှုအား ထက်စွာ ဝိပဿနာ ဘာဝနာကို။ ဝါယမေထ၊ နေ့ညမယုတ် စွမ်းအားထုတ်လျက် ကြိုးကုတ်ကြပါကုန်လော့။

**သစ္ဆိကာတဗ္ဗကိစ္စ**

"ဒုက္ခနိရောဓံ အရိယသစ္စံ သစ္ဆိကာတဗ္ဗံ"

လို့ ဟောတော်မူသောကြောင့် နိရောဓ သစ္စာကို မျက်မှောက်ပြုရမည်တဲ့။

ဘယ်လိုပြုမလဲ၊ မျက်စိအမြင်ရှိတဲ့ ယောကျ်ားဟာ မျက်စိအတွင်းမှာ ထင်လာတဲ့ရူပါရုံတွေကို မျက်ဝါးထင်ထင် မြင်ရသကဲ့သို့ အင်္ဂါကမဂ်ဖြင့် သန္တိလက္ခဏာရှိတဲ့ နိဗ္ဗာန်, နိရောဓသစ္စာကို မျက်ဝါးထင်ထင် မြင်အောင် ပြုရမည်တဲ့။

ဒေသိတံ သစ္စဗုဒ္ဓေန၊
တေံ နိရောဓ ဒေသနံ။
သစ္ဆိကာတုံ သုဏိတွာန၊
ဝါယမေထ ဝိပဿနံ။
(ပထ၂၁၀တ္တ)

သစ္စဗုဒ္ဓေန၊ သစ္စာလေးခိုင် ကိုယ်တိုင်သိမြင် ဘုရားရှင်သည်။ ဒေသိတံ၊ ကျွတ်ထိုက်ဝေနေ ကျွတ်ပါစေဟု ခွဲဝေပိုင်းခြား ဟောကြားအပ်သော။

နိရောဓဒေသနံ၊ ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းငြေ နိရောဓသစ္စာ ဒေသနာ တော်ကို။ သုဏိတွာန၊ သဒ္ဓါတရား အရင်းခံထားကာ နာကြားပြီး၍။ တံ နိရောဓသစ္စံ၊ ထိုဒုက္ခခပ်သိမ်း ချုပ်ငြိမ်းငြေ နိရောဓ သစ္စာကို။ သစ္ဆိကာတုံ၊ အဌင်္ဂိက မဂ်ဉာဏ်လျှင် မျက်မှောက်ပြုရခြင်းငှါ။ ဝိပဿနံ၊ ရှုအားထက်စွာ ဝိပဿနာ ဘာဝနာကို။ ဝါယမေထ၊ နေ့ည မယုတ် စွမ်းအားထုတ်လျက် ကြိုးကုတ်ကြပါကုန်လော့။

## ဘာဝေတဗ္ဗကိစ္စ

"ဒုက္ခ နိရောဓ ဂါမိနီ ပဋိပဒါ အရိယသစ္စံ ဘာဝေတဗ္ဗံ"

လို့ ဟောတော်မူသောကြောင့် မဂ္ဂသစ္စာကို ပွားစေရမည်တဲ့။

ဘယ်လိုပွားစေရမလဲ၊ မဂ်ဉာဏ်ဟာ သမ္မာသင်္ကပ္ပ စသော ကြွင်းသော မဂ်တို့၏ သဟဇာတ စသော ပစ္စည်း၏ အစွမ်းဖြင့် အဌင်္ဂိက မဂ္ဂသစ္စာကို ပွားစေရမည်ဘဲ့။

ဒေသိတ သစ္စဗုဒ္ဓေန၊
မဂ္ဂံ တံ သစ္စဒေသနံ။
ဘာဝယိတုံ သုဏိတွာန၊
ဝါယမေထ ဝိပဿနံ။

(ပထျာဂါထာ)

သစ္စဗုဒ္ဓေန၊ သစ္စာလေးခိုင် ကိုယ်တိုင်သိမြင် ဘုရားရှင်သည်။ ဒေသိတ၊ ဝေနေယျများ သိစေသားဟု ဟောကြားအပ်သော။ မဂ္ဂံ၊ မဂ္ဂင်ရှစ်ပါး အကျင့်တရားဖြစ်သော။ သစ္စဒေသနံ၊ မှန်ကန်လှစွာ သစ္စာဒေသနာတော်ကို။ သုဏိတွာန၊ သဒ္ဓါတရား အရင်းခံထားကာ မှတ်သားနာယူပြီး၍။ တံ မဂ္ဂသစ္စံ၊ ထိုမဂ္ဂင်ရှစ်ပါး သစ္စာတရားကို။ ဘာဝယိတုံ၊ ဖြူစင်မြင့်မြတ် မဂ်ဉာဏ်မြတ်ဖြင့် ပိုင်းဖြတ်ထင်ရှား ပွားများနိုင်စိမ့်သောငှါ။ ဝိပဿနံ၊ ရှုအားထက်စွာ ဝိပဿနာ ဘာဝနာကို။ ဝါယမေထ၊ နေ့ည မယုတ် စွမ်းအား ထုတ်လျက် ကြိုးကုတ်ကြပါကုန်လော့။

## သစ္စာမြင်အောင် ကြိုးစားပါ

သစ္စာလေးပါး တရားတော်ကြီးလည်း ဟောကြားလို့ ပြီးဆုံးသွားပြီ၊ တရားတော်လာတိုင်း ကျင့်ကြံကြိုးကုတ် အားထုတ်ကြပါလျှင် သစ္စာ

လေးအင် သိမြင်ကြပြီး ဘဝဇာတ်သိမ်း ငြိမ်းရမှာဘဲ၊ ဒီသစ္စာလေးပါးကို သိမြင်ရန် အကျိုးငှါသာ တရားတော်ကို နာကြားကြတယ်၊ နာကြားပြီး သစ္စာလေးအင် သိမြင်အောင် ကြိုးစားကြပါ။

## တရားသိမ်း

ကဲ တရားသိမ်းကြစို့ရဲ—

ဒေသိတံ သစ္စဗုဒ္ဓေန၊
သုဏိတွာ သစ္စဒေသနံ။
တိက္ခတ္တုံ မောဒမာနာဝ၊
'သာဓု သာဓူတိ' ဘာသထ။

(ပဌ၂၁၀၉)

ဘောဒ္ဓော သပ္ပုရိသာ၊ အို တရားနာ ပရိသတ် အပေါင်း သူတော်ကောင်းတို့။ တုမှေ၊ ဓမ္မဿဝန ဒုလ္လဘကို အရယူငင် သင်သူတော်စင်တို့သည်။ သစ္စဗုဒ္ဓေန၊ သစ္စာလေးဆိုင် မြတ်ပန်းခိုင်ကို ကိုယ်တိုင်တော်နှု သယမ္ဘူဖြင့် ဆွတ်ချူပန်ဆင် ဘုရားရှင်သည်။ ဒေသိတံ၊ ငါ့အတူပေ များဝေ‌ရေ ကို လေးထွေသစ္စာ ပန်းမဟာကို လွယ်စွာဆွတ်ချူ ပန်ဆင်ယူ ဟု နည်းမူညွှန်လတ် ဟောကြားအပ်သော။ သစ္စဒေသနံ၊ သစ္စာလေးဖော် မြတ်ပန်းတော်ကို ဟောဖော်ညွှန်ပြ စတုသစ္စ ဒေသနာတော်ကို။ သုဏိတွာ၊ သစ္စာတရား အရင်းခံထားကာ နာကြားကြပြီး၍။ မောဒမာနာဝ၊ စိတ်စက် ချမ်းသာ ဝမ်းသာကြကုန်သည် ဖြစ်၍သာလျှင်။ တိက္ခတ္တုံ၊ သုံးကြိမ်သုံးခါ။ သာဓု သာဓူတိ၊ သာဓု, သာဓု, သာဓု ဟူ၍။ ဘာသထ၊ သာယာချိုမြ နှုတ်မြွက်ဟ၍ ဆိုလိုက်ကြကုန်လော့။

(သာဓု သာဓု သာဓု)

သစ္စာလေးပါး တရားတော် ပြီး၏။

(သံယုတ္တနိကာယ်မှ)

# သစ္စာလေးပါးတရားတော်

"စတ္တာရိမာနိ ဘိက္ခဝေ အရိယ သစ္စာနိ၊ ကတမာနိ စတ္တာရိ၊ ဒုက္ခံ အရိယသစ္စံ, ဒုက္ခသမုဒယံ အရိယသစ္စံ, ဒုက္ခ နိရောဓံ အရိယသစ္စံ, ဒုက္ခ နိရောဓ ဂါမိနီ ပဋိပဒါ အရိယသစ္စံ"

၁။ ဒုက္ခသစ္စာ

၂။ သမုဒယသစ္စာ

၃။ နိရောဓသစ္စာ

၄။ မဂ္ဂသစ္စာ

သစ္စာလေးပါးတရားကို ဟောကြားတော်မူခဲ့တယ်။

သူသူ ငါငါ သတ္တဝါတွေဟာ ဒီ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြား ထင်ထင်ထိုးထွင်း၍မသိမြင်ခြင်းကြောင့် ဘယ်မင်းလက်ထက်က ဘယ်ဘုရား လက်ထက်က အစပြုပြီး သတ္တဝါတွေဟာ ဖြစ်ပေါ်လာတယ်လို့ အစမထင် နိုင်အောင် ရှည်လျားတဲ့ သံသရာကြီးထဲမှာ သတ္တဝါတွေဟာ ရူပက္ခန္ဓာ, ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာ ဆိုတဲ့ ခန္ဓာငါးပါး အလွန်လေးလံတဲ့ ဒုက္ခဝန်ထုပ်ကြီးများကို ထမ်းရွက်သည်ပိုး ပြီး လာခဲ့ကြတယ်။

ပဋိသန္ဓေခဏ မွေးဖွားသည်မှစပြီး အသက်ရှည်သမျှ ကာလပတ်လုံး ခန္ဓာနာမ်ရုပ် ဝန်ထုပ်ကြီးကို ရေမိုး ချိုးပေးရတယ်၊ မွတ်သိပ် ဆာလောင် မှု ဖြစ်တိုင်း အစာအာဟာရ ကျွေးမွေးရတယ်၊ နူးညံ့သိမ်မွေ့တဲ့ ညောင် စောင်း အင်းပျဉ် ကုတင်ပေါ်မှာ ထိုင်စေခြင်း၊ အိပ်စေခြင်း၊ အချမ်း များလျှင် အပူကို ပေးခြင်း၊ အပူများလျှင် အချမ်းကို ပေးခြင်း၊ အနာရောဂါရောက်မှု ဆေးဝါးဖြင့် ဖျောက်ပယ်ခြင်း၊ အန္တရာယ်မရောက် အောင် စောင့်ရှောက်ရခြင်း၊ အမြဲတစေ ကိုးဒွါရမှ ယိုစီးထွက်ကျတဲ့

အညစ် အကြေးတွေကို သုတ်သင်ပေးရခြင်း စသည်ဖြင့် ထမ်းရွက်သည်ပိုး ရတယ်။

စုတိခဏမှာ တဘဝတွက် ကုန်ဆုံးပြီး ခန္ဓာဝန်ဟောင်းကို စွန့်ချကာ ဘဝသစ်မှာ ခန္ဓာဝန်သစ်ကို တဖန်ယူရပြန်တယ်။

ဤကဲ့သို့ တဘဝကုန်ဆုံးလျှင် နောက်တဘဝဆက်၊ တဘဝကုန်ဆုံးလျှင် နောက်တဘဝဆက်၊ ခန္ဓာဝန်ဟောင်းကို စွန့်ပစ်၍ ခန္ဓာဝန်သစ်ကို ယူ၊ ဥပါဒ်, ဌီ, ဘင်, ရုပ် နာမ် အစဉ်တွေဟာလဲ ပြတ်တယ်လို့ မရှိဘူး၊ တဖြစ်ထဲ ဖြစ် တပျက်ထဲပျက် သံသရာ မဆုံးမခြင်း ဖြစ်ပျက်ခန္ဓာ နာမ်ရုပ် ဒုက္ခဝန်ထုပ်ကြီးကို ထမ်းရွက် သည်ပိုးရတယ်၊ သုခဟူလို့ မှုမျှမဘာက် ဒုက္ခသက်သက်ဖြစ်တယ်၊ ဒုက္ခသက်သက်သာ ဟည်တယ်၊ ဒုက္ခသက်သက်သာ ပျက်တယ်၊ ဒုက္ခမှတပါး ဖြစ်တဲ့ တည်တဲ့ ပျက်တဲ့ ပုဂ္ဂိုလ် သတ္တဝါ ငါသူ တပါး ယောကျ်ား မိန်းမ ဘာ တစုံ တခုမျှ မရှိ ဒုက္ခသစ္စာ အတိမျှသာ ဖြစ်တယ်လို့ မှတ်ရမည်။

ဒါကြောင့် သဂါထာဝဂ္ဂ သံယုတ်ပါဠိတော်မှာ—

> "ဒုက္ခမေဝ ဟိ သမ္ဘောတိ၊
> ဒုက္ခံ တိဋ္ဌတိ ဝေတိ စ။
> နာညတြ ဒုက္ခာ သမ္ဘောတိ၊
> နာညံ ဒုက္ခာ နိရုဇ္ဈတိ"

ဟု ဟောတော်မူခဲ့တယ်။

ဒုက္ခမေဝ၊ ခန္ဓာငါးပါး ဒုက္ခ တရား သည်သာလျှင်။ သမ္ဘောတိ၊ အကြောင်းအားလျော်စွာ ဖြစ်ပေါ်လာ၏။ ဒုက္ခံဧဝ၊ ခန္ဓာငါးပါး ဒုက္ခတရားသည်သာလျှင်။ တိဋ္ဌတိ စ၊ ခဏဌီ ပဗန္ဓဌီဖြင့်တည်လည်းတည်၏။ ဝေတိ စ၊ ခဏနိရောဓ စုတိနိရောဓဖြင့် ပျက်လည်း ပျက်၏။ ဒုက္ခာ၊ ခန္ဓာငါးပါး ဒုက္ခတရားကို။ အညတြ၊ ပစ်ပယ်ရှောင်ရှား ကြဉ်ကာထား၍။ အညံ၊ တပါး ဟူဆို ပုဂ္ဂိုလ် သတ္တဝါ ငါသူတပါး ယောကျ်ား မိန်းမ ခေါ်ဆိုရတုံ တစုံ တခု သဘောစုသည်။ န သမ္ဘောတိ၊ တကယ်စင်စစ် မဖြစ်လာပေ။ ဒုက္ခာ၊ ခန္ဓာငါးပါး ဒုက္ခတရားကို။ အညတြ၊ ပစ်ပယ်ရှောင်ရှား ကြဉ်ကာထား၍။ အညံ၊ တပါးဟူဆို ပုဂ္ဂိုလ် သတ္တဝါ ငါသူတပါး ယောကျ်ား မိန်းမ

ခေါ်ဆိုရတုံ့ တစုံတခု သဘောစုသည်။ နန္ဒိရာဂ်ဟူသော၊ တဏှာမဟုတ်ပဲ မချုပ်လာပေ။

ယခုလက်ရှိ ရရှိဆဲဖြစ်တဲ့ လူလို့ခေါ်တဲ့ ခန္ဓာငါးစီး ဒုက္ခဝန်ထုပ်ကြီးက ဒုက္ခသစ္စာ စက်ဆုပ်ဘွယ်ချည်း အချည်းနှီးသာ ဆင်းရဲတာအမှန်ပါ။

ဒီဒုက္ခဝန်ထုပ်ကြီးကို ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာ ဆိုတဲ့ တဏှာသုံးပါးဖြင့် ထမ်းရွက်သည်ပိုး ယူဆောင်ခဲ့တယ်၊ အဲဒီ တဏှာ သုံးပါးက "သမုဒယသစ္စာ" ခန္ဓာဝန်ကို အဖန်ဖန် ဖြစ်စေ တတ်တာ အမှန်ပါ။

> ကာမတဏှာဒီသု ပဉ္စကာမဂုဏိကော ရာဂေါ ကာမ
> တဏှာ နာမ။
>
> ရူပါရူပ ဘဝရာဂေါ ဈာန နိကန္တိ သဿတဒိဋ္ဌိ
> သဟဂတော ရာဂေါတိ အယံ ဘဝတဏှာ နာမ။
>
> ဥစ္ဆေဒဒိဋ္ဌိ သဟဂတော ရာဂေါ ဝိဘဝတဏှာ နာမ။
>
> (ခန္ဓဝဂ္ဂသံယုတ် ဘာရသုတ် အဋ္ဌကထာ)

ဒီခန္ဓာဝန်ကို ဒုက္ခလို့ တကယ်မသိကြဘူး၊ ဒီတော့ ဒီခန္ဓာဝန်ကို လိုချင်နှစ်သက်ကြတယ်၊ ခန္ဓာဝန်ကို လိုချင်နှစ်သက်ခြင်းသည်ပင် ဒုက္ခကို လိုချင်နှစ်သက်သည်မည်ခြင်းကြောင့် ခန္ဓာဝန်ကို ဘဝတိုင်း ဘဝတိုင်း ရပြီး ဒုက္ခမှ မလွတ်မြောက်နိုင်ကြဘူး။

ဒါကြောင့် ခန္ဓဝဂ္ဂ သံယုတ်ပါဠိတော်မှာ–

> "ယော ဘိက္ခဝေ ရူပံ အဘိနန္ဒတိ၊ ဒုက္ခံ သော အဘိနန္ဒတိ၊ ယော ဒုက္ခံ အဘိနန္ဒတိ၊ 'အပရိမုတ္တော သော ဒုက္ခသ္မာ'တိ ဝဒါမိ။
>
> ယော ဝေဒနံ အဘိနန္ဒတိ၊ ယော သညံ အဘိနန္ဒတိ၊ ယော သင်္ခါရေ အဘိနန္ဒတိ၊ ယော ဝိညာဏံ အဘိနန္ဒတိ၊ ဒုက္ခံ သော အဘိနန္ဒတိ၊ ယော ဒုက္ခံ အဘိနန္ဒတိ၊ 'အပရိမုတ္တော သော ဒုက္ခသ္မာ'တိ ဝဒါမိ"

ဟု ဟောတော်မူခဲ့တယ်။

သုစမ္ပဝတိ(က)၁၀၀–၁၂

ဘိက္ခဝေ၊ သံသရာဘေး မြှော်ရှုတွေးငြား အိုချစ်သားတို့။ ယော၊ အမှတ်မထင် အကြင်သူသည်။ ရူပံ၊ ဖောက်ပြန်တတ်ငြား ရုပ်တရားကို။ အဘိနန္ဒတိ၊ ခုံမင်စုံမက် လိုချင်နှစ်သက်၏။ သော၊ ထိုရုပ်ကို စုံမက် လိုချင်နှစ်သက်သောသူသည်။ ဒုက္ခံ၊ ဖြစ်ပျက်မစဲ သံသရာ ဝဋ်ဆင်းရဲကို။ အဘိနန္ဒတိ၊ ခုံမင် စုံမက် လိုချင်နှစ်သက်သည် မည်၏။

ယော၊ အမှတ်မထင် အကြင်သူသည်။ ဒုက္ခံ၊ ဖြစ်ပျက်မစဲ သံသရာ ဝဋ်ဆင်းရဲကို။ အဘိနန္ဒတိ၊ ခုံမင်စုံမက် လိုချင်နှစ်သက်၏။ သော၊ ထို ဖြစ်ပျက်မစဲ သံသရာဝဋ်ဆင်းရဲကို ခုံမင်စုံမက် လိုချင်နှစ်သက်သူသည်။ ဒုက္ခသ္မာ၊ ဖြစ်ပျက်မစဲ သံသရာဝဋ်ဆင်းရဲမှ။ အပရိမုတ္တော၊ ဘယ်သောအခါ ဘယ်ကမ္ဘာမှ ဝဋ်လွှာထိုးဖောက် မလွတ်မြောက်နိုင်။ ဣတိ၊ ဤသို့။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဟောကြားပါ၏။

ယော၊ အမှတ်မထင် အကြင်သူသည်။ ဝေဒနံ၊ ခံစားတတ်စွာ ဝေဒနာကို။ အဘိနန္ဒတိ၊ ခုံမင်စုံမက် လိုချင်နှစ်သက်၏။

ယော၊ အမှတ်မထင် အကြင်သူသည်။ သညံ၊ မှတ်သားတတ်ငြား သညာတရားကို။ အဘိနန္ဒတိ၊ ခုံမင်စုံမက် လိုချင်နှစ်သက်၏။

ယော၊ အမှတ်မထင် အကြင်သူသည်။ သင်္ခါရေ၊ ပြုပြင်တတ်ငြား သင်္ခါရတရားတို့ကို။ အဘိနန္ဒတိ၊ ခုံမင်စုံမက် လိုချင်နှစ်သက်၏။

ယော၊ အမှတ်မထင် အကြင်သူသည်။ ဝိညာဏံ၊ အထူးသိငြား ဝိညာဏ်တရားကို။ အဘိနန္ဒတိ၊ ခုံမင်စုံမက် လိုချင်နှစ်သက်၏။

သော၊ ထိုခန္ဓာ စုံမက် လိုချင်နှစ်သက်သူသည်။ ဒုက္ခံ၊ ဖြစ်ပျက်မစဲ သံသရာ ဝဋ်ဆင်းရဲကို။ အဘိနန္ဒတိ၊ ခုံမင် စုံမက် လိုချင် နှစ်သက်သည် မည်၏။

ယော၊ အမှတ်မထင် အကြင်သူသည်။ ဒုက္ခံ၊ ဖြစ်ပျက်မစဲ သံသရာဝဋ်ဆင်းရဲကို။ အဘိနန္ဒတိ၊ ခုံမင်စုံမက် လိုချင်နှစ်သက်၏။ သော၊ ထိုဖြစ်ပျက်မစဲ သံသရာ ဝဋ်ဆင်းရဲကို ခုံမင်စုံမက် လိုချင်နှစ်သက်သူသည်။ ဒုက္ခသ္မာ၊ ဖြစ်ပျက်မစဲ သံသရာဝဋ်ဆင်းရဲမှ။ အပရိမုတ္တော၊ ဘယ်သောအခါ ဘယ်ကမ္ဘာမှ ဝဋ်လွှာထိုးဖောက် မလွတ်မြောက်နိုင်။ ဣတိ၊ ဤသို့။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဟောကြားပါ၏။

အဝိဇ္ဇာအမြစ်ပါတဲ့ တဏှာမျိုးစေ့ကြောင့် တဘဝပြီး တဘဝ, တဘဝပြီး တဘဝ ဆိုသလို ခန္ဓာအပင် ပေါက်နေတာကို ဉာဏ်မျက်စိဖြင့် စေ့စေ့ကြည့်ပြီး အဝိဇ္ဇာအမြစ်နှင့် တကွသော တဏှာမျိုးစေ့ကို အရဟတ္တမဂ်ဉာဏ် မီးတောက်ထဲမှာ ထည့်ပြီး ဖျက်ဆီးပစ်ပါလျှင် မျိုးစေ့ပျက်စီးသွားပြီး ခန္ဓာအပင် မပေါက်နိုင်တော့ဘူး၊ ခန္ဓာအပင်ကို မလိုချင်, မနှစ်သက်ပါလျှင် အဝိဇ္ဇာ အမြစ်ပါတဲ့ တဏှာမျိုးစေ့ကို ဖျက်ဆီးပစ်ရမည်၊ တဏှာမျိုးစေ့ ပျက်စီးလျှင် ခန္ဓာအပင် မပေါက်တော့ဘဲ သံသရာဝဋ်ဆင်းရဲမှ လွတ်မည်။

ဒါ့ကြောင့် ခန္ဓဝဂ္ဂ သံယုတ်ပါဠိတော်မှာ -

"ယော စ ခေါ ဘိက္ခဝေ ရူပံ နာဘိနန္ဒတိ၊ ဒုက္ခံ သော နာဘိနန္ဒတိ၊ ယော ဒုက္ခံ နာဘိနန္ဒတိ၊ 'ပရိမုတ္တော သော ဒုက္ခသ္မာ'တိ ဝဒါမိ။

ယော ဝေဒနံ နာဘိနန္ဒတိ၊ ယော သညံ နာဘိနန္ဒတိ၊ ယော သင်္ခါရေ နာဘိနန္ဒတိ၊ ယော ဝိညာဏံ နာဘိနန္ဒတိ၊ ဒုက္ခံ သော နာဘိနန္ဒတိ၊ ယော ဒုက္ခံ နာဘိနန္ဒတိ၊ 'ပရိမုတ္တော သော ဒုက္ခသ္မာ'တိ ဝဒါမိ"

ဟု ဟောတော်မူခဲ့တယ်။

ဘိက္ခဝေ၊ သံသရာဘေး မြော်တွေးရှုငြား အို ချစ်သားတို့။ ယော စ၊ အမှတ်မထင် အကြင်သူသည်ကား။ ရူပံ၊ ဖောက်ပြန်တတ်ငြား ရုပ်တရားကို။ နာဘိနန္ဒတိ၊ မစုံမမက် မနှစ်သက်ခဲ့။ သော၊ ထိုရုပ်ကိုမမက် မနှစ်သက်သော သူသည်။ ဒုက္ခံ၊ ဖြစ်ပျက်မစဲ သံသရာဝဋ်ဆင်းရဲကို။ နာဘိနန္ဒတိ၊ မစုံမမက် မနှစ်သက်သည်မည်၏။

ယော၊ အမှတ် မထင် အကြင်သူသည်။ ဒုက္ခံ၊ ဖြစ်ပျက်မစဲ သံသရာဝဋ်ဆင်းရဲကို။ နာဘိနန္ဒတိ၊ မစုံမမက် မနှစ်သက်ခဲ့။ သော၊ ထိုဖြစ်ပျက်မစဲ သံသရာဝဋ်ဆင်းရဲကို မစုံမမက် မနှစ်သက်သူသည်။ ဒုက္ခသ္မာ၊ ဖြစ်ပျက်မစဲ သံသရာဝဋ်ဆင်းရဲမှ။ ပရိမုတ္တော၊ ဝဋ်ကိုခွဲဖောက် လွတ်မြောက်ရ၏။ ဣတိ၊ ဤသို့။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဟောကြားပါ၏။

ယော၊ အမှတ် မထင် အကြင် သူသည်။ ဝေဒနံ၊ ခံစားတတ်စွာ ဝေဒနာကို။ နာဘိနန္ဒတိ၊ မစုံမမက် မနှစ်သက်ခဲ့။

ယော၊ အမှတ် မထင် အကြင် သူသည်။ သညံ၊ မှတ်သားတတ်ငြား သညာတရားကို။ နာဘိနန္ဒတိ၊ မစုံမမက် မနှစ်သက်ခဲ့။

ယော၊ အမှတ် မထင် အကြင် သူသည်။ သင်္ခါရေ၊ ပြုပြင်တတ်ငြား သင်္ခါရတရားတို့ကို။ နာဘိနန္ဒတိ၊ မစုံမမက် မနှစ်သက်ခဲ့။

ယော၊ အမှတ် မထင် အကြင် သူသည်။ ဝိညာဏံ၊ အထူးသိငြား ဝိညာဏ်တရားကို။ နာဘိနန္ဒတိ၊ မစုံမမက် မနှစ်သက်ခဲ့။

သော၊ ထိုခန္ဓာမမက် မနှစ်သက်သူသည်။ ဒုက္ခံ၊ ဖြစ်ပျက်မစဲ သံသရာ ဝဋ်ဆင်းရဲကို။ နာဘိနန္ဒတိ၊ မစုံမမက် မနှစ်သက်သည်မည်၏။

ယော၊ အမှတ် မထင် အကြင် သူသည်။ ဒုက္ခံ၊ ဖြစ်ပျက်မစဲ သံသရာ ဝဋ်ဆင်းရဲကို။ နာဘိနန္ဒတိ၊ မစုံမမက် မနှစ်သက်ခဲ့။

သော၊ ထိုဖြစ်ပျက်မစဲ သံသရာ ဝဋ်ဆင်းရဲကို မစုံမမက် မနှစ်သက်သူသည်။ ဒုက္ခသ္မာ၊ ဖြစ်ပျက်မစဲ သံသရာ ဝဋ်ဆင်းရဲမှ။ ပရိမုစ္စော၊ ဝဋ်ကို ခွဲဖောက် လွတ်မြောက်ရ၏။ ဣတိ၊ ဤသို့။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဟောကြားပါ၏။

တဏှာကင်းတာ ခန္ဓာကင်းတာက နိရောဓသစ္စာ၊ ဒုက္ခ ချုပ်ငြိမ်းတာ အမှန်ပါ။

တဏှာကင်းအောင် ခန္ဓာကင်းအောင် ပြုကတ်တဲ့ မဂ္ဂင်ရှစ်ပါး အကျင့်တရားက မဂ္ဂသစ္စာ၊ ဒုက္ခ ချုပ်ငြိမ်း ကြောင်း သံသရာ ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း အမှန်ပါ။

ရူပက္ခန္ဓာ, ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာ ဆိုတဲ့ ခန္ဓာငါးပါးကို ဝန်လို့ ဆိုတယ်၊ ဝန်တကာ့ဝန်တွင် ဒီခန္ဓာဝန်ဟာ အလေးလံဆုံး ဖြစ်တယ်၊ ဒီခန္ဓာဝန်ကို တဏှာဖြင့် သည်ပိုးခဲ့တယ်၊ ခန္ဓာဝန်ကို သည်ပိုးနေရသမျှ ဆင်းရဲရမည်၊ ခန္ဓာဝန်ကို စွန့်ချနိုင်လျှင် မုချပင် ချမ်းသာမည်ဟု သံမှတ်နားလည်ကြပြီး အဝိဇ္ဇာ အမြစ်ပါတဲ့ တဏှာ မျိုးစေ့ကို အရဟတ္တမဂ်ဖြင့် နုတ်ပယ်၍ အလွန်လေးလံတဲ့ ခန္ဓာဝန်ကို ချကာ ဘဝသစ်မှာ ခန္ဓာဝန်သစ်ကို မယူတော့ဘဲ ဘဝဇာတ်သိမ်း ဒုက္ခ ငြိမ်းအောင် ပြုကြရမည်။

ဒါကြောင့် ခန္ဓဝဂ္ဂ သံယုတ်ပါဠိတော်မှာ

၁။ "ဘာရာ ဟဝေ ပဉ္စက္ခန္ဓာ၊
ဘာရဟာရော စ ပုဂ္ဂလော။
ဘာရာဒါနံ ဒုခံ လောကေ၊
ဘာရနိက္ခေပနံ သုခံ။
၂။ နိက္ခိပိတွာ ဂရုံ ဘာရံ၊
အညံ ဘာရံ အနာဒိယ။
သမူလံ တဏှံ အဗ္ဗုယှ၊
နိစ္ဆာတော ပရိနိဗ္ဗုတော"

ဟု ဟောတော်မူခဲ့တယ်။

၁။ ဘိက္ခဝေ၊ သံသရာဘေး လာမည့်အရေးကို မြော်တွေး ရှုပြား အိုချစ်သားတို့။ ပဉ္စက္ခန္ဓာ၊ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်ဟူကြသော ခန္ဓာငါးပါးတို့သည်။ ဟဝေ၊ မချွတ်ကေန် အမှန်စင်စစ်။ ဘာရာ၊ လေးလံစွာစီး ဒုက္ခဝန်ထုပ်ကြီးတို့ မည်ကုန်၏။ ပုဂ္ဂလော စ၊ ဝဋ်အတွင်းတည် ပုဂ္ဂိုလ်သည်ကား။ ဘာရဟာရော၊ ခန္ဓာငါးမျိုး ဝန်ထုပ်ဆိုးကို သည်ပိုး ရွက်ဆောင်သူမည်၏။ လောကေ၊ ရုပ် နှင့် နာမ်မျှ ဖြစ်ပျက်ကြသည့် သတ္တလောက၌။ ဘာရာဒါနံ၊ ခန္ဓာငါးမျိုး ဝန်ထုပ်ဆိုးကို သည်ပိုးယူဆောင်ရခြင်းသည်။ ဒုခံ၊ ချမ်းသာမတွဲ ဆင်းရဲကြီး ဆင်းရဲလှပေ၏။ ဘာရနိက္ခေပနံ၊ ခန္ဓာငါးမျိုး ဝန်ထုပ်ဆိုးကို မပိုးမသည် စွန့်ချရခြင်းသည်။ သုခံ၊ ဆင်းရဲမမှီး ချမ်းသာကြီး ချမ်းသာလှပေ၏။

၂။ ဂရုံ၊ ဝန်ဟူသမျှ ယှဉ်မရအောင် လေးလှစွာသော။ ဘာရံ၊ ခန္ဓာငါးစီး ဝန်ထုပ်ကြီးကို။ နိက္ခိပိတွာ၊ သည်ပိုးရာမှ စွန့်ပစ်ချ၍။ အညံ၊ စွန့်ပစ်ခဲ့တောင်း ခန္ဓာဝန်ဟောင်းမှ တပါးသော။ ဘာရံ၊ ဘဝအသစ် တဖန်ဖြစ်သည့် အသစ်ခန္ဓာဝန်ကို။ အနာဒိယ၊ ဘဝအသစ် မဖြစ်တော့မူ မယူမူ၍။ သမူလံ၊ အောက်ခြေသက်ဆင်း အဝိဇ္ဇာ အမြစ်အရင်းနှင့် တကွသော။ တဏှံ၊ ဘဝတိုင်းလျှင် ခန္ဓာပင်ကို ရှင်စေတတ်စွာ မျိုးစေ့တဏှာကို။ အဗ္ဗုယှ၊ မဂ်ဉာဏ်မြတ်ဖြင့် နောက်ထပ်တခါ မရှင်လာအောင် ကောင်းစွာ နုတ်ပယ်၍။ နိစ္ဆာတော၊ ခန္ဓာမျိုးစေ့ ပျက်၍ချုယွင်း တဏှာကင်းသည် ဖြစ်၍။ ပရိနိဗ္ဗုတော၊ ခန္ဓာဇာတ်သိမ်း နိဗ္ဗာန်ကိန်း၍ ငြိမ်းရလေတော့၏။

**အကျဉ်းချုပ်အားဖြင့်**

ဖြစ်ဖြစ်သမျှ သတ္တဝါလို့ ခေါ်ကြတဲ့ ဥပါဒါနက္ခန္ဓာ ပဥ္စကကို မုချ "ဒုက္ခသစ္စာ"လို့ မှတ်ရမည်။

ခန္ဓာ ဖြစ်အောင် ဖန်တီး တည်ထောင်ပေးတဲ့ တဏှာလောဘကို "သမုဒယသစ္စာ"လို့ မှတ်ရမည်။

ခန္ဓာမဖြစ်ခြင်း နိဗ္ဗာန်ကို "နိရောဓသစ္စာ"လို့ မှတ်ရမည်။

ခန္ဓာမဖြစ်အောင် ပြုတတ်တဲ့ မဂ္ဂင် ရှစ်ပါးကို "မဂ္ဂသစ္စာ" လို့ မှတ်ရမည်။

ဤကဲ့သို့ သစ္စာလေးပါးကို ပိုင်းခြား မှတ်သားပြီး သစ္စာလေးအင်ကို မင်္ဂဉာဏ်ဖြင့် မြင်အောင် ကြိုးစားကြရာသတည်း။

**တရားသိမ်း**

ကဲ—တရားသိမ်းကြစို့ရဲ—

ဒေသိတံ လောကနာထေန၊
ဓမ္မံ နိဗ္ဗာန ပါပကံ။
သက္ကစ္စံယေဝ သုဏာန၊
'သာဓု သာဓူ'တိ ဘာသထ။
(ပထျာဝတ္တ)

လောက နာထေန၊ သတ္တဝါများ အားထားမှီတွယ် ကိုးကွယ်ရာအစစ် ဖြစ်ကြီးဖြစ်ငြား မြတ်ဘုရားသည်။ ဒေသိတံ၊ သခင်္ချေလေးရပ် တသိန်းကပ် လုံး စုရုံးပါရမီ ဉာဏ်အဆီဖြင့် ကြံစည်ပိုင်းဖြတ် ဟောကြားအပ်သော။ နိဗ္ဗာနပါပကံ၊ ဒုက္ခ ကုန်ရာ နိဗ္ဗုတာသို့ လျင်စွာ ထုတ်ချောက် ရောက်စေ တတ်သော။ ဓမ္မံ၊ အလုပ်စခန်းဖွင့် အကျင့်တရားတော်ကို။ သက္ကစ္စံ ယေဝ၊ ဝင့်လွတ်ဘို့ရာ ဒေသနာဟု သဒ္ဓါစိတ်ထား လေးစားရိုသေစွာသာလျှင်။ သုဏာန၊ နှစ်သက်ရွှင်လန်း ဝမ်းမြောက် ဝမ်းသာ ကြားနာပြီး၍။ သာဓု သာဓူတိ၊ မင်္ဂဖိုလ်ရကြောင်း ကောင်းစွ ကောင်းစွ ကောင်းလေစွဟူ၍။ ဘာသထ၊ သာယာချိုမြ နှုတ်မြွက်ဟ၍ ဆိုလိုက်ကြကုန်လော့။

(သာဓု သာဓု သာဓု)

သစ္စာလေးပါး တရားတော် ပြီး၏။

(အင်္ဂုတ္တရနိကာယ ပဏိဟိတ သုတ္တဝဏ္ဏနာမှ)

# သမ္မာပဏိဟိတ စိတ္တဒေသနာ

( ရေစက်ပချမိ ဟောကြားရန် )

## စိတ်ထားနည်း နှစ်မျိုး

ကုသိုလ်ပြုရာမှာ စိတ်ထားတတ်ဖို့ အရေးကြီးတယ်။

၁။ မိစ္ဆာပဏိဟိတ စိတ်ထားနည်း

၂။ သမ္မာပဏိဟိတ စိတ်ထားနည်း

လို့ ကုသိုလ်ပြုရာမှာ စိတ်ထားပုံထားနည်း နှစ်မျိုးလာတယ်။

"မိစ္ဆာပဏိဟိတေန စိတ္တေနာတိ မိစ္ဆာဌပိတေန
စိတ္တေန၊ ဝဋ္ဋဝသေန ဥပ္ပန္နစိတ္တံ သန္ဓာယေတံ ဝုတ္တံ"

ဟု ဖွင့်ဆိုခြင်းကြောင့်"ယနေပြုရ ဤဒါနကြောင့် သူဌေးဖြစ်ရပါလို၏၊ သူကြွယ် ဖြစ်ရပါလို၏၊ ပဒေသရာဇ်မင်း ဖြစ်ရပါလို၏၊ ဧကရာဇ်မင်း ဖြစ်ရပါလို၏၊ စကြာမင်း ဖြစ်ရပါလို၏၊ သိကြား နတ်မင်း ဖြစ်ရပါလို၏၊ ဗြဟ္မာမင်း ဖြစ်ရပါလို၏"ဟု ဝဋ်အတွင်းမှာဖြစ်တဲ့ လူနတ်ဗြဟ္မာ စည်းစိမ်ချမ်းသာတွေကို လိုလားတောင့်တပြီး ဝဋ်၏ အစွမ်းဖြစ်တဲ့ "ဝဋ္ဋနိဿိတ" ကုသိုလ်စိတ်ကို မိစ္ဆာပဏိဟိတ စိတ်ထားနည်း စိတ်ထား မှားတယ်လို့ ဆိုတယ်။

"သမ္မာပဏိဟိတေန စိတ္တေနာတိ သမ္မာဌပိတေန
စိတ္တေန၊ ဝိဝဋ္ဋဝသေန ဥပ္ပန္နစိတ္တံ သန္ဓာယေတံ ဝုတ္တံ"

ဟု ဖွင့်ဆိုခြင်းကြောင့်"ယခုပြုရ ဤဒါနကြောင့် အဝိဇ္ဇာကို ဖောက်ခွဲနိုင်ရပါလို၏၊ အရဟတ္တဖိုလ်ကို ရ,ရပါလို၏၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရပါလို၏"ဟု ဝဋ်အတွင်းမှ လွတ်ကင်းတဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကို လိုလားတောင့်တပြီး ဝဋ်ကင်းသည်၏ အစွမ်းဖြင့် ထားတဲ့"ဝိဝဋ္ဋနိဿိတ"

ကုသိုလ်စိတ်ကို သမ္မာပဏိဟိတ စိတ်ထားနည်း စိတ်ထား မှန်တယ်လို့ ဆိုတယ်။

## မိစ္ဆာပဏိဟိတ စိတ်ထားနည်း၏ အကျိုး

ဒီ စိတ်ထားနည်း နှစ်မျိုးတွင် မိစ္ဆာပဏိဟိတ စိတ်ထားနည်းမျိုးဖြင့် ကုသိုလ်ဒါနများပြုခဲ့ပါလျှင် ဝဋ်အတွင်းမှာဖြစ်တဲ့ လူနတ်ပြဟ္မာ စည်းစိမ် ချမ်းသာတွေကိုတော့ ရမှာဘဲ၊ သို့သော်လဲ အဝိဇ္ဇာကိုတော့ ဖောက်ခွဲနိုင်လိမ့်မည်၊ အရဟတ္တမဂ်ကို ဖြစ်စေနိုင်လိမ့်မည်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်လိမ့်မည်မဟုတ်၊ ဒါကြောင့် ဘုရားကိုယ်တော်မြတ်ကြီးလဲ—

> "မိစ္ဆာပဏိဟိတေန စိတ္တေန အဝိဇ္ဇံ ဘိဇ္ဇိဿတိ၊ ဝိဇ္ဇံ ဥပ္ပါဒေဿတိ၊ နိဗ္ဗာနံ သစ္ဆိကရိဿတီတိ နေတံ ဌာနံ ဝိဇ္ဇတိ"

ဟု ဟောကြားတော်မူခဲ့တယ်။

မိစ္ဆာ ပဏိဟိတေန၊ ဝဋ်ကို လိုလား မှားသောအားဖြင့် ထားအပ်သော။ စိတ္တေန၊ "ဝဋ္ဋနိဿိတ" ကုသိုလ်စိတ်ဖြင့်။ အဝိဇ္ဇံ၊ မသိရှစ်ဝ ဃနဗဟလာ မဟာ အဝိဇ္ဇာကို။ ဘိဇ္ဇိဿတိ၊ သန္တာန်ဝယ်စ မကျန်ရှိအောင် ဖောက်ခွဲ ဖျက်ဆီးနိုင်လိမ့်လတ္တံ့။ ဝိဇ္ဇံ၊ အဝိဇ္ဇာဖျက်ဆီး အရဟတ္တမဂ်ဉာဏ် တော်ကြီးကို။ ဥပ္ပါဒေဿတိ၊ မချ မသေ့ ဖြစ်စေနိုင်လိမ့်လတ္တံ့။ နိဗ္ဗာနံ၊ ဒုက္ခခပ်သိမ်း ငြိမ်းရာအမှန် မြတ်နိဗ္ဗာန်ကို။ သစ္ဆိကရိဿတိ၊ မဖောက်မြင်မှု မျက်မှောက်ပြုနိုင်လိမ့် လတ္တံ့။ ဣတိ၊ ဤသို့။ ဧတံ ဌာနံ၊ ဤအကြောင်းသည်။ န ဝိဇ္ဇတိ၊ အမှန်ပင်တည့် မရှိပေ။

## သမ္မာပဏိဟိတ စိတ်ထားနည်း၏ အကျိုး

သမ္မာပဏိဟိတ စိတ်ထားနည်းမျိုးဖြင့် ကုသိုလ်ဒါနများ ပြုခဲ့ပါလျှင် ဝဋ်အတွင်းမှ လွတ်ကင်းတဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကို ကေန်မုချ ရပါလိမ့်မည်၊ ဒါကြောင့် ဘုရားကိုယ်တော်မြတ်ကြီးလဲ—

"သမ္မာပဏိဟိတေန စိတ္တေန အဝိဇ္ဇံ ဘိဇ္ဇိဿတိ၊ ဝိဇ္ဇံ ဥပ္ပါဒေဿတိ၊ နိဗ္ဗာနံ သစ္ဆိကရိဿတီတိ ဌာန မေတံ ဝိဇ္ဇတိ"

ဟု ဟောကြားတော်မူခဲ့တယ်။

သမ္မာ ပဏိဟိတေန၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်လိုလား မှန်သော အားဖြင့် ထားအပ်သော။ စိတ္တေန၊ 'ဝိဝဋ္ဋနိဿိတ' ကုသိုလ်စိတ်ဖြင့်။ အဝိဇ္ဇံ၊ မသိရှစ်ဝ ဃနဗဟာလာ မဟာအဝိဇ္ဇာကို။ ဘိဇ္ဇိဿတိ၊ သန္တာန်ဝယ်၏ မကျန်ရှိအောင် ဖောက်ခွဲ ဖျက်ဆီးနိုင်လိမ့်လတ္တံ့။ ဝိဇ္ဇံ၊ အဝိဇ္ဇာဖျက်ဆီး အရဟတ္တမဂ် ဉာဏ်တော်ကြီးကို။ ဥပ္ပါဒေဿတိ၊ မုချမသွေ ဖြစ်စေနိုင်လိမ့် လတ္တံ့။ နိဗ္ဗာနံ၊ ဒုက္ခခပ်သိမ်း ငြိမ်းရာအမှန် မြတ်နိဗ္ဗာန်ကို။ သစ္ဆိကရိဿတိ၊ ကောင်းစွာပိုင်ပိုင် မျက်မှောက် ပြုနိုင်လိမ့်လတ္တံ့။ ဣတိ၊ ဤသို့။ ဧတံ ဌာနံ၊ ဤအကြောင်းသည်။ ဝိဇ္ဇတိ၊ အမှန်တိတိ ရှိပေ၏။

## သမ္မာပဏိဟိတ စိတ်ထားနည်းမျိုးဖြင့် ဒါနပြုပါ

ဤကဲ့သို့ ဘုရားမြတ်စွာ မိန့်မှာ ဟောကြားတော် မူခဲ့သောကြောင့် ယခု ကုသိုလ်ဒါနပြုကြမည့် ဒကာ ဒကာမတွေ မိစ္ဆာပဏိဟိတ စိတ်ထား နည်းမျိုးဖြင့် ဒါနမပြုဘဲ သမ္မာပဏိဟိတ စိတ်ထားနည်းမျိုးဖြင့် ဒါန ပြုရမည်၊ သို့မှလဲ ဝဋ္ဋဘဝမှ လွတ်မြောက်ပြီး မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကို သိမြင်ပေါက်ရောက် မျက်မှောက်ပြုရလိမ့်မည်၊ ဒါနပြုရကျိုး နပ်မည်။

ကဲ—ဒါနပြုရကျိုးနပ်အောင် သမ္မာပဏိဟိတ စိတ်ထားနည်းမျိုးဖြင့် ဒါန ပြုဘို့ရန် ဒကာ ဒကာမတွေ ယခု ဒါနပြုခါနီး စိတ်ကို ပြုပြင်ပြီး မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန် လိုချင်ဆန္ဒပြင်းပြမှုပြုလျက်—

"ဣဒံ နော ဒါနံ မဂ္ဂဖလနိဗ္ဗာနဿ ပစ္စယော ဟောတု"

နော၊ ငါတို့၏။ ဣဒံ ဒါနံ၊ ဤ ယခုလှူရ မြတ်ဒါနသည်။ မဂ္ဂဖလ နိဗ္ဗာနဿ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်၏။ ပစ္စယော၊ အခြေခံကောင်းအား ကြီးသော မှီရာအကြောင်းသည်။ ဟောတု၊ မလွဲမသွေဖြစ်ပါစေသတည်း။

ယခုပြုရ ဤဒါနသည် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်၏ အခြေခံကောင်း အားကြီးသော မှီရာအကြောင်း ဖြစ်ပါစေသတည်း။

ယခုပြုရ ဤဒါနဖြင့် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကို ရ,ရပါလို၏၊ မျက်မှောက် ပြုရပါလို၏ဟု ဝိဝဋ္ဋဆုကို တောင့်တပန်ဆင်ပြီး သမ္မာပဏိ ဟိတ စိတ်ထားနည်းမျိုးဖြင့် ဒါနပြုကြပါ။

သမ္မာ ပဏိဟိတံ စိတ္တံ၊
အာဝဟတိ ဝိဝဋ္ဋန္တံ။
ဝိဝဋ္ဋံယေဝ ပတ္ထေန္တော၊
သမ္မာ စိတ္တံ ဌပေတဗ္ဗံ။
(ဝဏ္ဏဂါထာ)

သမ္မာပဏိဟိတံ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်လိုလား မှန်သောအားဖြင့် ထားအပ်သော။ စိတ္တံ၊ ကြင်လင်ဖိတ်ဖိတ် ဝိဝဋ္ဋနိဿိတ ကုသိုလ်စိတ်သည်။ ဝိဝဋ္ဋံဝ၊ ဝဋ်လွတ်ကင်းရာ မဂ် ဖိုလ် နိဗ္ဗာန်သို့ သာလျှင်။ အာဝဟတိ၊ ရောက်အောင် ဆက်ဆက် ရွက်ဆောင် လေတော့၏။ တံ- တသ္မာ၊ ထိုသို့မှန်သော စိတ်ထားဖြင့်သာ ဝဋ်လွတ်ကင်းရာ မဂ် ဖိုလ် နိဗ္ဗာန်သို့ သွားနိုင်လေသောကြောင့်။ ဒါနပတိဟိ၊ လှူဒါန်းပေးကမ်း ဒါနခန်း၌ ရဲစွမ်းစိတ်ဝင် အလှူ့ရှင်တို့သည်။ ဝိဝဋ္ဋံယေဝ၊ ဝဋ် လွတ်ကင်းရာ မဂ်ဖိုလ် နိဗ္ဗာန်သို့သာလျှင်။ ပတ္ထေန္တော၊ စိတ်ဝယ် တ,သ မှန်းမြှော်ဆပြီး တောင့်တ လိုလားလျက်။ စိတ္တံ၊ ဒါနပြုရာ ဖြစ်ပေါ်လာသည့် ရောင်ဝါဖိတ်ဖိတ် မိမိ စိတ်ကို။ သမ္မာ ဌပေတဗ္ဗံ၊ မတိမ်း မစောင်း ဝိဝဋ္ဋလမ်းကြောင်း၌သာ ကောင်းစွာ ထားအပ်ပေ၏။

သမ္မာပဏိဟိတ စိတ္တ ဒေသနာ ပြီး၏။

(အဂုတ္တရနိကာယ်မှ)

# ဝိဝဋ္ဋနိဿိတ ဒါနကထာ

## ( ရေစက်မချမီ ဟောကြားရန် )

### ဝဋ္ဋနိဿိတဒါန အကျိုးပြ

"အပ္ပမတ္တကံ တိဏမုဋ္ဌိမတ္တဒါနံ ကုသလံ ဝါ ဟောတု၊
မဟန္တံ ဝေလာမဒါနာဒိ ကုသလံ ဝါ၊ သစေ ဝဋ္ဋသမ္ပတ္တိံ
ပတ္ထေတွာ ဝဋ္ဋသန္နိဿိတဝသေန မိစ္ဆာဌပိတံ ဟောတိ၊
ဝဋ္ဋမေဝ အာဟရိတုံ သက္ကောတိ၊ နော ဝိဝဋ္ဋံ"

အပ္ပမတ္တကံ၊ မပြောလောက်ပ အနည်းငယ်မျှ ဖြစ်သော။ တိဏ မုဋ္ဌိမတ္တ ဒါနကုသလံ ဝါ၊ ဟင်းရွက်မြက်တဆုပ်မျှလောက်သော ဒါန ကုသိုလ် သည်မူလည်း။ ဟောတု၊ ဖြစ်စေ။ မဟန္တံ၊ ကြီးကျယ်ခမ်းနား များပြား သော။ ဝေလာမ ဒါနာဒိ ကုသလံ ဝါ၊ ဝေလာမ ပုဏ္ဏား စသည်တို့၏ ဒါန ကုသိုလ်သည် မူလည်း။ ဟောတု၊ ဖြစ်စေ။ ဝဋ္ဋသမ္ပတ္တိံ၊ လူ နတ် ပြဟ္မာ ဝဋ်ချမ်းသာကို။ ပတ္ထေတွာ၊ စိတ်ဝယ် တ,သ မှန်းမြော်ဆ ပြီး တောင့်တ လိုလား၍။ ဝဋ္ဋသန္နိဿိတဝသေန၊ သုံးဘုံတွင်လည် ဝဋ်ကို မှီသည်၏ အစွမ်းဖြင့်။ မိစ္ဆာဌပိတံ၊ ချွတ်ယွင်းဖောက်ပြန် မမှန်သောအား ဖြင့် ထားအပ်သည်။ သစေ ဟောတိ၊ အကယ်၍များ ဖြစ်ခဲ့ငြားအံ့။

ဧဝံ သတိ၊ ဤသို့ ဤပုံ ဖြစ်ခဲ့တုံသော်။ ဝဋ္ဋမေဝ၊ လူ နတ် ပြဟ္မာ ဝဋ်ချမ်းသာသို့သာလျှင်။ အာဟရိတုံ၊ အလိုကျအောင် ပို့ဆောင်ခြင်း ငှါ။ သက္ကောတိ၊ ကောင်းစွာပိုင်ပိုင် စွမ်းနိုင်ပါ၏။ ဝိဝဋ္ဋံ၊ ဝဋ်အတွင်းမှ လွတ်ကင်းရာမှန် မဂ်ဖိုလ်နိဗ္ဗာန်သို့၊ အာဟရိတုံ၊ ဝဋ်ကို ခွဲဖောက် ကောင်းစွာ ရောက်အောင် ပို့ဆောင်ခြင်းငှါ။ နော သက္ကောတိ၊ အရာမဟုတ် အလုပ် မဆိုင် မစွမ်းနိုင်ပေ။

မပြောလောက်ပအနည်းငယ်မျှဖြစ်တဲ့ တဇွန်းချို တယောက်မဟင်းရွက် တဆုပ်မျှ လောက်သော ဒါနကုသိုလ်ပင် ဖြစ်စေ၊ အလွန်ကြီးကျယ် ခမ်းနား များပြားတဲ့ ဝေလာမပုဏ္ဏား စသည်တို့၏ ဒါနကုသိုလ်ပင် ဖြစ်စေ၊ "ဤဒါဖြင့် သူဌေး ဖြစ်ရပါလို၏၊ သူကြွယ် ဖြစ်ရပါလို၏၊ ပဒေသရာဇ်မင်း ဖြစ်ရပါလို၏၊ ကေရာဇ်မင်း ဖြစ်ရပါလို၏၊ သိကြားမင်း ဖြစ်ရပါလို၏၊

ပြဟ္မာမင်း ဖြစ်ရပါလို၏''ဟု ပဋ္ဌအတွင်းမှာ ဖြစ်တဲ့ လူ နတ် ပြဟ္မာ စည်းစိမ် ချမ်းသာတွေကို လိုလားတောင့်တပြီး ပေးလှူခဲ့ပါလျှင် ဝဋ္ဋအတွင်း မှာ ဖြစ်တဲ့ လူ နတ် ပြဟ္မာ စည်းစိမ် ချမ်းသာ တွေကိုဘဲ ရမည်၊ ဝဋ္ဋကို ဖောက်ခွဲပြီး မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာတွေကိုတော့ မရနိုင်ဘူးတဲ့။

**ဝိဝဋ္ဋနိဿိတဒါန အကျိုးပြ**

> "ဣဒံ မေ ဒါနံ အာသဝက္ခယာဝဟံ ဟောတူ''တိ
> ဧဝံ ပန ဝိဝဋ္ဋံ ပတ္ထေန္တေန ဝိဝဋ္ဋဝသေန သမ္မာဌပိတံ
> အရဟတ္တမ္ပိ ပစ္စေကဗောဓိ ဉာဏမ္ပိ သဗ္ဗညုတညာဏမ္ပိ
> ဒါတုံ သက္ကောတိယေဝ''

မေ၊ ငါ၏။ ဣဒံ ဒါနံ၊ ဤယခုလှူရ မြတ်ဒါနသည်။ အာသဝက္ခယံ၊ အာသဝေါလေးဖြာ ကုန်ရာအမှန် မဂ် ဖိုလ် နိဗ္ဗာန်သို့။ အာဝဟံ၊ ဆက်ဆက် ရောက်အောင် ရွက်ဆောင်နိုင်သည်။ ဟောတု၊ မလွဲဧကန် ဖြစ်ပါစေ သတည်း။ ဣတိ ဧဝံ၊ ဤသို့။ ဝိဝဋ္ဋံ၊ ဝဋ္ဋအတွင်းမှ လွတ်ကင်းရာမှန် မဂ်ဖိုလ်နိဗ္ဗာန်ကို။ ပတ္ထေန္တေန၊ စိတ်ဝယ် တ,သ မှန်းမြော်ဆပြီး တောင့်တ လိုလားသဖြင့်။ ဝိဝဋ္ဋဝသေန၊ သုံးဘုံမချဉ်း ဝဋ္ဋကင်းသည်၏ အစွမ်းဖြင့်။ သမ္မာဌပိတံ၊ မဖောက်မပြန် အမှန်အားဖြင့် ထားအပ်သည်။ သစေ ဟောတိ၊ အကယ်၍များ ဖြစ်ခဲ့ငြားအံ့။ ဧဝံသတိ၊ ဤသို့ ဤပုံ ဖြစ်ခဲ့တုံ သော်။ အရဟတ္တမ္ပိ၊ အရဟတ္တဖိုလ်ဉာဏ်ကိုလည်းကောင်း။ ပစ္စေက ဗောဓိ ဉာဏမ္ပိ၊ ပစ္စေကဗောဓိ ဉာဏ်ကိုလည်းကောင်း။ သဗ္ဗညုတ ညာဏမ္ပိ၊ သဗ္ဗညုတဉာဏ်ကိုလည်းကောင်း။ ဒါတုံ၊ လက်ရောက်ပိုင်နှင်း ပေးခြင်းငှါ။ သက္ကောတိ ယေဝ၊ ကောင်းစွာပိုင်ပိုင် စွမ်းနိုင်သည် သာလျှင်တည်း။

မပြောလောက်ပ အနည်းငယ်မျှဖြစ်တဲ့ တဇွန်းချိုတယောက်မဟင်းရွက် တဆုပ်မျှလောက်သော ဒါနကုသိုလ်ပင် ဖြစ်စေ၊ အလွန်ကြီးကျယ် ခမ်းနား များပြားတဲ့ ဝေလာမပုဏ္ဏားစသည်တို့၏ ဒါနကုသိုလ်ပင် ဖြစ်စေ၊ "ယခုပြုရ ဤဒါနဖြင့် အာသဝေါလေးတန် ကုန်ရာမှန်သည့် မဂ်ဖိုလ် နိဗ္ဗာန်ကို ဧကန်မုချ ရရပါလို၏''ဟု ဝဋ္ဋအတွင်းမှ လွတ်ကင်းရာမှန် မဂ်ဖိုလ် နိဗ္ဗာန်ကို လိုလားတောင့်တပြီး ပေးလှူခဲ့ပါလျှင် ဝဋ္ဋအတွင်းမှ လွတ်ကင်း တဲ့ သာဝက ဗောဓိဉာဏ်, ပစ္စေက ဗောဓိဉာဏ်, သဗ္ဗညုတဉာဏ်, နိဗ္ဗာန်ကို ဧကန်မုချ ရမည်တဲ့။

## ဝိဝဋ္ဋနိဿိတ ဒါနမျိုး ပြုပါ

ဒါကြောင့် ဆွမ်းတဗ္ဗန်းဘဲ လောင်းလောင်း၊ ဟင်းတ[illegible]ကဲ[illegible]၊ ရာလိုက် ထောင်လိုက် သောင်းလိုက် သိန်းလိုက် အကုန်အကျခံပြီး လှူဒါန်းတဲ့ ဒါနကြီးတွေဘဲ ဖြစ်ဖြစ်၊ ဒါနပြုကိုင်း ဒါနပြုတိုင်း–

ဣဒံ မေ ဒါနံ အာသဝက္ခယာဝဟံ ဟောတု”

ဟု ဝိဝဋ္ဋဆုကို တောင်းပြီး ပြုရမည်။

သို့မဟုတ်–

“ဤဒါနဖြင့် မဂ်ဖိုလ် နိဗ္ဗာန်ကို ရရပါလို၏”

ဟု ဝိဝဋ္ဋဆုကို တောင်းပြီး ပြုရမည်။

ဤကဲ့သို့ ဝဋ္ဋအတွင်းမှ လွတ်ကင်းရာမှန် မဂ်ဖိုလ် နိဗ္ဗာန်ကို တောင်တ ပန်ဆင်ပြီး ပြုတဲ့ “ဝိဝဋ္ဋနိဿိတ”ဒါနဖြင့် သာဝက ဗောဓိဉာဏ်, ပစ္စေက ဗောဓိဉာဏ်, သဗ္ဗညုတဉာဏ်, နိဗ္ဗာန်တိုင်အောင် ရနိုင်ပုံကို ခုဒ္ဒကပါဌ နိဓိကဏ္ဍသုတ်မှာ ဤကဲ့သို့ ဟောကြားတော်မူခဲ့တယ်။

ပဋိသမ္ဘိဒါ ဝိမောက္ခာ စ၊
ယာ စ သာဝက ပါရမီ။
ပစ္စေကဗောဓိ ဗုဒ္ဓဘူမိ၊
သဗ္ဗမေတေန လဗ္ဘတိ။

ပဋိသမ္ဘိဒါ စ၊ လေးမျိုးလေးစား လေးပါးသော ပဋိသမ္ဘိဒါသည်၎င်း။ ဝိမောက္ခာ စ၊ ရှစ်မျိုးရှစ်စား ရှစ်ပါးသော ဝိမောက္ခသည်၎င်း။ ယာ စ သာဝက ပါရမီ၊ အကြင် သာဝကတို့ ရအပ်အမှန် သာဝက ပါရမီဉာဏ်သည်၎င်း။ ပစ္စေကဗောဓိ၊ အသီးအခြား ပိုင်းခြားသိပြန် ပစ္စေကဗောဓိဉာဏ်သည်၎င်း။ ဗုဒ္ဓဘူမိ၊ ဥဒေယျင်္ဂါးပုံ တရားစုံကို အကုန်သိပြန် သဗ္ဗညုတဉာဏ်သည်၎င်း။ အတ္ထိ၊ ရှိ၏။ သဗ္ဗံ၊ ခပ်သိမ်းကျုံးခြုံ အလုံးစုံကို။ ဧတေန၊ ဤ ဝိဝဋ္ဋနိဿိတ ဒါနရွေအိုးဖြင့်။ လဗ္ဘတိ၊ မုချဆတ်ဆတ် ရအပ်ပါ၏။

ဤကဲ့သို့ ဒေသနာတော်မြတ် မိန့်မှတ်တော်မူသောကြောင့် ယခုအခါ သမ္မာဒိဋ္ဌိ ဂုဏ်ထူးရှိ၍ တတ်သိလိမ္မာ သဒ္ဓါပြုဆွ အလှူဒကာ, အလှူအမတို့သည် မိမိတို့၏ ဒါနကို ဝိဝဋ္ဋနိဿိတ ဒါနမျိုးဖြစ်အောင် ကြိုးစားကြရာသတည်း။

ဝိဝဋ္ဋနိဿိတ ဒါနကထာ ပြီး၏။

(အင်္ဂုတ္တရနိကာယ ဒေဝဒူတဝဂ်)

# ဒေဝဒူတသုတ် သံဝေဂတရားတော်

## အံ့ဘွယ်လေးဖြာ

အဟော ဗုဒ္ဓါန မုပ္ပါဒေါ၊
အဟော ဒေသိတ ဓမ္မောပိ။
အဟော ဓမ္မ ပဋိပ္ပန္နော၊
အဟော မဂ္ဂ ဖလဋ္ဌောပိ။
(ဝတ္တုဂါထာ)

ဗုဒ္ဓါနံ၊ ကရုဏာနှင့် ပညာကြီးမား တရားအရှင် ဘုရားသခင်တို့၏။ ဥပ္ပါဒေါ၊ သတ္တဝါများ ချမ်းသာပွားဘို့ သုံးပါးဆယ်လီ ပါရမီရင့် သမ္ဘာတင့်၍ လောက၌ ပွင့်တော်မူလာခြင်းသည်။ အဟော၊ သူကန်းတောင်တက် ပုံတူဘက်သို့ ဖြစ်ချက်မလွယ် ဩော်....အံ့ဘွယ်ရှိပေစွတကား။

ဒေသိတဓမ္မောပိ၊ မဂ်ဖိုလ်ရကြောင်း တရားကောင်းဟု လမ်းကြောင်းမမှား ဟောတော်မူအပ်သော အကျင့် တရားသည်လည်း။ အဟော၊ သူကန်းတောင်တက် ပုံတူဘက်သို့ ဖြစ်ချက်မလွယ် ဩော်....အံ့ဘွယ်ရှိပေစွတကား။

ဓမ္မပဋိပ္ပန္နောပိ၊ ဟောတော်မူပြီး အကျင့်နည်းဖြင့် ကျင့်နည်းမမှား အကျင့်တရားကို ကျင့်သော ပုဂ္ဂိုလ်သည်လည်း။ အဟော၊ သူကန်း တောင်တက် ပုံတူဘက်သို့ ဖြစ်ချက်မလွယ် ဩော်....အံ့ဘွယ်ရှိပေစွတကား။

မဂ္ဂဖလဋ္ဌောပိ၊ တရားကိုကျင့် ဂုဏ်ရည်ဘင့်၍ မဂ်ဆင့်ဖိုလ်တည် ပုဂ္ဂိုလ်သည်လည်း။ အဟော၊ သူကန်းတောင်တက် ပုံတူဘက်သို့ ဖြစ်ချက်မလွယ် ဩော်....အံ့ဘွယ်ရှိပေစွတကား။

သတ္တလောက၏ စီးပွားချမ်းသာအလို့ငှါ ဘုရားရှင်တို့ ပွင့်တော်မူလာကြတယ်၊ ဟုတ်လဲဟုတ်ပါပေတယ်၊ မူလ ရည်ရွယ်တော် မူရင်းကိုက သတ္တဝါတွေကို ဝဋ်အတွင်းမှ ထုတ်ဆယ် ကယ်တင်ရန် အလို့ငှါ သနားမြင်းပြင်းစွာ မဟာကရုဏာတော်ဖြင့် ပါရမီဆယ်ပါး အပြားသုံးဆယ်တို့ကို ဖြည့်ကျင့်တော်မူကြတယ်။

အဲဒါလို ပါရမီတော်တွေကို အသခေျ အသချေ ကမ္ဘာများစွာ ဖြည့်ကျင့်တော်မူပြီးမှ သဗ္ဗညုတဉာဏ်တော်ကြီးကို ရတော်မူ၍ ဘုရားအဖြစ်သို့ ရောက်တော်မူကြတယ်၊ မဟာကရုဏာတော် အစ သဗ္ဗညုတဉာဏ်တော်လျှင် အဆုံးရှိတဲ့ မနှိုင်းယှဉ်နိုင်တဲ့ ဘုရားရှင်တို့၏ ဂုဏ်တော်တို့နှင့် သတ္တလောကဝယ် တဆူတည်းသာ ပွင့်တော်မူလာရကား မျက်မမြင် သူကန်း၏ တောင်တက်ခန်းကဲ့သို့ ကမ္ဘာတွေ အသခေျ အသချေ လွန်လေပါမှ တရံတခါသာဖြစ်၍ လက်ဖျစ်ခတ်တီး အံ့ချီးဘွယ်ပင် ဖြစ်တယ်။

ဘုရားရှင် ကိုယ်တော်မြတ်ကြီးဟာ မိမိကိုယ်တိုင် ထိုးထွင်းသိမြင်တော်မူပြီး ဖြစ်တဲ့ မဂ်ဖိုလ်ရကြောင်း သူတော်ကောင်း တရားတော် များကို သတ္တဝါဝေနေယျတို့အား သံသရာဝဋ်အတွင်းမှ လွတ်ကင်းစေရန် ဟောကြားတော်မူခဲ့တဲ့ အဲဒီတရားတော်တို့ဟာလဲ ဟောတော်မူတိုင်း ကျင့်ကြံကြိုးကုတ် အားထုတ်သူတို့အား သံသရာဝဋ်အတွင်းမှ တကယ်ပင် လွတ်ကင်းစေသည်သာ ဖြစ်သောကြောင့် မျက်မမြင် သူကန်း၏ တောင်တက်ခန်းကဲ့သို့ ကမ္ဘာတွေ အသခေျ အသချေ လွန်လေပါမှ တရံတခါသာဖြစ်၍ လက်ဖျစ်ခတ်တီး အံ့ချီးဘွယ်ပင် ဖြစ်တယ်။

ဘုရားဟောကြား သူတော်ကောင်းတရားကို သင်ကြား နာယူပြီး ဝဋ်အတွင်းမှ လွတ်ကင်းရန် ကျင့်ကြံ ကြိုးကုတ် အားထုတ်တယ်၊ အဲဒီ သူတော်ကောင်း တရားအလုပ်ကို တကယ်တမ်း အားထုတ်တဲ့ သူတော်ကောင်းပညာရှိဟာလဲ တကယ်ပင်ဝဋ်အတွင်းမှ လွတ်ကင်းမည့် အာဇာနည် လူရည်ချွန် လူ့တခွန် ဖြစ်ခြင်းကြောင့် မျက်မမြင် သူကန်း၏ တောင်တက်ခန်းကဲ့သို့ ကမ္ဘာတွေ အသခေျ အသချေ လွန်လေပါမှ တရံတခါသာဖြစ်၍ လက်ဖျစ်ခတ်တီး အံ့ချီးဘွယ်ပင် ဖြစ်တယ်။

ဟောတော်မူပြီး အကျင့်နည်းဖြင့် ကျင့်နည်းမမှား သူတော်ကောင်း တရားအလုပ်ကို တကယ်ဟမ်း အားထုတ်ပြီး မင်ဖိုလ်၌တည်တဲ့ ပုဂ္ဂိုလ် ဟာလဲ ဝဋ်အတွင်းမှ တကယ်ပင်လွတ်ကင်းပြီးဖြစ်တဲ့ အာဇာနည် လူရည် ချွန် လူ့တံခွန်ဖြစ်သောကြောင့် မျက်မမြင် သူကန်း၏ တောင်တက်ခန်း ကဲ့သို့ ကမ္ဘာတွေ အသင်္ချေ အသင်္ချေ လွန်လေပါမှ တရံတခါသာ ဖြစ်၍ လက်ဖျစ်ခတ်တီး အံ့ချီးဘွယ်ပင် ဖြစ်တယ်။

ခုလို သာသနာတော် ခေတ်မြတ်အကြုံမှာ အံ့ဘွယ်တွေ စုံနေတုန်း အံ့မဆုံးဖြစ်ဘဲ့ဗုဒ္ဓရဲ့ တရားအလုပ်ကို တကယ်ကမ်း အားထုတ်ပြီး ကိုယ်လဲ အံ့တပါး ပုဂ္ဂိုလ်ဖြစ်အောင် ပြုလုပ်သင့်တယ်၊ ဒီကနေ့ အံ့တပါး အပေါ် အဝင်ဖြစ်တဲ့ ဗုဒ္ဓရဲ့ တရားတော် ဒေဝဒူတသုတ် သံဝေဂတရားတော်ကို သေချာ ဂန ဟော ပြမည်၊ အာရုံအထွေထွေ ပြေးသွားနေတဲ့ စိတ်ဆင် ပြောင်ကြီးကို သမာဓိချွန်းနဲ့အုပ်ပြီး တရားအာရုံအလုပ်၌သာ ထိန်းချုပ် ကာ ခိုင်းစေကြပေတော့။

**သေမင်းတမန် သုံးပါး**

"တီဏိမာနိ ဘိက္ခဝေ ဒေဝဒူတာနိ"

ဘိက္ခဝေ၊သံသရာဘေး လာမည့်အရေးကို မြှော်ခတွေးရှုကြား ဆိုချစ်သား တို့။ ဒေဝဒူတာနိ၊ မင့်မကွက် နှိပ်စက်သတ်ညှဉ်း သေမင်း၏ တမန်တော် တို့သည်။ ဣမာနိ တီဏိ၊ သူအို, သူနာ, သူသေ ဟူကြား ဤသုံးပါးတို့ ပင်တည်း။

သေမင်းတမန် သုံးပါး ရှိတယ်လို့ မြတ်စွာဘုရား ဟောကြားတော်မူ ခဲ့တယ်။

**တမန်သုံးပါး**

၁။ သူအိုလဲ တပါး

၂။ သူနာလဲ တပါး

၃။ သူသေလဲ တပါး

အားဖြင့် သုံးပါး ဖြစ်တယ်။

## တမန်သုံးပါးတို့ သံဝေဂ ဖြစ်စေကြပုံ

ဒီတရားသုံးပါးဟာ ထိတ်လန့်ခြင်း သံဝေဂကို ဖြစ်စေတတ်ပါတယ်၊ ဘယ်လိုဖြစ်စေတတ်သလဲ-

### ဇရာဖိစီး သူအိုကြီးက

"အိုခြင်း မကင်းသေးတဲ့ အိုမိတ်ဆွေ၊ အကျွန်ုပ် ရုပ်ရေကို ကြည့်ပါဦးလေ၊ နဂိုနေ ပျိုရေပျက်ပြီး အိုလျက်ရှိပေပြီ၊ အရိုးကလဲ ပြိုင်းပြိုင်း ခါးကလဲ ကိုင်းကိုင်း နားကလဲ ထိုင်းထိုင်း မျက်စိကလဲ မှုံမှုံ တုန်တုန် လှုပ်လှုပ် စက်ဆုပ်ဘွယ်ရာ အရေမှာတွန့်လိပ် ဆံမုတ်ဆိတ် ဖွေးဖွေး သွားကမူ ကျိုးတိုးကျဲဘဲ သရဲသဘက်ပမာ ရုတ်တရက် ညဘက်မှာ မြင်ပါလျှင် ကြောက်မက်ဘွယ်ရာ ရုပ်အဆင်းကြီးနှင့် တောင်ဝှေးကို အားကိုးအားထား ပြုပြီး သွားလာမှု ပြုနေရပြီ အသင်သည်လည်း အိုရခြင်း သဘောမှ မလွတ်ကင်းနိုင်သေး၍ အိုရပေဦးမည်၊ မအိုမီကာလ အိုခြင်းတရားမှ လွတ်ရာလွတ်ကြောင်း ကုသိုလ်ကောင်းကို ဆည်းပူးအားထုတ် ပြုလုပ်ပါ လော့"ဟု တိုက်တွန်း နှိုးဆော် လေဘိသကဲ့သို့ ထိတ်လန့်ခြင်း သံဝေဂကို ဖြစ်စေတယ်။

### ဗျာဓိဖိစီး သူနာကြီးက

"နာခြင်းမကင်းတဲ့ အိုမိတ်ဆွေ၊ အကျွန်ုပ် ရုပ်ရေကို ကြည့်ပါဦးလေ၊ နဂိုနေ မာရေပျက်ပြီး နာလျက်ရှိပေပြီ၊ အနာရောဂါဖြင့် ပြင်းစွာနှိပ်စက်၍ ချမ်းသာကွက် ဘယ်မမြင် လွန်မင်းစွာ နာကျင်ပြီး အလွန်ပင် ဆင်းရဲလှပါ၏၊ ကိုယ့်ရှဲ့ ကျင်ကြီးကျင်ငယ်ကိုမျှလဲ ကိုယ်မသုတ်သင်နိုင်၊ ကျင်ကြီး ကျင်ငယ် ရွံဘွယ် အညစ်အကြေးတွေ ပေရေလိမ်းကျံလျက် အိပ်ရာထက်ဝယ် လဲလျက်နေရ သူများထံမှ ထနိုင်တယ်၊ အသင်သည်လည်း နာရခြင်း သဘောမှ မလွတ်ကင်းနိုင်သေး၍ နာရပေဦးမည်၊ မနာမီ ကာလက နာခြင်းတရားမှ လွတ်ရာလွတ်ကြောင်း ကုသိုလ်ကောင်းကို ဆည်းပူး အားထုတ် ပြုလုပ်ပါလော့"ဟုတိုက်တွန်းနှိုးဆော် လေဘိသကဲ့သို့ ထိတ်လန့်ခြင်း သံဝေဂကို ဖြစ်စေတယ်။

**မရဏဖိစီး သူသေကြီးက**

"သေခြင်းမကင်းသေးတဲ့ အိုမိတ်ဆွေ၊ အကျွန်ုပ် ရုပ်ရေကို ကြည့်ပါဦးလေ၊ နဂိုနေ ဇီဝိတိန္ဒြေပျက်ပြီး သေလျက်ရှိပေပြီ၊ သုသာန်တစသချိုင်းဝမှာ စွန့်ပစ်ကြပြီး ဖူးဖူးရောင်ထ ပုပ်ပွခြင်းသို့ရောက်ကာ ကျီး, စွန်, လင်းတ, ခွေးမှ စ၍ ခဲကြ စားကြ ဗလပွ ဖြစ်လေပြီ၊ အသင်သည်လည်း သေရခြင်းသဘောမှ မလွတ်ကင်းနိုင်သေး၍ သေရ ပေဦးမည်၊ မသေမီကာလက သေခြင်းတရားမှ လွတ်ရာလွတ်ကြောင်း ကုသိုလ်ကောင်းကို ဆည်းပူးအားထုတ် ပြုလုပ်ပါလော့"ဟု တိုက်တွန်းနှိုးဆော် လေဘိသကဲ့သို့ ထိတ်လန့်ခြင်း သံဝေဂကို ဖြစ်စေတယ်။

ဒါကြောင့်လဲ ဒီ သူအို, သူနာ, သူသေ ဆိုတဲ့ သုံးပါးကို "သေမင်း၏ တမန်တော်"လို့ မြတ်စွာဘုရား ဟောကြားခဲ့တယ်။

**တမန်သုံးပါး သရုပ်ပြဂါထာ**

ဇရာသတ္တော ဒေဝဒူတော၊
တထာ ဗျာဓိ မတာနိ စ။
တီဏိပိ ဒေဝဒူတာနိ၊
သမ္ဗုဒ္ဓေန ပကာသိတာ။
(ပဋ္ဌမ ရကာရ ဝိပုလာ)

ဇရာသတ္တော၊ ဆံဖြူသွားကျိုး ဆိုးရွားဟောင်းမြင်း အိုမင်းသောသတ္တဝါသည်။ ဒေဝဒူတော၊ မင့်မကွက် နှိပ်စက်သတ်ညှဉ်း သေမင်း၏ တမန်မည်၏။ ဗျာဓိမတာနိ စ၊ အနာဖိစီး သူနာကြီးနှင့် ပျက်ပြီး ဇီဝိတိန္ဒြေ သူသေတို့သည်လည်း။ တထာ၊ ထို့အတူ မင့်မကွက် နှိပ်စက်သတ်ညှဉ်း သေမင်း၏ တမန်မည်ကုန်၏။ ဣတိ၊ ဤသို့ ဆိုခဲ့ပြီးသား အပြားအားဖြင့်။ တီဏိပိ၊ သုံးမျိုးသုံးစား သုံးပါးလည်း ဖြစ်ကုန်သော။ ဒေဝဒူတာနိ၊ မင့်မကွက် နှိပ်စက်သတ်ညှဉ်း သေမင်းတမန်တို့ကို။ သမ္ဗုဒ္ဓေန၊ တမန်သုံးခိုင် ကိုယ်တိုင်သိမြင် ဘုရားရှင်သည်။ ပကာသိတာ၊ မချွတ်မယိမ်း မတိမ်းမစောင်း ကောင်းစွာ ဂန ဟောပြအပ်ကုန်၏။

## ငရဲသို့ ရောက်ကြောင်းက

ချစ်သား ရဟန်းတို့ ဤလောကမှာ အချို့သော ယသိ မလိမ္မာ ပညာ တုံးအ လူ့ဗာလဟာ....

၁။ သူ့အသက်ကို သတ်ခြင်း
၂။ သူ့ဥစ္စာကို ခိုးခြင်း
၃။ သူ့အိမ်ရာကို မှားခြင်း
ကာယ ဒုစရိုက်မှုတို့ကို ပြုတယ်။

၁။ မုသားပြောခြင်း
၂။ ကုံးချောခြင်း
၃။ ကြမ်းကြုတ်စွာ ပြောခြင်း
၄။ သိမ်ဖျင်းစွာ ပြောခြင်း
ဝစီ ဒုစရိုက်မှုတို့ကို ပြုတယ်။

၁။ သူ့စည်းစိမ်ကို မတရားလိုချင်ခြင်း
၂။ သူတပါး ပျက်စီးမှုကို ကြံခြင်း
၃။ အယူလွဲမှားခြင်း
မနော ဒုစရိုက်မှုတို့ကို ပြုတယ်။

ဒီလို ကိုယ်ဖြင့် ကာယဒုစရိုက်မှုတွေကို ပြု၊ နှုတ်ဖြင့် ဝစီဒုစရိုက်မှုတွေကို ပြု၊ စိတ်ဖြင့် မနောဒုစရိုက်မှုတွေကို ပြုပြီး သေသည်၏ အခြားမဲ့မှာ ဒုက္ခ ထန်သဲ ငရဲရွာမှာ ဖြစ်ကြတယ်။

## ငရဲထိန်း နှင့် ယမမင်း

လူ့ပြည်မှာ ခိုးဆိုးတိုက်ခိုက် လူမိုက်တွေကို ဖမ်းဆီးပြီး ညှဉ်းဆဲနှိပ်စက်တဲ့ လူဆိုးထိန်းတွေ, စီရင်ဆုံးဖြတ်တဲ့ တရားသူကြီးတွေ ရှိသကဲ့သို့ပင် ငရဲပြည်မှာလဲ ငရဲသို့ ကျလာတဲ့ ပုဂ္ဂိုလ်တွေကိုဖမ်းဆီးပြီး ညှဉ်းဆဲနှိပ်စက်တဲ့ ငရဲထိန်းတွေ, စီရင်ဆုံးဖြတ်တဲ့ ယမမင်းကြီးတွေ ရှိကြတယ်။

အဲဒီ ယမမင်းကြီးတွေက ငရဲတထပ် တံခါးလေးဘက်တွင် လေးယောက်ပင် ရှိသတဲ့၊ ငရဲရှစ်ထပ်မှာ သုံးဆယ့် နှစ်ယောက်ပင် ရှိသတဲ့။

## ယမမင်းကြီး စစ်မေးခန်း

လူ့ပြည်မှာ ကာယဒုစရိုက်, ဝစီဒုစရိုက်, မနောဒုစရိုက်မှုတွေ ပြုပြီး ငရဲသို့ ရောက်လာတဲ့ ငရဲသားကို ငရဲထိန်းတွေက လက်မောင်း တဘက် တချက်မှာ ခပ်သွက်သွက်ဆွဲကိုင်ကာ ယမမင်းကြီးထံ ခေါ်သွားပြီး—

"အရှင်မင်းကြီး ဤသူဟာ—
အမိ အဘတို့ကိုလဲ မလုပ်ကျွေး,
ရဟန်း ပုဏ္ဏားတို့ကိုလဲ မဆည်းကပ် မလုပ်ကျွေး,
သက်ကြီး ရွယ်ကြီးတို့ကိုလဲ မရိုသေ,
ဤသူအား ဒဏ်အမှုကို ပြုပါလော့"ဟု လျှောက်ထားကြသတဲ့။
ဒီအခါမှာ ယမမင်းကြီးက ငရဲသားကို စစ်ဆေးမေးမြန်းသတဲ့။

## ပဌမ သေမင်းတမန် စစ်မေးခန်း

**ယမမင်း** "အချင်း ငရဲသား သင်ဟာ လူ့ပြည်တုန်းက ပဌမ သေမင်း တမန် သင့်ထံလာတာကို မမြင်ပါလား"

**ငရဲသား** "အရှင်မင်းကြီး မမြင်ပါ"

**ယမမင်း** "အချင်း ငရဲသား သင်ဟာ လူ့ပြည်တုန်းက ဇရာတရား နှိပ်စက် ထားတဲ့ မိန်းမ ယောကျ်ား သူအိုများကို မမြင်ပါလား"

**ငရဲသား** "အရှင်မင်းကြီး မြင်ပါ၏"

**ယမမင်း** "အချင်း ငရဲသား သင်ဟာ ဤကဲ့သို့ အကြံအစည်များ မဖြစ် ပေါ်ဘူးဘူးလား၊ 'ငါသည် အိုခြင်းသဘောကို မလွန်ဆန် နိုင်သေး၍ အိုရပေဦးမည်၊ မအိုမီကာလက အိုခြင်းသဘော မှ လွတ်ရာ လွတ်ကြောင်း ကုသိုလ်ကောင်းမှုကို ပြုဦးမှဘဲ'လို့ အကြံအစည်များ မဖြစ်ပေါ် ဘူးဘူးလား"

**ငရဲသား** "အရှင်မင်းကြီး မေ့လျော့ခဲ့သည့် အတွက် ကုသိုလ် ပြုဘို့ရန် အကြံအစည်များပင် မဖြစ်ပေါ်ခဲ့ပါ"

ယမမင်း “အချင်းငရဲသား သင်မေ့လျော့မှုဖြင့် ကုသိုလ်မပြုခဲ့၊ သင်မေ့လျော့သော အခြင်းအရာဖြင့်ပင် သင့်အား ဒုက္ခအမှုကို ပြုကြလိမ့်မည်၊ ဤမကောင်းမှု အကုသိုလ်ကံကို တပါးသူတို့ မပြုခဲ့၊ သင်သည်သာလျှင် ပြုခဲ့၏၊ ဤ မကောင်းမှု အကုသိုလ်ကံ၏ အကျိုးကို သင်သည်သာလျှင် ခံစားရပေလိမ့်မည်။

သင်္ဂဟ ဂါထာ

စေမာနိက ပေတ ရာဇာ၊
ရာမ ရာဇာပိ ဓမ္မိကော။
နေရယိကံ ဒေဝဒူတံ၊
ပဋ္ဌမံ အနုပုစ္ဆတိ။
(ဥဘယ မကာရ ဝိပုလာ)

ဓမ္မိကော၊ မိစ္ဆာဂတိ မရှိလိုက်စား မမှောက်မှားဘဲ တရားဓမ္မသတ်စိစစ်လတ်၍ ဆုံးဖြတ်တတ်ဘိ တရားရှိသော။ စေမာနိက ပေတရာဇာ၊ ပုညာပုည ဒွိကမ္မကြောင့် ဒိဗ္ဗသမ္ပတ် ခါတရပ်မှု ကမ္မတ်အကုသလ် အကျိုးခံသည့် နှစ်တန်မှုခင်း စေမာနိက ပြိတ္တာမင်းဖြစ်သော။ ယမရာဇာပိ၊ ငရဲသေဋ္ဌနင်း ယမမင်းသည်လည်း။ နေရယိကံ၊ သုစရိတ မေ့လျော့ကာပြီး ဒုစ္စရိတ ပြုကျင့်ကြကာ ငရဲရွာ၌ ဖြစ်လာတဲ့ ငရဲသတ္တဝါကို။ ပဌမံ၊ ထင်ရှားပေါ်ပေါက် ရှေးဦးရောက်သော။ ဒေဝဒူတံ၊ သူအိုဟုခေါ် သေမင်း၏ တမန်တော်ကို။ အနုပုစ္ဆတိ၊ ဒုက္ခပဋိလီ ငရဲပြည်မှ ရှေးတည်၍ညှ အမှတ်ရစေလွတ်တန်လွတ်စေ ကရုဏာတော့ဖြင့် အဖန်ဖန်မေးပေ၏။

ငရဲသေဋ္ဌနင်း ယမမင်းကြီးလဲ ငရဲသို့ရောက်လာတဲ့ ငရဲသတ္တဝါကို ရှေးလူဖြစ်စဉ်အခါက ကောင်းမှုကုသိုလ်များ ပြုခဲ့ဘူးပါလျှင် အမှတ်ရစေတော့, အမှတ်ရပြီး ဒုက္ခထန်သဲ ငရဲဆင်းရဲမှ လွတ်ပါစေတော့ဆိုတဲ့ ရည်ရွယ်ချက် ကရုဏာတရားဖြင့် ရှေးဦးစွာ သူအို သေမင်းတမန်ကို စစ်ဆေး မေးမြန်းသတဲ့။

## ကုသိုလ်ကို အမှတ်ရက ငရဲမှလွတ်ရ

ဒီလို ယမမင်းကြီးလဲ ရှေးဦးစွာ သူအိုသေမင်း တမန်ကို ပြောကြားပြီး ငရဲသားကို ကုသိုလ်တရားကို အမှတ်ရစေတဲ့အခါ ငရဲသားက ရှေးလူ

သုဓမ္မဝတီ(က)၁၀၀-၁၄

ဖြစ်စဉ်အခါက ပြုခဲ့ဘူးတဲ့ ကောင်းမှုကုသိုလ်များရှိလို့ ထိုကုသိုလ်ကို အမှတ်ရလျှင် ထိုခဏမှာပင် ငရဲမှလွတ်ပြီး သုဂတိဘုံဘဝမှာ တဖန် ဖြစ်ရသတဲ့။

## ဒုတိယ သေမင်းတမန် စစ်မေးခန်း

ပဉ္စမ သူ့အို သေမင်းတမန်ကို စစ်ဆေး မေးမြန်းလို့ ကောင်းမှု ကုသိုလ်ကို အမှတ်မရသေးလျှင် နှစ်ကြိမ်မြောက် သူနာ သေမင်းတမန်ကို စစ်ဆေး မေးမြန်းပြန်သတဲ့။

ယမမင်း "အချင်း ငရဲသား သင်ဟာ လူ့ပြည်တုန်းက ဒုတိယ သေမင်း တမန် သင့်ထံလာတာကို မမြင်ပါလား"

ငရဲသား "အရှင်မင်းကြီး မမြင်ပါ"

ယမမင်း "အချင်း ငရဲသား သင်ဟာ လူ့ပြည်တုန်းက ဗျာဓိတရား နှိပ်စက်ထားတဲ့ မိန်းမ ယောကျ်ား သူနာများကို မမြင်ပါ လား"

ငရဲသား "အရှင်မင်းကြီး မြင်ပါ၏"

ယမမင်း "အချင်း ငရဲသား သင်ဟာ ဤကဲ့သို့ အကြံအစည်များ မဖြစ် ပေါ် ဘူးဘူးလား၊ 'ငါသည် နာခြင်းသဘောကို မလွန်ဆန် နိုင်သေး၍ နာရပေဦးမည်၊ မနာမီကာလက နာခြင်းသဘောမှ လွတ်ရာ လွတ်ကြောင်း ကုသိုလ်ကောင်းကို ပြုဦးမှဘဲလို့ အကြံ အစည်များ မဖြစ်ပေါ် ဘူးဘူးလား'"

ငရဲသား "အရှင်မင်းကြီး မေ့လျော့ ခဲ့သည့် အတွက် ကုသိုလ်ပြုဘို့ရန် အကြံအစည်မျှပင် မဖြစ်ပေါ်ခဲ့ပါ"

ယမမင်း "အချင်းငရဲသား သင်သည် မေ့လျော့မှုဖြင့် ကုသိုလ်မပြုခဲ့၊ သင်မေ့လျော့သော အခြင်းအရာဖြင့်ပင် သင့်အား ဒဏ်အမှု ကို ပြုကြလိမ့်မည်၊ ဤမကောင်းမှု အကုသိုလ်ကံကို တပါး သူတို့ မပြုခဲ့၊ သင်သည်သာလျှင် ပြုခဲ့၏၊ ဤမကောင်းမှု အကုသိုလ်ကံ၏ အကျိုးကို သင်သည်သာလျှင် ခံစားရပေ လိမ့်မည်"

### သင်္ဂဟ ဂါထာ

ဝေမာနိက ပေတ ရာဇာ၊
ယမ ရာဇာပိ ဓမ္မိကော။
နေရယိကံ ဒေဝဒူတံ၊
ဒုတိယံ အနုပုစ္ဆတိ။

(ဥဘယ ရကာရ ဝိပုလာ)

ဓမ္မိကော၊ မိစ္ဆာဂတိ မရှိလိုက်စား မမှောက်မှားဘဲ တရားဓမ္မသတ် စိစစ်လတ်၍ ဆုံးဖြတ်တတ်ဘိ တရားရှိသော။ ဝေမာနိက ပေတ ရာဇာ၊ ပုညာပုည ဒွိကမ္မကြောင့် ဒိဗ္ဗသမ္ပတ် ခါတရပ်မူ ကမ္မတ် အကုသလ် အကျိုး ခံသည့် နှစ်တန်မှုခင်း ဝေမာနိက ပြိတ္တာမင်းဖြစ်သော။ ယမ ရာဇာပိ၊ ငရဲသေဌ်နင်း ယမမင်းသည်လည်း။ နေရယိကံ၊ သုစရိတ မေ့လျော့ကြပြီး ဒုစ္စရိတ ပြုကျင့်ကြကာ ငရဲရွာ၌ ဖြစ်လာတဲ့ ငရဲသတ္တဝါကို။ ဒုတိယံ၊ ထင်ရှား ပေါ်ပေါ်က် နှစ်ကြိမ်မြောက်ဖြစ်သော။ ဒေဝဒူတံ၊ သူနာဟုခေါ် သေမင်း၏ တမန်တော်ကို။ အနုပုစ္ဆတိ၊ ဒုက္ခပွေလီ ငရဲပြည်မှ ရှေးတည် ပုည အမှတ်ရစေ လွတ်တန်လွတ်စေ ကရုဏာတွေဖြင့် အပန်ဖန် မေးပေ၏။

ငရဲသေဌ်နင်း ယမမင်းကြီးလဲ ငရဲသို့ ရောက်လာတဲ့ ငရဲသတ္တဝါကို ရှေးလူဖြစ်စဉ်အခါက 'ကောင်းမှုကုသိုလ်များ ပြုခဲ့ဘူးပါလျှင် အမှတ်ရစေ တော့၊ အမှတ်ရပြီး ဒုက္ခထန်သဲ ငရဲဆင်းရဲမှ လွတ်ပါစေတော့ဆိုတဲ့ ရည်ရွယ်ချက် ကရုဏာတရားဖြင့် နှစ်ကြိမ်မြောက် သူနာ သေမင်းတမန်ကို စစ်ဆေး မေးမြန်းသတဲ့။

### ကုသိုလ်ကို အမှတ်ရက ငရဲမှလွတ်ရ

ဒီလို ယမမင်းကြီးက နှစ်ကြိမ်မြောက် သူနာသေမင်း တမန်ကို ပြောကြားပြီး ငရဲသားကို ကုသိုလ်တရားကို အမှတ်ရစေတဲ့အခါ ငရဲ သားက ရှေးလူဖြစ်စဉ်အခါက ပြုခဲ့ဘူးတဲ့ ကောင်းမှုကုသိုလ်များရှိလို့ ထိုကုသိုလ်ကို အမှတ်ရလျှင် ထိုခဏမှာပင် ငရဲမှ လွတ်ပြီး သုဂတိဘုံဘဝမှာ တဖန် ဖြစ်ရသတဲ့။

## ဘတိယ သေမင်းတမန် စစ်မေးခန်း

ဒုတိယ သူနာ သေမင်းတမန်ကို စစ်ဆေးမေးမြန်းလို့ ကောင်းမှုကုသိုလ်ကို အမှတ်မရသေးလျှင် သုံးကြိမ်မြောက် သူသေ သေမင်းတမန်ကို စစ်ဆေးမေးမြန်းပြန်သတဲ့။

ယမမင်း "အချင်းငရဲသား လူ့ပြည်တုန်းက တတိယ သေမင်း တမန် သင့်ထံလာတာကို မမြင်ပါလား"

ငရဲသား "အရှင်မင်းကြီး မမြင်ပါ"

ယမမင်း "အချင်းငရဲသား သင်ဟာ လူ့ပြည်တုန်းက မရဏတရားနှိပ်စက် ထားတဲ့ မိန်းမ ယောကျာ်း သူသေများကို မမြင်ပါလား"

ငရဲသား "အရှင်မင်းကြီး မြင်ပါ၏"

ယမမင်း "အချင်းငရဲသား သင်ဟာ ဤကဲ့သို့ အကြံအစည်များ မဖြစ်ပေါ်ဘူးဘူးလား 'ငါသည် သေခြင်းသဘောကို မလွန်ဆန်နိုင်သေး၍ သေရပါဦးမည်၊ မသေမီကာလက သေခြင်းသဘောမှ လွတ်ရာလွတ်ကြောင်း ကုသိုလ်ကောင်းကို ပြုဦးမှဘဲလို့ အကြံအစည်များ မဖြစ်ပေါ် ဘူးဘူးလား"

ငရဲသား "အရှင် မင်းကြီး မေ့လျော့ ခဲ့သည့် အတွက် ကုသိုလ်ပြုဘို့ရန် အကြံအစည်မျှပင် မဖြစ်ပေါ်ခဲ့ပါ"

ယမမင်း "အချင်းငရဲသား သင်သည် မေ့လျော့မှုဖြင့် ကုသိုလ်မပြုခဲ့၊ သင် မေ့လျော့သော အခြင်းအရာဖြင့်ပင် သင့်အား ဒဏ်အမှုကို ပြုကြလိမ့်မည်၊ ဤမကောင်းမှု အကုသိုလ်ကံကို တပါးသူတို့ မပြုခဲ့၊ သင်သည်သာလျှင် ပြုခဲ့၏၊ ဤ မကောင်းမှု အကုသိုလ်ကံ၏ အကျိုးကို သင်သည်သာလျှင် ခံစားရပေလိမ့်မည်"

## သင်္ဂဟ ဂါထာ

ဝေ မာနိက ပေတရာဇာ၊
ယမရာဇာပိ ဓမ္မိကော။
နေရယိကံ ဒေဝဒူတံ၊
တတိယံ အနုပုစ္ဆတိ။
(ဥဘယ ရကာရ ဝိပုလာ)

ဓမ္မိကော၊ မိစ္ဆာဂတိ မရှိလိုက်စား မမှောက်မှားဘဲ တရားဓမ္မသတ် စိစစ်လတ်၍ ဆုံးဖြတ်တတ်ဘိ တရားရှိသော။ ဝေမာနိက ပေတရာဇာ၊ ပည်ာပုည ဒွိကမ္မကြောင့် ဒိဗ္ဗသမ္ပတ် ခါတရပ်မူ ကမ္မတ်အကုသလ် အကျိုး ခံသည့် နှစ်တန်မှုခင်း ဝေမာနိက ပြိတ္တာမင်းဖြစ်သော။ ယမရာဇာပိ၊ ငရဲသေဌ်နင်း ယမမင်းသည်လည်း။ နေရယိကံ၊ သုစရိက မေ့လျော့ကြ ပြီး ဒုစ္စရိတ ပြုကျင့်ကြကာ ငရဲရွာ၌ ဖြစ်လာတဲ့ ငရဲသတ္တဝါကို။ တတိယံ၊ သင်းရှားပေါ်ပေါက်၊ သုံးကြိမ်မြောက်ဖြစ်သော။ဒေဝဒူတံ၊သူသေဟုခေါ် သေမင်းတမန်တော်ကို။ အနုပုစ္ဆတိ၊ ဒုက္ခပွေလီ ငရဲပြည်မှ ရှေးတည်ပုည အမှတ်ရစေ လွတ်တန်လွတ်စေ ကရုဏာတွေဖြင့် အဖန်ဖန် မေးပေ၏။

ငရဲသေဌ်နင်း ယမမင်းကြီးလဲ ငရဲသို့ရောက်လာတဲ့ ငရဲသတ္တဝါကို ရှေးလူဖြစ်စဉ် အခါက ကောင်းမှုကုသိုလ်များ ပြုခဲ့ဘူးပါလျှင် အမှတ် ရစေတော့, အမှတ်ရပြီး ဒုက္ခထန်သဲ ငရဲဆင်းရဲမှ လွတ်ပါစေတော့ ဆိုတဲ့ ရည်ရွယ်ချက်, ကရုဏာတရားဖြင့် သုံးကြိမ်မြောက် သူသေ သေမင်းတမန်ကို စစ်ဆေး မေးမြန်းပြန်သတဲ့။

### ကုသိုလ်ကို အမှတ်ရက ငရဲမှလွတ်ရ

ဒီ လို ယမမင်းကြီးက သုံးကြိမ်မြောက် သူသေ သေမင်းတမန်ကို ပြော ကြားပြီး ငရဲသားကိုကုသိုလ်တရားကိုအမှတ်ရစေတဲ့အခါ ငရဲသားက ရှေးလူ ဖြစ်စဉ်အခါက ပြုခဲ့ဘူးတဲ့ ကောင်းမှု ကုသိုလ်များရှိလို့ ထိုကုသိုလ်ကိုအမှတ် ရလျှင် ထိုခဏမှာပင် ငရဲမှလွတ်ပြီး သုဂတိဘုံဘဝမှာ တဖန်ဖြစ်ရသတဲ့။

### ကိုယ်တိုင် ဆင်ခြင်အောက်မေ့ခြင်း

တတိယ သူသေ သေမင်းတမန်ကို စစ်ဆေးမေးမြန်းလို့ ကောင်းမှု ကုသိုလ်ကို အမှတ်မရသေးလျှင် ယမမင်းကြီးကိုယ်တိုင်ပင် ‘ဤသူသည်

ရှေးလူ့ဘဝတုန်းက ကောင်းမှုကုသိုလ်များ ပြုခဲ့ဘူးသလော’ဟု ကြည့်ရှုဆင်ခြင်တော်မူသတဲ့၊ အဲဒါလို ကြည့်ရှုဆင်ခြင်လို့ ကောင်းမှုကုသိုလ်ပြုဘူးသည်ကို မြင်လျှင် “အချင်းငရဲသား၊ သင်ဟာ လူ့ပြည်တုန်းက ဤမည်သော ကောင်းမှုကုသိုလ်ကို ပြု၍ ငါ့အား ပတ္တိဒါန ဝေငှဘူးသည်မဟုတ်ပါလား”ဟု ပြောကြား၍ ကောင်းမှုကုသိုလ်ကို အမှတ်ရစေသတဲ့။

**ကုသိုလ်ကို အမှတ်ရက ငရဲမှလွတ်ရ**

ဤကဲ့သို့ ယမမင်းကြီးကိုယ်တိုင် ထိုငရဲကျလာ သတ္တဝါ၏ ရှေးခါသည်းစု မြတ်ကောင်းမှုကို ကြည့်ရှုပြောကြား၍ ကုသိုလ်တရားကို အမှတ်ရစေတဲ့ ငရဲသားကို မိမိကုသိုလ်ကို အမှတ်ရလျှင် ထိုခဏမှာပင် ငရဲမှလွတ်ပြီး သုဂတိဘုံဘဝမှာ တဖန် ဖြစ်ရသတဲ့။

**သင်္ဂဟ ဂါထာ**

ဝေ မာနိက ပေတရာဇာ၊
ယမရာဇာပိ ဓမ္မိကော။
သယံ ပုညမ္ပိ သာရေတိ၊
ပုစ္ဆိတွာ တီဏိ အဿရံ။
(ပဉ္စမ ရကာရ ဝိပုလာ)

ဓမ္မိကော၊ ဓမ္မတာသိဒ္ဓိတရားရှိသော။ ဝေမာနိက ပေတရာဇာ၊ ပုညာပုည ဉ်ကမ္မကြောင့် ဒိဗ္ဗသမ္ပတ် ခါတရပ်မူ ကမ္မတ်အကုသလံ အကျိုးခံသည့် နှစ်တန်မှုခင်း ဝေမာနိက ပြိတ္တာမင်းဖြစ်သော။ ယမရာဇာပိ၊ ငရဲသေဌ်နင်း ယမမင်းသည်လည်း။ တီဏိ၊ သူအို၊ သူနာ၊ သူသေဟူငြား သုံးပါးသော သေမင်းတမန်တို့ကို။ ပုစ္ဆိတွာ၊ စစ်ဆေးမေးမြန်းပြီး၍။ အဿရံ၊ ကုသိုလ်ဓမ္မ၌ အမှတ်မရသော ငရဲသတ္တဝါကို။ သယမ္ပိ၊ ကရုဏာဖြိုင်စိတ်ခါတ်လိုင်၍ ကိုယ်တိုင်သော်လည်း။ ပုညံ၊ ငရဲကျလာ သတ္တဝါ၏ ရှေးခါသည်းစု ပြုပြုသမျှ မြတ်ပုညကို။ သာရေတိ၊ ကြည့်ရှုဆင်လေ့အောက်မေ့စေ၏။

**ကုသိုလ်မမြင် ဆိတ်ဆိတ်ပင်နေ**

ယမမင်းကြီးလဲ ငရဲသို့ရောက်လာတဲ့ ငရဲသတ္တဝါကို သေမင်းတမန်သုံးပါးကို စစ်ဆေးမေးမြန်းပြီး ကောင်းမှုကုသိုလ်ကို အမှတ်ရစေသော်

လည်း ကောင်းမှုကုသိုလ်ကို အမှတ်မရ ကိုယ်တိုင်လည်း ပြုဘူးသော ကောင်းမှုကို ကြည့်ရှု၍ မမြင်လျှင် ဆိတ်ဆိတ်ပင်နေသတဲ့။

## ညှဉ်းပန်းမှုမျိုးစုံ ငရဲဘုံ

ဒီအခါမှာ ငရဲထိန်းတွေက ငရဲသတ္တဝါကို ညှဉ်းပန်းမှု ငါးမျိုးဖြင့် ညှဉ်းပန်းကြသတဲ့၊ သုံးဂါဝုတ်လောက် ကိုယ်ကောင်ကြီးမားတဲ့ ငရဲသားကို မီးလျှံရဲရဲ ပြောင်ပြောင်စွဲတဲ့ သံမြေထက်မှာ ပက်လက်တမျိုး မှောက်လျက်တဖုံလက်ဝဲနံပါး လက်ျာနံပါး လေးမျိုးလေးစား အိပ်စေပြီး ထန်းလုံးခန့်ကြီးမားတဲ့ မီးလျှံရဲရဲ ပြောင်ပြောင်စွဲတဲ့ သံချောင်းကို လက်ဝဲလက်၊ လက်ျာလက်၊ လက်ဝဲခြေ၊ လက်ျာခြေ၊ အလယ်အားဖြင့် ငါးဌာနမှာ လျှိုသွင်းကြသတဲ့၊ ဒီအခါမှာ ငရဲသတ္တဝါလဲ ကယ်ပါယူပါ တစာစာနှင့် အလွန်ပြင်းပြတဲ့ ဆင်းရဲဝေဒနာကို ခံစားရတယ် ဆိုဘဲ၊ အကုသိုလ်က မကုန်သေးသမျှ ငရဲမှ လွတ်ခွင့်လဲ မရဘူးတဲ့။

ထိုငရဲသတ္တဝါကို မီးလျှံရဲရဲ ပြောင်ပြောင်စွဲတဲ့ သံမြေထက်မှာ အိပ်စေပြီး တဘက်ရပ်အိမ်မိုး ပမာဏမျှရှိတဲ့ ဓားမကြီးများဖြင့် သစ်သားကို ခုတ်ရွေသကဲ့သို့ မျဉ်းကြိုးဖြင့် မှတ်ပြီး ရှစ်မြှောင့် ခြောက်မြှောင့် ခုတ်ရွေကြသတဲ့၊ ယိုစီးထွက်ကျတဲ့ သွေးတွေကလဲ မြစ်ကြီးကဲ့သို့ပင် စီးဆင်းသတဲ့၊ သံမြေပြင်မှ မီးလျှံထလာပြီး ဓားဖြင့် ခုတ်ရွေရာအရပ်ကို လောင်ကျွမ်းသတဲ့၊ ဒီအခါမှာ ငရဲသတ္တဝါလဲ ကယ်ပါ ယူပါ တစာစာနဲ့ အလွန်ပြင်းပြတဲ့ ဆင်းရဲဝေဒနာကို ခံစားရတယ်ဆိုဘဲ၊ အကုသိုလ်က မကုန်သေးသမျှ ငရဲမှ လွတ်ခွင့်လဲ မရဘူးတဲ့။

ထိုငရဲသတ္တဝါကို ဦးခေါင်းစောင့်ထိုး ခြေကိုမိုးမျှော်ပြုပြီး ဗန်းစကောကြီး ပမာဏမျှရှိတဲ့ ပဲခွပ်ကြီးတွေနဲ့ ခုတ်ရွေကြသတဲ့၊ ဒီအခါမှာ ငရဲသတ္တဝါလဲ ကယ်ပါ ယူပါ တစာစာနဲ့ အလွန်ပြင်းပြတဲ့ ဆင်းရဲဝေဒနာကို ခံစားရတယ်ဆိုဘဲ၊ အကုသိုလ်က မကုန်သေးသမျှ ငရဲမှလွတ်ခွင့်လဲ မရဘူးတဲ့။

ထိုငရဲသတ္တဝါကို မီးလျှံရဲရဲ ပြောင်ပြောင်စွဲတဲ့ ရထားမှာ ယှဉ်တပ်ပြီး မီးလျှံရဲရဲ ပြောင်ပြောင်စွဲတဲ့ သံမြေထက်မှာ ခေါက်တုံ့ခေါက်ပြန် ကြိမ်ဖန်များစွာ မောင်းနှင်ကြသတဲ့၊ ဒီအခါမှာ ငရဲသတ္တဝါလဲ ကယ်ပါ ယူပါ

တစာစာနဲ့ အလွန်ပြင်းပြတဲ့ ဆင်းရဲ ဝေဒနာကို ခံစားရတယ် ဆိုဘဲ၊ အကုသိုလ်ကံ မကုန်သေးသမျှ ငရဲမှ လွတ်ခွင့်လဲ မရဘူးတဲ့။

ထိုငရဲသတ္တဝါကို အထွင့်ရှိတဲ့ အိမ်ကြီးပမာဏ ကြီးမားတဲ့ အလျှံ တပြောင်ပြောင် တောက်လောင် နေတဲ့ မီးကျီးတောင်ပုံသို့ မီးလျှံရဲရဲ ပြောင်ပြောင်စွဲတဲ့ သံဘင်းပုတ်ကြီးများနဲ့ ရိုက်ပုတ်ပြီး တက်လဲ တက်ခိုင်းသတဲ့၊ ဆင်းလဲဆင်းခိုင်းသတဲ့၊ ဒီအခါမှာ ငရဲသတ္တဝါလဲ ကယ်ပါ ယူပါ တစာစာနဲ့ အလွန် ပြင်းပြတဲ့ ဆင်းရဲ ဝေဒနာကို ခံစား ရတယ် ဆိုဘဲ၊ အကုသိုလ်ကံ မကုန်သေးသမျှ ငရဲမှ လွတ်ခွင့်လဲ မရဘူးတဲ့။

ထိုငရဲသတ္တဝါကို ဦးခေါင်းစောက်ထိုး ခြေမိုးမျှော်ပြုပြီး မီးလျှံရဲရဲ ပြောင်ပြောင်စွဲတဲ့ လောဟကုမ္ဘီသံရေငရဲမှာ ပစ်ချကြသတဲ့၊ ဒီအခါမှာ ငရဲသတ္တဝါလဲ မြှုပ်ချီတခါ ပေါ်ကာတလှဲ့ ဘေးသို့တဖန် အတန်တန် ကျက်လျက် အလွန် ပြင်းပြတဲ့ ဆင်းရဲ ဝေဒနာကို ခံစား ရတယ်ဆိုဘဲ၊ အကုသိုလ်ကံ မကုန်သေးသမျှ ငရဲမှ လွတ်ခွင့်လဲ မရဘူးတဲ့။

ထိုငရဲသတ္တဝါကို အဝီစိငရဲကြီးမှာ ပစ်ချကြသတဲ့၊

အဲဒီ အဝီစိငရဲကြီးကား—

စတုက္ကဏ္ဏော စတုဒ္ဒါရော၊
ဝိဘတ္တော ဘာဂသော မိတော။

အယောပါကာရပရိယန္တော၊
အယသာ ပဋိကုဇ္ဇိတော။

တဿ အယောမယာ ဘူမိ၊
ဇလိတာ တေဇသာ ယုတာ။

သမန္တာ ယောဇနသတံ၊
ဖရိတွာ တိဋ္ဌတိ သဗ္ဗဒါ။

ဟု ဟောတော်မူသောကြောင့် အနားလေးဘက် တံခါးလေးဘက် ထောင့်လေးချက်နဲ့ အကွက်ကျကျ တိုင်းတာဝေဘန်၍ ထားပြီး သံတံတိုင်း ဖြင့် ကာရံကာ အပေါ်က သံပြားဖြင့် မိုးအုပ်ပြီး ထားသတဲ့။

အောက်ခံသံမြေမှာလဲ မီးဟုန်းဟုန်း တောက်လျက် ထက်ဝန်းကျင် ယူဇနာ တရာတိုင်တိုင် ပြန့်နှံ့ပြီး တည်သတဲ့။

သော မဟာနိရယော၊ ထို အဝီစိ ငရဲကြီးသည်ကား။ စတုက္ကဏ္ဏော၊ အထောင့် အစွန်အဖျား အနားလေးဘက်ရှိ၏။ စတုဒွါရော၊ ဖွင့်ပိတ်ရန် ထား တံခါးလေးပေါက်ရှိ၏။ ဘာဂသော၊ အဘို့အားဖြင့်။ ဝိဘတ္တော၊ ကန့်သတ်ပိုင်းခြား ရာထားလက်ခံ ဝေဘန်အပ်၏။ မိတော၊ ဆ,ပိုင်းဘက် တင် နှိုင်းယှဉ်အပ်၏။ အယောပါကာရ ပရိယန္တော၊ သံတံတိုင်းဖြင့် ခတ်ပိုင်းပိတ်ပင် ဝန်းကျင်ရံအပ်၏။ အယသာ၊ မီးလျှံရဲရဲ ပြောင်ပြောင် စွဲသည့် သံခဲသံပြားဖြင့်။ ပဋိကုဇ္ဇိတော၊ အပေါ်အရပ်၌ တင်းကြပ်စွာ ကုတ် မိုးအုပ်အပ်၏။

တဿ၊ ထို ဒုက္ခထန်သဲ အဝီစိ ငရဲကြီး၏။ ဘူမိ၊ တည်ရာဖြစ်လေ အောက်ခံမြေသည်။ အယောမယာ၊ ခက်မာပြင်းထန် သံဖြင့်ပြီး၏။ ဇလိတာ၊ အလျှံ တပြောင်ပြောင် တောက်လောင်၏။ တေဇသာ၊ အရှိန်ထန် ထန် မီးလျှံနှင့်။ ယုတာ၊ အတူဘက်တင် တွဲယှဉ်၏။ သမန္တာ၊ ပတ်ပတ် လည်တွင် ထက်ဝန်းကျင်မှ။ ယောဇနသတံ၊ တွက်ရေသချာ ယူဇနာတရာ တိုင်တိုင်။ ဖရိတွာ၊ နေရာမလပ် နှံ့နှံ့စပ်စပ် ပြန့်လတ်၍။ သဗ္ဗဒါ၊ နေ့ရော ညဉ့်ပါ အခါခပ်သိမ်း။ တိဋ္ဌတိ၊ မပြတ်မလပ် ဖြစ်ရပ်ထူးထွေတည်နေ၏။

## ယမမင်းကြီး အကြံဖြစ်ပုံ

ယမမင်းကြီးလဲ ဤကဲ့သို့ အကြံအစည်များ ဖြစ်သတဲ့၊ အချင်းတို့ လောကမှာ မကောင်းမှုပြုသူတို့ဟာ ဤကဲ့သို့သော ဆင်းရဲဒုက္ခကို ခံစား ကြရတယ်၊ ငါသည် လူအဖြစ်ကိုရပါမူ, လောက၌ ဘုရားရှင်လည်းပွင့်ပါမူ ငါသည်သည်း ဘုရားရှင်အား ဆည်းကပ်ရပါမူ, ဘုရားရှင်လည်း ငါ့အား တရားဟောကြားပါမူ, ငါသည်လည်း ဘုရားရှင်၏တရားကို သိရပါမူ ကောင်းလေစွဟု အကြံအစည်များ ဖြစ်သတဲ့။

ထိုမှတဖန် ဂါထာအားဖြင့်လည်း ဟောတော်မူပြန်သည်။

စောဒိတာ ဒေဝဒူတေဟိ၊ ယေ ပမဇ္ဇန္တိ မာဏဝါ။
- တေ ဒီဃရတ္တံ သောစန္တိ၊ ဟီနကာယူပဂါ နရာ။

ယေ စ ခေါ ဒေဝဒူတေဟိ၊ သဉ္စောဒိတာ မာဏဝါ။
စောဒိတာ နပ္ပမဇ္ဇန္တိ၊ အရိယဓမ္မေ ကုဒါစနံ။
ဥပါဒါနေ ဘယံ ဒိသွာ၊ ဇာတိမရဏ သမ္ဘဝေ။
အနုပါဒါ ဝိမုစ္စန္တိ၊ ဇာတိမရဏ သင်္ခယေ။
တေ အပ္ပမတ္တာ သုခိနော၊ ဒိဋ္ဌဓမ္မာဘိ နိဗ္ဗုတာ။
သဗ္ဗဝေရဘယာတီတာ၊ သဗ္ဗ ဒုက္ခံ ဥပစ္စဂုံ။

နရာ၊ နရမည်သော် လူဟုခေါ်သော။ ယေ မာဏဝါ၊ အကြင်မျှားစွာ သောင်းပြောင်း သတ္တဝါအပေါင်းတို့သည်။ ဒေဝဒူတေဟိ၊ သူအို သူနာ သူသေသုံးတန် သေမင်း၏ တမန်တို့သည်။ စောဒိတာ၊ ကုသိုလ်ဓမ္မ ပြုကုန်ကြဟု ဆုံးမပြောကြား မှာထားပြဿန်း တိုက်တွန်းနှိုးဆော်အပ်ကုန်သည် ဖြစ်ပါလျက်။ ပမဇ္ဇန္တိ၊ ကုသိုလ်ဓမ္မ၌ မေ့လျော့ပေါ့ဆ၍ နေကြကုန်၏။ တေ၊ထိုကုသိုလ်ဓမ္မ၌ မေ့လျော့ပေါ့ဆ၍ နေကြကုန်သော သတ္တဝါတို့သည်။ ဟီနကာယူပဂါ၊ ယုတ်နိမ့်အောက်ကျ သတ္တနိကာယသို့ ကပ်ရောက်ရကုန်သည်ဖြစ်၍။ ဝါ၊ ယုတ်နိမ့်အောက်ကျ အတ္တဘာဝကို ရကြကုန်သည်ဖြစ်၍။ ဒီဃရတ္တံ၊ ရှည်ကြာလေးမြင့် နေ့ညဉ့်တို့ပတ်လုံး။ သောစန္တိ၊ စိတ်စက် မအေး စိုးရိမ်ပူဆွေးကြရကုန်၏။

"ဟီနကာယူပဂါ"တိ ဟီနကာယံ ဥပဂတာ ဟုတွာ။

(အဋ္ဌကထာ)

"ဟီနကာယ"န္တိ ဟီနံ သတ္တနိကာယံ ဟီနံ ဝါ အတ္တဘာဝံ။

(ဋီကာ)

ဣဓ၊ ဤလူ့ခွင်ဌာန လူ့လောက၌။ သန္တော၊ ကိုယ်နှုတ်စိတ်စက် ငြိမ်သက် ဧမြကုန်သော။ ယေ စ သပ္ပုရိသာ၊ အကြင် ထူးကဲမောက်ချွန် သူမွန်အပေါင်း သူတော်ကောင်းတို့သည်လည်း။ ဒေဝဒူတေဟိ၊ သူအို သူနာ သူသေသုံးတန် သေမင်း တမန်တို့သည်။ စောဒိတာ၊ ကုသိုလ်ဓမ္မ ပြုကုန်ကြဟု ဆုံးမပြောကြား မှာထားပြဿန်း တိုက်တွန်း နှိုးဆော် အပ်ကုန်သည် ဖြစ်၍။ အရိယဓမ္မေ၊ ဖြူစင်မြင့်မြတ် ညစ်ကြေးမကင်း၍ ကောင်းမြတ်စွာ သား သူတော်ကောင်းတရား၌။ ကုဒါစနံ၊ ပေါ့ပေါ့တန်ဘန် တရံတခါမျှ။ နပ္ပမဇ္ဇန္တိ၊ သတိလွတ်ကင်း မေ့လျော့ခြင်း မရှိကုန်။

တေ သပ္ပုရိသာ၊ ထိုအရိယဝံမှ၌ မမေ့ကြတောင်း သူတော်ကောင်းတို့သည်။ ဇာတိမရဏာသဗ္ဗာဝေ၊ ပရိုသဒ္ဒေ အိုနာသေရေး ရောထွေးယှက်ပေါင်း ဒုက္ခ၏ အကြောင်းဖြစ်သော။ ဥပါဒါနေ၊ ဘဝဝဋ်ခန်း တဏှာဒိဋ္ဌိ တို့ဖြင့် စွဲလမ်းခြင်း၌။ ဘယံ၊ ကြောက်ဘွယ်ဟုန်ဟေး ဒုက္ခဘေးကို။ ဒိဗ္ဗာ၊ ပညာစက္ခုဖြင့် ရှုမြင်ကြရ၍။ အနုပါဒါယ၊ ဘဝဝဋ်ခန်း တဏှာဒိဋ္ဌိတို့ဖြင့် မစွဲလမ်းမူ၍။ဇာတိမရဏ သင်္ခယေ၊ ပဋိသန္ဓေ အိုနာသေရေး ဒုက္ခဘေးစုံ ကုန်ရာဟုခေါ် နိဗ္ဗာန်မြို့တော်၌။ ဝိမုစ္စန္တိ၊ ဘဝဝဋ်ခန်း ဒုက္ခစခန်းမှ ကျွတ်လွတ်ကုန်၏။

"အနုပါဒါ"၌ တွာပစ္စည်း၏ ကာရိယ ယကျေသည်။

အနုပါဒါတိ အနုပါဒိယိတွာ။ (အဋ္ဌကထာ)

အနုပါဒါတိ အနုပါဒါယ။ (ဋီကာ)

သုခိနော၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း ရှိကုန်သော။ ဒိဋ္ဌဓမ္မာဘိနိဗ္ဗုတာ၊ ထိုထူးကဲမောက်ချွန် သူမွန်အပေါင်း သူတော်ကောင်းတို့သည်။ အပ္ပမတ္တာ၊ မေ့လျော့ပေါ့ဆ မရှိကြကုန်သည်ဖြစ်၍။ သဗ္ဗဝေရဘယာတီတာ၊ ကြွင်းမဲ့ချက်ကုန် ရန်မျိုးစုံနှင့် လုံးစုံသောင်းပြောင်း ဘေးအပေါင်းကို ကောင်းကောင်းကြီး ကျော်လွန်ကုန်သည်ဖြစ်၍။ သဗ္ဗဒုက္ခံ၊ ဖြစ်ပျက်မစဲ အလုံးစုံသော သံသရာဝဋ်ဆင်းရဲကို။ ဥပစ္စဂုံ၊ ကောင်းစွာလုလု ကျော်ကြားကြကုန်ပြီ။

ဤဒေဝဒူတသုတ် သံဝေဂ တရားတော်ကို ကြားနာမှတ်သား နှလုံးထား၍ ယခုအခါ သာသနာတော်တွင်း၌ လူ့အဖြစ်ကို ရကုန်သော သူတော်ကောင်းအပေါင်းတို့သည်လည်း အိုမင်းမစွမ်းဖြစ်နေတဲ့ အဘိုးအို အမယ်အိုများကိုရင်း၊ နာမကျန်းဖြစ်နေတဲ့ လူနာများကိုရင်း၊ သေဆုံးသွားကြတဲ့ လူသေများကိုရင်း ကြည့်ရှုတွေ့မြင်၍ ငါတို့သည်လည်း ဤအမယ်အို အဘိုးအိုများကဲ့သို့ အိုရပါလိမ့်ဦးမည်၊ ဤလူနာများကဲ့သို့ နာရပါလိမ့်ဦးမည်၊ ဤလူသေများကဲ့သို့ သေရပါလိမ့်ဦးမည်၊ မအိုမီကာလ မနာမီကာလ မသေမီကာလ အိုခြင်း နာခြင်း သေခြင်း သဘောတို့မှ လွတ်ရာလွတ်ကြောင်း ကုသိုလ်ကောင်းကို ပြုဦးမှဘဲဟု ကြံစည်စဉ်းစား၍

သုဓမ္မဝတီ(က)၁၀၀–၁၅

ဒါန, သီလ, ဘာဝနာ ဆိုတဲ့ ကောင်းမှုကုသိုလ်များကို တတ်အားသမျှ အားထုတ်ပြုလုပ်ကြ ကုန်ရာသတည်း။

## တရားသိမ်း

ကဲ–တရားသိမ်းကြစို့ရဲ–

လဒ္ဓသံဝေဂ သညုတ္တံ၊
သုတ္တန္တံ ဗုဒ္ဓဘာသိတံ။
သက္ကစ္စံ ယောဝ သုတွာန၊
'သာဓု သာဓူ'တိ ဘာသထ။

(ပဆု၂၁ဝတ္တ)

ဘောဒ္ဓော သပ္ပုရိသာ၊ တရားနာယူ ဗိုလ်လူအပေါင်း အိုသူတော်ကောင်းတို့။ တုမှေ၊ သင်တို့သည်။ ဗုဒ္ဓဘာသိတံ၊ ဘုရားမြတ်စွာ မိန့်မှာဆုံးမ ဟောပြတော်မူအပ်သော။ လဒ္ဓသံဝေဂသညုတ္တံ၊ ထိတ်လန့်ဘွယ်ပြ သံဝေဂရခြင်းနှင့် စပ်ယှဉ်သော။ သုတ္တန္တံ၊ သေမင်းတမန် သုံးတန်ပြတတ် ဒေဝဒူတ သုတ္တန်မြတ်ကို။ သက္ကစ္စံယောဝ၊ ယုံကြည်စိတ်ထား လေးစားရိုသေစွာသာလျှင်။ သုတွာန၊ အားရပါးရ နာကြားကြပြီး၍။ သာဓု သာဓူတိ၊ နိဗ္ဗာန် မဂ်ဖိုလ် ရပါလိုဟု ပတ္ထနာပြု၍ သာဓု သာဓု သာဓု ဟူ၍။ ဘာသထ၊ သာယာချိုမြ နှုတ်မြွက်ဟ၍ ဆိုလိုက်ကြကုန်လော့။

(သာဓု သာဓု သာဓု)

**အမှာ**။ ။ဥပရိပဏ္ဏာသ ပါဠိတော် သုညတဝဂ် ဒေဝဒူတ သုတ္တန်တွင် **အကျယ်ရှု**ပါ။

ဒေဝဒူတသုတ် သံဝေဂ တရားတော် ပြီး၏။

# မြင်းခြံတရားစာ ပဉ္စမတွဲ ပြီး၏

မြင်းခြံမြို့ ကိုးဆောင်ကျောင်းတိုက်

ဂဏဝါစက

အရှင်ဣန္ဒကာဘိဝံသ

ရေးသားစီရင်အပ်သော

ဓမ္မကထိကဂုဏ်ရည်ခေါ်

# မြင်းခြံတရားစာ

[ ဒုတိယတွဲ ]



ဓမ္မကထိကဂုဏ်ရည်ခေါ်

# မြင်းခြံတရားစာ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(ပဉ္စကနိပါတ် အင်္ဂုတ္တိုရ်ကျမ်းဝင် သပ္ပုရိသ ဒါနသုတ်)

## ဒါနတရားတော်

သပ္ပုရိသ ဒါန ၅–မျိုး

ပဉ္စိမာနိ ဘိက္ခဝေ သပ္ပုရိသဒါနာနိ၊

ကတမာနိ ပဉ္စ၊

၁။ သဒ္ဓါယ ဒါနံ ဒေတိ၊

၂။ သက္ကစ္စံ ဒါနံ ဒေတိ၊

၃။ ကာလေန ဒါနံ ဒေတိ၊

၄။ အနုဂ္ဂဟိတစိတ္တော ဒါနံ ဒေတိ၊

၅။ အတ္တာနဉ္စ ပရဉ္စ အနုပဟစ္စ ဒါနံ ဒေတိ၊
ဣမာနိ ခေါ ဘိက္ခဝေ သပ္ပုရိသဒါနာနိ။

ပဉ္စကနိပါတ် အင်္ဂုတ္တိုရ်ပါဠိတော်မှာ သူတော်သူမြတ်တွေ ပေးလှူတဲ့ ဒါနငါးမျိုးကို ဟောကြားတော်မူခဲ့တယ်။

## ပဉ္စမအမျိုး

### ၁။ သဒ္ဓါယ ဒါနံ ဒေတိ။

" ယုံကြည်မှုဖြင့် အလှူပေးရမည် " တဲ့

စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းအကျင့် ဖြစ်တဲ့ 'ဒါန'ကို ဘုရားအစရှိတဲ့ ပညာရှိ သူတော်ကောင်းတွေ ပညတ်ပြီး ထားခဲ့ကြတယ်။

ဒီ ဒါနဖြင့်—

တသခေျႏှင့် ကမ္ဘာတသိန်း ပါရမီ ဖြည့်ရတဲ့ အဂ္ဂသာဝကများ၊ ကမ္ဘာတသိန်း ပါရမီဖြည့်ရတဲ့ မဟာသာဝကများ၊ ကမ္ဘာငါးရာ, ကမ္ဘာ တထောင် စသည်ဖြင့် ပါရမီဖြည့်ရတဲ့ ပကတိသာဝကများ ထိုးထွင်း သိမြင်တဲ့ 'သာဝက ဗောဓိ' ဉာဏ်ကိုလည်း ရနိုင်တယ်။

နှစ်သခေျႏှင့် ကမ္ဘာတသိန်း ပါရမီဖြည့်ရတဲ့ ပစ္စေကဗုဒ္ဓါများ ထိုးထွင်း သိမြင်တဲ့ 'ပစ္စေက ဗောဓိ' ဉာဏ်ကိုလည်း ရနိုင်တယ်။

လေးသခေျႏှင့် ကမ္ဘာတသိန်း, ရှစ်သခေျႏှင့် ကမ္ဘာတသိန်း, တဆယ့် ခြောက်သခေျႏှင့် ကမ္ဘာတသိန်း ပါရမီဖြည့်ရတဲ့ သဗ္ဗညုဘုရားရှင်များ ထိုးထွင်းသိမြင်တဲ့ 'သမ္မာ သမ္ဗောဓိ' ဉာဏ်ကိုလည်း ရနိုင်တယ်။

ဖြစ်လေရာ ဘဝမှာ ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာခြင်းဆိုတဲ့ **'ဘောဂ သမ္ပတ္တိ'**

လူ့ပြည် နတ်ရွာ ဗြဟ္မာ့ဟူတဲ့ သုဂတိ ဘဝတို့၌ ဖြစ်ရခြင်းဆိုတဲ့ **'ဘဝသမ္ပတ္တိ'**

ရုပ်, နာမ် နှစ်ရပ် ချုပ်ငြိမ်းမြေခြင်းဆိုတဲ့ **'နိဗ္ဗာနသမ္ပတ္တိ'** တို့ကို ရခြင်း၏ အကြောင်း ကောင်းကောင်းကြီး ဖြစ်တယ်လို့ ဟောကြားတော်မူခဲ့တယ်။

ယခုလူရ ငါတို့၏ ဤဒါနဖြင့် မချွတ်လျှင် နိဗ္ဗာန်မရမီ နောင်အနာဂ**တ်** ဘဝတွေမှာ—

လူ့ပြည် နတ်ရွာ ဗြဟ္မာ့ဟူတဲ့ သုဂတိ **ဘဝတို့၌** ကြဉ်လည်ရ ဖြစ်ရခြင်းဆိုတဲ့ ဘဝသမ္ပတ္တိကို ရမည်။

လူ၌ဖြစ်သော စည်းစိမ်ချမ်းသာ, နတ်၌ဖြစ်သော စည်းစိမ်ချမ်းသာ, ဗြဟ္မာ၌ဖြစ်သော စည်းစိမ်ချမ်းသာနှင့် ပြည့်စုံခြင်းဆိုတဲ့ ဘောဂသမ္ပတ္တိကိုလည်း ရမည်။

အဆုံးဘဝမှာ သာဝကတို့ ရအပ်သိအပ်တဲ့ သာဝက ဗောဓိဉာဏ်၊ ပစ္စေက ဗုဒ္ဓါတို့ ရအပ်သိအပ်တဲ့ ပစ္စေက ဗောဓိဉာဏ်၊ သဗ္ဗညုဘုရားရှင်တို့ရအပ်သိအပ်တဲ့ သမ္မာသမ္ဗောဓိဉာဏ်၊ဒီဉာဏ်သုံးမျိုးတွင် ငါတို့လိုလားတဲ့ ဗောဓိဉာဏ်ကိုလည်း ရမည်။

ရုပ်နာမ်နှစ်ရပ် ချုပ်ငြိမ်းမြေခြင်း သဘောဖြစ်တဲ့ နိဗ္ဗာနသမ္ပတ္တိကိုလည်း ရမည်–

ဟု ဒါနကိုယုံကြည်၊ ဒါန၏အကျိုးကို မြော်ကိုးယုံကြည်တဲ့ 'ကမ္မဿကတာ သမ္မာဒိဋ္ဌိ' အရင်းခံရှိပြီး ပေးလှူတဲ့ဒါနမျိုးကို 'သဒ္ဓါယ ဒါနံ ဒေတိ'လို့ ဆိုတယ်။

သဒ္ဓါယ၊ ပေးလှူစွန့်ချ မြတ်ဒါနနှင့် သုခအမျိုးမျိုး ဒါနအကျိုးကို မြော်ကိုးယုံကြည်သဖြင့်။ ဒါနံ၊ စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းဆိုတဲ့ ဒါနကို။ ဒေတိ၊ သူတော်ပီပီ ကြည်ကြည်ဖြူဖြူ ပေးလှူပေ၏။

ဒါနမတ္တေနေဝ ဟိ ဗြဟ္မလောကေ နိဗ္ဗတ္တိတုံ သက္ကာ၊
ဒါနံ ပန သမာဓိဝိပဿနာစိတ္တဿ အလင်္ကာရပရိဝါရံ
ဟောတိ၊ တတော ဒါနေန မုဒုစိတ္တော ဗြဟ္မဝိဟာရေ
ဘာဝေတွာ ဗြဟ္မလောကေ နိဗ္ဗတ္တတိ။ (အင်-ဋ္ဌ ၃)

ဒုတိယ အမျိုး

၂။ သက္ကစ္စံ ဒါနံ ဒေတိ။

ရိုသေမှုမှာ–

၁။ လှူဘွယ်ဝတ္ထုကို ရိုသေမှု တမျိုး

၂။ အလှူခံပုဂ္ဂိုလ်ကို ရိုသေမှု တမျိုး

လို့ နှစ်မျိုးရှိတယ်။

ဒီနှစ်မျိုးတွင်–

လှူဘွယ်ဝတ္ထုကို ရိုသေမှုဆိုတာ မစင်ကြယ်တဲ့ လှူဘွယ်ဝတ္ထုများ၊ မသန့်ရှင်းတဲ့ လှူဘွယ်ဝတ္ထုများ၊ မပြည့်စုံတဲ့ လှူဘွယ်ဝတ္ထုများ ယုတ်နိမ့်ညံ့ဖျင်းတဲ့ လှူဘွယ်ဝတ္ထုများကို ရှောင်ရှားပြီး လှူဘွယ် ဝတ္ထုကို စင်ကြယ်အောင် ပြုမှု၊ သန့်ရှင်းအောင်ပြုမှု၊ ပြည့်စုံအောင်ပြုမှု၊ မွန်မြတ်အောင်ပြုမှုတို့ကို "လှူဘွယ်ဝတ္ထုကို ရိုသေမှု "လို့ဆိုတယ်။

**အလှူခံပုဂ္ဂိုလ်ကို ရို သေမှုဆိုတာ** သာသနာတော်၏ ဆူးငြောင့်သဘွယ်ဖြစ်တဲ့ တိတ္ထိ တက္ကဒွန်း၊ သီလ မရှိတဲ့ ဒုဿီလ အလှူခံ ပုဂ္ဂိုလ်တွေကို ဖယ်ထားပြီး ကြည်ညိုဘွယ်ရာ သီလ၊ သမာဓိ၊ ပညာနှင့် ပြည့်စုံတဲ့ အလှူခံပုဂ္ဂိုလ်တွေကို ရွေးချယ်ပင့်ဘိတ်ပြီး နေထိုင်ရန်အခင်း စသည်တို့ကို သန့်ရှင်းစင်ကြယ်အောင် ပြုမှု၊ ခရီးဦးကြိုဆိုမှု၊ ခြေသုတ်ပေးမှု၊ လက်အုပ်ချီမိုးရှိခိုးမှု၊ အရိုအသေပြုမှု၊ ကိုယ်တိုင် လက်ဖြင့် လှူဒါန်းမှုတို့ကို "အလှူခံပုဂ္ဂိုလ်ကို ရိုသေမှု" လို့ ဆိုတယ်။

ဤကဲ့သို့ လှူဘွယ်ဝတ္ထုကိုလည်း ရိုသေမှုပြု၊ အလှူခံပုဂ္ဂိုလ် ကိုလည်း ရိုသေမှုပြုပြီး ပေးလှူတဲ့ ဒါနမျိုးကို "သက္ကစ္စ ဒါနံ ဒေတိ" လို့ ဆိုတယ်။

သက္ကစ္စံ၊ လှူဘွယ်ဝတ္ထုနှင့် အလှူခံပုဂ္ဂိုလ်၌ ရိုသေမှုကို ပြု၍။ ဒါနံ၊ ပေးလှူစွန့်ချ မြတ်ဒါနကို။ ဒေတိ၊ သူတော်ပီပီ ကြည်ကြည်ဖြူဖြူ ပေးလှူပေ၏။

**တတိယ အမျိုး**

၃။ ကာလေန ဒါနံ ဒေတိ။

"အချိန်အခါအားလျော်စွာ အလှူပေးရမည်" တဲ့။

ဝါဆိုသင်္ကန်း လှူဒါန်းချိန်မှာ ဝါဆိုသင်္ကန်းကို လှူဒါန်းရမည်၊

ကထိန်သင်္ကန်း လှူဒါန်းချိန်မှာ ကထိန်သင်္ကန်းကို လှူဒါန်းရမည်၊

ဧည့်သည်ရဟန်း ခရီးသွားရဟန်းတို့နှင့် ကြုံတဲ့အခါမျိုးမှာ ဆွမ်း၊ ခရီးစရိတ် စသည် လှူဒါန်းရမည်၊

မကျန်းမာတဲ့ ရဟန်းတို့နှင့် ကြုံတဲ့အခါမှာ ဆေးဝါး ခတ်စာ လှူဒါန်းရမည်၊

ငတ်မွတ်ခေါင်းပါးတဲ့ အခါမျိုးမှာ အစာအာဟာရ လှူဒါန်းရမည်၊

ကောက်ဦးပေါ်ချိန်မှာ ကောက်ဦးအလှူ ပေးရမည်၊

သစ်သီးဦးပေါ်ချိန်မှာ သစ်သီးဦးအလှူ ပေးရမည်။

ဒီလို အချိန်အခါအားလျော်စွာ ပေးလှူတဲ့ ဒါနမျိုးကို "ကာလေန ဒါနံ ဒေတိ"လို့ ဆိုတယ်။

ကာလေန၊ ပေးလှူသင့်ရာ အချိန်အခါအားလျော်သဖြင့်။ ဒါနံ၊ ပေးလှူစွန့်ချ မြတ်ဒါနကို။ ဒေတိ၊ သူတော်ပီပီ ကြည်ကြည်ဖြူဖြူ ပေးလှူပေ၏။

**စတုတ္ထ အမျိုး**

၄။ အနုဂ္ဂဟိတစိတ္တော ဒါနံ ဒေတိ။

"မုတ္တစာဂဖြစ်အောင် လှူရမည်" တဲ့။

ပေးလှူတဲ့ ဒါနမှာ တွယ်တာကပ်ငြိတဲ့စိတ်မျိုး မရှိရဘူးတဲ့၊

ငါ ယခုလှူတဲ့ ဒါနဖြင့် အလှူခံပုဂ္ဂိုလ်များထံမှ တစုံတခု ပစ္စည်းဝတ္ထုကို ပြန်ရမှာဘဲဟု မျှော်ကိုးမှု၊

ယခု ငါပင့်ဘိတ်ထားတဲ့ အလှူခံပုဂ္ဂိုလ်တွေဟာ ရှေးအခါက ငါ့ရဲ့ ပစ္စုပ္ပန်လောကီ အကျိုးစည်းပွားကို ကူညီကြဘူးတယ်၊

ငါ ယခုလှူတဲ့ ဒါနဖြင့် ငါ၏ ပစ္စုပ္ပန်လောကီ အကျိုးစည်းပွားစုဌ ဆထက်တံပိုး ကူညီမှုပြုကြမှာဘဲဟု မျှော်ကိုးမှု၊

ဤကဲ့သို့ ပေးလှူဘဲ့ ဒါနဖြင့် အလှူခံပုဂ္ဂိုလ်များထံမှ တစုတခု ပစ္စုပ္ပန်လောကီ အကျိုးစီးပွားစုကို ပြန်လည်ရလိုမှု၌ မျှော်ကိုးမှု မပြုဘဲ ဤဒါနဖြင့် ဘဝလွတ်မြောက်ခွင့် ရမှာဘဲဟု ဝိမုတ္တိအကျိုးကို မျှော်ကိုးပြီး ပုဗ္ဗ, မုဉ္စ, အပရ စေတနာ သုံးဖြာမတွန့် လွတ်လွတ်စွန့်တဲ့ စိတ်မျိုးဖြင့် ပေးလှူတဲ့ ဒါနမျိုးကို "အနုဂ္ဂဟိတစိတ္တော ဒါနံ ဒေတိ"လို့ ဆိုတယ်။

အနုဂ္ဂဟိတစိတ္တော၊ မငဲ့မတွန့် လွတ်လွတ်စွန့်ကြွေး စိတ်ထားရှိသည် ဖြစ်၍။ ဒါနံ၊ ပေးလှူစွန့်ချ မြတ်ဒါနကို။ ဒေတိ၊ သူတော်ပီပီ ကြည်ကြည် ဖြူဖြူ ပေးလှူပေ၏။

**ပဉ္စမ အမျိုး**

၅။ အတ္တာနဉ္စ ပရဉ္စ အနုပဟစ္စ ဒါနံ ဒေတိ။

"မိမိကိုယ်ကို ချီးမြှောက်ပလွှားခြင်း၊ သူတပါးကို ရှုတ်ချကဲ့ရဲ့ခြင်း မပြုဘဲ ပေးလှူရမည်တဲ့"။

ငါသာလျှင် လှူနိုင်တယ်၊ တပါးသူတွေ ငါ့လိုမလှူနိုင်ဘူး စသည်ဖြင့် မိမိကိုယ်ကို ချီးမြှောက်ပလွှားမှု "အတ္တုက္ကံသန"၊ တပါးသူတွေကို ရှုတ်ချ ကဲ့ရဲ့မှု "ပရဝမ္ဘန"အမှုကိုမပြုဘဲ နည်းများမဟူ ပေးလှူစွန့်ချ ဒါနမည်သည် ကား မြတ်သောပါရမီ အလုပ်ဘခုပင် ဖြစ်သည်ဟူသော စိတ်ထားဖြင့် ပေးလှူတဲ့ ဒါနမျိုးကို "အတ္တာနဉ္စ ပရဉ္စ အနုပဟစ္စ ဒါနံ ဒေတိ"လို့ ဆိုတယ်။

အတ္တာနဉ္စ၊ အတ္တခေါ်ဆို မိမိကိုယ်ကိုရင်း။ ပရဉ္စ၊ ပရခေါ်ဆို တပါးသူကိုရင်း။ အနုပဟစ္စ၊ ချီးမြှောက်ရှုတ်ချ မထိရမှု၍။ ဒါနံ၊ ပေးလှူစွန့်ချ မြတ်ဒါနကို။ ဒေတိ၊ သူတော်ပီပီ ကြည်ကြည်ဖြူဖြူ ပေးလှူပေ၏။

**အလှူငါးမျိုး၏ အကျိုးများ**

**၁။ သဒ္ဓါယ ဒါနံ ဒေတိအကျိုး**

သဒ္ဓါယ ခေါ ပန ဘိက္ခဝေ ဒါနံ ဒတွာ ယတ္ထ
ယတ္ထ တဿ ဒါနဿ ဝိပါကော နိဗ္ဗတ္တတိ၊
အဍ္ဎော စ ဟောတိ မဟဒ္ဓနော မဟာဘောဂေါ၊
အဘိရူပေါ စ ဟောတိ ဒဿနီယော ပါသာဒိကော
ပရမာယ ဝဏ္ဏပေါက္ခရတာယ သမန္နာဂတော၊

**အနက်။** ။ဘိက္ခဝေ၊သံသရာဘေး မြော်ရှုတွေးငြား အိုချစ်သားတို့။ သဒ္ဓါယ၊ ပေးလှူစွန့်ချ မြတ်ဒါနနှင့် သုခအမျိုးမျိုး ဒါနအကျိုးကို မြော်ကိုးယုံကြည်သဖြင့်။ ဒါနံ၊ ပေးလှူစွန့်ချ မြတ်ဒါနကို။ ဒတွာ၊ မစ္ဆေ မနော ရက်ရောကြည်ဖြူ ပေးလှူသောကြောင့်။ ယတ္ထ ယတ္ထ၊ အကြင် အကြင် ဖြစ်ရာဌာန ဘုံဘဝ၌။ တဿ ဒါနဿ၊ ထိုသဒ္ဓါကြည်ဖြူ မြတ်သော အလှူ၏။ ဝိပါကော၊ သုံးဆောင်ခံစား အကျိုးတရားသည်။ နိဗ္ဗတ္တတိ၊ အခွင့်သာစွာ ဖြစ်ပေါ်လာ၏။ တတ္ထ တတ္ထ၊ ထိုထိုသဒ္ဓါဒါန အကျိုးရသည့် ဘုံဘဝ၌—

အဍ္ဎော စ၊ ဥစ္စာဓန ကြွယ်ဝသည်လည်း။ ဟောတိ၊ ဖြစ်၏။ မဟဒ္ဓနော စ၊ မြေဥမြှုပ်ထား များသောဥစ္စာရှိသည်လည်း။ ဟောတိ၊ ဖြစ်၏။ မဟာဘောဂေါ စ၊ အတွင်းအပ အသုံးအဆောင် မြားမြောင်စွာရှိသည် လည်း။ ဟောတိ၊ ဖြစ်၏။

အဘိရူပေါ စ၊ ချောမောနှုယဉ် ရုပ်သွင်အဆင်း လှပခြင်းရှိသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဒဿနီယော စ၊ ချောမောနုနယ် အဆင်းကြွယ်၍ ရှုချင်ဘွယ်ရှိသည်လည်း။ ဟောတိ၊ ဖြစ်၏။ ပါသာဒိကော စ၊ လှချိုးစံပြယ် အလွန်တင့်တယ်၍ ကြည်ညိုဘွယ်ရှိသည်လည်း။ ဟောတိ၊ ဖြစ်၏။ ပရမာယ၊ ထူးကဲသာချွန် လွန်မြတ်သော။ ဝဏ္ဏပေါက္ခရတာယ၊ ရုပ်သွင်ဘန်းစိုအဆင်းကိုယ်နှင့်။ သမန္နာဂတော၊ မယုတ်ကုံလုံ ပြည့်စုံသည်။ ဟောတိ၊ မချွတ်ပုံသေ ဖြစ်ရလေ၏။

ဤကဲ့သို့ သဒ္ဓါဒါန အကျိုးရကို ဟောပြတော်မူသောကြောင့် ဒါနကိုရှင်း ဒါန၏အကျိုးကိုရှင်း မြော်ကိုး ယုံကြည်ပြီး ပေးလှူခဲ့ပါလျှင် ထိုသဒ္ဓါဒါန အကျိုးရရာ အခါမှာ

၁။ ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာခြင်း အကျိုးတပါး

၂။ ရုပ်ရေအဆင်း ချောမောလှပခြင်း အကျိုးတပါး
အားဖြင့် အကျိုးနှစ်ပါးကို ရမည်တဲ့။

## ၂။ သက္ကစ္စ ဒါန် ဒေတိ အကျိုး

သက္ကစ္စံ ခေါ ဘိက္ခဝေ ဒါနံ ဒတွာ ယတ္ထ ယတ္ထ
တဿ ဒါနဿ ဝိပါကော နိဗ္ဗတ္တတိ၊
အဍ္ဍော စ ဟောတိ မဟဒ္ဓနော မဟာဘောဂေါ၊
ယေ ပိဿ တေ ဟောန္တိ ပုတ္တာတိ ဝါ ဒါရာတိ ဝါ
ဒါသာတိ ဝါ ပေဿာတိ ဝါ ကမ္မကရာတိ ဝါ၊ တေပိ
သုဿူသန္တိ၊ သောတံ ဩဒဟန္တိ၊ အညာ စိတ္တံ ဥပဋ္ဌပေန္တိ။

**အနက်။** ။ဘိက္ခဝေ၊ တို့။ သက္ကစ္စံ၊ လှူဖွယ်ဝတ္ထုနှင့် အလှူခံပုဂ္ဂိုလ်၌ ရိုသေမှုကိုပြု၍။ ဒါနံ၊ ကို။ ဒတွာ၊ ကြောင့်။ ယတ္ထ ယတ္ထ၊ ၌။ တဿ ဒါနဿ၊ ထိုရိုသေစွာပေးလှူကြသည့် သက္ကစ္စဒါန၏။ ဝိပါကော၊ သည်။ နိဗ္ဗတ္တတိ၊ ၏။ တတ္ထ တတ္ထ၊ ထိုထို သက္ကစ္စဒါန အကျိုးရသည့် ဘုံဘဝ၌။

အဍ္ဍော စ၊ သည်လည်း။ ဟောတိ၊ ၏။ မဟဒ္ဓနော စ၊ သည်လည်း။ ဟောတိ၊ ၏။ မဟာဘောဂေါ စ၊ သည်လည်း။ ဟောတိ၊ ၏။

တဿ၊ ထိုရှိသေလေးမြတ် ပေးလှူတတ်သော သူ၏။ ယေပိ တေ၊ အကြင် ပေါင်းဖက် ကြည်ဖြူ အတူနေသူတို့သည်လည်း။ ပုတ္တာတိ ဝါ၊ ရင်ဝယ်ပေါက်ဖွား သားတို့ဟူ၍ရင်း။ ဒါရာတိ ဝါ၊ အချစ်သက်ထား မယားတို့ဟူ၍ရင်း။ ဒါသာတိ ဝါ၊ အန္တောဇာတ စသည်အပြား ကျွန်များတို့ဟူ၍ရင်း။ ပေဿာတိ ဝါ၊ အရှင်ထံပါး ခစားမြဲနေ အခိုင်းအစေတို့ဟူ၍ရင်း။ ကမ္မကရာတိ ဝါ၊ ကိစ္စထွေပြား ကြိုးစားအားထုတ် အမှုလုပ်တို့ဟူ၍ရင်း။ ဟောန္တိ၊ မြားမြောက်ပြည့်စုံ ရှိသည်ဖြစ်ကုန်၏။ တေပိ၊ ထိုသား မယားနှင့် ကျွန်အစေအပါး စသောသူတို့သည်လည်း။ သုဿူသန္တိ၊ ပြောစကားကို လေးစားကြည်ဖြူ နာယူကြကုန်၏။ သောတံ၊ အကျိုး လိုလား နှစ်ဘက်နားကို။ ဩဒဟန္တိ၊ လိုက်နာလိုတုံ ထောင်ကြကုန်၏။ အညာ-အညာယ၊ အကျိုးကိုကြည့် မြင်သိခြင်းငှါ။ စိတ္တံ၊ ဖြောင့်မတ် ကြည်ဖိတ် ကောင်းမြတ်သောစိတ်ကို။ ဥပဋ္ဌပေန္တိ၊ ကောင်းစွာမသေ့ ဖြစ်စေ ကြကုန်၏။

ဤကဲ့သို့ သက္ကစ္စဒါန အကျိုးရကို ဟောပြတော်မူသောကြောင့် လှူဖွယ်ဝတ္ထုကိုရင်း၊ အလှူခံပုဂ္ဂိုလ်ကိုရင်း ရိုသေမှုကိုပြုပြီး ပေးလှူခဲ့ပါလျှင် ထိုသက္ကစ္စဒါန အကျိုးရရာ အခါမှာ—

၁။ ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာခြင်း အကျိုးတပါး
၂။ ပြောစကားကို သားမယား စသူတို့ လေးစား နာယူခြင်း အကျိုးတပါး

အားဖြင့် အကျိုးနှစ်ပါးကို ရမည်တဲ့။

**၃။ ကာလေန ဒါနံ ဒေတိ အကျိုး**

ကာလေန ခေါ ပန ဘိက္ခဝေ ဒါနံ ဒတွာ ယတ္ထ
ယတ္ထ တဿ ဒါနဿ ဝိပါကော နိဗ္ဗတ္တတိ၊
အဍ္ဎော စ ဟောတိ မဟဒ္ဓနော မဟာဘောဂေါ၊
ကာလဂတာ စဿ အတ္ထာ ပစုရာ ဟောန္တိ။

**အနက်။** ။ဘိက္ခဝေ၊ တို့။ ကာလေန၊ ပေးလှူသင့်ရာ အချိန်အခါ၌။ ဒါနံ၊ ကို။ ဒတွာ၊ ကြောင့်။ ယတ္ထ ယတ္ထ၊ ၌။ တဿ ဒါနဿ၊ ထိုပေးလှူ

သင့်ရာ အချိန်အခါ၌ ပေးလှူပါရ ကာလဒါန်၏။ ဝိပါကော၊ သည်။ နိဗ္ဗတ္တတိ၊ ၏။ တတ္ထ တတ္ထ၊ ထိုထိုကာလဒါန အကျိုးရသည့် ဘုံဘဝ၌။

အစ္စော စ၊ သည်လည်း။ ဟောတိ၊ ၏။ မဟဒ္ဓနော စ၊ သည်လည်း။ ဟောတိ၊ ၏။ မဟာဘောဂေါ စ၊ သည်လည်း။ ဟောတိ၊ ၏။

အဿ၊ ထိုပေးလှူသင့်ရာ အချိန်အခါ၌ ပေးလှူသောသူအား။ ကာလဂတာ၊ ပဌမအရွယ် ငယ်စဉ်အခါက အကျိုးပေးသောအားဖြင့် သင့်တင့်လျောက်ပတ် ကောင်းမြတ်သောအခါသို့ ရောက်ကုန်သော။ အတ္ထာ၊ သုံးဆောင်ခံစား အကျိုးတရားတို့သည်။ ပစုရာ၊ မနည်းမပါး ပေါများကုန်သည်။ ဟောန္တိ၊ စင်စစ်မသွေ ဖြစ်လေကုန်၏။

ဤကဲ့သို့ ကာလဒါန အကျိုးရကို ဟောပြတော်မူသောကြောင့် ပေးလှူသင့်ရာ အချိန်အခါအားလျော်စွာ ပေးလှူခဲ့ပါလျှင် ထိုကာလဒါန အကျိုးရရာ အခါမှာ—

၁။ ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာခြင်း အကျိုးတပါး
၂။ ပဌမ အရွယ်မှစ၍ အကျိုးပေးခြင်း အကျိုးတပါး

အားဖြင့် အကျိုးနှစ်ပါးကို ရမည်တဲ့။

## ၄။ အနုဂ္ဂဟိတစိတ္တော ဒါနံ ဒေတိ အကျိုး

အနုဂ္ဂဟိတစိတ္တော ခေါ ပန ဘိက္ခဝေ ဒါနံ ဒတွာ
ယတ္ထ ယတ္ထ တဿ ဒါနဿ ဝိပါကော နိဗ္ဗတ္တတိ၊
အစ္စော စ ဟောတိ မဟဒ္ဓနော မဟာဘောဂေါ၊
ဥဠာရေသု စ ပဉ္စသု ကာမဂုဏေသု ဘောဂါယ
စိတ္တံ နမတိ။

**အနက်**။ ။ဘိက္ခဝေ၊ တို့။ အနုဂ္ဂဟိတစိတ္တော၊ စေတနာမတွန့်လွတ်လွတ်စွင့်ပြင်း စိတ်ထားရှိသည်ဖြစ်၍။ ဒါနံ၊ ကို။ ဒတွာ၊ ကြောင့်။ ယတ္ထ ယတ္ထ၊ ၌။ တဿ ဒါနဿ၊ တိုစေတနာမတွန့် လွတ်လွတ်စွန့်ရ မုတ္တစာဂဒါန၏။ ဝိပါကော၊ သည်။ နိဗ္ဗတ္တတိ၊ ၏။ တတ္ထ တတ္ထ၊ ထိုထို မုတ္တစာဂဒါန အကျိုးရသည် ဘုံဘဝ၌။

အဇ္ဈော စ၊ သည်လည်း။ ဟောတိ၊ ၏။ မဟာဒ္ဓနော စ၊ သည်လည်း။ ဟောဟိ၊ ၏။ မဟာဘောဂေါ စ၊ သည်လည်း။ ဟောတိ၊ ၏။

ဥဋ္ဌာရေသု၊ ထူးကဲမောက်ချွန် မွန်မွန်မြတ်မြတ် ဖြစ်ကုန်သော။ ပဥ္စသု ကာမဂုဏေသု၊ ရူပ, သဒ္ဒ စသည်အာရုံ ငါးပါးကုန်သော ကာမဂုဏ်တို့၌။ ဘောဂါယ၊ ပျော်ပါး မော်ကြွား သုံးဆောင် ခံစားခြင်းငှါ။ စိတ္တံ၊ ကြီးကျယ် ခမ်းနား သားနားသော စိတ်သည်။ နမတိ၊ ဖြစ်ပေါ်ကာပေ ညွတ်လာလေ၏။

ဤကဲ့သို့ မုတ္တစာဂဒါန အကျိုးရကို ဟောပြတော်မူသောကြောင့် စေတနာ မတွန့် လွတ်လွတ်စွန့်ကာ ပေးလှူခဲ့ပါလျှင် ထို မုတ္တစာဂ ဒါန အကျိုးရရာ အခါမှာ—

၁။ ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာခြင်း အကျိုးတပါး

၂။ ကာမဂုဏ်ငါးပါးကို မွန်မွန်မြတ်မြယ် သုံးဆောင်ခံစားရခြင်း အကျိုးတပါး

အားဖြင့် အကျိုးနှစ်ပါးကို ရမည်တဲ့။

## ၅။ အတ္တာနဥ္စ ပရဥ္စ အနုပဟစ္စ ဒါနံ ဒေတိ အကျိုး

အတ္တာနဥ္စ ပရဥ္စ အနုပဟစ္စ ခေါ ပန ဘိက္ခဝေ
ဒါနံ ဒတွာ ယတ္ထ ယတ္ထ တဿ ဒါနဿ ဝိပါကော
နိဗ္ဗတ္တတိ၊
အဇ္ဈော စ ဟောတိ မဟာဒ္ဓနော မဟာဘောဂေါ၊
န စဿ ကုတောစိ ဘောဂါနံ ဥပဃာတော
အာဂစ္ဆတိ အဂ္ဂိတော ဝါ ဥဒကတော ဝါ ရာဇတော ဝါ
စောရတော ဝါ အပ္ပိယတော ဝါ ဒါယာဒတော။

**အနက်**။ ။ဘိက္ခဝေ၊ တို့။ အတ္တာနဥ္စ၊အတ္တခေါ်ဆို မိမိကိုယ်ကိုင်း။ ပရဥ္စ၊ ပရခေါ်ဆို တပါးသူကိုင်း။ အနုပဟစ္စ၊ ချိုးမြှောက်ရှုတ်ချ မထိရမူ၍။ ဒါနံ၊ ကို။ ဒတွာ၊ ကြောင့်။ ယတ္ထ ယတ္ထ၊ ၌။ တဿ ဒါနဿ၊ ထို အတ္တပရ အနုပဟစ္စ ဒါန၏။ ဝိပါကော၊ သည်။ နိဗ္ဗတ္တတိ၊ ၏။ တတ္ထ တတ္ထ၊ ထိုထို အတ္တပရ အနုပဟစ္စ ဒါန အကျိုးရသည့် ဘုံဘဝ၌။

အနေ့ာ စ၊ သည်လည်း။ ဟောတိ၊ ဏ်။ မဟဒ္ဓနော စ၊ သည်လည်း။ ဟောတိ၊ ဏ်။ မဟာဘောဂေါ စ၊ သည်လည်း။ ဟောတိ၊ ဏ်။

အဿ၊ ထိုကိုယ်ကိုချီးပ သူများကွဲ့ရဲ ကင်းမဲ့ကား မူ ပေးလှူသော သူအား။ အဂ္ဂိတော ဝါ၊ မီးရန်သူကြောင့်ရှင်း၊ ဥဒကတော ဝါ၊ ရေရန်သူကြောင့်ရှင်း။ ရာဇတော ဝါ၊ မင်းရန်သူကြောင့်ရှင်း။ စောရတော ဝါ၊ ခိုးသူရန်သူကြောင့်ရှင်း။ အပ္ပိယတော၊ ကျိုးမဲ့လိုလား စိတ်ယားမပြု မချစ် မနှစ်သက်သူ ဟူသော။ ဒါယာဒတော ဝါ၊ အမွေခံရန်သူကြောင့်ရှင်း။ ကုတောစိ၊ တစုံတခုသော အကြောင်းကြောင့်။ ဘောဂါနံ၊ သုံးဆောင် ခံစား စည်းပွားချမ်းသာ ပစ္စည်းဥစ္စာ တို့၏။ ဥပဃာတော၊ ဘုတ်ယုတ် ပျက်ပြား ဆုံးပါးခြင်းသည်။ န အာဂစ္ဆတိ၊ မလာမရောက် မနှောက်ယှက် နိုင် မဖြစ်နိုင်။

ဤကဲ့သို့ အတ္တ ပရ အနုပဟာစ္စ ဒါန အကျိုးရကို ဟောပြတော်မူသော ကြောင့် မိမိကိုယ်ကို ချီးမြှောက်ခြင်း အတ္တုက္ကံသန အမှု၊ တပါးသူတို့ကို ကဲ့ရဲ့ ရှုတ်ချခြင်း ပရဝမ္ဘန အမှု မပြုဘဲ ပေးလှူခဲ့ပါလျှင် ထို အတ္တ ပရ အနုပဟာစ္စ ဒါန အကျိုးရရာ အခါမှာ—

၁။ ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာခြင်း အကျိုးတပါး

၁။ ပစ္စည်းဥစ္စာများကို ရန်သူမျိုး ငါးပါးတို့ မဖျက်ဆီးနိုင်ခြင်း အကျိုးတပါး

အားဖြင့် အကျိုးနှစ်ပါးကို ရမည်တဲ့။

## ဆက်ဆံသော ဒါန အကျိုး ၁ ပါး

ဒီ သူတော်ကောင်း ဒါန ငါးမျိုးမှာ ဆက်ဆံတဲ့ အကျိုးကား ပစ္စည်း ဥစ္စာ ကြွယ်ဝချမ်းသာခြင်း "ဘောဂသမ္ပတ္တိ" အကျိုးတပါးပင် ဖြစ်တယ်။

ဘယ်လိုပင် စွန့်ကြဲပေးကမ်း လှူဒါန်းမှု ပြုပြု၊ ဖြစ်တိုင်း ဖြစ်တိုင်းသော လူ့ဘဝ၊ နတ်ဘဝတွေမှာတော့ ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာမှု ဆိုတဲ့ ဒါန၏ မူချအကျိုးကိုတော့ ဒါနပြုသူတိုင်း ရရှိကြမည်။

အယုတ်သဖြင့် ဆင်၊ မြင်း၊ နွား စတဲ့ တိရစ္ဆာန်ဘဝ ဖြစ်ရစေကာမူ မင်္ဂလာဆင်၊ မင်္ဂလာမြင်း၊ မင်္ဂလာနွား စသည် ဖြစ်ရပြီး အဆင်းတန်ဆာ

အစားအစာ အိပ်ရာနေရာကို ပြည့်စုံစွာ ရရှိခြင်းဆိုတဲ့ ဒါန၏ အကျိုးကို ရမည်။

**မဆက်ဆံသော ဒါနအကျိုး ၅-ပါး**

၁။ အချို့ အလှူဒကာတွေဟာ ဒါန, ဒါန၏ အကျိုးကို မယုံမကြည် အမျိုးဘာသာ ထုံးစံမပျက်သာ ပေးလှူတယ်။

၂။ အချို့ အလှူဒကာတွေဟာ အလှူခံပုဂ္ဂိုလ်ကို မလေးမစား မထီမဲ့မြင် ပြုပြီး မကောင်းတဲ့ ပစ္စည်း ဝတ္ထုကိုသာ ပေးလှူဘယ်၊ မရိုမသေ အလှူပေးတယ်။

၃။ အချို့ အလှူဒကာတွေဟာ သူ့အချိန်အခါနှင့်သူ ဆိုသလို ပေးလှူရတဲ့ ပေါ်ပင် ဒါနမျိုးကို မပြုဘဲ ဘာသာလဝ ပြုချင်ရာ ပြုတတ်တယ်။

၄။ အချို့ အလှူ ဒကာတွေဟာ လောကီအစီးအပွားကို ကူညီဘူးတဲ့ အလှူခံ ပုဂ္ဂိုလ်တွေကိုသာ ရွေးချယ်ပင့်ဘိတ်ပြီး ပေးလှူတယ်၊ အလှူခံ ပုဂ္ဂိုလ်များထံမှ မိမိလှူတဲ့ ဒါနဖြင့် တစုံတခု ပစ္စည်းဝတ္ထု ပစ္စုပ္ပန် လောကီ စည်းပွားချမ်းသာ အကူအညီ ပြန်လည်ပြီး ရလိုမှု၌ မြော်ကိုးမှု ပြုပြီး ပေးလှူတယ်၊ မလှူမီ ရှေးအဘို့၌ မိမိဒါနကို အာရုံပြုပြီး ဝမ်းမြောက်မှု, လှူတုန်း လှူဆဲ အခါမှာလည်း မိမိဒါနကို အာရုံပြုပြီး ဝမ်းမြောက်မှု, ပေးလှူပြီးနောက် အခါမှာလည်း မိမိဒါနကို အာရုံပြုပြီး ဝမ်းမြောက်မှုဆိုတဲ့ ပုဗ္ဗ, မုဉ္စ, ပရ စေတနာ သုံးဖြာလုံး ပြည့်စုံအောင် ပြုပြီး မပေးလှူဘူး၊ နှလုံး မသာယာမှုဆိုတဲ့ 'ဝိပ္ပဋိသာရ' ဖက်ပြီး ပေးလှူတယ်၊ လွတ်လွတ်စွန့်ကြဲမှု ခေါ်တဲ့ မုတ္တစာဂ ဖြစ်အောင် မလှူဘူး။

၅။ အချို့ အလှူဒကာတွေဟာ ဒီလိုဒါနမျိုးကို ငါသာလျှင် လှူနိုင်တယ်၊ တပါးသူတွေ ငါ့လို မလှူနိုင်ဘူးလို့ ဂုဏ်ပကာသနကို လိုလား ဝါကြွား ပလွှားမှုပြုပြီး ပေးလှူတယ်၊ သူတပါးကို ကဲ့ရဲ့ ရှုတ်ချပြီး ပေးလှူတယ်။

ဒီလို ဒါနပြုတဲ့ အခါမှာ အလှူရှင်၏ စေတနာသို့ လိုက်ပြီး အလှူပေးပုံ ပေးနည်း ငါးမျိုးခြားနားလို့ အကြောင်းကံနှင့် တူစွာပင် အကျိုးပေးရာ အခါမှာလည်း ငါးမျိုးခြားနားပြီး ပေးတယ်။

၁။ မယုံမကြည် ပေးလှူမှုကြောင့် ဖြစ်လေရာဘဝ ထိုဒါနအကျိုးရရာ အခါမှာ အဆင်းမလှ ဖြစ်တတ်တယ်။

၂။ မရိုမသေ ပေးလှူမှုကြောင့် ဖြစ်လေရာဘဝ ထိုဒါနအကျိုး ရရာ အခါမှာ သြဇာ အာဏာ မရှိ ဖြစ်တတ်တယ်။

၃။ အခါမဲ့ ပေးလှူမှုကြောင့် ဖြစ်လေရာဘဝ ထိုဒါနအကျိုး ရရာ အခါမှ အရွယ်လွန်မှ အကျိုးပေးတတ်တယ်။

၄။ လွတ်လွတ်မပေးလှူမှုကြောင့် ဖြစ်လေရာဘဝ ထိုဒါနအကျိုး ရရာ အခါမှာ ကာမဂုဏ်ငါးပါးကို မွန်မွန်မြတ်မြတ် မသုံးဆောင်ရ ဖြစ်တတ်တယ်။

၅။ ဂုဏ်ကိုချေဖျက် ပေးလှူမှုကြောင့် ဖြစ်လေရာဘဝ ထိုဒါနအကျိုး ရရာအခါမှာ ပစ္စည်းဥစ္စာများကို ရန်သူမျိုးငါးပါးတို့ ဖျက်ဆီး တတ်တယ်။

ဒါ့ကြောင့် ဖြစ်လေရာဘဝ ဒါနအကျိုး ရရာ အခါမှာ အကျိုးပေး လှအောင်--

၁။ အဆင်းလှခြင်း
၂။ သြဇာ အာဏာ ရှိခြင်း
၃။ ပဌမ အရွယ်မှစပြီး အကျိုးရခြင်း
၄။ ကာမဂုဏ်ငါးပါးကို မွန်မွန်မြတ်မြတ် သုံးဆောင်ရခြင်း
၅။ ပစ္စည်း ဥစ္စာများကို ရန်သူမျိုးငါးပါးတို့ မဖျက်ဆီးနိုင်ခြင်း

ဆိုတဲ့ ဒါနအကျိုး ငါးမျိုးကိုလည်း အပြည့်အဝ ရရှိအောင် ဒါနပြုတဲ့ အခါမှာ အလှူပေးတဲ့ အခါမှာ—

၁။ ယုံယုံကြည်ကြည် လှူပါ
၂။ ရိုရိုသေသေ လှူပါ
၃။ အခါအားလျော်စွာ လှူပါ
၄။ လွတ်လွတ်စွန့်ပြီး လှူပါ
၅။ ဂုဏ်ပကာသန မလိုလား ဝါကြွားပလွှား သူတပါးကို မထိပါး ဘဲ လှူပါ။

## သူတော်ကောင်းဒါန အကျိုး ၆-ပါး

ဒီလို အင်္ဂါ ငါးပါးနှင့် ပြည့်စုံအောင် ပူပြီး လှူဒါန်းတဲ့ ဒါနကို "သူတော်ကောင်း ဒါန"လို့ ဆိုတယ်၊ ဒီသူတော်ကောင်းဒါနမှာ အကျိုး ခြောက်ပါး ဟောကြားတော်မူခဲ့တယ်။

၁။ ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာခြင်း အကျိုးတပါး

၂။ အဆင်းလှခြင်း အကျိုးတပါး

၃။ ဩဇာ အာဏာ ရှိခြင်း အကျိုးတပါး

၄။ ပဌမ အရွယ်မှစပြီး အကျိုးရခြင်း အကျိုးတပါး

၅။ ကာမဂုဏ်ငါးပါးကို မွန်မွန် မြတ်မြတ် သုံးဆောင်ရခြင်း အကျိုးတပါး

၆။ ပစ္စည်း ဥစ္စာများကို ရန်သူမျိုး ငါးပါးတို့ မဖျက်ဆီးနိုင်ခြင်း အကျိုးတပါး

အားဖြင့် အကျိုးခြောက်ပါးပင် ဖြစ်တယ်။

## အာနိသံသ ဖလ

ရင်းပြင် ဒါန၏ အကျိုးဆက်အားဖြင့် လူ့ပြည် နတ်ရွာ ဗြဟ္မာဟူသော သုဂတိ ဘဝတို့၌ ဖြစ်ရခြင်း ဘဝသမ္ပတ္တိ၊ ရုပ်နာမ်နှစ်ရပ် အပြီးသတ် ချုပ်ငြိမ်း မြေခြင်း သဘောဖြစ်တဲ့ နိဗ္ဗာနသမ္ပတ္တိ တို့ကိုလည်း ရမည်။

## သူတော်ဒါန ကြပြုပါ

ဤကဲ့သို့ ဒါန၏ အကျိုးရင်း အကျိုးဆက်များကို လေးလေးနက်နက် စဉ်းစား ဆင်ခြင်ပြီး သူတော်ကောင်း ဒါနများကို ကြိုးစား၍ ပြုကြကုန် ရာသတည်း။

(သာဓု သာဓု သာဓု)

ဒါန တရားတော် ပြီး၏။

(ဓမ္မပဒ သဟဿဝဂ်မှ)

ပရိတ်အကျိုးပြု

# အန္တရာယ်ကင်းတရားတော်

ရှိခိုးဦးချ ကျိုးလေးဝ

အဘိဝါဒန သီလိဿ၊
နိစ္စံ ဝုဍ္ဎာပစာယိနော။
စတ္တာရော ဓမ္မာ ဝဍ္ဎန္တိ၊
အာယု ဝဏ္ဏော သုခံ ဗလံ။

နိစ္စံ၊ နေ့ရောညဥ့်ပါ ဘယ်ခါမဆဲ အမြဲမပြတ်။ ဝုဍ္ဎာပစာယိနော၊ သုံးပါးရတနာ ဆရာမိဘ မိမိထက် တနေ့တရက် တနာရီမျှ အသက်သိက္ခာ ဂုဏ်ဝါကြီးမား ပုဂ္ဂိုလ်များကို လေးစားရိုသေလေ့ရှိထသော။ အဘိဝါဒန သီလိဿ၊ ရိုသေမြတ်နိုး ရှိခိုးလေ့ရှိထသော။ ပုဂ္ဂလဿ၊ ဂါရဝပြုံး ပုဂ္ဂိုလ်မျိုးအား။ အာယု၊ ရုပ်နာမ်နှစ်ထွေ ဇီဝိတိန္ဒြေတည် အသက်ရှည်ရခြင်းသည်၎င်း။ ဝဏ္ဏော၊ ရုပ်ရေအဆင်း ပြည့်တင်းကြည်မြ လှပရခြင်းသည်၎င်း။ သုခံ၊ ကိုယ်ရောစိတ်ပါ နှစ်ဖြာဘေးပ ချမ်းသာရခြင်းသည်၎င်း။ ဗလံ၊ ကိုယ်အား ဉာဏ်အား နှစ်ပါး ကြီးမားရခြင်းသည်၎င်း။ ဣတိ၊ ဤသို့။ စတ္တာရော၊ အမျိုးအစား အရေအတွက်အားဖြင့် လေးပါးကုန်သော။ ဓမ္မာ၊ မျက်မှောက်ခံစား အကျိုးတရားတို့သည်။ ဝဍ္ဎန္တိ၊ တနေ့တခြား အကျိုးများအောင် တိုးပွားကုန်၏။

ဒီဒေသနာတော်ကလေးကတော့ ဘုရားလက်ထက်တော် အခါတုန်းက ပရိတ်တန်ခိုးကြောင့် ဘီလူးစားမည့် ဘေးမှ လွတ်မြောက် သွားခဲ့တဲ့ "အာယုဝဍ္ဎန" သတို့သားကို အကြောင်းပြုပြီး ဟောကြားခဲ့တဲ့ ဒေသနာကလေးတဲ့။

ဒီ ဒေသနာတော် ကလေး၏ လိုရင်း အဓိပ္ပါယ် အကျဉ်း ကတော့ ဂုဏ်အားဖြင့် ကြီးမြတ်တဲ့ ဘုရား, တရား, သံဃာ, မိဘ, ဆရာ 'ဂုဏဝုဍ္ဎိ' ပုဂ္ဂိုလ်များ၊ မိမိထက် တနေ့ တရက် တနာရီမျှလည်း အသက်အရွယ် အားဖြင့် ကြီးမြင့်တဲ့ 'ဝယဝုဍ္ဎိ' ပုဂ္ဂိုလ်များ၊ ဒီ ဂုဏဝုဍ္ဎိ, ဝယဝုဍ္ဎိ ဂုဏ်ထူး ရှိသည့် ပုဂ္ဂိုလ်များကို ရှိခိုးခြင်း, လက်အုပ်ချီခြင်း, အရိုအသေပြုခြင်း, ခရီး ဦးကြိုဆိုခြင်း အမှုတို့ကို ပြုပါလျှင် မျက်မှောက်ဘဝမှာပင်—

၁။ အသက်ရှည်ခြင်း အကျိုးလည်း တပါး

၂။ အဆင်းလှခြင်း အကျိုးလည်း တပါး

၃။ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း အကျိုးလည်း တပါး

၄။ ကိုယ်အား ဉာဏ်အား နှစ်ပါး ကြီးမားခြင်း အကျိုးလည်း တပါး ဤအကျိုးလေးပါးကို ရမည်။

## အာယုဝဍ္ဎန သတို့သား ဝတ္ထု

ဝတ္ထု သက်သေကတော့ -

အခါတပါး မြတ်ဘုရားဟာ ဒီဃလဍ္ဎိက မြို့ကို အမှီပြုပြီး သူတော်သူမြတ်တို့၏ ပျော်စံရာ တောကျောင်းခန်းဝါမှ ဣရိယာပထ မျှတ ရွှင်ပြုံး သီတင်းသုံးတော်မူသတဲ့။

ထိုအခါ ဒီဃလဍ္ဎိကမြို့မှာနေတဲ့ မဟာဗြာဟ္မဏမျိုးမှ ပုဏ္ဏားကြီး နှစ်ယောက်တို့ဟာ သာသနာတော်၏ ပြင်ပမှာဖြစ်တဲ့ ရဟန်းအဖြစ်ကို ပြုကြပြီး ၄၈-နှစ်တိုင်တိုင် "ပဉ္စာတပ" အကျင့်မျိုးတွေကို ကျင့်ကြသတဲ့။

အဲဒီ ပုဏ္ဏားရဟန်း နှစ်ယောက်တွင် တယောက်မှာကား ငါလူ့မထွက်လျှင် ငါ၏ အနွယ်အဆက်တော့ ပျက်တော့မှာဘဲဟု အကြံပြုပြီး မိမိ၏ အကျင့်များကို သူတပါးအား ရောင်းရာ နွားတရာ, အသပြာ တရာနှင့် တကွ ဇနီးမယားကိုပါ ရပြီး စီးပွားချမ်းသာကို ဖြစ်ထွန်းစေ၍ နေခဲ့ရာ များမကြာမီပင် ထိုပုဏ္ဏားအား ဇနီးမယားမှ သားတယောက် ဖွားမြင်ပြီး ရလာခဲ့သတဲ့။

## ရှိခိုး၍ ဆုပေးခြင်း

ပုဏ္ဏားကြီးလည်း မယားနှင့် သားကို ခေါ်ပြီး မိတ်ဆွေ ရဟန်းထံ ဖူးမြင်ရန် သွားသတဲ့၊ ရောက်လျှင် ပုဏ္ဏားကြီးလည်း မိမိလက်မှ သားကို

မယားအား လှမ်းပေးပြီး မိတ်ဆွေရဟန်းအား ရှိခိုးသတဲ့၊ မယားကလည်း မိမိလက်မှသားကို ချစ်လင်ပုဏ္ဏားထံ တဖန်ပြန်ပေးပြီး ရှိခိုးသတဲ့၊ ရဟန်းကလည်း မိတ်ဆွေပုဏ္ဏား လင်မယားတို့အား

"ဒီဃာယုကာ ဟောထ - အသက်ရှည်သည် ဖြစ်ကြစေ"

လို့ ဆုပေးသတဲ့။

## အန္တရာယ်မကင်း၍ ဆုမပေး

တဖန် သားသူငယ်ကို ရှိခိုးစေပြန်သတဲ့၊ သားသူငယ် ရှိခိုးရာအခါကျ တော့ ရဟန်းလည်း ဆုမပေးဘဲ ဆိတ်ဆိတ်ပင် နေသတဲ့၊ ဒီအခါမှာ ပုဏ္ဏားကြီးက အရှင်ဘုရား တပည့်တော်များ ရှိခိုးတဲ့အခါမှာ

"ဒီဃာယုကာ ဟောထ = အသက်ရှည်သည် ဖြစ်ကြစေ"

လို့ ဆုပေးတော်မူပြီး သားသူငယ် ရှိခိုးတဲ့ အခါမှာ ဘာကြောင့် ဆုမပေးပါသလဲ ဘုရား၊ ဤသူငယ်အား အသက်၏အန္တရာယ်သည် အမှန် တကယ် ရှိပါသလားဘုရား။

ရဟန်း "အဆွေပုဏ္ဏား ဤသူငယ်အား အသက်၏ အန္တရာယ်သည် အမှန်တကယ်ပင် ရှိပေတယ်"

ပုဏ္ဏား "အရှင်ဘုရား ဤသူငယ်ဟာ ဘယ်လောက် အသက်ရှည် လိမ့်မလဲ"

ရဟန်း "အဆွေပုဏ္ဏား ဤသူငယ်ဟာ ခုနစ်ရက်မျှသာ အသက် ရှည်ပါလိမ့်မည်"

ပုဏ္ဏား "အရှင်ဘုရား ဤသူငယ်၏ အသက် အန္တရာယ်ကို ကာကွယ် တားမြစ်နိုင်တဲ့ အကြောင်းများ ရှိပါသလားဘုရား"

ရဟန်း "အဆွေပုဏ္ဏား ငါတော့ ဤသူငယ်၏ အသက်အန္တရာယ် ကို ကာကွယ်တားမြစ်နိုင်တဲ့ အကြောင်းများကို မသိပါ"

ပုဏ္ဏား "အရှင်ဘုရား ဘယ်ပုဂ္ဂိုလ်များ သိပါသလဲဘုရား"

ရဟန်း "အဆွေ ပုဏ္ဏား ရဟန်း ဂေါတမ သိပါသည်၊ ရဟန်း ဂေါတမထံ ခပ်မြန်မြန်သွားပြီး မေးလျှောက်ပါ"

ဿုမင်္ဂလဝတီ(က)၁၀၀-၁၇

ပုဏ္ဏား “အရှင်ဘုရား ရဟန်းဂေါတမထံ သွားရလျှင် တပည့်တော်များ၏ အကျင့်များ ဆုတ်ယုတ် ပျက်ပြားမှာ စိုးကြောက်မိပါတယ်”

ရဟန်း “အဆွေပုဏ္ဏား အကယ်၍ သားသူငယ်အား ချစ်သနားပါမူ အကျင့်ပျက်ပြား ဆုတ်ယုတ်မှုများကို ကြံစည်တွေးတော မနေဘဲ ရဟန်း ဂေါတမထံ ခပ်မြန်မြန်ဘဲ သွားပြီး မေးလျှောက်ပါ”လို့ ဟောကြားလိုက်သတဲ့။

## အသက်အန္တရာယ် ပရိတ်တရားနှင့် ကာကွယ်

ပုဏ္ဏားကြီးလည်း သားသူငယ်အား ချစ်သနားတာနဲ့ အကျင့်ပျက်ပြားမှာကိုပင် မထောက်တော့ဘဲ မြတ်စွာဘုရားထံ သွားပြီး ရှေးဦးစွာ လင်ပုဏ္ဏားကမြတ်စွာဘုရားအားရှိခိုးလိုက်တယ်၊ဘုရားရှင်လည်း“ဒီဃာယုကော ဟောဟိ အသက်ရှည်သည် ဖြစ်စေ”လို့ ဆုပေးတော်မူတယ်။

တဖန် ဇနီးပုဏ္ဏေးမက ရှိခိုးပြန်လျှင်—

“ဒီဃာယုကာ ဟောဟိ အသက်ရှည်သည် ဖြစ်စေ”ဟုပင် ဆုပေးတော်မူတယ်။

တဖန် သားသူငယ်ကို ရှိခိုးစေတဲ့ အခါ မြတ်စွာဘုရားလည်း ဆုမပေးဘဲ ဆိတ်ဆိတ်ဘဲ နေတော်မူသတဲ့။

ပုဏ္ဏား “မြတ်စွာဘုရား တပည့်တော်များ ရှိခိုးတဲ့အခါမှာ ‘ဒီဃာယုကော ဟောဟိ အသက်ရှည်သည် ဖြစ်စေ’လို့ ဆုပေးတော်မူပြီး သားသူငယ် ရှိခိုးတဲ့ အခါမှာ ဘာကြောင့် ဆုမပေးပါသလဲဘုရား၊ ဤသူငယ်အား အသက် အန္တရာယ်သည် အမှန်တကယ်ပင် ရှိပါသလားဘုရား”

ဘုရား “အသင် ပုဏ္ဏား ဤသူငယ်အား အသက် အန္တရာယ်သည် အမှန် တကယ်ပင် ရှိပေတယ်”

ပုဏ္ဏား “မြတ်စွာဘုရား ဤသူငယ်ဟာ ဘယ်လောက် အသက်ရှည်ပါလိမ့်မလဲ”

ဘုရား “အသင်ပုဏ္ဏား ဤသူငယ်ဟာ ခုနစ်ရက်မျှသာ အသက်ရှည်ပါလိမ့်မည်”

ပုဏ္ဏား “မြတ်စွာဘုရား ဤသူငယ်၏ အသက်အန္တရာယ်ကို ကာကွယ် တားမြစ်နိုင်တဲ့အကြောင်း ရှိပါသလားဘုရား”

ဘုရား “အသင်ပုဏ္ဏား ရှိပေ၏”

ပုဏ္ဏား “မြတ်စွာ ဘုရား ဘယ်လို ကာကွယ် တားမြစ် နိုင်ပါသလဲ ဘုရား”

ဘုရား “အသင် ပုဏ္ဏား သင်၏ အိမ်တံခါးမှာ မဏ္ဍပ်ကြီးများ ဆောက်လုပ်ပြီး အဲဒီ မဏ္ဍပ်၏ အလယ်မှာ အင်းပျဉ်ကြီးတခု ချထားရမည်၊ အဲဒီ အင်းပျဉ်ကြီး၏ ပတ်ပတ်လည်မှာ ရဟန်းတော်များ ထိုင်ဘို့ရာ နေရာ ရှစ်ခု ဖြစ်စေ, တဆယ့် ခြောက်ခု ဖြစ်စေ ခင်းထားရမည်၊ ခင်းပြီးလျှင် ငါ့တပည့်သား ရဟန်းတော်များကို ပင့်ဘိတ်ပြီး အလယ်အင်းပျဉ်မှာ သူငယ် ကို အိပ်စေရမည်၊ ပတ်ပတ်လည် နေရာတို့မှာ ငါ့တပည့် ရဟန်းတော်များကို ထိုင်စေပြီး ခုနစ်ရက်ပတ်လုံး မပြတ်မလပ် ပရိတ်တရားတော်မြတ်ကို ရွတ်ဘတ်ခြင်းငှါ အကယ်၍ တတ်နိုင်ခဲ့ပါမူ ဤသူငယ်၏ အသက်အန္တရာယ်သည် အမှန် တကယ် ပျောက်ကွယ်ပါလိမ့်မည်”

ပုဏ္ဏား “မြတ်စွာဘုရား မဏ္ဍပ်ဆောက်ခြင်း, နေရာခင်းခြင်း အမှုတို့ကို ပြုခြင်းငှါ တပည့်တော် စွမ်းနိုင်ပါ၏ဘုရား၊ မြတ်စွာဘုရား ၏ တပည့် ရဟန်းတော်တို့ကိုကား အဘယ်သို့လျှင် ရနိုင်ပါ့ မလဲ ဘုရား”

ဘုရား “အသင်ပုဏ္ဏား မဏ္ဍပ်ဆောက်ခြင်း, နေရာခင်းခြင်းအမှုတို့ကို သာ သင်ပြုလေလော့၊ ငါ့တပည့် ရဟန်းတော်များကိုကား ငါလွှတ်လိုက်မည်”

ပုဏ္ဏားကြီးလည်း “မြတ်စွာဘုရား ကောင်းလှပါ၏”ဟု လျှောက်ကြား ၍ ဝမ်းမြောက်သော စိတ်ထားဖြင့် အိမ်သို့ ပြန်သွားပြီး အိမ်တံခါးမှာ မဏ္ဍပ်ကြီး ဆောက်တယ်၊ ဆောက်ပြီး နေရာအင်းပျဉ်များကို အသီးအသီး ခင်းတယ်၊ ခင်းပြီး တဖန် မြတ်စွာဘုရားထံသွားပြီး မဏ္ဍပ်ဆောက်လုပ် ပြီးကြောင်း လျှောက်ထားသတဲ့။

ဘုရားရှင်လည်း ရဟန်းတွေကို "ချစ်သားရဟန်းတို့ ပုဏ္ဏားကြီးနေအိပ် မဏ္ဍပ်သို့ သွားပြီး ပရိတ်တရားများကို ခုနစ်ရက်ပတ်လုံး မပြတ်မလပ် ရွတ်ဘတ်ကြရမည်"ဟု စေလွှတ်တော်မူလိုက်တယ်။

ရဟန်းတော် တို့လည်း ပုဏ္ဏားကြီးနေအိမ် မဏ္ဍပ်သို့ သွားကြပြီး ပတ်ပတ်လည် အင်းပျဉ်တို့၌ ထိုင်တော်မူကြကာ သူငယ်ကို အလယ်မှာ အိပ်စေလျက် ခုနစ်ရက်ပတ်လုံး မပြတ်မလပ် ပရိတ်တရားတော်များကို ရွတ်ဘတ်တော်မူကြတယ်။

## ပရိတ်တန်ခိုးလျှိုင် ဘီလူးမစားနိုင်

ခုနစ်ရက်မြောက် နေ့မှာတော့ ဘုရားရှင်လည်း ကိုယ်တော်တိုင် ပုဏ္ဏားကြီး နေအိမ်မဏ္ဍပ်သို့ ကြွတော်မူတယ်၊ အလုံးစုံသော စကြဝဠာမှ နတ်တွေကလည်း မြတ်စွာဘုရားထံ ပရိတ်တရားနာရန် စည်းဝေးကြသတဲ့။

"အဝရုဒ္ဓက" အမည်ရှိတဲ့ ဘီလူးဟာ တဆယ့်နှစ်နှစ်တိုင်တိုင် ဝေဿဝဏ် နတ်မင်းကို လုပ်ကျွေးခစားပြီး ဝေဿဝဏ်နတ်မင်းထံမှ ဆုရခြင်းကြောင့် ဤနေ့မှ နောက် ခုနစ်ရက် မြောက်သောနေ့မှာ ဤသူငယ်ကို စားခွင့်ရသတဲ့၊ အဝရုဒ္ဓက ဘီလူးလည်း ထိုသူငယ်ကို စားရန် အနီးအပါးမှာ ရောက်ရှိနေသတဲ့၊ တန်ခိုးကြီးကဲ့ နတ်တွေ ဘုရာထံပါးမှာ ပရိတ်တရား နာရန် စည်းဝေးကြလျှင် တန်ခိုးနည်းတဲ့ နတ်တွေလည်း နောက်ဆုတ်ဆုတ် ပေးရသတဲ့၊ နတ်ပရိသတ်ကြီးလည်း တဆယ့်နှစ်ယူဇနာ တိုင်အောင်ပင် စည်းဝေးမိသတဲ့၊ အဝရုဒ္ဓက ဘီလူးကြီးလည်း သူငယ်ကို စားခွင့်မရဘဲ ထုံအရပ်မှာပင် ဖဲခွါသွားသတဲ့။

## ပရိတ်တရားကယ် အသက်တရာ့နှစ်ဆယ်

ဘုရားရှင်လည်း တညဥ့်ပတ်လုံး ပရိတ်တရားတော်များကို ရွတ်ဘတ် ဟောကြားတော်မူတယ်၊ အဝရုဒ္ဓက ဘီလူးကြီးလည်း ခုနစ်ရက်လွန်လျှင် သူငယ်ကို စားခွင့်မရ၊ ရှစ်ရက်မြောက်၍ အရုဏ်တက်လျှင် သူငယ်ကိုယူ၍ ဘုရားအား ရှိခိုးစေတယ်။

ဘုရားရှင်သည် "ဒီဃာယုကော ဟောဟိ = အသက်ရှည်သည် ဖြစ်စေ" လို့ ဆုပေးတော်မူတယ်။

ပုဏ္ဏား "မြတ်စွာဘုရား ဤသူငယ်ဟာ အသက်ဘယ်မျှ ရှည်ပါ
မလဲ ဘုရား"

ဘုရား "အသင်ပုဏ္ဏား ဤသူငယ် အသက်တရာ့နှစ်ဆယ် ရှည်ပါ
လိမ့်မည်"

ထိုအခါမှစပြီး သူငယ်ကို အသက်ခုနစ်ရက်မှ တရာ့နှစ်ဆယ်တိုင်အောင် တိုးပွားလို့ 'အာယုဝဍ္ဎန' သတို့သားရယ်လို့ မှည့်ခေါ်ကြတယ်။

ပရိတ်တရား အကျိုးများပုံကို စဉ်းစားလို့သာ ကြည့်ပေတော့၊ ဒီအာယုဝဍ္ဎန သတို့သားဟာ ပရိတ်တရား မကယ်လျှင်ဘီလူးစားခံရမည်၊ အဝရုဒ္ဓက ဘီလူးဘေးရန်ကို ပရိတ်တရားနှင့် တွန်းလှန်ပြီး အသက်တရာ့ နှစ်ဆယ်ပင် ရှည်သွားတယ်။

### ပရိတ်အကျိုးပြ ဂါထာ

ပစ္စက္ခေ အတ္တဘာဝေ စ၊
ပရိတ္တဓမ္မနူနကေ။
အန္တရာယေ ဝိဃာတေတွာ၊
ဝဍ္ဎေတိ သုခမင်္ဂလေ။

ပရိတ္တဓမ္မံ၊ အာဋာနာဋိယ စသည်သုတ်များ ပရိတ်တရားတော်သည်။ ပစ္စက္ခေ စ၊ မျက်မှောက်ထင်ထင် ရှုမြင်ရသည်လည်း ဖြစ်သော။ အတ္တဘာဝေ၊ ခန္ဓာငါးဝ ရုပ်နာမ်မျှကို အတ္တဘောဆိုသည့် ကိုယ်၏အဖြစ်၌။ အနူနကေ၊ ခပ်သိမ်းကျုံးခြုံ အလုံးစုံကုန်သော။ အန္တရာယေ၊ စုတိပဋိသန္ဓေ နှစ်ထွေအလယ် လာဘွယ်ဟူလတ် ဥပဒ်ဘေးဒဏ် ရန်အသွယ်သွယ် ရောဂါ စသော အန္တရာယ်တို့ကို။ ဝိဃာတေတွာ၊ ပယ်ဖျောက်ကြိတ်ညှပ် မလာ မကပ်အောင် သတ်ဖြတ် ပြီး၍။ သုခမင်္ဂလေ၊ နှစ်မြို့ဘွယ်တောင်း အကောင်း ဟူ၍ သမုတ်အပ်သော ကောင်းကျိုးချမ်းသာ ကြက်သရေမင်္ဂလာတို့ကို။ ဝဍ္ဎေတိ၊ ရက်ရေလများ တိုးပွားစေ၏။

### အန္တရာယ်ကင်းအောင် ပရိတ်နာ

ဒါ့ကြောင့် ဗုဒ္ဓဘာသာဝင် သူတော်စင် အမျိုးကောင်းသား အမျိုး ကောင်းသမီးတိုင်း မျက်မှောက်ဘဝမှာပင် အန္တရာယ်ကင်း ရန်အသွယ်

သွယ်ရှင်းပြီး ကောင်းခြင်း အထွေထွေ ကြက်သရေမင်္ဂလာ တက်နေပမာ ရက်ရှည်မှာ တိုးပွားပြီး အကျိုးများအောင် ပရိတ်တရားတော်များကို အခါမလင် အခွင့်လျော်စွာ ရိုသေစွာ နာကြားကြရမည်။

## ပရိတ်နာသက အန္တရာယ်ကင်းပ အကျိုးရ

ဒီလိုပရိတ် တရားတော်များကို ယုံယုံကြည်ကြည်နှင့် ရိုသေစွာ နာကြားကြပါလျှင် ယခုမျက်မှောက် ပစ္စုပ္ပန်ဘဝမှာပင် ဖြစ်ပေါ်ဆဲ ဖြစ်ပေါ်လတ္တံ့ဖြစ်တဲ့ မင်းဘေး၊ ခိုးသူဘေး၊ လူရိုင်းဘေး၊ အစိမ်းသရဲ သဘက်ဘေး၊ မီးဘေး၊ ရေဘေး၊ လေဘေး၊ မြေဘုတ်ဘီလူးဘေး၊ သစ်ငုတ်၊ ဆူးငြောင့်၊ မကောင်းသော နက္ခတ်၊ အနာရောဂါ၊ အကျင့်ပျက်ခြင်း၊ အယူပျက်ခြင်း၊ သူယုတ်မာတို့နှင့် ပေါင်းဖက်မိခြင်း၊ ကြမ်းတန်းရိုင်းစိုင်းသော ဆင်၊ မြင်း၊ သားရဲ၊ နွား၊ ခွေး၊ မြွေ၊ ကင်းမြီးကောက်၊ မြွေစိမ်း၊ သစ်၊ ဝံ၊ အောင်း၊ ဝက်၊ ကျွဲ၊ ဘီလူး၊ ရက္ခိုုသ် အစရှိသော အမျိုးမျိုးသော ဘေး၊ အမျိုးမျိုးသော အနာရောဂါ၊ အမျိုးမျိုးသော ဥပဒ္ဒဝေါကို ကင်းပျောက်ပြီး–

၁။ အသက်ရှည်ခြင်း

၂။ အဆင်းလှခြင်း

၃။ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း

၄။ ကိုယ်အား ဉာဏ်အား နှစ်ပါး တိုးပွားခြင်း

ဟိတဲ့ မျက်မှောက်ထင်ရှား အကျိုးလေးပါးကို ရကြမည်။

## ကုသိုလ်ဆင့်ပွား အကျိုးများ

ရှင်းပြင် အသက်ရှည်စွာ အလှူပေးမှု၊ သီလဆောက်တည်မှု၊ ဘာဝနာအလုပ်ကို အားထုတ်မှုဆိုတဲ့ ကောင်းမှုကုသိုလ်တွေကို ပြုရခြင်းကြောင့်–

ပစ္စည်းဥစ္စာ တိုးတက်ချမ်းသာခြင်း
ကောင်းသောသတင်း ကျော်စောခြင်း
ပရိသတ်အလယ် ရဲတင်းခြင်း
မတွေမဝေ သေရခြင်း
သေခါ နတ်ပြည်လားရခြင်း
နိဗ္ဗာန်ချမ်းသာကို ရခြင်း

ဆိုတဲ့ အကျိုးတို့ကိုလည်း ရကြပါလိမ့်ဦးမည်ဟု ယုံကြည်မှတ်သား ပရိတ်နာခြင်းစတဲ့ ကုသိုလ်တရားကို ကြိုးစားကြကုန်ရာသတည်း။

သစ္စာလေးပါး

"စတ္တာရိမာနိ ဘိက္ခဝေ အရိယသစ္စာနိ၊ ကတမာနိ တ္တာရိ၊ ဒုက္ခံ အရိယသစ္စံ၊ ဒုက္ခသမုဒယံ အရိယသစ္စံ၊ ဒုက္ခနိရောဓံ အရိယသစ္စံ၊ ဒုက္ခနိရောဓ ဂါမိနီ ပဋိပဒါ အရိယသစ္စံ၊ ဣမာနိ ခေါ ဘိက္ခဝေ စတ္တာရိ အရိယ သစ္စာနိ"

ဟောတော်မူသောကြောင့်–

၁။ ဒုက္ခသစ္စာ
၂။ သမုဒယသစ္စာ
၃။ နိရောဓသစ္စာ
၄။ မဂ္ဂသစ္စာ

လို့ သစ္စာလေးပါး။

မြန်မာလို ရှင်းရှင်း ပြောရလျှင်–

၁။ ဆင်းရဲတဲ့တရား
၂။ ဆင်းရဲမှုကို ဖြစ်စေတတ်တဲ့တရား
၃။ ဆင်းရဲမှုမဖြစ်တဲ့ ချုပ်တဲ့တရား
၄။ ဆင်းရဲမှုမဖြစ်အောင် ချုပ်အောင် ပြုတတ်တဲ့တရား

လို့ မှန်ကန်တဲ့ တရားလေးမျိုးရှိသည်တွင်–

ဒုက္ခသစ္စာကို ပိုင်းခြားသိ

"ဒုက္ခံ ဘိက္ခဝေ အရိယသစ္စံ ပရိညေယျံ"

လို့ ဟောတော်မူသောကြောင့် ယခု မျက်မှောက်ရရှိဆဲဖြစ်တဲ့ လူလို့ ခေါ်တဲ့ ခန္ဓာကိုယ် အတ္တဘောကြီးကို မုချဒုက္ခသစ္စာ၊ ဖြစ်ခြင်း ပျက်ခြင်း ဖြင့် ဆင်းရဲတာ အမှန်ပါ၊ ယခုဘဝ မရောက်မီ အတိတ်ဘဝ အမျိုးမျိုးမှ ရုပ်နာမ်ခန္ဓာငါးပါး၊ နိဗ္ဗာန်မရမီ နောင်လာလတ္တံ့ ဘဝအမျိုးမျိုးမှ ရုပ်နာမ်ခန္ဓာငါးပါး၊ အဲဒီ ခန္ဓာကိုယ် အတ္တဘောတွေကလည်း မုချဒုက္ခ သစ္စာ၊ ဖြစ်ခြင်း ပျက်ခြင်း ဆင်းရဲတာ အမှန်ပါ။

အဲဒါလို အစမထင်တဲ့ သံသရာမှာစပြီး ရုပ်နာမ်နှစ်ရပ် အပြီးသတ် ချုပ်ငြိမ်းခြင်းသဘော ဖြစ်တဲ့ နိဗ္ဗာန်ကျအောင် ရုပ်နာမ်ခန္ဓာငါးပါး ဒုက္ခ တရားသာ ဖြစ်တယ်၊ ရုပ်နာမ်ခန္ဓာငါးပါး ဒုက္ခတရားသာ ပျက်တယ်၊ ဆင်းရဲတဲ့ ဒုက္ခတရား ဟူသည်ကား ရုပ်နာမ်ခန္ဓာ ငါးပါးမျှသာတည်း၊ ထို့ထက် အယုတ်အလွန်မရှိဟု ဆင်းရဲတဲ့ဒုက္ခတရားကို ဉာဏ်ဖြင့် ပိုင်းခြား ပြီး မှန်ကန်စွာ သိမြင်စေရမည်တဲ့။

## သမုဒယသစ္စာကို ပယ်

"ဒုက္ခသမုဒယံ အရိယသစ္စံ ပဟာတဗ္ဗံ"

လို့ ဟောတော်မူသောကြောင့် ခန္ဓာမျိုးစေ့ မရှိလျှင် ခန္ဓာအပင် မပေါက်နိုင်ဘူး၊ ယခု လူလို့ခေါ်တဲ့ ခန္ဓာကိုယ် အတ္တဘော ကြီးဟာ အကြောင်းကင်းပြီး ဖြစ်ပေါ်လာဘာ မဟုတ်ဘူး၊ အကြောင်းတရားကို စိစစ်ရှာဖွေလျှင် လိုချင် တပ်မက်မောတဲ့ တဏှာလောဘကို တွေ့မည်၊ ရုပ်နာမ်ခန္ဓာငါးပါး၏ ဖြစ်ခြင်း ပျက်ခြင်း ဆင်းရဲဒုက္ခကို မသိမှု မဟာ အဝိဇ္ဇာဖြင့် ပိတ်ဖုံးကာကွယ်ပြီး ထားလေတော့ ဆင်းရဲတာကိုပင် ဆင်းရဲ တယ်လို့ တကယ်မသိဘူး၊ ဆင်းရဲတဲ့ ရုပ်နာမ်ခန္ဓာကိုပင် ချမ်းသာတယ်ဟု ထင်မှတ်ပြီး တဏှာလောဘက လိုချင်နှစ်သက်တယ်၊ လိုချင်နှစ်သက်တော့ ရုပ်နာမ်ခန္ဓာတွေ တဘဝပြီး တဘဝ ဆက်ဆက်ပြီး ရနေတယ်။

ဒါကြောင့် ရုပ်နာမ်ခန္ဓာငါးပါး ဆင်းရဲတဲ့ ဒုက္ခတရားကို ဘဝမပြတ် ဖြစ်ပွားစေတတ်တဲ့ တဏှာလောဘ, သမုဒယသစ္စာကို အင်္ဂါကမဂ်လေးဝ ဖြင့် ပယ်ချရမည်တဲ့။

## နိရောဓသစ္စာကို မျက်မှောက်ပြု

"ဒုက္ခနိရောဓံ အရိယသစ္စံ သစ္ဆိကာတဗ္ဗံ"

လို့ ဟောတော်မူသောကြောင့် ရုပ်နာမ်ခန္ဓာတွေ မပြတ်ဖြစ်ပြီး ပျက် နေလို့ ဆင်းရဲနေကြတယ်၊ လွန်ပြီးသောအတိတ်က ဘဝအမျိုးမျိုးတွေနှင့် ရုပ်နာမ်ခန္ဓာတွေ မပြတ်ဖြစ်ပြီး ပျက်ခဲ့လို့ ဆင်းရဲခဲ့ကြရပြီ၊ ယခုပစ္စုပ္ပန် ဘဝမှာလည်း ရုပ်နာမ်ခန္ဓာတွေ မပြတ်ဖြစ်ပြီး ပျက်နေလို့ ဆင်းရဲနေကြ တယ်၊ နိဗ္ဗာန်မရမီ နောင်လာလတ္တံ့ ဘဝအမျိုးမျိုးတွေမှာလည်း ရုပ်နာမ် ခန္ဓာတွေ မပြတ်ဖြစ်ပြီး ပျက်နေလို့ ဆင်းရဲကြရလိမ့်ဦးမည်။

ဒီ ရုပ်နာမ်ခန္ဓာငါးပါး အပြီးသတ်ချုပ်ငြိမ်းပါလျှင် ဖြစ်ခြင်း ပျက်ခြင်း သဘောမရှိနိုင်တော့ဘူး၊ ဖြစ်ခြင်း ပျက်ခြင်း သဘောမရှိလျှင် ဆင်းရဲဒုက္ခလည်း မရှိနိုင်တော့ဘူး၊ အဲဒီ သတ္တဝါတဦး ဘဝလက်စ သတ်ပြီး ရုပ်နာမ်ခန္ဓာငါးပါး အပြီးသတ် ချုပ်ငြိမ်းခြင်းသဘောကိုပင် နိဗ္ဗာန်လို့ ဆိုတယ်၊ အဲဒီ နိဗ္ဗာန် နိရောဓသစ္စာကို မျက်ဝါးထင်ထင် မဂ်ဉာဏ်မြင့် မြင်အောင် ပြုရမည်ဘဲ့။

## မဂ္ဂသစ္စာကို ပွားများ

"ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ
ဘာဝေတဗ္ဗံ"

လို့ ဟောတော်မူသောကြောင့် ဘယ်မင်းလက်ထက်က, ဘယ်ဘုရားလက်ထက်က အစပြုပြီး သတ္တဝါတွေဟာ ဖြစ်ပေါ်လာတယ်လို့ အစမထင်နိုင်လောက်အောင် ရှည်လျားတဲ့ ဖြစ်ပျက် သံသရာကြီးထဲမှာ အဝိဇ္ဇာ အမြစ်ပါတဲ့ တဏှာမျိုးစေ့ကြောင့် ရုပ်နာမ်ခန္ဓာတွေဟာ ဘာမပြတ် ဆက်ခါဆက်ခါ ဖြစ်ပျက်ပြီးလာခဲ့ဘယ်။

အကြင်အခါ၌ အဝိဇ္ဇာအမြစ်ပါတဲ့ တဏှာမျိုးစေ့ကို အဋ္ဌင်္ဂိကမဂ်ဖြင့် အကြွင်းမဲ့ ပယ်သတ်လိုက်တယ်၊ ထိုအခါမှစပြီး သတ္တဝါလို့ ခေါ်စရာ ရုပ်နာမ်ခန္ဓာ ဘဝသစ်မှာ မဖြစ်ပေါ်လာတော့ဘူး၊ အဲဒီ အဋ္ဌင်္ဂိကမဂ္ဂသစ္စာကို မိမိသန္တာန်မှာ ဖြစ်ပွားစေရမည်တဲ့။

## သစ္စာမြင်အောင် ကြိုးစားပါ

ဒါ့ကြောင့် သံသရာဘဝဆိုး ရုပ်နာမ်ဒုက္ခ သုဉ်းလိုသူတိုင်း ဤသစ္စာလေးပါး မြတ်တရားကို ကိစ္စလေးချက်ဖြင့် ပြက်ပြက်ထင်ထင် သိမြင်အောင် ကြိုးစားကြကုန်ရာသတည်း။

## တရားသိမ်း

ကဲ–တရားသိမ်းကြစို့ ရှဲ–

အနန္တရာယိကာ ယတ္တံ၊
ဒေသနံ ဗုဒ္ဓဘာသိတံ။
သက္ကစ္စံ့ယေဝ သုတွာန၊
'သာဓု သာဓု'တိ ဘာသထ။

ဘောဇ္ဈင်္ဂ၊တရားနာနေကြတဲ့ အို ဒကာ ဒကာမတို့။ တုမ္ပေ၊ ဓမ္မသဘင် တရားမင်ကြသည့် သင်သူတော်စင်တို့သည်။ ဗုဒ္ဓဘာသိတံ၊ ဘုရားမြတ်စွာ မိန့်မှာဆုံးမ ဟောပြတော်မူအပ်သော။ အနန္တရာယိကာယတ္တံ၊ အန္တရာယ် ကင်း ရန်အသွယ်သွယ်ရှင်းခြင်းနှင့် စပ်ယှဉ်သော။ ဒေသနံ၊ ပရိတ်အကျိုးပြ ဓမ္မဒေသနာတော်ကို။ သက္ကစ္စံယေဝ၊ သဒ္ဓါတရား အရင်းခံ ထားပြီး လေးစား ရိုသေစွာသာလျှင်။ သုတွာန၊ အားပါးတရ သဘောကျပင် နာကြပြီး၍။ သာဓု သာဓူတိ၊ တွင်းပနှစ်သွယ် အန္တရာယ်ကင်း ရန်အသွယ် သွယ်ရှင်းကြောင်း အလွန်ကောင်းစွ အလွန်ကောင်းစွဟူ၍။ ဘာသထ၊ သုံးကြိမ်သုံးဝ နှုတ်မြွက်ဟ၍ ဆိုလိုက်ကြကုန်လော့။

(သာဓု သာဓု သာဓု)

မှတ်ရန်—

"အန္တောဂါမေ ရာဇဂေဟာဒီသု ရောဂေ ဝါ
ဥပဒ္ဒဝေ ဝါ ဥပ္ပန္နေ ပက္ကောသာပေတွာ ဘဏာပေန္တိ၊
အာဋာနာဋိယ သုတ္တာဒီနိ ဘဏိတဗ္ဗာနိ"

ဟု အဋ္ဌကထာ၌ လာသောကြောင့်—

အနာရောဂါ ဘေးရန်ဥပဒ်များဖြစ်လတ်မူ—

မေတ္တသုတ်, ဓဇဂ္ဂသုတ်, ရတနသုတ်, အာဋာနာဋိယသုတ် တို့ကို ရွတ်ဘတ်ရမည်။

"ဥဒကံ ဟတ္ထေန စာလေတွာ သုတ္တံ ပရိမဇ္ဇိတွာ"

ဟု လာသောကြောင့်—

ရေကိုလက်ဖြင့်လှုပ်၍ ချည်ကိုလက်ဖြင့်ဆုပ်နယ်ပြီး ရွတ်ဘတ်ပါ။

ပရိတ်အကျိုးပြ

အန္တရာယ်ကင်း တရားတော် ပြီး၏။

(ဥဒါန်း ပါဋလိဂါမိယဝဂ် ပါဋလိဂါမိယသုတ်မှ)

### အိမ်သစ်မင်္ဂလာ

# အန္တရာယ်ကင်းတရားတော်

### ကုသိုလ်မင်္ဂလာ

“မင်္ဂံ ပါပံ လုနာတိ ဆိန္ဒတီတိ မင်္ဂလံ”

ယံ ဓမ္မဇာတံ၊ အကြင်တရားတော်သဘောသည်။ မင်္ဂံ ပါပံ၊ အနိဋ္ဌ အကျိုးပြု မကောင်းမှု အကုသိုလ်ကို။ လုနာတိ ဆိန္ဒတိ၊ ပယ်ဖျောက် ကြိတ်ညှပ် မလာမကပ်အောင် ရိတ်ဖြတ်တတ်၏။ ဣတိ၊ ထို့ကြောင့်။ တံ ဓမ္မဇာတံ၊ ထိုတရားတော်သဘောသည်။ မင်္ဂလံ၊ မင်္ဂလာမည်၏။

ဆိုးမွေဆိုးကျိုး အမျိုးမျိုးကိုပေးတတ်တဲ့ အကုသိုလ်ကံ ကိုယ်တွင်းရန်ကို ပယ်လှန်ရိတ်ဖြတ် အသေသတ်တတ်တဲ့ ကုသိုလ်တရားကို ‘မင်္ဂလာ” လို့ခေါ်တယ်။

### မင်္ဂလာရှိသောနေ့

ထိုကုသိုလ်တရားနှင့် ပြည့်စုံတဲ့နေ့ကိုလည်း မင်္ဂလာရှိတဲ့နေ့လို့ဆိုတယ်။

ဘုရားရှင်လည်း

“ယေ ဘိက္ခဝေ သတ္တာ ပုဗ္ဗဏှသမယံ
ကာယေန သုစရိတံ စရန္တိ၊
ဝါစာယ သုစရိတံ စရန္တိ၊
မနသာ သုစရိတံ စရန္တိ၊
သုပုဗ္ဗဏှော ဘိက္ခဝေ တေသံ သတ္တာနံ။

“ယေ ဘိက္ခဝေ သတ္တာ မဇ္ဈန္ဟိကသမယံ
ကာယေန သုစရိတံ စရန္တိ၊
ဝါစာယ သုစရိတံ စရန္တိ၊
မနသာ သုစရိတံ စရန္တိ၊
သုမဇ္ဈန္ဟိကော ဘိက္ခဝေ တေသံ သတ္တာနံ။

သုဓမ္မဝတီ(က)၁၀၀–၁၀

"ယေ ဘိက္ခဝေ သတ္တာ သာယန္ဟသမယံ
ကာယေန သုစရိတံ စရန္တိ၊
ဝါစာယ သုစရိတံ စရန္တိ၊
မနသာ သုစရိတံ စရန္တိ၊
သုသာယန္ဟော ဘိက္ခဝေ တေသံ သတ္တာနံ"

ဟု မင်္ဂလာရှိတဲ့နေ့ကို ဟောကြားတော်မူခဲ့တယ်။

"ချစ်သားတို့ အကြင်သတ္တဝါတို့သည် နံနက်ခင်းကာလ၌ ကိုယ်ဖြင့် ကောင်းမှုကုသိုလ်ကို ပြုကျင့်တယ်၊ နှုတ်ဖြင့် ကောင်းမှုကုသိုလ်ကို ပြုကျင့်တယ်၊ စိတ်ဖြင့် ကောင်းမှုကုသိုလ်ကို ပြုကျင့်တယ်၊ ချစ်သားတို့ ထိုသတ္တဝါတို့အား ထိုနံနက်ခင်းသည် ကောင်းမြတ်ချမ်းသာ မင်္ဂလာရှိသော နံနက်ခင်းပင် ဖြစ်တယ်။

"ချစ်သားတို့ အကြင်သတ္တဝါတို့သည် နေ့လယ်ခင်းကာလ၌ ကိုယ်ဖြင့် ကောင်းမှုကုသိုလ်ကို ပြုကျင့်တယ်၊ နှုတ်ဖြင့် ကောင်းမှုကုသိုလ်ကို ပြုကျင့်တယ်၊ စိတ်ဖြင့် ကောင်းမှုကုသိုလ်ကို ပြုကျင့်တယ်၊ ချစ်သားတို့ ထိုသတ္တဝါတို့အား ထိုနေ့လယ်ခင်းသည် ကောင်းမြတ်ချမ်းသာ မင်္ဂလာရှိသော နေ့လယ်ခင်းပင် ဖြစ်တယ်။

"ချစ်သားတို့ အကြင်သတ္တဝါတို့သည် ညနေခင်းကာလ၌ ကိုယ်ဖြင့် ကောင်းမှုကုသိုလ်ကို ပြုကျင့်တယ်၊ နှုတ်ဖြင့် ကောင်းမှုကုသိုလ်ကို ပြုကျင့်တယ်၊ စိတ်ဖြင့် ကောင်းမှုကုသိုလ်ကို ပြုကျင့်တယ်၊ ချစ်သားတို့ ထိုသတ္တဝါတို့အား ထိုညနေခင်းသည် ကောင်းမြတ်ချမ်းသာ မင်္ဂလာရှိသော ညနေခင်းပင် ဖြစ်တယ်"။

အလှူပေးတဲ့နေ့၊ သီလဆောက်တည်တဲ့နေ့၊ ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းအားထုတ်တဲ့နေ့၊ အဲဒီနေ့ကို မင်္ဂလာရှိတဲ့နေ့လို့ ဆိုတယ်။

**အရိပ်ပမာ ကံနှစ်ဖြာ**

လူတိုင်းလူတိုင်းပင် အစမထင် သံသရာတခွင်မှစတင်ပြီး ဘဝအမျိုးမျိုးတွင် ကျင်လည်ကာ လာရတော့ အချို့အချို့ဘဝတွေမှာ ညစ်ညမ်းတဲ့ ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတွေ ပြုခဲ့ဘူးကြတယ်၊ အချို့အချို့ဘဝ

တွေမှာ ဖြူစင်တဲ့ ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတွေ ပြုခဲ့ဘူးကြတာ၊ ဒီ ကုသိုလ် အကုသိုလ်ကံနှစ်ပါးဟာ ကိုယ်ပိုင်ဥစ္စာ အရိပ်ပမာ သွားလေရာရာ ကိုယ့်နောက်ပါပြီး အခွင့်သာလျှင်သာသလို အကျိုးပေးကြတယ်။

## အန္တရာယ်ကင်းလို ကုသိုလ်ပြု

ဒါ့ကြောင့် ခုလို ပဝတ္တိအခါမှာ ဇာတိတ်ဘဝများစွာက ပါလာတဲ့ အကုသိုလ်ကံ ကိုယ်တွင်းရန်တွေကို အကျိုးပေးခွင့်မသာအောင် ကုသိုလ် မင်္ဂလာနှင့်ပယ်သတ်ပြီး ကုသိုလ်ကံတွေ အကျိုးပေးခွင့်သာအောင် ပြုကြ တယ်၊ ကုသိုလ်မင်္ဂလာဟာ အကုသိုလ်ရန်မိစ္ဆာကိုတော့ ပလ္လန်သာအောင် ပင် ပယ်သတ်နှိမ်နင်းနိုင်တယ်၊ ကုသိုလ်မင်္ဂလာကို များများကြီးပြုပါလျှင် အကုသိုလ်ကံတွေ ပယ်ရှားနှိမ်နင်း အကျိုးပေးခွင့် မသာနိုင်ခြင်းကြောင့် ခေါင်းခဲဝမ်းနာ မှုစပြီး ကိုးဆယ့်ခြောက်ပါး အနာရောဂါများ ဥပဒ် ဘေးဒဏ် ရန်အသွယ်သွယ် အန္တရာယ် မခ၊ နိုင်ဘဲ ကိုယ်ချမ်းသာ စိတ် ချမ်းသာနှင့် ပညာရေး၊ စီးပွားရေး၊ ကုသိုလ်ရေး တို့ကို ကြိုးစားအားထုတ် ပြုလုပ်နိုင်ကြပါလိမ့်မည်။

## ဒိဗ္ဗစက္ခုဖြင့် မြင်တော်မူခြင်း

အိမ်သစ်မင်္ဂလာ အခါတော်ပွဲကို ဘုရားလက်ထက်တော် အခါကလဲ ကျင်းပဘူးတယ်။

အခါတပါး မြတ်ဘုရားဟာ ပါဋလိရွာသို့ ဒေသစာရီ ကြွချီတော် မူသတဲ့၊ ထိုအခိုက်မှာ မဂဓတိုင်း၏ အမတ်ကြီးများ ဖြစ်ကြတဲ့ သုနိဓ ပုဏ္ဏား၊ ဝဿကာရပုဏ္ဏားတို့ဟာ ဝဇ္ဇီမင်းတို့၏အခွန်အဘုပ်ကို တားမြစ်လို၍ ပါဋလိရွာမှာ မြို့သစ်တည်ထောင် ဖန်ဆင်းကြတယ်ဆိုဘဲ၊ ဘုရားရှင်းလဲ မိုးသောက်ယံမှာ ဒိဗ္ဗစက္ခုဖြင့်ပင် ပါဋလိရွာမှာ အသီးသီး အိမ်ရာတွေကို ယူနေကြတဲ့ ဘုမ္မစိုးနတ်တွေကို မြင်တော်မူသတဲ့။

## တန်ခိုးတူစွာ နေအိမ်မှာ

တန်ခို ကြီးတဲ့ ဘုမ္မစိုးနတ်တွေယူတဲ့ အိမ်ရာမှာ တန်ခိုးကြီးတဲ့ လူပုဂ္ဂိုလ် တွေ၏ နေအိမ်ကို ဆောက်လုပ်လိုစိတ်ရှိသတဲ့၊ တန်ခိုးအလယ်အလတ်ရှိတဲ့ ဘုမ္မစိုးနတ်တွေ ယူတဲ့အိမ်ရာမှာ တန်ခိုးအလတ်အလယ်ရှိတဲ့ လူပုဂ္ဂိုလ်တွေ၏

နေအိမ်ကို ဆောက်လုပ်လိုစိတ် ရှိသတဲ့၊ တန်ခိုး သေးနုပ်တဲ့ဘုမ္မစိုးနတ်တွေ ယူတဲ့ အိမ်ရာမှာ တန်ခိုးသေးနုပ်တဲ့ လူပုဂ္ဂိုလ်တွေ၏ နေအိမ်ကို ဆောက်လုပ်လိုစိတ် ရှိသတဲ့။

## ရှင်အာနန္ဒာကို မိန့်ကြားခြင်း

"ချစ်သား အာနန္ဒာ ပါဋလိရွာမှာ မြို့သစ်တည်ထောင် ဖန်ဆင်းသူတွေဟာ ဘယ်သူတွေလဲ"

"မြတ်စွာဘုရား မဂဓတိုင်း၏ အမတ်ကြီးများဖြစ်ကြတဲ့ သုနိဓပုဏ္ဏား, ဝဿကာရပုဏ္ဏားတို့ဖြစ်ကြပါတယ်ဘုရား"

"ချစ်သားအာနန္ဒာ သုနိဓပုဏ္ဏား, ဝဿကာရပုဏ္ဏားတို့ဟာ တာဝတိံသာနတ်တွေနှင့် တိုင်ပင်ပြီး မြို့သစ်တည်တာလို ဤပါဋလိရွာမှာ မြို့သစ်တည်ထောင်ဖန်ဆင်းကြတယ်"

"ချစ်သား အာနန္ဒာ မနေ့ည မိုးသောက်ယံက ဤပါဋလိရွာမှာ အသီးသီးအိမ်ရာတွေကို ယူနေကြတဲ့ ဘုမ္မစိုးနတ်တွေကို ဒိဗ္ဗစက္ခုဖြင့်ပင် ငါဘုရားမြင်တော်မူတယ်"

တန်ခိုးကြီးတဲ့ ဘုမ္မစိုးနတ်တွေ ယူတဲ့အိမ်ရာမှာ တန်ခိုးကြီးတဲ့ လူပုဂ္ဂိုလ်တွေ၏ နေအိမ်ကို ဆောက်လုပ်လိုစိတ် ရှိတယ်။

တန်ခိုး အလယ်အလတ်ရှိတဲ့ ဘုမ္မစိုးနတ်တွေ ယူတဲ့ အိမ်ရာမှာ တန်ခိုး အလယ်အလတ်ရှိတဲ့လူပုဂ္ဂိုလ်တွေ၏ နေအိမ်ကိုဆောက်လုပ်လိုစိတ်ရှိတယ်။

တန်ခိုးသေးနုပ်တဲ့ ဘုမ္မစိုးနတ်တွေ ယူတဲ့အိမ်ရာမှာ တန်ခိုးသေးနုပ်တဲ့ လူပုဂ္ဂိုလ်တွေ၏ နေအိမ်ကို ဆောက်လုပ်လိုစိတ် ရှိတယ်။

"ချစ်သား အာနန္ဒာ ယခုတည်ထောင်ဖန်ဆင်းတဲ့ ပါဋလိပုတ်မြို့သစ်သည်ကား အရိယာဇာတ် မြတ်သော သူတို့၏ နေရာအရပ်၊ ကုန်သည်ပွဲစား ဈေးသည်များ၏ နေရာအရပ်၊ ဥစ္စာထုပ်ကို ဖြည်ရာအရပ် မြတ်သော မြို့ထိပ်မြို့ ဖြစ်လတ္တံ့"ဟု မိန့်ကြားတော်မူတယ်။

## ပင့်ဘိတ်ဆွမ်းကျွေးခြင်း

မဂဓတိုင်း၏ အမတ်ကြီးများဖြစ်ကြတဲ့ သုနိဓပုဏ္ဏား,ဝဿကာရ ပုဏ္ဏားတို့လဲ ဘုရားရှင်ထံချဉ်းကပ်ပြီးလျှင် "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား မနက်ဖြန် တပည့်တော်များ၏ ဆွမ်းကို သနားသဖြင့် အလှူခံတော်

မူပါဘုရား”ဟု လျှောက်ထားပြီး ဆွမ်းကွမ်းကိစ္စ အဝဝကို ပြည့်စုံအောင် စီရင်နေကြသတဲ့။

တမိုးသောက်ပြီး ဆွမ်းစားချိန်နီးလျှင်ပင် ဘုရားရှင်လဲ နောက်တော်ပါ သံဃာတော်ပေါင်း များစွာဖြင့် ဆွမ်းစားကြွတော်မူတယ်၊ သုနိဓပုဏ္ဏား, ဝဿကာရ ပုဏ္ဏားတို့လဲ မြတ်ဘုရားနှင့် သံဃာတော်များအား မွန်မွန် မြတ်မြတ် ခဲဘွယ် ဘောဇဉ်များဖြင့် ကိုယ်တိုင်ပင် ဆက်ကပ်လုပ်ကျွေး ကြတယ်။

## အနုမောဒနာ ပြုတော်မူခြင်း

ဘုရားရှင်လည်း ဆွမ်းစားခြင်း ကိစ္စ ပြီးဆုံးလျှင်ပင် သုနိဓပုဏ္ဏား, ဝဿကာရ ပုဏ္ဏားတို့အားအနုမောဒနာတရားကို ဟောကြားတော်မူတယ်။

၁။ ယသ္မိံ ပဒေသေ ကပ္ပေတိ၊
ဝါသံ ပဏ္ဍိတဇာတိယော။
သီလဝန္တေ'တ္ထ ဘောဇေတွာ၊
သညတေ ဗြဟ္မစာရယော။

၂။ ယာ တတ္ထ ဒေဝတာ အာသုံ၊
တာသံ ဒက္ခိဏမာဒိသေ။
တာ ပူဇိတာ ပူဇယန္တိ၊
မာနိတာ မာနယန္တိ နံ။

၃။ တတော နံ အနုကမ္ပန္တိ၊
မာတာ ပုတ္တံဝ ဩရသံ။
ဒေဝတာနုကမ္ပိတော ပေါသော၊
သဒါ ဘဒြာနိ ပဿတိ။

၁။ ပဏ္ဍိတဇာတိယော၊ အန္တရာယ်ကင်း ရန်အသွယ်သွယ်ရှင်း၍ ကောင်းခြင်းအဝဝ ဂုဏ်အဖြာဖြာ မင်္ဂလာအမျိုးမျိုး မြော်ကိုးလိုချင် ပညာရှင်သည်။ ယသ္မိံ ပဒေသေ၊ အမှတ်မထင် အကြင်မြို့ရွာ၌။ ဝါသံ၊ ယာပိုထ်မှီတင်း နေထိုင်ခြင်းကို။ ကပ္ပေတိ၊ အခြေအနေအရပေ ပြုရလေ ၏။ တတ္ထ၊ မိမိနေရာ ထိုမြို့ရွာ၌။ သီလဝန္တေ၊ ကိုယ်နှုတ်လုံခြုံ သီလဂုဏ်နှင့်

ပြည့်စုံကုန်သော။ သညတော၊ ကိုယ်နှုတ်နှလုံး သုံးပါးလုံးကို စောင့်သုံးကုန်သော။ ဗြဟ္မစာရယော၊ ခြိုးခြံကျင့်လတ် အကျင့်မြတ်ကို ကျင့်တတ်ပေတောင်း သူတော်ကောင်းတို့ကို။ ဘောဇေတွာ၊ ပင့်ဘိတ်မနှေး ဆွမ်းကျွေးပြီး၍။

၂။ တတ္ထ၊ မိမိနေရာ ထိုမြို့ရွာ၌။ ယာ ဒေဝတာ၊ အကြင် မြို့ရွာအုပ်စိုး ဘုမ္မစိုး ရုက္ခစိုး နတ်တို့သည်။ အာသုံ၊ စိုးအုပ်နေတုံ ရှိသည်ဖြစ်ကုန်ပြီ။ တာသံ၊ ထိုမိမိနေရာ မြို့ရွာအုပ်စိုး ဘုမ္မစိုး ရုက္ခစိုးနတ်တို့အား။ဒက္ခိဏံ၊သဒ္ဓါ ဖွေးဖြူ ဆွမ်းအလှူ၏အဘို့ကို။ အာဒိသေ၊ ပတ္တိဒါန ညီတူရစေ အမျှပေးဝေရာ၏။ ပူဇိတာ၊ အမျှဝေလတ် ပူဇော်အပ်ကုန်သော။ တာ ဒေဝတာ၊ ထို မြို့ရွာအုပ်စိုး ဘုမ္မစိုး ရုက္ခစိုးနတ်တို့သည်။ နံ၊ထိုအမျှဝေလတ်ပူဇော်တတ်ဘိ ပညာရှိကို။ ပူဇယန္တိ၊ အတုံ့တဖန် ပြန်လှန်၍ခနော် ပူဇော်ကြကုန်၏။ မာနိတာ၊ အမျှဝေလတ် မြတ်နိုးအပ်ကုန်သော။ တာ ဒေဝတာ၊ထိုမြို့ရွာအုပ်စိုး ဘုမ္မစိုး ရုက္ခစိုးနတ်တို့သည်။ နံ၊ ထိုအမျှဝေလတ် မြတ်နိုးတတ်ဘိ ပညာရှိကို။မာနယန္တိ၊ အတုံ့တဖန် ပြန်လှန်ကာပ မြတ်နိုးကြ၏။

၃။ တတော၊ ထိုသို့ ပူဇော်တုံ့ပူဇော်ခြင်း, မြတ်နိုးတုံ့ မြတ်နိုးခြင်းကြောင့်။ မာတာ၊ သားတဦးရှင် မွေးမိခင်သည်။ ဩရသံ၊ ရင်ဝယ်ပေါက်ဖွား ရင်သွေးရင်းသားဖြစ်သော။ ပုတ္တံ၊ ချစ်လှစွာသား တဦးတည်းသောသားကို။ အနုကမ္ပတိ ဣဝ၊ ဘေးရန်မရောက်အောင် အစဉ်စောင့်ရှောက်သကဲ့သို့။ နံ၊ ထိုအမျှဝေလတ် ပူဇော်တတ်ဘိ မြတ်နိုးတတ်ဘိ ပညာရှိကို။ အနုကမ္ပန္တိ၊ ဘေးရန် မရောက်အောင် အစဉ် စောင့်ရှောက်ကြကုန်၏။ ဒေဝတာ နုကမ္ပိတော၊ မြို့ရွာအုပ်စိုး ဘုမ္မစိုး ရုက္ခစိုးနတ်တို့သည် အမြဲမပြတ် စောင့်ရှောက်အပ်သော။ ပေါသော၊ အမျှဝေလတ် ပူဇော်တတ်ဘိ မြတ်နိုးတတ်ဘိ ပညာရှိယောကျ်ားသည်။ သဒါ၊ နေ့ရောညဉ့်ပါ အခါခပ်သိမ်း။ ဘဒြာနိ၊ ဣဋ္ဌအဖုံဖုံ ကောင်းသောအာရုံတို့ကို။ ပဿတိ၊ ချမ်းမြေ့စွာပင် ကြည်လင်ရှင်ပျ တွေ့မြင်ရ၏။

## အဓိပ္ပါယ်အကျဉ်း

မြတ်စွာဘုရား၏ ဒေသနာတရားကတော့ မှတ်သားဘို့ရာ တယ်ကောင်း၊ လိုက်နာဘို့ရာလဲ တယ်ကောင်း၊ အန္တရာယ်ကင်းကြောင်း, ရန်အသွယ်သွယ်

ရှင်းကြောင်း, အကျိုးစီးပွားများကြောင်း ကောင်းတဲ့ အလုပ်တခုဘဲလို့ မှတ်သားပြီး ထပ်မနားပင် ကြိုးစားအားထုတ် လူတိုင်းလူတိုင်းပင် လုပ်သင့်တယ်၊ သို့မှလဲ လူတိုင်း လူတိုင်း အန္တရာယ်ကင်းမည်၊ ရန်အသွယ်သွယ် ရှင်းမည်၊ အကျိုးစီးပွား များမည်။

ဘုရားဟောတဲ့ အန္တရာယ်ကင်းကြောင်း ရန်အသွယ်သွယ်ရှင်းကြောင်း အကျိုးစီးပွားများကြောင်း အလုပ်ကောင်းတခုကို အကျဉ်းချုပ် အားဖြင့် ပြောရလျှင် ဘယ်မြို့မှာနေနေ၊ ဘယ်ရွာမှာနေနေ၊ ဘယ်နေရာမှာနေနေ ကိုယ်နေတဲ့ မြို့ရွာ နေရာအရပ်မှာ သီလရှိတဲ့ သူတော်ကောင်းတွေကို ပင့်ဘိတ်ပြီး ဆွမ်းကျွေးရမည်တဲ့၊ အဲဒါလို ဆွမ်းကျွေးပြီး ကိုယ်နေတဲ့ မြို့ရွာနေရာအရပ်မှာ အုပ်စိုးပြီးနေကြတဲ့ ဘုမ္မစိုးနတ် ရုက္ခစိုးနတ်တွေကို အမျှအတမ်း ပေးဝေရမည်ဘဲ။

ဒီလို အမျှအတမ်းပေးဝေခြင်းကိုပင် ဘုမ္မစိုးနတ်ရုက္ခစိုးနတ်တွေကို ပူဇော်တယ် မြတ်နိုးတယ်လို့ ဆိုတယ်၊ ဘုမ္မစိုးနတ် ရုက္ခစိုးနတ်တွေကလဲ မိမိတို့ကို အမျှအတမ်း ပေးပြီး ပူဇော်မြတ်နိုးတဲ့ သူတော်ကောင်း ပညာရှိကို သားတဦးတည်းသာရှိတဲ့ မွေးမိခင်ဟာ ထိုတဦးတည်းသော သားကို ဘေးရန်မရောက်အောင် အမြဲတစေ စောင့်ရှောက်ပြီး ထားတာလို ဘေးအမျိုးမျိုး ရန်အသွယ်သွယ် အန္တရာယ်မရောက်အောင် အမြဲတစေ စောင့်ရှောက်ပြီး ထားကြတယ်။

ဒီလို ဘုမ္မစိုးနတ် ရုက္ခစိုးနတ်တွေ အမြဲစောင့်ရှောက်ပြီး ထားခြင်းကြောင့် ထိုသူတော်ကောင်း ပညာရှိဟာ မကောင်းသောဘေး, မကောင်းသောဒဏ်, မကောင်းသောရန်, မကောင်းသောအန္တရာယ် ဟူသမျှတို့ စိုးစဉ်းမျှပင် မထိမရှ မတွေ့မြင်ရဘူတဲ့၊ အခါခပ်သိမ်းပင် ကောင်းတဲ့ အာရုံများကိုသာ တွေ့မြင်ရပြီး ကောင်းကျိုးချမ်းသာများကို ရမည်ဟု ဟောတော်မူတယ်။

## ဘုမ္မစိုးနတ်တွေ အမျှဝေ

ဒီကနေ့ အိမ်သစ်မင်္ဂလာပြုကြတဲ့ ဒကာ, ဒကာမတွေဟာ ဘုရားသားကျော် ရဟန်းသံဃာတော်တွေကို ပင့်ဘိတ်ပြီး ဆွမ်းကျွေးခြင်း, တတ်အားသမျှ ဒါနဝတ္ထုတို့ဖြင့် လှူဒါန်း ပူဇော်ခြင်း သီလခံယူဆောက်တည်ခြင်း,

ပရိတ်တရားတော်များကို နာကြားခြင်း ဆိုတဲ့ ဒါနမှု, သီလမှု, ဘာဝနာမှု ကုသိုလ်တွေကို ပြုတယ်။

ဒါကြောင့် ဒီကနေ့ဟာ အိမ်သစ်ရှင် ဒကာ, ဒကာမတို့အဘို့ မင်္ဂလာရှိတဲ့နေ့ပင် ဖြစ်တယ်၊ အိမ်သစ်ဟာလဲ မင်္ဂလာရှိတဲ့ အိမ်သစ်ပင် ဖြစ်တယ်၊ ဒီကနေ့ပြုတဲ့ ကုသိုလ်၏အဘို့ကို ဒီနေအိမ်သစ် အိမ်ဝိုင်းခြံမှာ စိုးအုပ်ပြီး နေကြတဲ့ ဘုမ္မစိုးနတ် ရုက္ခစိုးနတ်တွေ၊ ဒီမြို့ ဒီရွာ ဒီရပ်ကွက်မှာ စိုးအုပ်ပြီး နေကြတဲ့ ဘုမ္မစိုးနတ် ရုက္ခစိုးနတ်တွေကို အမျှအတမ်း ပေးဝေရမယ်၊ ကုသိုလ် ပြုတိုင်း ပြုတိုင်း ဒီဘုမ္မစိုးနတ် ရုက္ခစိုးနတ်တွေကို အမျှဝေရမယ်၊ မမေ့စေရဘူး။

## နတ်တွေစောင့်ရှောက် အန္တရာယ်ပျောက်

ဒီလို အမျှအတမ်း ပေးဝေခြင်းကိုပင် ဘုမ္မစိုးနတ် ရုက္ခစိုးနတ်တွေကို ပူဇော်တယ် မြတ်နိုးတယ်လို့ ဆိုတယ်၊ ဒီအိမ်, ဒီဝိုင်း, ဒီရပ်ကွက်, ဒီမြို့,ဒီရွာမှာ စိုးအုပ်ပြီ နေကြတဲ့ ဘုမ္မစိုးနတ် ရုက္ခစိုးနတ်တွေကလဲ မိမိတို့ကို အမျှပေးဝေမှုဖြင့် ပူဇော်မြတ်နိုးတဲ့ အိမ်သစ်ရှင် ဒကာ, ဒကာမတို့အား ဘေးအမျိုးမျိုး ရန်အသွယ်သွယ် အန္တရာယ် မရောက်အောင် အမြဲတစေ စောင့်ရှောက်ကြပါလိမ့်မည်။

ဒီလို ဘုမ္မစိုးနတ်, ရုက္ခစိုးနတ်တွေ စောင့်ရှောက်ခြင်းကြောင့် အိမ်သစ်ရှင် ဒကာ, ဒကာမတွေလဲ အန္တရာယ်ကင်း ရန်အသွယ်သွယ်ရှင်းပြီး ကောင်းခြင်းအတွေတွေ ကြက်သရေမင်္ဂလာ တက်နေပမာ ရက်ရှည်စွာ တိုးပွားပြီး အကျိုးစီးပွား များကြပါလိမ့်မည်။

## ကုသိုလ်ဆင့်ပွား အကျိုးများ

ဇင်းပြင် အန္တရာယ်ကင် ပြီး အသက်ရှည်စွာ ကိုယ်ချမ်းသာ စိတ်ချမ်းသာနှင့် အလှူပေးမှု, ငါးပါးသီလ ဆောက်တည်မှု, ရံခါ ဥပုသ်သီတင်းစောင့်သုံးမှု,ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းအားထုတ်မှု ဆိုတဲ့ ဒါနမှု, သီလမှု, ဘာဝနာမှုတွေကို ပြုရခြင်းကြောင့်....

ဘောဂသမ္ပတ္တိ = ပစ္စည်းဉစ္စာ ကြွယ်ဝချမ်းသာခြင်း အကျိုး

ဘဝသမ္ပတ္တိ = လူ့ပြည် နတ်ရွာ ဗြဟ္မာဟူဘိ သုဂတိဘဝတို့၌ ကျင်လည်ရ ဖြစ်ရခြင်း အကျိုး

နိဗ္ဗာနသမ္ပတ္တိ = ဘဝလက်စသတ်ပြီးရုပ်နာမ်နှစ်ရပ် အပြီးသတ်ချုပ်ငြိမ်း မြေခြင်း အကျိုး

တို့ကိုလည်း ရကြပါလိမ့်ဦးမည်ဟု ယုံကြည်မှတ်သား ကုသိုလ်မင်္ဂလာ များကို ကြိုးစားကြကုန်ရာသတည်း။

## သစ္စာလေးပါး

'စတ္တာရိမာနိ ဘိက္ခဝေ အရိယသစ္စာနိ၊ ကတမာနိ စတ္တာရိ၊ ဒုက္ခံ အရိယသစ္စံ၊ ဒုက္ခသမုဒယံ အရိယသစ္စံ၊ ဒုက္ခနိရောဓံ အရိယသစ္စံ၊ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယ သစ္စံ၊ ဣမာနိ ခေါ ဘိက္ခဝေ စတ္တာရိ အရိယသစ္စာနိ''

ဟု မဟာဝဂ္ဂ သစ္စသံယုတ်မှာ အရိယာ ပုဂ္ဂိုလ်၏ အဖြစ်ကို ပြုတတ်တဲ့ မှန်ကန်တဲ့ တရားလေးပါးကို ဟောကြားတော်မူခဲ့ဘယ်။

၁။ မှန်ကန်တဲ့ ဒုက္ခတရား
၂။ မှန်ကန်တဲ့ ဒုက္ခဖြစ်ကြောင်းတရား
၃။ မှန်ကန်တဲ့ ဒုက္ခချုပ်ခြင်းတရား
၄။ မှန်ကန်တဲ့ ဒုက္ခချုပ်ကြောင်း အကျင့်တရား

လို့ လေးပါးပင် ဖြစ်တယ်။

## ဒုက္ခသစ္စာ

ဒီတရားလေးပါးတွင်

မှန်ကန်တဲ့ ဒုက္ခတရားက သတ္တဝါတွေ ကိုယ်စီ ကိုယ်စီ ရရှိထားတဲ့ ရုပ်၊နာမ်၊ခန္ဓာကိုယ် အတ္တဘောကြီးဘဲ ဖြစ်တယ်၊ ဒီခန္ဓာကိုယ် အတ္တဘော ကြီးကို ရနေသမျှ ပဋိသန္ဓေနေရခြင်း ဆင်းရဲ၊ အိုရခြင်း ဆင်းရဲ၊ နာရခြင်း ဆင်းရဲ၊သေရခြင်း ဆင်းရဲ၊စိုးရိမ်ပူဆွေးရခြင်း ဆင်းရဲ၊ငိုကြွေးရခြင်း ဆင်းရဲ၊

ကိုယ်ဆင်းရဲ, စိတ်ဆင်းရဲ, ပြင်းစွာပင်ပန်းခြင်း ဆင်းရဲတွေနှင့် မကင်းနိုင်ဘူး၊ ဒီဆင်းရဲတွေနှင့် အမှန်ပင် တွေ့ကြုံရမယ်။

ဒါ့ကြောင့် သတ္တဝါတွေ ကိုယ်စီ ကိုယ်စီ ရရှိထားတဲ့ ရုပ်, နာမ်, ခန္ဓာကိုယ် အတ္တဘောကြီးကို မှန်ကန်တဲ့ ဒုက္ခတရားလို့ဆိုတယ်။

## သမုဒယသစ္စာ

ဒီရုပ်နာမ် ခန္ဓာကိုယ် အတ္တဘောကြီးကို ဘဝမပြတ် ဆက်ခါဆက်ခါ ရနေသမျှ ဆင်းရဲရမယ်လို့ အမှန်အကန် မသိမြင်လေတော့ ခန္ဓာကိုယ် အတ္တဘောကြီးဖြစ်မှုကို သာယာစုံမက် နှစ်သက် လိုလားတယ်၊ အဲဒါ တဏှာလောဘဘဲ။

ဒီတဏှာလောဘကြောင့် ခန္ဓာကိုယ်အတ္တဘောကြီး ဘဝမပြတ်ဆက်ခါ ဆက်ခါ ဖြစ်နေကြရတယ်၊ အဲဒီ တဏှာလောဘသည်ပင် မှန်ကန်တဲ့ ဒုက္ခဖြစ်ကြောင်းတရားလို့ ဆိုတယ်။

## နိရောဓသစ္စာ

ဒီရုပ် နာမ် ခန္ဓာကိုယ်အတ္တဘောကြီး နောက်ဘဝတွေမှာ မဖြစ်တော့ဘူးဆိုလျှင် ပဋိသန္ဓေနေရခြင်း ဆင်းရဲ,အိုရခြင်း ဆင်းရဲ, နာရခြင်း ဆင်းရဲ, သေရခြင်း ဆင်းရဲ, စိုးရိမ်ပူဆွေးရခြင်း ဆင်းရဲ, ငိုကြွေးရခြင်း ဆင်းရဲ, ကိုယ်ဆင်းရဲ, စိတ်ဆင်းရဲ, ပြင်းစွာပူပန်ခြင်း ဆင်းရဲတွေ မဖြစ်နိုင်တော့ဘူး။

ဒါ့ကြောင့် သတ္တဝါတွေ ကိုယ်စီကိုယ်စီရရှိတဲ့ ရုပ်, နာမ်, ခန္ဓာကိုယ် အတ္တဘောကြီး ဘဝလက်စသတ်ပြီး အပြီးသတ် ချုပ်ငြိမ်းခြင်း, နောက်ဘဝတွေမှာ မဖြစ်တော့ခြင်းကိုပင် မှန်ကန်တဲ့ ဒုက္ခချုပ်ခြင်းတရားလို့ဆိုတယ်။

## မဂ္ဂသစ္စာ

ရုပ် နာမ် ခန္ဓာကိုယ် အတ္တဘောကြီး ဘဝမပြတ်ဖြစ်မှုကို သာယာစုံမက် နှစ်သက်လိုလားတဲ့ တဏှာလောဘကြောင့်သာ ခန္ဓာကိုယ် အတ္တဘောကြီး တဘဝပြီး တဘဝ ဆက်ခါ ဆက်ခါ ဖြစ်ပြီး ပဋိသန္ဓေနေရခြင်း ဆင်းရဲ, အိုရခြင်း ဆင်းရဲ, နာရခြင်း ဆင်းရဲ, သေရခြင်း ဆင်းရဲ, စိုးရိမ်ပူဆွေးရခြင်း ဆင်းရဲ,ငိုကြွေးရခြင်း ဆင်းရဲ, ကိုယ်ဆင်းရဲ,စိတ်ဆင်းရဲ, ပြင်းစွာပင်ပန်းခြင်း ဆင်းရဲတွေဖြစ်ရတယ်လို့ အမှန်အကန် သိမြင်ပြီး ဒီခန္ဓာကိုယ်အတ္တဘောကြီး

ဘဝမပြက်ဖြစ်မှုကို လိုလားတဲ့ တဏှာလောဘကို မိမိသန္တာန်မှာမဖြစ်ပေါ် အောင် တခါထဲ အပြီးသတ် ချုပ်သွားအောင်ပြုပြီး ဒီခန္ဓာကိုယ်အတ္တဘော ကြီး နောက်ဘဝတွေမှာ မဖြစ်ချင်ပါလျှင် မဖြစ်တော့ပါလျှင်—

ပဋိသန္ဓေနေရခြင်း ဆင်းရဲလဲ မဖြစ်နိုင်တော့ဘူး။
အိုရခြင်း ဆင်းရဲလဲ မဖြစ်နိုင်တော့ဘူး။
နာရခြင်း ဆင်းရဲလဲ မဖြစ်နိုင်တော့ဘူး။
သေရခြင်း ဆင်းရဲလဲ မဖြစ်နိုင်တော့ဘူး။
စိုးရိမ် ပူဆွေးရခြင်း ဆင်းရဲလဲ မဖြစ်နိုင်တော့ဘူး။
ကိုယ်၏ ဆင်းရဲခြင်းလဲ မဖြစ်နိုင်တော့ဘူး။
စိတ်၏ ဆင်းရဲခြင်းလဲ မဖြစ်နိုင်တော့ဘူး။
ပြင်းစွာပင်ပန်းခြင်း ဆင်းရဲလဲ မဖြစ်နိုင်တော့ဘူး။
ဆင်းရဲအားလုံး ချုပ်ပြီ။

အဲဒီ ဆင်းရဲ အားလုံး ချုပ်အောင် တဏှာ လောဘ မိမိသန္တာန်မှာ မဖြစ်ပေါ်အောင်

အမြင်မှန်
အကြံမှန်
အပြောမှန်
အလုပ်မှန်
အသက်မွေးမှန်
အားထုတ်မှန်
အောက်မေ့မှန်
တည်ကြည်မှန်

ဆိုတဲ့ မဇ္ဈိမပဋိပဒါ သမ္မာပဋိပတ် အကျင့်မြတ်ကို ကျင့်ရမယ်။

အဲဒီ မဇ္ဈိမပဋိပဒါ သမ္မာပဋိပတ် အကျင့်မြတ်ကိုပင် ဒုက္ခချုပ်ကြောင်း အကျင့်တရားလို့ ဆိုတယ်။

သုဓမ္မဝတီ(က)၁၀၀–၁၉

**အမှန်တရား ကြိုးစားပါ**

အဲဒီလို မှန်ကန်တဲ့ တရားလေးပါးကို မှတ်သားပြီး ငါတို့သည် ရုပ်, နာမ်,ခန္ဓာကိုယ် အတ္တဘောကြီးကို လိုလားလို့ တဘဝပြီး,တဘဝ ရ,ရနေလို့ သာ,ဆင်းရဲအမျိုးမျိုးတွေနှင့် တွေ့ကြုံရပြီး ဆင်းရဲရတယ်၊ ဒီရုပ်,နာမ်,ခန္ဓာ ကိုယ် အတ္တဘောကြီး မရှိပါလျှင်, မဖြစ်ပါလျှင် ဆင်းရဲမှု မဖြစ်နိုင်ဘူးလို့ သိမြင်မှတ်သားပြီး ရုပ်နာမ်ခန္ဓာကိုယ် အတ္တဘောကြီး ဘဝလက်စသတ်ပြီး အပြီးသတ် ချုပ်ငြိမ်းသွားအောင် နောက်ဘဝတွေမှာ မဖြစ်အောင် မဇ္ဈိမ ပဋိပဒါ သမ္မာပဋိပတ် အကျင့်မြတ်ကို ကျင့်ကြကုန်ရာသတည်း။

**တရားသိမ်း**

ကဲ—တရားသိမ်ကြစို့—

အနန္တရာယိကာ’ယတ္တံ၊
ဒေသနံ ဗုဒ္ဓဘာသိတံ။
သက္ကစ္စံယေဝ သုတ္ဝာန၊
‘သာဓု သာဓူ’တိ ဘာသထ။

ဘောန္တော၊ တရားနာနေကြတဲ့ အို ဒကာ,ဒကာမတို့။တုမှေ၊ ဓမ္မသဘင် တရားမင်ကြတဲ့ သင်သူတော်စင်တို့သည်။ ဗုဒ္ဓဘာသိတံ၊ ဘုရားမြတ်စွာ မိန့်မှာဆုံးမ ဟောပြတော်မူအပ်သော။ အနန္တရာယိကာယတ္တံ၊ အန္တရာယ် ကင်း ရန်အသွယ်သွယ်ရှင်းခြင်းနှင့် စပ်ယှဉ်သော။ ဒေသနံ၊ ပါဠိလိဂါမိယ သုတ်လာ အိမ်သစ်မင်္ဂလာ ဒေသနာတော်ကို။ သက္ကစ္စံယေဝ၊ သဒ္ဓါတရား အရင်းခံထားပြီး လေးစား ရိုသေစွာသာလျှင်။ သုတ္ဝာန၊ အားရ ပါးရ သဘောကျပင် နာကြပြီး၍။ သာဓု သာဓူတိ၊ ပစ္စုပ္ပန်သံသရာ ချမ်းသာ များကြောင်း အလွန်ကောင်းစွ ကောင်းလေစွဟူ၍။ ဘာသထ၊ သုံးကြိမ် သုံးဝ နှုတ်မြွက်ဟ၍ ဆိုလိုက်ကြကုန်လော့။

(သာဓု သာဓု သာဓု)

အိမ်သစ်မင်္ဂလာ အန္တရာယ်ကင်း တရားတော် ပြီး၏။

( ဓမ္မပဒ ဇာတ်ကူဒ်မှ )

# အနေကဇာတိ ဂါထာတော်

## ဥဒါန်း ဂါထာများ

၁။ အနေကဇာတိသံသာရံ၊
သန္ဓာဝိဿံ အနိဗ္ဗိသံ။
ဂဟကာရံ ဂဝေသန္တော၊
ဒုက္ခာ ဇာတိ ပုနပ္ပုနံ။

၂။ ဂဟကာရက ဒိဋ္ဌောသိ၊
ပုန ဂေဟံ န ကာဟသိ။
သဗ္ဗာ တေ ဖာသုကာ ဘဂ္ဂါ၊
ဂဟကူဋံ ဝိသင်္ခတံ။
ဝိသင်္ခါရဂတံ စိတ္တံ၊
တဏှာနံ ခယမဇ္ဈဂါ။

၁။ ဇာတိ နာမ၊ ဘဝရှေ့ဖျား ပဋိသန္ဓေနေရခြင်းဆိုတဲ့ သဘောတရားသည်ကား။ ဇရာဗျာဓိ မရဏမိဿတာယ၊ အိုနာသေရေး ဒုက္ခဘေးတို့နှင့် ရောထွေးသည်၏အဖြစ်ကြောင့်။ ပုနပ္ပုနံ၊ မပြတ်မစဲ ထပ်ပြန်တလဲလဲ။ ဇာတိ၊ ခန္ဓာဖြစ်လေ ပဋိသန္ဓေ နေရခြင်းသည်။ ဒုက္ခာ၊ မချိတင်ကဲ ဆင်းရဲကြီးဆင်းရဲလှပါ၏။

သာ စ ဇာတိ၊ ထိုဘဝရှေ့ဖျား ပဋိသန္ဓေနေရခြင်းဆိုတဲ့ သဘောတရားသည်လည်း။ တသ္မိံ တဏှာငဆုက်မှ၊ ထိုခန္ဓာအိမ်ကို အကြိမ်ကြိမ် ဖန်တီးတတ်တဲ့ တဏှာတည်းဟူသော လက်သမား ဆရာကြီးကို။ အဒိဋ္ဌေ၊ စွမ်းအားညံ့ခဲ့ အရှာမဲ့၍ မတွေ့ခဲ့သည်ရှိသော်။ နနိဝတ္တတိ၊ ခန္ဓာအိမ်ကို

တဏှာသရေ မဆောက်ပါနဲ့ တားမြစ်မှဲ၍ ဆောက်ခဲ့တဖန် တို့ပြန်နောက် ဆုတ် နစ်လိမ့်မည်မဟုတ်ခဲ့။

တသ္မာ၊ ထိုသို့ တဏှာဆရာ မတွေ့ပါက ခန္ဓာအိမ်ကြီး ဆောက်ပြီးတခါ ဖြစ်ပြန်လာသောကြောင့်။ အဟံ၊ ငါဘုရားသည်။ ဂဟကာရံ၊ အတ္တဘာဝ ခန္ဓဂေဟံ ဆောင်စီမံငြား တဏှာ တည်းဟူသော လက်သမားကို။ ဂဝေသန္တော၊ မတွေ့မနေ ရှာဖွေထောက်လှမ်း စုံစမ်းလျက်။ ယေန ဉာဏေန၊ အကြင် ဥ ယျင်ါးပုံ တရားစုံကို အကုန်သိတတ် သဗ္ဗညုတ ဉာဏ်တော်မြတ်ဖြင့်။ တံ တဏှာဝဍ္ဍကိံ၊ ထိုတဏှာယောကျ်ား လက်သမား ကို။ ဒဋ္ဌုံ၊ မျက်ဝါးထင်ထင် တွေ့မြင်ရခြင်းငှါ။ သက္ကာ၊ သဘောတံထွာ မမွတာမို့ မှန်စွာမသွေ တတ်ကောင်းပါပေ၏။

တဿ ဗောဓိဉာဏဿ၊ ထိုဥ ယျင်ါးပုံ တရားစုံကို အကုန်သိတတ် သဗ္ဗညုတ ဉာဏ်တော်မြတ်၏။ အတ္ထာယ၊ လက်ဝယ်မိမိ ရရှိပါရခြင်း အကျိုးငှါ။ ဒီပင်္ကရပါဒမူလေ၊ မာရ်စစ်ကိုခွင်း အောင်မြေနင်း၍ ပွင့်ခြင်း သို့ရောက် ဒီပင်္ကရာ မြတ်စွာဘုရား၏ စက်တော်အောက်၌။ ကတာဘိ နီဟာရော၊ သုမေဓာခေါ် တပည့်တော်သည် ဝဋ်မှပျော်ဝေနေ ကျွတ်ဆု ဝေသည့် သုံးထွေထွဋ်ထား ဘုရားစင်စစ် ဖြစ်ရပါလို၏ဟု ပြုအပ်ပြီးသော ဆုတောင်းခြင်းရှိသည်ဖြစ်၍။ ဧတ္တကံ ကာလံ၊ သင်္ချေလေးရပ် တသိန်းကပ် ဟု သတ်မှတ်ခေါ်ထုံး ဤမျှလောက်သော ကာလပတ်လုံး။ အနေကဇာတိ သံသာရံ၊ ဤဇွေဤမျှ ဂဏန်းချလည်း ဆုံးရမထင် များဖြင်တွက်ကိန်း အသိန်းမက ဘဝများစွာ သံသရာဝဋ်ပတ်လုံး။ တံ ဉာဏံ၊ ထိုဥ ယျင်ါးပုံ တရားစုံကို အကုန်သိတတ် သဗ္ဗညုတ ဉာဏ်တော်မြတ်ကို။ အနိဗ္ဗိသံ- အနိဗ္ဗိသန္တောဝ၊ လက်ဝယ်ကျကျ မရခြင်းကြောင့်သာလျှင်။ သန္ဓာဝိဿံ၊ ဘဝထို၌ အတည်မကျ ပြေးသွားပြန်လာ ဖန်ခါခါ ကျင်လည်ခဲ့ရဘူး လေပြီ။

၂။ ဂဟကာရက၊ အတ္တဘောတည်းဟူသော အိမ်ကို အကြိမ်ကြိမ် ဖန်တီးတတ်တဲ့ ဟယ်တဏှာယောကျ်ားလက်သမား။ ဣဒါနိ၊ ယခုမှုကား။ မယာ၊ အဖော်မကူ အောင်လံထူငြား ငါဘုရားသည်။ သဗ္ဗညုတဉာဏံ၊

ဥ ယျင်ါးပုံ တရားစုံကို အကုန်သိတတ် သဗ္ဗညုတ ဉာဏ်တော်မြတ်ကို။ ပဋိဝိဇ္ဈန္တေန၊ ကောင်းစွာထိုးထွင်း သိမြင်ခြင်းဖြင့်။ တံ၊ သင်တဏှာ ယောကျ်ား လက်သမားကို။ ဒိဋ္ဌော၊ မျက်ဝါးထင်ထင် တွေ့မြင်အပ်သည်။ အသိ၊ မုချမသွေ ဖြစ်ခဲ့ပေပြီ။

ပုန၊ ဘဝသစ်ပြန် နောက်ထပ်တဖန်။ မမ၊ သင့်ကိုတွေ့ခြင်း ငါဘုရား၏။ ဂေဟံ၊ ရုပ်နာမ်နှစ်လိမ် အတ္တဘောတည်းဟူသောအိမ်ကို။ န ကာဟသိ၊ တွေ့မြင်ရာ ထိုခဏမှစပြီး ဆောက်လုပ်ရလိမ့်မည် မဟုတ်တော့။ မယာ၊ ငါဘုရားသည်။ တေ၊ သင်တဏှာယောကျ်ား လက်သမား၏။ သဗ္ဗာ၊ အဝိဇ္ဇာဖယ်ကွင်း မကြွင်းဥဿုံ အလုံးစုံကုန်သော။ ဖာသုကာ၊ ကိလေ ခေါ်တွင် အိမ်၏အခြင်တို့ကို။ ဘဂ္ဂါ၊ အရဟတ္တမဂ် ဗုံးလက်နက်ဖြင့် ညက်ညက်ကြေကြေ ဖျက်ဆီးအပ်ပေကုန်ပြီ။ ဂဟကူဋံ၊ အိမ်ဝယ်ထက်ဖွန်း အဝိဇ္ဇာတည်းဟူသော အချက်ဝန်းကို။ ဝိသင်္ခတံ၊ အရဟတ္တမဂ် ဗုံးလက်နက် ဖြင့် ညက်ညက်ကြေကြေ ဖျက်ဆီးအပ်လေပြီ။

ဇလဒါနိ၊ ဤတဏှာယောကျ်ား လက်သမား၏ ဆောက်ထားအိမ်ကို ဗုံးစိန်လက်နက် အရဟတ္တမဂ်ဖြင့် ဖြိုဖျက်ပြီးရာ ယခုအခါ၌။ မမ၊ ငါဘုရား၏။ စိတ္တံ၊ မြေကြည်ဖိတ် တဏှာကင်းသောစိတ်သည်။ ဝိသင်္ခါရံ၊ ဘုံသင်္ခါရ ကင်းပရိပ်မြုံ နိဗ္ဗာန်ဘုံသို့။ ဂတံ၊ အာရုံပြုခြင်း အစွမ်းအားဖြင့် ဝင်လားသက်ရောက်ခဲ့ပြီ။ အဟဥ္စ၊ ငါဘုရားသည်လည်း။ တဏှာနံ၊ မိမိ ကိန်းရာ သတ္တဝါကို ဗျာပါစိုးထိတ် ဝဋ္ဋ၌နှိပ်၍ လိုမ့်လည်စေခြင်း တဏှာ တရားတို့၏။ ခယံ၊ တခုမကြွင်း အကုန်ရှင်းလျက် ညွတ်ကွင်းပယ်ကုန် ဝဋ္ဋကင်းဘုံတပ် အရဟတ္တမဂ် ဉာဏ်တော်မြတ်ကို။ အဇ္ဈဂါ၊ ကမ္ဘာ့ကမ္ဘာ တွေ ဘဝါဘဝက ဘုရားအဖြစ်လေ ပန်ထွာသပါလို့ ပြုခဲ့ရပါရမီတန်ခိုး တွေကြောင့် ယြော်....ရရရိုးအမှန်ပင် ဖြစ်ရပြီ။

## ဥဒါန်းကျူးရင့်ချိန်

ဗုဒ္ဓရှင်တော်ဘုရား ဗောဓိပင်ရင်းမှာ သီတင်းသုံးတော်မူစဉ်

နေမဝင်မီ ဒေဝပုတ္တမာရ်ကို အောင်တော်မူတယ်၊

ပဌမယာမ်မှာ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ကို ရတော်မူတယ်၊

မဇ္ဈိမယာမ်မှာ ဒိဗ္ဗစက္ခုဉာဏ်ကို ရတော်မူတယ်၊

ပစ္ဆိမယာမ်မှာ ပဋိစ္စသမုပ္ပါဒ်ကို အနုလုံ ပဋိလုံ ဆင်ခြင်သုံးသပ်တော်မူစဉ် အရုဏ်တက်ချိန်တွင် သဗ္ဗညုတဉာဏ်တော်ကြီးကို ရတော်မူပြီး အလွန်ပင် ဝမ်းမြောက်တော် မူလှ၍ ဤ ဥဒါန်း ဂါထာတော်ကြီးကို စိတ်တော်ဖြင့် ကျူးရင့် ဟောကြားတော်မူတယ်။

## ဥဒါန်းဒေသနာ ဆိုလိုရာ

ဒီ ဥဒါန်းဒေသနာတော်၏ ဆိုလိုရင်းက ဒီလိုတဲ့—

ပဋိသန္ဓေနေမှုဆိုတဲ့ ဇာတိဖြစ်နေသမျှ အိုရမှု, နာရမှု, သေရမှုဆိုတဲ့ ဇရာ, ဗျာဓိ, မရဏတို့လဲ ဖြစ်ကြတယ်၊ ဒါကြောင့် ပဋိသန္ဓေနေရတာဟာ ဆင်းရဲတယ်။

ဒီ ဇာတိခန္ဓာအိမ်ကို တဏှာလက်သမား ဆောက်လုပ်ခဲ့တယ်၊ ဒီတဏှာလက်သမားဟာ ငါဘုရား၏ခန္ဓာအိမ်ကို ယခုတဘဝတည်းသာ ဆောက်လုပ်ခဲ့သည်မဟုတ်ဘူး၊ ဟိုအစမထင် သံသရာတခွင်မှစပြီး ယခုဘဝကျ အောင် ဘဝတိုင်း ဘဝတိုင်း ဆောက်လုပ်ခဲ့တယ်၊ ဒီတဏှာလက်သမားကို မတွေ့လျှင်ဖြင့် ခန္ဓာအိမ်ကို လက်စ သတ်ပြီး အဆောက် ရပ်လိမ့်မည် မဟုတ်ဘူး။

ဒါ့ကြောင့် တဏှာယောကျ်ား လက်သမားကို မတွေ့ တွေ့အောင် ရှာမှဘဲ၊ ဒီတဏှာယောကျ်ား လက်သမားကိုလဲ သဗ္ဗညုတဉာဏ်ဖြင့်သာလျှင် တွေ့မြင်နိုင်တယ်၊ ဒီတဏှာယောကျ်ား လက်သမားကို တွေ့နိုင်မြင်နိုင်ရန် သဗ္ဗညုတဉာဏ်တော်ကို ရစေတော့အံ့ဟု စိတ်ဝယ်သိုက်မြိုက် နှလုံးပိုက်ပြီး ခန္ဓာငါးထွေအဆက်ဆက်ပွေတဲ့ သံသရာ့စစ်မြေမှာတထောင့်ငါးရာ ကိလေသာ စစ်သည်တွေကို အဖော်မပါ တဦးတည်းသာလျှင် အရဟတ္တမဂ် ဉာဏ်သန်လျက်ဖြင့် ပယ်ဖျက်သုတ်သင်ပြီး အောင်မြေနင်းတော်မူသော ဒီပင်္ကရာ ထွဋ်ရှချာသဒ္ဒေနင်း တရာမင်း၏ ထံရင်းတော်

မှောက် ဖက်တော်အောက်မှ နိယတ ဗျာဒိတ်ပန်းကို ပန်ဆင်ပြီး ပါရမီ ဆယ်ပါးကို အယုတ်၊အလတ်၊အမြတ်အားဖြင့် ဖြည့်ကျင့်ခဲ့တယ်။

အဲဒီလို တဏှာယောက်ျား လက်သမားကို တွေ့မြင်နိုင်တဲ့ သဗ္ဗညုတ ဉာဏ်တော်ကြီးကို ရအောင် ပါရမီဆယ်ပါးကို ဖြည့်ကျင့်ရင်း လေးသင်္ချေ နှင့် ကမ္ဘာတသိန်းပင် ရှိခဲ့တယ်။

ဟယ် တဏှာယောက်ျား လက်သမား.... ယခု ငါဘုရားသည် သဗ္ဗညုတ ဉာဏ်တော်ကြီးကို ရပြီ ဖြစ်၍ သင့်ကို တွေ့ပြီ၊ သင့်ကို ရှာခဲ့တာလဲ လေးသင်္ချေနှင့် ကမ္ဘာတသိန်းပင် ရှိပြီ၊ သင်သည် ငါဘုရား၏ ခန္ဓာအိမ်ကို အစမထင်တဲ့ သံသရာဘဝမှစပြီး ယခု ဘဝကျအောင် ဘဝတိုင်း ဘဝတိုင်း ဆောက်လုပ်ခဲ့တယ်၊ ယခု ငါဘုရားသည် သင့်ကို တွေ့ပြီဖြစ်၍ ဘဝသစ်မှာ ငါဘုရား၏ ခန္ဓာအိမ်ကို ထပ်မံပြီး ဆောက်လုပ်ခွင့် ရမှာမဟုတ် တော့ဘူး။

ယခု ငါဘုရားသည် သင်တဏှာယောက်ျား လက်သမားဆောက်လုပ် ထားတဲ့ ခန္ဓာအိမ်၏ ကိလေသာတည်းဟူသော အခြင်တွေကိုလဲ ဖျက်ဆီး ပြီးပြီ၊ အဝိဇ္ဇာတည်းဟူသော အချက်ဝန်းကိုလဲ ဖျက်ဆီးပြီးပြီ၊ ယခု ငါဘုရား၏ စိတ်တော်သည် သင်နှင့်လွတ်ကင်းတဲ့ နိဗ္ဗာန်သို့ ချဉ်းခဲ့ပြီ၊ ယခု ငါဘုရားသည် သင့်ကို တဏှာမြစ်ကန့်ကွက်တဲ့ အရဟတ္တ မဂ်ဉာဏ်ကိုလဲ ရပြီဟု စိတ်တော်ဖြင့် ကျူးရင့်ဟောကြားတော်မူတယ်။

## ဥပမာန ဥပမေယျ ထုတ်ကာပြ

ဒီ ဥဒါန်းဂါထာတော်ကြီးထဲမှာ--

ခန္ဓာငါးပါးကို အိမ်နှင့် အတူထားပြီ ကျူးရင့် ဟောကြားတော် မူတယ်။

အဝိဇ္ဇာမှ ကြွင်းတဲ့ ကိလေသာတွေကို အိမ်၏အခြင်နှင့် အတူထားပြီး ကျူးရင့် ဟောကြားတော်မူတယ်။

အဝိဇ္ဇာကို အိမ်၏ အချက်အဝန်းနှင့် အတူထားပြီး ကျူးရင့်ဟောကြား တော်မူတယ်။

တဏှာကို လက်သမားဆရာနှင့် အတူထားပြီး ကျူးရင့်ဟောကြား တော်မူတယ်။

## တဏှာလက်သမားရပ်က ခန္ဓာအိမ်ပြတ်

အိမ်ကိုဆောက်လုပ်တဲ့ လက်သမားဆရာကို မတွေ့ တွေ့အောင်ရှာပြီး တားမြစ်ပယ်ရှား၍ ဆောက်ပြီးသားအိမ်၏ အခြင်များ, အချက်အဝန်း များကို ဖျက်ဆီးပစ်လျှင် အိမ်ကြီးပျက်စီးသွားပြီး နောက်ထပ် တခါ ဆောက်လုပ်ခွင့် မရလာသကဲ့သို့ပင် ခန္ဓာငါးပါးတည်းဟူသော အိမ်ကြီး ကို ဆောက်လုပ်တဲ့ တဏှာလက်သမားဆရာကို မတွေ့ တွေ့အောင်ရှ ပြီး တားမြစ် ပယ်ရှား၍ ဆောက်ပြီးသား အိမ်၏ ကိလေသာတည်းဟူသော အခြင်များ, အဝိဇ္ဇာတည်းဟူသော အချက်အဝန်းများကို ဖျက်ဆီးပစ်လျှင် ခန္ဓာငါးပါး တည်းဟူသော အိမ်ကြီးပျက်စီးသွားပြီး နောက်ထပ်တခါ ဘဝသစ်မှာ ဆောက်လုပ်ခွင့်မရလာဟု ဆိုတယ်၊ ဒါ့ကြောင့် ဘုရားရှင်လဲ တဏှာလက်သမားကို မတွေ့ တွေ့အောင် ရှာရသတဲ့။

## သစ္စာလေးပါး

ခန္ဓာအိမ်ကြီးက ဒုက္ခသစ္စာ၊

တဏှာလက်သမားဆရာက သမုဒယသစ္စာ၊

ခန္ဓာအိမ်ကြီး ပျက်စီးသွားပြီး နောက်ထပ်တခါ ဘဝသစ်မှာ ဆောက် လုပ်ခွင့်မရ မဖြစ်ပေါ်လာတာက နိရောဓသစ္စာ၊

တဏှာလက်သမားဆရာကို တွေ့မြင်ပယ်ရှားပြီး ဆောက်ပြီးသားအိမ်၏ ကိလေသာတည်းဟူသော အခြင်များ, အဝိဇ္ဇာတည်းဟူသော အချက် ဝန်းများကို ဖျက်ဆီးပစ်တာက မဂ္ဂသစ္စာ။

ဤကဲ့သို့ သစ္စာလေးပါးကို ဟောကြားကျူးရင့်တော်မူတယ်။

## ဒီ ဥဒါန ဘုရားတိုင်း ကျူးရင့်ကြ

ဒီ ဥဒါန်းဂါထာ ဒေသနာတော်ကြီးကို 'ပဌမ ဗုဒ္ဓဝစန' ဘုရားရှင်၏ အဦးအစ ဒေသနာတော်လို့ ခေါ်ဆိုတယ်၊ ပွင့်တော်မူသွားကြတဲ့

အဆူဆူသော ဘုရားရှင်တို့ပင် ဟောကြားကျူးရင့်ပြီး သွားတော်မူကြတယ်လို့ ဆိုတယ်။

ဒါ့ကြောင့် သာရတ္ထဒီပနီ ဋီကာကြီးမှာ

"ဣဒံ ကိရ သဗ္ဗဗုဒ္ဓေဟိ အဝိဇဟိတံ ဥဒါနံ"

လို့ မိန့်မှာတော်မူတယ်။

ဣဒံ ဥဒါနံ၊ သချာ အသချေ ဘဝတွေက ဝဋ္ဋဗွေဂယက် သမုဒ်စက်၌ ဆက်ဆက်လည်ရ ဒုက္ခသည်ဘဝမှ လွတ်မြောက်ရ၍ ရွှင်ပျပီတိ စိတ်နှလုံးတော် ရှိလှသောကြောင့် စိတ်ဖြင့်မြွက်ဟီး ဤအနေကဇာတိ အစရှိတဲ့ ဥဒါန်းဒေသနာတော်ကြီးကို။ သဗ္ဗဗုဒ္ဓေဟိ၊ ဂင်္ဂါဝါဠု ပမာပြုရေ ပွင့်လေသမျှ အဆူဆူသော ဗုဒ္ဓတို့သည်။ အဝိဇဟိတံ ကိရ၊ ဦးဦးဖျားဖျား စိတ်တော်အားဖြင့် ဟောကြားကျူးလတ် မစွန့်လွှတ်အပ်သတဲ့ ။

## ဥဒါန်းဒေသနာဖြင့် အနေကဇာတင်

ဒါ့ကြောင့်လဲ ခုခေတ် ဗုဒ္ဓဘာသာ သူတော်များစွာတို့ စေတီပုထိုး ရုပ်ပွားဆင်းတုတော်များကို ပူဇော်ကိုးကွယ်ကြတိုင်းပင် ဒီ ဥဒါန်းဂါထာ ဒေသနာတော်ကြီးနှင့် သက်တော်ထင်ရှား သဗ္ဗညုဘုရားကဲ့သို့ ပြုပြီး ကိုးကွယ်မှုပြုကြတယ်။

## သီဟိုဠ်ခေတ်က စေတီရုပ်ပွားတည်ပုံ

စေတီပုထိုး ရုပ်ပွားဆင်းတုတော်များ တည်ထားကိုးကွယ်မှုကို သီဟိုဠ်ခေတ်တွင် အလွန်ကျော်စောထင်ရှားတဲ့ ရှင်မဟာမဟိန္ဒ ရဟန္တာအရှင်မြတ်နှင့် ဒေဝါနံပိယတိဿ မင်းတြားကြီးတို့ပင် ကြိုးစားတော်မူခဲ့ကြဘူးတယ်။

သီဟိုဠ်ကျွန်းကို အစဦးဆုံး သာသနာပြု ကြွတော်မူတဲ့ အသောကမင်းတြားကြီး၏ သားတော် မဟာမဟိန္ဒ ရဟန္တာ အရှင်မြတ်ဟာ သီဟိုဠ်

ကျွန်းမှာ တည်ထားကိုးကွယ်တဲ့ စေတီ ပုထိုး ရုပ်ပွားဆင်းတုတော်များ မရှိတာနဲ့ ဘုရားမဖူးရလို့ သီဟိုဠ်ကျွန်းမှာ မပျော်ဘူးတဲ့။

ဒါနဲ့ ဒေဝါနံ ပိယတိဿ မင်းကြီးအာ "မြတ်သောမင်းကြီး ငါတို့ ဘုရားမဖူးရတာလဲ ကြာပြီ၊ ငါတို့မှာ ကိုးကွယ်ရာမဲ့ နေကြရတယ်၊ ယခု ငါတို့ ဇမ္ဗူဒိပ်ကျွန်းသို့ ပြန်ပါအံ့"ဟု ပန်ကြားသတဲ့။

**ဒေဝါနံ ပိယတိဿ မင်းကြီး** "အရှင်ဘုရားတို့—အရှင်ဘုရားတို့ကို အမှီပြုပြီး တပည့်တော်နှင့် တကွ သီဟိုဠ်ကျွန်းသူကျွန်းသား အားလုံးပင် အလှူ ပေးမှု၊ သီလ ဆောက်တည်မှု၊ ဘာဝနာ အလုပ်ကို အားထုတ်မှုဆိုတဲ့ ကုသိုလ်ကောင်းမှု ပြုကြရပါ၏ ဘုရား၊ ဘာကြောင့် အရှင်ဘုရားတို့ သီဟိုဠ်ကျွန်းမှာ မပျော်ပိုက်ပါ သလဲ ဘုရား"

**မဟာမဟိန္ဒ** "မြတ်သောမင်းကြီး ငါတို့ ဘုရား မဖူးရတာလဲ ကြာပြီ၊ ဒီ သီဟိုဠ်ကျွန်းမှာ ရှိခိုးဘို့ရာ ခရီးဦးကြိုဆိုဘို့ရာ လက်အုပ်ချီဘို့ရာ အရိုအသေပြုဘို့ရာ စေတီပုထိုး ရုပ်ပွားဆင်းတုတော်များ မရှိပါ၊ ဒါကြောင့် ဒီသီဟိုဠ်ကျွန်းမှာ မပျော်ပိုက်ပါ"

**ဒေဝါနံ ပိယတိဿ** "အရှင်ဘုရားတို့ ဘုရားရှင် ပရိနိဗ္ဗာန် စံလွန်တော်မူပြီ မဟုတ်ပါလား"

**မဟာမဟိန္ဒ** "မြတ်သောမင်းကြီး ဘုရားပရိနိဗ္ဗာန် စံလွန်ပြီးတာတော့ ဟုတ်ပါတယ်၊ ဓာတ်တော် မွေတော်များ ကြွင်းရစ်ပါသေး တယ်"

**ဒေဝါနံ ပိယတိဿ** "အရှင်ဘုရားတို့ တပည့်တော်လဲ နားလည်သိရှိပါ ပြီ၊ ဒီ သီဟိုဠ်ကျွန်းမှာ စေတီပုထိုး ရုပ်ပွားဆင်းတုတော်များ တည်ထားကိုးကွယ်ရန် လိုလားတော်မူကြပါ၏၊ တပည့်တော် တို့ ဒီသီဟိုဠ်ကျွန်းမှာ စေတီ ပုထိုး ရုပ်ပွား ဆင်းတုတော်များ

> တည်ထားကိုးကွယ်ပါမယ်၊ နေရာကိုသာ ရွေးချယ်ပေးတော်မူကြပါ၊ ဓာတ်တော် မွေတော်များကိုလဲ ရှာဖွေပြီးပေးတော်မူကြပါ”

ဟု လျှောက်ထားသတဲ့။

## ဓာတ်တော် တန်ခိုးပြ

မဟာမဟိန္ဒ ရဟန္တာအရှင်မြတ်လဲ သုမနသာမဏေကို စေလွှတ်တော်မူပြီး ဇမ္ဗူဒိပ်ကျွန်း ခမည်းတော် အသောကမင်းထံမှ ပုလဲနှစ်အဆင်းရှိတဲ့ ဓာတ်တော်များနှင့် တာဝတိံသာ နတ်ပြည် သိကြားမင်းထံမှ လက်ျာညှပ်ရိုးတော်တို့ကို ယူစေတော်မူပြီး ခမည်းတော် အသောကမင်းထံမှ ရရှိခဲ့တဲ့ ဓာတ်တော်များကို စေတိယတောင်မှာ စေတီတည်၍ ဌာပနာတော်မူတယ်။

လက်ျာညှပ်ရိုးတော်ကို ကကုသန်, ကောဏာဂုံ, ကဿပ ရှေးဘုရားသုံးဆူတို့၏ ပရိဘောဂစေတီ တည်ရာဌာန ထူပါရုံမှာ ကောက်လှိုင်းစီးနှင့်ပုံသဏ္ဍာန်တူတဲ့စေတီတော်ကိုတည်ပြီးလျှင်ထည့်သွင်းဌာပနာတော်မူတယ်။

အဲဒီနေ့မှာ ဘုရားရှင်၏ အဓိဋ္ဌာန်တန်ခိုးတော်ကြောင့် လက်ျာညှပ်ရိုးတော်ဟာ တန်ခိုးပြာဋိဟာတို့ကို ပြတော်မူသတဲ့။

ဗုဒ္ဓအပဒါန်ပါဠိတော်မှာ အစိန္တေယျ နှစ်မျိုးကို ဤကဲ့သို့ ဟောတော်မူခဲ့တယ်။

## အစိန္တေယျ နှစ်မျိုး

> ဧဝံ အစိန္တိယာ ဗုဒ္ဓါ၊
> ဗုဒ္ဓဓမ္မာ အစိန္တိယာ။
> အစိန္တိယေ ပသန္နာနံ၊
> ဝိပါကော ဟောတိ အစိန္တိယော။

ဧဝံ၊ ဤသို့။ ဗုဒ္ဓါ၊ ဂင်္ဂါဝါဠု သဲစုမက ပွင့်တော်မူသွားကြသည့် သုံးလောကသခင် ဘုရားရှင်တို့ကို။ အစိန္တိယာ၊ အဝိသယ ဌာနရပ်မို့ တပ်အပ်ပိုင်ပိုင် မကြံအပ် မကြံစည်နိုင်ကုန်။

သုဓမ္မဝတီ(က)၁၀၀-၂၀

ဗုဒ္ဓဓမ္မာ၊ ပွင့်ကြွထွေထွေ ဘုရားတွေ၏ တွက်ရေမကုန် ကျေးဇူးဂုဏ်တို့ကို။ အစိန္တိယာ၊ အဝိသယ ဌာနရပ်မို့ တပ်အပ်ပိုင်ပိုင် မကြံအပ် မကြံစည်နိုင်ကုန်။

အစိန္တိယေ၊ အဝိသယ ဌာနရပ်မို့ တပ်အပ်ပိုင်ပိုင် မကြံအပ်နိုင် မကြံစည်နိုင်တဲ့ ကျေးဇူးဂုဏ်နှင့် ပြည့်စုံပေလတ် ဘုရားမြတ်၌။ ပသန္နာနံ၊ သဒ္ဓါ ရှမ်းစို ကြည်ညိုကြကုန်သောသူတို့အား။ အစိန္တိယော၊ အဝိသယ ဌာနရပ်မို့ တပ်အပ်ပိုင်ပိုင် မကြံအပ် မကြံစည်နိုင်သော။ ဝိပါကော၊ ကြည်ညိုဆပ္ပွား အကျိုးတရားသည်။ ဟောတိ၊ မုချမသွေ ဖြစ်ရပေ၏။

"ဗုဒ္ဓဓမ္မာတိ ဧတ္ထ ဗုဒ္ဓဂုဏာ" (ဋီကာ)

## ဗုဒ္ဓဝိသယ အစိန္တေယျ

"ဗုဒ္ဓဝိသယော အစိန္တေယျော"

ဟု ဟောတော်မူသောကြောင့် သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်ကြီး, ရှစ်ဆယ်သော လက္ခဏာတော်ငယ်တို့ဖြင့် တန်ဆာဆင်ထားတဲ့ ဘုရားရှင်၏ ရူပကာယတော်၊ သဗ္ဗညုတဉာဏ် စသော နာမကာယတော်၊ ဒီ ဗုဒ္ဓဝိသယကို မကြံအပ် မကြံစည်နိုင်ဘူးတဲ့။

ဒီ ဗုဒ္ဓဝိသယ အစိန္တေယျကို ကြည်ညိုကြတဲ့ ကလျာဏဂုဏ်းဝင် သူတော်စင်အပေါင်းတို့အား ရရှိအပ်သော ကံ၏အကျိုးတရားကိုလဲ -

## ကမ္မဝိသယ အစိန္တေယျ

"ကမ္မဝိပါကော အစိန္တေယျော"

ဟု ဟောတော်မူသည်နှင့် အညီ မကြံအပ် မကြံစည်နိုင်ဘူးတဲ့၊ ဒါ့ကြောင့် ဒီကနေ့ ဗုဒ္ဓဝိသယ အစိန္တေယျကို ပူဇော် ပ,သ ကြည်ညိုကိုးကွယ်ကြတဲ့ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့အား ကမ္မဝိပါက အစိန္တေယျကို ကိုယ်စီ ကိုယ်ငှ ရကြကုန်၏ဟု မှတ်သားရမယ်။

## စိတ်တူမျှမူ အကျိုးတူ

သက်တော်ထင်ရှား ဘုရားရှင်ကို ကြည်ညိုပူဇော်မှု၊ ဘုရားပရိနိဗ္ဗာန် စံလွန်တော် မူပြီးနောက် ဘုရားရှင်၏ ဂုဏ်တော် များကို အာရုံ ပြု၍

ကိုယ်တော်စား ရုပ်ပွားဆင်းတုတော်များ, စေတီတော် ပုထိုးတော်များ, ဓာတ်တော် မွေတော်များကို ကြည်ညိုပူဇော်မှု၊ ဒီနေ့စံခုကို ပြုကြရာမှာ ကြည်ညိုတဲ့စိတ် တူမျှပါလျှင် အကျိုးပေးလဲ တူမျှပါသတဲ့။

ဒါ့ကြောင့် ဝိမာနဝတ္ထုပါဠိတော် ကောသာတက် နတ်သ္မီးဝတ္ထုမှာ ဒေသနာ ဒီလို လာတယ် -

တိဋ္ဌန္တေ နိဗ္ဗုတေ စာပိ၊
သမေ စိတ္တေ သမံ ဖလံ။
စေတောပဏိဓိဟေတု ဟိ၊
သတ္တာ ဂစ္ဆန္တိ သုဂ္ဂတိံ။

တိဋ္ဌန္တေ စ၊ သက်တော်ထင်ရှား သဗ္ဗညုဘုရား၌၎င်း။ နိဗ္ဗုတေ စာပိ၊ နိဗ္ဗုကိန်း၍ ငြိမ်းတော်မူပြီးသော ဘုရားရှင်၌၎င်း။ ဝါ၊ ဘုရားဂုဏ်ကို အာရုံပြု၍ ဓာတ်တော် မွေတော် ကိုယ်တော်စား ရုပ်ပွားဆင်းတုတော် စေတီပုထိုးတော်၌၎င်း။ စိတ္တေ၊ သဒ္ဓါရှိမ်းစို ကြည်ညိုသောစိတ်သည်။ သမေ၊ ထပ်တူထပ်မျှ ညီမျှသည်ရှိသော်။ ဖလံ၊ ရရှိမြားမြောင် သုံးဆောင်ခံစား အကျိုးတရားသည်။ သမံ၊ ထပ်တူထပ်မျှ ညီမျှပါ၏။

ဟိသစ္စံ၊ မချွတ်ဧကန်မှန်လှပေ၏။ စေတောပဏိဓိဟေတု၊ မိစ္ဆာမပေါင်း စိတ်ကို ကောင်းစွာထားနိုင်ခြင်းဟူသော အကြောင်းကြောင့်။ သတ္တာ၊ ပေါင်းစုများစွာ သတ္တဝါတို့သည်။ သုဂ္ဂတိံ၊ လူ့ပြည်နတ်ရွာ ဖြဟ္မာဟူဘိ သုဂတိဘဝသို့။ ဂစ္ဆန္တိ၊ ကောင်းစွာမသွေ လားရောက်ရလေကုန်၏။

### စေတီရုပ်ပွား တည်ထားပူဇော်ပါ

ဤကဲ့သို့ သုတ္တန်ပိဋကတ် ကျမ်းမြတ်အဆိုကို စိတ်ဝယ်သိုထား အမြန်ဖန် အောက်မေ့မှတ်သားပြီး ပရိနိဗ္ဗာန် စံလွန်တော်မူသွားပြီးဖြစ်တဲ့ ဘုရားရှင် ၏ ဂုဏ်ကို အာရုံပြု၍ ဓာတ်တော်မွေတော်များ, ကိုယ်တော်စား ရုပ်ပွား

ဆင်းတုတော်များ, စေတီတော် ပုထိုးတော်များ တည်ထားကိုးကွယ်ခြင်း၊ ဆွမ်း ရေချမ်း ဆီမီး ပန်း စသည်တို့ကို ပူဇော်ခြင်းအမှုတို့ကို ပြုကြကုန်ရာသတည်း။

တရားသိမ်း

အင်္ဂီရသေန ကထိတံ၊
မနသာ အာဒိဒေသနံ။
'သာဓု သာဓူတိ' သုတွာန၊
အနုမောဒထ သာဓဝေါ။

ဘောဒန္တော၊ အနေကဇာတင် တရားပွဲကို တအားခဲပြီး လာရောက်နာယူကြတဲ့ အို ဒကာ, ဒကာမတို့။ သာဓဝေါ၊ စိတ်စက်ပြောင့်ပျောင်းသူတော်ကောင်းဖြစ်ကုန်သော။ တုမှေ၊သင်တို့သည်။အင်္ဂီရသေန၊ ရုပ်ခန္ဓာခေါ် ကာယတော်မှ ထွက်ပေါ်ကာကြည် အမြဲဟည်လျက် ရှိသည်တလံဝန်းရံရောင်ခြည် သကတ်ရည်၍ အင်္ဂီရသ ဘွဲ့ထူးရသော သုံးလောကသခင်ဘုရားရှင်သည်။ မနသာ၊ ပိုလျှံရှုန်ဖိတ် ပီတိစိတ်ဖြင့်။ ကထိတံ၊ ကျူးရင့်မြွက်ကြား ဟောထားတော်မူအပ်သော။ အာဒိဒေသနံ၊ အဦးအစ ပဌမဗုဒ္ဓဝစန ခေါ်တဲ့ ဥဒါန်း ဒေသနာတော်ကို။ သုတွာန၊ အားပါးတရကြားနာကြပြီး၍။ သာဓု သာဓူတိ၊ နိဗ္ဗာန်မဂ်ဖိုလ် ရပါလိုဟု ပတ္ထနာပြုသာဓု, သာဓု, သာဓု ဟူ၍။ အနုမောဒထ၊ သာယာချိုမြ နှုတ်မြွက်ဟ၍အဖန်ဖန် ဝမ်းမြောက်ကြကုန်လော့။

(သာဓု သာဓု သာဓု)

အနေကဇာတင် တရားတော် ပြီး၏။

(သေနာသနက္ခန္ဓကမှ)

# သံဃိကကျောင်း အနုမောဒနာ တရားတော်

သာသနာသက္ကရာဇ် .... .... .... .... ... ခု၊
ကောဇာသက္ကရာဇ် .... .... .... .... .... ခု၊
.... .... .... .... .... ဥတု၊
... .... .... .... .... လ၊
.... .... .... .... .... ရက်၊
.... .... .... .... .... နေ့၊

မြင်းခြံမြို့ အမှတ် ၁၁–ရပ်ကွက်၊ ၁၉–လမ်း နွားကူးတန်းမှ
ဒါယကာကြီး ဦးကြည်
ဒါယိကာမကြီး ဒေါ်ပန်းရင် တို့က

ဘုရားလက်ထက်တော်အခါက ရာဇဂြိုဟ်သူဌေးကြီးထံုးကို နှလုံး ပြုပြီး ပစ္စည်းဥစ္စာတွေကို များစွာ အကုန်အကျခံကာ ကျောင်းကြီး ဆောက်လုပ်ပြီး လှူဒါန်းတယ်။

## ကျောင်းသုံးမျိုး

ဒီ ကျောင်းအလှူမှာလဲ—

၁။ သံဃိက
၂။ ဂဏိက
၃။ ပုဂ္ဂလိက

လို့ သုံးမျိုးရှိတယ်။

### သံဃိကကျောင်းဆိုတာ

“သံဃိကဝိဟာရော နာမေသ စာတုဒ္ဒိသံ
သံဃံ ဥဒ္ဒိဿ ကတဝိဟာရော”ဟူ၍၎င်း၊
“သံဃိကော နာမ ဝိဟာရော သံဃဿ
ဒိန္နော ဟောတိ ပရိစ္စတ္တော”ဟူ၍၎င်း၊

ကျမ်းလာရှိသောကြောင့် အရှေ့, အနောက်, တောင်, မြောက် အရပ်လေးမျက်နှာမှာရှိတဲ့ သံဃာတော်အားလုံး နေထိုင်သီတင်းသုံးရန် ရည်စူးပြီး ကျောင်းဆောက်လုပ်၍ အရပ်လေးမျက်နှာမှာရှိတဲ့ သံဃာတော်အားစွန့်လွှတ်လှူဒါန်းတဲ့ကျောင်းကို “သံဃိက”ကျောင်းလို့ ဆိုတယ်။

### ဂဏိကကျောင်းဆိုတာ

သုတ္တန်ဆောင်ဂိုဏ်း စသည်ဖြင့် မိမိကြည်ညိုရာဂိုဏ်းကို ရည်စူးဆောက်လုပ်လှူဒါန်းတဲ့ကျောင်းကို “ဂဏိက”ကျောင်းလို့ ဆိုတယ်။

### ပုဂ္ဂလိကကျောင်းဆိုတာ

မိမိကြည်ညိုရာ ပုဂ္ဂိုလ်တပါးပါးအား ရည်စူးဆောက်လုပ်ပြီး လှူဒါန်းတဲ့ကျောင်းကို “ပုဂ္ဂလိက”ကျောင်းလို့ ဆိုတယ်။

### သံဃိကကျောင်း၏ ဟောင္ဒိမပရိစ္ဆေဒ

သံဃိကကျောင်း၏ အယုတ်ဆုံး အပိုင်းအခြားမှာ ထိုကျောင်းမှာ စေတီတော် တဆူ ရှိရမယ်၊ တရားဟောပလ္လင် တခု ရှိရမယ်၊ အရပ်လေးမျက်နှာမှ ရဟန်းတော်များ လာရောက်ပြီး မပန်ကြားမူဘဲ အလိုရှိတိုင်း နေထိုင်သီတင်းသုံးကာ အလိုရှိရာသို့ ဖဲခွါသွားနိုင်တဲ့ လေးတောင်ပတ်လည်မျှရှိတဲ့ သစ်ရွက်မိုး ကျောင်းကလေးကိုပင် “သံဃိက”ကျောင်းလို့ မှတ်ရမယ်တဲ့။

### သံဃိကကျောင်း အကျိုးကြီးပုံ

ဒီ စာတုဒ္ဒိသ သံဃိကကျောင်းအလှူ၏ အကျိုးကြီးမားပုံကို ဒီလိုဘုရားဟောကြားတော်မူခဲ့တယ်။

ခုနစ်နှစ်-ခုနစ်လ ပေးလှူတဲ့ ဝေလာမပုဏ္ဏားကြီး၏ ထမင်းရေချောင်းစီး အလှူကြီးထက် သောတာပန်ပုဂ္ဂိုလ်တဦးအား တကြိမ် ဆွမ်းကျွေးရတာက ပိုပြီး အကျိုးကြီးတယ်။

သောတာပန် တရားကို တကြိမ် ဆွမ်းကျွေးရတာထက် သကဒါဂါမ် ပုဂ္ဂိုလ်တဦးအား တကြိမ် ဆွမ်းကျွေးရတာက ပိုပြီး အကျိုးကြီးတယ်။

သကဒါဂါမ် တရားကို တကြိမ် ဆွမ်းကျွေးရတာထက် အနာဂါမ်ပုဂ္ဂိုလ် တဦးအား တကြိမ် ဆွမ်းကျွေးရတာက ပိုပြီး အကျိုးကြီးတယ်။

အနာဂါမ် တရားကို တကြိမ် ဆွမ်းကျွေးရတာထက် ရဟန္တာပုဂ္ဂိုလ် တဦးအား တကြိမ် ဆွမ်းကျွေးရတာက ပိုပြီး အကျိုးကြီးတယ်။

ရဟန္တာတရားကို တကြိမ် ဆွမ်းကျွေးရတာထက် ပစ္စေကဗုဒ္ဓါတပါးအား တကြိမ် ဆွမ်းကျွေးရတာက ပိုပြီး အကျိုးကြီးတယ်။

ပစ္စေကဗုဒ္ဓါ တရားကို တကြိမ် ဆွမ်းကျွေးရတာထက် သဗ္ဗညုဘုရားရှင် တဆူအား တကြိမ် ဆွမ်းကျွေးရတာက ပိုပြီး အကျိုးကြီးတယ်။

သဗ္ဗညုဘုရားရှင် တဆူအား တကြိမ် ဆွမ်းကျွေးရတာထက် ဘုရား အမှူးရှိတဲ့ သံဃာတော်အား တကြိမ် ဆွမ်းကျွေးရတာက ပိုပြီး အကျိုး ကြီးတယ်။

ဘုရားအမှူးရှိတဲ့ သံဃာတော်အား တကြိမ် ဆွမ်းကျွေးရတာထက် "စာတုဒ္ဒိသသံဃိက" ကျောင်းတဆောင် ဆောက်လုပ်ပြီး လှူဒါန်းရတာက ပိုပြီး အကျိုး ကြီးတယ်ဟု ဟောကြားတော်မူတယ်။

## ရာဇဂြိုဟ်သူဌေး၏ သံဃိကကျောင်းဒါန

ဘုရားလက်ထက်တော်အခါက ရာဇဂြိုဟ်သူဌေးကြီးဟာ စာတုဒ္ဒိသ သံဃိကကျောင်းအလှူပွဲကြီးကို ကျင်းပဘူးတယ်။

အခါတပါး ရှင်တော်ဘုရားဟာ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းမှာ သီတင်းသုံးတော်မူတယ်၊ ထိုအချိန်အခါမှာ ရဟန်းတော်တို့အား ကျောင်း ကို ခွင့်မပြုသေးဘူးတဲ့။

အချို့ရဟန်းတွေက သစ်ပင်ရင်းမှာ သီတင်းသုံးတော်မူကြသတဲ့၊ အချို့ ရဟန်းတွေက တောကြို ချောက်ကြား တောင်ခေါင်း သုသာန်တို့မှာ သီတင်းသုံးတော်မူကြသတဲ့။

အချို့ရဟန်းတွေက တောအုပ်အလယ် လွင်တီးခေါင် ကောက်ရိုးပုံစတဲ့ နေရာတွေမှာ သီတင်းသုံးတော်မူကြသတဲ့။

ထိုရဟန်းအားလုံးပင် မိမိတို့သီတင်းသုံးရာဌာနမှ စောစောစီးစီးထပြီး ကြွလာကြသည်ကို ရာဇဂြိုဟ်သူဌေး မြင်လျှင် အလွန်ပင်ကြည်ညိုသော စိတ်ထားဖြင့် "အရှင်ဘုရားတို့ တပည့်တော် ကျောင်းတွေဆောက်လုပ်ပြီး လှူဒါန်းပါမယ်၊ တပည့်တော်၏ကျောင်းတွေမှာ သီတင်းသုံးနေထိုင်နိုင်ကြပါမလား" လို့ လျှောက်ထားသတဲ့။

ရဟန်းတွေက "သူဌေးကြီး ကျောင်းကို ဘုရားခွင့်မပြုသေးဘူး"ဟု မိန့်တော်မူကြလျှင် "အရှင်ဘုရားတို့ ဘုရားရှင်အား လျှောက်ထား၍တပည့်တော်အား ပြောကြားကြပါ၊ ခွင့်ပြုပါလျှင် တပည့်တော် ကျောင်းတွေဆောက်လုပ်ပြီး လှူပါရစေ"။

"သူဌေးကြီး ကောင်းလှပေ၏"ဟု မိန့်တော်မူကြပြီး ဘုရားရှင်ထံ ချဉ်းကပ်ကြ၍ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား.... ရာဇဂြိုဟ်သူဌေးကြီးက မြတ်စွာဘုရားခွင့်ပြုပါလျှင် ကျောင်းများဆောက်လုပ်ပြီး လှူဒါန်းလိုကြောင်း လျှောက်ထားပါ၏ဘုရား၊ ဘယ်လိုများ ပြုကျင့်ရပါမလဲဘုရား" လို့ လျှောက်ထားကြသတဲ့။

## ကျောင်းငါးမျိုး ခွင့်ပြုခြင်း

ဘုရားရှင်လဲ ရာဇဂြိုဟ်သူဌေးကြီးအား သနားသမှု ရဟန်းတော်တို့ လျှောက်ထားခြင်းကို အကြောင်းပြုပြီး—

"အနုဇာနမိ ဘိက္ခဝေ ပဉ္စ လေဏာနိ
ဝိဟာရံ, အဍ္ဍယောဂံ, ပါသာဒံ, ဟမ္မိယံ,ဂုဟံ"

လို့ ကျောင်းငါးမျိုးကို ခွင့်ပြုတော်မူလိုက်တယ်။

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့—

၁။ ဝိဟာရံ၊ နှစ်ဘက်ဆောင်မိုးသော ကျောင်းကိုလည်းကောင်း၊

၂။ အဍ္ဍယောဂံ၊ တဘက်ဆောင်မိုးသော ကျောင်းကိုလည်းကောင်း၊

၃။ ပါသာဒံ၊ ပြာသာဒ်ရှည်ကိုလည်းကောင်း၊

၄။ ဟမ္မိယံ၊ ပြာသာဒ်ဦ ပြည်းကိုလည်းကောင်း၊

၅။ ဂုဟံ၊လိုဏ်ဂူကိုလည်းကောင်း၊

ဣတိ၊ ဤသို့။ ပဉ္စ၊ ငါးပါးကုန်သော။ လေဏာနိ၊ ပုန်းအောင်းရာ ကျောင်းတို့ကို။ အနုဇာနာမိ၊ ငါဘုရားခွင့်ပြုပါ၏။

## ကျောင်းတွေဆောက်လုပ်

ဤကဲ့သို့ ကျောင်းငါးမျိုးကို ဘုရားခွင့်ပြုတော်မူလျှင် ရဟန်းတွေလဲ ရာဇဂြိုဟ်သူဌေးအား "သူဌေးကြီး ကျောင်းငါးမျိုးကို ဘုရားခွင့်ပြုတော်မူပြီ၊ ကျောင်းများဆောက်လုပ်လိုက ဆောက်ပါတော့"ဟု မိန့်တော်မူကြသတဲ့၊ ရာဇဂြိုဟ်သူဌေးကြီးလဲ တနေ့တည်းဖြင့်ပင် ကျောင်းပေါင်း ခြောက်ဆယ်ကို ဆောက်လုပ်ပြီးစီးစေသတဲ့။

## ပင့်ဘိတ်ဆွမ်းကျွေးခြင်း

အဲဒါလို ကျောင်းတွေဆောက်ပြီး ဘုရားရှင်ထံ ချဉ်းကပ်၍ 'မြတ်စွာဘုရား မနက်ဖြန်နံနက် သံဃာတော်များနှင့်အတူ တပည့်တော်၏ဆွမ်း ကို သနားသဖြင့် အလှူခံတော်မူပါဘုရား"ဟု လျှောက်ထား၍ ဘုရားရှင်အား ရှိသေစွာ ရှိခိုးပြီး အိမ်သို့ ပြန်ခဲ့တယ်၊ ထိုညဉ့် လွန်လျှင်ပင် ရာဇဂြိုဟ် သူဌေးကြီးလဲ မွန်မွန်မြတ်မြတ် ခဲဘွယ်ဘောဇဉ်တွေကို ပြည့်စုံပြီးစီးအောင် ချက်ပြုတ်စီရင်ပြီး—

"ကာလော ဘန္တေ, နိဋ္ဌိတံ ဘတ္တံ"

လို့ ဆွမ်းစားကြွဘို့ရန် လျှောက်ထားသတဲ့။

ဘုရားရှင်လဲ နောက်လိုက် နောက်ပါ သံဃာတော်အပေါင်းများစွာ နှင့် ရာဇဂြိုဟ်သူဌေးအိမ်သို့ ကြွလာပြီး မွန်မွန်မြတ်မြတ် ခဲဘွယ်ဘောဇဉ် တွေကို တင်းတိမ်အောင် ဘုဉ်းပေးတော်မူတယ်။

ဆွမ်းဘုဉ်းပေးခြင်းကိစ္စ ပြီးဆုံးတော်မူလျှင် ရာဇဂြိုဟ်သူဌေးကြီးက "မြတ်စွာဘုရား တပည့်တော် ကောင်းမှုကို လိုလားလို့ နတ်ရွာနိဗ္ဗာန်ကို လိုလားလို့ ကျောင်းပေါင်း ခြောက်ဆယ်ကို ဆောက်လုပ်ထားပါတယ်

ဘုရား၊ ဒီကျောင်းတွေကို ဘယ်လိုပြုကျင့် လှူဒါန်းရပါမလဲဘုရား”လို့ လျှောက်ထားသတဲ့။

**ကျောင်းတွေ သံဃိကလှူရန် မိန့်ခြင်း**

ရှင်တော်ဘုရားက “သူဌေးကြီး ကောင်းမှုကို လိုလားသို့ နတ်ရွာ နိဗ္ဗာန်ကို လိုလားလို့ ကျောင်းပေါင်းခြောက်ဆယ် ဆောက်လုပ်ထားပါ လျှင် ဒီကျောင်းတွေကို လာပြီး,လာလတ္တံ့ဖြစ်တဲ့ အရပ်လေးမျက်နှာမှာ ရှိတဲ့ သံဃာတော်အား လှူဒါန်းပါ”လို့ မိန့်တော်မူတယ်။

**ကျောင်းတွေ သံဃိက လှူဒါန်းခြင်း**

ရာဇဂြိုဟ်သူဌေးကြီးလဲ ဘုရားမိန့်တော်မူတိုင်းပင်—

“ဧတေ သဋ္ဌိဝိဟာရေ အာဂတာနာဂတဿ
စာတုဒ္ဒိသဿ သံဃဿ ဒေမ”

လို့ ကျောင်းပေါင်း ခြောက်ဆယ်ကို “စာတုဒ္ဒိသသံဃိက” လှူဒါန်း လိုက်သတဲ့၊ အားလုံး သံဃာပိုင်ကျောင်းတွေ ဖြစ်သွားတာပေါ့၊ သာသနာ တော်တခုလုံးမှာရှိတဲ့ ရဟန်းအားလုံးပင် ဒီကျောင်းတွေမှာ လာရောက်ပြီး အပိတ်အပင် အဆီးအတားမရှိ သီတင်းသုံး နေထိုင်နိုင်တယ်။

**ကျောင်းအနုမောဒနာ ပြုတော်မူခြင်း**

ဘုရားရှင်လဲ ရာဇဂြိုဟ်သူဌေးအား ကျောင်းအနုမောဒနာ တရားကို ဤကဲ့သို့ ဟောကြားတော်မူတယ်။

၁။ သီတံ ဥဏှံ ပဋိဟနတိ၊
တတော ဝါဠမိဂါနိ စ၊
သရီသပေ စ မကသေ။
သိသိရေ စာပိ ဝုဋ္ဌိယော။

၂။ တတော ဝါတာတပေ ဃောရေ၊
သဉ္ဇာတေ ပဋိဟညတိ။
လေဏတ္ထဉ္စ သုခတ္ထဉ္စ၊
ဈာယိတုဉ္စ ဝိပဿိတုံ။

၃။ ဝိဟာရဒါနံ သံဃဿ၊
အဂ္ဂံ ဗုဒ္ဓေန ဝဏ္ဏိတံ။
တသ္မာ ဟိ ပဏ္ဍိတော ပေါသော၊
သမ္ပဿံ အတ္တမတ္တနော။

၄။ ဝိဟာရေ ကာရယေ ရမ္မေ၊
ဝါသယေတ္ထ ဗဟုဿုတေ။
တေသံ အန္နဉ္စ ပါနဉ္စ၊
ဝတ္ထသေနာသနာနိ စ။

၅။ ဒဒေယျ ဥဇုဘူတေသု၊
ဝိပ္ပသန္နေန စေတသာ။
တေ တဿ ဓမ္မံ ဒေသေန္တိ၊
သဗ္ဗဒုက္ခာ ပနူဒနံ။
ယံ သော ဓမ္မံ ဣဓ ညာယ၊
ပရိနိဗ္ဗာတိ အနာသဝေါ။

၁။ တတော၊ ထိုငါးပါးအပြားရှိတောင်း ပုန်းအောင်းရာကျောင်းသည်။ သီတံ၊ ဥတုဆိုးသွမ်း အလွန်ကြမ်းသည့် အချမ်းကိုငင်း။ ဥဏှံ၊ ပေါက်ပြန် ပြင်းဆူ တေဇောဟူသည့် အမျိုးမျိုးသော အပူကိုငင်း။ ဝါဠမိဂါနိ စ၊ ကြမ်းပေ့ ရမ်းပေ ခြင်္သေ့ သစ် ကျား သားရဲများတို့ကိုငင်း။ သရီသပေ စ၊ ဘက်မြတ်အန္တရာယ် ပြုဖွယ်တသင်း မြွေကင်းတို့ကိုငင်း။ မကသေ စ၊ သမာဓိ အန္တရာယ် ပြုဖွယ်တွင်တွင် မှက်ခြင်တို့ကိုငင်း။ သိသိရေ စ၊ လေနှင့်ရောထွေး ချမ်းအေးသော မိုးပေါက်တို့ကိုငင်း။ ဝုဋ္ဌိယောပိ၊ ဖြောင့်ဖြောင့် ရိုးရိုး ရွာသောမိုးတို့ကိုငင်း။ ပဋိဟနတိ၊ တားမြစ် ရှားဖယ် ဖျောက်ပယ် နိုင်၏။

၂။ တတော၊ ထိုငါးပါးအပြားရှိတောင်း ပုန်းအောင်းရာ ကျောင်း သည်။ ဃောရေ၊ ခက်ထန်ဆိုးသွမ်း စိတ်မချမ်းအောင် ကြမ်းတန်းကုန် သော။ သဉ္ဇာတေ၊ အကြောင်းလျော်စွာ ဖြစ်ပေါ်လာကုန်သော။ ဝါတာ တပေ၊ အမှုန်တကယ် အန္တရာယ်ဟူ လေနေပူတို့ကို။ ပဋိဟညတိ၊ တားမြစ် ရှားဖယ် ဖျောက်ပယ်နိုင်၏။ လေဏတ္ထဉ္စ၊အာရုံအများ မလွင့်ပါးဘဲ တရား

နှင့်ပေါင်း ပုန်းအောင်းခြင်း အကျိုးငှါငှင်း။ သုခတ္ထဥ္စ၊ ဘေးရန်ကင်းပ ချမ်းသာစွာ နေရခြင်း အကျိုးငှါငှင်း။ ဈာယိတုဥ္စ၊ သုံးဆယ့်ရှစ်ပါး ကမ္မဋ္ဌာန်းတရားကို လိုက်စားခုံမင် ဈာန်သို့ဝင်ရခြင်း အကျိုးငှါငှင်း။ ဝိပဿိတုဥ္စ၊ တေဘူမိက သင်္ခါရကို အနိစ္စ, ဒုက္ခ, အနတ္တဟု ဝိပဿနာ ရှုရခြင်း အကျိုးငှါငှင်း။

၃။ သံဃဿ၊ အာဂတာ နာဂတ စာတုဒ္ဒိသ သံဃာတော်အား။ ဝိဟာရဒါနံ၊ ဝိဟာရဟု စသည်အပြား ငါးပါးသော ကျောင်းအလှူကို။ အဂ္ဂံ၊ ဖွံ့ဖွံ့ဖြိုးဖြိုး အကျိုးကြီးလတ် မြတ်၏ဟူ၍။ ဗုဒ္ဓေန၊ ဒါန အမျိုးအစား အကျိုးများကို ပိုင်းခြားသိမြင် ဘုရားရှင်သည်။ ဝဏ္ဏိတံ၊ အကျိုးကြီးလတ် ဒါနမြတ်ပေမို့ ချီးမွမ်းတော်မူအပ်၏။ တသ္မာ ဟိ- တသ္မာ ဧဝ၊ ထိုသို့ စာတုဒ္ဒိသ သံဃိကကျောင်း ဒါနကောင်းကို မြတ်ကြောင်းမိန့်ဟ ချီးမွမ်းလှသောကြောင့်သာလျှင်။ ပဏ္ဍိတော၊ မျက်မှောက်တမလွန် အာနိသင်ကို သိမြင်နိုင်ဘိ ပညာရှိသော။ အတ္တနော၊ မိမိ၏၊ အတ္ထံ၊ ခုကျိုးနောင်ကျိုး ကျိုးနှစ်မျိုးကို။ သမ္ပဿံ- သမ္ပဿန္တော၊ ပညာစက္ခုဖြင့် ရှုဆင်ခြင်ပြီး ကောင်းကောင်းကြီး မြင်သော။ ပေါသော၊ သဒ္ဓါပေါထူ အာဂလူဟု များသူငါပင် အမွန်းတင်သည့် လူ့ခွင်လူ့ရွာ လူသတ္တဝါသည်။

၄။ ရမ္မေ၊ နှလုံးမွေ့လျော် ပျော်ဘွယ်ရာဖြစ်ကုန်သော။ ဝိဟာရေ၊ ဝိဟာရဟု စသည်အပြား ငါးပါးသောကျောင်းတို့ကို။ ကာရယေ၊ သဒ္ဓါထက်သန် သုံးတန်စေတနာ ညီစွာမယုတ် ဆောက်လုပ်ရာ၏။ ဧတ္ထ၊ ဤသဒ္ဓါထန်သည်း ဆောက်လုပ်ပြီးသည့် ပျော်မွေ့ဘွယ် ကျောင်းကြီး၌။ ဗဟုဿုတေ၊ သီလလောက်လုံ အကြားအမြင် ဂုဏ်နှင့် ပြည့်စုံပေလတ် ရဟန်းမြတ်တို့ကို။ ဝါသယေ၊ ပင့်ဘိတ်ဆောင်ကာ နေစေရာ၏။ တေသံ၊ ထိုဗဟုဿုတ သီလမခန်း ကျောင်းနေရဟန်းတို့အား။ အန္နဥ္စ၊ လျော်ကန် လျောက်ပတ် ကောင်းမြတ်သော ဆွမ်းကိုငှင်း။ ပါနဥ္စ၊ သရက်စသား ရှစ်ပါးသော အဖျော်ယမကာကိုငှင်း။ ဝတ္ထသေနာသနာနိ စ၊ အဝတ်သင်္ကန်း, အိပ်ခန်းအိပ်ရာ လျောက်ပတ်စွာတောင်း ညောင်စောင်းကုတင် အင်းပျဉ်တို့ကိုငှင်း။

၅။ ဥဇုဘူတေသု၊ ကာယဝင်္က စသည်မကပ် ဖြောင့်မတ်ပေကြ သီလမခန်း ကျောင်းနေရဟန်းတို့အား။ ဝိပ္ပသန္နေန၊ ရတနာသုံးတန် ကံ, ကံ၏

အကျိုးကို မြော်ကိုးယုံကြည်သော။ စေတသာ၊ ကြည်စွာဖိတ်ဖိတ် သဒ္ဒါစိတ်ဖြင့်။ ဒဒေယျ၊ မိုရာလေးပါး ပစ္စည်းများဖြင့် မပါးစိမ့်ငှါ ပေးလှူရာ၏။ တေ၊ ထိုဗဟုဿုတ သီလမခန်း ကျောင်းနေရဟန်းတို့သည်။တဿ၊ ထိုသဒ္ဒါများပြား ကျောင်းဒါယကာအား။ သဗ္ဗဒုက္ခာပနူဒနံ၊ ဖြစ်ပျက်မစဲ အလုံးစုံသော သံသရာဝဋ်ဆင်းရဲကို ပေါက်ခွဲဖြတ်တောက် ပယ်ဖျောက်တတ်သော။ ဓမ္မံ၊ မဂ်ဖိုလ်ရကြောင်း သူတော်ကောင်းတရားကို။ ဒေသေန္တိ၊ ကြိုးကြားကြိုးကြား အကျိုးများအောင် ဟောကြားကြကုန်၏။ သော၊ ထိုသဒ္ဒါထက်စွာ ကျောင်းဒါယကာသည်။ ဣဓ၊ ဤယခုကြုံရ နဝမမှတ် ခဏမြတ်၌။ ယံဓမ္မံ၊ အကြင် ကိလေသာစက် မကြွင်းဖျက်နိုင်တဲ့ အရဟတ္တမဂ်ကို။ အညာယ၊ သမ္မာပဋိပတ် အကျင့်မြတ်ဖြင့် သိလတ်ပြီး၍။ အနာသဝေါ၊ ကာမာသဝ စသည်လေးပါး အာသဝေါတရား မရှိသည်ဖြစ်၍။ ပရိနိဗ္ဗာတိ၊ မီးဆယ်တသီး အပြီးတိုင်ငြိမ်းပြီး ကြေးမြေ ရလေတော့သတည်း။

မှတ်ချက်။ ကမ္မကမ္မဖလာနံ ရတနတ္တယဂုဏာနဥ္စ သဒ္ဒဟနေန ဝိပ္ပသန္နေန စေတသာ၊ "ယံ သော ဓမ္မံ ဣဓညာယာ"တိ သော ဥပါသကော ယံ သဒ္ဓမ္မံ ဣမသ္မိံ သာသနေ သမ္မာပဋိပဇ္ဇနေန ဇာနိတွာ အဂ္ဂမဂ္ဂါဓိ ဂမေန အနာသဝေါ ဟုတွာ၊ ပရိနိဗ္ဗာတိ ကောဒသဂ္ဂိ ဝူသမေန သီတိဘဝတိ။ (ဋီကာ)

## ကျောင်းအကျိုး ၁၇-မျိုး

ကျောင်း၏အကျိုး တဆယ့်ခုနစ်မျိုးကို မြတ်ဘုရား ဟောကြားတော်မူခဲ့တယ်။

### အကျိုး ၁၇-ပါးကား

၁။ အချမ်းကင်းခြင်းလည်း အကျိုးတပါး

၂။ မီးပူကင်းခြင်းလည်း အကျိုးတပါး

၃။ ခြင်္သေ့ သဲ ကျား သားရဲ ဘေးရန်များ ကင်းခြင်းလည်း အကျိုးတပါး

၄။ မြွေကင်း ဘေးရန်များ ကင်းခြင်းလည်း အကျိုးတပါး

၅။ မှက်ခြင် ဘေးရန်များ ကင်းခြင်းလည်း အကျိုးတပါး

၆။ သိသိရကာလ သတ္တဘဟ ဝဋ္ဋလိက စသည်တို့၏ အစွမ်းဖြင့်ဖြစ်သော ချမ်းသော အတွေ့ကင်းခြင်းလည်း အကျိုးတပါး
၇။ မိုယ်းစိုစွတ်ခြင်း ကင်းခြင်းလည်း အကျိုးတပါး
၈။ အလွန်ပြင်းထန်သော လေဘေးရန်များ ကင်းခြင်းလည်း အကျိုးတပါး
၉။ နေပူကင်းခြင်းလည်း အကျိုးတပါး
၁၀။ ပုန်းအောင်းမွေ့လျော်ရခြင်းလည်း အကျိုးတပါး
၁၁။ ချမ်းသာစွာ နေရခြင်းလည်း အကျိုးတပါး
၁၂။ ကမ္မဋ္ဌာန်းပွားများ စျာန်ဝင်စားရခြင်းလည်း အကျိုးတပါး
၁၃။ ဝိပဿနာရှုရခြင်းလည်း အကျိုးတပါး
၁၄။ ထမင်း အဝတ် စသည်ကို ရခြင်းလည်း အကျိုးတပါး
၁၅။ တရားနာရခြင်းလည်း အကျိုးတပါး
၁၆။ မဂ်ဖိုလ်နိဗ္ဗာန်ကို ထိုးထွင်းသိမြင်ရခြင်းလည်း အကျိုးတပါး
၁၇။ ပရိနိဗ္ဗာန် ပြုရခြင်းလည်း အကျိုးတပါး။

**ကျောင်းနေရဟန်းနှင့် ကျောင်းဒကာ-ဒကာမတို့ရခြင်း**

ဒီ အကျိုး တဆယ့်ခုနစ်ပါးကို ကျောင်းနေ ရဟန်းတွေလဲ ရတယ်၊ ကျောင်းဒကာ, ကျောင်းအမတွေလဲ ရတယ်၊ သတ္တဘါတိုင်းပင် အများအားဖြင့် ကိုယ်ပြုတဲ့ အကြောင်းကံနှင့် တူတဲ့ အကျိုးတရားကို ရမြဲပင်ဖြစ်တယ်၊ ဒါကိုပင် ကမ္မနိယာမ သဘောဘဲလို့ ဆိုတယ်။

ဒီကမ္မနိယာမသဘောကို တွေးတောဆင်ခြင်ပြီး ဘုရားရှင်ချီးမွမ်းတော်မူတဲ့ သံဃိက ကျောင်းအလှူကို ကြည်ဖြူသော စိတ်ထားဖြင့် သီတ, ဥဏှ စသည်ကိုးပါး ဘေးရန်များလုံခြုံပြီး စာပေပို့ချသင်ကြား တရားအားထုတ် ရဟန်းအလုပ်ကို ကြိုးကုတ်မွေ့လျော် ပျော်ပျော်ကြီး နေနိုင်တဲ့ ကျောင်းမျိုးတွေကို ဆောက်လုပ်ပြီး—

"ဣမံ ဝိဟာရံ အာဂတာနာဂတဿ
စာတုဒ္ဒိသဿ သံဃဿ ဒေမ"

လို့ နှုတ်မြွက်ကြည်ဖြူ ပေးလှူရမည်တဲ့။

ဤကဲ့သို့ သံဃာပိုင် သံဃိက ကျောင်းအဖြစ်ဖြင့်လှူဒါန်းပြီး ဒီကျောင်းမှာ ကိုယ်ကျင့်သီလ, ပရိယတ္တိဂုဏ်, ပဋိပတ္တိဂုဏ်တို့နှင့် ပြည့်စုံတဲ့ ရဟန်းတော်များကို သိတင်းသုံးနေထိုင်စေရမည်တဲ့။

အဲဒီ ရဟန်းတော်များကိုလဲ ပစ်မထားရဘူးတဲ့။

ဆွမ်းဖြင့် ပင်ပန်းမှုမရှိအောင်လဲ တတ်အားသမျှ ဆွမ်းကို ပေးလှူရမယ်တဲ့။

အဝတ်သင်္ကန်းဖြင့် ပင်ပန်းမှု မရှိအောင်လဲ တတ်အားသမျှ အဝတ်သင်္ကန်းကို ပေးလှူရမယ်တဲ့။

ညောင်စောင်းကုတင် အင်းပျဉ်ဖြင့် ပင်ပန်းမှုမရှိအောင်လဲ တတ်အားသမျှ ညောင်စောင်းကုတင် အင်းပျဉ်ကို ပေးလှူရမယ်တဲ့ ။

ဆေးပစ္စည်းဖြင့် ပင်ပန်းမှုမရှိအောင်လဲ တတ်အားသမျှ ဆေးပစ္စည်းများကို ပေးလှူရမယ်တဲ့၊ တွန့်တိုမှုကို မပြုရဘူးတဲ့။

ကျောင်းနေ ရဟန်းတွေကလဲ ကျေးဇူးများတဲ့ ကျောင်းဒကာ, ကျောင်းအမတွေကို ကျေးဇူးတုံ့ပြန်တဲ့ အနေအားဖြင့် မကြာခဏ အခါအခွင့်ရသလို မဂ်ဖိုလ်ရကြောင်း သူတော်ကောင်းတရားတော်များကို ဟောပြောပြသကြရမယ်တဲ့။

ကျောင်းဒကာ, ကျောင်းအမ တွေလဲ ကြိမ်ဖန်များစွာ တရားနာပြီး တရားတော်လာတိုင်း ကျင့်ကြံကြိုးကုတ် အားထုတ်ရမယ်တဲ့၊ အဲဒီလို အားထုတ်ခြင်းကြောင့် အရဟတ္တမဂ် အရဟတ္တဖိုလ်ကို ရပြီး မီးတဆယ့်တသီးငြိမ်းကာ ဧကန်းဆိုက်ရပါလိမ့်မည်ဟု ဟောတော်မူတယ်။

### သစ္စာလေးပါး

> စတ္တာရိမာနိ ဘိက္ခဝေ အရိယသစ္စာနိ၊ ကတမာနိ စတ္တာရိ၊ ဒုက္ခံ အရိယသစ္စံ, ဒုက္ခသမုဒယံ အရိယသစ္စံ, ဒုက္ခနိရောဓံ အရိယသစ္စံ, ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ၊ ဣမာနိ ခေါ ဘိက္ခဝေ စတ္တာရိ အရိယသစ္စာနိ”

လို့ မဟာဝဂ္ဂသစ္စသံယုတ်မှာ အရိယာပုဂ္ဂိုလ်တို့ ထိုးထွင်းသိမြင်အပ်တဲ့ အမှန်တရားလေးပါးကို ဟောကြားတော်မူခဲ့တယ်။

၁။ ဆင်းရဲတဲ့တရား၊
၂။ ဆင်းရဲဖြစ်ကြောင်းတရား၊
၃။ ဆင်းရဲချုပ်ခြင်းတရား၊
၄။ ဆင်းရဲချုပ်ခြင်းသို့ ရောက်ကြောင်းအကျင့်တရား၊

ဒီ အမှန်တရား လေးပါးတို့တွင်—

**ဒုက္ခသစ္စာ**

ဉပါဒါန်၏ အာရုံဖြစ်တဲ့ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ် ဆိုတဲ့ ခန္ဓာငါးပါးသည်ကား ဆင်းရဲတဲ့တရားအမှန်ပင်၊ ထိုထက် အယုတ်အလွန် မရှိဟု မဂ်ဉာဏ်ဖြင့် ပိုင်းခြားပြီး သိရမယ်။

**သမုဒယသစ္စာ**

အစမထင် သံသရာတခွင်မှ စပြီး မိမိသန္တာန်မှာ အဖန်ဖန်ကိန်းပြီး ပါလာတဲ့ 'တဏှာနုသယ'သည်ကား ဆင်းရဲဖြစ်ကြောင်း တရားအမှန်ပင်၊ ဒီတဏှာအနုသယကို ဘဝသစ်မှာ တဖန် ခန္ဓာအသစ်မပြုနိုင်အောင် မဂ်ဉာဏ်ဖြင့် အကြွင်းမဲ့ပယ်ရမယ်။

**နိရောဓသစ္စာ**

သတ္တဝါတဦး ဘဝလက်စသတ်ပြီး ရုပ်ရောနာမ်ပါ အပြီးသတ်ချုပ်ငြိမ်းခြင်း, နောက်ဘဝသစ်၌ သတ္တဝါလို့ ခေါ်စရာ ရုပ်နာမ်ခန္ဓာ မဖြစ်ပေါ်တော့ခြင်းသည်ကား ဆင်းရဲချုပ်ခြင်းတရားအမှန်ပင်၊ ဒီဆင်းရဲချုပ်ခြင်းတရားကို မျက်စိအမြင်ရှိတဲ့ ယောကျ်ားဟာ မျက်စိအတွင်းမှာ ထင်လာတဲ့ ရူပါရုံတွေကို မျက်ဝါးထင်ထင် မြင်ရတာလို မဂ်ဉာဏ်ဖြင့် မြင်အောင်ပြုရမယ်။

**မဂ္ဂသစ္စာ**

| | |
|---|---|
| ၁။ မှန်စွာမြင်ခြင်း | ၂။ မှန်စွာကြံခြင်း |
| ၃။ မှန်စွာဆိုခြင်း | ၄။ မှန်စွာပြုခြင်း |
| ၅။ မှန်စွာအသက်မွေးခြင်း | ၆။ မှန်စွာအားထုတ်ခြင်း |
| ၇။ မှန်စွာအောက်မေ့ခြင်း | ၈။ မှန်စွာတည်ကြည်ခြင်း |

ဒီ ဖြူစင်မြင့်မြတ်တဲ့ အဋ္ဌင်္ဂိကမဂ်အကျင့်သည်ကား ဆင်းရဲချုပ်ခြင်းသို့ ရောက်ကြောင်း အကျင့် တရား အမှန်ပင်၊ ဒီဆင်းရဲ ချုပ်ခြင်းသို့ **ရောက်**

ကြောင်းအကျင့်တရားကို မဂ်ဉာဏ်ဟာ သမ္မာသကပ္ပ စသော ကြွင်းသော မဂ်တို့၏ သဟဇာတ စသော ပစ္စည်း၏ အဖြစ်၏အစွမ်းဖြင့် ပွားစေရာ၏။

ကြိုးစားပါ

ဤကဲ့သို့ အမှန်တရားလေးပါး၌ ပရိညေယျကိစ္စ, ပဟာတဗ္ဗကိစ္စ, သစ္ဆိကာတဗ္ဗကိစ္စ, ဘာဝေတဗ္ဗကိစ္စ ဟူသော ကိစ္စလေးပုံကို ပြည့်စုံအောင် ကြိုးစားကြကုန်ရာသတည်း။

တရားသိမ်း

ကဲတရားသိမ်းကြစို့ရဲ့-

ဒေသိတံ လောကနာထေန၊
ဓမ္မံ နိဗ္ဗာနပါပကံ။
သက္ကစ္စံယေဝ သုတွာန၊
'သာဓု သာဓူ'တိ ဘာသထ။

လောကနာထေန၊ သတ္တဝါများ အားထားမှီတွယ် ကိုးကွယ်ရာအစစ် ဖြစ်ကြီးဖြစ်ငြား မြတ်ဘုရားသည်။ ဒေသိတံ၊ သချေင်္လေးရပ် တသိန်းကပ် လုံး စုရုံးပါရမီ ဉာဏ်အဆီဖြင့် ကြံစည်ပိုင်းဖြတ် ဟောကြားအပ်သော။ နိဗ္ဗာန ပါပကံ၊ ဒုက္ခကုန်ရာ နိဗ္ဗူတာသို့ လျင်စွာထုတ်ချောက် ရောက်စေ တတ်သော။ ဓမ္မံ၊ ကျောင်းအနုမောဒနာ တရားဒေသနာတော်ကို။ သက္ကစ္စံ ယေဝ၊ သဒ္ဓါဟရား အရင်းခံထားပြီး လေးစား ရိုသေစွာ သာလျှင်။ သုတွာန၊ ရွှင်လန်းအားတက် နှစ်သက်မေ်းသာ ကြားနာပြီး၍။ သာဓု သာဓူတိ၊ နိဗ္ဗာန်မဂ်ဖိုလ် ရပါလိုဟု ပတ္ထနာပြု သာဓု, သာဓု, သာဓုဟု၍။ ဘာသထ၊ သုံးကြိမ်သုံးဝ နှုတ်မြွက်ဟ၍ ဆိုလိုက်ကြကုန်လော့။

(သာဓု သာဓု သာဓု)

မှတ်ချက်။ ။သီတပဋိဃာတာဒိကာ ဝိပဿနာပဿနာ တေရသ၊ အန္ဒာဒိလာဘော, ဓမ္မဿဝနံ, ဓမ္မာဝဗောဓော, ပရိနိဗ္ဗာနန္တိ ဝေမေတ္တ သတ္တရသ အာနိသံသာ ဝုတ္တာ၊ ပဋိဂ္ဂဟဏကာနံ ဝိဟာရဝသေန ဉပ္ပန္နဖလာနုရူပမ္ပိ ဒါယကာနံ ဝိဟာရဒါနဖလံ ဝေဒိတဗ္ဗံ။ (ဋီကာ)

သံဃိကကျောင်း အနုမောဒနာတရားတော် ပြီး၏။

(ဓာတုဝိဘင်းမှ)

# ဓာတ်လေးပါးတရားတော်

## ဓာတ်လေးပါးတရား နာကြားပါ

ဒေသိတံ ဘူရိပညေန၊
ဂမ္ဘီရံ ဓာတုဒေသနံ။
သန္တိကာ မေ နုဒ္ဓစ္စေန၊
တုမ္ဟေ သုဏာထ သာဓဝေါ။

ဘောန္တော၊ သဒ္ဓမ္မသဝန ဒုလ္လဘပွဲ အရနွဲ့ကြတဲ့ စိတ်ဇွဲလွန်ကောင်း အို-ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့။ သာဓဝေါ၊ ကိုယ်နှုတ်စိတ်ကို ထိန်းချုပ်ပြေ့ပျောင်း သူတော်ကောင်းဖြစ်ကုန်သော။ တုမှေ၊ သဒ္ဓါဖြူစွ တရားနာကြတဲ့ သင် ဒကာ, ဒကာမတို့သည်။ ဘူရိပညေန၊ မြေကြီးပမာ ပညာရှိငြား မြတ်ဘုရားသည်။ ဒေသိတံ၊ ဝေဖန်ပိုင်းခြား စည်းကမ်းထား၍ ဟောကြားတော်မူအပ်သော။ ဂမ္ဘီရံ၊ သိမ်မွေ့ခက်ခဲ နက်နဲစွာသော။ဓာတုဒေသနံ၊ ခက်မာ,ဖွဲ့စေး, ပူဇေ, ထောက်ကန် လေးတန်ဟောရပ် ဓာတ်ဒေသနာတော်ကို။ မေ၊ ဗုဒ္ဓဝစနကို တဆင့်ဟောပြမည့် မွေကထိက ဖြစ်သော ငါ၏။ သန္တိကာ၊ ဝစီဘေဒသဒ္ဒခေါ်ရုပ်ထံတော်နှုတ်မှ။နုဒ္ဓစ္စေန၊ တရားအာရုံ စိတ်ဇောတုံလင့် မပြန့်လွင့်သော စိတ်ဖြင့်။ သုဏာထ၊ အားတိုက် အင်တိုက် ထောင်နားစိုက်လျက် နာလိုက်ကြကုန်လော့။

ဒီကနေ့ ဓာတ်လေးပါး တရားတော်ကြီးကို ဟောပြမည်၊ ဒီဓာတ်လေးပါး တရားတော်ကို မြတ်ဘုရား ဟောကြားတော်မူခဲ့တယ်၊ အလွန်သိမ်မွေ့နက်နဲပြီး ခက်ခဲဆန်းကြယ်တယ်၊ ဟောသူနည်းပါး နာသူရှားပြီး ကြားလည်းကြားနာရခဲတယ်၊ ဒီကနေ့တော့ သိမ်မွေ့နက်နဲ ကြားနာရခဲဘဲ့ ဓာတ်လေးပါးတရားတော်ကြီးကို ရှင်စောဘုရား ဟောကြားတော်မူတိုင်း တဆင့်ဟောပြမည်ဖြစ်၍ ကြားနာကြရတော့မည်။

တရားနာတဲ့ သူတော်စင်တိုင်းပင် မိမိ မိမိတို့၏ စိတ်ကလေးတွေကို ဟိုအာရုံသွား, သည်အာရုံသွား ပြန့်လွင့်သောအားဖြင့် မထားဘဲ တရားအာရုံ တခုတည်း၌သာ ထားပြီး နာကြားကြပါ။

ဓာတ်လေးပါး

"စတဿော ဓာတုယော ပထဝီဓာတု,
အာပေါဓာတု, တေဇောဓာတု, ဝါယောဓာတု"

လို့ ဟောတော်မူခြင်းကြောင့်

၁။ ပထဝီဓာတ်
၂။ အာပေါဓာတ်
၃။ တေဇောဓာတ်
၄။ ဝါယောဓာတ်

လို့ ဓာတ်ကြီးလေးပါး ရှိတယ်။

ပထဝီဓာတ်စု ဉာဏ်သို့ရှု

ပထဝီဓာတ်မှာ ကိုယ်တွင်းသန္တာန်မှာ ဖြစ်တဲ့ ပထဝီဓာတ်, ကိုယ်ပ သန္တာန်မှာ ဖြစ်တဲ့ ပထဝီဓာတ်လို့ နှစ်မျိုးရှိဘယ်။

ကိုယ်တွင်းသန္တာန်မှာ ဖြစ်တဲ့ ပထဝီဓာတ်ကား ၂၀ - ရှိတယ်။

ပထဝီဓာတ်- ၂၀

၁- ကေသာ၊ ၂- လောမာ၊ ၃- နခါ၊ ၄- ဒန္တာ၊ ၅- တစော၊ ၆- မံသံ၊ ၇- နှာရု၊ ၈- အဋ္ဌိ၊ ၉- အဋ္ဌိမိဉ္ဇံ၊ ၁၀- ဝက္ကံ၊ ၁၁- ဟဒယံ၊ ၁၂- ယကနံ၊ ၁၃- ကိလောမကံ၊ ၁၄- ပိဟကံ၊ ၁၅- ပပ္ဖါသံ၊ ၁၆- အန္တံ၊ ၁၇- အန္တဂုဏံ၊ ၁၈- ဥဒရိယံ၊ ၁၉- ကရီသံ၊ ၂၀- မတ္ထလုင်္ဂံ ။

မြန်မာလို

၁- ဆံပင်၊ ၂- မွေးညှင်း၊ ၃- ခြေသည်း လက်သည်း၊ ၄- သွား၊ ၅- အရေ၊ ၆- အသား၊ ၇ အကြော၊ ၈- အရိုး၊ ၉- ရိုးတွင်း ချဉ်ဆီ၊ ၁၀- အညှို့၊ ၁၁- နှလုံး၊ ၁၂- အသည်း၊ ၁၃- အမြှေး၊ ၁၄- အဖျဉ်း၊ ၁၅- အဆုတ်၊ ၁၆- အူမ၊ ၁၇- အူသိမ်၊ ၁၈- အစာသစ်၊ ၁၉- အစာဟောင်း၊ ၂၀- ဦးနှောက် တို့ပင် ဖြစ်တယ်။

ကိုယ်ပသန္တာန်မှာဖြစ်တဲ့ ပထဝီဓာတ်က အလွန်ပင် ပေါများတယ်၊ မြေခဲ, သံခဲ, ကျောက်ခဲ, အင်္ဂခဲ သစ်သား စသည်တို့ပင် ဖြစ်တယ်။

ဒီ ကိုယ်တွင်း, ကိုယ်ပ နှစ်ဌာနလုံးမှာရှိတဲ့ ပထဝီအားလုံးပင် ခက်မာ ကြမ်းတန်းခြင်း ကက္ခဠသဘောလက္ခဏာ ရှိတယ်။

ပထဝီဓာတ်၏ ကက္ခဠလက္ခဏာကို လက်တွေ့သိလိုလျှင် အင်္ဂျီခဲတခုကို လက်ဖြင့် ကိုင်စမ်းပုတ်ခတ်ကြည့်ပါ၊ ခက်မာကြမ်းတန်းတဲ့ သဘောကို တွေ့ပါလိမ့်မယ်၊ဒီအင်္ဂျီခဲ ပထဝီဓာတ်နည်းတူပင် ကိုယ်တွင်း ကိုယ်ပ နှစ်ဌာန မှာရှိတဲ့ အခြားသော ပထဝီဓာတ်များကိုလည်း ကိုင်စမ်း ပုတ်ခတ်ကြည့် ပါ၊ ခက်မာကြမ်းတန်းတဲ့ သဘောကိုဘဲ တွေ့ရပါလိမ့်မယ်၊ တွေ့လာတဲ့ ခက်မာကြမ်းတန်းတဲ့ သဘောကို ပထဝီလို့ မှတ်ရမယ်။

ခက်မာကြမ်းတန်းတဲ့ သဘောကို တွေ့တိုင် တွေ့တိုင်းပင် "ဤခက်မာ ကြမ်းတန်းတဲ့ သဘောသည်ကား ပထဝီဓာတ်ပင်တည်း၊ "ငါ၏ဥစ္စာ မဟုတ်, ငါမဟုတ်, ငါပိုင် ငါစိုး ငါ့အလိုသို့လိုက် ငါ့အကြိုက်သို့ကျတဲ့ အတ္တလည်း မဟုတ်"ဟု မဖောက်မပြန် မှန်ကန်စွာ ရှုရမယ်။

ကက္ခဠာ ပထဝီဓာတု၊
ပထဝီဓာတု ရေဝေ သာ။
'နေတံ မမာ'တိ ဉာယေန၊
ဣက္ခေယျ တံ ယထာဘူတံ။

ပဏ္ဍိတော၊ ဒုက္ခချယ်လယ် သံသရာ့နယ်မှ တကယ်လွတ်လို မဂ်ဖိုလ် နိဗ္ဗာန် ရရန်ရည်ဘိ ပညာရှိသည်။သော၊ဤကိုယ်တွင်း ကိုယ်ပ နှစ်ဌာနတို့ အလုံးစုံသော မြေသည်။ ပထဝီဓာတုရေဝ၊ ပထဝီဓာတ်သာတည်း။ သော ပထဝီဓာတု၊ ဤသဟဇာတလာ ရုပ်များစွာ၏တည်ရာဖြစ်လတ် ပထဝီဓာတ် သည်။ ကက္ခဠာ၊ သဘောလက္ခဏာ ခက်မာပေ၏။ တံ၊ထိုသဘောလက္ခဏာ ခက်မာစွာလတ် ပထဝီဓာတ်ကို။ နေတံ မမာတိဉာယေန၊ နေတံ မမ အစ ပြုပြီး ဟောတော်မူအပ်သော အကျင့်နည် ဖြင့်။ ယထာဘူတံ၊ မဖောက် မပြန် ဟုတ်တိုင်းမှန်စွာ။ ဣက္ခေယျ၊ ရှုမြင်ပွားများ မှတ်သားရာ၏။

**အာပေါဓာတ်စု ဤသို့ရှု**

အာပေါဓာတ်မှာ ကိုယ်တွင်း သန္တာန်မှာ ဖြစ်တဲ့ အာပေါဓာတ်, ကိုယ်ပသန္တာန်မှာဖြစ်တဲ့ အာပေါဓာတ်လို့ နှစ်မျိုးရှိတယ်။

ကိုယ်တွင်းသန္တာန်မှာဖြစ်တဲ့ အာပေါဓာတ်က ၁၂-ပါး ရှိတယ်။

**အာပေါဓာတ် ၁၂-ပါး**

၁-ပိတ္တံ၊ ၂-သေမှံ၊ ၃-ပုဗ္ဗော၊ ၄-လောဟိတံ၊ ၅-သေဒေါ၊ ၆-မေဒေါ၊ ၇-အဿု၊ ၈-ဝသာ၊ ၉-ခေဠော၊ ၁၀-သိင်္ဃာဏိကာ၊ ၁၁-လသိကာ၊ ၁၂-မုတ္တံ။

## မြန်မာလို

၁-သည်းခြေ၊ ၂-သလိပ်၊ ၃-ပြည်၊ ၄-သွေး၊ ၅-ချွေး၊ ၆-အဆီခဲ၊ ၇-မျက်ရည်၊ ၈-အဆီကြည်၊ ၉-တံတွေး၊ ၁၀-နှပ်၊ ၁၁-အစေး၊ ၁၂-ကျင်ငယ် တို့ပင် ဖြစ်တယ်။

ကိုယ်ပ,သန္တာန်မှာဖြစ်တဲ့ အာပေါဓာတ်က အလွန်ပင် ပေါများတယ်၊ ရေ,နို့,ရည်,ဆီ စသည်တို့ပင် ဖြစ်တယ်။

ဒီ ကိုယ်တွင်း, ကိုယ်ပ နှစ်ဌာနလုံးမှာရှိတဲ့ အာပေါဓာတ်အားလုံးပင် ဖွဲ့စေးခြင်း အာဗန္ဓနသဘောလက္ခဏာ ရှိတယ်။

အာပေါဓာတ်၏ အာဗန္ဓနသဘောလက္ခဏာကို လက်တွေ့သိလိုလျှင် သဲခြောက်ကိုယူပြီး ရေအနည်းငယ်ဆွတ်ဖျန်း၍ ဆုပ်ပါ၊ မူလက တခုချင်း လုံးနေတဲ့ သဲလုံးကလေးတွေဟာ အာပေါဓာတ်၏ သတ္တိကြောင့် တခုနှင့် တခု ဖွဲ့စေးလျက် တလုံးတခဲတည်း ဖြစ်လာပြီး ဖွဲ့စေးခြင်းသဘောကို တွေ့မြင်ရလိမ့်မယ်။

ဒီ ရေအာပေါဓာတ် နည်းတူပင် ကိုယ်တွင်း, ကိုယ်ပ နှစ်ဌာနလုံးမှာ ရှိတဲ့ အခြားသော အာပေါဓာတ် များကိုလည်း စုံစမ်းစစ်ဆေးကြည့်ပါ၊ ဖွဲ့စေးခြင်းသဘောကိုဘဲ တွေ့ရပါလိမ့်မယ်၊တွေ့လာတဲ့ဖွဲ့စေးခြင်းသဘောကို အာပေါဓာတ်လို့ မှတ်ရမယ်။

ဖွဲ့စေးခြင်းသဘောကို တွေ့တိုင်း တွေ့တိုင်းပင် "ဤဖွဲ့စေးခြင်းသဘော သည်ကား အာပေါဓာတ်ပင်တည်း၊ ငါ၏ဥစ္စာမဟုတ်, ငါမဟုတ်, ငါပိုင် ငါစိုး ငါ့အလိုသို့လိုက် ငါ့အကြိုက်သို့ကျတဲ့ အတ္တမဟုတ်"ဟု မဖောက် မပြန် မှန်ကန်စွာရှုရမယ်။

အာဗန္ဓနံ အာပေါဓာတု၊
အာပေါဓာတွေဝ သေ တံ။
'နေတံ မမာ'တိ ဉာဏေန၊
သမ္မာ ပ္စက္ခေယျ ပဏ္ဍိတော။

ပဏ္ဍိတော၊ သည်။ သေ-သော၊ ဤကိုယ်တွင်း, ကိုယ်ပ နှစ်ဌာနတု အလုံးစုံသော ရေသည်။ အာပေါဓာတု ဧဝ၊ တကွဲဖြစ်ငြား ရုပ်အများကို တိုးပွားစေတတ် အာပေါဓာတ်သာတည်း။ သေ-သော အာပေါဓာတု၊ ဤတကွဲဖြစ်ငြား ရုပ်အများကို တိုးပွားစေတတ် အာပေါဓာတ်သည်။

အာဗန္ဓနံ၊ သဘောလက္ခဏာ ဖွဲ့စေးပေါ၏။ တံ၊ ထိုသဘောလက္ခဏာ ဖွဲ့စေးပါလတ် အာပေါဓာတ်ကို။ နေတံ မမာတိ ဉာယေန၊ နေတံ မမ အစပြုပြီး ဟောတော်မူအပ်သော အကျင့်နည်းဖြင့်။ သမ္မာ၊ မဖောက်မပြန် ဟုတ်တိုင်းမှန်စွာ။ ဣက္ခေယျ၊ ရှုမြင်ပွားများ မှတ်သားရာ၏။

**တေဇောဓာတ်စု ဤသို့ရှု**

တေဇောဓာတ်မှာ ကိုယ်တွင်း သန္တာန်မှာ ဖြစ်တဲ့ တေဇောဓာတ်၊ ကိုယ်ပသန္တာန်မှာဖြစ်တဲ့ တေဇောဓာတ်လို့ နှစ်မျိုးရှိတယ်။

ကိုယ်တွင်းသန္တာန်မှာဖြစ်တဲ့ တေဇောဓာတ်က ၄-ပါး ရှိတယ်။

**တေဇောဓာတ် လေးပါး**

၁။ သန္တပ္ပနတေဇော
၂။ ဇီရဏတေဇော
၃။ ပရိဒဟနတေဇော
၄။ ပါစကတေဇော

**မြန်မာလို**

၁။ ပူလောင်တတ်တဲ့မီး
၂။ အရွယ်ကို ရင့်ရော်စေတတ်တဲ့မီး
၃။ ထက်ဝန်းကျင်မှ ပြင်းစွာလောင်မြိုက်တတ်တဲ့မီး
၄။ စားသောက်အပ်တဲ့ အစာ အာဟာရ တွေကို ကျိုချက်တတ်တဲ့မီး တို့ပင် ဖြစ်တယ်။

ကိုယ်ပသန္တာန်မှာဖြစ်တဲ့ တေဇောဓာတ်က အလွန်ပင်ပေါများတယ်၊ မီးပူ၊ နေပူ စသည်တို့ပင် ဖြစ်တယ်။

ဒီ ကိုယ်တွင်းကိုယ်ပ နှစ်ဌာနလုံးမှာရှိတဲ့ တေဇောဓာတ်အားလုံးပင် ပူခြင်း ဥဏှတ္တသဘောလက္ခဏာ ရှိတယ်၊ တေဇောဓာတ်၏ ဥဏှတ္တသဘောလက္ခဏာကို လက်တွေ့သိလိုလျှင် မီးကို လက်နှင့်ကိုင်ကြည့်ပါ၊ ပူတဲ့သဘောကို တွေ့ပါလိမ့်မယ်၊ ဒီမီးတေဇောဓာတ် နည်းတူပင် ကိုယ်တွင်းကိုယ်ပ နှစ်ဌာနလုံးမှာရှိတဲ့ အခြားသော တေဇောဓာတ်များကိုလည်း စုံစမ်းစစ်ဆေးကြည့်ပါ၊ ပူခြင်းသဘောကိုဘဲ တွေ့ရပါလိမ့်မယ်၊ တွေ့လာတဲ့ ပူသေဘောကို တေဇောဓာတ်လို့ မှတ်ရမယ်။

ပူပသေဘောကို တွေ့တိုင်းတွေ့တိုင်းပင် "ဤ ပူပခြင်းသဘောသည်ကား တေဇောဓာတ်ပင်တည်း၊ငါ၏ ဥစ္စာမဟုတ်၊ ငါမဟုတ်၊ငါပိုင် ငါစိုးငါ့အလိုသို့ လိုက်ငါ့အကြိုက်သို့ကျတဲ့အတ္တမဟုတ်" ဟုမဖောက်မပြန်မှန်ကန်စွာရှုရမယ်။

ဉဏှတ္တလက္ခဏော တေဇော၊
တေဇောဓာတုဝ သော တံ။
'နေတံ မမာ'တိ ဉာယေန၊
သမ္မာ ဣက္ခေယျ ပဏ္ဍိတော။

ပဏ္ဍိတော၊ သည်။ သေ-ဒသော တေဇော၊ ဤကိုယ်တွင်း, ကိုယ်ပ နှစ်ဌာနတို့ အလုံးစုံသောမီးသည်။ တေဇောဓာတုဝေ၊ တက္ကပြ ဘက် ရုပ်စုနက်ကို ရင့်ကျက်စေတတ် တေဇောဓာတ်သာတည်း။ သေ-သော တေဇောဓာတု၊ ဤတက္ကပြစ်ဘက် ရုပ်စုနက်ကို ရင့်ကျက်စေတတ် တေဇော ဓာတ်သည်။ ဉဏှတ္တလက္ခဏော၊ သဘောလက္ခဏာ ပူပေါ၏။ တံ၊ ထို သဘောလက္ခဏာ ပူပေါလတ် တေဇောဓာတ်ကို။ နေတံ မမာတိ ဉာယေန၊ နေတံ မမ, အစပြုပြီး ဟောတော်မူအပ်သော အကျင့်နည်းဖြင့်။ သမ္မာ၊ မဖောက်မပြန် ဟုတ်တိုင်းမှန်စွာ။ဣက္ခေယျ၊ ရှုမြင်ပွားများမှတ်သားရာ၏။

**ဝါယောဓာတ်စု ဤသို့ရှု**

ဝါယောဓာတ်မှာ ကိုယ်တွင်းသန္တာန်မှာဖြစ်တဲ့ ဝါယောဓာတ်, ကိုယ်ပ သန္တာန်မှာဖြစ်တဲ့ ဝါယောဓာတ်လို့ နှစ်မျိုးရှိတယ်။

ကိုယ်တွင်း သန္တာန်မှာဖြစ်တဲ့ ဝါယောဓာတ်က ၆-ပါးရှိတယ်၊

**ဝါယောဓာတ် ၆-ပါး**

၁။ ဥဒ္ဓင်္ဂမ ဝါယော
၂။ အဓောဂမဝါယော
၃။ ကုစ္ဆိသယဝါယော
၄။ ကောဋ္ဌာသယဝါယော
၅။ အင်္ဂမင်္ဂါနုသာရီဝါယော
၆။ အဿာသပဿာသဝါယော

**မြန်မာလို**

၁။ အထက်သို့ဆန်တက်တဲ့လေ
၂။ အောက်သို့စုန်ဆင်းတဲ့လေ

၃။ ဝမ်းတွင်းအူအပြင်မှာတည်တဲ့လေ
၄။ အူအတွင်းမှာတည်တဲ့လေ
၅။ အင်္ဂါကြီးငယ်သို့ အစဉ်လျှောက်တဲ့လေ
၆။ ထွက်သက် ဝင်သက်လေ တို့ပင် ဖြစ်တယ်။

"ကောဋ္ဌာသယော"တိ အန္တာနံ အန္တောဝါတော။ (အဋ္ဌကထာ) ကိုယ်ပသန္တာခန်မှာဖြစ်တဲ့ ဝါယောဓာတ်က အလွန်ပေါများတယ်၊အရှေ့လေ,အနောက်လေ,တောင်လေ, မြောက်လေ စသည်တို့ပင် ဖြစ်တယ်။

ဒီကိုယ်တွင်း,ကိုယ်ပ နှစ်ဌာနလုံးမှာရှိတဲ့ ဝါယောဓာတ် အားလုံးပင် ထောက်ပံ့ခိုင်စေခြင်း ဝိတ္ထမ္ဘန သဘောလက္ခဏာရှိတယ်၊ ဝါယောဓာတ်၏ ဝိတ္ထမ္ဘန သဘောလက္ခဏာကို လက်တွေ့သိလိုလျှင် လေပြည့် ဘော့လုံးကို လက်နှင့် ဖိနှိပ်ကြည့်ပါ၊ ထောက်ပံ့ခိုင်စေခြင်း သဘောကိုတွေ့ပါလိမ့်မယ်။

ဒီလေ ဝါယောဓာတ် နည်းတူပင် ကိုယ်တွင်းကိုယ်ပ နှစ်ဌာနလုံးမှာ ရှိတဲ့ အခြားသော ဝါယောဓာတ်များကိုလည်း စုံစမ်းစစ်ဆေးကြည့်ပါ၊ ထောက်ပံ့ခိုင်စေခြင်း၊ တွန်းကန်လှုပ်ရှားခြင်း သဘောကိုဘဲ တွေ့ပါလိမ့်မယ်၊ တွေ့လာတဲ့ ထောက်ပံ့ခိုင်စေခြင်း၊ တွန်းကန်လှုပ်ရှားခြင်း သဘောကို ဝါယောဓာတ်လို့ မှတ်ရမယ်။

ထောက်ပံ့ခိုင်စေခြင်း, တွန်းကန်လှုပ်ရှားခြင်း သဘောကို တွေ့တိုင်း တွေ့တိုင်းပင် "ဤထောက်ပံ့ခိုင်စေခြင်း, တွန်းကန်လှုပ်ရှားခြင်း သဘောသည်ကား ဝါယောဓာတ်ပင်တည်း၊ ငါ၏ဥစ္စာမဟုတ်၊ ငါမဟုတ်၊ ငါပိုင် ငါစိုး ငါ့အလိုသို့လိုက် ငါ့အကြိုက်သို့ကျတဲ့ အတ္တမဟုတ်"ဟု မဖောက်မပြန် မှန်ကန်စွာ ရှုရမယ်။

ဝိတ္ထမ္ဘနံ ဝါယောဓာတု၊
ဝါယောဓာတွေဝ သေ တံ။
'နေတံ မမာ'တိ ဉာယေန၊
သမ္မာ ဋ္ဌေယျ ပဏ္ဍိတော။

ပဏ္ဍိတော၊ သည်။ သေ- ေသာ ဝါယော၊ ဤ ကိုယ်တွင်း, ကိုယ်ပ နှစ်ဌာနတို့ အလုံးစုံသော လေသည်။ ဝါယောဓာတု ဧဝ၊ အရပ်တပါး ရောက်သွားစေတတ် ဝါယောဓာတ်သာတည်း။ သေ- သော ဝါယော

ခါတု၊ ဤ အရပ်တပါး ရောက်သွားစေတတ် ဝါယောဓာတ်သည်။ ဝိတ္ထမ္ဘနံ၊ သဘောလက္ခဏာ ခိုင်စေပါ၏။ တံ၊ ထိုသဘော လက္ခဏာ ခိုင်စေပါလတ် ဝါယောဓာတ်ကို။ နေတံ မမာတိ ဉာယေန၊ နေတံ မမ, အစပြုပြီး ဟောတော်မူအပ်သော အကျင့်နည်းဖြင့်။ သမ္မာ၊ မဖောက်မပြန် ဟုတ်တိုင်းမှန်စွာ။ ဠက္ခေယျ၊ ရှုမြင်ပွားများ မှတ်သားရာ၏။

ကဲ ကဲ ကိုယ့်ကိုယ်ကို ပြန်ပြီး ကြည့်လိုက်ကြစမ်းပါ၊ ဘာတွေများ ပေါင်းစုပြီးထားသလဲ၊ ရုပ်ဓာတ် နာမ်ဓာတ် နှစ်ရပ် စုပုံပြီးထားတဲ့ ဓာတ် အစုအပုံကြီးဘဲ မဟုတ်လား၊အဲဒီ ဓာတ်အစုအပုံကြီးထဲမှာ ပထဝီ,အာပေါ, တေဇော, ဝါယောဆိုတဲ့ ဓာတ်ကြီးလေးပါး ပါတယ်၊ ဒီဓာတ်ကြီး လေးပါးဟာ ဆိုင်ရာ ဆိုင်ရာ ကိစ္စကလေးတွေကို ပြုလုပ်ဆောင်ရွက်ကြတယ်၊ ဒီဓာတ်အစု အပုံကြီးထဲမှာ အတ္တခေါ်တဲ့ ကိစ္စအရပ်ရပ် ပြုလုပ်တတ်တဲ့ သူဘဲရှိသလား၊ ကိစ္စအထွေထွေ ပြုလုပ်စေတဲ့သူဘဲ ရှိသလား၊ မရှိသည်သာ ဖြစ်တယ်။

ဒါဖြင့်- ဘယ်သူ စားသလဲ၊ ဓာတ်လေးပါး စားတယ်။
ဘယ်သူ သွားသလဲ၊ ဓာတ်လေးပါး သွားတယ်။
ဘယ်သူ ရပ်သလဲ၊ ဓာတ်လေးပါး ရပ်တယ်။
ဘယ်သူ ထိုင်သလဲ၊ ဓာတ်လေးပါး ထိုင်တယ်။
ဘယ်သူ အိပ်သလဲ၊ ဓာတ်လေးပါး အိပ်တယ်။

ဒါဖြင့်- စားရာမှာလဲ ဓာတ်လေးပါး။
သွားရာမှာလဲ ဓာတ်လေးပါး။
ရပ်ရာမှာလဲ ဓာတ်လေးပါး။
ထိုင်ရာမှာလဲ ဓာတ်လေးပါး။
အိပ်ရာမှာလဲ ဓာတ်လေးပါး။

စားတယ်, သွားတယ်, ရပ်တယ်, ထိုင်တယ်,အိပ်တယ် = ပထဝီ,အာပေါ, တေဇော, ဝါယော။

ဟော ဓာတ်ကြီး လေးပါးဘဲ ခန္ဓာကိုယ်၏ ကိစ္စ အထွေထွေကို ဆောင်ရွက်နေတယ် မဟုတ်လား၊ ဒီလို ဓာတ်ကြီးလေးပါးဟာ ကိုယ့်ကိစ္စ ကိုယ့်တာဝန်ကို ကျေပြွန်အောင်ဆောင်ရွက်နေကြတာကိုပင် "ငါစားတယ်၊

ငါသွားတယ်၊ ငါရပ်တယ်၊ ငါထိုင်တယ်၊ ငါအိပ်တယ်" လို့ ငါတလုံး တပ်ပြီး ဓာတ်လေးပါးကို ငါမှတ်ခါ အတ္တဒိဋ္ဌိကြီးတန်းလန်းနှင့် အပါယ် စခန်းမပိတ်နိုင်ကြဘဲ ရှိကြတယ်။

ဒီကနေ့ကစပြီး ဒီ ငါကြီးကို ဖြုတ်လိုက်ကြစမ်းပါ၊ ငါမဖြုတ်လျှင် အပါယ်ရွာမှာ တလယ်လယ်သာ ငါမြုပ်ရလိမ့်မည်၊ ငါဖြုတ်ပါလျှင် အပါယ်ရွာမှာ တလယ်လယ် ငါမမြုပ်ရတော့ဘူးလို့ စိတ်ထဲက ဆုံးဖြတ်ပြီး ဘာဘဲလုပ်လုပ် "ငါ မဟုတ်ဘူးဟေ့၊ ဓာတ်လေးပါး အလုပ်ဘဲ" လို့ သာ ထပ်တလဲလဲ အမှတ်မြဲစေရမယ်။

ဒီလို အမှတ်မြဲလာတဲ့ အခါ—

စားရာမှာလဲ ဓာတ်ဘဲ ဓာတ်ဘဲ၊
သွားရာမှာလဲ ဓာတ်ဘဲ ဓာဘဲ၊
ရပ်ရာမှာလဲ ဓာတ်ဘဲ ဓာတ်ဘဲ၊
ထိုင်ရာမှာလဲ ဓာတ် ဓာတ်ဘဲ၊
အိပ်ရာမှာလဲ ဓာတ်ဘဲ ဓာတ်ဘဲ၊

လို့ ထပ်တလဲလဲ မြင်ပြီး ပညတ်စင်ကာ—

စားရာမှာလဲ ငါမပါတော့ဘူး၊
သွားရာမှာလဲ ငါမပါတော့ဘူး၊
ရပ်ရာမှာလဲ ငါမပါတော့ဘူး၊
ထိုင်ရာမှာလဲ ငါမပါတော့ဘူး၊
အိပ်ရာမှာလဲ ငါမပါတော့ဘူး၊

ငါမဝင်လျှင် အတ္တဒိဋ္ဌိ စင်တော့တာပေါ့၊ အတ္တဒိဋ္ဌိစင်လျှင် အပါယ် သံသရာတခွင်မှ လွတ်တော့တာပေါ့၊ အပါယ်သံသရာတခွင်မှ လွတ်လျှင် ပင် အပုံကြီးချမ်းသာပြီး မုချကေန်ပင် သံသရာလမ်းဆုံးပြီး ချမ်းသာ တကာတို့၏ အထွဋ်ဆုံးဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာကြီးကို ရတော့မှာမို့ နိဗ္ဗာန် ချမ်းသာကို ရလိုသူတိုင်း ဒီဓာတ်လေးပါး တရားတော်ကြီးကို ကြားနာ မှတ်သားပြီး ကျင့်ကြံကြိုးကုတ် အားထုတ်ကြရမယ်။

ဓာတုပုဉ္ဇော အယံ ကာယော၊
ဓာတုယောဝ သဓာရဏာ။

ကောစိ ကတ္တာ ဝါ ကာရေတာ၊
နတ္ထိ အတ္တာတိ ဣက္ခယေ။

အယံ ကာယော၊ နံ့ညီပုပ်ပွေ့လျောင် ဤကိုယ်ကောင်သည်။ ဓာတုပုဉ္ဇောဝ၊ ရုပ်ဓာတ်နာမ်ဓာတ် နှစ်ရပ်စုတုံ ဓာတ်အစုအပုံမျှသာတည်း။ ဓာတုယောဝ၊ မဟာဘုတ်မှတ် လေးပါးသော ဓာတ်တို့သည်သာလျှင်။ သဓာရဏာ၊ မိမိ ကိစ္စ ရွက်ဆောင်ကြလျက် ဖြစ်ကြကုန်၏။ အတ္တာ၊ အလိုသို့လိုက် အကြိုက်သိုကျ အတ္တဟုခေါ်သော။ ကောစိ၊ တစုံတယောက်သော။ ကတ္တာ ဝါ၊ ကိစ္စအရပ်ရပ် ပြုတတ်သော သူသည်ဎင်း။ ကာရေတာဝါ၊ ကိစ္စအထွေထွေ ပြုရန်စေသောသူသည်ဎင်း။ နတ္ထိ၊ ဓာတ်ရုပ်အစုတွင် ရှာချင်ရာရှာ ကြည့်ချင်ရာကြည့်ပေတော့ တကယ်ပင် မရှိပေ။ ဣတိ၊ ဤသို့။ ဣက္ခယေ၊ ယထာဘူတ ဓာတ်ဉာဏ်လျှဖြင့် ဂ,နု,သေချာ ရှုကြည့်ရာ၏။

တရားသိမ်း

ကဲ တရားသိမ်းကြစို့ —

ဝရပညေန ကထိတံ၊
သုဏိတွာ ဓာတုဒေသနံ။
တိက္ခတ္တုံ မောဒမာနာဝ၊
'သာဓု သာဓူ'တိ ဘာသထ။

ဘော၊တရားနာကြတဲ့ အို ဒကာ, ဒကာမတို့။ တုမှေ၊ ဓမ္မသဘင် တရားမင်ကြတဲ့ သင်တို့သည်။ ဝရပညေန၊ သတ္တလောက ဉာဏ်တံခွန် လူ့ရည်ချွန်တို့၏ အမွန်ထွဋ်ဖျား မြတ်ဘုရားသည်။ ကထိတံ၊ ဝေဘန်ပိုင် ခြားစည်းကမ်းထား၍ ဟောကြားတော်မူအပ်သော်။ ဓာတုဒေသနံ၊ ခက်မာ, ဖွဲ့စေး, ပူအေး, ထောက်ကန် လေးတန်ပိုင်းဖြတ် ဓာတ်ဒေသနာတော်ကို။ သုဏိတွာ၊ မှတ်မှတ်သားသား သဒ္ဒါတရားဖြင့် နာကြားပြီး၍။ မောဒမာနာဝ၊ စိတ်စက်ကြည်စွာ ဝမ်းသာကြကုန်သည်ဖြစ်၍သာလျှင်။ တိက္ခတ္တုံ၊ သုံးခါသုံးကြိမ်။ သာဓု သာဓူတိ၊ သာဓု, သာဓု, သာဓုဟူ၍။ ဘာသထ၊ သာယာချိုမြ နှုတ်မြွက်ဟ၍ ဆိုလိုက်ကြကုန်လော့။

(သာဓု သာဓု သာဓု)

ဓာတ်လေးပါး တရားတော် ပြီး၏။

(သင်္ဂြိုဟ်ပါဠိ သောဏကဇာတ်မှ)

# ဝေကောဝပမဝ ဒေသနာ

## သမုဒယသစ္စာကြောင့် ဒုက္ခသစ္စာဖြစ်ရပုံ

### ဒုက္ခသစ္စာ

ကတမဉ္စ ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ၊

ဇာတိပိ ဒုက္ခာ ဇရာပိ ဒုက္ခာ ဗျာဓိပိ ဒုက္ခော မရဏမ္ပိ ဒုက္ခံ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာပိ ဒုက္ခာ၊ ယံ ပိစ္ဆံ န လဘတိ, တမ္ပိ ဒုက္ခံ၊ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိ ဒုက္ခာ၊

ဣဒံ ဝုစ္စတိ ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ။

ဒုက္ခသစ္စာ သချုပ်ကို ထုတ်ပြီး မြတ်ဘုရား ဟောကြားတော်မူခဲ့တယ်၊ မြတ်ဘုရား၏ ပါဠိတရားကို မြန်မာစကားဖြင့် ဟောရလျှင်—

ပဋိသန္ဓေ နေရတာလဲ ဒုက္ခသစ္စာ၊ ဆင်းရဲတာ အမှန်ပါ၊
အိုရတာလဲ ဒုက္ခသစ္စာ၊ ဆင်းရဲတာ အမှန်ပါ၊
နာရတာလဲ ဒုက္ခသစ္စာ၊ ဆင်းရဲတာ အမှန်ပါ၊
သေရတာလဲ ဒုက္ခသစ္စာ၊ ဆင်းရဲတာ အမှန်ပါ၊
စိုးရိမ်ရတာလဲ ဒုက္ခသစ္စာ၊ ဆင်းရဲတာ အမှန်ပါ၊
ငိုကြွေးရတာလဲ ဒုက္ခသစ္စာ၊ ဆင်းရဲတာ အမှန်ပါ၊
ကိုယ်ဆင်းရဲရတာလဲ ဒုက္ခသစ္စာ၊ ဆင်းရဲတာ အမှန်ပါ၊
စိတ်ဆင်းရဲရတာလဲ ဒုက္ခသစ္စာ၊ ဆင်းရဲတာ အမှန်ပါ၊
ပြင်းစွာ ပင်ပန်းရတာလဲ ဒုက္ခသစ္စာ၊ ဆင်းရဲတာ အမှန်ပါ၊
မအိုမနာမသေတာကိုလိုရာမရတာလဲဒုက္ခသစ္စာ၊ ဆင်းရဲတာ အမှန်ပါ၊

ခပ်ရှင်းရှင်းနှင့် ဒုက္ခသစ္စာကို အကျဉ်းပြရလျှင် ဥပါဒါန်၏အာရုံ ဖြစ်သမျှ ခန္ဓာငါးပါး ဒုက္ခသစ္စာ၊ ဆင်းရဲတာ အမှန်ပါတဲ့။

## သမုဒယသစ္စာ

ဒီ ဒုက္ခသစ္စာတရားတွေဟာ ဘာကြောင့် ဖြစ်ပေါ်လာရတာလဲလို့ အရင်းစစ်တော့ အမြစ်မြေက ဆိုတာလို အကြောင်းရင်းမူလ ရှေးဘဝ တဏှာသမုဒယသစ္စာကြောင့် ဖြစ်ပေါ်လာရတယ်။

## ဥဃျောဇန

တဏှာလောဘ သမုဒယသစ္စာကြောင့် ဒုက္ခသစ္စာဖြစ်ရပုံကို သေချာ ဂုန ပုံဝတ္ထုနှင့်တကွ ဥပမာန ဥပမေယျတွေနှင့် တန်ဆာဆင်ပြီး ဒေသ နာလာအတိုင်း ဟောပြလိုက်မယ်၊ ဒုက္ခပုံမီး သစ္စာကြီးမှ အပြီးလွတ်ရာ နိရောဓသစ္စာသို့ လျင်စွာထုတ်ချောက် ဘဝတိုတိုနှင့် မျက်မှောက်ပြုနိုင် အောင် နာယူမှတ်သား ကျင့်ကြံပွားများကြပါကုန်။

## ရသတဏှာ သမုဒယသစ္စာကြောင့် မရဏဒုက္ခသစ္စာဖြစ်ရပုံ

## ဥပမာနဝတ္ထု

လွန်လေပြီးသော အတိတ်ခေတ်က ဂင်္ဂါမြစ်ကမ်းနားဘေးမှာ ဝမ်းစာ ရေးအတွက် စားကျက်ပြုကာ လှည့်လည်နေတဲ့ တောဆင်ပြောင်ကြီး တကောင်ရှိသတဲ့၊တနေ့သောအခါမှာ တောဆင်ပြောင်ကြီးလဲ မျက်စိသည် မှောက်မှားပြီး ဂင်္ဂါမြစ်ချောက်ကမ်းပါးမှ အောက်များသို့ ထိုးကျသွား ဆိုကဘဲ၊ အသက်ဘေးမှ လွတ်ဘို့ရန်အရေး တောဆင်ပြောင်ကြီးကိုးစား သေးသော်လဲ လွတ်ရေးဘယ်မမြင် ဂင်္ဂါမြစ်ရေအလျင်ဖြင့် အချည်းနှီးပင် ဖြစ်သွားသတဲ့။

သက်ခန္ဓာဆုံးလျှင်ပင် ဥတုဇရုပ်လုံးကြီးလဲ တကိုယ်လုံးပုပ်ပွ-နှစ်ရက် သုံးရက်နှင့်ဘဲ အထက်သို့ကြွလာပြီး ရေပေါ်မှာ ပေါ်လောပေါ်ကာ ဂင်္ဂါမြစ် ရေဇလာဖြင့် မျောပါပြီးလာသတဲ့။

ထိုအခိုက်မှာ ကျီးမိုက်တကောင်လဲ ကောင်းကင်ယံ ဝေဟင်ထက်က ဝမ်းစာရေးအတွက် အစာရှာထွက် ပျံသန်းလျက်ပင် ထိုဆင်သေကို့မြင်လျှင် သို့ကလိုပင် ကြံစည်ရှာသတဲ့၊ ဟန်တာဘဲဟေ့-ဆင်သားကလဲများပါဘိ တခြားမှာ အစာရှာမထွက်ဘဲ နေ့စဉ် ရက်ဆက်ပင် ဒီဆင်ထက်မှာ နား, ဒီဆင်သားကိုစား, ဒီဂင်္ဂါရေကို သောက်ပြီး ချမ်းချမ်းသာသာ နေရ တော့မှာဘဲဟု ကြံစည်ရှာသတဲ့။

အဲဒါလို အကြံဖြစ်ပြီး ကောင်းကင်ယံမှ ဆင်သေထက်သို့ ဆင်းသက်လျက် ဆင်သားကို စား ဂင်္ဂါရေကို သောက်ကာ အရပ်တပါးသို့ မပျံသွားဘဲ ဆင်သေထက်မှာ တခါတည်း လိုက်ပါသွားသတဲ့။

ဆင်သေကောင်ကြီးလဲ တသွင်သွင်စီးတဲ့ ဂင်္ဂါမြစ်ရေ အလျင်ခရီးဖြင့် တရှိန်တည်း မျောပါလေရာ ဆင်သေယာဉ်ကြီးကိုစီးကာ လိုက်ပါသွားတဲ့ ငှက်သား ကျီးခမျာလဲ သမုဒ္ဒရာမရောက်မီ ခရီးအကြားမှာ ဂင်္ဂါမြစ်အနီ အပါးမှာရှိတဲ့ ပျော်မွေ့ဘွယ်ရာ သာယာပြန့်ပြူး သစ်ပင်အထူးထူးတို့ဖြင့် စိမ်းလန်းစိုပြေ ငှက်ကျေးတွေ၏ သီရိဂေဟာ တောအုပ်မဟာကို ဂင်္ဂါမြစ်ရေအလျင်ခရီးမှ ဆင်သေယာဉ် စီးလျက်ပင် တွေ့မြင်ရပါသော်လည်း အစာခုံမင်တဲ့ တဏှာချည်မျှင်ဖြင့် ရစ်ဆင်ချည်ဖွဲ့၍ ထားလေလေတော့ ပျော်မွေ့ဘွယ်တောအုပ်ကြီးသို့ ပျံတက်မသွားနိုင်ခဲ့ဘူးတဲ့၊ ဆင်သေကောင်ကြီးလဲ ဂင်္ဂါမြစ်ရေအလျင်ဖြင့် အစဉ်အတိုင်း မျောနှင်ပြီး သမုဒ္ဒရာသို့ ဝင်သွားသတဲ့။

တဏှာအလိုလိုက်တဲ့ ကျီးမိုက်ခမျာလဲ ရသတဏှာ အာသာငန်းငန်း အစာ၌ သာယာစွဲလမ်းကာနေလေတော့ သမုဒ္ဒရာကမ်းကို လွန်သွားမှန်းတောင် မသိရှာဘူးတဲ့။

ကမ်းမမြင်တဲ့ သမုဒ္ဒရာအလယ်မှာ ငါးလိပ်မကာန်းတွေက ဆင်သားကို တွယ်လေတော့ မကြာမတင်အလွယ်ပင် ဆင်သားနှင့် ဆင်ရေတွေ ကုန်ပြီး သမုဒ္ဒရာလှိုင်းတံပိုးအဟုန်ဖြင့် ရိုက်ပုတ်ခြင်းကြောင့် အရိုးတွေ သမုဒ္ဒရာ၌ မြုပ်လေလျှင် တဏှာအလိုလိုက်တဲ့ ကျီးမိုက်ခမျာလဲ ထောက်တည်ရာမရ ကျွန်းရှိရာသို့ မှန်းဆလျက် အရှေ့အရပ်သို့ ပျံ၊ ကျွန်းကို မတွေ့ပြန်လျှင် တဖန် နောက်သို့တုံ့ပြန်ပြီး အနောက်အရပ်သို့ ပျံပြန်ရောတဲ့၊ အနောက်အရပ်မှာ ကျွန်းကို မတွေ့ပြန်တော့ တဖန် တောင်အရပ်သို့ ပျံ၊ တဖန် မြောက်အရပ်သို့ပျံ ကျွန်းကတော့ မတွေ့တော့ဘူးတဲ့။

အဲဒါလို ဟိုပျံ ဒီပျံနှင့် အသက်ဘေးမှ လွတ်ရေးအတွက် အတန်တန်ကြိုးစားသေးသော်လဲ နောက်ဆုံးမှာ အချည်းနှီး အလဟဿဖြစ်ပြီး သမုဒ္ဒရာအလယ်၌ကျကာ ငါးလိပ်မကာန်းတို့၏ အစာဖြစ်ရရှာသတဲ့။

အဲဒါလို တဏှာအလိုလိုက်တဲ့ ကျီးမိုက်ကလေးလဲ အစာကို စုံမက်တဲ့ တဏှာအတွက်နှင့် အသက်ထွက်ရဘူးသတဲ့။

နာဂမိဝံ ခါဒန္တော၊
ကုဏပေ ဟတ္ထိ ဝါယသော။
ဝနသဏ္ဍံ ပဿန္တော ပိ၊
အပလေတွာ ဝိနဿတိ။

ဝါယသော၊ တဏှာအလိုလိုက် အစာကို နှစ်ခြိုက်တဲ့ ကျီးမိုက်သည်။ ဟတ္ထိကုဏပေ၊ ဂင်္ဂါမြစ်ရေ အလျင်ဖြင့် မဟာသမုဒ္ဒရာသို့ မျှောနှင်လာသော ဆင်သေကောင်၌။ နိလီယိတွာ၊ အစာလိုလား ဆင်သားကို နှစ်သက်သောအားဖြင့် ပုံ့နှား၍။ နာဂမံသံ၊ ဆူဖြိုးထွားထွား တောဆင်သားကို။ ခါဒန္တော၊ ခုံမင်စုံမက် အလိုရှိတိုင်း စားသောက်လျက် သာလျှင်။ ဝနသဏ္ဍံ၊ ဂင်္ဂါအနီး ပျော်မွေ့ဘွယ် တောအုပ်ကြီးကို။ ပဿန္တောပိ၊ ဂင်္ဂါမြစ်ရေ အလျင်ခရီးမှ ဆင်သေယာဉ်စီးလျက်ပင် တွေ့မြင်ရပါသော်သည်း။ အပလေတွာ၊ အစာခုံမင် တဏှာမျှင်ဖြင့် ရစ်ဆင်ချည်ဖွဲ့ ပျံ့တက်ကာ မသွားနိုင်ခဲ့ခြင်းကြောင့်။ ဝိနဿတိ၊ ဇမ်းကို လွန်မြောက် သမုဒ္ဒရာ အလယ်သို့ ရောက်ကာ ထောက်တည်ရာမရ ပျက်စီးရလေတော့သတည်း။

**ဥပမာဝတ္ထု**

ဤဝတ္ထုဇာတ်လမ်းမှာ ပါဝင်နေတဲ့ အခန်းတွေကို အစိတ်စိတ် အမွှာမွှာ ထုတ်ပြရပါလျှင်–

၁။ ဂင်္ဂါမြင်ကြီးကို ပဌမ အခန်းအနေနဲ့ ထုတ်ပြရပါလိမ့်မယ်၊

၂။ ဂင်္ဂါမြစ်မှာ မျောလာတဲ့ ဆင်သေကောင်ကို ဒုတိယအခန်း အနေနဲ့ ထုတ်ပြရပါလိမ့်မယ်။

၃။ ဆင်သားကြိုက်တဲ့ ကျီးမိုက်ကို တတိယ အခန်းအနေနဲ့ ထုတ်ပြရပါလိမ့်မယ်။

၄။ ထိုကျီးမိုက်၏ ဆင်သားကိုစား ဂင်္ဂါရေကို သောက်ပြီး ဝမ်းမြောက်ရာအခါကို စတုတ္ထ အခန်းအနေနဲ့ တုတ်ပြရပါလိမ့်မယ်။

၅။ ဂင်္ဂါမြစ် အနီးမှာရှိတဲ့ ပျော်မွေ့ဘွယ် တောအုပ်ကြီးကို ဆင်သားကြိုက်တဲ့ ကျီးမိုက်မြင်ရာ အခါကိုလည်း ပဥ္စမ အခန်းအနေနဲ့ ထုတ်ပြရပါလိမ့်မယ်။

၆။ ဆင်သေကောင်ကြီး ဂင်္ဂါမြစ်ကြော အစဉ်အတိုင်း မျောပြီး သမုဒ္ဒရာသို့ ဝင်ကာ သမုဒ္ဒရာ အလယ်မှာ ဆင်သားကြိုက်တဲ့

ကျီးမိုက်၏ ထောက်တည်ရာမရ ပျက်စီးရခြင်းကိုလည်း ဆင္ဒမ အခန်းအနေနဲ့ ထုတ်ပြရပါလိမ့်မယ်။

**ဥပမာန ဥပမေယျ နှိုးနှောပြ**

၁။ ဂင်္ဂါမြစ်ကြီးကဲ့သို့ အနမတဂ္ဂ သံသရာကြီးကို မှတ်ရမယ်၊

၂။ ဂင်္ဂါမြစ်ထဲမှာ မျောလာတဲ့ ဆင်သေကောင်ကဲ့သို့ သံသရာကြီးထဲ၌ ကာမဂုဏ်ငါးပါးကို မှတ်ရမယ်၊

၃။ ဆင်သားကြိုက်တဲ့ ကျီးမိုက်ကဲ့သို့ ကာမဂုဏ်ကြိုက်တဲ့ လူမိုက်ကို မှတ်ရမယ်၊

၄။ ဆင်သားကြိုက်တဲ့ ကျီးမိုက်၏ ဆင်သားကို စား, ဂင်္ဂါရေကို သောက်ပြီး ဝမ်းမြောက်ရာ အခါကဲ့သို့ ကာမဂုဏ်ကြိုက်တဲ့ လူမိုက်၏ ကာမဂုဏ်ငါးပါးကို သုံးဆောင်ခံစားပြီး ဝမ်းမြောက်ရာ အခါကို မှတ်ရမယ်။

၅။ ဆင်သားကြိုက်တဲ့ ကျီးမိုက်၏ ဆင်သားကို စား, ဂင်္ဂါရေကို သောက်ပြီး ဝမ်းမြောက်နေစဉ် ဂင်္ဂါမြစ်အနီး ပျော်မွေ့ဘွယ် တောအုပ်ကြီးကို မြင်သကဲ့သို့ ကာမဂုဏ်ကြိုက်တဲ့ လူမိုက်၏ ကာမဂုဏ်ငါးပါးကို သုံးဆောင်ခံစားပြီး ဝမ်းမြောက်နေစဉ် ကြားနာရခြင်း၏ အစွမ်းဖြင့် သုံးဆယ့်ရှစ်ပါး တရားအလုပ် ကမ္မဋ္ဌာန်းတောအုပ်ကြီးကို မြင်ရခြင်းကို မှတ်ရမယ်၊

၆။ ဆင်သားကြိုက်တဲ့ ကျီးမိုက်ဟာ မိမိ၏ မှီခိုရာ ပျော်မွေ့ဘွယ် တောအုပ်ကြီးကို မြင်ပါလျက် ဆင်သား၌ တပ်မက်မောတဲ့ ရသတဏှာကြောင့် တောအုပ်ကြီးရှိရာသို့ ပျံတက်ကာ မသွားနိုင်ခဲ့ခြင်းကြောင့် သမုဒ္ဒရာသို့ ဝင်ကာ ထောက်တည် မှီခိုရာမရ ပျက်စီးရသကဲ့သို့ ကာမဂုဏ် ကြိုက်တဲ့ လူမိုက်ဟာ မိမိ၏မှီခိုရာ သုံးဆယ့်ရှစ်ပါး တရားအလုပ် ကမ္မဋ္ဌာန်း တောအုပ်ကြီးကို ကြားနာရခြင်း၏ အစွမ်းဖြင့် မြင်ပါလျက် ကာမဂုဏ်၌ တပ်မက်မောတဲ့ ကာမတဏှာကြောင့် ကမ္မဋ္ဌာန်း တောအုပ်ကြီးရှိရာသို့ အားထုတ်သည်၏အစွမ်းဖြင့် မသွားနိုင်ခဲ့ခြင်းကြောင့် အပါယ်လေးပါးသို့ ကျကာ ထောက်တည်မှီခိုရာမရ ပျက်စီးရခြင်းကို မှတ်ရမယ်။

## ၁။ ဂင်္ဂါမြစ်ကြီးပမာ သံသရာ

သံသရာဆိုတာ

ခန္ဓာနဉ္စ ပဋိပါဋိ၊
ဓာတုအာယတနာန စ။
အဗ္ဗောစ္ဆိန္နံ ဝတ္တမာနာ၊
"သံသာရော"တိ ပဝုစ္စတိ။

အမှာ။ ။အာယတနာနစ-၌ ဆန္ဒာနုရက္ခဏာအကျိုးငှါ ဗျဉ္ဇနေ စ-သုတ်ဖြင့် နိဂ္ဂဟိတ်ချေသည်။

ခန္ဓာနဉ္စ၊ ရုပ်နာမ်နှစ်ဖုံ စုပုံဘည်လာ ငါးခွဲတို့၏ လည်းကောင်း။ ဓာတုအာယတနာနံ စ၊တဆယ့်ရှစ်ခု ဓာတုသည္ဘ,ဆယ့်နှစ်ဖြာရအာယတနတို့၏လည်းကောင်း။ အဗ္ဗောစ္ဆိန္နံ၊ ဥပါဒ်,ဌီ,ဘင် အစဉ်မပြတ်။ ဝတ္တမာနာ၊ သဘာဝမို့ ယွင်းချိုမရ ဖြစ်ကြသော။ ပဋိပါဋိ၊ ရှေ့နောက်ဖြစ်ပျက် စဉ်အဆက်ကို။ သံသာရောတိ၊ သံသရာဟူ၍။ ပဝုစ္စတိ၊ ဂုဏ်သကတ်လိုက် သမိုက်ပညတ် ခေါ်ဆိုအပ်ပေ၏။

ဤကဲ့သို့ ဟောတော်မူသောကြောင့် ခန္ဓာ, အာယတန, ဓာတ်တို့၏ ဥပါဒ်,ဌီ,ဘင် အစဉ်မပြတ် ဆက်စပ်ပြီးဖြစ်သော အစဉ်ကို သံသရာလို့ ဆိုတယ်၊ လိုရင်းကတော့ ရုပ်နာမ်နှစ်ရပ် မပြက်ဖြစ်ပျက်နေမှုကို သံသရာလို့ မှတ်ရမယ်။

ဂင်္ဂါမြစ်ရေအလျင်ဟာ အစဉ်မပြတ် ဆက်စပ်ပြီး စီးဆင်းတာလို ရုပ်တရား နာမ်တရားတို့၏ ဥပါဒ်,ဌီ,ဘင် ဟာလဲ အစဉ်မပြတ် ဆက်စပ်ပြီး ဖြစ်ခြင်းကြောင့် ဂင်္ဂါမြစ်ကြီးကဲ့သို့ အနမတဂ္ဂ သံသရာကြီးကို မှတ်ရမယ်လို့ ဆိုတယ်။

အဲဒီ သံသရာမြစ်ကြီးဟာ အနမတဂ္ဂ ကာလ ဌာနမှ အဝိဇ္ဇာကို မြစ်ဖျားခံကာ သုံးဆယ့်တဘုံသို့ စီးဆင်းတယ်။

## ၂။ ဆင်သေကောင်ပမာ ကာမဂုဏ်ငါးဖြာ

ကာမဂုဏ်ငါးဖြာဆိုတာ

ပဥ္စိမေ ဘိက္ခဝေ ကာမဂုဏာ—

၁။ စက္ခုဝိညေယျာ ရူပါ ဣဋ္ဌာ ကန္တာ မနာပါ ပိယ ရူပါ ကာမူပသံဟိတာ ရဇနီယာ။

၂။ သောတဝိညေယျာ သဒ္ဒါ ဣဋ္ဌာ ကန္တာ မနာပါ
ပိယရူပါ ကာမူပသံဟိတာ ရဇနီယာ၊

၃။ ဃာနဝိညေယျာ ဂန္ဓာ ဣဋ္ဌာ ကန္တာ မနာပါ
ပိယရူပါ ကာမူပသံဟိတာ ရဇနီယာ၊

၄။ ဇိဝှါဝိညေယျာ ရသာ ဣဋ္ဌာ ကန္တာ မနာပါ
ပိယရူပါ ကာမူပသံဟိတာ ရဇနီယာ၊

၅။ ကာယဝိညေယျာ ဖောဋ္ဌဗ္ဗာ ဣဋ္ဌာ ကန္တာ မနာပါ
ပိယရူပါ ကာမူပသံဟိတာ ရဇနီယာ။

၁။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဋ္ဌာ၊ အလိုရှိအပ်ကုန်သော။ ကန္တာ၊ နှစ်သက်အပ်ကုန်သော။ မနာပါ၊ စိတ်နှလုံးကို ပွားစေတတ်ကုန်သော။ ပိယရူပါ၊ ချစ်အပ်သော သဘောရှိကုန်သော။ ကာမူပသံဟိတာ၊ ကိလေသာ ကာမနှင့် စပ်ယှဉ်ကုန်သော။ ရဇနီယာ၊ တပ်နှစ်သက်ခြင်း၏ အကြောင်းဖြစ်ကုန်သော။ စက္ခုဝိညေယျာ၊ စက္ခုဝိညာဏ်ဖြင့် သိအပ်ကုန်သော။ ရူပါ၊ ရူပါရုံတို့သည်လည်းကောင်း။

၂။ ဣဋ္ဌာ၊ ကုန်သော။ ကန္တာ၊ ကုန်သော။ မနာပါ၊ ကုန်သော။ ပိယရူပါ၊ ကုန်သော။ ကာမူပသံဟိတာ၊ ကုန်သော။ ရဇနီယာ၊ ကုန်သော။ သောတဝိညေယျာ၊ သောတဝိညာဏ်ဖြင့် သိအပ်ကုန်သော။ သဒ္ဒါ၊ သဒ္ဒါရုံတို့သည်လည်းကောင်း။

၃။ ဣဋ္ဌာ၊ ကုန်သော။ ကန္တာ၊ ကုန်သော။ မနာပါ၊ ကုန်သော။ ပိယရူပါ၊ ကုန်သော။ ကာမူပသံဟိတာ၊ ကုန်သော။ ရဇနီယာ၊ ကုန်သော။ ဃာနဝိညေယျာ၊ ဃာနဝိညာဏ်ဖြင့် သိအပ်ကုန်သော။ ဂန္ဓာ၊ ဂန္ဓာရုံတို့သည်လည်းကောင်း။

၄။ ဣဋ္ဌာ၊ ကုန်သော။ ကန္တာ၊ ကုန်သော။ မနာပါ၊ ကုန်သော။ ပိယရူပါ၊ ကုန်သော။ ကာမူပသံဟိတာ၊ ကုန်သော။ ရဇနီယာ၊ ကုန်သော။ ဇိဝှါဝိညေယျာ၊ ဇိဝှါဝိညာဏ်ဖြင့် သိအပ်ကုန်သော။ ရသာ၊ ရသာရုံတို့သည်လည်းကောင်း။

၅။ ဣဋ္ဌာ၊ ကုန်သော။ ကန္တာ၊ ကုန်သော။ မနာပါ၊ ကုန်သော။ ပိယရူပါ၊ ကုန်သော။ ကာမူပသံဟိတာ၊ ကုန်သော။ ရဇနီယာ၊ ကုန်သော။

ကာယဝိညာဉ်ယျ၊ ကာယဝိညာဏ်ဖြင့် သိအပ်ကုန်သော ဖောဋ္ဌဗ္ဗာရုံတို့ သည်လည်းကောင်း၊

ဣတိ၊ ဤသို့။ ကာမဂုဏာ၊ ဂါမဂုဏ်တို့သည်။ ပဉ္စမေ ပဉ္စ၊ ဤငါးပါး တို့ပေတည်း။

ဤကဲ့သို့ ဟောတော်မူသောကြောင့်-

အလိုရှိအပ်, နှစ်သက်အပ်, စိတ်နှလုံးကိုပွားစေတတ်တဲ့, ချစ်အပ်သော သဘောရှိတဲ့, ကိလေသာကာမနှင့် စပ်ယှဉ်တဲ့, တပ်မက်ဖွယ်ရာ

၁။ စက္ခုဝိညာဏ်ဖြင့် မြင်သိအပ်တဲ့ အဆင်းရူပါရုံ၊

၂။ သောတဝိညာဏ်ဖြင့် ကြားသိအပ်တဲ့ အသံသဒ္ဒါရုံ၊

၃။ ဃာနဝိညာဏ်ဖြင့် နံသိအပ်တဲ့ အနံ့ဂန္ဓာရုံ၊

၄။ ဇိဝှါဝိညာဏ်ဖြင့် လျက်သိအပ်တဲ့ အရသာရသာရုံ၊

၅။ ကာယဝိညာဏ်ဖြင့် တွေ့သိအပ်တဲ့ အတွေ့ဖောဋ္ဌဗ္ဗာရုံ။

ရုပ်ရေအတွက်အားဖြင့်—

| | | |
|---|---|---|
| ၁။ ရူပါရုံ | = | ဝဏ္ဏရုပ်၊ |
| ၂။ သဒ္ဒါရုံ | - | သဒ္ဒရုပ်၊ |
| ၃။ ဂန္ဓာရုံ | = | ဂန္ဓရုပ်၊ |
| ၄။ ရသာရုံ | = | ရသရုပ်၊ |
| ၅။ ဖောဋ္ဌဗ္ဗာရုံ | = | ပထဝီရုပ်, တေဇောရုပ်, ဝါယောရုပ်၊ |

ဒီရုပ်ခုနစ်မျိုး—အာရုံငါးပါးကို ကာမဂုဏ်ငါးဖြာလို့ ဆိုတယ်။

ဂင်္ဂါနဒီကြောမှာ မျောလာတဲ့ ဆင်သေကောင်ဟာ ဆင်သားကြိုက်တဲ့ ကျီးမိုက်၏ နှစ်သက်ဘွယ် ဖြစ်သကဲ့သို့ သံသရာနဒီကြောမှာ မျောလာတဲ့ ကာမဂုဏ်ငါးပါးဟာလဲ ကာမဂုဏ်ကြိုက်တဲ့ လူမိုက်၏ နှစ်သက်ဘွယ်ဖြစ် သောကြောင့် ဂင်္ဂါမြစ်ထဲမှာ မျောလာတဲ့ ဆင်သေကောင်ကဲ့သို့ သံသရာ နဒီကြောမှာ မျောလာတဲ့ ကာမဂုဏ် ငါးပါးကိုမှတ်သားရမယ်လို့ဆိုတယ်။

## ၃။ ကျီးမိုက်ပမာ လူ့ဗာလာ

လူ့ဗာလဆိုတာ

ဒုဝေ ပုထုဇ္ဇနာ ဝုတ္တာ၊ ဗုဒ္ဓေနာ'ဒိစ္စဗန္ဓုနာ။
အန္ဓော ပုထုဇ္ဇနော ဧကော၊ ကလျာဏေ'ကော ပုထုဇ္ဇနော။

၁။ ဧကော၊ သန္တာရေကောက် တယောက်သော။ အန္ဓော၊ ခန္ဓာ, အာယတန, ဓာတ်ကိုမျှလည်း လုံးဝမသိ ပညာ မျက်စိကန်းသော။ ပုထုဇ္ဇနော၊ များစွာကိုလေ ဖြစ်ပွားစေတတ် ဂုဏ်သကတ်ထင် ပုထုဇဉ် လည်းကောင်း၊

၂။ ဧကော၊ သန္တာရေကောက် တယောက်ဖြစ်သော။ ကလျာဏော၊ ခန္ဓာ, အာယတန, ဓာတ်ထိုမျှ၌ ဂ, န, ပိုင်နိုင် သိစွမ်းနိုင်တောင်း ပညာ မျက်စိကောင်းသော။ ပုထုဇ္ဇနော၊ များစွာကိုလေ ဖြစ်ပွားစေတတ် ဂုဏ်သဂေတ်ထင် ပုထုဇဉ်လည်းကောင်း။

ဣတိ၊ ဤသို့။ ဒွေ၊ အမျိုးအစား အရေအတွက်အားဖြင့် နှစ်ပါး ကုန်သော။ ပုထုဇ္ဇနာ၊ များစွာကိုလေ ဖြစ်ပွားစေတတ် ဂုဏ်သဂေတ်ထင် ပုထုဇဉ်တို့ကို။အာဒိစ္စဗန္ဓုနာ၊အမှောင်ပယ်ခွင်း,နေမင်း၏အဆွေ ဖြစ်တော် မူသော။ ဗုဒ္ဓေန၊ သစ္စာသိမြင် ဘုရားရှင်သည်။ ဝုတ္တာ၊ ဝေဖန်ပိုင်းခြား၍ ဟောကြားတော်မူအပ်ကုန်၏။

ဤကဲ့သို့ ဟောတော်မူသောကြောင့် အန္ဓပုထုဇဉ်, ကလျာဏပုထုဇဉ် အားဖြင့် ပုထုဇဉ်နှစ်မျိုးရှိသည်တွင် ခန္ဓာ,အာယတန, ဓာတ်စသည်တို့၌ သင်ယူနာကြား ဆောင်ထားမေးမြန်း စုံစမ်းခြင်းမရှိခြင်းကြောင့် ခန္ဓာမှန်း အာယတနမှန်း ဓာတ်မှန်း ပရမတ်မှန်း ပညတ်မှန်း ဘာမှန်းမျှ မသိတဲ့ အန္ဓပုထုဇဉ်ကို "လူ့ဗာလ"လို့ ဆိုတယ်။

ကျီးမိုက်ဟာ ဆင်သားကို နှစ်ခြိုက်သကဲ့သို့ လူမိုက်ဟာလဲ ကာမဂုဏ် ငါးပါးကို နှစ်ခြိုက်ခြင်းကြောင့် ဆင်သားကြိုက်တဲ့ ကျီးမိုက်ကဲ့သို့ ကာမဂုဏ်ကြိုက်တဲ့ လူမိုက်ကို မှတ်ရမယ်လို့ ဆိုတယ်။

## ၄။ ကျီးမိုက်တူစွာ ဝမ်းမြောက်ခါ

ကာမဂုဏ်ကြိုက်တဲ့ လူမိုက်ဟာ ဝမ်းမြောက်ဝမ်းသာ
ရူပါရုံတွေကိုလဲ ကြည့်ရှုခံစားတယ်၊
သဒ္ဒါရုံတွေကိုလဲ နားကြားခံစားတယ်၊
ဂန္ဓာရုံတွေကိုလဲ နမ်းရှူခံစားတယ်၊
ရသာရုံတွေကိုလဲ လျက်မျိုခံစားတယ်၊
ဖောဋ္ဌဗ္ဗာရုံတွေကိုလဲ တွေ့ထိခံစားတယ်၊

ဒီအာရုံငါးပါး ကာမဂုဏ်တရားတွေကို မြိန်မြိန်ရှက်ရှက် သုံးဆောင် ခံစားလျက်သာနေတယ်။

ကျွဲးမိုက်ဟာ ဆင်သားကို စား, ဂင်္ဂါရေကို သောက်ပြီး ဝမ်းမြောက် ဝမ်းသာနေသကဲ့သို့ လူမိုက်ဟာလဲ ကာမဂုဏ် ငါးပါးကိုသာ သုံးဆောင် ခံစားပြီး ဝမ်းမြောက် ဝမ်းသာနေခြင်းကြောင့် ဆင်သားကြိုက်တဲ့ ကျွဲးမိုက်၏ ဆင်သားကို စား, ဂင်္ဂါရေကိုသောက်ပြီး ဝမ်းမြောက်ရာအခါကဲ့သို့ ကာမဂုဏ်ကြိုက်တဲ့ လူမိုက်၏ ကာမဂုဏ်ငါးပါးကို သုံးဆောင်ခံစားပြီး ဝမ်းမြောက်ရာအခါကို မှတ်ရမယ်လို့ ဆိုတယ်။

## ၅။ ကျွဲးမိုက်တူစွာ မြင်သောဒါ

မဂ်ပွင့်ဖိုလ်သီးတွေနှင့် ဝေဝေဆာဆာ ရဂုံစခန်းမှာဖြင့် တင့်ဆန်း သာယာ ဘယာမထွေး သူတော်ကောင်း ငှက်ကျေးတို့၏ နေရာဖြစ်တဲ့ သုံးဆယ့်ရှစ်ပါး တရားအလုပ် ကမ္မဋ္ဌာန်းတောအုပ်ကြီး ရှိတယ်။

ဘုရား,ပစ္စေကဗုဒ္ဓါ, တပည့်သာဝကတွေက–

"ကာမဂုဏ်လိုက်စားတဲ့ ဟဲ့ငမိုက်သား သင်ကား အရှတော်စွ လူ့ဘဝကို အချည်းနှီး အလဟဿ မဖြစ်စေလင့်၊ သင့်အပါးမှာ သုံးဆယ့်ရှစ်ပါး တရားအလုပ် ကမ္မဋ္ဌာန်းတောအုပ်ကြီး ရှိတယ်၊ အဲဒီ တောအုပ်ကြီးထဲမှာ မဂ်ပင်ဖိုလ်ပင်တွေမှ မဂ်ပွင့်ဖိုလ်သီးတွေ ရှိတယ်၊ သင် သွားချေလော့, အားထုတ်ချေလော့, မဂ်ပွင့်ဖိုလ်သီး များကို သုံးစားလေလော့"

ဟု ဟောကြပြောကြလို့ ကာမဂုဏ်လိုက်စားတဲ့ ငမိုက်သားမှာ ကာမဂုဏ်ကို သုံးဆောင် ခံစားရင်းက ကြားခြင်းဖြင့်ပင် ကမ္မဋ္ဌာန်း တောအုပ်ကြီးကို မြင်တယ်လို့ ဆိုတယ်။

ကျွဲးမိုက်ဟာ တဏှာအလိုလိုက်နေတုန်း ချမ်းသာဖွယ်ရာ တောဝနာကို မြင်ရသကဲ့သို့ လူမိုက်ဟာလဲ ကာမဂုဏ် လိုက်စားနေတုန်း ချမ်းသာဘွယ် ရာ ကမ္မဋ္ဌာန်း တောဝနာကို ပြောသံဟောသံကြားဖြင့် မြင်ရခြင်းကြောင့် ဆင်သားကြိုက်တဲ့ ကျွဲးမိုက်၏ ဆင်သားကို စား, ဂင်္ဂါရေကို သောက်ပြီး

ဝမ်းမြောက်နေစဉ် ဂင်္ဂါအနီး ပျော်မွေ့ဘွယ်တောအုပ်ကြီးကို မြင်သကဲ့သို့ ကာမဂုဏ်ကြိုက်တဲ့ လူမိုက်၏ ကာမဂုဏ် ငါးပါးကို ဆုံးဆောင်ခံစား ပြီး ဝမ်းမြောက်နေစဉ် ကြားနာရခြင်း၏ အစွမ်းဖြင့် သုံးဆယ့်ရှစ်ပါး တရား အလုပ် ကမ္မဋ္ဌာန်း တောအုပ်ကြီးကို မြင်ရခြင်းကို မှတ်ရမယ်လို့ ဆိုတယ်။

## ၆။ ကျီးမိုက်တူစွာ ပျက်စီးရာ

ချမ်းသာဘွယ်ရာ ကမ္မဋ္ဌာန်း တောဝနာကို ကာမဂုဏ် လိုက်စားတဲ့ ငမိုက်သား မြင်ပင်မြင်ပါသော်လဲ ကာမဂုဏ်တွယ်တာတဲ့ တဏှာဖြင့် ပျော်လိုက် ပါးလိုက် မော်လိုက် ကြွားလိုက်နှင့် ကာမဂုဏ်ငါးပါးကိုသာ မြိန်မြိန် ရှက်ရှက်ကြီး သုံးဆောင်ခံစားပြီးနေတယ်၊ ကမ္မဋ္ဌာန်းတောအုပ်ကြီး ရှိရာသို့ မသွား၊ ကမ္မဋ္ဌာန်း တရားကို နည်းနည်း ပါးပါးကလေးမျှ အားမထုတ်ဘဲ နေခဲ့ခြင်းကြောင့် ထောက်တည်မှီခိုရာ မရ၊ သေသည်၏ အခြာမဲ့မှာ အပါယ်လေးပါးစာ ဖြစ်ရတယ်။

ကျီးမိုက်ဟာ ချမ်းသာဘွယ်ရာ တောဝနာကို မြင်ပါလျက် တဏှာ အလိုလိုက်ပြီး ဆင်သားဌ်တွယ်တာကာ တောအုပ်ကြီးရှိရာသို့ ပျံတက်ကာ မသွားခဲ့ခြင်းကြောင့် သမုဒ္ဒရာသို့ရောက်ကာ ထောက်တည်ရာမရ ငါးလိပ် တို့၏ အစာဖြစ်ရသကဲ့သို့ ကာမဂုဏ်လိုက်စားတဲ့ ငမိုက်သားဟာလဲ ချမ်းသာ ဘွယ်ရာ ကမ္မဋ္ဌာန်း တောဝနာကို မြင်ပါလျက် တဏှာအကြိုက် ကာမဂုဏ် ကိုလိုက်ပြီး ကာမဂုဏ်ငါးပါး၌ တွယ်တာကာ ကမ္မဋ္ဌာန်း တောဝနာသို့ မသွား၊ ကမ္မဋ္ဌာန်းတရားကို အားမထုတ်ခဲ့ခြင်းကြောင့် ထောက်တည် မှီခိုရာမရ အပါယ်လေးပါးစာ ဖြစ်ရခြင်းကြောင့်—

ဆင်သားကြိုက်တဲ့ ကျီးမိုက်ဟာ မိမိမှီခိုရာ ပျော်မွေ့ဘွယ်ရာ တောအုပ် ကြီးကို မြင်ပါလျက် ဆင်သား၌ တပ်မက်မောတဲ့ ရသ တဏှာကြောင့် တောအုပ်ကြီးရှိရာသို့ ပျံတက်ကာ မသွားနိုင်ခဲ့ခြင်းကြောင့် သမုဒ္ဒရာသို့ ဝင်ကာထောက်တည်မှီခိုရာမရ ပျက်စီးရသကဲ့သို့ ကာမဂုဏ်ကြိုက်တဲ့ လူမိုက် ဟာလဲ မိမိ၏မှီခိုရာ သုံးဆယ့်ရှစ်ပါး တရားအလုပ် ကမ္မဋ္ဌာန်းတောအုပ်ကြီး ကို ကြားနာရခြင်း၏ အစွမ်းဖြင့် မြင်ပါလျက် ကာမဂုဏ်၌ တပ်မက်မော တဲ့ ကာမတဏှာကြောင့် ကမ္မဋ္ဌာန်း တောအုပ်ကြီးရှိရာသို့ အားထုတ်သည်၏

အစွမ်းဖြင့် မသွားနိုင်ခဲ့ခြင်းကြောင့် အပါယ် လေးပါးသို့ ကျကာ ထောက်တည်မှီခိုရာမရ ပျက်စီးရခြင်းကို မှတ်ရမယ်လို့ ဆိုတယ်၊

ကာမဂုဏေ ဘုဉ္ဇန္တော၀၊
သံသာရေ ဗာလပုဂ္ဂလော။
အင္ဂုတိံ သံ ပဿန္တောပိ၊
အဂစ္ဆန္တော ဝိနဿတိ။

ဗာလပုဂ္ဂလော၊ ခန္ဓာ, အာယတန, ဓာတ်ကိုမျှလည်း လုံးဝမမြင် ဗာလပုထုဇဉ်သည်။ သံသာရေ၊ ရုပ်နာမ်နှစ်ချက် ဖြစ်ပျက်ဖန်ခါ သံသရာ၌။ ကာမဂုဏေ၊ ငါးဖြာအာရုံ ကာမဂုဏ်တို့ကို။ ဘုဉ္ဇန္တော၀၊ အမဲရိုးဝါး ခွေးအိုလားသို့ ခံစားသုံးဆောင်လျက်သာလျှင်။ အင္ဂုတိံ သံ၊ (အာရမ္မဏ ပုဒ် အကြေကြံ) သုံးဆယ့်ရှစ်ပါး တရားအာရုံ ကမ္မဋ္ဌာန်း တောရဂုံကို။ ပဿန္တောပိ၊ ကာမဂုဏ်အဖျင်း သုံးဆောင်ခံစားရင်းက ကြားခြင်းဖြင့်ပင် တွေ့မြင်ရပါသော်သည်း။ အဂစ္ဆန္တော၊ ကာမဂုဏ်မင် တဏှာမျှင်ဖြင့် ရစ်ဆင်ချည်ဖွဲ့ ကမ္မဋ္ဌာန်း တောရဂုံသို့ အားထုတ်ကာ မသွားနိုင်ခဲ့ခြင်း ကြောင့်။ ဝိနဿတိ၊ ကုသိုလ်အမြတ် ထောက်တည်ရာ ပ,လပ်၍ လေးရပ် ပါယ်မြေ ပျက်စီးရလေသတည်း။

## သမုဒယသစ္စာကြောင့် ဒုက္ခသစ္စာဖြစ်ရ

အောက်က ဟောခဲ့ပြီးတဲ့ ဝတ္ထုထဲမှာ ကျီးကန်းမိုက် သေဆုံးရာ၌ အကြောင်းရင်းကို ရှာဖွေလျှင် ဆင်သားကို တွယ်တာတဲ့ ရသတဏှာဘဲ တွေ့မယ်၊ တရားကိုယ်ပြရလျှင် လောဘဘဲ ပြရလိမ့်မယ်၊ ဒီတဏှာလောဘ ကိုပင် သမုဒယသစ္စာလို့ ခေါ်တယ်၊ ကျီးမိုက်လဲ ဆင်သားကို တွယ်တာ တဲ့ ရသတဏှာ လောဘ သမုဒယသစ္စာကြောင့် သေဆုံးရခြင်း မရဏ ဒုက္ခ သစ္စာ ဖြစ်ရတယ်။

ဗာလပုထုဇဉ်ပုဂ္ဂိုလ် အပါယ်လေးပါးမှာ ဘရမ်းဘတာ ပျက်စီးရာ၌ အကြောင်းရင်းကို ရှာဖွေလျှင် ကာမဂုဏ်ကို တွယ်တာတဲ့ ကာမတဏှာဘဲ တွေ့မယ်၊ တရားကိုယ်ပြရလျှင် လောဘဘဲ ပြရလိမ့်မယ်၊ ဒီကာမတဏှာ လောဘကိုပင် သမုဒယသစ္စာလို့ ခေါ်တယ်၊ ပုထုဇဉ်လူမိုက်လဲ ကာမဂုဏ် တွယ်တာတဲ့ ကာမတဏှာ လောဘ သမုဒယသစ္စာကြောင့် အပါယ် လေးပါး၌ ဖြစ်ရခြင်း ဇာတိဒုက္ခသစ္စာ ဖြစ်ရတယ်။

တဏှာယ ဇာယတီ သောကော၊
တဏှာယ ဇာယတီ ဘယံ။
တဏှာယ ဝိပ္ပမုတ္တဿ၊
နတ္ထိ သောကော ကုတော ဘယံ။

**အမှာ**။ ။"ဇာယတီ"၌ ဆန္ဒာနုရက္ခဏ ဒီဃတည်း။

တဏှာယ၊ ဒွါရခြောက်လီ ခိုမှီဖြစ်လာ တဏှာမည်ရ သမုဒယသစ္စာကြောင့်။ သောကော၊ စိုးရိမ်ပူဆွေး စိတ်မရေခြင်း ဒုက္ခသစ္စာသည်။ ဇာယတိ၊ ကြောင်းကျိုးဆက်စပ် မကင်းရပ်မို့ ဖြစ်လတ်ပေ၏။

တဏှာယ၊ ဒွါရခြောက်လီ မှီခိုဖြစ်လာ တဏှာမည်ရ သမုဒယသစ္စာကြောင့်။ ဘယံ၊ ပဋိသန္ဓေ အိုနာသေရေး ဘေးအဝဝ ဒုက္ခသစ္စာသည်။ ဇာယတိ၊ ကြောင်းကျိုးဆက်စပ် မကင်းရပ်မို့ ဖြစ်လတ်ပေ၏။

တဏှာယ၊ ဒွါရခြောက်လီ ခိုမှီဖြစ်လာ တဏှာမည်ရ သမုဒယသစ္စာမှ။ ဝိပ္ပမုတ္တဿ၊ မဂ္ဂသစ္စာဖြင့် ကောင်းစွာပယ်ချွတ်၍ လွတ်ပြီးသော ရဟန္တာပုဂ္ဂိုလ်အား။ သောကော၊ စိုးရိမ်ပူဆွေး စိတ်မရေခြင်း ဒုက္ခသစ္စာသည်။ နတ္ထိ၊ တစိုးတစိ မရှိတော့ပေ။ ဘယံ၊ ပဋိသန္ဓေ အိုနာသေရေး ဘေးအဝဝ ဒုက္ခသစ္စာသည်။ ကုတော နတ္ထိ၊ တစိုးတစိအဘယ်မှာရှိပါချေတော့အံ့နည်း။

### တဏှာအလို ပြည့်ခဲစွ

တဏှာနော် အတော်ဆိုးသားကဘဲ၊ ဒီတဏှာကို အလိုကျအောင် ပြုလုပ်ဘို့ရာ မလွယ်ကူလှဘူး၊ တဏှာအလိုကို ပြည့်အောင် မတတ်နိုင်ဘူး။

ဒီတဏှာက—

ရူပါရုံတွေကိုလဲ လိုချင်တယ်၊
သဒ္ဒါရုံတွေကိုလဲ လိုချင်တယ်၊
ဂန္ဓာရုံတွေကိုလဲ လိုချင်တယ်၊
ရသာရုံတွေကိုလဲ လိုချင်တယ်၊
ဖောဋ္ဌဗ္ဗာရုံတွေကိုလဲ လိုချင်တယ်။

ဒီလို ဟိုဟာလိုချင် ဒီဟာလိုချင်နှင့် သူလိုချင်တာတွေကို ပြည့်စုံအောင် ပေးနိုင်ဘို့ရာမလွယ်လှဘူး၊ခုခေတ်လူတွေတချို့ပြောသံ ဆိုသံ ကြားရတယ်၊

ဘယ်သူဖြင့် လောဘကြီးလိုက်တာတဲ့၊ အဲဒါ တဏှာဘဲ၊ ဘယ်ပုဂ္ဂိုလ် သန္တာန်မှာ ဖြစ်တဲ့ တဏှာဘဲဖြစ်ဖြစ် လောဘကြီးတာဘဲ၊ လောဘကြီး လွန်းလို့ သူလိုသလောက် ပြည့်အောင် မပေးနိုင်ဘူးလို့ ဆိုခဲ့တယ်။

### တဏှာအလိုလိုက်လို့ ဒုက္ခနှင့်ရင်ဆိုင်ရ

ဒီတဏှာကို အလိုမလိုက်သင့်ဘူး၊ဒီတဏှာကို အလိုလိုက်ပြီး သူလိုချင်တဲ့ အာရုံငါးပါး ကာမဂုဏ်တရားတွေကို ပြည့်စုံအောင် ပြုလုပ်ပေးနေလျှင် ဒုက္ခနှင့် ရင်ဆိုင်ရမယ်။

ကျီးမိုက်ကလေးဟာ တဏှာအလိုလိုက်ပြီး တဏှာကြိုက်တဲ့ ရသာရုံကို ပြည့်စုံအောင် ပြုနေလို့ မရဏဒုက္ခကြီးနှင့် ရင်ဆိုင်ရတယ် မဟုတ်လား၊ ပုထုဇဉ်မိုက်ဟာလဲ တဏှာအလိုလိုက်ပြီး တဏှာကြိုက်တဲ့ ကာမဂုဏ် ငါးပါးကို ပြည့်စုံအောင် ပြုနေလို့ အပါယ်ဇာတိဒုက္ခကြီးနှင့် ရင်ဆိုင် ရတယ် မဟုတ်လား။

### ဆင်းရဲအားလုံး တဏှာကြောင့်ဖြစ်

ဒါကြောင့် ဒီတဏှာကို အလိုမလိုက်ကြပါနှင့်၊ ဒီတဏှာဟာ ဒုက္ခကို ဖြစ်စေတတ်ပါတယ်။

ပဋိသန္ဓေနေရခြင်းဒုက္ခကိုလဲ ဖြစ်စေတတ်ပါတယ်၊
အိုရခြင်းဒုက္ခကိုလဲ ဖြစ်စေတတ်ပါတယ်၊
နာရခြင်းဒုက္ခကိုလဲ ဖြစ်စေတတ်ပါတယ်၊
သေရခြင်းဒုက္ခကိုလဲ ဖြစ်စေတတ်ပါတယ်၊
စိုးရိမ်ရခြင်းဒုက္ခကိုလဲ ဖြစ်စေတတ်ပါတယ်၊
ငိုကြွေးရခြင်းဒုက္ခကိုလဲ ဖြစ်စေတတ်ပါတယ်၊
ကိုယ်၏ ဆင်းရဲခြင်းဒုက္ခကိုလဲ ဖြစ်စေတတ်ပါတယ်၊
စိတ်၏ဆင်းရဲခြင်းဒုက္ခကိုလဲ ဖြစ်စေတတ်ပါတယ်၊
ပြင်းစွာ ပင်ပန်းခြင်းဒုက္ခကိုလဲ ဖြစ်စေတတ်ပါတယ်၊
မအို မနာ မသေတာကို လိုရာမရဒုက္ခကိုလဲ ဖြစ်စေတတ်ပါတယ်၊
ဥပါဒါနက္ခန္ဓာ ဒုက္ခကိုလဲ ဖြစ်စေတတ်ပါတယ်၊

သတ္တဝါတွေ ဖြစ်ဖြစ်သမျှ ဆင်းရဲဒုက္ခအားလုံးပင် ဒီတဏှာ ချည်းဘဲလို့ မှတ်ရမယ်။

သုဓမ္မဝတီ(က)၁၀၀–၂၄

## တဏှာပြုတ်အောင် ကမ္မဋ္ဌာန်းအားထုတ်

ဒါကြောင့် ဒီတဏှာကို ပယ်ရမယ်၊ တဏှာကို ပယ်နိုင်လျှင် ပဋိသန္ဓေနေရခြင်းဆင်းရဲ၊ အိုရခြင်းဆင်းရဲ၊ နာရခြင်းဆင်းရဲ၊ သေရခြင်းဆင်းရဲ စတဲ့ ဆင်းရဲအပေါင်း ဒုက္ခသစ္စာမှ လွန်မြောက်ပြီး နိဗ္ဗာန်ချမ်းသာဆိုတဲ့ နိရောဓသစ္စာကို မျက်မှောက်ပြုနိုင်မယ်။

ဒါ့ကြောင့် နိဗ္ဗာန်ချမ်းသာကို လိုလားသူတိုင်း ဒုက္ခသစ္စာမှ လွန်မြောက်ပြီး နိရောဓသစ္စာကို မျက်မှောက်ပြုလိုသူတိုင်း သမုဒယသစ္စာတဏှာကို ပယ်စွန့်ရမယ်၊ ဒီ သမုဒယသစ္စာ တဏှာကို မဂ္ဂသစ္စာဖြင့် ပယ်စွန့်နိုင်တယ်၊ ဒါ့ကြောင့် ဒီသမုဒယသစ္စာတဏှာကို ပယ်စွန့်နိုင်တဲ့ မဂ္ဂသစ္စာကို ရအောင် ကမ္မဋ္ဌာန်းအလုပ်ကို များများကြီးအားထုတ်ကြကုန်ရာသတည်း။

## ချမ်းသာလိုက တဏှာပယ်ကြ

တဏှာဝသော ဒုပ္ပူရိတော၊
ဒုက္ခော တဏှာဝသံ ဂတော။
ဒုက္ခသမုဒယာ တဏှာ၊
တံ စဇေယျ သုခတ္ထိကော။

တဏှာဝသော၊ ငါးဖြာအာရုံ ကာမဂုဏ်မင် တဏှာရှင်၏ လိုအင်ဆန္ဒ ရလိုသမျှကို။ ဒုပ္ပူရိတော၊ ရလေလိုလေ အာသာမပြေဘဲ အလွန်ခဲစွာ ပြည့်စုံစေအပ်ပါ၏။ ဝါ၊ ပြည့်စုံအောင် ဘယ်လိုပင်ပြုသော်လဲ ပြည့်စုံမှု မလွယ်ကူသည် ဖြစ်ပါ၏။

တဏှာဝသံ၊ တဏှာ၏ အလိုနိုင်ငံသို့။ ဂတော၊ လိုက်ပါတတ်သော သူသည်။ ဝါ၊ တဏှာဝသံ ဂတော၊ တဏှာအလိုလိုက် တဏှာအကြိုက်ကို ပြုတတ်ပြီး တဏှာကြီးသောသူသည်။ ဒုက္ခော၊ ဒုက္ခအပေါင်းမှ သောင်းပြောင်းထွေလာ ဖွေရှာအနန္တ ဆင်းရဲကြီးဆင်းရဲရလှပါ၏။

တဏှာ၊ ငါးဖြာအာရုံ ကာမဂုဏ်မင်တဏှာရှင်သည်။ ဒုက္ခသမုဒယာ၊ ဒုက္ခအပေါင်းသောင်းပြောင်းထွေလာဖွေရှာအနန္တဒုက္ခကိုဖြစ်စေတတ်လှပါ၏။

တသ္မာ၊ ထိုသို့တဏှာတရား ပြည့်ခဲ့ငြား၍ ကြီးမားဒုက္ခ ဖြစ်စေလှသောကြောင့်။ သုခတ္ထိကော၊ တဏှာကင်းစင် ချမ်းသာခွင်ကို လိုချင်လှဘိ

ပညာရှိသည်။ တံ၊ ထိုဒုက္ခအနန္တ ပေးတတ်လှသည့် သမုဒယသစ္စာ တဏှာကို။ စဇေယျ၊ အဋ္ဌင်္ဂိက မဂ်ဉာဏ်လှဖြင့် ကြွင်းမျှမကျန် ပယ်လှန်စွန့်ပစ်ရာ၏။

## ကြိုးစားပါ

သမုဒယသစ္စာကြောင့် ဒုက္ခသစ္စာဖြစ်ရပုံကို ပုံဝတ္ထုနှင့်တကွ ဥပမာန ဥပမေယျတွေနှင့် တန်ဆာဆင်ပြီး ဟောလာလိုက်တာ ပြီးဆုံးသွားပြီပေါ့၊ သူတော်ကောင်း အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည် သမုဒယသစ္စာ တဏှာလောဘကို အဋ္ဌင်္ဂိက မဂ္ဂသစ္စာဖြင့် ပယ်စွန့်ကာ ဒုက္ခသစ္စာမှ လွန်မြောက်ပြီး နိရောဓသစ္စာကြီးကို မျက်မှောက်ပြုနိုင်အောင် ကြိုးစားကြကုန်ရာသတည်း။

## တရားသိမ်း

ကဲ–တရားအဆုံး နိဂုံးအုပ်ကာ အချုပ်ဂါထာကလေးနှင့် တရားသိမ်းလိုက်ကြစို့ရဲ့။

ဒေသိတံ တဏှာဗုဒ္ဓေန၊
သုဏိတွာ လောဘဒေသနံ။
တိက္ခတ္တုံ မောဒမာနာဝ၊
'သာဓု သာဓူ'တိ ဘာသထ။

ဘောန္တော သပ္ပုရိသာ၊ တရားနာပရိတ်သတ်အပေါင်း အို–သူတော်ကောင်းတို့။ စာပေ့မေ့၊တရားတော်မင် သင်သူတော်စင်တို့သည်။ တဏှာဗုဒ္ဓေန၊ သမုဒယသစ္စာ တဏှာသိမြင် ဘုရားရှင်သည်။ ဒေသိတံ၊ သမုဒယသစ္စာ တဏှာတရား စွန့်ပယ်ထားဘို့ ဟောကြားတော်မူအပ်သော။ လောဘဒေသနံ၊ သမုဒယသစ္စာ တဏှာလောဘ ကာကောပမ ဒေသနာတော်ကို။ သုဏိတွာ၊ မှတ်မှတ်သားသား သဒ္ဓါတရားဖြင့် နာကြားပြီး၍။ မောဒမာနာဝ၊ ဘဝင်ကြည်ပြုံး နှလုံးတော်ရွှင် အလွန်ပင်ဝမ်းသာကြကုန်သည် ဖြစ်၍သာလျှင်။ တိက္ခတ္တုံ၊ သုံးခါသုံးကြိမ်။ သာဓု သာဓူတိ၊ သာဓု၊ သာဓု၊ သာဓု ဟူ၍။ ဘာသထ၊ အသံချိုမြ နှုတ်မြွက်ဟ၍ ဆိုလိုက်ကြကုန်လော့။

(သာဓု သာဓု သာဓု)

ကာကောပမာ ဒေသနာ ပြီး၏။

# မရဏသတိကထာ

## ဥရဂဝဂ် ဥရဂပေတဝတ္ထု

### သေခြင်း နှစ်မျိုး လေးပါး

၁။ ကာလမရဏ

၂။ အကာလမရဏ

လို့ အကျဉ်းအားဖြင့် သေခြင်း နှစ်မျိုး ရှိတယ်။

### ၁။ ကာလမရဏ

"ကာလမရဏံ ပုညက္ခယေန ဝါ အာယုက္ခယေန ဝါ ဥဘယက္ခယေန ဝါ ဟောတိ"

လို့ ကျမ်းလာရှိသောကြောင့်–

၁။ ကောင်းမှုကံကုန်လို့ သေခြင်း၊

၂။ အသက်တမ်းကုန်လို့ သေခြင်း၊

၃။ ကောင်းမှုကံရော အသက်တမ်းပါ နှစ်ပါးစုံကုန်လို့ သေခြင်း၊

ဒီ သေခြင်း သုံးမျိုးကို "ကာလမရဏ"လို့ ခေါ်တယ်။

### ၂။ အကာလမရဏ

"အကာလမရဏံ ကမ္မုပစ္ဆေဒက ကမ္မဝသေန"

လို့ ကျမ်းလာရှိသောကြောင့်–

၄။ ဥပစ္ဆေဒက ကံကြောင့် သေခြင်းကို "အကာလမရဏ" လို့ ခေါ်တယ်။

၁။ ကောင်းမှုကံကုန်လို့ သေခြင်းဆိုတာ ယခုလက်ရှိ အသက်တမ်း ဖြစ်တဲ့ ၇၅-နှစ်မပြည့်မီ ပဋိသန္ဓေအကျိုးကိုပေးလိုက်တဲ့ ရှေးကောင်းမှုကံ၏ အသက်အပိုင်းအခြားအားလျော်စွာ သေဆုံးရခြင်းကို ကောင်းမှုကံကုန်လို့ သေခြင်းလို့ ဆိုတယ်။

၂။ အသက်တမ်းကုန်လို့ သေခြင်းဆိုတာ ယခုလက်ရှိ လူတို့၏ အသက်တမ်းမှာ ၇၅ - နှစ်တမ်းမျှရှိတယ်၊ အသက် ၇၅- နှစ်ပြည့်ပြီး အသက်တမ်းကုန်ခြင်းကြောင့် သေခြင်းကို အသက်တမ်းကုန်လို့ သေခြင်းလို့ ဆိုတယ်၊

၃။ ကောင်းမှုကံရော အသက်တမ်းပါ နှစ်ပါးစုံကုန်လို့ သေခြင်းဆိုတာ ပဋိသန္ဓေကျိုးကို ပေးလိုက်တဲ့ ရှေးကောင်းမှုကံကလဲ ၇၅- နှစ်၊ အသက်ကလဲ ၇၅ - နှစ်ပြည့်ပြီး နှစ်ပါးစုံ ကုန်ခြင်းကြောင့် သေခြင်းကို ကောင်းမှုကံရော အသက်တမ်းပါ နှစ်ပါးစုံကုန်လို့ သေခြင်းလို့ ဆိုတယ်။

၄၊ ဥပစ္ဆေဒကကံကြောင့် သေခြင်းဆိုတာ ရှေးဘဝ၌ ပြုခဲ့ဘူးတဲ့ တစုံတခုသော အကုသိုလ်ကံကြောင့်ရှင်း၊ ယခုဘဝမှာပြုတဲ့ တစုံတခုသော အကုသိုလ်ကံကြောင့်ရှင်း လက်နက် ဒုတ်ခဲ တပါးပယောဂများဖြင့် လတ်တလောသေဆုံးရခြင်းကို ဥပစ္ဆေဒကကံကြောင့် သေခြင်းလို့ဆိုတယ်။

### သေခြင်း နှစ်မျိုး လေးပါး တပါးပါးဖြင့်သေ

လူတိုင်း လူတိုင်းပင် ဒီသေခြင်း နှစ်မျိုး လေးပါးတွင် တပါးပါးဖြင့် သေဆုံးကြရတယ်၊ ဒီသေခြင်းတရားကို ဘယ်လူ ဘယ်ဇာတ် ဘယ်နတ်ပြဟ္မာ ဘယ်သတ္တဝါမှ ငြင်းဆန်လို့ မရဘူး၊ တဘဝ တခါတော့ သေကြရတာဘဲ၊ဒါကြောင့် ယခုအသက်ရှင်နေတဲ့လူတိုင်းလူတိုင်းပင် ငါတို့လဲ ဒီသေခြင်းနှစ်မျိုး လေးပါးတွင် တပါးပါးဖြင့်တနေ့ကျလျှင်မုချသေကြရမှာဘဲ။

### မရဏဿတိ ဘာဝနာ

"မရဏံ ဘဝိဿတိ၊ မရဏံ ဘဝိဿတိ"
သေရပါလိမ့်ဦးမယ်၊ သေရပါလိမ့်ဦးမယ်။
"မရဏံ မရဏံ"
သေရချည်သေးရဲ့၊ သေရချည်သေးရဲ့။
"မရဏံ မေ ဘဝိဿတိ၊
မရဏံ မေ ဓုဝံ၊
အဝဿံ မယာ မရိတဗ္ဗမေဝ"
ငါ့အား သေခြင်းတရားသည် ဖြစ်လတ္တံ့၊
ငါ၏ သေခြင်းတရားသည် မြဲ၏၊
ငါသည် မချွတ်သေရမည်သာ။

ဤကဲ့သို့ သေခြင်းတရားကို အမြဲတစေ အောက်မေ့ဆင်ခြင်ပြီး နေကြရမယ်၊ ဒီလို နေခြင်းကိုပင် မရဏဿတိ ဘာဝနာကို ပွားများဆင်ခြင်ပြီး နေတယ်လို့ ဆိုတယ်။

## မရဏဿတိဘာဝနာ အကျိုးပြဝတ္ထု

ဒီလို မရဏဿတိ ဘာဝနာကို ပွားများဆင်ခြင်ပြီး နေခြင်းကြောင့် လက်ငင်း အကျိုးရဘူးတဲ့ ဝတ္ထုသက်သေကို ဘုရားကိုယ်တော်မြတ်ကြီး သာဝတ္ထိပြည်သား သားသေသော သူကြွယ်တဦးအား ဟောကြားတော်မူခဲ့တယ်။

## ခြောက်ယောက်အိမ်သား မရဏဿတိပွား

လွန်လေပြီးသော အတိတ်ခေတ်က ကာသိတိုင်း ဗာရာဏသီပြည်ကြီးမှာ ဓမ္မပါလ ပုဏ္ဏားမျိုးရယ်လို့ ရှိသတတ်၊

ထိုပုဏ္ဏားမျိုး၏ အိမ်ထောင်စုတခုမှာ—

၁။ ပုဏ္ဏားကြီးရယ်၊
၂။ ဇနီးပုဏ္ဏေးမရယ်၊
၃။ သားရယ်၊
၄။ သမီးရယ်၊
၅။ ချွေးမရယ်၊
၆။ ကျွန်မရယ်၊

အားလုံးခြောက်ဦး နေထိုင်ကြသတဲ့၊ အဲဒီခြောက်ဦးလုံးပင် မရဏဿတိ ဘာဝနာကို ပွားများဆင်ခြင်ပြီး နေကြသတဲ့။

## မြွေကိုက်သားသေ သိကြားမင်းဖြစ်

တနေ့သောအခါမှာ ဖခင်ဖြစ်တဲ့ ပုဏ္ဏားကြီးလဲ သားပုဏ္ဏားကလေးကိုခေါ်ပြီး လယ်တောသို့ သွားကာ လယ်ထွန်ကြသတဲ့၊ လယ်တောမှာ သားဖြစ်တဲ့ ပုဏ္ဏားကလေးက မြက်သစ်ရွက်ခြောက်တွေကို တနေရာမှာ စုပုံပြီး မီးနှင့်ရှို့တယ်၊ အနီးအပါးမှာရှိတဲ့ မြွေဟောက် တကောင်လဲ မီးပူရှိန်ဖြင့် သစ်ခေါင်းကြားမှ ထွက်လာပြီး ပုဏ္ဏားကလေးကို ကိုက်လိုက်တယ်၊ ပုဏ္ဏားကလေးလဲ လဲကျသေဆုံးကာ နတ်ပြည်မှာသွားပြီး သိကြားမင်း ဖြစ်သတဲ့။

## တဦးမျှလည်း မျက်ရည်မကျ

ဖခင်ပုဏ္ဏားကြီးလဲ အနိုးအပေါ်မှ ဖြတ်သန်းသွားတဲ့ အိမ်နီးချင်း ယောကျ်ားကို မှာကြားလိုက်သတဲ့၊ "အမောင်ယောကျ်ား ငါတို့အိမ်သို့ သွားပြီး ပုဏ္ဏေးမအား ပြောကြားလိုက်ပါ၊ တယောက်စာ ထမင်းကိုသာ ယူ၍ စင်ကြယ်သန့်ရှင်းသော အဝတ်များကို ဝတ်ဆင်ပြီး ပန်းနံ့သာ လက်စွဲကာ လေးဦးလုံးပင် လယ်တောသို့ လာခဲ့ရမယ်" လို့ မှာလိုက်သတဲ့ ။

အိမ်နီးချင်းယောကျ်ားလဲ ပုဏ္ဏားကြီးအိမ်သို့ သွားပြီး ပုဏ္ဏေးမအား မှာကြားလိုက်တိုင်း ပြောကြားသတဲ့၊ ပုဏ္ဏေးမကြီးလဲ စင်ကြယ်သန့်ရှင်း သော အဝတ်များကို ဝတ်ဆင်၍ ကျွန်မကို ထမင်းထုပ် ရွက်စေပြီး သ္မီးနှင့် ချွေးမကို ခေါ်ကာ ပန်းနံ့သာ လက်စွဲလျက် လေးဦးလုံးပင် လယ်တောသို့ လိုက်သွားကြသတဲ့။

ဖခင် ပုဏ္ဏားကြီးလဲ ပါလာတဲ့ ထမင်းကို စားပြီး သားသေအလောင်း ကို မီးသင်္ဂြိုဟ်မှု ပြုကြတယ်၊ တဦးတယောက်မျှ မျက်ရည် တပေါက် မကျ ဘူးတဲ့၊ ငါးဦးလုံးပင် မရဏာဿတိ ဘာဝနာကို ပွားများ ဆင်ခြင်ပြီး နေကြသတဲ့။

## သိကြားမေး ဖခင်ဖြေ

သိကြားမင်းကြီးလဲ ဘဝဟောင်းက မိဘဆွေမျိုးများကို သနား ကြင်နာသောအားဖြင့် ပုဏ္ဏားအသွင်ဖြင့် မီးသင်္ဂြိုဟ်ရာအရပ်သို့ လာပြီး—

**သိကြားမင်း** "အမောင်တို့ သားကောင်ကို ဖုတ်ကင်နေကြသလား၊ နည်းနည်းပါးပါး အသားကလေးများ ပေးပါဦး၊ မွတ်သိပ် ဆာလောင်လို့ပါ"

**ဖခင်ပုဏ္ဏား** "အရှင်ပုဏ္ဏားကြီး သားကောင် မဟုတ်ပါ၊ လူသေကို မီးသင်္ဂြိုဟ်နေကြပါတယ်။

**သိကြားမင်း** "အမောင်တို့ လူသေကို မီးသင်္ဂြိုဟ်နေကြတာ ဖြစ်လျှင် ယခု သေလွန်သူကား သင်တို့၏ ရန်သူဘဲလား"

**ဖခင်ပုဏ္ဏား** "အရှင်ပုဏ္ဏားကြီး ရန်သူမဟုတ်ပါ၊ ရင်ဝယ်ပေါက်ဖွားတဲ့ သားဖြစ်ပါတယ်"

သိကြားမင်း "အမောင်တို့ ရင်ဝယ်ပေါက်ဖွားတဲ့ သားဖြစ်သူ သေဆုံးပါလျက် ဘယ်အတွက်ကြောင့် မငိုကြွေးကြပါသလဲ"

ဖခင်ပုဏ္ဏား "အရှင်ပုဏ္ဏားကြီး မငိုကြွေးကြခြင်း၏ အကြောင်းကဒီလိုပါ

၁။ "ဥရဂေါ ဝ တစံ ဇိဏ္ဏံ၊
ဟိတွာ ဂစ္ဆတိ သန္တနုံ။
ဧဝံ သရီရေ နိဗ္ဘောဂေ၊
ပေတေ ကာလကတေ သတိ။

၂။ ဍယှမာနော န ဇာနာတိ၊
ဉာတီနံ ပရိဒေဝိတံ။
တသ္မာ ဧတံ န ဆောစာမိ၊
ဂတော သော တဿ ယာ ဂတိ"

၁။ ဗြာဟ္မဏ၊ သိလိုရေးနှင့် မေးလာခဲ့ငြား အိုအရှင်ပုဏ္ဏား။ဥရဂေါ၊ ရင်ဖြင့်ဝပ်သွား မြွေနဂါးသည်။ ဇိဏ္ဏံ၊ ဆွေးမြွေဟောင်းမြင်း အိုမင်းလေပြီးသော။တစံ၊အပေါ်ရံတင် အရေခွံကို။ ဟိတွာ၊ မရှုမငဲ့ စွန့်ပစ်ခဲ့၍၊ ဂစ္ဆတိ ဣဝ၊ လိုရာလိုရာ နေရာအထွေထွေ သွားလေသကဲ့သို့။ ဧဝ မေဝ၊ ပမာပုံယူ မြွေနှင့်တူစွာ။ မမ၊ ငါ၏။ ပုတ္တော၊ ရင်ဝယ်ပေါက်ဖွား ချစ်လှစွာသောသားသည်။ သန္တနုံ၊ဘဝရှေ့နှောင်း အဟောင်းဟုဆို မိမိကိုယ်ကို။ ဟိတွာ၊ မရှုမငဲ့ စွန့်ပစ်ခဲ့၍။ ဂစ္ဆတိ၊ ဘဝသစ်ပြောင်း အကြောင်းလျော်စွာ ရောက်ရာရပ်မြေ သွားခဲ့လေ၏။

ဧဝံ၊ ဤသို့။ သရီရေ၊ ခန္ဓာပဥ္စက အတ္တခေါ်ဆို ကိုယ်သည်။ နိဗ္ဘောဂေ၊ သုံးဆောင်ခံစား ကင်းပြီးသားမို့ ကျိုးမျှားမစီး အချည်းနှီးသည်။ ပေတေ၊ ဝိညာဏ်ကင်းချုပ် ဥတုဇရုပ်မျှ ကြွင်းသည်။ ကာလကတေ၊ ခန္ဓာပျက်ကြွေ သေလေပြီးသည်။ သတိ၊ တကယ်စင်စစ် ဖြစ်သည်ရှိသော်။ ကာရုညေန ဝါ၊ ကရုဏာထား သနားခြင်းဖြင့်ရင်း။ ပရိဒေဝေန ဝါ၊ ပူဆွေးတမ်းတ လွမ်းစ မပြေ အထွေထွေတော့ ငိုကြွေးခြင်းဖြင့်ရင်း။ ကော အတ္တော၊ ချမ်းသာပွားတိုး သုခကျိုးတွင် တမျိုးမျိုးထိ ဘယ်အကျိုး ရှိပါအံ့နည်း။

၂။ ဈာယမာနေ၊ တစူးဝါးထိုး အမျိုးမျိုးဖြင့် ကျိုးကြံ့ ပြုံကြက် မီးတိုက် အပ်သော။ အယံ ပုတ္တော၊ ဤဝိညာဏ်ကင်းချုပ် ဥတုဇရုပ်မျှ သားချစ် လှသည်။ န ဇာနာတိ၊ သုခ, ဒုက္ခ နှစ်ဝပရှိ မသိတတ်ပါ။ ဉာတိနံ၊ ခုနစ်ဝါ ခုနစ်ဆက် ဆင်းသက်နွယ်ရိုး ဆွေမျိုးတို့၏။ ပရိဒေဝိတမ္ပိ၊ ရောင်ကော ရမ်းကာ မြည်တမ်းကာဖြင့် တစာစာမြည် ငိုကြွေးသည်ကိုလည်း။ န ဇာနာတိ၊ ငါ့မိ, ငါ့ဖ, ငါ့ဆွေ, ငါ့မျိုး ငါ့အကျိုးတွက် မျက်ရည်စက်မှိုင် တမှိုင်မှိုင်တွေး ငိုကြွေး၍သာ နေကြပါကလားဟု မသိတတ်ပါ။

တသ္မာ၊ ထိုသို့ ဝိညာဏ်ကင်းချုပ် ဥတုဇရုပ်မျှ သားချစ်လှက သုခ, ဒုက္ခာ ထိုနှစ်ဖြာနှင့် ဉာတကာတို့ ငိုတာမသိ ဖြစ်လေဘိကြောင့်။ တံ ပုတ္တံ၊ ဤဝိညာဏ်ကင်းချုပ် ဥတုဇရုပ်မျှ သားချစ်လှကို။ အဟံ၊ ငါသည်။ န ရောဒါမိ၊ မစိုးရိမ် မပူဆွေး မငိုကြွေးပါ။ တဿ၊ ထိုဝိညာဏ်ကင်းသေ့ သေလေပြီးသော သားအား။ ယာ ဂတိ၊ အကြင်ကံအားလျော်စွာ လားရာ မည်ဘိ မိမိဂတိသည်။ အတ္ထိ၊ အမှန်တိတိ ရှိပါပေ၏။ တံ ဂတိံ၊ ကိုကံအား လျော်စွာ လားရာမည်ဘိ မိမိဂတိသို့။ သော ပုတ္တော၊ ထိုဝိညာဏ်ကင်းသေ့ သေလေပြီးသောသားသည်။ ဂတော၊ မိဘနှစ်ဖြာ ဉာတကာနှင့် ချစ်ခဲ့ မိတ်ဆွေ ပစ်ခွါလေ၍ လားခဲ့လေပြီ။

## အဓိပ္ပါယ် အကျဉ်း

၁။ အရှင်ပုဏ္ဏားကြီး မြွေသည် အရေဟောင်းကို စွန့်ပစ်ပြီး မိမိလိုရာ အရပ်သို့ ပြောင်းသွားသကဲ့သို့ အကျွန်ုပ်၏သားသည်လည်း ဘဝဟောင်းမှ ခန္ဓာကိုယ်ဟောင်းကို စွန့်ပစ်ပြီး ဘဝသစ်သို့ ပြောင်းသွားခဲ့ပါ၏၊ ဤကဲ့သို့ ဘဝတပါး ပြောင်းသွားကွယ်လွန်ပြီး ဥတုဇရုပ်မျှကြွင်းသော သားကို တမ်းတပူဆွေး ငိုကြွေးကာနေလို့ ဘာအကျိုးရှိပါမလဲ။

၂။ ဝိညာဏ်ကင်းချုပ် ဥတုဇရုပ်မျှကြွင်းသော ဤသည့်သားသည် တစူးဝါးထိုး အမျိုးမျိုးဖြင့် မီးသင်္ဂြိုဟ်မှုပြုပါသော်လဲ သုခ, ဒုက္ခမရှိ မသိတော့ပါ၊ မိဘဆွေမျိုးတို့ စိုးရိမ်ပူဆွေး ငိုကြွေးကာ နေကြပါသော်လဲ ငါ့မိ, ငါ့ဖ, ငါ့ဆွေ, ငါ့မျိုးတို့သည် ငါ့အကျိုးအတွက် စိုးရိမ်ပူဆွေး ငိုကြွေးကာ နေကြပါကလားလို့လဲ မသိတော့ပါ၊ ထို့ကြောင့်ပင် အကျွန်ုပ်သည် သေလွန်လေပြီးသော သားအတွက် မစိုးရိမ် မပူဆွေး မငိုကြွေးပါ၊

ထိုသေလွန်လေပြီးသော သားသည် ကံအားလျော်စွာ မိမိဂတိသို့ လားခဲ့ရပါပြီဟု ပြောကြားသတဲ့။

## သိကြားမေး မိခင်ဖြေ

ပုဏ္ဏားယောင်ဆောင်တဲ့ သိကြားမင်းလဲ ဖခင်ပုဏ္ဏား၏ အဖြေစကားကို နာကြားပြီ တဖန် မိခင်ပုဏ္ဏေးမကို မေးမြန်းသတဲ့။

**သိကြားမင်း** "ချစ်သမီး ဟာခု သေလွန်သူကား သင်နှင့် ဘယ်လိုတော်စပ်ပါသလဲ"

**မိခင်ပုဏ္ဏေးမ** "အရှင်ပုဏ္ဏားကြီး ဝမ်းဖြင့် လွယ်ဖွားတဲ့ သားဖြစ်ပါတယ်"

**သိကြားမင်း** "ချစ်သမီး ဖခင်မှာမူကား ယောကျ်ားသားဖြစ်လို့ မငိုကြွေးသည်မှာ ရှိပါစေဦးတော့၊ မိခင်တို့ စိတ်နှလုံးသည်ကား နူးညံ့ပြော့ပျောင်းလှ၏၊ သင်မှာမူကား သားတယောက်လုံး သေဆုံးပါလျက် ဘယ်အတွက်ကြောင့် မငိုကြွေးပါသလဲ"

**မိခင်ပုဏ္ဏေးမ** "အရှင်ပုဏ္ဏားကြီး မငိုကြွေးခြင်း၏ အကြောင်းကဒီလိုပါ-

၁။ "အနဝှိတော တတော အာဂါ၊
နာနုညာတော ဣတော ဂတော။
ယထာဂတော တထာဂတော၊
တတ္ထ ကာ ပရိဒေဝနာ။

၂။ ဍယှမာနော န ဇာနာတိ၊
ဉာတီနံ ပရိဒေဝိတံ။
တသ္မာ ဧတံ န ရောဒါမိ၊
ဂတော သော တဿ ယာ ဂတိ"

၁။ ပြာဟ္မဏ၊ သိလိုရေးနှင့် မေးလာခဲ့ငြား အို-အရှင်ပုဏ္ဏား။ အယံ ပုတ္တော၊ ဤဝိညာဏ်ကင်းသွေ့ သေလေပြီးသော သားသည်။ အမှေဟိ၊ မိဘနှစ်ဖြာ ငါတို့သည်။ အနဝှိတော၊ လာပါ လာပါ သားဖြစ်ပါဟု ဘိတ်ကြားကာနေ့ မခေါ်ဘဲလျက်။ တတော၊ ထိုအတိတ်ခန္ဓာ တမလွန်ရွာမှ။ အာဂါ၊ ငါတို့နေရာ ဤလူ့ရွာသို့ ဝင်လာတခေါက် လာရောက်

ခဲ့ပြီ။ အမေ့ဟိ၊ မိဘန္တစ်ဖြာ ငါတို့သည်။ နာနုညာတော၊ ချစ်သားသွားပါ တမလွန်ရွာသို့ ဆိုကာနှုးညွတ် ခွင့်မလွတ်ဘဲ။ ဂုဟော၊ ငါတို့နေရာ ဤလူ့ရွာမှ။ ဂတော၊ မျိုးပစ်ဆွေခွါ တမလွန်ရွာသို့ ပြောင်းရှာခဲ့ပြီ။ အာဂတော ယထာ၊ မိမိအလိုနေဘ် တို့မခေါ်ဘဲ ကံသေဘ်အလျောက် လာရောက်သကဲ့သို့။ တထာ၊ ထို့အတူ။ ဂတော၊ မိမိအလိုအတိုင်း တို့မခိုင်း ကံပိုင်းလျော်စွာ တမလွန်ရွာသို့ ပြောင်းရှာခဲ့ပြီ။ တတ္ထ၊ ကိုသို့ ကံအားလျော်စွာ တမလွန်ရွာသို့ ပြောင်းရာ၌။ ပရိဒေဝနာ၊ ပူဆွေးတမ်းတလွမ်းစမပြေ အထွေထွေတွေး ငိုကြွေးခြင်းဖြင့်။ ကာ၊ ချမ်းသာပွားတိုးသုခကျိုးတွင် တမျိုးမျိုးထိ ဘယ်အကျိုးရှိပါအံ့နည်း။

၂။ ခုယျမာနော၊ သော။ အယံ ပုတ္တော၊ သည်။နဇာနာတ်၊ တတ်ပါ။ ဉာတီနံ၊ တို့၏။ ပရိဒေဝိတမ္ပိ၊ ကိုလည်း။ နဇာနာတိ၊ တတ်ပါ။ တသ္မာ၊ ကြောင့်။ ဧတံ ပုတ္တံ၊ ကို။ အဟံ၊ သည်။ နရောဒါမိ၊ ကြွေးပါ။ တဿ၊ အား။ ယာ ဂတိ၊ သည်။ အတ္ထိ၊ ၏။ တံ ဂတိံ၊ သို့။ သော ပုတ္တော၊ သည်။ ဂတော၊ ပြီ။

## အဓိပ္ပါယ် အကျဉ်း

၁။ အရှင်ပုဏ္ဏားကြီး ဤသေလွန်သွားတဲ့ သားဟာ တမလွန်ရွာမှ ငါတို့အိမ်သို့လာပြီး သားဖြစ်လှည့်ပါလို့ ငါတို့မခေါ်ပါဘဲလျက် ကံအားလျော်စွာ သူ့အလိုအလျောက် လာခဲ့တယ်၊တမလွန်ရွာသို့ ချစ်သားသွားပါချေလို့ ငါတို့မစေဘဲ ကံအားလျော်စွာ သူ့အလိုအလျောက် သွားခဲ့တယ်၊ အဲဒါလို လာတုန်းကလဲ ကံအားလျော်စွာ သူ့အလိုအလျောက် လာပြီး သွားပြန်ပါတော့လဲ ကံအားလျော်စွာ သူ့အလို အလျောက် သွားတဲ့ သားကို တမ်းတပူဆွေး ငိုကြွေးကာနေလို့ ဘာအကျိုးရှိပါ့မလဲ။

၂။ ဝိညာဏ်ကင်းချုပ် (လ) သတဲ့။ (ရှေးနည်းတူ)

## သိကြားမေး နှမဖြေ

ပုဏ္ဏားယောင်ဆောင်တဲ့ သိကြားမင်းကြီးလဲ မိခင်ပုဏ္ဏေးမ၏ အဖြေစကားကို နာကြားပြီး တဖန် နှမဖြစ်သူကို မေးမြန်းပြန်သတဲ့။

**သိကြားမင်း** "ချစ်သမီး ဤယခု သေလွန်သူကား သင်နှင့် ဘယ်လို တော်စပ်သလဲ"

နှမ "အရှင် ပုဏ္ဏားကြီး တမိဝမ်းတွင်း ခေါင်းနှင်းဆင်းတဲ့ မောင်အရင်း ဖြစ်ပါတယ်"

သိကြားမင်း "ချစ်သမီး နှမတို့မည်သည်ကား မောင်တို့၌ ချစ်ခြင်း ရှိကြပါတယ်၊ သင်မှာမူကား မောင်တယောက်လုံး သေဆုံးပါလျက် ဘယ်အတွက်ကြောင့် မငိုကြွေးပါသလဲ"

နှမ "အရှင်ပုဏ္ဏားကြီး မငိုကြွေးခြင်း၏ အကြောင်းက ဒီလိုပါ—

၁။ "သစေ ရောဒေ ကိသာ အဿံ၊
တတ္ထ မေ ကိံ ဖလံ သိယာ။
ဉာတိမိတ္တ သုဟဇ္ဇာနံ၊
ဘိယျော နော အရတိ သိယာ။

၂။ ဍယှမာနော န ဇာနာတိ၊
ဉာတီနံ ပရိဒေဝိတံ။
တသ္မာ ဧတံ န ရောဒါမိ၊
ဂတော သော တဿ ယာ ဂတိ"။

၁။ ဗြာဟ္မဏ၊ ပုဏ္ဏား။ အဟံ၊ ကျွန်မသည်။ သစေ ရောဒေ၊ သောကမီးကြွယ် မောင်ဝယ်လွမ်းအား အကယ်၍ ငိုကြွေးငြားအံ့။ ကိသာ၊ လွမ်းအားပိုချက် သောက စက်ကြောင့် ရုပ်ပျက်ခန္ဓာ ပိန်ချုံးရာသည်။ အဿံ၊ စင်စစ်မသွေ ဖြစ်ပေရာ၏။ တတ္ထ၊ ထိုသို့ မောင်ကိုတမ်းတ လွမ်းစမဲ ငိုကြွေးရာ၌။ မေ၊ တဝမ်းတည်းကျ နှမဖြစ်သော ကျွန်မအား။ ကိံ ဖလံ၊ ချမ်းသာပွားတိုး အဘယ်မည်သော သုခကျိုးသည်။ သိယာ၊ စင်စစ်မသွေ ဖြစ်လေရာအံ့နည်း။ နော၊ ကျွန်မတို့၏။ ဉာတိမိတ္တသုဟဇ္ဇာနံ၊ ခုနစ်ဆက်လာ ဉာတကာနှင့် ချစ်စွာမိတ်ဆွေ စိတ်စေလွန်ကောင်း ပုဂ္ဂိုလ်အပေါင်းတို့အား။ ဘိယျော၊ ထန်ထန်သဲသဲ လွန်ကဲစွာ။ အရတိ၊ စိတ်စက်နှမ်းရော် မမွေ့လျော်ခြင်းသည်။ သိယာ၊ ကျွန်မငိုအား ငွမ်းပကားကြောင့် ထင်ရှားမသွေ ဖြစ်ပေရာ၏။

၂။ ဍယှမာနော၊ သော။ အယံ ဘာတိကော၊ ဤဝိညာဏ်ကင်းချုပ် ဥတုဇရုပ်မျှ ချစ်မောင်လှသည်။ န ဇာနာတိ၊ တတ်ပါ။ ဉာတီနံ၊ တို့၏။

ပရိဒေဝိတမ္ပိ၊ ကိုလည်း။ န ဇာနာတိ၊ တတ်ပါ။ တသ္မာ၊ ထိုသို့ ဝိညာဏ်ကင်းချုပ် ဥတုဇရုပ်မျှ ချစ်မောင်လှက သုခ,ဒုက္ခ ထိုနှစ်ပြားနှင့် ဉာတကာတို့ ငိုတာမသိ ဖြစ်လေဘိကြောင့်။ တေ ဘာတိကံ၊ ဤဝိညာဏ်ကင်းချုပ် ဥတုဇရုပ်မျှ ချစ်မောင်လှကို။ အဟံ၊ ကျွန်မသည်။နရောဒါမိ၊ ပါ။ တသ္မာ၊ ထိုဝိညာဏ်ကင်းသွေ့ သေလေပြီးသော မောင်အား။ ယာ ဂတိ၊ သည်။ အတ္ထိ၊ ၏။ တံ ဂတိံ၊ သို့။ သော ဘာတိကော၊ ထိုဝိညာဏ်ကင်းသွေ့ သေလေပြီးသော မောင်သည်။ ဂတော၊ ပြီ။

## အဓိပ္ပါယ် အကျဉ်း

၁။ အရှင်ပုဏ္ဏားကြီး ကျွန်မမောင် သေဆုံးလို့ ငိုကြွေးခဲ့လျှင် ကျွန်မသာ ပင်ပန်းဆင်းရဲ ပိန်ချုံးရုံသာ ရှိမယ်၊ ကျွန်မမောင်မှာ ဘာအကျိုးထူးမျှ ရှိလိမ့်မယ် မဟုတ်ဘူး၊ ကျွန်မရဲ့ ဆွေမျိုးမိတ်သင်္ဂဟတွေလဲ စိတ်စက်မသာမယာ ဖြစ်ကြပေလိမ့်မယ်။

၂။ ဝိညာဏ်ကင်းချုပ် ဥတုဇရုပ်မျှ ကြွင်းသော ဤမောင်သည်(လ) သတဲ့။ ('သား' နေရာ၌ 'မောင်' ပြောင်းလဲဆို)။

## သိကြားမေး မယားဖြေ

ပုဏ္ဏားယောင်ဆောင်တဲ့ သိကြားမင်းကြီးလဲ နှမဖြစ်သူ၏ အဖြေစကားကို နာကြားပြီး တဖန် မယားဖြစ်သူကို မေးမြန်းသတဲ့။

**သိကြားမင်း** "ချစ်သို့မီး ဤယခု သေလွန်သူကား သင်နှင့် ဘယ်လိုတော်စပ်ပါသလဲ"

**မယား** "အရှင်ပုဏ္ဏားကြီး ကျွန်မ၏ ချစ်လင် ဖြစ်ပါတယ်"

**သိကြားမင်း** "ချစ်သို့မီး မယားတို့မည်သည်ကား လင်သေဆုံးခဲ့ပါလျှင် မုဆိုးမဖြစ်ပြီး ကိုးကွယ်ရာမဲ့ ဖြစ်ကြတယ်၊ သင်မှာမူက လင်တယောက်လုံး သေဆုံးပါလျက် ဘယ်အတွက်ကြောင့် မငိုကြွေးပါသလဲ"

**မယား** "အရှင်ပုဏ္ဏားကြီး မငိုကြွေးခြင်း၏အကြောင်းက ဒီလိုပါ—

၁။ ယထာပိ ဒါရကော စန္ဒံ၊
ဂစ္ဆန္တံ မနုရောဒတိ။
ဧဝံ သမ္ပဒမေဝေတံ၊
ယော ပေတမနုသောစတိ။

၂။ ဥယှမာနော န ဇာနာတိ၊
ဉာတီနံ ပရိဒေဝိတံ။
တသ္မာ ဧတံ န ရောဒါမိ၊
ဂတော သော တဿ ယာ ဂတိ”။

၁။ ဗြာဟ္မဏ၊ ပုဏ္ဏား။ ဒါရကော၊ ရမရနှင့် သင့်မသင့်ကို နှိုင်းချင့်မရှိ မသိတတ်သေး သူငယ်ကလေးသည်။ ဂစ္ဆန္တံ၊ ဟင်းလင်းဝေဟင် ထက် ကောင်းကင်ဖြင့် သွားသော။ စန္ဒံ၊ ၄၉-ယူဇနာ ဘော်ရောင်ဖြာလင်း လပြည့်ဝန်းကို။ အနုရောဒတိ ယထာပိ၊ လ,ကိုပေးပါ တစာစာနှင့် လမှာ မှန်းဆ လက်ညှိုးပြလျက် တမ်းတငိုယိုသကဲ့သို့။ ဧဝမေဝ၊ လောကပုံယူ သူငယ်နှင့်အတူသာလျှင်။ ယော ပုဂ္ဂလော၊ သောကလိုက်ဖို လွမ်းအားပိုသည့် အကြင်ပုဂ္ဂိုလ်သည်။ ပေတံ၊ တမလွန်ရှာ ပြေ င်းရှာလေပြီးသော သူကို။ အနုသောစတိ၊ တမ်းတငိုကြွေး အဖန်ဖန် စိုးရိမ်ပူဆွေး၏။ တဿ ပုဂ္ဂလဿ၊ ထိုသောကလိုက်ဖို လွမ်းအားပိုသည့်ပုဂ္ဂိုလ်၏။ ဧတံ အနုသောစနံ၊ ထိုတမ်းတငိုကြွေး အဖန်ဖန် စိုးရိမ်ပူဆွေးခြင်းသည်။ ‘ဧဝံသမ္ပဒမေဝ၊ ဤလကိုပူဆာ အခါခါ ငိုကြွေးတဲ့ ကလေးဥပမာ ပြည့်စုံခြင်းရှိသည် သာတည်း။

၂။ ဥယှမာနော၊ သော။ အယံ သာမိကော၊ ဤဝိညာဏ်ကင်းချုပ် ဥတုဇရုပ်မျှ ချစ်လင်လှသည်။ န ဇာနာတိ၊ တတ်ပါ။ ဉာတီနံ၊ တို့၏။ ပရိဒေဝိတမ္ပိ၊ ကိုလည်း။ န ဇာနာတိ၊ တတ်ပါ။ တသ္မာ၊ ထိုသို့ ဝိညာဏ် ကင်းချုပ် ဥတုဇရုပ်မျှ ချစ်သင်လှက သုခ,ဒုက္ခာ ထိုနှစ်ဖြာနှင့် ဉာတကာတို့ ငိုတာမသိ ဖြစ်လေဘိကြောင့်။ ဧတံ သာမိကံ၊ ဤဝိညာဏ်ကင်းချုပ် ဥတု ဇရုပ်မျှ ချစ်လင်လှကို။ အဟံ၊ ကျွန်မသည်။ န ရောဒါမိ၊ ပါ။ တဿ၊ ထိုဝိညာဏ်ကင်းသေ့ သေလေပြီးသော ချစ်လင်အား။ ယာ ဂတိ၊ သည်။

အတ္တို၊ ၏။ တံ ဂတိံ၊ သို့။ ယော သာမိကော၊ ထိုဝိညာဏ်ကင်းသေ့သေလေပြီးသော ချစ်လင်သည်။ ဂတော၊ ပြီ။

## အဝိပ္ပါယ် အကျဉ်း

၁။ အရှင်ပုဏ္ဏားကြီး ရသင့် မရသင့်ကို မသိတတ်သေးတဲ့ သူငယ်ကလေးဟာ လပြည့်ဝန်းကြီးကို လက်ညှိုးထိုးပြီး "မေမေ လ,ကို ပေးပါ၊ မေမေ လ,ကို ပေးပါ" လို့ တစာစာနှင့် ပူဆာငိုယိုတာလို အကြင်သူသည် သေလွန်လေပြီးသောသူကို တမ်းတငိုယို၏၊ ထိုသူ၏ တမ်းတ ငိုယိုခြင်းသည်လည်း မရနိုင်တဲ့အရာဖြစ်လို့ သူငယ်ကလေးနှင့် တူပါတယ်။

၂။ ဝိညာဏ်ကင်းချုပ် ဥတုဇရုပ်မျှကြွင်းသော ဤချစ်လင်သည် (လ)သတဲ့၊ ("သား"နေရာ၌ "လင်"ပြောင်းလဲဆို)

## သိကြားမေး ကျွန်မဖြေ

ပုဏ္ဏားယောင်ဆောင်တဲ့ သိကြားမင်းကြီးလဲ မယားဖြစ်သူ၏ အဖြေစကားကို နာကြားပြီး တဖန် ကျွန်မဖြစ်သူကို မေးမြန်းပြန်သတဲ့။

**သိကြားမင်း** "ချစ်သမီး ယခု သေလွန်သူကား သင်နှင့် ဘယ်လိုတော်စပ်ပါသလဲ"

**ကျွန်မ** "အရှင်ပုဏ္ဏားကြီး ကျွန်မ၏ အရှင်သခင် ဖြစ်ပါတယ်"

**သိကြားမင်း** "ချစ်သမီး သင့်ကို ညှဉ်းဆဲနှိပ်စက်တဲ့ အရှင်သခင်ဘဲဖြစ်ပါလိမ့်မယ်၊ ဒါကြောင့်လဲ သင်ဟာ အရှင်ဆိုးလက်မှ လွတ်ရပေပြီလို့ နှလုံးပိုက်ပြီး မငိုကြွေးဘဲ နေယောင်ထင်မိပါ၏"။

**ကျွန်မ** "အရှင်ပုဏ္ဏားကြီး ဤစကားဟာ ကျွန်မ၏ အရှင်သခင်နှင့် မထိုက်တန်ပါ၊ ကျွန်မ၏ အရှင်သခင်ဟာ ခန္တီမေတ္တာကရုဏာတရားတွေနှင့် ပြည့်စုံတဲ့ အရှင်သခင်ဖြစ်ပါတယ်"

**သိကြားမင်း** "ချစ်သမီး ဒီလို အရှင်ကောင်း အရှင်မြတ် သေဆုံးပါလျက် ဘယ်အတွက်ကြောင့် မငိုကြွေးပါသလဲ"

**ကျွန်မ** အရှင်ပုဏ္ဏားကြီး မငိုကြွေးခြင်း၏ အကြောင်းက ဒီလိုပါ—

၁။ "ယထာပိ ဗြဟ္မေ ဥဒကုမ္ဘော၊
ဘိန္နော အပ္ပဋိသန္ဓိယော။
ဧဝံ သမ္ပဒမေဝေတံ၊
ယော ပေတမနုသောစတိ။

၂။ ဥယျမာနော န ဇာနာတိ၊
ဉာတီနံ ပရိဒေဝိတံ။
တသ္မာ ဧတံ န ရောဒါမိ၊
ဂတော သော တဿ ယာ ဂတိ"။

၁။ ဗြဟ္မေ၊ သိလိုရေးနှင့် မေးလာခဲ့ဘြား အိုအရှင်ပုဏ္ဏား။ ဘိန္နော၊ အစိတ်စိတ် အမွှာမွှာ အဖြာဖြာပျက်စီး ကွဲလေပြီးသော။ ဥဒကုမ္ဘော၊ ရေဖြင့်ပြည့်ဖြိုး ရေအိုးသည်။ အပ္ပဋိသန္ဓိယော၊ တဖန်ဆက်စပ် ပြကတေ့ အတိုင်း ဖြစ်စေခြင်းငှါ မတတ်နိုင်သည်။ ဟောတိ ယထာပိ၊ မချွတ်စင်စစ် ဖြစ်သကဲ့သို့။ ဧဝမေဝ၊ ပမာပုံယူ ရေအိုးကွဲနှင့် အတူသာလျှင်။ ယော ပုဂ္ဂလော၊သည်။ပေတံ၊ကို။အနုသောစတိ၊၏။ တဿပုဂ္ဂလဿ၊၏။ အနုသောစနံ၊ သည်။ ဧဝံ သမ္ပဒမေဝ၊ ဤရေအိုးကွဲ ဥပမာ ပြည့်စုံခြင်းရှိသည် သာတည်း။

၂။ ဥယျမာနော၊ သော။ အယံ သာမိကော၊ ဤဝိညာဏ်ကင်းချုပ် ဥတုဇရုပ်မျှ သခင်လှသည်။ န ဇာနာတိ၊ တတ်ပါ။ ဉာတီနံ၊ တို့၏။ ပရိဒေဝိတမ္ပိ၊ ကိုလည်း။ န ဇာနာတိ၊ တတ်ပါ။ တသ္မာ၊ ထိုသို့ဝိညာဏ်ကင်းချုပ် ဥတုဇရုပ်မျှ သခင်လှက သုခ ဒုက္ခာ ထိုနှစ်ဖြာနှင့် ဉာကကာတို့ ငိုတာမသိ ဖြစ်လေဘိကြောင့်။ ဧတံ သာမိကံ၊ ဤဝိညာဏ်ကင်းချုပ် ဥတုဇရုပ်မျှ သခင်လှကို။ အဟံ၊ ငါသည်။ န ရောဒါမိ၊ ပါ။ တဿ၊ ထိုဝိညာဏ်ကင်း သေ့ သေလေပြီးသော အရှင်သခင်အား။ ယာ ဂတိ၊ သည်။ အတ္ထိ၊ ၏။ တံ ဂတိံ၊ သို့။ သော သာမိကော၊ ထိုဝိညာဏ်ကင်းသေ့ သေလေပြီးသော အရှင်သခင်သည်။ ဂတော၊ ပြီ။

## အဓိပ္ပါယ် အကျဉ်း

၁။ အရှင်ပုဏ္ဏားကြီး အစိတ်စိတ် အမွှာမွှာ ကွဲလေပြီးဖြစ်တဲ့ ရေအိုးကို တဖန်ဆက်စပ် ပြကတေ့ အတိုင်း ဖြစ်စေခြင်းငှါ မတတ်နိုင်သကဲ့သို့

အကြင်သူသည် သေလွန်လေပြီးသောသူကို တမ်းတငိုယိုရာ၏၊ ထိုသူ၏ တမ်းတငိုယိုခြင်းသည်လည်း ဤရေအိုးကွဲ ဥပမာနှင့် တူပါတယ်။

၂။ ဝိညာဏ်ကင်းချုပ် ဥတုဇရုပ်မျှ ကြွင်းသော အရှင်သခင်သည် (လ) သတဲ့။ ("သား"နေရာ၌ "အရှင်သခင်" ပြောင်းလဲဆို)

**သိကြားမင်း ဓမ္မပူဇာနှင့် ဩဝါဒကထာ**

ပုဏ္ဏားယောင်ဆောင်တဲ့ သိကြားမင်းကြီးလဲ အိမ်သူအိမ်သား ငါးဦးလုံး၏ သေလွန်သူအတွက် မငိုကြွေးခြင်း၏ အကြောင်းကို နာကြားမှတ်သားပြီး ကြည်လင်ဝမ်းမြောက်သော စိတ်ထားဖြင့်—

"အမောင်တို့ သင်တို့သည် မရဏဿတိဘာဝနာကို အခါခါပွားများအပ်ပေပြီ၊ ငါသည် နတ်တို့ကို အစိုးရတဲ့ သိကြားမင်းဖြစ်တယ်၊ ဒီကနေ့က စပြီး လယ်ထွန်ခြင်းစတဲ့ အမှုကိစ္စဟူသမျှတို့ကို မပြုကြလေတော့နှင့်၊ သင်တို့အိမ်မှာ ရတနာခုနစ်ပါး အပြည့်ထားခဲ့မယ်။

"အပ္ပမတ္တာ ဒါနံ ဒေထ၊ သီလံ ရက္ခထ၊
ဥပေါသထကမ္မံ ကရောထ =

အလှူပေးကြကုန်လော့၊ သီလဆောက်တည်ကြကုန်လော့၊
ဥပုသ်သီတင်း စောင့်သုံးခြင်းအမှုကို ပြုကြကုန်လော့၊ မမေ့ကြနှင့်"

ဟု အဆုံးအမ ဩဝါဒပေးပြီး မိမိနေရာ တာဝတိံသာ နတ်တို့ရွာသို့ ပြန်သွားသတဲ့။

**သစ္စာလေးပါး**

ဘုရားရှင်လဲ ဤအတိတ်ဒေသနာတော်ကို ထုတ်ဆောင် ဟောကြားတော်မူပြီး သစ္စာလေ ပါးကို ဟောကြားပြသတော်မူတယ်။

**ဒုက္ခသစ္စာ**

ဒါယကာ— လူကောင်, နတ်ကောင်, ဗြဟ္မာကောင်, ငရဲကောင်, တိရစ္ဆာန်ကောင်, ပြိတ္တာကောင်, အသုရကာယ်ကောင် ခေါ်တဲ့ ရုပ်တွေနာမ်တွေဟာ စက်ဆုပ်ဖွယ်ချည်း အချည်းနှီးသာ ဆင်းရဲတာအမှန်ပါ။

**သမုဒယသစ္စာ**

ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာ ဆိုတဲ့ တဏှာသုံးပါးဟာ လူကောင်, နတ်ကောင်, ဗြဟ္မာကောင်, ငရဲကောင်, တိရစ္ဆာန်ကောင်,

ပြိတ္တာကောင်, အသုရကာယ်ကောင် ခေါ်တဲ့ ရုပ်တွေ နာမ်တွေကို အဖန်ဖန် ဖြစ်ပွားစေတတ်ထာ အမှန်ပါ။

**နိရောဓသစ္စာ**

နိဗ္ဗာန်ဟာ ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာ ဆိုတဲ့ တဏှာ သုံးပါးမှ လွတ်မြောက်ရာ၊ လူကောင်, နတ်ကောင်, ဗြဟ္မာကောင်, ငရဲကောင်, တိရစ္ဆာန်ကောင်, ပြိတ္တာကောင်, အသုရကာယ်ကောင် ခေါ်တဲ့ ရုပ်တွေ နာမ်တွေ ချုပ်ငြိမ်းရာ မဖြစ်ပေါ်ရာ အမှန်ပါ။

**မဂ္ဂသစ္စာ**

၁။ မှန်စွာမြင်ခြင်း
၂။ မှန်စွာကြံခြင်း
၃။ မှန်စွာဆိုခြင်း
၄။ မှန်စွာပြုခြင်း
၅။ မှန်စွာအသက်မွေးခြင်း
၆။ မှန်စွာအားထုတ်ခြင်း
၇။ မှန်စွာအောက်မေ့ခြင်း
၈။ မှန်စွာတည်ကြည်ခြင်း

ဒီအကျင့်ရှစ်မျိုးဟာ လူကောင်, နတ်ကောင်, ဗြဟ္မာကောင်, ငရဲကောင်, တိရစ္ဆာန်ကောင်, ပြိတ္တာကောင်, အသုရကာယ်ကောင် ခေါ်တဲ့ ရုပ်တွေ နာမ်တွေကို ဘဝမဖြတ် အထပ်ထပ်ဖြစ်အောင် ဖန်တီးပေးတဲ့ ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာကို ပယ်သတ်ပြီး နိဗ္ဗာန်ရပ်သို့ ရောက်ကြောင်းအကျင့် အမှန်ပါ။

**ဒေသနာအကျိုး**

ဤကဲ့သို့ သစ္စာလေးပါးကို ဟောကြားပြသပြီး အဆုံးမှာ သာဝတ္ထိပြည်သား သားသေတဲ့ ဒါယကာလဲ သောတာပတ္တိဖိုလ်မှာတည်လာသတဲ့။

**မရဏဿတိ ဘာဝနာအကျိုး**

မရဏဿတိ ဘာဝနာ၏ အကျိုးကြောင့် ပုဏ္ဏားကြီး မိသားစုတို့ဟာ စိုးရိမ်ဘွယ်ရာ, ငိုကြွေးဘွယ်ရာ, ပူဆွေးဘွယ်ရာတွေနှင့် တွေ့ကြုံရပါသော်လဲ

စိုးရိမ်မှု, ပူဆွေးမှု, ငိုကြွေးမှုတို့ကို မပြုကြဘဲ သောကမီး, ပရိဒေဝမီး တွေကို ပယ်ရှားနိုင်ကြတယ်၊ ပစ္စည်းဥစ္စာ ရတနာတွေကိုလဲ ရတယ်၊ သေသည့်၏ အခြားမဲ့မှာလဲ နတ်ပြည်သို့ လားကြရတယ်။

## မရဏာဿတိဘာဝနာ ပွားများပါ

ဤပုဏ္ဏားကြီး၏ မိသားစုတို့၏ထုံးကို နှလုံးပြုပြီး ယခုအခါ ဗုဒ္ဓဘာသာ သမ္မာဒိဋ္ဌိ အမျိုးသား အမျိုးသမီးတို့သည် စိုးရိမ်ဘွယ်ရာ ပူဆွေးဘွယ်ရာ ငိုကြွေးဘွယ်ရာတွေနှင့် တွေ့ကြုံကြတဲ့ အခါမှာ စိုးရိမ်မှု, ပူဆွေးမှု, ငိုကြွေးမှု တွေ မပြုကြဘဲ သောကမီး ပရိဒေဝမီးတွေကို ပယ်ရှားနိုင်ပြီး အမြိုက် နိဗ္ဗာန်ကြီးကို ရအောင် မရဏာဿတိ ဘာဝနာကို အခါခါ ပွားများကြ ကုန်ရာသတည်း။

## တရားသိမ်း

မရဏာဿတိသညုတ္တံ၊
ဒေသနံ သုတိဒုလ္လဘံ။
သက္ကစ္စံယေဝ သုတ္တာန၊
"သာဓု သာဓူ"တိ ဘာသထ။

ဘောန္တော၊တရားနာလာကြတဲ့ အို-ဒကာ,ဒကာမတို့။ တုမှေ၊ သုံးလူ့ ချစ်ရှင် တရားမင်သည့် သင်တို့သည်။သုတိဒုလ္လဘံ၊ ကမ္ဘာအသင်္ချေ လွန်မလေ ပါလည်း ကြုံလာမှုနဲ ကြားနာရခဲသော။ မရဏာဿတိသညုတ္တံ၊ တနေ့ကျ လျှင် ငါပင်သေရ မချွတ်စွဟု ကြံဆစိတ်ကူး အောက်မေ့ခြင်းအထူးနှင့် စပ်ယှဉ်သော။ ဒေသနံ၊ ဗုဒ္ဓမိန့်မှာ ဒေသနာတော်ကို။ သက္ကစ္စံယေဝ၊ အာရုံတပါး စိတ်ပါမသွားဘဲ လေးစားရိုသေစွာသာလျှင်။ သုတွာန၊ အားရပါးရ သဘောကျပင် နာကြပြီး၍။ သာဓု သာဓူတိ၊ မင်္ဂဖိုလ်ရ ကြောင်း ချမ်းသာကြောင်းပင် ကောင်းစွ,ကောင်းစွ,ကောင်းလေစွ ဟူ၍။ ဘာသထ၊ နှစ်သက်ဝမ်းသာ ကြည်သာရွှင်ပျ နှုတ်မြွက်ဟ၍ ဆိုလိုက်ကြ ကုန်လော့။

(သာဓု သာဓု သာဓု)

မရဏာဿတိကထာ ပြီး၏။

(ပါရာဇိကဏ် အဋ္ဌကထာမှ)

# ပဗ္ဗဇ္ဇမင်္ဂလာ အနုမောဒနာ ဒေသနာ

### ဒုလ္လဘဒေသနာ ရှိသေစ္စာနာ

“ဗုဒ္ဓေါ ဗုဒ္ဓေါ”တိ ဃောသောပိ၊
ကဒါစိ သုတိဒုလ္လဘော။
တဿ ဗုဒ္ဓဿ ဝစနံ၊
သဝနဥ္စ ကထာဝ ကာ။
တေန တုမှေ ဒုလ္လဘံ တံ၊
သုဏာထ ဗုဒ္ဓဒေသနံ။

ဗုဒ္ဓေါ ဗုဒ္ဓေါတိ၊ ဘုရား ဘုရားဟူ၍။ ဃောသောပိ၊ ရောင်ရမ်းကာပ ပြောဆိုကြသည့် အသံမျှကိုလည်း။ကဒါစိ၊ ကမ္ဘာအသင်္ချေလွန်လေကြိမ်ဖန် တရံတခါ၌။ သုတိဒုလ္လဘော၊ ကြုံလာဆိုက်ဖွယ် ကြားရဘို့ရာ မလွယ်ခဲ့။ တဿ ဗုဒ္ဓဿ၊ ထိုဘုရားသံမျှ ခဲရင်းလှသည့် ဒုလ္လဘရပ် ဗုဒ္ဓမြတ်၏။ ဝစနံ၊ ဆုံးမမြွက်ကြား စကားလုံးစုံ သုံးပုံပိဋကတ် ပရိယတ်ကို။ သဝနဥ္စ၊ နာခံမှတ်သား နာကြားရခြင်းသည်ကား။ ကာ ကထာဝ၊ စကားဆိုဖွယ် အဘယ်မှာလျှင် ရှိပါတော့မည်နည်း။

တေန၊ထိုသို့ဘုရားမြတ်စွာ ပွင့်ပေါ်လာမှ ကြားနာကြရ ခဲရင်းလှသော ကြောင့်။ တုမှေ၊ ဗုဒ္ဓဝစန နာကြားကြမည့် ဓမ္မမိတ်ကောင်း သင်သူတော် စင်အပေါင်းတို့သည်။ ဒုလ္လဘံ၊ ကြုံတောင့်ကြုံခဲ ကြားနာရခဲ့သော။ တံ ဗုဒ္ဓဒေသနံ၊ ထိုပွင့်ခဲပွင့်ကြုံ သုံးဘုံချစ်ခင်း တရားမင်း၏ မိန့်ရင်းစရိတ သာသနဒါယာဒ ပဗ္ဗဇ္ဇမင်္ဂလာ အမည်သာသည့် ဒေသနာတော်ကို။ သုဏာထ၊ အာရုံတပါး စိတ်မသွားဘဲ နားစိုက်၍သာ နာလိုက်ကြကုန်လော့။

"ဘုရား ဘုရား"ဆိုတဲ့အသံကလေးကိုပင်ကမ္ဘာတွေအသင်္ချေ ကျော်လွန်ပြီးနေပါသော်လဲ ကြားရဘို့ရာ မလွယ်ကူဘူးတဲ့၊ ဘာကြောင့်လဲ သာသနာပ အခါကာလတွေကသာများပြီး သာသနာတော်ခေတ်မြတ် အခါကာလက နည်းပါးလှသောကြောင့်တဲ့။

လောကဥပမာ ပုံတူရှာပြီးပြရလျှင် ညဥ့်နက်သန်းခေါင် အမှောင်ထု အတွင်းမှာ လျှပ်စစ်ပြက်သကဲ့သို့ သာသနာပကာလ အမှောင်ထုအတွင်း မှာ သာသနာတော်ခေတ် လျှပ်စစ်ပြက်ခြင်းပင် ဖြစ်တယ်၊ ဒါလောက်ဘဲ သာသနာတော် ခေတ်ကာလကလေးဟာ အင်မတန် တိုတောင်းလှတယ်၊ ဒါကြောင့်လဲ ဘုရား ဘုရားဆိုတဲ့ အသံကလေးကိုပင် ကြားရဘို့ရာ မလွယ် ဘူးလို့ ဆိုခဲ့တယ်။

ဘုရား ဘုရားဆိုတဲ့ အသံကလေးမျှလည်း ကြားရဘို့ရာ မလွယ်ကူပါ လျှင် ထိုဘုရားရှင် ပွင့်တော်မူလာမှ ဝေနေယျတို့အား ဆုံးမဟောကြား တော်မူတဲ့ နိဗ္ဗာန်ရောက်ကြောင်း သူတော်ကောင်းတရားကို နာကြားရမှု ကား ဆိုဖွယ်ရာမရှိ အလွန်ပင်ခဲယဉ်းဘိလှတော့တယ်။

ယခုတော့ သာသနာခေတ် လျှပ်စစ်ပြက်ဆဲဖြစ်လို့ ဗုဒ္ဓတရားတော် များကို ဟောသူမရှား နာကြားဘို့ရာ လွယ်ကူလှပြီဖြစ်၍ ယခု ဟောပြ မည့် "သာသနဒါယာဒ ပဗ္ဗဇ္ဇမင်္ဂလာ အနုမောဒနာ ဒေသနာတော်"ကို သဒ္ဓါတရား အရင်းခံထားပြီး ရိုသေစွာ နာကြားကြပါ။

## အနှစ်ရှိတဲ့ ဘာသာဝါဒ

ဒီကနေ့ ပဗ္ဗဇ္ဇမင်္ဂလာ အခါတော်နေ့ကြီးဖြစ်တယ်၊ အမျိုးကောင်းသား အမျိုးကောင်းသမီးများကို ရဟန်းခံခြင်း ရှင်ပြုခြင်းဆိုတဲ့ ဘာသာရေး အလှေ့အထ ကြီးကိုတော့ ဘုရားလက်ထက်တော်အခါမှစပြီး ယနေ့ကျ အောင်ပင် ထုံးစံမပျက် ဗုဒ္ဓဘာသာဝင် သူတော်စင်တို့ ဆက်ခါဆက်ခါ ပြုလုပ်လာခဲ့ကြတယ်၊ အလွန်ကောင်းမြတ်မှန်ကန်တဲ့ ဘာသာရေး အလေ့ အထကြီးပေါ့၊ အနှစ်သာရရှိတဲ့ဘာသာရေးဝါဒ သဘောတရားရေးများ သာကြာရှည်လေးမြင့် ဂုဏ်ဝါတင့်နိုင်တယ်၊ အနှစ်သာရမရှိတဲ့ ဘာသာဝါဒ သဘောတရားရေးရာများမှာ ခဏတာမျှ မထယ်မဝါ ပျောက်ကွယ် တိမ်ကောရရှာတယ်။

လောကမျက်မြင် ဥပမာတင်ပြရပါလျှင် အနှစ်ရှိတဲ့ ရှားပင်နှင့် အနှစ်မရှိတဲ့ ငှက်ပျောပင်တို့ကို နှိုင်းယှဉ်ပြီးကြည့်လျှင် သိမြင်ကြပါလိမ့်မယ်၊ အနှစ်ရှိတဲ့ ရှားပင်မှာ ကြာရှည်လေးမြင့် နှစ်ပေါင်းများစွာ ခံပြီး အနှစ်မရှိတဲ့ ငှက်ပျောပင်မှာ ခဏတာမျှ ပျက်စီးရတယ်။

ထို့အတူပင် လက်ရှိ ဗုဒ္ဓဘာသာကြီးလဲ ဘုရားလက်ထက်တော်အခါမှစပြီး အနှစ်မရှိတဲ့ ဘာသာဝါဒ အမျိုးမျိုးတွေနှင့် ယှဉ်ပြိုင်ပြီးလာခဲ့တယ်၊ အနှစ်မရှိတဲ့ ဘာသာဝါဒတွေသာ ပျောက်ကွယ်တိမ်ကောသွားပြီး အနှစ်သာရရှိပြီး အလွန်ကောင်းမြတ် မှန်ကန်တဲ့ သဘောတရားရေးရာ ဗုဒ္ဓဘာသာကြီးဟာ ကမ္ဘာ့အလယ်မှာ မိုးယံတိမ်ရှင်းတဲ့အခါမှာ တွန်းလင်းတဲ့ နေမင်း လမင်းပမာ ထယ်ထယ်ဝါဝါကြီး ယနေ့တိုင်အောင်ပင် တည်ရှိလာခဲ့တယ်။

## အသောကမင်း ဘာသာမျိုးစုံ စူးစမ်းပုံ

ဘာသာအမျိုးမျိုးကို လေ့လာစူးစမ်းတော်မူ၍ ဗုဒ္ဓဘာသာသည်သာလျှင် အနှစ်သာရအရှိဆုံးဟု မှတ်တမ်းတင်ခဲ့ပြီး ရဟန်းခံခြင်း ရှင်ပြုခြင်းဆိုတဲ့ ဘာသာရေး အလေ့အထကြီးကို အကြီးအကျယ် ကြိုးစားခဲ့သူ တဦးကတော့ ပိဋကတ်သမိုင်းဝင် အသောကမင်းပင် ဖြစ်တယ်။

အသောကမင်းတြားကြီးဟာ သာသနာတော် သက္ကရာဇ် (၂၁၈) နှစ်မြောက်မှာ ဤ ဇမ္ဗူဒီပါ လကျ်ာ တောင်ကျွန်းတွင် တဦးတည်းသောမင်းအဖြစ်ဖြင့် အဘိသိက်သွန်းခဲ့တယ်၊ အဘိသိက်သွန်းပြီးနောက် သုံးနှစ်ပတ်လုံး သာသနာတော်၏ ပြင်ပဖြစ်တဲ့ ၉၆-ပါးသော ပါသဏ္ဍအယူတို့ကို လေ့လာ စူးစမ်းတော်မူတယ်။

## ဆွမ်းဝတ်တည်ခဲ့ပုံ

အသောကမင်းမျိုးမှာ ဘိုးတော်စန္ဒဂုတ္တမင်း လက်ထက်မှစပြီး အမြဲဝတ်တည်လာတဲ့ ပြာဟ္မဏဘတ်ဆိုတာ ရှိသတဲ့။

စန္ဒဂုတ္တမင်းဟာ စန္ဒကမည်တဲ့ ပုဏ္ဏားပေးတဲ့ နည်းလမ်းဖြင့် ဇမ္ဗူဒိပ်ကျွန်းတွင် တဦးတည်းသော မင်းအဖြစ်ကို ရခဲ့သတဲ့၊ ဒါ့ကြောင့်လဲ စန္ဒဂုတ္တမင်းဟာ စန္ဒကပုဏ္ဏားအား ချစ်မြတ်နိုးမှု အကြောင်းပြုပြီး ခြောက်သောင်း

မျှလောက်သော ပုဏ္ဏားတွေကို မင်းနန်းတော်မှာ အမြဲတစေ ဆွမ်းဝတ်တည်ခဲ့တယ်။

စန္ဒဂုတ္တမင်း၏ သားတော် ဗိန္ဒုသာရမင်းလဲ ဘခင်လက်ထက်မှ ဆင်းသက်တည်ရှိခဲ့တဲ့ ထိုပြာဟ္မဏဘာတ်ကိုပင် မပျက်မကွက် ဆက်လက်ပြီး တည်ခဲ့တယ်။

ဗိန္ဒုသာရမင်း၏ သားတော် အသောကမင်းကလဲ ဘခင်လက်ထက်မှ ဆင်းသက်တည်ရှိခဲ့တဲ့ ထိုပြာဟ္မဏဘာတ်ကိုပင် မပျက်မကွက် ဆက်လက်ပြီး တည်ခဲ့တယ်။

## အသောကမင်း အကြံဖြစ်တော်မူခြင်း

အခါတပါး အသောကမင်းတြားဟာ ခြသေ့ခံတဲ့ လေသာပြတင်းမှာ ရပ်လျက် မငြိမ်သက်တဲ့ ကိုယ်အကျင့် နှုတ်အကျင့်၊ မစောင့်စည်းတဲ့ ဣန္ဒြေ၊ မဆုံးမ မပဲ့ပြင် မသွန်သင်တဲ့ ဣရိယာပုထ်များဖြင့် ဆွမ်းစားနေကြတဲ့ ပြာဟ္မဏဇာတ်ဝင် တက္ကတွန်းပရဗိုဇ်တွေကို မြင်တွေ့တော်မူလျှင်—

“ဤဒိသံ ဒါနံ ဥပပရိက္ခိတွာ ယုတ္တဋ္ဌာနေ ဒါတုံ ဝဋ္ဋတိ”

ဒီလို ပစ္စည်းဥစ္စာတွေ များစွာအကုန်အကျခံပြီး အမြဲတစေ လှူဒါန်းရတဲ့ ဆွမ်းဒါနမျိုးကို အလှူခံပုဂ္ဂိုလ်တွေကိုလဲ မရွေးချယ်ဘဲနှင့် သောကောရောကော အလှူခံပုဂ္ဂိုလ်တွေကို လှူဒါန်းပြီး အကျိုးမစီး အချည်းနှီး မဖြစ်စေသင့်ဘူး၊ အကျိုးစည်းပွား များလောက်တဲ့ သင့်တင့်တဲ့ အလှူခံပုဂ္ဂိုလ်တွေကိုသာ ရွေးချယ်ပြီး ပေးလှူသင့်တယ်လို့ အကြံတော်ဖြစ်မိသတဲ့။

## အကြံဖြစ်ခြင်း အကြောင်းရင်း

အသောက မင်းတြားဟာ အလွန်ဉာဏ်သွားတဲ့ မင်းတပါးပါဘဲ၊ သူ့ရဲ့ ဆွမ်းဒါနကို အကျိုးများများရအောင် ကြံဆပြီး လှူသင့်တဲ့ ပုဂ္ဂိုလ်တွေကို လှူမယ်၊ မလှူသင့်တဲ့ ပုဂ္ဂိုလ်တွေကို မလှူဘူးလို့ ဆုံးဖြတ်ချက် ချတော်မူတယ်၊ ဒီလိုအကြံအစည်ဖြစ်ရ ဆုံးဖြတ်ချက် ချရတာကလဲ သူ့ရဲ့ နန်းတော်မှာ နေ့စဉ် လာပြီး ဆွမ်းစားနေကြတဲ့ တက္ကတွန်း ပရဗိုဇ်တွေရဲ့ စားပုံ သောက်ပုံ နေပုံ ထိုင်ပုံ ပြောပုံ ဆိုပုံ ကိုယ်အမူအရာ နှုတ်အမူအရာတွေ မဟန်မှု ဖရိုဖရဲ ဖြစ်နေမှုတွေကို ရှုတော်မူပြီး ဤသူတို့၏ ကိုယ်တွင်း

သန္တာန်မှာ သီလစတဲ့ အနုစ်သာရ လောကုတ္တရာဓမ္မ ရှိကြလိမ့်မယ် မဟုတ်ဟု ဆင်ခြင်တော်မူလျက် ဤကဲ့သို့ အကြံအစည်ဖြစ်ရ, ဆုံးဖြတ်ချက် ချတော်မူရခြင်း ဖြစ်သတဲ့။

**သီလရှိသူကို လှူက အကျိုးကြီး**

ဟုတ်လဲဟုတ်ပါပေတယ်၊ ကောသလသံယုတ်မှာ—

"ကတ္ထ ပန ဘန္တေ ဒိန္နံ မဟပ္ဖလံ"

"မြတ်စွာဘုရား....ဘယ်လို အလှူခံပုဂ္ဂိုလ်ကို ပေးလှူလျှင် အကျိုးကြီး ပါသလဲ၊ ဘယ်လို အလှူခံပုဂ္ဂိုလ်ကို ပေးလှူလျှင် အကျိုးမကြီး ဖြစ်ပါ သလဲ ဘုရား"လို့ ကောသလမင်းကြီး မေးတော်မူသည်ကို -

"သီလဝတော ခေါ မဟာရာဇ ဒိန္နံ မဟပ္ဖလံ၊
နော တထာ ဒုဿီလေ"

"ဒကာတော် မင်းမြတ်.... သီလရှိတဲ့ အလှူခံပုဂ္ဂိုလ်ကို ပေးလှူလျှင် အကျိုးကြီးတယ်၊ သီလမရှိတဲ့ ဒုဿီလ အလှူခံပုဂ္ဂိုလ်ကို ပေးလှူလျှင် အကျိုးမကြီးပင် ဖြစ်တယ်"လို့ ဘုရားရှင် ဖြေဆိုဟောကြားတော်မူတယ်။

ဒီဘုရား ဒေသနာတော်နှင့်အညီပင် သူ၏ ဆွမ်းဒါနမှာ ဒုဿီလတွေကို မကြည်မဖြူ အကြံတော်ယူခဲ့သတဲ့။

**တိတ္ထိတွေကို စုံစမ်းတော်မူခြင်း**

အဲဒီလို အကြံအစည်များ ဖြစ်ပေါ်ပြီးနောက် အမတ်တွေကို ခေါ်တော်မူပြီး "မောင်မင်းတို့ သင်တို့ကိုးကွယ်နေကြတဲ့ ဘုရားရဟန္တာ တွေကို နန်းတော်တွင်းသို့ ပင့်ဘိတ်ခေါ်ခဲ့ကြပါ၊ ငါအလှူပေးမယ်"လို့ မိန့်ကြားလိုက်သတဲ့။

အမတ်တွေလဲ မိမိတို့ကိုးကွယ်ဆည်းကပ် ဘုရားရဟန္တာလို့ အသိအမှတ် ပြုထားတဲ့ တိတ္ထိတက္ကတွန်းတွေကို နန်းတော်တွင်းသို့ ပင့်ခေါ်လာပြီး "မင်းမြတ် ဤသူတို့ကား အကျွန်ုပ်တို့၏ ဘုရားပါ၊ ရဟန္တာပါ"လို့ လျှောက်ထားကြသတဲ့။

ဒီအခါမှာ အသောကမင်းကြီးက ဘုရားရဟန္တာ ဟုတ်မဟုတ် စုံစမ်း လို၍ နန်းတော်မှာ ခင်းထားတဲ့ အနိမ့်အမြင့် အဆင့်ဆင့်ရှိတဲ့ နေရာများ တွင် 'သင်တို့နှင့် သင့်တော်တဲ့ နေရာများမှာထိုင်ကြပါလို့' မိန့်တော်မူလိုက်

လျှင် ဘုရားရဟန္တာအမည်ခံ တိတ္ထိတက္ကတွန်းတွေလဲ ယုတ်ညံ့တဲ့ နေရာများ မှာ ထိုင်ကြသည်ကို မြင်လျှင် အသောကမင်းလဲ ဤသူတို့၏ ကိုယ်တွင်း သန္တာန်မှာ သိလစတဲ့ အနှစ်သာရ လောကုတ္တရာဓမ္မ ရှိလိမ့်မယ် မဟုတ်လို့ ဆုံးဖြတ်ချက် ချတော်မူတယ်။

ဗုဒ္ဓဘာသာကို ယုကြည်တော်မူခြင်း

အဲဒါလို သုံးနှစ်ပတ်လုံး သာသနာတော်၏ ပြင်ပ ၉၆-ပါးသော ပါသဏ္ဍအယူတို့ကို စုံစမ်းတော်မူပြီး လေးနှစ်မြောက်မှာ နိဂြောဓသာမဏေ ကို အကြောင်းပြုကာ ဘုရားသာသနာတော်ကို ကြည်ညိုတော်မူတယ်၊ အဲဒါလို ဘာသာအမျိုးမျိုးကို လေ့လာစူးစမ်းတော်မူကာ ဗုဒ္ဓဘာသာ သာလျှင် အနှစ်သာရ အရှိဆုံးဟု ဆုံးဖြတ်တော်မူပြီး ဘာသာတပါး အယူများကို ပယ်ရှားတော်မူလျက် ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည် အမြဲဝတ်တည်ထားတဲ့ ဘိုးတော် စန္ဒဂုတ္တမင်းလက်ထက်မှ စတင်ဆင်းသက် လာခဲ့တဲ့ ပုဏ္ဏားဇာတ် တိတ္ထိတက္ကတွန်းတို့အား ဆွမ်းငတ်ကို ဖြတ်တော် မူပြီး နိဂြောဓသာမဏေ အမှူးရှိတဲ့ ခြောက်သောင်းသော သံဃာတော် အရှင်သူမြတ်တို့အား အမြဲပင် ဆွမ်းဝတ် တည်တော်မူတယ်၊ သရဏဂုံ ပဥ္စသီ ခါးဝတ်ထည်ကဲ့သို့ ဆောက်တည်ပြီး "အသောကာရုံ" အမည်ရှိတဲ့ ကျောင်းတော်ကြီးကို ဆောက်လုပ်ပြီး လှူဒါန်းတော်မူတယ်။

**အသောကမင်း သာသနာ့အမွေ ခံယူခြင်း**

တဖန် ဓမ္မက္ခန္ဓာ တဆူကို ကျောင်းတဆောင်ဖြင့် ပူဇော်မယ်လို့ ရည်ရွယ်တော်မူပြီး ၉၆—ကုဋေသော ငွေတွေကို စွန့်လွှတ်တော်မူလျက် ဇမ္ဗူဒိပ်ကျွန်းအပြင် မြို့ပေါင်း ၈၄၀၀၀—မှာ ကျောင်းပေါင်း—၈၄၀၀၀၊ စေတီပေါင်း ၈၄၀၀၀—လှူဒါန်းတော် မူတယ်၊ ကျောင်းပူဇော်ပွဲကြီး ကျင်းပတဲ့အခါမှာ အသောကမင်းကြီးက သာသနာ့အမွေကို မေးမြန်း လျှောက်ထားသတဲ့။

**အသောကမင်း** "အရှင်ဘုရားတို့ ဒီဘုရားသာသနာတော်မှာ ပစ္စည်း လေးပါးကို ပေးလှူသူတို့တွင် အဘယ်သူ၏ ပေးလှူ ခြင်းသည် အကြီးကျယ်ဆုံး အများဆုံး ဖြစ်ပါ သလဲဘုရား"

မောဂ္ဂလိပုတ္တတိဿ ရဟန္တာကိုယ်တော်မြတ်ကြီးက ဖြေကြားတော်မူတယ်။

**မောဂ္ဂလိပုတ္တတိဿ** "မြတ်သော မင်းကြီး ဒီဘုရားသာသနာတော်မှာတော့ သင်မင်းကြီး၏ ပေးလှူမှုဟာ အကြီးအကျယ်ဆုံး အများဆုံး ဖြစ်ပါတယ်"

**အသောကမင်း** "အရှင်ဘုရားတို့ တပည့်တော် ၉၆–ကုဋေသောငွေတွေကို အကုန် အကျ ခံကာ စေတီပေါင်း–၈၄၀၀၀၊ ကျောင်းပေါင်း ၈၄၀၀၀–လှူဒါန်းရသဖြင့် သာသနာ့ အမွေခံ ပုဂ္ဂိုလ် ဖြစ်ပါပြီလားဘုရား"

**မောဂ္ဂလိပုတ္တတိဿ** "မြတ်သောမင်းကြီး ပစ္စည်းဥစ္စာကို ပေးလှူလို့တော့ မြေကြီးမှ ဗြဟ္မာ့ပြည်တိုင်အောင် ပစ္စည်းဥစ္စာတွေ စုပုံပြီး ပေးလှူဦးတော့ သာသနာ့ အမွေခံ ပုဂ္ဂိုလ် မဖြစ်နိုင်ပါဘူး"

**အသောကမင်း** "အရှင်ဘုရားတို့ အဘယ်သို့ပြုလျှင် သာသနာ့အမွေခံ ပုဂ္ဂိုလ် ဖြစ်နိုင်ပါသလဲဘုရား"

**မောဂ္ဂလိပုတ္တတိဿ** "ယော ဟိ ကောစိ မဟာရာဇ အဍ္ဎော ဝါ ဒလိဒ္ဒေါ ဝါ အတ္တနော ဩရသံ ပုတ္တံ ပဗ္ဗာဇေတိ၊ အယံ ဝုစ္စတိ မဟာရာဇ ဒါယာဒေါ သာသနဿ၊

မြတ်သောမင်းကြီး ကြွယ်ဝချမ်းသာတဲ့ ပုဂ္ဂိုလ်ပင်ဖြစ်စေ၊ ဆင်းရဲမွဲတေတဲ့ ပုဂ္ဂိုလ်ပင်ဖြစ်စေ မိမိ၏ သားသမီးများ၊ သူတပါးတို့၏ သားသမီး များကို ရဟန်းခံ ရှင်ပြုပေးကြပါလျှင် သာသနာ့အမွေခံ ပုဂ္ဂိုလ် ဖြစ်နိုင်ပါတယ်"

သာသနာ့ အမွေကို ခံယူလိုတဲ့ အသောကမင်းလဲ သားတော် မဟိန္ဒမင်းသားကို ရဟန်းအဖြစ်ဖြင့်၎င်း၊ သမီးတော် သံဃမိတ္တာကို သိက္ခမာန် သာမဏေမအဖြစ်ဖြင့်၎င်း သာသနာတော်တွင်းသို့ သွတ်သွင်းပြီး သာသနာ့ အမွေကို ခံယူတော်မူတယ်။

ပဗ္ဗဇ္ဇမင်္ဂလာ ပြုသင့်စွာ
ဇိနသာသနဒါယဇ္ဇံ၊
လဒ္ဓေဝ နဝမက္ခဏေ။
အတ္ထိကော တံ မဟာပုညံ၊
သုခံ ကရေယျ ပဏ္ဍိတော။

ဇိနသာသနဒါယဇ္ဇံ၊ ဘုရားမြတ်စွာ သာသနာတော်၏ အမွေခံဆွေမျိုး အတွင်းလူ၏အဖြစ်ကို။ နဝမက္ခဏေဝ၊ အက္ခဏလွန်ရောက် ကိုးခုမြောက် ကျ, ဗုဒ္ဓုပ္ပါဒ နဝမခဏာဥ်သာလျှင်။ လဒ္ဓံ၊ မုချဆတ်ဆတ် ရအပ်ပါ၏, ရနိုင်ပါ၏။ သုခံ၊ လူနတ်နိဗ္ဗာန် သုံးတန်သောချမ်းသာကို။ အတ္ထိကော၊ သုံးဆောင်ခံစား စံစားခြင်းငှါ အလိုရှိသော။ ပဏ္ဍိတော၊ ရဟန်းခံရှင်ပြု ကောင်းမှုအကျိုး မြင်ပညာရှင်သည်။ မဟာပုညံ၊ လူနတ်နိဗ္ဗာန် သုံးတန် ချမ်းသာ ပေးတတ်စွာလတ်မြတ်သောကောင်းမှုဖြစ်သော။ တံ၊ ထိုရဟန်းခံ ရှင်ပြု သာသနာ့အမွေကို ခံယူခြင်းအမှုကို။ ကရေယျ၊ အခါမလင့် အခွင့် သာခိုက် လုလ္လစိုက်၍ ပြုလိုက်ရာ၏။

ပဗ္ဗဇ္ဇမင်္ဂလာ ပြုကြပါ

ဒီ သာသနာ့ အမွေခံ ရဟန်းခံ ရှင်ပြု ဆိုတာ ခေတ်တိုင်း မရနိုင်ဘူး၊ သာသနာတော် ခေတ်မှာသာလျှင် ရနိုင်တယ်၊ ဓမ္မာနုဂ္ဂဟ, ကုသိုလ်မျိုးမို့ အကျိုးလည်း အလွန်ကြီးတယ်၊ လူနတ်နိဗ္ဗာန် သုံးတန်သောချမ်းသာကို ကေန်မုချ ရစေနိုင်တယ်။

ဒါကြောင့် လူနတ်နိဗ္ဗာန် သုံးတန်သောချမ်းသာကို လိုလားတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးတိုင်းပင် ခုလို သာသနာတော် ခေတ်မြတ် အကြုံမှာ ရဟန်းခံခြင်း ရှင်ပြုခြင်းဆိုတဲ့ ပဗ္ဗဇ္ဇမင်္ဂလာ မဟာကုသိုလ်ပွဲကို အားခဲပြီး ပြုကြပါ၊ အဆုံးဘဝမှာ တန်ခိုးဖြင့်ပြီးတဲ့ သက်နိုး သပိတ် ပရိက္ခရာရှိတဲ့ ဧဟိဘိက္ခု ရဟန်းအဖြစ်ကို ရကြပါလိမ့်မယ်။

ခန္ဓငါးဖြာ လေးသစ္စာ

၁–ရူပက္ခန္ဓာ၊ ၂ ဝေဒနာက္ခန္ဓာ၊ ၃–သညာက္ခန္ဓာ၊ ၄–သင်္ခါရက္ခန္ဓာ၊ ၅–ဝိညာဏက္ခန္ဓာလို့ ခန္ဓာငါးပါးရှိတယ်။

ဒီ ခန္ဓာငါးပါးမှာ လေးမျိုးလေးစားခွဲခြားပြီး သိရမယ် မှတ်ရမယ်။

၁။ ခန္ဓာငါးပါးကို သိရမယ်၊
၂။ ခန္ဓာငါးပါး ဖြစ်ကြောင်းကို သိရမယ်၊
၃။ ခန္ဓာငါးပါး ချုပ်ခြင်းကို သိရမယ်၊
၄။ ခန္ဓာငါးပါး ချုပ်ကြောင်းအကျင့်ကို သိရမယ်။

## ရူပက္ခန္ဓာ လေးသစ္စာ

ရှေးဦးစွာ ရူပက္ခန္ဓာမှာ ဒီလို သိပါ၊ ဒီလို မှတ်ပါ။

ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော မဟာဘုတ် ရုပ်ကြီးလေးပါး၊ ဒီမဟာဘုတ် ရုပ်ကြီးလေးပါးကိုမှီပြီး တည်နေတဲ့ ဥပါဒါရုပ်နှစ်ဆယ့်လေးပါး၊ ဒီ ရုပ် နှစ်ဆယ့်ရှစ်ပါးကို "ရူပက္ခန္ဓာ" လို့ သိရမယ်၊ ဒုက္ခသစ္စာလို့ မှတ်ရမယ်။

ဆန္ဒ ရာဂနှင့် တကွ ဖြစ်တဲ့ ကဗဠီကာရအာဟာရကို ရူပက္ခန္ဓာ ဖြစ်ကြောင်းလို့ သိရမယ်၊ သမုဒယသစ္စာလို့ မှတ်ရမယ်။

ဆန္ဒရာဂနှင့်တကွဖြစ်တဲ့ ကဗဠီကာရအာဟာရချုပ်လျှင် ရူပက္ခန္ဓာလဲ ချုပ်တယ်လို့ သိရမယ်၊ နိရောဓသစ္စာလို့ မှတ်ရမယ်။

မှန်စွာမြင်ခြင်း၊ မှန်စွာကြံခြင်း၊ မှန်စွာဆိုခြင်း၊ မှန်စွာပြုခြင်း၊ မှန်စွာအသက်မွေးခြင်း၊ မှန်စွာအားထုတ်ခြင်း၊ မှန်စွာအောက်မေ့ခြင်း၊ မှန်စွာတည်ကြည်ခြင်း၊ ဒီ မဂ္ဂင်ရှစ်ပါး အကျင့်တရားကို ရူပက္ခန္ဓာချုပ်ကြောင်း အကျင့်လို့ သိရမယ်၊ မဂ္ဂသစ္စာလို့ မှတ်ရမယ်။

## ဝေဒနာက္ခန္ဓာ လေးသစ္စာ

ဝေဒနာက္ခန္ဓာမှာ ဒီလို သိပါ၊ ဒီလို မှတ်ပါ။

မျက်စိအတွေ့ကြောင့်ဖြစ်တဲ့ ခံစားမှုဝေဒနာ၊ နားအတွေ့ကြောင့်ဖြစ်တဲ့ ခံစားမှုဝေဒနာ၊ နှာခေါင်း အတွေ့ကြောင့် ဖြစ်တဲ့ ခံစားမှုဝေဒနာ၊ လျှာအတွေ့ကြောင့် ဖြစ်တဲ့ ခံစားမှုဝေဒနာ၊ ကိုယ်အတွေ့ကြောင့် ဖြစ်တဲ့ ခံစားမှုဝေဒနာ၊ စိတ်အတွေ့ကြောင့် ဖြစ်တဲ့ ခံစားမှုဝေဒနာ၊ ဒီဝေဒနာ ခြောက်ပါးကို ဝေဒနာက္ခန္ဓာလို့ သိရမယ်၊ ဒုက္ခသစ္စာလို့ မှတ်ရမယ်။

မျက်စိအတွေ့ ဖဿ, နားအတွေ့ ဖဿ, နှာခေါင်းအတွေ့ ဖဿ, လျှာအတွေ့ ဖဿ, ကိုယ်အတွေ့ ဖဿ, စိတ်အတွေ့ ဖဿ၊ ဒီဖဿ ခြောက်ပါးကို ဝေဒနာက္ခန္ဓာဖြစ်ကြောင်းလို့ သိရမယ်၊ သမုဒယသစ္စာလို့ မှတ်ရမယ်။

ဒီဖဿခြောက်ပါးချုပ်လျှင် ဝေဒနာက္ခန္ဓာလဲ ချုပ်တယ်လို့ သိရမယ်၊ နိရောဓသစ္စာလို့ မှတ်ရမယ်။

မှန်စွာမြင်ခြင်း၊ (လ) မှန်စွာတည်ကြည်ခြင်း၊ ဒီမဂ္ဂင်ရှစ်ပါး အကျင့်တရားကို ဝေဒနာက္ခန္ဓာချုပ်ကြောင်း အကျင့်လို့ သိရမယ်၊ မဂ္ဂသစ္စာလို့ မှတ်ရမယ်။

## သညာက္ခန္ဓာ လေးသစ္စာ

သညာက္ခန္ဓာမှာ ဒီလို သိပါ, ဒီလို မှတ်ပါ။

အဆင်း၌ မှတ်သားမှု သညာ၊ အသံ၌ မှတ်သားမှု သညာ၊ အနံ့၌ မှတ်သားမှု သညာ၊ အရသာ၌ မှတ်သားမှု သညာ၊ အတွေ့၌ မှတ်သားမှု သညာ၊ ဓမ္မ၌ မှတ်သားမှု သညာ၊ ဒီသညာ ခြောက်ပါးကို သညာက္ခန္ဓာလို့ သိရမယ်၊ ဒုက္ခသစ္စာလို့ မှတ်ရမယ်။

မျက်စိအတွေ့ ဖဿ, နားအတွေ့ ဖဿ, နှာခေါင်းအတွေ့ ဖဿ, လျှာအတွေ့ ဖဿ, ကိုယ်အတွေ့ ဖဿ, စိတ်အတွေ့ ဖဿ၊ ဒီဖဿ ခြောက်ပါးကို သညာက္ခန္ဓာဖြစ်ကြောင်းလို့ သိရမယ်၊ သမုဒယသစ္စာလို့ မှတ်ရမယ်။

ဒီ ဖဿခြောက်ပါးချုပ်လျှင် သညာက္ခန္ဓာလဲ ချုပ်တယ်လို့ သိရမယ်၊ နိရောဓသစ္စာလို့ မှတ်ရမယ်။

မှန်စွာ မြင်ခြင်း၊ (လ) မှန်စွာ တည်ကြည်ခြင်း၊ ဒီမဂ္ဂင်ရှစ်ပါး အကျင့်တရားကို သညာက္ခန္ဓာချုပ်ကြောင်း အကျင့်လို့ သိရမယ်၊ မဂ္ဂသစ္စာလို့ မှတ်ရမယ်။

## သင်္ခါရက္ခန္ဓာ လေးသစ္စာ

သင်္ခါရက္ခန္ဓာမှာ ဒီလို သိပါ, ဒီလို မှတ်ပါ။

အဆင်း၌ စေ့ဆော်မှု စေတနာ, အသံ၌ စေ့ဆော်မှု စေတနာ, အနံ့၌ စေ့ဆော်မှု စေတနာ,အရသာ၌ စေ့ဆော်မှု စေတနာ, အတွေ့၌ စေ့ဆော်မှု

စေတနာ, ဓမ္မဥ္စေ့ဆော်မှု စေတနာ၊ ဒီ စေတနာ ခြောက်ပါးကို သင်္ခါရက္ခန္ဓာလို့ သိရမယ်၊ ဒုက္ခသစ္စာလို့ မှတ်ရမယ်။

မျက်စိ အတွေ့ ဖဿ, နား အတွေ့ ဖဿ၊ နှာခေါင်း အတွေ့ ဖဿ, လျှာ အတွေ့ ဖဿ,ကိုယ် အတွေ့ ဖဿ၊ စိတ် အတွေ့ ဖဿ၊ဒီ ဖဿ ခြောက်ပါးကို သင်္ခါရက္ခန္ဓာဖြစ်ကြောင်းလို့ သိရမယ်၊ သမုဒယသစ္စာလို့ မှတ်ရမယ်။

ဒီ ဖဿခြောက်ပါးချုပ်လျှင် သင်္ခါရက္ခန္ဓာလဲ ချုပ်တယ်လို့ သိရမယ်၊ နိရောဓသစ္စာလို့ မှတ်ရမယ်။

မှန်စွာမြင်ခြင်း၊ (လ) မှန်စွာတည်ကြည်ခြင်း၊ ဒီမဂ္ဂင်ရှစ်ပါး အကျင့် တရားကို သင်္ခါရက္ခန္ဓာချုပ်ကြောင်း အကျင့်လို့ သိရမယ်၊ မဂ္ဂသစ္စာလို့ မှတ်ရမယ်။

## ဝိညာဏက္ခန္ဓာ လေးသစ္စာ

ဝိညာဏက္ခန္ဓာမှာ ဒီလို သိပါ,ဒီလို မှတ်ပါ။

စက္ခုဝိညာဏ်, သောတဝိညာဏ်, ဃာနဝိညာဏ်, ဇိဝှါဝိညာဏ်,ကာယ ဝိညာဏ်, မနောဝိညာဏ်၊ ဒီ ဝိညာဏ် ခြောက်ပါးကို ဝိညာဏက္ခန္ဓာလို့ သိရမယ်၊ ဒုက္ခသစ္စာလို့ မှတ်ရမယ်။

နာမ်ရုပ်နှစ်ပါးကို ဝိညာဏက္ခန္ဓာ ဖြစ်ကြောင်းလို့ သိရမယ်၊ သမုဒယ သစ္စာလို့ မှတ်ရမယ်။

ဒီနာမ်ရုပ် နှစ်ပါး ချုပ်လျှင် ဝိညာဏက္ခန္ဓာ ချုပ်တယ်လို့ သိရမယ်၊ နိရောဓသစ္စာလို့ မှတ်ရမယ်။

မှန်စွာမြင်ခြင်း၊ (လ) မှန်စွာတည်ကြည်ခြင်း၊ ဒီမဂ္ဂင်ရှစ်ပါး အကျင့် တရားကို ဝိညာဏက္ခန္ဓာချုပ်ကြောင်း အကျင့်လို့ သိရမယ်၊ မဂ္ဂသစ္စာလို့ မှတ်ရမယ်။

## ဤသို့ကျင့်ပါ ငါးခန္ဓာ

ဤကဲ့သို့ ခန္ဓာငါးပါးကို သိအောင် ကျင့်တယ်၊ ခန္ဓာငါးပါး ဖြစ်ကြောင်းကို သိအောင် ကျင့်တယ်၊ ခန္ဓာငါးပါး ချုပ်ခြင်းကို သိအောင် ကျင့်တယ်၊ ခန္ဓာငါးပါးချုပ်ကြောင်း အကျင့်ကို သိအောင် ကျင့်တယ်။

ဒီပုဂ္ဂိုလ်တွေကို ခန္ဓာငါးပါးမှာ ငြီးငွေ့အောင် ကျင့်တဲ့ ပုဂ္ဂိုလ်တွေ၊ ခန္ဓာငါးပါး၌ တပ်မက်နှစ်သက်ခြင်းတဏှာကင်းအောင်ကျင့်တဲ့ ပုဂ္ဂိုလ်တွေလို့ ဆိုတယ်၊ ဒီပုဂ္ဂိုလ်တွေဟာ ခန္ဓာငါးပါးမှာ ငြီးငွေ့မယ်၊ တပ်မက်နှစ်သက်ခြင်း တဏှာကင်းမယ်၊ ခန္ဓာငါးပါး ချုပ်မယ်၊ ဝဋ်ဆင်းရဲမှ လွတ်မယ်။

ဒါကြောင့် ဝဋ်ဆင်းရဲမှ လွတ်မြောက်အောင် အမျိုးကောင်းသား အမျိုးကောင်းသမီးတိုင်းပင် ခန္ဓာငါပါး၌ သစ္စာလေးခိုင်ဖြင့် ပိုင်ပိုင်ကြီး သိမြင်အောင် ကျင့်ကြကုန်ရာသတည်း။

## တရားသိမ်း

သုတွာ ဘာသိတံ သဒ္ဓမ္မံ၊
ဂါရဝေန သယမ္ဘုနာ။
အဘိနန္ဒနစိတ္တေန၊
"သာဓု သာဓူတိ" တိ ဘာသထ။

ဘောန္တော၊ တရားနာနေကြတဲ့ အိုဒကာ, ဒကာမတို့။ တုမှေ၊ တရားခင်မင် သင်သူတော်စင်တို့သည်။ဂါရဝေန၊ဒေသနာတရား၌ ရိုသေလေးစားခြင်းရှိတော်မူသော။ သယမ္ဘုနာ၊ သယမ္ဘူဉာဏ်သခင် ဘုရားရှင်သည်။ ဘာသိတံ၊ ဝေနေယျများ ချမ်းသာပွားဘို့ ဟောကြားတော်မူအပ်သော။ သဒ္ဓမ္မံ၊ နိဗ္ဗာန်ရောက်ကြောင်း သူတော်ကောင်း တရားတော်ကို။ သုတွာ၊ မှတ်မှတ်သားသား သဒ္ဓါတရားဖြင့် နာကြားပြီး၍။ အဘိနန္ဒနစိတ္တေန၊ ရွှင်လန်းအားတက် အလွန်နှစ်သက်လော စိတ်ဖြင့်၊သာဓု သာဓူတိ၊မင်္ဂလိရကြောင်း အလွန်ကောင်းစွ ကောင်းလေစွဟူ၍။ ဘာသထ၊သုံးကြိမ်သုံးဝ နှုတ်မြွက်ဟ၍ ဆိုလိုက်ကြကုန်လော့။

(သာဓု သာဓု သာဓု)

ပဗ္ဗဇ္ဇမင်္ဂလာ အနုမောဒနာ ဒေသနာ ပြီး၏။

(ကထိနက္ခန္ဓကမှ)

# ကထိန် အနုမောဒနာ တရားတော်

## ကထိန်

"ကထိနတ္ထိ ပဉ္စာနိသံသေ အနေ္တာကရဏ
သမတ္ထတာယ ထိရတ္ထိ အတ္တော"

သာရတ္ထ ပြ ဂဏ္ဌိပုဒ်တို့ အဆိုနှင့်အညီ—

'အနာမန္တစာရ'စသည်ငါးအင် အာနိသင်ကို ပြင်ပအရပ်သို့ မသွားစေမူဘဲ သိမ်ငှကသံဃာ၌ အတွင်းပြုခြင်းငှါ စွမ်းနိုင်သည်ဖြစ်၍ မြဲမြံ ခိုင်ခံ့သော အနက်သဘောသတ္တိကြောင့် "ကထိန်"လို့ ဆိုတယ်။

### ကထိန်ခွင့်ပြုခြင်း အကြောင်းရင်း ဝတ္ထု

ဒီကထိန်ကို ဘုရားကိုယ်တော်မြတ်ကြီး သာဝတ္ထိပြည်မှန် ဇေတဝန်ရွှေကျောင်း၌ ကိန်းအောင်းမွေ့လျော် စံပျော်တော်မူစဉ် ကောသလမင်း၏ တဖ,သားချင်းဖြစ်တဲ့ ပါဝေယျ တိုင်းသား သုံးကျိပ်မျှလောက်သော ရဟန်းတော်များကို အကြောင်းပြု၍ ခွင့်ပြုတော်မူခဲ့တယ်။

အခါတပါး သုံးကျိပ်မျှလောက်သော ရဟန်းတော်များဟာ ပါဝါမြို့မှ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်ကြီးသို့ ဘုရားဖူးရန် ကြွလာကြသတဲ့၊ ဝါဆိုရက် နီးကပ်လာလို့ ဇေတဝန် ကျောင်းတော်ကြီးသို့ ဝါဆိုမှီ မရောက်နိုင်ကြဘဲ ခရီးအကြား သာဝတ္ထိမြို့မှ ခြောက်ယူဇနာမျှ ဝေးကွာတဲ့ သာကေတမြို့မှာပင် ဝါဆိုကြရသတဲ့။

ဝါကျွတ်လျှင်ပင် ပဝါရဏာပြုပြီး မြတ်ဘုရားထံအလာ မိုးအဆက်မပြတ် ရွာသဖြင့် သက်နိုးတွေမှာ မိုးရေတွေစိုရွှဲ ရွှံ့ညွန်တွေက ပေရေလူးလဲကာ ပင်ပန်းနွမ်းနယ်စွာဖြင့် ဇေတဝန်ကျောင်းကြီးတော်သို့ ရောက်လာကြသတဲ့။

တိံသ ပါဝေယျကာ ဘိက္ခူ၊
သာကေတုက္ကဏ္ဍိတာ ဝသုံ။
ဝဿံဝုတ္ထောကပုဏ္ဏေဟိ၊
အာဂမုံ ဇိနဒဿနံ။

ပါဝေယျကာ၊ ပါဝေယျတိုင်း, ပါဝါမြို့၌ နေကုန်သော။တိ သဘ်ကျူး၊ ကောသလမင်း၏ တဖ, သားချင်းဖြစ်သော ဘဒ္ဒဝဂ္ဂီ နောင်ညီ, သုံးကျိပ်သော ရဟန်းတို့သည်။ သာကေတေ၊ ဗုဒ္ဓဘူမိ သာဝတ္ထိမြို့မှ ခြောက်ယူဇနာမျှ ဝေးကွာလှသည့် သာကေတမြို့၌။ ဥက္ကဏ္ဍိတာ၊ င ါတို့မှာက ဗုဒ္ဓမြတ်စွာအနီးမှာပင် မဖူးမြင်ရဟု ဆန့်ကျင်ငြင်းငွေ့ မပျော်မွေ့ဘဲလျက်။ ဝဿံ၊ ဝါရက်ရောက်ကြုံ ဝါဆိုကြရကုန်ပြီ။ ဝဿံဝုတ္ထော၊ ဝါလကင်းလွှတ်သီတင်းကျွတ်ပြီးသော်။ ဩကပုဏ္ဏေဟိ၊ ရွှံ့ညွန်ပေရေ မိုးယံရေစို၍ ထူထဲညစ်နွမ်း ရေပြည့်သောသင်္ကန်းတို့ဖြင့်။ ဇိနဒဿနံ၊ င ါးမာရ်အောင်မြင်ဘုရားရှင်ကို ဖူးမြင်ရခြင်းငှါ။ အာဂမုံ၊ ခရီးကြမ်းဖြင့် ပင်ပန်းစွာပကြွလာကြကုန်ပြီ။

### အာလာပ သလ္လာပ ပြုခြင်း

ဘုရားတို့ဓမ္မတာ အာစိဏ္ဏအားလျော်စွာ ပါဝေယျတိုင်းသား အာဂန္တုက ရဟန်းတော်များကို မေးမြန်းတော်မူသည်မှာ—

"ချစ်သားတို့....ကျန်းမာကြပါရဲ့လား"
"ဣရိယာပထ မျှတကြပါရဲ့လား"
"ညီညီညွတ်ညွတ် ဝမ်းမြောက်ဝမ်းသာ နေကြရပါရဲ့လား"
"ဆွမ်းများလဲ ပြည့်စုံကြပါရဲ့လား"
"မြတ်စွာဘုရား....ကျန်းမာကြပါ၏ဘုရား"
"ဣရိယာပထ မျှတကြပါ၏ဘုရား"
"ညီညီညွတ်ညွတ် ဝမ်းမြောက်ဝမ်းသာ နေကြရပါ၏ဘုရား"
"ဆွမ်းများလဲ ပြည့်စုံကြပါ၏ဘုရား"

"တပည့်တော်သို့ ဒီဇေတဝန်ကျောင်းတော်ကြီးသို့ မြတ်ဘုရားကို ဖူးမြင်ရန် ပါဝါမြို့မှ လာခဲ့ကြပါ၏ဘုရား၊ ဝါဆိုရက်နီးကပ်နေလို့ မြတ်ဘုရားထံဝါဆိုမှီမရောက်လာနိုင်ကြဘဲ ခရီးအကြား သာကေတမြို့မှာပင် ဝါဆိုခဲ့ကြရပါ၏ဘုရား၊ ဝါကျွတ်လို့ ပဝါရဏာပြုပြီး မြတ်ဘုရားထံ အလာမိုးအဆက်မပြတ်ရွာသို့ မိုးယံရေများ ရွှံ့ညွှန်များ စိုရွှဲလူးကပ်တဲ့ သင်္ကန်းများဖြင့် ပင်ပန်းနွမ်းနယ်စွာ လာခဲ့ကြရပါ၏ဘုရား"လို့ လျှောက်ထားကြသတဲ့။

## အနမတဂ္ဂိယဒေသနာကို ဟောတော်မူခြင်း

"ဒီရဟန်းသုံးကျိပ်တွင် ဂုဏ်အငယ်ဆုံးက သောတာပန်၊ ဂုဏ်အကြီးဆုံးက အနာဂါမ်၊ ပုထုဇဉ်မပါ ရဟန္တာမရှိ၊ အားလုံးပင် အရိယာသေက္ခချည်း ဖြစ်ကြသတဲ့။

ဘုရားရှင်လဲ ဤရဟန်းတို့အား "အနမတဂ္ဂိယဒေသနာ"ကို ဟောရလျှင်ဖြင့် ဒီနေရာမှာပင် အာသဝေါကုန်ခန်းပြီ ရဟန္တာ ဖြစ်ကြလိမ့်မယ်ဟု ဆင်ခြင်တော်မူပြီး—

"အနမတဂ္ဂေါယံ ဘိက္ခဝေ သံသာရော၊ ပုဗ္ဗာကောဋိ
န ပညာယတိ အဝိဇ္ဇာ နီဝရဏာနံ သတ္တာနံ တဏှာ
သံယောဇနာနံ သန္ဓာဝတံ သံသရတံ"

အစချီပြီး အနမတဂ္ဂိယ ဒေသနာကို ဟောကြားတော်မူတယ်။

ဘိက္ခဝေ၊ သံသရာဘေး လာမည့်အရေးကို မြော်တွေးရှုငြား အို-ချစ်သားတို့၊ အယံ သံသာရော၊ ဤရုပ်နာမ်နှစ်ရပ် ဥပါဒ်၌ ဘင် အစဉ်မပြတ် ဖြစ်ကာပျက်ကာ သံသရာသည်။ အနမတဂ္ဂေါ၊ ဘယ်ဘုရားနှင့် ဘယ်မင်းများမှ လက်ထက်ကသာ အစပြုကာ ဖြစ်ပေါ်လာဟု မှန်စွာတိတိ မသိအပ်သည့် အစရှိသည်သာတည်း။

အဝိဇ္ဇာနီဝရဏာနံ၊ မသိမှု အဖြာဖြာ မဟာအဝိဇ္ဇာဖြင့် ပိတ်ဖုံးကာ ကွယ်အပ်ကုန်သော။ တဏှာသံယောဇနာနံ၊ တဏှာနှောင်ကြိုးဖြင့် လျှိုထိုးဖွဲ့ချည်အပ်ကုန်သော။ သန္ဓာဝတံ၊ ဘဝထို့ဤ အတည်မကျ ပြေးသွားကြရကုန်သော။ သံသရတံ၊ ဘဝထို့ဤ အတည်မခံ တပြောင်းပြန်ပြန် ကျင်လည်ကြရကုန်သော။ သတ္တာနံ၊ သတ္တဝါတို့၏။ ပုဗ္ဗာကောဋိ၊ ခန္ဓာငါးရပ် စ,ဥပါဒ်ထွန်း ရှေ့အစွန်းသည်။ န ပညာယတိ၊မသိမမြင်မထင်နိုင်။

သံသရာကြီးက အရှည်လျားကြီး မသိမှု မောဟခေါ်တဲ့ မဟာအဝိဇ္ဇာက အတိတ်ခန္ဓာတွေကို ပိတ်ဖုံးကာထားလေတော့ ဒီသတ္တဝါတွေဟာ ဘယ်မင်းလက်ထက်က, ဘယ်ဘုရားလက်ထက်က အစပြုပြီး ဖြစ်ပေါ်လာတယ်လို့ သံသရာကြီး၏ အစကို မသိမြင်နိုင်ကြတော့ဘူးပေါ။

ပြီးတော့ သံသရာကြီးထဲမှာ ကျင်လည်ရတဲ့ ဆင်းရဲဒုက္ခကိုလဲ မဟာ အဝိဇ္ဇာကပင် ပိတ်ဖုံးကာထားလေတော့ ဆင်းရဲတာကိုပင် ဆင်းရဲတယ်လို့ မသိမြင်ဘူး၊ ဒုက္ခကိုပင် သုခလို့ထင်ပြီး ဒုက္ခအသေးစား လောကီချမ်းသာများဖြစ်တဲ့ ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ ဒီအာရုံငါးပါး ကာမဂုဏ်တရားတွေကို တဏှာက ခံမင်စုံမက် နှစ်သက်လိုချင်တယ်၊ ဒီလို-လိုချင်တဲ့ တဏှာသံယောဇဉ်ကြိုးဖြင့် ဖွဲ့တုပ်ချည်နှောင်ကာ ထားလေတော့ ခန္ဓာတွေ တဘငပြီး တဘဝ, တဘဝပြီး တဘဝ ဆိုသလို ဆက်ဆက်ရပြီး သတ္တဝါတွေဟာ သံသရာထဲ တဝဲလည်လည် တပြောင်းပြန်ပြန် ကျင်လည်ကြရတတ်။

"ချစ်သားတို့ ဒီလို အစမထင် မြင်နိုင်လောက်အောင် ရှည်လျားတဲ့ သံသရာကြီးထဲမှာ တပြောင်းပြန်ပြန် ပြေးသွားကျင်လည်ခဲ့ကြရတဲ့ သင်တို့၏ ဦးခေါင်း အဖြတ်ခံရသဖြင့် ယိုစီးထွက်ကျတဲ့သွေးတွေကို မဟာသမုဒ္ဒရာ လေးစင်းရေနှင့် နှိုင်းစာပါလျှင် ဘယ်သင်းက များပါသလဲ"

"ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား.... တပည့်တော်များ၏ ဦးခေါင်း အဖြတ်ခံရသဖြင့် ယိုစီးထွက်ကျတဲ့ သွေးတွေက,သာ မဟာ သမုဒ္ဒရာ လေးစင်းရေထက် များပါ၏ဘုရား"

"ချစ်သားတို့....သာဓု, သာဓု၊ သင်တို့သည် ငါဟောကြားတဲ့ တရားတော်ကို ကောင်းစွာ သိပေ၏။

"ချစ်သားတို့....အစမထင်မြင်နိုင်လောက်အောင် ရှည်လျားတဲ့ သံသရာကြီးထဲမှာ ကျင်လည်လာကြတဲ့ သင်တို့အား ဦးခေါင်းဖြတ်ကာ အသတ်ခံခဲ့ရတဲ့ ဘဝတွေပင် မရေမတွက်နိုင်အောင်ပင် ရှိခဲ့တယ်၊ နွားဘဝတွေ, ကျွဲဘဝတွေ, သိုးဘဝတွေ, ဆိတ်ဘဝတွေ, သမင်ဘဝတွေ, ကြက်ဘဝတွေ, ဝက်ဘဝတွေ, ရွာဖျက်သူခိုးဘဝတွေ, လမ်းခရီး၌ လုယက်တဲ့ သူခိုးဘဝတွေ, မယားခိုးဘဝတွေ မရေမတွက်နိုင်အောင်ဖြစ်ပြီး မရေမတွက်နိုင်အောင်ပင် ဦးခေါင်းဖြတ်ကာ အသတ်ခံခဲ့ကြရသဖြင့် ယိုစီးထွက်ကျတဲ့ သင်တို့ရဲ့ သွေးတွေဟာ မဟာသမုဒ္ဒရာ လေးစင်ရေထက်ပင် များပေ၏။

"ထိုသို့ဖြစ်ရခြင်း၌ အကြောင်းရင်းသော်ကား ချစ်သားတို့ မသိအပ်တဲ့ အစရှိတဲ့ သံသရာကြီးထဲမှာ မဟာအဝိဇ္ဇာဖြင့် ဖုံးကာပြီး တဏှာနှောင်

ကြိုးဖြင့် ဖွဲ့ချည်ကာ ဘဝထိုက္ခ် အတည်မကျ ပြေးသွားကျင်လည်ကြရတဲ့ သတ္တဝါတို့၏ ရှေ့အစွန်းသည် မထင်နိုင်သောကြောင့်ပင် ဖြစ်တယ်။

ချစ်သားတို့....သင်တို့သည် ဤသို့ရှည်လျား ကြာမြင့်သော နေ့ညဥ့်တို့ ပတ်လုံး ဆင်းရဲဒုက္ခကို ခံစားရဘူးလေပြီ၊ ပြင်းထန်သော ဆင်းရဲဒုက္ခကို ခံစားရဘူးလှလေပြီ၊ ပျက်စီးခြင်း ဆင်းရဲဒုက္ခကို ခံစားရဘူးလှလေပြီ၊ သင်းချိုင်းမြေပုံသည် တိုးပွားလှလေပြီ။

"ချစ်သားတို့... ကြွင်းမဲ့ချက်ကို အလုံးစုံသော တေဘူမက, သခ်ါရတို့၌ ငြီးငွေ့ခြင်းငှါ သင့်လှတော့သည်သာတည်း၊ တပ်ခြင်းကင်းခြင်းငှါ သင့်လှတော့သည်သာတည်း၊ ကြွင်းမဲ့ချက်ကို အလုံးစုံသော တေဘူမက သခ်ါရတို့မှ လွတ်မြောက်ခြင်းငှါ သင့်လှတော့သည်သာတည်း"

ဟု ဟောတော်မူလျှင် သုံးကျိပ်မျှလောက်သော ပါဝေယျတိုင်းသား ဘဒ္ဒဝဂ္ဂိ နောင်ညီရဟန်းတို့သည်ထိုနေရာမှာပင် အာသဝေါကုန်ခန်း ရဟန္တာ ဖြစ်သွားကြပြီး ကောင်းကင်းသို့ပျံတက်ကာ သွားကြသတဲ့။

**မှတ်ရန်။** အနမတဂ္ဂသံယုတ်လာ တိံသမတ္တာသုတ်ကို အကျဉ်းချုံး၍ လိုရင်းအဓိပ္ပါယ် မပျက်ရုံမျှ ပြန်ဆိုရေးသားထားသည်။

## ကထိန် ခွင့်ပြုတော်မူခြင်း

ဘုရားရှင်လဲ ငါသည် အကယ်၍ ကထိန်ခင်းခြင်းကို ခွင့်ပြုခဲ့ပါမူ ဤ ရဟန်းတို့သည် တထည်သော ဒုကုဋ်သင်္ကန်းကို ထားခဲ့၍ သင်းပိုင်ကိုယ်ဝတ်မျှဖြင့် လာကုန်ပါမူကား ဤကဲ့သို့ ပင်ပန်းနွမ်းနယ်မှု မဖြစ်တန်ရာ၊ ကထိန်ခင်းခြင်း အမှုကိုလဲ ဘုရားရှင်တိုင်းပင် ခွင့်ပြုတော်မူကြတယ်လို့ ဆင်ခြင်တော်မူပြီး—

"အနုဇာနာမိ ဘိက္ခဝေ ဝဿံဝုတ္ထာနံ
ဘိက္ခူနံ ကထိနံ အတ္ထရိတုံ"

ဟု ကထိန်ခင်းခြင်းအမှုကို ခွင့်ပြုတော်မူတယ်။

ဘိက္ခဝေ၊ တို့။ ဝဿံဝုတ္ထာနံ၊ မကျိုးမပြတ် ကောင်းမြတ်စွာပ ပုရိမ, ဝါမှ ထကုန်သော။ ဘိက္ခူနံ၊ ရဟန်းတို့အား။ ကထိနံ၊ ကထိန်ကို။ အတ္ထရိတုံ၊ ခင်းစိမ့်သောငှါ။ အနုဇာနာမိ၊ ခွင့်ပြုပါ၏။

ဝါဆိုလပြည့်ကျော် တရက်နေ့မှ ဝါဆိုပြီး ဝါကျိုးခြင်း ဝါပြတ်ခြင်း မဖြစ်မူဘဲ သီတင်းကျွတ်လပြည့် မဟာပဝါရဏာနေ့မှာ ပဝါရဏာ ပြုပြီး ဝါကျွတ်တဲ့ရဟန်းတော်တို့အား ကထိန်ခင်းခြင်းအမှုကို ခွင့်ပြုတော်မူတယ်။

ကထိန်အကျိုး ၅-ပါး ဟောကြားခြင်း

ယင်းသို့ ကထိန်ခင်းခြင်းအမှုကို ခွင့်ပြုတော်မူပြီး—

"အတ္ထတကထိနာနံ ဝေါ ဘိက္ခဝေ ပဉ္စ အာနိသံသာ ကပ္ပိဿန္တိ၊

၁။ အနာမန္တစာရော,

၂။ အသမာဒါနစာရော,

၃။ ဂဏဘောဇနံ,

၄။ ယာဝဒတ္ထစီဝရံ,

၅။ ယော စ တတ္ထ စီဝရုပ္ပါဒေါ၊ သော နေသံ ဘဝိဿတိ၊ အတ္ထတကထိနာနံ ဝေါ ဘိက္ခဝေ ဣမာနိ ပဉ္စ ကပ္ပိဿန္တိ"

ဟု ကထိန်ခင်းခြင်းကြောင့် ရဟန်းတော်တို့အား ရသော အကျိုး ငါးပါးကို ဟောကြားတော်မူတယ်။

ဘိက္ခဝေ၊ သံသရာဘေး လာမည့်အရေးကို မြော်တွေးရှုငြား အို-ချစ်သားတို့။ အတ္ထတကထိနာနံ၊ တန်ခိုးမပိုန် အကျိုးရှိန်သည့် ကထိန်ခင်းသော ရဟန်းထို့အား

၁။ အနာမန္တစာရော၊ ဘောဇဉ်ဖြင့် ဘိတ်အပ်သည် ဖြစ်ပါလျက် ထင်ရှားရှိသော ရဟန်းကို မပန်ကြားမူ၍ ဒါယကာအိမ်သို့ သွားရခြင်း အကျိုးလည်းတပါး၊

၂။ အသမာဒါန စာရော၊ တိစီဝရိက် အဓိဋ္ဌာန်တင်သော သင်္ကန်းကို မယူမူ၍ သွားရခြင်း အကျိုးလည်း တပါး၊

၃။ ဂဏဘောဇနံ၊ ဂဏဘောဇဉ်ကို စားရခြင်း အကျိုးလည်း တပါး၊

၄။ ယာဝဒတ္ထစီဝရံ၊ အလိုရှိတိုင်း အဓိဋ္ဌာန် ဝိကပ္ပနာ မပြုသော သင်္ကန်းကို ဆောင်ရခြင်းအကျိုးလည်း တပါး၊

၅။ တတ္ထ၊ထိုကထိန်ခင်းသော ကျောင်းတိုက်၌။ ယော စ စီဝရုပ္ပါ ဒေါ၊ အကြင် ဖြစ်ပေါ်လာသော သံဃိက သင်္ကန်းသည်။ အတ္ထိ၊ ရှိ၏။ သော စီဝရုပ္ပါဒေါ၊ ထို ဖြစ်ပေါ်လာသော သံဃိက သင်္ကန်းသည်။ နေသံ၊ ထိုကထိန်ခင်းသော ရဟန်းတို့အား။ ဘဝိဿတိ၊ အဘို့ရသည် ဖြစ်လတ္တံ့—အကျိုးလည်း တပါး၊

ဣတိ၊ ဤသို့။ ပဥ္စ၊ အမျိုးအစား အရေအတွက်အားဖြင့် ငါးပါးကုန်သော။ အာနိသံသာ၊ မျက်မှောက်ထင်ထင် အကျိုးအာနိသင်တို့သည်။ ကပ္ပိဿန္တိ၊ ရယူကြတုံ အပ်ကုန်လတ္တံ့။ ဘိက္ခဝေ၊ တို့။ အတ္ထတကထိနာနံ၊ တို့အား။ ဣမာနိ ပဉ္စ၊ ဤ မျက်မှောက်ထင်ရှား အကျိုးငါးပါးတို့သည်။ ကပ္ပိဿန္တိ၊ ကုန်လတ္တံ့။ ("ဝေါ"ကား အနက်မဲ့ နိပါတ်)

**ကထိန် မျက်မှောက်ကျိုးငါးပါး ရဟန်းများရ**

ကထိန်ခင်းသောရဟန်း, ကထိန်အနုမောဒနာပြုသော ရဟန်းတို့အား မျက်မှောက်ထင်ရှား အကျိုး ငါးပါးကို ရတယ်တဲ့။

၁။ ပဌမအကျိုး

ဒါယကာတို့က ဘောဇဉ်ငါးပါးတွင် တပါးပါးဖြင့် ပင့်ဘိတ်ထားသည် ဖြစ်ပါလျက် ဥပစာရ သိမ်အတွင်း မြင်လေ ကရာ အရပ်မှာရှိတဲ့ ရဟန်းကို မြင်ပါလျက်—

"အဟံ ဣတ္ထန္နာမဿ ဃရံ ဂစ္ဆာမိ"

"ငါ ဤမည်သော ဒါယကာအိမ်သို့ သွားပါအံ့"လို့ မပန်ကြားဘဲ ပင့်ဘိတ်အပ်သော ဒါယကာအိမ်မှ တပါးသော ဒါယကာ အိမ်သို့ သွားခြင်း၌ စာရိတ္တသိက္ခာပုဒ်ဖြင့် ပါစိတ်အာပတ် မသင့်ခြင်းအကျိုးပင် ဖြစ်တယ်တဲ့။

၂။ ဒုတိယအကျိုး

သင်းပိုင်, ကိုယ်ဝတ်, ဒုကုဋ်, တိစီဝရိက် အဓိဋ္ဌာန်တင်တဲ့ သင်္ကန်းသုံးထည်တွင် တထည်ထည်နှင့် ညဥ့်ကင်း၍ နေခြင်း၌ ဒုတိယ ကထိန သိက္ခာပုဒ်ဖြင့် သင်္ကန်းကို မစွန့်ရခြင်း ပါစိတ်အာပတ် မသင့်ခြင်း အကျိုးပင် ဖြစ်တယ်တဲ့။

၃။ တတိယအကျိုး

လေးယောက်သောရဟန်း, လေးယောက်ထက်အလွန်ရှိတဲ့ရဟန်းတို့အား မလိမ္မာတဲ့ ဒါယကာတို့က ဆွမ်းဟူသော ကပ္ပိယ ဝေါဟာရကိုမသုံးဘဲ

"ဩဒနေန နိမန္တေမိ၊ ဩဒနံ မေ ဂဏှထ"

"အရှင်ဘုရားတို့.... ထမင်းဖြင့် ပင့်ဘိတ်ပါ၏၊ ထမင်းစား ကြွပါ၊ တပည့်တော်၏ ထမင်းကို အလှူခံကြပါ"ဟူ၍ငှင်း။

"ခေါက်ဆွဲစား ကြွပါ၊ မုံ့ဟင်းခါးစား ကြွပါ၊ ကြာဇံစား ကြွပါ၊ ထမနဲစား ကြွပါ၊ ငါးကြော်စား ကြွပါ၊အမဲကြော်စား ကြွပါ" စသည်ဖြင့် အကပ္ပိယ ဝေါဟာရဖြစ်တဲ့ ဘောဇဉ်ငါးပါးတွင် တပါးပါး၏ အမည်ဖြင့် ပင့်ဘိတ်၍ ရသောဆွမ်းကိုငှင်း။

"ဘတ္တံ ဒေဟိ - ဒါယကာ ငါတို့ကို ဆွမ်းလှူပါ"

ဤသို့ စသည်ဖြင့် မအပ်သောတောင်းခြင်းဖြင့်ငှင်း၊ ရသောဘောဇဉ် ငါးပါးတွင် တပါးပါးကိုငှင်း ခံယူ၍ စားရာ၌ ဂဏဘောဇန သိက္ခာပုဒ် ဖြင့် ပါစိတ်အာပတ် မသင့်ခြင်း အကျိုးပင် ဖြစ်တယ်တဲ့။

၄။ စတုတ္ထအကျိုး

ရရသမျှသော သင်္ကန်းတို့ကို အဓိဋ္ဌာန်လဲ မတင်, ဝိကပ္ပနာလဲ မပြုဘဲ သုံးဆောင်၍ ဆယ်ရက်လွန်ပြီး တပေါင်းလပြည့်တိုင်ရောက်သော်လဲ ပဌမ ကထိနသိက္ခာပုဒ်ဖြင့် သင်္ကန်းကို မစွန့်ရခြင်း, ပါစိတ်အာပတ် မသင့်ခြင်း အကျိုးပင် ဖြစ်တယ်တဲ့။

၅။ ပဉ္စမအကျိုး

ဥပစာရသိမ် ကထိန်ခင်းတဲ့ကျောင်းတိုက်မှာ ဖြစ်ပေါ်လာတဲ့ သံဃိက သင်္ကန်းများကို ရခြင်းအကျိုးပင် ဖြစ်တယ်တဲ့။

ဒီအကျိုးငါးပါးကို ကထိန်ခင်းသောရဟန်း, ကထိန်အနုမောဒနာပြု သော ရဟန်းတို့အား တပေါင်းလပြည့်တိုင်အောင် ငါးလပင် ရတယ်။

ကထိနတ္ထာရကမ္မေတံ၊
ဗုဒ္ဓေဟိ အနုဉာနိတံ။
ပဉ္စာနိသံသံ ဥက္ကဋ္ဌ၊
ပစ္စက္ခေ ဒေတိ ဘိက္ခုနံ။

တော ကထိနတ္ထာရကမ္မံ၊ ဤတန်ခိုးမဟိန် အကျိုးရှိန်ပြင်း ကထိန်ခင်းခြင်း ဝိနည်းကံကို။ ဗုဒ္ဓေဟိ၊ သဗ္ဗညုဉာဏ်ကျော် အမေ်ာထွတ်တင် အဆူဆူသော ဘုရားရှင်တို့သည်။ အနုဇာနိတံ၊ ကရုဏာရွှေးရှု ခွင့်ပြုတော်မူအပ်၏။

တော ကထိနတ္ထာရကမ္မံ၊ ဤတန်ခိုးမဟိန် အကျိုးရှိန်ပြင်း ကထိန်ခင်းခြင်း ဝိနည်းကံသည်။ ဘိက္ခုနံ၊ အတ္ထာရက, အနုမောဒက, ဗုဒ္ဓသားကျော် ရဟန်းတော်တို့အား။ပစ္စက္ခေ၊ပကပ်ပင်းထင်ထင် လက်ငင်းမြင်ရ မျက်မှောက် ဘဝ၌။ ဥက္ကဋ္ဌံ၊ ထူးကဲမောက်ချွန် အလွန်မွန်မြတ်သော။ ပဉ္စာနိသံသံ၊ အနာမန္တစာရ စသည်အမျိုး ငါးပါးသောအကျိုးကို။ ဒေတိ၊ တပေါင်း လပြည့် ငါးလစေ့အောင် ရစေသောထွေ ပေးပေ၏။

## ကထိဒါန အကျိုးကြီးလှ

ဒီကထိန်သင်္ကန်းဒါနဆိုတာ အခြားသောဒါနများနှင့် မတူ တမူထူး ခြား အမိ, အဖအားသော်မှလဲ မတောင်းရ၊ တပါးသူမှာ ဆိုဘွယ်ရာမရှိ၊ ပရိယာယ်နိမိတ် အရိပ်အမြွက်မျှလဲမဖက်၊ ဒါယကာမှ အလိုအလျောက် ပေါ်ထွက်လာတဲ့ သဒ္ဓါတရားသက်သက်မျှဖြင့် မိုဃ်းပေါ်မှ ကျလာသည်နှင့် တူစွာ အလွန်ပင်စင်ကြယ်တဲ့ ဒါနမျိုးဖြစ်တယ်။

တနှစ်မှာ တဆယ့်နှစ်လ ရှိသည့်အနက် သီတင်းကျွတ်လပြည့်နေ့ညဉ့် အရုဏ်တက်သည်မှ စပြီး တဆောင်မုန်းလပြည့်နေ့ညဉ့် အရုဏ်မတက်မီ တလ အတွင်းမှာသာ ကထိန်သင်္ကန်းဒါနကို ပြုခွင့်ရတယ်၊ ကြွင်းတဆယ့် တလမှာ ပြုခွင့်မရဘူး။

ဒါကြောင့် အချိန်ကာလအားလျော်စွာ ပေးလှူရတဲ့ ဒါနမျိုးလဲ ဖြစ်တယ်၊ မိမိကြည်ညိုရာ ပုဂ္ဂိုလ်ကို ရွေးချယ်ပြီး ပေးလှူတဲ့ ပုဂ္ဂလိကဒါန, မိမိကြည်ညိုရာ ဂိုဏ်းကို ရွေးချယ်ပြီး ပေးလှူတဲ့ ဂဏိကဒါန, သံဃာကို ပေးလှူတဲ့ သံဃိကဒါန၊ ဒီဒါနသုံးမျိုးတွင် အမွန်အမြတ်ဆုံးဖြစ်တဲ့ သံဃိက ဒါနလဲ ဖြစ်တယ်။

ရဟန်းတော်တို့အား ထိုကထိန်သင်္ကန်းဒါနကို အကြောင်းပြုပြီး အကျိုး ငါးပါးရကာ ဝိနည်းကံ၌ ချမ်းသာခွင့်လဲ ရတယ်၊ ဒါကြောင့် ဒီကထိန် သင်္ကန်းဒါနဟာ အခြားသော ဒါနများနှင့် မတူ တမူထူးခြား အကျိုး ကျေးဇူးများတဲ့ ဒါနလို့ ဘုရားချီးမွမ်းတော်မူတယ်။

ကထိနဒါနံ နာမိဒံ၊
သံဃဒါနံ မဟာဂုဏံ။
ကာလဒါနာတိဥက္ကဋ္ဌံ၊
အဂ္ဂံ ဗုဒ္ဓေန ဝဏ္ဏိတံ။

ဣဒံ ကထိနဒါနံ နာမ၊ ဤတန်ခိုးမမှိန် အကျိုးရှိန်သည့် ကထိန်သင်္ကန်း အလှူမည်သည်ကား။ သံဃဒါနံ၊ ဘုရားသားကျော် သံဃာတော်ကို ပူဇော်ကြည်ဖြူ ပေးလှူရခြင်းသည်လည်း ဖြစ်၏။ မဟာဂုဏံ၊ အဋ္ဌာရက, အနုမောဒက, ဗုဒ္ဓသ ႏကျော်ရဟန်းတော်တို့အား အကျိုးငါးပါး ရသော အားဖြင့် များသောကျေးဇူးရှိသည်လည်း ဖြစ်၏။ ကာလဒါနံ၊မိုးဃ်းနောက် ဆုံးလ ချိန်ကာလဖြင့် ပေးလှူရခြင်းသည်လည်း ဖြစ်၏။ အတိဥက္ကဋ္ဌံ၊ ပရိယာယ်နိမိတ် အရိပ်အမြွက် မဘက်မပါ ဒါယကာ၏ သဒ္ဓါသောမျှ မိုးဃ်းပေါ်ကျအသွင် အလွန်လျှင် မွန်မြတ်လှသည်လည်း ဖြစ်၏။ ဣဒံ ကထိနဒါနံ၊ ဤတန်ခိုးမမှိန် အကျိုးရှိန်သည့် ကထိန်သင်္ကန်းအလှူကို။ အဂ္ဂံ၊ ဖွင့်ဖွင့်ဖြိုဖြိုး အကျိုးပေးတတ် မြတ်၏ဟူ၍။ ဗုဒ္ဓေန၊ သဗ္ဗညုဉာဏ် ကျော် အမော်ထွဋ်တင် ဘုရားရှင်သည်။ ဝဏ္ဏိတံ၊ ကဲမောက်သာလွန် ထူးချွန်ပါလတ် ဒါနမြတ်ပေမို့ ချီးမွမ်းတော်မူအပ်၏။

ကြောင်းကျိုးထပ်တူ ရမြဲဟူ

• "ယေဘုယျေန ကမ္မသရိက္ခကဖလံ လဘန္တိ"

ကျမ်းလာရှိသည်နှင့်အညီ သတ္တဝါတို့အား အများအားဖြင့် ကိုယ်ပြု လုပ်ထားတဲ့ ကောင်းဆိုးနှစ်တန် အကြောင်းကံနှင့်တူတဲ့ အကောင်းအဆိုး အကျိုးနှစ်မျိုးကို ရမြဲထုံးစံပင် ဖြစ်တယ်။

ဒါ့ကြောင့် ဒီကနေ့ ကထိန်ခင်းခြင်းကြောင့် ဥပစာရသိမ် ဒီကျောင်း တိုက်အတွင်း ပုရိမဝါမှထကြတဲ့ ကထိန်ခင်းတဲ့ ရဟန်း, အနုမောဒနာပြုတဲ့ ရဟန်းတို့အား အနာမန္တစာရစတဲ့ အကျိုးငါးပါးကို ရကြတာလို ကထိန် သင်္ကန်းလှူဒါန်းကြတဲ့ ကထိန်ဒါယကာ ကထိန်ဒါယိကာမတို့အား ဘဝ သမ္ပတ္တိ,လူပြည်,နတ်ရွာ ဗြဟ္မာဟူဘိ သုဂတိဘဝတို့၌ ကျင်လည်ရဖြစ်ရခြင်း၊ ဘောဂသမ္ပတ္တိ, ပစ္စည်းဥစ္စာကြွယ်ဝချမ်းသာခြင်း၊ အကြောင်းကံနှင့်တူတဲ့

သုမင်္ဂလဒီပနီ(က)၁၀၀-၂၈

အကျိုးတရား၊အဆုံးဘဝ၌ တန်ခိုးဖြင့်ပြီးတဲ့ သက်န်းသပိတ် ပရိက္ခရာများကို ရရှိပြီး ကထိန်အကျိုးငါးပါးကို သုံးဆောင်ခံစားရပါလိမ့်မယ်ဟု ယုံကြည်မှတ်သား ကထိန်သင်္ကန်း ဒါနပွဲများကို ကြိုးစားကြကုန်ရာသတည်း။

**အမှာ။** ။ဤနေရာ၌ ရှေ့တရားများမှ နှစ်သက်ရာ သစ္စာလေးပါးကို ယူပြီး ပြပါ။

**တရားသိမ်း**

ဒေသိတံ လောကနာထေန၊
ကထိနဒ္ဓမ္မဒေသနံ။
သက္ကစ္စံယေဝ သုတွာန၊
'သာဓု သာဓူ'တိ ဘာသထ။

ဘောဒန္တော၊ ဓမ္မသဘင် ဆင်ယင်ကျင်းပ ဤဌာနသို့ တရားနာလာကြတဲ့ အို–ဒကာ, ဒကာမတို့။ တုမှေ၊ သဒ္ဓမ္မသဝန ဒုလ္လဘကို အရယူငင် သင်တို့သည်။ လောကနာထေန၊ လူသုံးပါးတို့ အားထားမှီတွယ် ကိုးကွယ်ရာ အစစ် ဖြစ်တော်မူငြား မြတ်ဘုရားသည်။ ဒေတိတံ၊ မဟာကရုဏာရှေ့သွား ဖြင့် သနားပညတ် ဟောကြားတော်မူအပ်သော။ ကထိနဓမ္မဒေသနံ၊ ကထိန်အနုမောဒနာ တရားတော်ကို။ သက္ကစ္စံယေဝ၊ ယုံကြည်စိတ်ထား လေးစားရိုသေစွာသာလျှင်။ သုတွာန၊ အားရပါးရ သဘောကျပင် နာကြားကြပြီး၍။ သာဓု သာဓူတိ၊ နိဗ္ဗာန်မဂ်ဖိုလ် ရပါလိုဟု ပတ္ထနာပြု သာဓု,သာဓု,သာဓုဟူ၍။ ဘာသထ၊ သုံးကြိမ်သုံးဝ နှုတ်မြွက်ဟ၍ ဆိုလိုက်ကြကုန်လော့။

(သာဓု သာဓု သာဓု)

ကထိန် အနုမောဒနာတရားတော် ပြီး၏။

ဓမ္မကထိကဂုဏ်ရည် ခေါ်

**မြင်းခြံတရားစာ ဒုတိယတွဲ ပြီး၏။**

မြင်းခြံမြို့ ကိုးဆောင်ကျောင်းတိုက်

ဂဏဝါစက

## အရှင်ဣန္ဒကာဘိဝံသ

ရေးသားစီရင်အပ်သော

ဓမ္မကထိကဂုဏ်ရည်ခေါ်

# မြင်းခြံတရားစာ

[ တတိယတွဲ ]



ဓမ္မကထိကဂုဏ်ရည်ခေါ်

# မြင်းခြံတရားစာ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(တိကနိပါတ် အင်္ဂုတ္တိုရ် ဒေဝဒူတဝဂ် စတုမဟာရာဇသုတ်)

## ဥပုသ်သီလတရားတော်

### တရားအချီ

လောကဗုဒ္ဓေန ကထိတံ၊ ဓမ္မံ နိဗ္ဗာနပါပကံ။

လောကာယတ္တဥ္စ သဒ္ဓါယ၊ သုဏ္ဍု သုဏာထ သာဓဝေါ။

ဘော်န္တော သပ္ပုရိသာ၊ ဓမ္မသဝန ဒုလ္လဘထူး ဆွတ်ခူးယူငင် အို–ဗုဒ္ဓဘာသာဝင် သူတော်စင်တို့။ သာဓဝေါ၊ ကိုယ်နှုတ်စိတ်ထား သုံးပါးပြေ့ပျောင်း သူတော်ကောင်းဖြစ်ကုန်သော။ တုမှေ၊ သင်ဒကာ, ဒကာမတို့သည်။ လောကဗုဒ္ဓေန၊ လောကသိမြင် ဘုရားရှင်သည်။ ကထိတံ၊ ဝေနေယျများ ချမ်းသာပွားဘို့ ဟောကြားတော် မူအပ်သော။ နိဗ္ဗာနပါပကံ၊ မသေရာမှန် မြတ်နိဗ္ဗာန်သို့ လျင်မြန်ထုတ်ချောက် ရောက်စေတတ်သော။ လောကာယတ္တံ၊ ပုညကာရ ဂုဏ်ထူးရသည့် ဒေဝဒ္ဓါနီ နာမည်ကျော်ကြား လူအများနှင့် စပ်ယှဉ်သော။ ဓမ္မံ၊ စတုမဟာရာဇသုတ် ဥပုသ်သီလ တရားတော်ကို။ သဒ္ဓါယ၊ ယုံကြည်စိတ်ထား ကောင်းမြတ်သော သဒ္ဓါတရားဖြင့်။ သုဋ္ဌု၊ ရှိသေကျိုးနွံ ကောင်းမွန်စွာ။ သုဏာထ၊ တရားအာရုံ စိတ်ဇောထုံလျက် လုံးစုံမှတ်သား နာကြားကြပါကုန်လော့။

လောကကြီးရဲ့ အကြောင်းကိုတော့ ရှင်တော်ဗုဒ္ဓက ကောင်းကောင်းကြီး သိမြင်တော်မူတယ်၊ ကပ်ကမ္ဘာတွေ ဘယ်လောက် ကွာခြားပြီးဖြစ်တဲ့ လောကရဲ့အကြောင်းအရာဘဲ ဖြစ်ဖြစ် လောကအတွင်းမှာ ဖြစ်ဖြစ်သမျှ အကြောင်းအရာဟူသမျှကို အကုန်အစင် သိမြင်တော်မူတယ်၊ ဒါကြောင့်လဲ 'လောကဝိဒူ' ဂုဏ်တော်ကြီးကို ရတော်မူတယ်။

အဲဒီ လောကဝိဒူ ဂုဏ်တော်ကြီးကို ရတော်မူတဲ့ ဘုရားကိုယ်တော်မြတ်ကြီးဟာ လူ့ပြည်မှာ ကောင်းမှုပြုတဲ့ သူတွေကို ရွေးပြားမှာ ရေးမှတ်သွားပြီး တာဝတိံသာ နတ်မြို့တော်မှာရှိတဲ့ သုဓမ္မာစရပ် နတ်အစည်းအဝေးပွဲကြီးမှာ ဘတ်ကြားတဲ့ လောကဖြစ်ရပ်နှင့် စပ်ယှဉ်ပြီး ဥပုသ်သီလ အကျိုးရကို ဟောပြတော်မူခဲ့တယ်၊ ဒီတရားတော်ဟာ နိဗ္ဗာန်ထုတ်ချောက်ရောက်စေတတ်ပါတယ်။

ဒါ့ကြောင့် နိဗ္ဗာန်လိုလားတဲ့ အမျိုးသား အမျိုးသမီးတိုင်းပင် သဒ္ဓါတရားဖြင့် နာကြားကျင့်ကြံကြရမယ်။

**အလုပ်အကျွေးနတ်တို့ စာရင်းယူခြင်း**

လဆန်းရှစ်ရက်, လဆုတ်ရှစ်ရက်နေ့များမှာ သိကြားကြီးမင်းက နတ်မင်းကြီးလေးယောက်ကို ခေါ်တော်မူပြီး—

"အမောင်တို့— ဒီကနေ့ ရှစ်ရက်မြောက် အဋ္ဌမီဥပုသ်နေ့ ဖြစ်တယ်၊ လူ့ပြည်တခွင်ကို ကုန်စင်အောင် လှည့်လည်ပြီး ကောင်းမှု ကုသိုလ် ပြုသူတို့၏အမျိုးအမည်များကို ရွှေပြားမှာရေးသားပြီး ယူခဲ့ကြပါ"

လို့ ခိုင်းစေတော်မူတယ်။

နတ်မင်းကြီး လေးယောက်တို့လဲ သိကြားမင်းကြီးရဲ့ အမိန့်အရပင် မိမိတို့ရဲ့ အလုပ်အကျွေးနတ်တွေကို လူ့ပြည်သို့ စေလွှတ်တော်မူကြတယ်၊ အလုပ်အကျွေးနတ်တွေလဲ အမိန့်သံကို နာခံလျက် လူ့ပြည်တခွင်ကိုကုန်စင်အောင်လှည့်လည်ပြီး ကောင်းမှုကုသိုလ်ပြုသူတွေကို စုံစမ်းမေးမြန်းကြတယ် ဆိုဘဲ၊ အလုပ်အကျွေးနတ်တွေ ရောက်ရာရောက်ရာ ရွာ, နိဂုံး, မင်းနေပြည်တို့မှာ စိုးအုပ်ပြီးနေကြတဲ့ နတ်တွေကလဲ လက်ဆောင်ပဏ္ဏာ များကိုယူလာပြီး အလုပ်အကျွေးနတ်တွေထံ ချဉ်းကပ်ကြတယ်။

အလုပ်အကျွေး နတ်တွေကလဲ ပါလာတဲ့ လက်ဆောင်ပဏ္ဏာများကို ယူပြီး—

"အမောင်တို့...ဒီမြို့, ဒီရွာ, ဒီနိဂုံးမှာ

၁။ အမိ,အဖကို လုပ်ကျွေးတဲ့ ပုဂ္ဂိုလ်တွေ ပေါများပါရဲ့လား၊

၂။ ရဟန်း, သာမဏေတို့ကို ပူဇော်လေးမြတ် ဆည်းကပ်လုပ်ကျွေးတဲ့ ပုဂ္ဂိုလ်တွေ ပေါများပါရဲ့လား။

၃။ မိမိအမျိုး၌ အဖိုး,အဖွား,ဦးကြီး,ဦးလေး စသူတွေကို ရိုသေသူတွေ ပေါများပါရဲ့လား၊

၄။ ပဌမီ, အဌမီ,စတုဒ္ဒသီ,ပန္နရသီမူလဥပုသ်ရှစ်နေ့တို့မှာ ဥပုသ်စောင့်တဲ့ ပုဂ္ဂိုလ်တွေ ပေါများပါရဲ့လား၊

၅။ စတုတ္ထီ, ဆဋ္ဌီ, သတ္တမီ, နဝမီ, တေရသီ, ပါဋိပဒ, အကြိုအပို 'ပဋိဇာဂရ' ဥပုသ် တဆယ့်နှစ်နေ့တို့မှာ ဥပုသ်စောင့်တဲ့ ပုဂ္ဂိုလ်တွေ ပေါများပါရဲ့လား၊

၆။ သရဏဂုံ, ပဌသီ ဆောက်တည်တဲ့ ပုဂ္ဂိုလ်တွေ ပေါများပါရဲ့လား၊

၇။ စေတီပုထိုး ရုပ်ပွားဆင်းတုတော်များကို ဆွမ်း, ရေချမ်း, ဆီမီး, ပန်းတို့ဖြင့် ပူဇော်တဲ့ ပုဂ္ဂိုလ်တွေ ပေါများပါရဲ့လား၊

၈။ တရားနာတဲ့ ပုဂ္ဂိုလ်တွေ ပေါများပါရဲ့လား၊

၉။ အလှူပေးတဲ့ ပုဂ္ဂိုလ်တွေ ပေါများပါရဲ့သား၊

၁၀။ စရပ်,တန်ဆောင်း, ကျောင်းဆောက်တဲ့ ပုဂ္ဂိုလ်တွေ ပေါများပါရဲ့လား၊

၁၁။ ရေတွင်း ရေကန်တူးတဲ့ ပုဂ္ဂိုလ်တွေ ပေါများပါရဲ့လား"လို့ စုံစမ်းမေးမြန်းကြသတဲ့။

ရွာ, နိဂုံး, မင်းနေပြည်တို့မှာ အုပ်စိုး ပြီးနေကြတဲ့ နတ်တွေကလဲ—

"အရှင်တို့....ဒီရွာ, ဒီနိဂုံး, ဒီမင်းနေပြည်ကြီးမှာ ဘယ်သူ ဘယ်သူတွေ ဟာဖြင့်—

၁။ အမိ, အဖ ကို လုပ်ကျွေးကြပါတယ်၊

၂။ ရဟန်း သာမဏေတို့ကို ပူဇော်လေးမြတ် ဆည်းကပ်လုပ်ကျွေးကြပါတယ်၊

၃။ မိမိအမျိုး၌ အဖိုး, အဖွား, ဦးကြီး, ဦးလေး စသူတွေကို ရိုသေကြပါတယ်၊

၄။ ဥပုသ်နေ့တို့မှာ ဥပုသ်စောင့်ကြပါတယ်၊

၅။ အကြိုအပို့ဥပုသ် စောင့်ကြပါတယ်၊
၆။ သရဏဂုံသီလ, ငါးပါးသီလ ဆောက်တည်ကြပါတယ်၊
၇။ စေတီပုထိုး ရုပ်ပွားဆင်းတုတော်များကို ဆွမ်း, ရေချမ်း, ဆီမီး, ပန်းတို့ဖြင့် ပူဇော်ကြပါတယ်၊
၈။ တရားနာကြပါတယ်၊
၉။ အလှူပေးကြပါတယ်၊
၁၀။ စရပ်,တန်ဆောင်း, ကျောင်း ဆောက်ကြပါတယ်၊
၁၁။ ရေတွင်း, ရေကန် တူးကြပါတယ်၊

စသည်ဖြင့် ကောင်းမှုကုသိုလ် ပြုသူတွေရဲ့ အမျိုးအမည်များကို ပြောကြားကြသတဲ့။

အလုပ်အကျွေး နတ်တွေကလဲ ကောင်းမှုကုသိုလ် ပြုသူတွေရဲ့ အမျိုးအမည်များကို ရွှေပြားမှာ ရေးသားပြီး နတ်ပြည်သို့ ယူဆောင်ကာ နတ်မင်းကြီး လေးဦးတို့အား ပေးအပ်ကြသတဲ့ ။

တေ စ ဝံ အနုဝိစရိတွာ ပုညကမ္မကာရကာနံ နာမ ဂေါတ္တာနိ သောဝဏ္ဏပဋ္ဋေ လိခိတွာ အာဟရိတွာ စတုန္နံ မဟာရာဇာနံ ဒေန္တိ။ (အဋ္ဌကထာ)

အဋ္ဌမိယံ ဝိစရိတွာ၊ လောကိမံ ပရိစာရိကာ။
နာမာနိ ပုညကာရာနံ၊ ပဋ္ဋေ လိခန္တိ ကဥ္စနေ။

ပရိစာရိကာ၊ အာဏာတန်ခိုး ကြီးစိုးထိန်လင်း နတ်မင်းကြီး လေးဦးတို့၏ အလုပ်အကျွေး နတ်တို့သည်။ အဋ္ဌမိယံ၊ မပျက်မကွက် လဆန်းရှစ်ရက် လဆုတ်ရှစ်ရက်နေ့၌။ ဣမံ လောကံ၊ ဂါမ, နိဂမ, ရာဇဓာနီ ဤလူ့ပြည်သို့။ ဝိစရိတွာ၊ စုံစမ်းထောက်လှမ်း မေးမြန်းလှည့်လည်ကြကုန်ပြီး၍။ ပုညကာရာနံ၊ ကုသိုလ်အစုစု ကောင်းမှုကို ပြုကုန်သော သူတို့၏။ နာမာနိ၊ ပညတ်တွင်ချီ အသီးသီးသော အမျိုးအမည်တို့ကို။ ကဥ္စနေပဋ္ဋေ၊ အမည်စာရင်း ရေးသွင်းရန်ထား ရွှေပြား၌။ လိခန္တိ၊ သဓမ္မာ စရပ်ဝယ် နတ်အလယ်၌ ဘတ်ကြားဖွယ်များ ရေးမှတ်သားကြကုန်၏။

**သားတော်နတ်တို့ စာရင်းယူခြင်း**

လဆန်းတဆယ့်လေးရက် လဆုတ်တဆယ့်လေးရက် နေ့မျာ မှာတော့ နတ်မင်းကြီး လေးယောက်တို့လဲ သိကြားမင်းကြီးရဲ့ အမိန့်အရပင်

သားတော်နတ်တွေကို ကောင်းမှုသည် စာရင်းယူရန် လူ့ပြည်သို့ စေလွှတ်တော်မူကြတယ်။

သားတော်နတ်တွေလဲ အလုပ်အကျွေးနတ်တို့ကဲ့သို့ပင် လူ့ပြည်တခွင်ကို ကုန်စင်အောင် လှည့်လည်စုံစမ်း မေးမြန်းကြပြီး ကောင်းမှုကုသိုလ်ပြုသူတွေရဲ့အမျိုးအမည်များကို ရွှေပြားမှာ ရေးသားမှတ်ယူကာ နတ်ပြည်သို့ယူဆောင်ပြီး နတ်မင်းကြီး လေးဦးတို့အား ပေးအပ်ကြသတဲ့။

စာတုဒ္ဒသိံ ဝိစရိတ္ဂာ၊ လောကမ်ံ ပုတ္တဒေဝတာ။
နာမာနိ ပုညကာရာနံ၊ ပဋ္ဋေ လိခိတွာ ကဥ္စနေ။

ပုတ္တဒေဝတာ၊ အာဏာတန်ခိုး ကြီးစိုးထိန်လင်း နတ်မင်းကြီး လေးဦးတို့၏ သားတော် နတ်တို့သည်။ စာတုဒ္ဒသိံ၊ မပျက်မကွက် လဆန်းတဆယ့်လေးရက်၊ လဆုတ်တဆယ့်လေးရက် နေ့၌။ လ္လမံ လောကံ၊ ဂါမ, နိဂမ,ရာဇဌာနီ ဤလူ့ပြည်သို့။ ဝိစရိတ္ဂာ၊ စုံစမ်းထောက်လှမ်း မေးမြန်း လှည့်လည်ကြကုန်ပြီး၍။ ပုညကာရာနံ၊ ကုသိုလ်အစုစု ကောင်းမှုကိုပြုကုန်သောသူတို့၏။ နာမာနိ၊ ပညတ်တွင်ချိအသီးသီးသော အမျိုးအမည်တို့ကို။ ကဉ္စနေ ပဋ္ဋေ၊ အမည်စာရင်း ရေးသွင်းရန်ထား ရွှေပြား၌။လိခိတွာ၊ သုဓမ္မာ စရပ်ဝယ် နတ်အလယ်၌ ဘတ်ကြားဖွယ်များ ရေးမှတ်သားကြကုန်၏။

## နတ်မင်းကြီးလေးဦ တို့ စာရင်းယူခြင်း

လဆန်းဘဆယ့်ငါးရက်, လဆုတ်တဆယ့်ငါးရက် နေ့များမှာတော့ သိကြားမင်းကြီးရဲ့ အမိန့်အရ နတ်မင်းကြီး လေးဦးတို့ ကိုယ်တိုင်ပင် လူ့ပြည်တခွင်ကို ကုန်စင်အောင်လှည့်လည်ပြီး ထောက်လှမ်းစုံစမ်း မေးမြန်း စိစစ်ကြကာ ကောင်းမှုကုသိုလ် ပြုသူတွေရဲ့ အမျိုးအမည်များကို ရွှေပြားမှာ ရေးသားမှတ်ယူပြီး နတ်ပြည်သို့ ယူဆောင်သွားကြသတဲ့။

စရိတ္ဂာ မဟာရာဇာနော၊ ပန္နရသေ တထေဝိမံ။
နာမာနိ ပုညကာရာနံ၊ ပဋ္ဋေ လိခိတွာ ကဥ္စနေ။

မဟာရာဇာနော၊ အာဏာတန်ခိုး စိုးမိုးထိန်လင်း နတ်မင်းကြီး လေးဦးတို့သည်။ ပန္နရသေ၊ မပျက်မကွက် လဆန်းတဆယ့်ငါးရက်, လဆုတ်တဆယ့်ငါးရက်နေ့၌။ တထေဝ၊ ထိုအလုပ်အကျွေးနတ် သားတော်နတ်တို့အတူသာလျှင်။ လ္လမံ လောကံ၊ ဂါမ, နိဂမ, ရာဇဌာနီ ဤလူ့ပြည်သို့။

စရိတ္တ၊ စုံစမ်းထောက်လှမ်း မေးမြန်းလှည့်လည်ကြပြီး၍။ ပုညကာရာနံ၊ ကုသိုလ်အစုစု ကောင်းမှုကိုပြုကုန်သောသူတို့၏။ နာမာနိ၊ ပညတ်တွင်ချီ အသီးသီးသော အမျိုးအမည်တို့ကို။ကဋ္ဌနေ ပဋ္ဋေ၊ အမည်စာရင်း ရေးသွင်း ရန်ထား ရွေပြား၌။လိခန္တိ၊သုဓမ္မာစရပ်ဝယ် နတ်အလယ်၌ ဘတ်ကြားဖွယ် များ ရေးမှတ်သားကြကုန်၏။

## ကောင်းမှုရှင်စာရင်း ဘတ်ကြားခြင်း

အဲဒါလို တလလျှင် ၆ ကြိမ် လူ့ပြည်သို့ဆင်းပြီး ကောင်းမှုကုသိုလ် ပြုသူတွေရဲ့ အမျိုးအမည်စာရင်းကို ရွှေပြားမှာရေးသားမှတ်ယူပြီး ယူဇနာ တသောင်းကျယ်တဲ့ တာဝတိံသာ နတ်မြို့တော်ကြီးမှာရှိတဲ့ သုဓမ္မာစရပ် နတ်အစည်းအဝေးပွဲကြီးမှာ သိကြားမင်းကြီးက ဘတ်ကြားကြေငြာသတဲ့။ (မဟာဂေါဝိန္ဒသုတ်အလို)

## ကောင်းမှုရှင်နည်းမူ ဝမ်းနည်းခြင်း

နတ်မင်းကြီးလေးဦးတို့လည်း သုဓမ္မာသဘင် အစည်းအဝေးဝင်ကြတဲ့ တာဝတိံသာနတ်တွေကို"အချင်းနတ်တို့ မနုဿဌာနီ လူတို့ပြည်မှာဖြင့်—

၁။ အမိအဖကို လုပ်ကျွေးတဲ့ ပုဂ္ဂိုလ်တွေ နည်းပါးလှပါ၏၊

၂။ ရဟန်း သာမဏေတို့ကို ပူဇော်လေ့မြတ် ဆည်းကပ်လုပ်ကျွေးတဲ့ ပုဂ္ဂိုလ်တွေ နည်းပါးလှပါ၏၊

၃။ မိမိအမျိုး၌ အဖိုး, အဖွား, ဦးကြီး,ဦးလေး စသူတွေကို ရိုသေ သူတွေ နည်းပါးလှပါ၏၊

၄။ ဥပုသ်နေ့တို့မှာ ဥပုသ်စောင့်သူတွေ နည်းပါးလှပါ၏၊

၅။ အကြိုအပို ဥပုသ်စောင့်သူတွေ နည်းပါးလှပါ၏၊

၆။ သရဏဂုံသီလ ငါးပါးသီလ ဆောက်တည်သူတွေနည်းပါးလှပါ၏၊

၇။ စေတီပုထိုး ရုပ်ပွားဆင်းတုတော်များကို ဆွမ်း, ရေချမ်း, ဆီမီး, ပန်းတို့ဖြင့် ပူဇော်သူတွေ နည်းပါးလှပါ၏၊

၈။ တရားနာသူတွေ နည်းပါးလှပါ၏၊

၉။ အလှူပေးသူတွေ နည်းပါးလှပါ၏။

၁၀။ စရပ်, တန်ဆောင်း, ကျောင်းဆောက်သူတွေ နည်းပါးလှပါ၏၊

၁၁။ ရေတွင်း ရေကန် တူးသူတွေ နည်းပါးလှပါ၏"

ဟု မိန့်ကြား၍ စာရင်းအရ ကုသိုလ်ပြုသူနည်းသည်ဟု သိကြတဲ့အခါ ကောင်းမှုရှင်စာရင်းနာ သာဝတိံသာနတ်တွေဟာ—

"ဩော်– လူတွေတော့ မေ့လျော့ကုန်ကြပြီ၊ ငါတို့ နတ်ပြည်မှာ နတ်သား နတ်သမီးသစ်တွေ မဖြစ်ပေါ်လာဘဲ ယုဇနာတသောင်းကျယ်တဲ့ ငါတို့ရဲ့ တာဝတိံသာ နတ်မြို့တော်ကြီးဟာ ဆိတ်ငြိမ် တော့မှာဘဲ၊ အပါယ်လေးဘုံမှာသာ သတ္တဝါတွေ များကြလိမ့်မယ်"

လို့ စိတ်စက်မသာမယာ ရှိကြသတဲ့။

သုဓမ္မာသဘာယံ ပဏ္ဍ၊
တေတ္တိံသ သဂ္ဂဋ္ဌာနိယံ။
ဝါစေတွာန သုဏိတွာန၊
အပ္ပကာ ပုညကာရကာ။

သစေ ဘော ဟောန္တိ ဥတွာန၊
န တေ ဒေဝါ သကာမနာ။
ဒိဗ္ဗကာယာ ဟာယိဿန္တိ၊
ပူရိဿန္တိ အပါယိကာ။

တေတ္တိံသ သဂ္ဂဋ္ဌာနိယံ၊ မာဃလုလင်အမှူးရှိတဲ့ သုံးကျိပ်သုံးယောက်သော သိကြားနတ်တို့၏စံရာ တာဝတိံသာမည် နတ်တို့ပြည်၌။ သုဓမ္မာသဘာယံ၊ သုဓမ္မာစရပ်တွင် နတ်သဘင် အစည်းအဝေးကြီး၌။ ပဏ္ဍ၊ လူတို့ဌာနီ ရွာ, နိဂုံး, မင်းနေပြည်တော်တို့မှ ကောင်းမှုသည် စာရင်းကို။ ဝါစေတွာန၊အပေါင်းနတ်များသိစေသားဟုသိကြားမင်းကြီးကဘတ်ကြားပြီး၍။ သုဏိတွာန၊ သုဓမ္မာသဘင် အစည်းအဝေးဝင်ငြား နတ်အများတို့ နာကြားပြီး၍။ ဥတွာန၊ ကောင်းမှုသည် အများအနည်းကို စာရင်းအရ သိကြပြီ၍။ ပုညကာရကာ၊ ကုသိုလ်အစုစု ကောင်းမှုကိုပြုကုန်သော သူတို့သည်။ အပ္ပကာ၊ မပေါမများ နည်းပါးလှကုန်သည်။ သစေ ဟောန္တိ၊ တကယ်၍များ ဖြစ်ကုန်ငြားအံ့။ တေ ဒေဝါ၊ ထိုကောင်းမှုသည် စာရင်းနာ တာဝတိံသာနတ်တို့သည်။ ဘော၊ သုဓမ္မာစရပ်၌ အစည်းအဝေးကပ်ကြတဲ့ အို- နတ်များတို့။ ဒိဗ္ဗကာယာ၊ အာရုံငါးလီ ထွန်းတောက်စည်တဲ့ ငါတို့ရဲ့ နတ်ပြည်ကြီးသည်။ ဟာယိဿန္တိ၊ အသစ်နတ်သား နတ်သမီးများလည်း ထင်ရှားမဖြစ် ဆုတ်ရစ်ကြကုန်လိမ့်လတ္တံ့။ အပါယိကာ၊ ချမ်းသာ

ကင်းရာ အပါယ်လေးရွာတို့သည်။ ပူရိသာန္တိ၊ အကုသိုလ်ညစ် သန္တေပစ်၍ အဖြစ်များကာ သတ္တဝါတို့ဖြင့် ပြည့်ကုန်လတ္တံ့။ ဣတိ၊ ဤသို့။ သကာမနာ၊ နှလုံးစိတ်ဝမ်း ကြည်ရွှမ်းမျိုသိပ် မိမိစိတ်ရှိကုန်သည်။ န ဟောန္တိ၊နတ်နည်း မည့်အရေးကို တွေးတွေးပြီး စင်စစ်တကယ်ပင် မဖြစ်ကုန်။

## ကောင်းမှုရှင်များမှ ဝမ်းသာခြင်း

ယူဇနာ တသောင်းကျယ်တဲ့ တာဝတိံသာ နတ်မြို့တော်ကြီးမှာရှိတဲ့ သုဓမ္မာစရပ် နတ်အစည်းအဝေးပွဲကြီးမှာ လူ့ပြည်က ကောင်းမှုကုသိုလ် ပြုသူတွေရဲ့ အမျိုးအမည် စာရင်းကို သိကြားမင်းကြီးက ဘတ်ကြား ကြေငြာတယ်။

နတ်မင်းကြီးလေးဦးတို့ကလည်း ထပ်မံကြေငြာကြတယ်။

"အချင်းနတ်တို့ မနုဿဌာနီ လူတို့ပြည်မှာဖြင့်—

၁။ အမိ၊ အဖကို လုပ်ကျွေးတဲ့ပုဂ္ဂိုလ်တွေ ပေါများလှပါ၏၊

၂။ ရဟန်း သာမဏေတို့ကို ပူဇော်လေးမြတ် ဆည်းကပ်လုပ်ကျွေးတဲ့ ပုဂ္ဂိုလ်တွေ ပေါများလှပါ၏၊

၃။ မိမိအမျိုး၌ အဖိုး အဖွား ဦးကြီး ဦးလေး စသူတွေကို ရိုသေသူ တွေ ပေါများလှပါ၏၊

၄။ ဥပုသ်နေ့တို့မှာ ဥပုသ်စောင့်သူတွေ ပေါများလှပါ၏၊

၅။ အကြိုအပို ဥပုသ်စောင့်သူတွေ ပေါများလှပါ၏၊

၆။ သရဏဂုံသီလ၊ ငါးပါးသီလဆောက်တည်သူတွေ ပေါများလှပါ၏၊

၇။ စေတီပုထိုး ရုပ်ပွားဆင်းတုတော်များကို ဆွမ်း၊ ရေချမ်း၊ ဆီမီး၊ ပန်းတို့ဖြင့် ပူဇော်သူတွေ ပေါများလှပါ၏၊

၈။ တရားနာသူတွေ ပေါများလှပါ၏၊

၉။ အလှူပေးသူတွေ ပေါများလှပါ၏၊

၁၀။ စရပ်၊ တန်ဆောင်း၊ ကျောင်းဆောက်သူတွေ ပေါများလှပါ၏၊

၁၁။ ရေတွင်း ရေကန် တူးသူတွေ ပေါများလှပါ၏"

ဤစာရင်းအရ ကုသိုလ်ပြုသူများသည်ဟု သိကြတဲ့အခါ ကောင်းမှုရှင် စာရင်းနာ တာဝတိံသာနတ်တွေဟာ "ခြော် လူတွေတော့ မမေ့မလျော့

နေကြတယ်၊ နတ်သား နတ်သမီးတွေ များများဖြစ်ပေါ်လာပြီး ငါတို့ရဲ့ နတ်ပရိတ်သတ်ကြီးဟာ စည်ကားသိုက်မြိုက်တော့မှာဘဲ၊ ယူဇနာတသောင်း ကျယ်တဲ့ ငါတို့ရဲ့ တာဝတိံသာနတ်မြို့တော်ကြီးဟာ နတ်သား နတ်သမီးသစ် တွေနှင့် မဆိတ်မငြိမ်ဘဲ ရှိလိမ့်မယ်၊ ငါတို့လဲ အလွန်များတဲ့ နတ်သား နတ်သမီးများအလယ်မှာ နက္ခတ်သဘင် ပျော်ရွှင်မြူးထူးခွင့်ကို ရမှာဘဲ”

လို့ စိတ်စက်ချမ်းသာ ဝမ်းသာကြသတဲ့။

သုဓမ္မာသဘာယံ ပဏ္ဍုံ၊
တေတ္တိံသ သဂ္ဂဠာနိယံ။
ဝါစေတွာန သုဏိတွာန၊
မဟန္တာ ပုညကာရကာ။

သစေ ဘော ဟောန္တိ ဥတွာန၊
ဇေတေ ဒေဝါ သကာမနာ။
ဒေဝကာယာ ပူရိဿန္တိ၊
ဟာယိဿန္တိ အပါယိကာ။

တေတ္တိံသ သဂ္ဂဠာနိယံ၊ မာဃလုလင်အမှူးရှိတဲ့ သုံးကျိပ်သုံးယောက် သော သိကြားနတ်ဟို၏စံရာ တာဝတိံသာမည် နတ်တို့ပြည်၌။ သုဓမ္မာ သဘာယံ၊ သုဓမ္မာစရပ်တွင် နတ်သဘင် အစည်းအဝေးပွဲကြီး၌။ ပဏ္ဍုံ၊ လူတို့ဌာနီ ရွာ,နိဂုံး,မင်းနေပြည်တော်တို့မှ ကောင်းမှုသည်စာရင်းကို။ ဝါစေ တွာန၊ အပေါင်းနတ်များ သိစေသားဟု သိကြားမင်းကြီးက ဘတ်ကြား ပြီး၍။ သုဏိတွာန၊ သုဓမ္မာသဘင် အစည်းအဝေးဝင်ငြား နတ်အများတို့ နာကြားပြီး၍။ ဥတွာန၊ ကောင်းမှုသည် အများအနည်းကို စာရင်းအရ သိကြပြီ၍။ ပုညကာရကာ၊ ကုသိုလ်အစုစု ကောင်းမှုကိုပြုကုန်သော သူတို့သည်။ မဟန္တာ၊ မရှားမပါး ပေါများလှကုန်သည်။ သစေ ဟောန္တိ၊ အကယ်၍များ ဖြစ်ကုန်ငြားအံ့။ ဇေတေ ဒေဝါ၊ ထိုကောင်းမှုသည် စာရင်းနာ တာဝတိံသာနတ်တို့သည်။ ဘော၊ သုဓမ္မာစရပ်၌အစည်းအဝေး ကပ်ကြတဲ့ အိုနတ်များတို့။ ဒေဝကာယာ၊ အာရုံငါးလီ ထွန်းတောက်စည်တဲ့ ငါတို့ရဲ့နတ်ပြည်ကြီးသည်။ ပူရိဿန္တိ၊ နတ်သမီးနတ်သား အသစ်များဖြင့် စည်ကားသိုက်မြိုက် ပြည့်ကိန်းဆိုက်ကုန်အံ့။ အပါယိကာ၊ ဒုက္ခရိပ်မြုံ

အပါယ်ဘုံတို့သည်။ ဟာယိဿန္တိ၊ သတ္တဝါများ အဖြစ်ပါး၍ ပျက်ပြားဆုတ်ယုတ်ကုန်လတ္တံ့။ ဉာတိ၊ ဤသို့။ သကာမနာ၊ နှလုံးစိတ်ဝမ်း ကြည်ရွှင်မျိုးသိပ် မိမိစိတ်ရှိကုန်သည်။ ဟောန္တိ၊ နတ်များမည့်အရေးကို တွေးတွေးပြီး စင်စစ်တကယ်ပင် ဖြစ်ကုန်၏။

## ဥပုသ်စောင့်ကျိုး

သိကြားမင်းကြီးလဲ ထိုသုဓမ္မာစရပ် နတ်အစည်းအဝေး ပွဲကြီးမှာ တာဝတိံသာနတ်တွေကို ဥပုသ်နေ့များမှာ ဥပုသ်စောင့်ဘို့ရန် တိုက်တွန်းနှိုးဆော်လျက် ရှစ်ပါးသီလအကျိုးကို ဤကဲ့သို့ ရွတ်ဆိုဟောကြားသတဲ့။

စာတုဒ္ဒသိံ ပဉ္စဒသိံ၊
ယာ စ ပက္ခဿ အဋ္ဌမီ။
ပါဋိဟာရိယပက္ခဉ္စ၊
အဋ္ဌင်္ဂသုသမာဂတံ။
ဥပေါသထံ ဥပဝသေယျ၊
ယောပဿ မာဒိသော နရော။

ယောပိ နရော၊ ချမ်းသာချစ်ခင် ကောင်းရာယှဉ်သည့် အကြင်သူသည်လည်း။ မာဒိသော၊ ငါကဲ့သို့ပင် ကြည်လင်ရွှင်ပြုံး ဥပုသ်သုံးခြင်း သဘောရှိသည်။ ဝါ၊ ငါကဲ့သို့ပင် ဂုဏ်အင်ကြီးမား သိကြားမင်း စည်းစိမ်ကို ရလိုသော သဘောရှိသည်။အဿ၊စင်စစ်မသွေ ဖြစ်ပေရာ၏။သောပိ နရော၊ ငါကဲ့သို့ပင် ကြည်လင်ရွှင်ပြုံး ဥပုသ်သုံးလိုသော ထိုသူသည်လည်း။ ဝါ၊ ငါကဲ့သို့ပင် ဂုဏ်အင်ကြီးမား ဘိကြားစည်းစိမ်ကို ရလိုသော ထိုသူသည်လည်း။ ပက္ခဿ၊ လဆန်းပက္ခ လဆုတ်ပက္ခ၏။ စာတုဒ္ဒသိံ စ၊ ဆယ့်လေးရက်စေ့ ပြည့်ကြောင်းနေ့၌၎င်း။ ပဉ္စဒသိံ စ၊ ဆယ့်ငါးရက်စေ့ ပြည့်ကြောင်းနေ့၌၎င်း။ ယာ အဋ္ဌမီ၊ အကြင် လထက်ဝက်ဖြင့် မှတ်ချက် စေ့စေ့ရှစ်ရက်နေ့သည်။ အတ္ထိ၊ ရှိ၏။ တဿံ အဋ္ဌမိယံ စ၊ ထိုလထက်ဝက်ဖြင့် မှတ်ချက် စေ့စေ့ ရှစ်ရက်နေ့၌၎င်း။ ပါဋိဟာရိယပက္ခဉ္စ၊ ဝါတွင်း သုံးလ ကထိန်လနှင့် ထိုလထက်ဝက် ရှေ့ဆယ့်ငါးရက်ဟု သုံးချက်မှတ်သား အမြဲစောင့်သုံးအပ်သော ပါဋိဟာရိယပက္ခ ဥပုသ်နေ့များ၌၎င်း။ အဋ္ဌင်္ဂသုသမာဂတံ၊ အကျင့်သိက္ခာ အင်ရှစ်ဖြာနှင့် ကောင်းစွာပြည့်စုံ

သော။ ဥပေါသထံ၊ ကိုယ်နှင့်နှုတ်ကို ထိန်းချုပ်စောင့်ထ ဥပုသ်သီလကို။ ဥပဝသေယျ၊ ဆောက်တည်ရှင်ပြုံး ကျင့်သုံးရာ၏။

## သိကြားအဆိုနှင့် ဘုရားအလို မကိုက်

သိကြားမင်းကြီးအဆိုဟာ ဘုရားအလိုတော်နှင့် မကိုက်လို့ ရှင်တော်ဘုရား နှစ်ခြိုက်တော်မမူဘူးတဲ့. သိကြားမင်းကြီးအဆိုက လောကီ, ဘုရားအလိုတော်က လောကုတ် ဆိုတော့ ဘယ်မှာလျှင် ကိုက်ပါ့မလဲ၊ သိကြားမင်းကြီးက ဝဋ်အတွင်းမှာဖြစ်တဲ့ သုခအသေးစား လောကီချမ်းသာများကို ရှစ်ပါးသီလနှင့် မျှားပြီးယူဘို့ရာ တာဝတိံသာနတ်တွေကို တိုက်တွန်းနှိုးဆော်သလို ဂါထာကို အဆိုပြုတယ်၊ ရှင်တော်ဘုရားက ဝဋ်ကင်းရာဖြစ်တဲ့ ချမ်းသာတကာတို့တွင် အထွတ်အမြတ်ထားသော လောကုတ္တရာ နိဗ္ဗာန်တရားကို ရှစ်ပါးသီလနှင့် မျှားပြီးယူဘို့ရာ နတ်နှင့်လူတွေကို တိုက်တွန်းနှိုးဆော်သလို ဂါထာကို အဆိုပြုတော်မူလို၍ " ဒုဂ္ဂီတာ, ဒုဗ္ဘာသိတာ"လို့ သိကြားအဆိုကို ရှုတ်ချတော်မူလိုက်သတဲ့။

ဒုဂ္ဂီတာ = နတ်တို့သေဌ်နင်း သိကြားမင်းသည် . ဝဋ်တွင်းမှာတည် မကောင်းသဖြင့် သီအပ်၏။ ဒုဗ္ဘာသိတာ = နတ်တို့သေဌ်နင်း သိကြားမင်းသည် ဝဋ်တွင်းနှစ်လို မကောင်းသဖြင့် ဆိုအပ်၏။

ဒီဂါထာကို ရွတ်ဆိုဟောကြားတဲ့ သိကြားမင်းဟာ အဝီတရာဂ, အဝီတဒေါသ, အဝီတမောဟ = ရာဂလဲမကင်း, ဒေါသလဲမကင်း, မောဟလဲမကင်းသေးတဲ့ ပုဂ္ဂိုလ်ဖြစ်တယ်၊ သူလို သိကြားမင်းဖြစ်လိုလျှင် သူလို သိကြားစည်းစိမ်ကို ခံစား စံစားလိုလျှင် ဥပုသ်နေ့များမှာ ရှစ်ပါးသီလ စောင့်ထိန်းကြပါလို့ ဂါထာကို ရွတ်ဆိုတော့ ရှစ်ပါးသီလ စောင့်ထိန်းလျှင် သိကြားမင်း ဖြစ်ရမယ်၊ သိကြားမင်းစည်းစိမ်ကို ရမယ်လို့ ဆိုရာရောက်ပြီး ရှစ်ပါးဥပုသ် သီလဟာ လောကီချမ်းသာလောက်သာ အကျိုးအာနိသင်ရောက်သလို ဖြစ်နေတာပေါ့။

## ဘုရားအလိုတော်

ဒီတော့ ရှင်တော်ဘုရားက "ဝီတရာဂ, ဝီတဒေါသ, ဝီတမောဟ = ရာဂလဲကင်း, ဒေါသလဲကင်း, မောဟလဲကင်းပြီးဖြစ်တဲ့ရဟန္တာပုဂ္ဂိုလ်တဦးဦးက—

'စာတုဒ္ဒသိံ ပဥ္စဒသိံ၊
ယာ စ ပက္ခဿ အဋ္ဌမီ။
ပါဋိဟာရိယပက္ခဉ္စ၊
အဋ္ဌင်္ဂသုသမာဂတံ။
ဥပေါသထံ ဥပဝသေယျ၊
ယောပဿ မာဒိသော နရော'

လို့ ရွတ်ဆို ဟောကြားပါလျှင် အမှန်ပင် သင့်မြတ် ပေတယ်'လို့ မိန့်တော်မူတယ်။

ယောပိ နရော၊ ချမ်းသာချစ်ခင် ကောင်းရာယှဉ်သည့် အကြင်သူသည် လည်း။ မာဒိသော၊ ငါကဲ့သို့ပင် အာသဝေါစင်သည့် ရဟန္တာအရှင်မြတ် သည်။ ဝါ၊ ငါကဲ့သို့ပင် ဂုဏ်အင်ကြီးမား လောကုတ္တရာ ချမ်းသာများကို လိုလားသော သဘောရှိသည်။ အဿ၊ စင်စစ်မသေ့ ဖြစ်ပေရာ၏။ သောပိ နရော၊ ငါကဲ့သို့ပင် အာသဝေါစင်သည့် ရဟန္တာအရှင်ဖြစ်သော ထိုသူ သည်လည်း။ ဝါ၊ ငါကဲ့သို့ပင် ဂုဏ်အင်ကြီးမား လောကုတ္တရာ ချမ်းသာ များကို လိုလားသော သဘောရှိသော ထိုသူသည်လည်း။ ပက္ခဿ၊ လဆန်း ပက္ခ လဆုတ်ပက္ခ၏၊ စာတုဒ္ဒသိံ စ၊ ဆယ့်လေးရက်စေ့ ပြည့်ကြောင်းနေ့၌ ၎င်း။ ပဥ္စဒသိံ စ၊ ဆယ့်ငါးရက်စေ့ ပြည့်ကြောင်း နေ့၌၎င်း။ ယာ အဋ္ဌမီ၊ အကြင် လထက်ဝက်ဖြင့် မှတ်ချက်စေ့စေ့ ရှစ်ရက်နေ့သည်။ အတ္ထိ၊ ရှိ၏။ တဿံ အဋ္ဌမိယံ စ၊ ထိုလထက်ဝက်ဖြင့် မှတ်ချက်စေ့စေ့ ရှစ်ရက်နေ့၌၎င်း။ ပါဋိဟာရိယပက္ခဉ္စ၊ ဝါတွင်းသုံးလ ကထိန်လနှင့် ထိုလထက်ဝက် ရှေ တဆယ့်ငါးရက်ဟု သုံးချက်မှတ်သားအမြဲစောင့်သုံးအပ်သော ပါဋိဟာရိယ ပက္ခဥပုသ်နေ့များ၌၎င်း။ အဋ္ဌင်္ဂသုသမာဂတံ၊ အကျင့်သိက္ခာ အင်ရှစ်ဖြာနှင့် ကောင်းစွာ ပြည့်စုံသော။ ဥပေါသထံ၊ ကိုယ်နှင့်နှုတ်ကို ထိန်းချုပ် စောင့်ထ ဥပုသ်သီလကို။ ဥပဝသေယျ၊ ဆောက်တည်ရှင်ပြုံး ကျင့်သုံးရာ၏။

## ကုသိုလ်ကောင်းမှု ကြိုးစားပြု

ဤကဲ့သို့ ဟောတော်မူသည့် ဒေသနာတော်ကို နာခံမှတ်သား နှလုံး ထားပြီး ယခုအခါ လူ့ပြည်လူ့ရွာ လူအဖြစ်ကို ရလာကြတဲ့ လူတိုင်း လူတိုင်းပင်—

၁။ အမိ၊ အဖကို လုပ်ကျွေးကြပါ၊
၂။ ရဟန်းသာမဏေတို့ကိုပူဇော်လေးမြတ်ဆည်းကပ်လုပ်ကျွေးကြပါ၊
၃။ မိမိအမျိုး၌ အဖိုး၊ အဖွား၊ ဦးကြီး၊ ဦးလေး၊ စသူတွေကိုရိုသေကြပါ၊
၄။ ဥပုသ်နေ့တို့မှာ ဥပုသ်စောင့်ကြပါ၊
၅။ အကြိုအပို ဥပုသ်စောင့်ကြပါ၊
၆။ သရဏဂုံသီလ၊ ငါးပါးသီလ ဆောက်တည်ကြပါ၊
၇။ စေတီ ပုထိုး ရုပ်ပွားဆင်းတုတော်များကို ဆွမ်း၊ ရေချမ်း၊ ဆီမီး၊ ပန်းတို့ဖြင့် ပူဇော်ကြပါ၊
၈။ တရားနာကြပါ၊
၉။ အလှူပေးကြပါ၊
၁၀။ စရပ်၊ တန်ဆောင်း၊ ကျောင်း ဆောက်ကြပါ၊
၁၁။ ရေတွင်း ရေကန် တူးကြပါ၊

အလုပ်အကျွေးနတ်တွေ၊ သားတော်နတ်တွေ၊ နတ်မင်းကြီး လေးယောက်တို့ လူပြည်သို့လာရောက်ပြီး ကောင်းမှုသည်စာရင်း ကောက်တဲ့ အခါမှာ မိမိနာမည်ကို ရွှေပြားမှာ ရေးသားကာ နတ်ပြည်သို့ ယူဆောင်သွားပြီး ယူဇနာတသောင်းကျယ်တဲ့ တာဝတိံသာ နတ်မြို့တော် သုဓမ္မာ စရပ် နတ်အစည်းအဝေးပွဲကြီးမှာ ဘတ်ကြား ကြေငြာခြင်း ခံရအောင် ကြိုးစားကြပါ။

## ဥပုသ်စောင့် တရားကိုယ်

ဒီကနေ့ ဥပုသ်နေ့ကြီးမှာ ဥပုသ်စောင့်သူတွေဟာ ဘယ်သူတွေလဲလို့ မေးခဲ့လျှင် ပညတ်အနေနှင့် မည်သူမည်ဝါ နာမည်တွေပြော ပြပြီး ဖြေဆိုကြမှာဘဲ၊ ပရမတ်အနေနှင့်တော့ ပုဂ္ဂိုလ်သတ္တဝါ ငါသူတပါးယောကျ်ား မိန်း မတစုံတယောက်မျှလဲ ဥပုသ်စောင့်သူရယ်လို့ မရှိဘူး၊ အဋ္ဌင်္ဂဥပေါသထသီလ စေတနာပြဋ္ဌာန်းတဲ့ ကာမကုသိုလ်စိတ္တုပ္ပါဒ်ပင် ဖြစ်တယ်။

## နာမ်တရား

ခန္ဓာအားဖြင့် ရှုလျှင် ကာမကုသိုလ်စိတ်က ဝိညာဏက္ခန္ဓာ၊ ဒီဝိညာဏက္ခန္ဓာနှင့် သဟဇာတ သမ္ပယုတ္တ ဖြစ်တဲ့ ဝေဒနာက ဝေဒနာက္ခန္ဓာ၊ သညာက သညာက္ခန္ဓာ၊ ဖဿ၊ စေတနာ စသည်တို့က သင်္ခါရက္ခန္ဓာ၊ ဒီခန္ဓာ

လေးပါးဟာ အာရုံကို သိတတ်သောကြောင့် နာမ်အမည် ရတယ်လို့ နာမ်တရားကို ပိုင်းခြားမှတ်သားရမယ်။

### ရုပ်တရား

ဤကဲ့သို့ ခန္ဓာလေးပါး နာမ်တရားကို ပိုင်းခြားမှတ်သားပြီး တဖန် ဒိခန္ဓာလေးပါး နာမ်တရား၏ မှီရာကို ရှာဖွေကြည့်လျှင် ဟဒယဝတ္ထုရုပ်ကို မြင်ရပါလိမ့်မယ်၊အဲဒီ ဟဒယဝတ္ထု ရုပ်ရဲ့ မှီရာဖြစ်တဲ့ မဟာဘုတ်မှီတတ်တဲ့ ဥပါဒါရုပ်တွေကိုလဲ မြင်ရပါလိမ့်မယ်၊ အဲဒီ ဘူတရုပ်၊ ဥပါဒါရုပ်အားလုံး ပင် ရူပက္ခန္ဓာမည်တယ်၊ ဒီ ရူပက္ခန္ဓာဟာ ဖောက်ပြန်တတ်သောကြောင့် ရုပ်အမည်ရတယ်လို့ ရုပ်တရားကို ပိုင်းခြားမှတ်သားရမယ်။

### သစ္စာလေးပါး

ဤကဲ့သို့ ခန္ဓာငါးပါး နာမ်ရုပ်နှစ်ပါးကို ပိုင်းခြားမှတ်သားပြီး တဖန် ဤခန္ဓာငါးပါး နာမ်ရုပ်နှစ်ပါးသည်က စက်ဆုပ်ဖွယ်ချည်း အချည်း နှီးသာ 'ဒုက္ခသစ္စာ' ဆင်းရဲတာ အမှန်ဖြစ်တယ်၊ ဒီဒုက္ခသစ္စာ ဆင်းရဲတာကို ဖြစ်ပွားစေတတ်တဲ့ ရှေးဘဝတဏှာဟာ သမုဒယသစ္စာမည်တယ်၊ ဒီဒုက္ခ သစ္စာ,သမုဒယသစ္စာနှစ်ပါးတို့ ချုပ်ငြိမ်းမြေခြင်း, မဖြစ်ပေါ်ခြင်း, နိဗ္ဗာန် သည်က 'နိရောဓသစ္စာ' ဆင်းရဲချုပ်ငြိမ်းတာ အမှန်ဖြစ်တယ်၊ ဒီ 'နိရောဓ သစ္စာ' နိဗ္ဗာန်သို့ရောက်ကြောင်း မဂ္ဂင်ရှစ်ပါး အကျင့်တရားသည်က 'မဂ္ဂ သစ္စာ'ဆင်းရဲချုပ်ကြောင်း အကျင့်အမှန်သာ ဖြစ်တယ်လို့ သစ္စာလေးပါး ကို အကျဉ်းအားဖြင့် ပိုင်းခြားမှတ်သားရမယ်။

### ကြိုးစားပါ

ဤအကျဉ်းနည်း ပိုင်းခြားမှတ်သား ပွားများခြင်းဖြင့်ပင် ဉာဏ်ရည် သွက်လက် ထက်မြက်တဲ့ ပုဂ္ဂိုလ်ဖြစ်ခဲ့ပါလျှင် မကြာမတင် သောလျှင်စွာ ပင် အရိယာနယ်စခန်းသို့ တက်လှမ်းနိုင်ပါတယ်၊ ဒါကြောင့် ဥပုသ်သီလ နှင့် စပ်ဆက်ပြီး ကမ္မဋ္ဌာန်းအချက်ကိုလဲ မပျက်မကွက် ပွားများအားထုတ် ကြကုန်ရာသတည်း။

### တရားသိမ်း

ကဲ—တရားလဲ ပြီးဆုံးသွားပြီ နိဂုံးအုပ်ကာ အချုပ်ဂါထာကလေးနဲ့ တရားသိမ်းလိုက်ကြစို့ရဲ့။

အင္ဂသိလသံယုတ္တံ၊
သုတ္တန္တံ ဗုဒ္ဓဘာသိတံ။
သက္ကစ္စံ သုဏာမာနာဝ၊
'သာဓု သာဓူ'တိ ဘာသထ။

ဘောန္တော၊ သဒ္ဓမ္မသဝန ဒုလ္လဘာနှင့် ကြုံကြရတဲ့ အို-ဒကာ,ဒကာမတို့။ တုမှေ၊ ကြုံတောင့်ကြုံခဲ တရားပွဲ၌ နာခဲနာရ သင်ဒကာ, ဒကာမတို့သည်။ ဗုဒ္ဓဘာသိတံ၊ဘုရားမြတ်စွာ ရွှေညာဏ်လျှာဖြင့် ဝေကာပိုင်းခြား ဟောကြားတော်မူအပ်သော။ အင္ဂသိလသံယုတ္တံ၊ အင်္ဂါရှစ်ဝ ဥပုသ်သီလနှင့်စပ်ယှဉ်သော။ သုတ္တန္တံ၊ စတုမဟာရာဇသုတ် ဥပုသ်သီလတရားတော်ကို။ သက္ကစ္စံ၊ ဝင့်မှုထွက်ဖွယ် ဒေသနာရယ်လို့ စိတ်ဝယ်မှတ်သား လေးစားရိုသေစွာ။ သုဏာမာနာဝ၊ အားပါးတရ သဘောကျပင် နာကြားကြပြီး၍။ သာဓု သာဓူတိ၊ နိဗ္ဗာန်မဂ်ဖိုလ် ရ၂ါလိုဟု ပတ္တနာပြု သာဓု, သာဓု, သာဓု ဟူ၍။ ဘာသထ၊ သာယာချိုမြ နှုတ်မြွက်ဟ၍ ဆိုလိုက်ကြပါကုန်လော့။

(သာဓု သာဓု သာဓု)

မှတ်ချက်။ ။မဟာဂေါဝိန္ဒသုတ် ဒေဝသဘာဝဏ္ဏနာ၌ လူ့ပြည်မှ ကောင်းမှုကုသိုလ်ပြုသူတို့၏ အမျိုးအမည်စာရင်းကို ရွှေပြားမှာ ရေးသားမှတ်ယူပြီး ပဥ္စသိခနတ်သားလက်သို့၊ ထိုမှတဆင့် မာတလိ၊ ထိုမှတဆင့် သိကြားမင်းလက်သို့ ပေးအပ်သည်ဟု လာ၏၊ ဤ စတုမဟာရာဇသုတ် အဋ္ဌကထာ၌ နတ်မင်းကြီး လေးဦးလက်သို့ ပေးအပ်သည်ဟု လာ၏။

ထို ကောင်းမှုသည်စာရင်းကို သိကြားမင်းက ပြကတော့သော အသံဖြင့် ဘတ်ရာ၌ တဆယ့်နှစ်ယူဇနာတိုင် ကြားရ၍၊ အသံကျယ်ကျယ်ပြု၍ ဘတ်ရာ၌ ယူဇနာတသောင်းကျယ်တဲ့ တာဝတိံသာ နတ်မြို့တခုလုံး ကြားရသည်ဟူ၏။

ဤစတုမဟာရာဇသုတ်၌ နတ်မင်းကြီးလေးဦးက ကောင်းမှုသည် အနည်းအများကို သုဓမ္မာသဘင်၌ တာဝတိံသာနတ်တို့အား ပြောကြားသည်ဟု လာ၏။

ဥပုသ်သီလတရားတော် ပြီး၏။

(စတုက္ကနိပါတ် အင်္ဂုတ္တိုရ်၊ ပုညာဘိသန္ဒဝဂ် ဂိဟိသာမီစိသုတ်)

# သင်္ကန်း, ဆွမ်း, ကျောင်း, ဆေး အနုမောဒနာ တရားတော်

## တရားအချီ

အဂါရိယပ္ပဋိပဒါ၊
ဘိက္ခူနံ ဒေတိ ပစ္စယံ။
တိဗ္ဗိဓံ ဝဟတိ သုခံ၊
သာ သာ ဗုဒ္ဓေဟိ ဝဏ္ဏိတာ။

ယော သပ္ပုရိသော၊ ဘုရားစသား သူမြတ်များတို့ ကျင့်အားဆယ်လီ ပါရမီအစ မြတ်ဒါနကို နေ့ညမယုတ် အားထုတ်ပေတောင်း အကြင် သူတော်ကောင်းသည်။ ဘိက္ခူနံ၊ဘုရားသားကျော် ရဟန်းတော်တို့အား။ ပစ္စယံ၊ သင်္ကန်း, ဆွမ်း, ကျောင်း,ဆေး လေးပါးသောပစ္စည်းကို။ ဒေတိ၊ ကိုယ်တိုင်ကိုယ်ကျ ဖြူဆွသဒ္ဓါ ရှိသေစွာပေ ပေးလှူလေ၏။တဿ၊ ထိုပါရမီ အစ မြတ်ဒါနကို နေ့ညမယုတ် အားထုတ်ပေတောင်း သူတော်ကောင်း၏။ သာ၊ ထိုသဒ္ဓါကြည်ဖြူ ပစ္စည်းလေးပါးကို ပေးလှူခြင်းအကျင့်သည်။ အဂါရိယပ္ပဋိပဒါ၊ အိမ်ရာတည်ထောင် လူ့ဘောင်သူတို့ ပြုမူလျောက် ပတ် ကောင်းမြတ်သော ကျင့်ဝတ်မည်၏။ သာ၊ ထိုအဂါရိယ ပဋိပဒါ လူ့ကျင့်ဝတ်လှာသည်။ တိဗ္ဗိဓံ၊ လူနတ်နိဗ္ဗာန် သုံးတန်အပြားရှိသော။ သုခံ၊ ဣဋ္ဌအရပ်ရပ် ချမ်းသာမြတ်ကို။ ဝဟတိ၊ မပျက်မကွက် ဆက်ဆက် ရအောင် ရွက်ဆောင်နိုင်၏။ သာ၊ ထိုအဂါရိယပဋိပဒါ လူ့ကျင့်ဝတ် လှာကို။ ဗုဒ္ဓေဟိ၊ ဂင်္ဂါသဲစု ပမာပြုမျှ ပွင့်တော်မူသွားကြတဲ့ သုံးလောက သခင် အဆူဆူသော ဘုရားရှင်တို့သည်။ ဝဏ္ဏိတာ၊ ချမ်းသာသုံးရပ် ပို့ဆောင်တတ်သည့် ကျင့်ဝတ်မြတ်ပေမို့ ချီးမွမ်းတော်မူအပ်၏။

ဘုရားသားကျော် ရဟန်းတော်တို့အား သင်္ကန်း, ဆွမ်း, ကျောင်း, ဆေး ပစ္စည်းလေးပါးကိုပေးလှူမှု အကျင့်သည်'အဂါရိယ ပဋိပဒါ'လူ့ကျင့် ဝတ်လှာ မည်ပါသတဲ့။

"အဂါရိယပဋိပဒါ"ဆိုတာ လူ့ကျင့်ဝတ်တရားလို့ အကျဉ်းချုပ်အားဖြင့် မှတ်သားထားရမယ်၊ (အဂါရိယ - အိမ်ရာတည်ထောင် လူ့ဘောင်နေသူတို့၊ ပဋိပဒါ ပြုကျင့်ရသည့် ကျင့်ဝတ်တရား)။

ဒီနေရာမှာ အိမ်ရာမထောင် သာသနာဘောင်မှာနေတဲ့ ရဟန်းသာမဏေတို့အား သင်္ကန်း, ဆွမ်း, ကျောင်း, ဆေး ပစ္စည်းလေးပါးကို ပေးလှူမှုအကျင့်ကို 'အဂါရိယပဋိပဒါ' အိမ်ရာတည်ထောင် လူဘောင်မှာနေတဲ့ လူပုဂ္ဂိုလ်တွေ ပြုကျင့်ရတဲ့ဝတ်တရားလို့ ဟောကြားတော်မူခဲ့တယ်။

ဒီအဂါရိယပဋိပဒါ လူ့ကျင့်ဝတ်တရားဖြင့် လူချမ်းသာကိုလဲရနိုင်တယ်၊ နတ်ချမ်းသာကိုလဲ ရနိုင်တယ်၊နိဗ္ဗာန်ချမ်းသာကိုလဲ ရနိုင်တယ်၊ ဒါ့ကြောင့် ချမ်းသာသုံးပါးကို လိုလားတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးတိုင်းပင် ဒီအဂါရိယပဋိပဒါ လူ့ကျင့်ဝတ်တရားကို ပြည့်စုံအောင် ကြိုးစားရမယ်၊ ဂေါတမဗုဒ္ဓ သခင်မက ပွင့်တော်မူသွားကြတဲ့ သုံးလောကသခင်အဆူဆူသော ဘုရားရှင်တို့လဲ ဒီအဂါရိယပဋိပဒါ လူ့ကျင့်ဝတ်တရားကို ချီးကျူးတော်မူခဲ့ကြတယ်။

## အဂါရိယပဋိပဒါကို သူဌေးအား ဟောကြားခြင်း

အခါတပါး ကျောင်းဒါယကာ အနာထပိဏ် သူဌေးကြီးဟာ မြတ်ဘုရားထံ ချဉ်းကပ်၍ ရိုသေလေးမြတ်စွာ ရှိခိုးပြီးလျှင် သင့်တင့်လျောက်ပတ်တဲ့နေရာမှာ ထိုင်နေသတဲ့၊ ထိုအခါ မြတ်ဘုရားက အနာထပိဏ်သူဌေးအား "အဂါရိယပဋိပဒါ" လူ့ကျင့်ဝတ်တရားကို ဟောကြားတော်မူတယ်။

ဂဟပတိ၊ ကျောင်းဒါယကာသူဌေးကြီး။ စတူဟိ၊ လေးပါးကုန်သော။ ဓမ္မေဟိ၊ ချမ်းသာတိုးပွား လူ့ကျင့်ဝတ်တရားတို့နှင့်။ သမန္နာဂတော၊ စေ့စေ့လောက်လုံ ပြည့်စုံသော။ အရိယသာဝကော၊ ငါဘုရား၏ တပည့်သားသည်။ ယသောပဋိလာဘိနိံ၊ ခြွေရံပေါပေါ အကျော်အစောကို ရစေတတ်သော။ သဂ္ဂသံဝတ္တနိကံ၊ နတ်ပြည်ပဋိသန္ဓေကိုဖြစ်စေတတ်သော။ ဂိဟိသာမီစိပဋိပဒံ၊ အိမ်ရာတည်ထောင် လူ့ဘောင်သူတို့ ပြုမူလျောက်ပတ်ကောင်းမြတ်သော အကျင့်ကို။ ပဋိပန္နော၊ ကျင့်သည်။ ဟောတိ၊ ဖြစ်၏။

စတူဟိ၊ လူ့ကျင့်ဝတ်တရား လေး၂ါးတို့ဟူသည်။ ကတမေဟိ၊ အဘယ်သည်တို့နည်း။ ဂဟပတိ၊ ကျောင်းဒါယကာသူဌေးကြီး။ ဣဓ၊ ဤလူ့ခွင့်ဌာန လူ့လောက၌။ အရိယသာဝကော၊ ငါဘုရား၏တပည့်သားသည်—

သုဓမ္မဝတီ(က)၁၀၀–၃၀

၁။ ဘိက္ခုသံဃ၊ ဘုရားသားကျော် ရဟန်းသံဃာတော်ကို။ စီဝရေန၊ ဝတ်ရုံဆင်မြန်း အဝတ်သင်္ကန်းဖြင့်။ ပစ္စုပဋ္ဌိတော၊ လှူဘို့ရန်ရည် ရှေးရှုတည်သည်။ ဝါ၊ သဒ္ဓါဖွေးဖွေး ဆည်းကပ် လုပ်ကျွေးသည်။ ဟောတိ၊ ဖြစ်၏။

၂။ ဘိက္ခုသံဃ၊ ဘုရားသားကျော် ရဟန်းသံဃာတော်ကို။ ပိဏ္ဍပါတေန၊ စားဘွယ် ခဲဘွယ် သုံးဆောင်ဘွယ်မှန်း မွန်မြတ်သော ဆွမ်းဖြင့်။ ပစ္စုပဋ္ဌိတော၊ လှူဘို့ရန်ရည် ရှေးရှုတည်သည်။ ဝါ၊ သဒ္ဓါဖွေးဖွေး ဆည်းကပ်လုပ်ကျွေးသည်။ ဟောတိ၊ ဖြစ်၏။

၃။ ဘိက္ခုသံဃ၊ ဘုရားသားကျော် ရဟန်းသံဃာတော်ကို။ သေနာသနေန၊ ဥတုခိုအောင်း အိပ်ရာနေရာကျောင်းဖြင့်။ ပစ္စုပဋ္ဌိတော၊ လှူဘို့ရန်ရည် ရှေးရှုတည်သည်။ ဝါ၊ သဒ္ဓါဖွေးဖွေး ဆည်းကပ် လုပ်ကျွေးသည်။ ဟောတိ၊ ဖြစ်၏။

၄။ ဘိက္ခုသံဃ၊ ဘုရားသားကျော် ရဟန်းသံဃာတော်ကို။ ဂိလာနပ္ပစ္စယဘေသဇ္ဇပရိက္ခာရေန၊ သူနာ၏ အနာရောဂါ၏ ဆန့်ကျင်ဘက် အသက်၏အရံအကာ တန်ဆာအဆောက်အဦး ဖြစ်သော ဆေးဖြင့်။ ပစ္စုပဋ္ဌိတော၊ လှူဘို့ရန်ရည် ရှေးရှုတည်သည်။ ဝါ၊ သဒ္ဓါဖွေးဖွေး ဆည်းကပ်လုပ်ကျွေးသည်၊ ဟောတိ၊ ဖြစ်၏။

ဂဟပတိ၊ ကျောင်းဒါယကာသူဌေးကြီး။ စတူဟိ၊ လေးပါးကုန်သော။ ဣမေဟိ ဓမ္မေဟိ၊ ဤချမ်းသာတိုးပွား လူ့ကျင့်ဝတ်တရားတို့နှင့်။ သမန္နာဂတော၊ စေ့ငလောက်လုံ ပြည့်စုံသော။ အရိယသာဝကော၊ ငါဘုရား၏ တပည့်သားသည်။ ယသောပဋိလာဘိနိံ၊ အခြံအရံ အကျော်အစောကို ရစေတတ်သော။ သဂ္ဂသံဝတ္တနိကံ၊ နတ်ပြည်ပဋိသန္ဓေကိုဖြစ်စေတတ်သော။ ဂိဟိသာမိစိပဋိပဒံ၊ အိမ်ရာတည်ထောင် လူ့ဘောင်သူတို့ ပြုမှုလျောက်ပတ် ကောင်းမြတ်သော အကျင့်ကို။ ပဋိပန္နော၊ ကျင့်သည်။ ဟောတိ၊ ဖြစ်၏။

ထိုမှတဖန် ဂါထာအားဖြင့်လဲ ဟောတော်မူပြန်တယ်—

၁။ ဂိဟိသာမီစိပဋိပဒံ၊
ပဋိပဇ္ဇန္တိ ပဏ္ဍိတာ။
သမ္မဂ္ဂတေ သီလဝန္တေ၊
စီဝရေန ဥပဋ္ဌိတာ။
ပိဏ္ဍပါတသယနေန၊
ဂိလာနပစ္စယေန စ။

၂။ တေသံ ဒိဝါ စ ရတ္တော စ၊
သဒါ ပုညံ ပဝဍ္ဎတိ။
သဂ္ဂဉ္စ ကမတိဋ္ဌာနံ၊
ကမ္မံ ကတွာန ဘဒ္ဒကံ။

၁။ ပဏ္ဍိတာ၊ အဂါရိယပဋိပဒါ အကျိုးလွှာမြင် ပညာရှင်တို့သည်။ သမ္မဂ္ဂတေ၊ ကာယ, စိတ္တ ညီမျှသည်၏အဖြစ်သို့ ရောက်ကုန်သော။ သီလဝန္တေ၊ ကိုယ်နှုတ်စောင့်စည်းသီလတည်းဟူသော အကျင့်ရှိကုန်သောအလှူခံရဟန်းတို့ကို။ စီဝရေန စ၊ ဝတ်ရုံဆင်မြန်း အဝတ်သင်္ကန်း ဖြင့်လည်းကောင်း။ ပိဏ္ဍပါတသယနေန စ၊ ဘုဉ်းပေးရန်မှန်း ဘောဇဉ်ဆွမ်းနှင့် တခန်းခိုအောင်း အိပ်ရာနေရာကျောင်းဖြင့် လည်းကောင်း။ ဂိလာနပစ္စယေန စ၊ ဖျားနာမကျန်း ဂိလာနရဟန်းတို့အား ဆေးဝါးပစ္စည်းဖြင့် လည်းကောင်း။ ဥပဋ္ဌိတာ၊ ရှေးရှုတည်ကာ လှူဒါန်းလုပ်ကျွေးပါကုန်သည် ဖြစ်၍။ဂိဟိသာမီစိပဋိပဒံ၊အိမ်ရာတည်ထောင်လူ့ဘောင်သူတို့ပြုမှုလျောက်ပတ် အကျင့်မြတ်ကို။ ပဋိပဇ္ဇန္တိ၊ မချွတ်မလင့် ဖြည့်ကျင့်ကြကုန်၏။

၂။ တေသံ၊ ထိုသီလမခန်း မြတ်ရဟန်းတို့အား သင်္ကန်း, ဆွမ်း, ကျောင်း, ဆေး ပစ္စည်းလေးပါးဖြင့် လုပ်ကျွေးသောသူတို့အား။ ဒိဝါ စ၊ နေ့အခါ၌လည်းကောင်း။ ရတ္တော စ၊ ညဉ့်အခါ၌လည်းကောင်း။ သဒါ၊ နေ့ရောညဉ့်ပါ အခါခပ်သိမ်း။ ပုညံ၊ ဖြူစင်မြင့်မြတ် ဘဝဇာတ်ကို ဖြစ်တတ်စေကြောင်း ကုသိုလ်ကောင်းသည်။ ပဝဍ္ဎတိ၊ ပရိစ္စာဂ, အနုဿရဏာ ဤနှစ်ဖြာဖြင့် လွန်စွာများပြား တိုးပွားလေတော့၏။ သော ပုဂ္ဂလော၊ ထိုကိုယ်နှုတ်ကြည်လင် သီလပန်ဟု ဂုဏ်မွန်ပွင့်လန်း မြတ်ရဟန်းတို့အား သင်္ကန်း, ဆွမ်း, ကျောင်း, ဆေး ပစ္စည်းလေးပါးကို ပေးလှူသော ပုဂ္ဂိုလ်သည်။ ဘဒ္ဒကံ၊ သင့်လျော်လျောက်ပတ် ကောင်းမြတ်သော။ ကမ္မံ၊

သက်နိုး, ဆွမ်း, ကျောင်း, ဆေး ပစ္စည်းလေးပါးကို ပေးလှူခြင်းကောင်းမှုကံကို။ ကတ္တာနှ၊ အားရပါးရ သဘောကျပင် ပြုကြပြီး၍။ သဂ္ဂ၊ ငါးဝ အာရုံ ကာမဂုဏ်တို့ဖြင့် ပြည့်စုံလွန်မြတ်သော။ ဌာန်၊ ချမ်းသာများရာ နတ်တို့ရွာသို့။ ကမတိ၊ ရှင်လန်းဝမ်းမြောက် ကပ်ရောက်ရ၏။

**အဂါရိယပဋိပဒါ ဖြည့်ကျင့်ပါ**

ဤကဲ့သို့ အဂါရိယပဋိပဒါ လူ့ကျင့်ဝတ်တရားနှင့် အကျိုးများကို အနာထပိဏ်သူဌေးအား ဘုရားဟောကြားတော်မူခဲ့ခြင်းကြောင့် ဘုရားအဆုံးအမကို လိုက်နာပြုကျင့်ကြတဲ့ အမျိုးသား အမျိုးသမီးတိုင်းပင် ဘုရားသားကျော် ရဟန်းသံဃာတော်တို့အား—

၁။ သင်္ကန်းကို ပေးလှူခြင်း
၂။ ဆွမ်းကို ပေးလှူခြင်း
၃။ ကျောင်းကို ပေးလှူခြင်း
၄။ ဆေးကို ပေးလှူခြင်း

ဆိုတဲ့ လူ့ကျင့်ဝတ် လေးပါးကို ပြည့်စုံအောင် ကြိုးစားကြရမယ်။

**အဂါရိယပဋိပဒါ အကျိုးလွှာ**

ဒီ သင်္ကန်း,ဆွမ်း, ကျောင်း,ဆေး ပစ္စည်းလေးပါးကို ပေးလှူခြင်းဆိုတဲ့ လူ့ကျင့်ဝတ်တရားကို ပြည့်စုံအောင် ကြိုးစားကြတဲ့ အမျိုးသား အမျိုးသမီးတို့အား—

၁။ လူရှင်အပေါင်းတို့ ချစ်မြတ်နိုးခြင်း
၂။ သူတော်ကောင်းတွေ ချဉ်းကပ်ခြင်း
၃။ ကောင်းသောသတင်း ကျော်စောခြင်း
၄။ ရဲရဲတင်းတင်း ပရိသတ်သို့ ချဉ်းကပ်ရခြင်း
၅။ သေခါ နတ်ပြည်လားရခြင်း

ဆိုတဲ့ ဒါနရဲ့ မျက်မှောက်တမလွန် လောကီအကျိုးငါးပါးကို ကိုယ်စီကိုယ်င ရကြပါလိမ့်မယ်၊ ၎င်းပြင် ယနေ့ပြုရ ဝိဝဋ္ဋနိဿိတဒါန အဂါရိယပဋိပဒါဖြင့်ပင် အဆုံးဘဝမှာ မိမိတို့လိုလားတောင့်တထားတဲ့ ဗောဓိဉာဏ်မြတ်ကို ရပြီး ဘဝလက်စသိမ်းကာ အေးကိန်းဆိုက်ကြရပါလိမ့်မယ်။

### ပေးလှူသူ တရားကိုယ်

ဒီကနေ့ ဒါနပွဲကြီးမှာ အလှူပေးသူ ဘယ်သူလဲ၊ မိန်းမလား၊ ယောကျ်ားလား၊ လူလား၊ နတ်လား၊ ဗြဟ္မာလား ပေးလှူသူကို မေးပါလျှင် ပညတ်အနေနှင့် မည်သူမည်ဝါ နာမည်တွေ ပြောပြပြီး ဖြေဆိုကြမှာဘဲ၊ ပရမတ္ထသဘာဝအားဖြင့်တော့ မိန်းမ၊ယောကျ်ား လူ၊နတ်၊ဗြဟ္မာ သတ္တဝါရယ်လို့ ဘယ်တစုံတယောက်မျှ မရှိဘူး၊ ရုပ်နှင့်နာမ်မျှ ဤလောကဝယ် ဆက်သွယ်ကြောင်းကျိုး ဖြစ်ပျက်ရိုးပင် ဖြစ်လေရကား ပေးလှူသူမှာ အလှူ့ဒကာ အလှူ့အမတွေရဲ့ သန္တာန်မှာဖြစ်တဲ့ ဒါနစေတနာပြဋ္ဌာန်းတဲ့ မဟာကုသိုလ်စိတ္တုပ္ပါဒ်ပင် ဖြစ်တယ်လို့ မှတ်ရမတ်။

### နာမ်တရား

ခန္ဓာအားဖြင့် ရှုလျှင် မဟာကုသိုလ်စိတ်က ဝိညာဏက္ခန္ဓာ၊ ဒိဝိညာဏက္ခန္ဓာနှင့် သဟဇာတ သမ္ပယုတ္တဖြစ်တဲ့ ဝေဒနာက ဝေဒနာက္ခန္ဓာ၊ သညာက သညာက္ခန္ဓာ၊ ဖဿ၊ စေတနာ စသည်တို့ကား သင်္ခါရက္ခန္ဓာ၊ ဒီခန္ဓာလေးပါးဟာ အာရုံကို သိတတ်သောကြောင့် နာမ်အမည်ရတယ်လို့ နာမ်တရားကို ပိုင်းခြားမှတ်သားရမယ်။

### ရုပ်တရား

ဤကဲ့သို့ ခန္ဓာလေးပါး နာမ်တရားကို ပိုင်းခြားမှတ်သားပြီး တဖန် ဒီ ခန္ဓာလေးပါး နာမ်တရားရဲ့ မှီရာကို ရှာဖွေကြည့်လျှင် ဟဒယဝတ္ထုရုပ်ကို မြင်ပါလိမ့်မယ်၊ အဲဒီ ဟဒယဝတ္ထုရုပ်ရဲ့ မှီရာဖြစ်တဲ့ မဟာဘုတ်၊ မှီတတ်တဲ့ ဥပါဒါရုပ်တွေကိုလဲ မြင်ပါလိမ့်မယ်၊ ဒီ ဘူတရုပ်၊ ဥပါဒါရုပ် အားလုံးပင် ရူပက္ခန္ဓာမည်တယ်၊ ဒီ ရူပက္ခန္ဓာဟာ ဖောက်ပြန်တတ်သောကြောင့် ရုပ်အမည်ရတယ်လို့ ရုပ်တရားကို ပိုင်းခြားမှတ်သားရမယ်။

### သစ္စာလေးပါး

ဤကဲ့သို့ ခန္ဓာငါးပါး နာမ်ရုပ်နှစ်ပါးကို ပိုင်းခြားမှတ်သားပြီး တဖန်-

ဤခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးသည်က 'မုချ ဒုက္ခသစ္စာ' ဆင်းရဲတာ အမှန်ပါ၊

ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးကို အမှန်အစဖြစ်ပွားစေတတ်တဲ့ ရှေးဘဝတဏှာသည်က 'သမုဒယသစ္စာ' ဆင်းရဲတာကို ဖြစ်စေတာ အမှန်ပါ။

တဏှာကို မဂ်ဉာဏ်ဖြင့် အကြွင်းမဲ့ ပယ်ဖြတ်လိုက်လို့ ခန္ဓာငါးပါး နာမ်ရုပ်နှစ်ပါးတို့ ဘဝလက်စသတ်ပြီး ပြတ်သွားခြင်း, နောက်ထပ်တခါ သတ္တဝါရယ်လို့ ခေါ်စရာ ရုပ်နာမ်ခန္ဓာ မဖြစ်ပေါ်လာခြင်း နိဗ္ဗာန်သည်က 'နိရောဓသစ္စာ' ဆင်းရဲချုပ်ငြိမ်းတာ အမှန်ပါ။

ဒီ နိရောဓသစ္စာခေါ်တဲ့ နိဗ္ဗာန်ကို ထိုးထွင်းသိမြင်တဲ့ မဂ္ဂင်ရှစ်ပါး အကျင့်တရားသည်က'မဂ္ဂသစ္စာ'ဆင်းရဲချုပ်ငြိမ်းကြောင်း အကျင့်အမှန်ပါ၊ လို့ သစ္စာလေးပါးကို ပိုင်းခြားမှတ်သားရမယ်။

**ကြိုးစားပါ**

ဤအကျဉ်းနည်းပိုင်းခြားမှတ်သားပွားများခြင်းများဖြင့်ပင် ဉာဏ်ရည် သွက်လက် ထက်မြက်တဲ့ ပုဂ္ဂိုလ်ဖြစ်ခဲ့ပါလျှင် မကြာမတင် သောတာပန်စွာ ပင် အရိယာနယ်စခန်းသို့ တက်လှမ်းနိုင်ပါတယ်၊ ဒါ့ကြောင့် ဒါနနှင့် စပ်ဆက်ပြီး ကမ္မဋ္ဌာန်းအချက်ကိုလဲ မပျက်မကွက် ပွားများအားထုတ်ကြ ကုန်ရာသတည်း။

**တရားသိမ်း**

ကဲ–တရားလဲ ပြီးဆုံးသွားပြီ၊ နိဂုံးအုပ်ကာ အချုပ်ဂါထာကလေးနှင့် တရားသိမ်းကြစို့ရှဲ။

ဒေသိတံ လောကနာထေန၊ သုတွာ ပစ္စယဒေသနံ။
အဘိနန္ဒနစိတ္တေန၊ 'သာဓု သာဓူ'တိ ဘာသထ။

ဘောန္တော၊ တရားနာနေကြတဲ့ အို-ဒကာ,ဒကာမတို့။ ဘုမ္မေ၊ သင်တို့သည်။ လောကနာထေန၊ သတ္တလောက၏ အားထားမှီတွယ် ကိုးကွယ်ရာ အစစ် ဖြစ်တော်မူသော ဘုရားရှင်သည်။ ဒေသိတံ၊ဝေနေယျများ ချမ်းသာ ပွားဘို့ ဟောကြားတော်မူအပ်သော။ ပစ္စယဒေသနံ၊ ဆွမ်း, သင်္ကန်း, ကျောင်း,ဆေး ပစ္စည်းလေးဖြာ အနုမောဒနာ ဒေသနာတော်ကို။ သုတွာ၊ မှတ်မှတ်သားသား သဒ္ဓါဟရားဖြင့် နာကြားပြီး၍။ အဘိနန္ဒနစိတ္တေန၊ ရွှင်လန်းအားတက် အလွန်နှစ်သက်သောစိတ်ဖြင့်။ သာဓု သာဓူတိ၊ သာဓု, သာဓု, သာဓု ဟူ၍။ ဘာသထ၊ သုံးကြိမ်သုံးဝ နှုတ်မြွက်ဟ၍ ဆိုလိုက်ကြ ကုန်လော့။

(သာဓု သာဓု သာဓု)

သင်္ကန်း,ဆွမ်း,ကျောင်း,ဆေး အနုမောဒနာ တရားတော် ပြီး၏။

(ပဋ္ဌာန်းပါတ် အဂုံတ္တိုရ် သုမနဝဂ် သုမနသုတ်)

# ဒါနတရားတော်

## တရားအချီ

### စေတနာ ဒါန

"ဒီယတိ ဧတေနာတိ ဒါနံ"

ဧတေန၊ ထိုစေတနာဖြင့်။ ဒေယျဓမ္မော၊ လှူဘွယ်ဝတ္ထုကို။ ဒီယတိ၊ ပေးလှူအပ်၏။ ဣတိ၊ ထို့ကြောင့်၊ ဧတေနာတိ ပဒေန၊ ဧတေနဟူသော ပုဒ်ဖြင့်။ နိဒ္ဒိဋ္ဌံ၊ ညွှန်ပြအပ်သော။ တံ၊ ထိုစေတနာသည်၊ ဒါနံ၊ ဒါနမည်၏။

လှူဘွယ်ဝတ္ထုကို ပေးလှူကြောင်းဖြစ်တဲ့ 'စေတနာ' ကို ဒါနလို့ ဆိုတယ်။

### စေတနာသုံးတန်

အဲဒီ စေတနာကလဲ—

၁။ ပုဗ္ဗစေတနာ

၂။ မုဉ္စစေတနာ

၃။ အပရစေတနာ

လို့ သုံးမျိုးရှိတယ်။

### ပုဗ္ဗစေတနာ

အလှူပေးတော့မယ်လို့ ကြံစည်စိတ်ကူး အလှူ၏ အဆောက်အဦးတွေကို ရှာဖွေဆည်းပူးရာ အခါမှစပြီး မုဉ္စစေတနာ၏ ရှေးအဘို့တိုင်အောင် ပေးလှူမည့် ဒါနကို အာရုံပြုပြီး ဖြစ်ပေါ်လာတဲ့ စေတနာတွေကို "ပုဗ္ဗစေတနာ" လို့ ဆိုတယ်။

### မုဉ္စစေတနာ

လှူဘွယ်ဝတ္ထုတွေကို အလှူခံပုဂ္ဂိုလ်တွေရဲ့ လက်ရောက် ပေးလှူနေဆဲ အချိန်အခါမှာ ဖြစ်ပေါ်လာတဲ့စေတနာတွေကို "မုဉ္စစေတနာ" လို့ဆိုတယ်။

## အပရစေတနာ

လှူဘွယ်ဝတ္ထုတွေကို အလှူခံပုဂ္ဂိုလ်တွေရဲ့ လက်ရောက် ပေးလှူပြီး အလှူကြီး ပြီးဆုံးချိန်မှစပြီ သေဆုံးသည့်တိုင်အောင် ကိုယ်ပြုခဲ့တဲ့ ဒါနကို အာရုံပြုပြီး ဝမ်းမြောက်တဲ့ အခါမှာ ဖြစ်ပေါ်လာတဲ့ စေတနာတွေကို "အပရစေတနာ"လို့ ဆိုတယ်။

## မုချဒါန

ဒီ စေတနာသုံးတန်တွင် "မုဥ္စစေတနာ" ဟာ မုချအားဖြင့် ဒါနမည်တယ်။

## ဥပစာဒါန

ပုဗ္ဗစေတနာ, အပရစေတနာတို့ဟာ 'သမီပူပစာရ' အားဖြင့် ဒါနမည်တယ်။

## ဒါနအပြား

ဒီ ဒါနကလဲ—

၁- ဟီနဒါန, ၂- မဇ္ဈိမဒါန, ၃- ပဏီတဒါန လို့ သုံးမျိုးပြားတယ်။

၁။ ယုတ်ညံ့တဲ့ အလို, စိတ်, လုံ့လ, ပညာတို့ဖြင့် ပေးလှူတဲ့ ဒါနကို 'ဟီနဒါန'လို့ ဆိုတယ်။

၂။ အလယ်အလတ်ဖြစ်တဲ့ အလို, စိတ်, လုံ့လ, ပညာတို့ဖြင့် ပေးလှူတဲ့ ဒါနကို 'မဇ္ဈိမဒါန'လို့ ဆိုတယ်။

၃။ မြင့်မြတ်တဲ့ အလို, စိတ်, လုံ့လ, ပညာတို့ဖြင့် ပေးလှူတဲ့ ဒါနကို 'ပဏီတဒါန'လို့ ဆိုတယ်။

## တနည်း

၁။ အခြံအရံ အကျော် အစောကို လိုလား တောင့်တပြီး ပေးလှူတဲ့ ဒါနကို 'ဟီနဒါန'လို့ ဆိုတယ်။

၂။ လောကီကောင်းကျိုးကို လိုလားတောင့်တပြီး ပေးလှူတဲ့ ဒါနကို 'မဇ္ဈိမဒါန'လို့ ဆိုတယ်။

၃။ ဒါနဆိုတာ မှန်မြတ်တဲ့ ပါရမီအလုပ်တခုဘဲလို့ စိတ်ထားမျိုးဖြင့် ပေးလှူတဲ့ဒါနကို 'ပဏီတဒါန'လို့ ဆိုတယ်။

တနည်း

၁။ ငါသာလျှင် လှူနိုင်တယ်၊ တပါးသူတွေ ငါလို မလှူနိုင်ဘူးလို့ မိမိ ကိုယ်ကို ချီးမြှောက်ပလွှား, သူတပါးကို ရှုတ်ချကဲ့ရဲ့ခြင်း စသည်ဖြင့် ညစ်နွမ်းတဲ့ဒါနကို 'ဟီနဒါန'လို့ ဆိုတယ်။

၂။ အတ္တုက္ကံသန, ပရဝမ္ဘန စသည်ဖြင့် ညစ်နွမ်းမှု မရှိသော်လဲ လောကီချမ်းသာကို လိုလား တောင့်တပြီး ပေးလှူတဲ့ ဒါနကို 'မဇ္ဈိမဒါန'လို့ ဆိုတယ်။

၃။ လောကုတ္တရာချမ်းသာကို လိုလားတောင့်တပြီး ပေးလှူတဲ့ ဒါနကို 'ပဏီတဒါန'လို့ ဆိုတယ်။

တနည်း

၁။ ဘဝသမ္ပတ္တိ, ဘောဂသမ္ပတ္တိတို့ကို လိုလားတောင့်တပြီး ပေးလှူတဲ့ ဒါနကို 'ဟီနဒါန'လို့ ဆိုတယ်။

၂။ သာဝကဗောဓိဉာဏ်, ပစ္စေကဗောဓိဉာဏ် အကျိုးငှါ ပေးလှူတဲ့ ဒါနကို 'မဇ္ဈိမဒါန'လို့ ဆိုတယ်။

၃။ သမ္မာသမ္ဗောဓိဉာဏ် အကျိုးငှါ ပေးလှူတဲ့ဒါနကို 'ပဏီတဒါန'လို့ ဆိုတယ်။

ဒါနမပြုက နိဗ္ဗာန်မရ

ဒီ ဒါနကို မပစ်ပယ်ရဘူး၊ အသိဉာဏ်ရှိသူတိုင်း ဒါနပြုထိုက်တယ်၊ ဘာကြောင့်လဲ ? ဒါနပါမှ ဖြစ်လေရာဘဝမှာ ပစ္စည်းဥစ္စာတွေ ကြွယ်ဝ ချမ်းသာပြီး အထက်တန်းကျကျ,မျက်နှာပန်းလှလှနှင့် ပျော်ပါးမော်ကြွား နိုင်မယ်၊ ဒါနမပါက ဖြစ်လေရာဘဝမှာ ဆင်းရဲနွမ်းလျ အောက်ကျ နောက်ကျ ဘဝတွေနှင့်သာ ကြုံရမယ်၊ ဒါတင်မကသေးဘူး၊ ဒါနမပါ လျှင် နိဗ္ဗာန်ချမ်းသာကြီး ကိုပင် မရနိုင်ဘူး၊ ပါရမီဆယ်ပါးမှာ 'ဒါန ပါရမီ'ဟာ အစဦးလာတယ်၊ ပါရမီဆယ်ပါးနှင့် လွတ်ပြီး နိဗ္ဗာန်ရသူ ရယ်လို့ မရှိဘူး။

သာဝကဗောဓိ, ပစ္စေကဗောဓိ, သမ္မာသမ္ဗောဓိ ဆိုတဲ့ ဗောဓိလောင်း သုံးပါးလုံးပင် ပါရမီဆယ်ပါးကိုချည်းဖြည့်ကျင့်ရတယ်၊ ပါရမီဆယ်ပါးကို အယုတ်အလတ်အမြတ် ဖြည့်ကျင့်ပြီး ပါရမီပြည့်မှ နိဗ္ဗာန်ချမ်းသာကိုရကြ တယ်၊ မပေးလှူဘဲနေလျှင် ဒါနပါရမီကို မဖြည့်လျှင် ပါရမီဆယ်ပါး မပြည့်ခြင်းကြောင့် နိဗ္ဗာန်မရဘဲ သံသရာထဲ တဝဲလယ်လယ် ဒုက္ခသည်ဘဝ နှင့် ဝဋ္ဋဒုက္ခကို အမြဲတမ်းရင်ဆိုင်နေရမယ်။

## နိဗ္ဗာန်လိုချင် ဒါနပင်ပြု

ဘဝတိုင်း ဘဝတိုင်း အောက်ကျနောက်ကျ ဆင်းရဲမွဲတေတဲ့ ဘဝမျိုး တွေနှင့် မကြုံလိုလျှင်, ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာလိုလျှင်, ဝဋ္ဋဒုက္ခမှ မြန်မြန်လွတ်လိုလျှင်, နိဗ္ဗာန်ကို မြန်မြန်ရလိုလျှင် လှူပါ, တမ်းပါ, ပေးပါ, ကမ်းပါ၊ ဒါနကို များများပြုပါ၊ ဒါနပါရမီကို ပြည့်အောင်ဖြည့်ပါ။

## သုမေဓာ တရားရှာပုံ

ဂေါတမဘုရားရှင်လဲ ဗျာဒိတ်တော် အစဆုံးရတဲ့ သုမေဓာ ရှင်ရသေ့ ဘဝတုန်းက ဘုရားဖြစ်အောင်ကျင့်ကိုရာ အကျင့်တရားများကို ဒိသာ ဆယ်ရပ် ဓမ္မဓာတ်မှာ လှည့်ပတ်ပြီး ရှာဖွေသတဲ့။

ဗုဒ္ဓဝင်ပါဠိတော်မှာ—

> ဟန္ဒ ဗုဒ္ဓကရေ ဓမ္မေ၊ ဝိစိနာမိ ဣတော စိတော။
> ဥဒ္ဓံ အဓော ဒသ ဒိသာ၊ ယာဝတာ ဓမ္မဓာတုယာ။

လို့ ဟောတော်မူတယ်။

အဟံ၊ သုမေဓာခေါ် ငါရသေ့ကျော်သည်။ ဟန္ဒ-ဧကံသေန၊ မချွတ် ဧကန် အမှန်စင်စစ်အားဖြင့်။ ဗုဒ္ဓကရေ၊ ဟရားမင်းစစ် ဘုရားအဖြစ်ကို ပြုတတ်ကုန်သော။ ဓမ္မေ၊ ပါရမီဆယ်ပါး အကျင့်တရားတို့ကို။ ဣတော စိတော၊ ဤမှထိုမှလည်း။ ဝိစိနာမိ၊ ရှာဖွေထောက်လှမ်း စူးစမ်းအံ့။ ဥဒ္ဓံ၊ အဇဋ္ဌာခွင် မိုဃ်းကောင်းကင်မှတ် အထက်အရပ်လည်းကောင်း။ အဓော၊ မြေမှစ,မှတ် အောက်အရပ်လည်းကောင်း။ တိရိယံ၊ဝန်းကျင်ဖီလာ ရှစ်မျက် နှာအရပ်လည်းကောင်း။ ဣတိ၊ ဤသို့။ ယာဝတာ၊ ပိုင်းခြားရေကောက် အကြွင်းမျှလောက်ကုန်သော။ ဒသဒိသာ၊ ထက်အောက်ဖီလာ အရပ်ဆယ် မျက်နှာတို့သည်။ သန္တိ၊ အကယ်တိတိ ထင်စွာရှိကုန်၏။ တာသု ဒိသာသု၊

ထိုထက်အောက်ဖလာ အရပ်ဆယ်မျက်နှာတို့၌။ သန္တိယာ၊ သဘောအား ဖြင့် ထင်ရှားရှိသော။ ဓမ္မဓာတုယာ၊ ကြွင်းမဲ့ချက်ကုန် သဘောဖုံမှတ် ဓမ္မဓာတ်၌။ ဗုဒ္ဓကရေ၊ တရားမင်းစစ် ဘုရားအဖြစ်ကို ပြုတတ်ကုန်သော။ ဓမ္မေ၊ ပါရမီဆယ်ပါး အကျင့်တရားတို့ကို။ ဝိစိနာမိ၊ ရှာဖွေတောက်လျှမ်း စူးစမ်းအံ့။

ဒါန ပါရမီကို မြင်ပုံ

ဤကဲ့သို့ ဘုရားအဖြစ်ရောက်အောင် ကျင့်ဘို့ရာ အကျင့်တရားများကို ရှာဖွေတဲ့အခါ ရှေးရှေးနောင်တော်ဘို့ နောင်တော်တို့ သွားရာအကျင့်လမ်း ကြောင်းဖြစ်တဲ့ ပါရမီဆယ်ပါး အကျင့်တရားတွင် အစဦးဖြစ်တဲ့ ဒါန ပါရမီကြီးကို မြင်တော်မူသတဲ့။

ဗုဒ္ဓဝင်ပါဠိတော်မှာ—

ဝိစိနန္တော တဒါ ဒက္ခိံ၊ ပဌမံ ဒါနပါရမိံ။

ပုဗ္ဗကေဟိ မဟေသီဟိ၊ အနုစိဏ္ဏံ မဟာပထံ။

လို့ ဟောတော်မူတယ်။

သာရိပုတ္တ၊ ချစ်သားသာရိပုတြာ။ တဒါ၊ ထက်ဝယ်ဖွဲ့မွေ ထိုင်နေလေ ရာ ထိုအခါ၌။ ဗုဒ္ဓကရေ၊ တရားမင်းစစ် ဘုရားအဖြစ်ကို ပြုတတ်ကုန်သော။ ဓမ္မေ၊ ပါရမီဆယ်ပါး အကျင့်တရားတို့ကို။ ဝိစိနန္တော၊ မြှော်မှန်းထောက် လှမ်း စူးစမ်းရှာဖွေသော။ အဟံ၊ သင်တို့ဆရာ ငါဘုရားသည်။ ပုဗ္ဗကေဟိ၊ ရှည်ကြာလွန်ဝေး ရှေး၌ဖြစ်ကုန်သော။ မဟေသီဟိ၊ သီလက္ခန္ဓ စသည် ကျေးဇူး ဂုဏ်အထူးကို ဆည်းပူးရှာမှီးလေ့ရှိကုန်သော ဘုရားလောင်းတို့ သည်။ အနုစိဏ္ဏံ၊ လေ့ကျက်မပြတ် မှီဝဲအပ်သော။ မဟာပထံ၊ နိဗ္ဗာန်ခရီး လမ်းမကြီးသဖွယ် ဖြစ်သော။ ဒသသုပါရမီသု၊ အကျင့်တရား ပါရမီ ဆယ်ပါးတို့တွင်။ ပဌမံ၊ အမှန်အစ ရှေးဦးကျသော။ ဒါနပါရမိံ၊ ပေးလှူ စွန့်ချ ဒါနပါရမီကို။ အဒက္ခိံ၊ ဉာဏ်စက္ခုဖြင့် ရှုမြင်ရပြီ။

ဒါနပြုရန် မိမိကိုယ်ကို ဆုံးမခြင်း

ဤကဲ့သို့ ဘုရားအဖြစ် ရောက်အောင် ကျင့်ဘို့ရာ ဒါနပါရမီကြီးကို မြင်တော်မူ၍ သုမေဓာပညာရှိဟာ သူ့ကိုယ်သူပြန်ပြီး—

"အသင် သုမေဓာပညာရှိ.... သင်ဟာ ဘုရားဖြစ်လိုပါလျှင် လှူပါ, တမ်းပါ, ပေးပါ, ကမ်းပါ၊ ဒါနပါရမီကြီးကို ပြည့်အောင် ဖြည့်ပါ"လို့ ဆုံးမသတဲ့။

ဗုဒ္ဓဝင် ပါဠိတော်မှာ—

ဣမံ တွံ ပဌမံ တာဝ၊ ဒဠှံ ကတွာ သမာဒိယ။
ဒါနပါရမိတံ ဂစ္ဆ၊ ယဒိ ဗောဓိံ ပတ္တုမိစ္ဆသိ။

လို့ ဟောတော်မူတယ်။

သာရိပုတ္တ၊ ချစ်သားသာရိပုတြာ။ အဟံ၊ သင်တို့ဆရာ ငါဘုရားသည်။ ဗုဒ္ဓကရေ၊ တရားမင်းစစ် ဘုရားအဖြစ်ကိုပြုတတ်ကုန်သော။ ဓမ္မေ၊ ပါရမီ ဆယ်ပါး အကျင့်တရားတို့ကို။ ဝိစိနန္တော၊ မြော်မှန်းထောက်လှမ်း စူးစမ်း ရှာဖွေသည်ရှိသော်။ ပဌမံ၊ အမှန်အစ ရှေးဦးကျသော။ ဒါနပါရမိံ၊ ပေးလှူစွန့်ချ ဒါနပါရမီကို။ ဒိသွာ၊ ပညာစက္ခုဖြင့် ရှုမြင်ရပြီး၍။ သုမေဓ ပဏ္ဍိတ၊ ဘုရားမျိုးကို စိုက်ပျိုးအစ ဗျာဒိတ်ရသည့် ကုံ့ပညာ အမောင် သုမေဓာ။ တွံ၊ သင်သည်။ ဗောဓိံ၊ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်တော်သို့။ ပတ္တုံ၊ စင်စစ်မဖောက် ရောက်ရခြင်းငှါ၊ ယဒိ ဣစ္ဆသိ၊ အကယ်၍မူ အလိုရှိသည်ဖြစ်အံ့။ ဧဝံသတိ၊ ဤသို့ ဗောဓိဉာဏ်မြတ် အလိုရှိသတ်သော်။ တွံ၊ ဘုရားလောင်းလျာ သင် သုမေဓာသည်။ ပဌမံ၊ ပါရမီ ဆယ်ဖြာ တွင် ရှေးဦးစွာသော။ ဣမံ၊ ဤ ပေးလှူစွန့်ချ ဒါနပါရမီကို။ တာဝ အတိဝိယ၊ အတိုင်းထက်အလွန်လျှင်။ ဒဠှံ၊ စိတ်ဇွဲသန်သန် မြဲမြံစွာ။ ကတွာ၊ ပြု၍။ သမာဒိယ၊ ကောင်းစွာ ဆောက်တည်၍။ ဒါနပါရမိတံ၊ ပေးလှူစွန့်ချ ဒါနပါရမီကို။ ဂစ္ဆ-ပူရေဟိ၊ မပြည့်ပြည့်အောင် ဖြည့်ပါလေလော့။ ဣတိ၊ ဤသို့၊ အတ္တာနံ၊ အတ္တဘောခေါ်ဆို မိမိကိုယ်ကို။ ဩဝဒိံ၊ သွန်သင်ပြသ နည်းလမ်းကျအောင် ဆုံးမပြီ။

## ချမ်းသာလိုချင် ဒါနပင်ပြု

ဤကဲ့သို့ဒါနဟာ ဘုရားအဖြစ်ကိုပင်ရစေနိုင်သောကြောင့် လူချမ်းသာ, နတ်ချမ်းသာတွေကို တင်းတိမ်အားရအောင် သုံးဆောင်ခံစားပြီး သာဝက ဗောဓိဆု, ပစ္စေက ဗောဓိဆု, သမ္မာသမ္ဗောဓိဆု တို့တွင် လိုရာဆုဖြင့် နိဗ္ဗာန်

ချမ်းသာကို စံစားလိုတဲ့ အမျိုးသား အမျိုးသမီးတိုင်းပင် လှူဒါန်း ပေးကမ်းခြင်းဆိုတဲ့ 'ဒါနပါရမီ'ကို ပြည့်အောင်ဖြည့်ကြပါ။

## မမြလေး၀တ္ထု

### ဝိပဿိဘုရားလက်ထက် သဒ္ဓါထက်မြက်ကြပုံ

ဂေါတမ ဘုရားရှင်လဲ ဒါနအကျိုး တန်ခိုးထွားပုံကို ဟောကြားတော် မူခဲ့သည်မှာ ဒီလိုတဲ့-

ဤဘဒ္ဒကမ္ဘာမှ နောက်ပြန် ရေတွက်လျှင် ကိုးဆယ့်တကမ္ဘာထက်တွင် 'ဝိပဿီ' အမည်တော်ရှိတဲ့ ဘုရားကိုယ်တော်မြတ်ကြီး လူတွင်ထင်ရှား ပွင့်တော်မူသွားခဲ့တယ်၊ အဲဒီ ဝိပဿီမြတ်ဘုရား လက်ထက်တော်အခါမှာ သဒ္ဓါတရားထက်မြက်သူတွေ အလွန်ပေါများပြီး ဒါနပြုခွင့်ရဘို့ရာတောင် မလွယ်ကူလှဘူးတဲ့၊ အလှုအယက် သူ့ထက်ငါဆိုသလို မြတ်ဘုရားနှင့် သံဃာတော်များအား ဒါနပြုခွင့် ရဘို့ရန် လုရတဲ့အခါတဲ့။

### ဗန္ဓုမမင်းကြီး သဒ္ဓါထက်ပုံ

ထိုစဉ်အခါ 'ဗန္ဓုမတီ' နေပြည်တော်မှာ ခမည်းတော် ဗန္ဓုမမင်းကြီး ဟာ ငါ့သားဘုရားနှင့် သံဃာတော်များအား ဘယ်ပုဂ္ဂိုလ် တလေ တယောက်မှ ဒါနပြုခွင့်မပေးဘဲ ငါတဦးတည်းသာ ပစ္စည်းလေးပါးဖြင့် ဆည်းကပ်လှူပ်ကျွေးမယ်လို့ ဆုံးဖြတ်ပြီး ဘုရားကျောင်းတော် တံခါးမုခ်မှ စပြီး မင်းနန်းတော် တံခါးတိုင်အောင် လမ်းဘေးနှစ်ဘက်မှ ရှားသား များဖြင့် စိုက်ဆောက်ကာရံပြီး မြတ်ဘုရားနှင့် သံဃာတော်များ အသွား အလာ လမ်းအပြင်ဘက်မှ လူများ မမြင်သာအောင် အဝတ်များဖြင့် ဖုံးကာပြီး လမ်းရဲ့အထက်ဘက်မှာ ရွှေကြယ်တို့ဖြင့် ဆန်းဆန်းကြယ်ကြယ် ပန်းကုံးအသွယ်သွယ်နှင့် ဗိတာန်မျက်နှာကြက်ပြုကာ—

အောက်မြေအဘို့မှာလဲ ဆန်းဆန်းကြယ်ကြယ် ခင်းနှီးအသွယ်သွယ်တွေ ခင်း၊ လမ်းရဲ့အတွင်း ဘေးနှစ်ဘက်မှာလဲ ရေပြည့်ပန်းအိုး ပန်းနံ့သာတွေ ထားရှိပြီး မြတ်ဘုရားနှင့် သံဃာတော်များအား ဆွမ်းစားချိန်ကို လျှောက်ထားတယ်၊ ဘုရားရှင်လဲ ရဟန်းအပေါင်းခြံရံလျက် အကာအရံ အတွင်းလမ်းခရီးဖြင့်သာလျှင် ခမည်းတော်နန်းတော်သို့ ဆွမ်းစားကြွတော်

မူတယ်၊ ဆွမ်းစားခြင်းကိစ္စ ပြီးဆုံးလျှင် ထိုခရီးဖြင့်သာလျှင် ကျောင်းတော်သို့ ပြန်ကြွတော်မူတယ်၊ တပါးသူတို့အား ဒါနပြုခွင့်ကို မဆိုထားဘိ၊ ဖူးမြင်ခွင့်မျှလဲ မရကြလေ၊ အဲဒါလို ဗန္ဓုမမင်းကြီးဟာ ဘယ်သူ့ကိုမှ ဒါနပြုခွင့်မပေးဘဲ သူတဦးတည်း ဒါနပြုနေတာဟာ ခုနစ်နှစ် ခုနစ်လပင် ကြာသွားသတဲ့။

## မြို့သူမြို့သားတွေ သဒ္ဓါထက်ပုံ

ဒီအခါမှာ မြို့သူမြို့သားတွေ ဤကဲ့သို့ အကြံအစည် ဖြစ်ပေါ်လာသတဲ့၊ ဘုရားပွင့်တော်မူတာလဲ ခုနစ်နှစ် ခုနစ်လပင် ရှိပြီး၊ ငါတို့မှာလဲ ကုသိုလ်ဒါန ပြုခွင့်ကို မဆိုထားဘိ ဖူးမြင်ခွင့်မျှလဲ မရကြ၊ ငါတို့ရဲ့မင်းကြီးဟာ ငါ့သားဘုရား၊ ငါ့ရဲ့တရား၊ ငါ့ရဲ့သံဃာလို့ အမြတ်တနိုးပြုပြီး သူတဦးတည်းဘဲ ပစ္စည်းလေးပါးဖြင့် ဆည်းကပ်လုပ်ကျွေးနေတယ်၊ ဘုရားရှင်တို့ဆိုတာလဲ သတ္တဝါအားလုံးရဲ့ စီးပွားချမ်းသာ အလို့ငှါ ပွင့်တော်မူကြတာ ဖြစ်ဘယ်၊ မင်းကြီးတဦးတည်းရဲ့ အကျိုးငှါသာ ပွင့်တော်မူကြတာမဟုတ်၊ မင်းကြီးတဦးတည်းသာငရဲမီးဟာ ပူတာမဟုတ်၊ မင်းကြီးကို လျှောက်ထားဦးမှဘဲ တော်မယ်။

ငါတို့ကို မြတ်ဘုရားနှင့် သံဃာတော်များအား ကုသိုလ်ဒါန ပြုခွင့်ပေးလျှင်ပေး၊ မပေးလျှင် မင်းကြီးနှင့် စစ်ထိုးပြီး ကုသိုလ်ဒါန ပြုခွင့်ကို ရယူရလိမ့်မယ်၊ သို့သော် ငါတို့မြို့သူမြို့သားတွေချည်း သက်သက်တော့ မင်းကြီးနှင့် စစ်ထိုးလို့ နိုင်မှာမဟုတ်ဘူး၊ ငါတို့မြို့သူမြို့သားတွေဘက်က ခေါင်းဆောင်တဦးတော့ ပါအုံးမှဘဲလို့ ကြံစည်စဉ်းစားကြပြီး စစ်သူကြီးမင်းသို့ ချဉ်းကပ်ကာ—

"အရှင် စစ်သူကြီးမင်း....ဘုရားပွင့်တာလဲ ခုနစ်နှစ် ခုနစ်လပင် ရှိသွားပြီ၊ အကျွန်ုပ်တို့ မြို့သူမြို့သားတွေမှာ ကုသိုလ်ဒါနပြုခွင့်ကို မဆိုထားနှင့် ဖူးမြင်ခွင့်မျှလဲ မရကြပါ၊ မင်းကြီးတဦးတည်းဘဲ ကုသိုလ်ဒါန ပြုနေပါတယ်၊ ဘုရားရှင်တို့ဆိုတာလဲ သတ္တဝါအားလုံးရဲ့ စီးပွားချမ်းသာ အလို့ငှါ ပွင့်တော်မူတာ ဖြစ်ပါတယ်။

"ဒါ့ကြောင့် မြတ်ဘုရားနှင့် သံဃာတော်များအား မြို့သူမြို့သားတွေကို ကုကိုလ်ဒါနပြုခွင့် ပေးလျှင်ပေး၊ မပေးလျှင် အကျွန်ုပ်တို့

မြို့သူမြို့သား အားလုံးပင် မင်းကြီးနှင့် စစ်ထိုးပြီး ကုသိုလ်ဒါန ပြုခွင့်ကို ရယူရပါလိမ့်မယ်၊ အရှင်စစ်သူကြီးမင်းဟာ အကျွန်ုပ်တို့ မြို့သူမြို့သားတွေဘက်ပဲ ပါမှာလား၊ မင်းကြီးဘက်ပဲ ပါမှာလား"

လို့ ပြောကြားကြသတဲ့။

စစ်သူကြီးမင်းလဲ မငြင်းပယ်သာ "သင်တို့ မြို့သူမြို့သားတွေ ဘက်ပဲ ငါပါပါ့မယ်၊ သို့သော် ပဥ္စမဦးနေ့ကို တော့ ငါ့ကို ဒါနပြုခွင့် ပေးရမယ်"

မြို့သူမြို့သားတွေလဲ ပဥ္စမဦးနေ့ကိုစစ်သူကြီးမင်းအားပေးရန်သဘောတူ ဝန်ခံကြသတဲ့။

### မင်းနှင့်မြို့သူ သဒ္ဓါစစ်ထိုးခြင်း

စစ်သူကြီးမင်းလဲ ဗန္ဓုမမင်းကြီးထံ ချဉ်းကပ်ပြီး—

**စစ်သူကြီး** "မြတ်သောမင်းကြီး .... သင်မင်းကြီး ကိုမြို့သူမြို့သားတွေ စိတ်ဆိုးကုန်ကြပြီ"

**ဗန္ဓုမမင်း** "စစ်သူကြီးမင်း....ဘာကြောင့် ငါ့ကို မြို့သူမြို့သားတွေ စိတ်ဆိုးကြသလဲ"

**စစ်သူကြီး** "မြတ်သောမင်းကြီး.... သင်မင်းကြီး တဦးတည်းသာ မြတ်ဘုရားနှင့် သံဃာတော်များအား ပစ္စည်းလေးပါးဖြင့် ဆည်းကပ်လုပ်ကျွေးနေပြီး မြို့သူမြို့သားတွေမှာ ကုသိုလ် ဒါန ပြုခွင့်မရလို့တဲ့၊ မြတ်သောမင်းကြီး... မြတ်ဘုရားနှင့် သံဃာတော်များအား ကုသိုလ်ဒါနပြုခွင့် ပေးလျှင်ပေး၊ မပေးလျှင် မြို့သူမြို့သားတွေက သင်မင်းကြီးနှင့် စစ်ထိုးရ လိမ့်မယ်ဆိုပါကလား"

**ဗန္ဓုမမင်း** "အချင်း စစ်သူကြီးမင်း....ငါ့ကို စစ်ထိုးလျှင် ထိုးပါစေ တော့၊ ငါသားဘုရားနှင့် သံဃာတော်များကိုတော့ ဒါန ပြုခွင့် မပေးနိုင်ပါ"

**စစ်သူကြီး** "မြတ်သောမင်းကြီး.... သင့်ကျေးကျွန်တွေနှင့် ပြန်ပြီး သင်စစ်ထိုးလို့ တော်ပါ့မလား၊သင်မင်းကြီးဟာ ဘယ်သူ့ ကို စစ်ထိုးနိုင်မှာလဲ"

**ဗန္ဓုမမင်း** "အမောင်ဟာ စစ်သူကြီးမဟုတ်ပါလား"

စစ်သူကြီး "မြတ်သောမင်းကြီး.... အကျွန်ုပ်ဟာ စစ်သူကြီးဟုတ်ပါ သော်လဲ မြို့သူမြို့သားတွေနှင့် ကင်းလို့ မဖြစ်နိုင်ပါ"

ဗန္ဓုမမင်း "ဒီအခါမှာ ဗန္ဓုမမင်းကြီးဟာ မြို့သူမြို့သားတွေဟာ အင်အားများပေတယ်၊ ငါ့စစ်သူကြီးလဲ သူတို့ဘက်ပါနေတယ်လို့ သိတော်မူပြီး နောက်ထပ်ပြီး မြတ်ဘုရားနှင့် သံဃာတော်များအား ခုနစ်နှစ် ခုနစ်လ ငါ့ကို ဒါနပြုခွင့် ပေးရမယ်"

မြို့သူမြို့သား "မြတ်သောမင်းကြီး....ခုနစ်နှစ် ခုနစ်လတော့ များလွန်းပါတယ်၊ မပေးနိုင်ပါ"

ဗန္ဓုမမင်း "ဒါဖြင့် ခြောက်နှစ် ပေးရမယ်"

မြို့သူမြို့သား "ခြောက်နှစ်လဲ များလွန်းပါတယ်၊ မပေးနိုင်ပါ"

ဗန္ဓုမမင်း "ဒါဖြင့် ငါးနှစ် ပေးရမယ်"

မြို့သူမြို့သား "ငါးနှစ်လဲ များလွန်းပါတယ်၊ မပေးနိုင်ပါ"

အဲဒီလို လေးနှစ်, သုံးနှစ်, နှစ်နှစ်, တနှစ်, ဆယ့်တလ, ဆယ်လ တဖြေးဖြေး လျှော့တောင်းလာလိုက်တာ နောက်ဆုံး ခုနစ်ရက်ဘဲ တောင်းခွင့်ရတော့တယ်။

ဒီအခါမှာ မြို့သူမြို့သားတွေက ခုနစ်ရက်တော့ မင်းကြီးကို မပေးဘဲနေလို့ မသင့်တော်ဘူးလို့ ဆင်ခြင်စဉ်းစားကြပြီး "မြတ်သောမင်းကြီး.... ခုနစ်ရက်တော့ မြတ်စွာဘုရားနှင့် သံဃာတော်များအား ဒါနပြုပါ၊ ခုနစ်ရက်က ကျော်လျှင်ဖြင့် မြတ်ဘုရားနှင့် သံဃာတော်များအား အကျွန်ုပ်တို့ မြို့သူမြို့သားတွေ ကုသိုလ်ဒါန ပြုရပါလိမ့်မယ်"လို့ ဗန္ဓုမမင်းကြီးကို ခုနစ်ရက် ဒါနပြုခွင့် ပေးလိုက်သတဲ့။

ဗန္ဓုမမင်းကြီးလဲ ခုနစ်နှစ် ခုနစ်လစာ ပေးလှူမည့်ဒါနကို ခုနစ်ရက်နှင့် အပြီးလှူရန် စီရင်တော်မူပြီး ပေးလှူတော်မူတယ်၊ ခုနစ်ရက်မြောက်နေ့မှာတော့ မြို့သူမြို့သားတွေကို ခေါ်ပြီး—

ဗန္ဓုမမင်း "အမောင်တို့ ဒီလို ဒါနမျိုးကို သင်တို့ပြုနိုင်ပါ့မလား"

မြို့သူမြို့သား "မြတ်သော မင်းကြီး....သင်မင်းကြီးတို့ဟာ အကျွန်ုပ်တို့ မြို့သူမြို့သား တွေကို အမှီပြုပြီး ဒီဒါနကို ပေးလှူရတာ

ဖြစ်ပါတယ်၊ အကျွန်ုပ်တို့ မြို့သူမြို့သားတွေဟာ ဤသို့ ဒါနမျိုးကို ပြုနိုင်ပါတယ်”

ဗန္ဓုမမင်းကြီးလဲ လက်ဖမိုးဖြင့် မျက်ရည်များကို သုတ်ပြီး ဝိပဿီဘုရားရှင်ကို ရိုသေစွာ ရှိခိုးလျက်—

“ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား မြတ်ဘုရားနှင့် ၆၈ သိန်း အရေအတွက်ရှိတဲ့ သံဃာတော်တွေကို တပါးသူအား ဒါနပြုခွင့်မပေးဘဲ တပည့်တော် တဦးတည်း တသက်လုံး ပစ္စည်းလေးပါးဖြင့် လုပ်ကျွေးပြုရမယ်လို့ ကြံစည်မိပါတယ်ဘုရား၊ ယခုမူကား မြို့သူမြို့သား တွေဟာ မြတ်ဘုရားနှင့် သံဃာတော်များအား ကုသိုလ်ဒါနပြုခွင့်မရလို့ တပည့်တော်အား စိတ်ဆိုးကြပါတယ်ဘုရား၊ ဒါ့ကြောင့် တပည့်တော်လဲ မြတ်ဘုရားနှင့် သံဃာတော်များအား မြို့သူမြို့သားတွေ ကုသိုလ်ဒါနပြုနိုင်ရန် ခွင့်ပြုလိုက်ပါပြီဘုရား၊ မနက်ဖြန်မှစပြီး မြို့သူမြို့သားတွေရဲ့ ဒါနကို ချီးမြှောက်တော်မူပါဘုရား”

လို့ လျှောက်ထားလိုက်တယ်။

## ရှေးခေတ်သဒ္ဓါ အတုယူစရာ

သဒ္ဓါယဒ္ဓမ္ဗိ ကတ္တာန၊ ဒါနံ ကရောန္တိ ပဏ္ဍိတာ။
ပေါရာဏာနုကရဏီယာ၊ သမ္ပတိကာလမာနုသာ။

ပေါရာဏာ၊ သမ္မာအယူ သဒ္ဓါပြုသည့် ရှေးခေတ်လူ ဖြစ်ကုန်သော။ ပဏ္ဍိတာ၊ ဒါနအကျိုးမြင် ပညာရှင်တို့သည်။ သဒ္ဓါယဒ္ဓမ္ဗိ၊ အလှူအယက်သူ့ထက်ငါသာ သဒ္ဓါစစ်ပွဲ ဆင်နွှဲခြင်းကိုလည်း။ ကတ္တာန၊ ပွဲနွှဲတီးတီး အနည်းနည်းဖြင့် ပြုကြပြီး၍။ ဒါနံ၊ စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းဆိုတဲ့ ဒါနကို။ ကရောန္တိ၊ ကြီးကြီးပမ်းပမ်း လှူဒါန်းမျိုးစုံ ပြုကြကုန်၏။ သမ္ပတိကာလမာနုသာ၊ သမ္မာအယူ သဒ္ဓါပြုသည့် ခုခေတ်လူတို့သည်။ အနုကရဏီယာ၊ ရှေးတုံးစံနမူ အတုယူ၍ ပြုမူထိုက်ပါကုန်၏။

## ရှေဦးနေ စစ်သူကြီး ဒါနပြုခွင့်ရ

အဲဒါလို သဒ္ဓါစစ်ပွဲခင်းပြီး စစ်သူကြီးမင်း အမှူးရှိတဲ့ မြို့သူမြို့သားတွေဘက်တ အနိုင်ရကာ မြတ်ဘုရားနှင့် သံဃာတော်များအား ကုသိုလ်ဒါန

ပြုခွင့်ရလာတဲ့အခါ နဂိုကထားရှိခဲ့တဲ့ ကတိအတိုင်း ပဌမဦးနေ့ကို စစ်သူကြီးမင်းအား ဒါနပြုခွင့်ပေးကြရတယ်။

## ဒါနမပြုရလို့ ငိုခြင်း

အဲဒီ စစ်သူကြီးမင်း ဒါနပြုခွင့် ရသွားတဲ့ နေ့မှာတော့ မြတ်ဘုရားနှင့် သံဃာတော်များအား ဘယ်ပုဂ္ဂိုလ် တလေတယောက်မျှ ဒါနပြုပေါက် မရတော့ဘူးပေါ့၊ အခွင့်ရ စစ်သူကြီးမင်းလဲ ဒီကနေ့တော့ မြတ်ဘုရားနှင့် သံဃာတော်များအား တယောက်တလေမျှ ဒါနမပြုရလို့ အာဏာတော်ဖြင့် တားမြစ်ပြီး အစောင့်အကြပ်တွေ ချထားလျက် ဆွမ်းကွမ်း ကိစ္စကို အားရ ပါးရ သဘောကျပင် စီရင်ကာနေသတဲ့၊ သို့ကလို ထိုနေ့အတွက် ဒါနပြုကွက်ကို အာဏာတော်ဖြင့် တားမြစ်ချက်ပြုထားတော့ မြို့သူမြို့သား ထဲမှ သဒ္ဓါလွန်ကြူး သူဌေးကတော်ကြီး တဦးဟာ မြတ်ဘုရားနှင့် သံဃာတော်များအား ဒါနပြုခွင့်မရလို့ ငိုယိုပြီးနေသတဲ့။

## ငိုတဲ့မိခင်ကို နှစ်သိမ့်စေပုံ

သို့ကလို ငိုယိုပြီးနေတဲ့မိခင်ကို ရံရွေဖော်အမျိုးသမီးငါးရာနှင့် ကစားရာမှ ပြန်လာတဲ့သမီးမြင်လျှင်--

သမီး "အို– မေ့မိခင် ဘယ်အတွက်ကြောင့် စိတ်စက်မဒေ စိုးရိမ်ပူဆွေးပြီး ငိုကြွေးနေရတာလဲ"

မိခင် "ချစ်သမီး သင့်ဖခင် အသက်ရှင်နေပါလျှင် ဒီကနေ့ မြတ်ဘုရားနှင့် သံဃာတော်များအား ဦးဦး ဖျားဖျား ဆွမ်းဒါန ပြုခွင့်ရမှာဘဲ"

သမီး "အို–မေ့မိခင် ဒီအတွက် မပူပင်ပါနှင့်၊ မြတ်ဘုရားနှင့် သံဃာတော်များအား ဦးဦးဖျားဖျား ဆွမ်းဒါနပြုခွင့်ရအောင် သမီးကြိုးစားပါ့မယ်"

## ဘုရားကို ဆွမ်းလှူရန် စီစဉ်ပုံ

အဲဒါလို မိခင်ကြီးကို နှစ်သိမ့်စေပြီး အဘိုးတသိန်းထိုက်တဲ့ ရွှေခွက်ကြီးထဲမှာ ရေမရောတဲ့ နို့ဃနာဆွမ်းတွေ အပြည့်ထည့်ပြီး ထောပတ် ပျားရည် သကာမှုန့်တွေနှင့် ပြုပြင်မွမ်းမံတယ်၊ ပြီးတော့ ရွှေခွက်တခုဖြင့်

အပေါ်က မှောက်အုပ်ပြီး မြတ်လေးပန်းကုံးတွေနှင့် ပတ်ပတ်ချာ ရစ်ပတ်ကာ မြတ်လေးပန်းကုံးကြီးနဲ့ တူအောင်ပြုတယ်။

ဆွမ်းလှူရန် ဘုရားထံ အသွား

အဲဒါလို စီစဉ်ပြီး ဝိပဿိဘုရားရှင် မြို့တွင်းသို့ ကြွဝင်ချိန်မှာ မြတ်လေးပန်းကုံးတွေနှင့် ပတ်ပတ်ချာရစ်ပတ်ထားတဲ့ နို့ဆွမ်းခွက်ကြီးကို ကိုယ်တိုင်ပင် မ,ရွက်ပြီး အထိန်းတော်တွေနှင့် ပျော်ပျော်ကြီး အိမ်မှထွက်ခဲ့သတဲ့။

ပုဦးရှိသူများ နှုတ်ပြောချိုသာ

ခရီးအကြား စစ်သူကြီးယားတဲ့ အစောင့်အကြပ်တွေက ကြားဖြတ်ပြီး အာဏာနှင့်တားမြစ်ကြသည်မှာ

**အစောင့်အကြပ်များ** "ချစ်သမီး.... မြတ်ဘုရားနှင့် သံဃာတော်များ ရှိရာသို့ မသွားပါနဲ့တဲ့"

"မဟာပုညာ နာမ မနာပကထာ ဟောန္တိ ပုဉ်းကံရှိတဲ့ ပုဂ္ဂိုလ်များဟာ ချစ်ခင်နှစ်သက်ဖွယ် စကားမျိုးကို ပြောကြားတတ်တယ်"ဆိုဘဲ။

ထပ်ပြန်တသဲလဲ ပြောကြားတားမြစ်နေတဲ့ စစ်သူကြီးမင်းရဲ့ အစောင့်အကြပ်တွေရဲ့ စကားကို မပယ်ရှားနိုင်ဘူးပေါ့၊ ဒီတော့ သူဌေးသမီးကလေးက—

**မမြတ်လေး** "ဘထွေး, ဘကြီး, ဦးရီးတို့ ဘယ်အရေး ကိစ္စတွေကြောင့် မြတ်ဘုရားနှင့် သံဃာတော်များရှိရာသို့ ကျမကို သွားခွင့် မပြုပါသလဲရှင်"

**အစောင့်အကြပ်များ** "ချစ်သမီး.... 'ဒီကနေ့ အဘိုရာ မြတ်ဘုရားနှင့် သံဃာတော်များအား ဘယ်တစုံတယောက်သော ပုဂ္ဂိုလ်မျှ ဆွမ်းဒါနကို မပြုရ'လို့ စစ်သူကြီးမင်းက တားမြစ်ထားတယ် မဟုတ်ပါလား"

**မမြတ်လေး** "ဘထွေး, ဘကြီး, ဦးရီးတို့ ကျမလက်ထဲမှာ ဆွမ်းခဲဘွယ်များ မြင်ပါရဲ့လား"

**အစောင့်အကြပ်များ** "ချစ်သမီး.... သင့်လက်ထဲမှာ မြတ်လေးပန်းကုံးကြီးဘဲ ငါတို့မြင်တယ်"

**မမြတ်လေး** "ဘထွေး၊ ဘကြီး၊ ဦးရီးတို့ သင်တို့ရဲ့ စစ်သူကြီးမင်းဟာ ပန်းပူဇော်ခွင့်ကိုမျှ မပေးဘူးလား"

**အစောင့်အကြပ်များ** "ချစ်သမီး....ပန်းပူဇော်ခွင့်ကိုတော့ပေးပါတယ်"

**အစောင့်အကြပ်များ လှည့်စားဆွမ်းလှူ**

**မမြတ်လေး** "ဘထွေး၊ ဘကြီး၊ ဦးရီးတို့ ပန်းပူဇော်ခွင့် ပေးပါလျှင် လမ်းဖယ်ပေးကြပါရှင်၊ ကျမ မြတ်ဘုရားနှင့် သံဃာတော်များအား ပန်းပူဇော်ပါရစေ"

လို့ ပြောကြားပြီး ဝိပဿီဘုရားရှင်ထံ ချဉ်းကပ်ကာ– "မာလာဂုဏ္ဍ ဂဏှထ ဘဂဝါ"လို့ လျှောက်ထားလှူဒါန်းလိုက်တတ်။

ဘဂဝါ၊ ဘုန်းတော်နေဝန်း ထိန်ထိန်လင်းသည့် မင်းမင်းထွတ်ထား ရှင်တော်ဘုရား။ တုမ္ဘေ၊ ဘုန်းတော်ကြီးငြား ရှင်တော်ဘုရား တို့သည်။ မေ၊ သံသရာဝဋ်လည် ဒုက္ခသည်ဟု ငါးလီခန္ဓ တပည့်တော်မ၏။ မာလာဂုဏ္ဍ၊ အနံ့လည်းသင်း အဆင်းလည်းမျက် နှစ်သက်ဖွယ်ကုံး မြတ်လေးပန်းလုံးကို။ ဂဏှထ၊ တပည့်မအား သနားမ,စ သုခပွားမူ အကြောင်းပြု၍ ယခု လျှင်မြန် အလှူခံတော်မူကြပါ အရှင်ဘုရား"

"ဘုန်းတော်ကြီးတော် မူသော မြတ်ဘုရား.... တပည့်တော်မ၏ မြတ်လေးပန်းကို သနားသဖြင့် အလှူခံတော်မူပါ ဘုရား"လို့ လျှောက်ထား လှူဒါန်းလိုက်လျှင်—

ဝိပဿီ ဘုရားရှင်လဲ စစ်သူကြီးရဲ့ အလုပ်အကျွေး တယောက်ကို ခေါ်တော်မူပြီး မြတ်လေးပန်းကုံးတွေနဲ့ ရစ်ပတ်ထားတဲ့ နို့ဆွမ်းခွက်ကို အယူခိုင်းလိုက်တယ်။

**မမြတ်လေး ဆုတောင်းပုံ**

သူဌေးသမီး မမြတ်လေးလဲ ဝိပဿီဘုရားရှင်ကို ရိုသေစွာရှိခိုးလျက်—

"ဘဝါဘဝါဘိနိဗ္ဗတ္တိယံ မေ သတိ ပရိတာဿနဇီဝိတံ
နာမ မာ ဟောတု၊ အယံ သုမနမာလာ ဝိယ နိဗ္ဗတ္တ
နိဗ္ဗတ္တဋ္ဌာနေ ပိယာဝ ဟောမိ၊ နာမေန စ သုမနာယေဝ"

လို့ ဆုတောင်းလိုက်သတဲ့။

ဘဂဝါ၊ ဘုန်းတော်နေဝန်း ထိန်ထိန်လင်းသည့် မင်းမင်းထွတ်ထား ရှင်တော်ဘုရား။ မေ၊ သံသရာဝဋ္ဋ်လည် ဒုက္ခသည်ဟု ငါးလိခဲ့ တပည့်တော်မအား။ ဘဝါဘဝါဘိနိဗ္ဗတ္တိယံ၊ နိဗ္ဗာန်မရ ဝဋ္ဋဒုက္ခဟု ဘဝငယ်ကြီး အသီးသီးပ ဖြစ်ရသေးသည်။ သတိ၊ ဖြစ်လတ်သော်။ ပရိတဿန ဇီဝိတံ နာမ၊ ဆင်းရဲငိုကြွေး ပူပင်တောင့်တ အောက်ကျနောက်ဆုံး လူညွန့်တုံးသူတို့၏ အသက်မွေ ခြင်းမည်သည်။မာ ဟောတု၊ ကံဇာတာခေ တဘဝ တလေမျှ မဖြစ်ပါရစေဘုရား။ အယံ သုမနမာလာ ဝိယ၊ ဤဆင်းနှံတင့်လျှမ်း မြတ်လေးပန်းကဲ့သို့။ နိဗ္ဗတ္တာနိဗ္ဗတ္တဋ္ဌာနေ၊ ဆက်တိုင်းဘဝ ဖြစ်တိုင်း ဖြစ်တိုင်းသောဌာနဌ်။ ပိယာဝ၊ ဆင်းဝါဂုဏ်မြတ် မြင်သူတိုင်း ချစ်ခင်စုံမက် နှစ်သက်အပ်သူသာလျှင်။ ဟောမိ၊ ယခုပြုရ ပုညရှန်းစို အကျိုးမို့၍ ဖြစ်ရပါလို၏ဘုရား။ နာမေန စ၊ သမ္မုတိသစ္စာ သညာဘွဲ့ခေါ် နာမည်အားဖြင့်လည်း။ သုမနာယေဝ၊ သုမနခေါ်ရာ သညာပြန့်မွှေး မမြတ်လေးဟူ၍ သာလျှင်။ ဟောမိ၊ ဘဝထိုထို ဖြစ်ရပါလို၏ ဘုရား။

“ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား.... တပည့်တော်မသည် ဤဒါနကြောင့် ဖြစ်တိုင်းဖြစ်တိုင်းသော ဘဝမှာ ဆင်းရဲမွဲတေတဲ့ အမျိုးမှာ မဖြစ်ရပါလို ဘုရား၊ ရုပ်ရေအဆင်း ချောမောလှပသူ ဖြစ်ရပါလို၏ ဘုရား၊ နာမည်မှာလဲ ပန်းအမည်အတိုင်း မမြတ်လေးပင် ဖြစ်ရပါလို၏ ဘုရား”လို့ ဆုတောင်းလိုက်လျှင်—

## ဘုရားရှင် ဆုပေးတော်မူခြင်း

ဝိပဿီ ဘုရားရှင်လဲ “သုခိနီ ဟောဟိ”လို့ ဆုပေးတော်မူတယ်။

ဥပါသိကေ၊ ရတနာသုံးရပ် အမြတ်ဇာတ်ကို ဆည်းကပ်လုပ်ကျွေး ဒါယိကာမလေး။ သုခိနီ၊တောင့်တပန်ဆင် လိုအင်ပြည့်ဝ ချမ်းသာလှသည်။ ဟောဟိ၊ ဖြစ်ပါလေလော့။

“ဒါယိကာမလေး သင်ရဲ့ လိုအင်ဆန္ဒ ပြည့်ဝ ချမ်းသာစေ”

လို့ ဆုပေးတော်မူလျှင်—

သုဓမ္မဝတီ(က)၁၀၀–၃၂

## ဘုရားထံမှ မမြတ်လေး ဖဲခွါ

သူဌေးသမီး မမြတ်လေးလဲ ဝမ်းမြောက်ဝမ်းသာ ကပျာကယာနှင့် ဝိပဿီဘုရားရှင်ကို ရှိသေစွာ ရှိခိုးပြီး အမြတ်တနိုးပြု လကျ်ာရစ်လှည့်လည်မှုကိုပြုကာ ဘုရားထံတော်ပါးမှ ဖဲခွါပြီး အိမ်သို့ ပြန်သွားသတဲ့။

သဒ္ဓါလုကာ သေဋ္ဌိဓိတာ၊ ဝဋ္ဋေတွာန ဥပဌ္ဌကေ။
သုမနာ သေနာပတိဿ၊ ဘတ္တာဒါသိ ဝိပဿိနော။
ဘတ္တံ ဒတွာ ဝိပဿိဿ၊ ဣဋ္ဌံ ပတ္တေသိ ပတ္တနံ။

သဒ္ဓါလုကာ၊ အမြတ်ဥစ္စာ သဒ္ဓါတရား အလွန်ပွားများသော။ သေဋ္ဌိဓိတာ၊ တွင်း့ပသုံးဆောင် မြားမြောင်ပစ္စည်း သူဌေးသမီး ဖြစ်သော။ သုမနာ၊ သုမနခေါ်ရာ သညာပြန့်မွှေး မမြတ်လေးသည်။သေနာပတိဿ၊ ဘုန်းသမ္ဘာလင်း စစ်သူကြီးမင်း၏။ ဥပဌ္ဌကေ၊ လုပ်ကျွေးခ့စား အစောင့်အကြပ်များကို။ ဝဋ္ဋေတွာန၊ မြတ်လေးပန်းဖြင့် ဖုံးလွှမ်းလှည့်ပတ်ပြီး၍။ ဝိပဿိနော၊ သုံးလူ့သခင် ဝိပဿီ ဘုရားရှင်အား။ ဘတ္တံ၊ ဩဇာပြည့်လျှမ်း မွန်မြတ်တဲ့ ဆွမ်းကို။ အဒါသိ၊ ပုဗ္ဗ မုဉ္စ အပရစေတနာ သုံးဖြာမကွက် ရက်ရောကြည်ဖြူ ပေးလှူလေပြီ။ ဝိပဿိဿ၊ သုံးလူ့သခင် ဝိပဿီဘုရားရှင်အား။ ဘတ္တံ၊ ဩဇာပြည့်လျှမ်း မွန်မြတ်တဲ့ ဆွမ်းကို။ ဒတွာ၊ သုံးတန်စေတနာ ညီစွာမကွက် ရက်ရောကြည်ဖြူ ပေးလှူပြီး၍။ ဣဋ္ဌံ၊ လောကီဝဋ်ဝယ် ချမ်းသာဘွယ်မှတ် အလိုရှိအပ်သော။ ပတ္တနံ၊ နိဗ္ဗာန်မရ ဖြစ်သမျှမှာ ဥစ္စာလဲပေါ ရုပ်လဲချောလှ သုမနသညာ ရလိုပါကြောင်း ဆုတောင်းခြင်းကို။ ပတ္တေသိ၊ ခုကမြေ်မြင် နောင်တွင်အောက်ကျ မရှိရဘို့ တောင့်တလိုချင် ပန်ဆင်လေပြီ။

## စစ်သူကြီးအိမ်သို့ ကြွရောက် ဆွမ်းစားတော်မူခြင်း

ဝိပဿီဘုရားရှင်လဲ ဆွမ်းစားချိန်တန်လျှင် ဘုန်းသမ္ဘာလင်း စစ်သူကြီးမင်း၏ နေရင်းတော်ရပ် မင်္ဂလာအိမ်တော်မြတ်သို့ နောက်လိုက်နောက်ပါ ၆၈-သိန်း အရေအတွက်ရှိတဲ့ သံဃာတော်တွေနှင့် လှမ်းကပ်တော်မူတယ်၊ ဒီအခါမှာ စစ်သူကြီးမင်းလဲ ဒီကနေ့တော့ ကော်ကွက်နင်းပြီဟေ့ ဆိုတဲ့ သဘောမျိုးနှင့် ဝမ်းသာအားရ သဘောကျ စီမံချက်ပြုတ်ထားတဲ့ ယာဂုဆွမ်းတွေကို ကပျာကယာ ယူတဲ့ပြီး မြတ်ဘုရားထံ သွားအကပ်လိုက်

မြတ်ဘုရားကလဲ သူဌေးသမီး မပြတ်လေးရဲ့ နို့ဆွမ်းကို အလှူခံပြီးဖြစ်လေတော့ လက်တော် အမူအရာဖြင့်ပင် စစ်သူကြီးရဲ့ ယာဂုဆွမ်းကို တားမြစ်တော် မူလိုက်တယ်။

စစ်သူကြီးမင်းလဲ မှန်းချက်နှင့် နှမ်းထွက်မကိုက်ဘဲသို့ကလို လျှောက်ထားလိုက်သတဲ့။

"ဘုန်းတော် ကြီးတော်မူတဲ့ မြတ်စွာဘုရား သံဃာတော်အားလုံးပင် စိုစိုလင်လင် ဆွမ်းဘုဉ်းပေးဘို့ရန် ရောက်ရှိနေပါပြီဘုရား၊တပည့်တော်ဘို့ရဲ့ ယာဂုဆွမ်းကို သနားသဖြင့် အလှူခံတော်မူပါဘုရား"

လို့ လျှောက်ထားလျှင်— ဘုရားရှင်လဲ ဒါယကာ ငါတို့အား ခရီးအကြားမှာ ဆွမ်းရခဲ့ပေပြီလို့ မိန့်တော်မူပြီး မြတ်လေးပန်းကို ပယ်ရှားကာ ဆွမ်းကို ပြတော်မူတယ်။

စစ်သူကြီးရဲ့ အလုပ်အကျွေးငယ် တဦးက "အရှင် ခရီးအကြားမှာ မိန်းကလေးတဦးဟာ မြတ်လေးပန်းပါလို့ လှည့်ပတ်ပြီး လှူဒါန်းသွားပါတယ်"လို့ ပြောကြားသတဲ့၊ မပြတ်လေး လှူဒါန်းတဲ့ နို့ဆွမ်းဟာ ဘုရားရှင်နှင့်တကွ သံဃာတော်အားလုံးပင် ဘုဉ်းပေးလောက်သတဲ့၊ စစ်သူကြီးလဲ မိမိရဲ့ ဒေယျဓမ္မကို မြတ်ဘုရားနှင့်သံဃာတော်များအား ပေးလှူလိုက်တယ်။

## ကျောင်းသို့ ပြန်ကြွခြင်း

ဝိပဿီ ဘုရားရှင်လဲ ဆွမ်းစားခြင်းကိစ္စ ပြီးဆုံးလျှင် မင်္ဂလာတရားတော်ကို ဟောတော်မူပြီး ကျောင်းတော်သို့ ပြန်ကြွတော်မူတယ်။

## မပြတ်လေးကို ဇနီးအရာတင်

ဝိပဿီဘုရားရှင် ကျောင်းတော်သို့ပြန်ကြွတော်မူလျှင် စစ်သူကြီးမင်းလဲ အလုပ်အကျွေးများကို မေးမြန်းသည်မှာ--

**စစ်သူကြီး** "မောင်မင်းတို့ နို့ဆွမ်းလှူတဲ့ သူငယ်မဟာ အဘယ်အမည်ရှိပါသလဲ"

**အလုပ်အကျွေးများ** "အရှင် သူဌေးသမီး မပြတ်လေး ဖြစ်ပါတယ်"

စစ်သူကြီး “မောင်မင်းတို့ မမြတ်လေးဟာပညာရှိပေစွ၊ဒီလိုပညာရှိတဲ့ သူငယ်မကို ဇနီးမယားပြုကာ ထားရလျှင် လိုလားတဲ့ နတ်ပြည်ချမ်းသာကိုတော့ ခဲယဉ်းလိမ့်မယ်မဟုတ်”

လို့ မိန့်တော်မူပြီး မမြတ်လေးကို ခေါ်ယူကာ ဇနီးအရာ တင်မြှောက် လိုက်သတဲ့။

## မမြတ်လေး ဒါနပြုခြင်း

စစ်သူကြီးကတော့ မမြတ်လေးလဲ မိဖအိမ်၊ ချစ်လင် စစ်သူကြီးအိမ် အားဖြင့် နှစ်အိမ်လုံးမှ ပစ္စည်းဉစ္စာများဖြင့် မြတ်ဘုရားနှင့် သံဃာတော် များအား အသက်ထက်ဆုံး အလှူဒါနကို ပြုတယ်။

## နတ်သမီး မမြတ်လေး

အဲဒါလို အသက်ထက်ဆုံး ကုသိုလ်ဒါနကို အားရအောင် ပြုပြီး သေသည်၏အခြားမဲ့မှာ နတ်ပြည်မှာသွားပြီး နတ်သမီးကလေး ဖြစ်ဘယ်၊ ဥပပါတ်ပဋိသန္ဓေ နတ်တို့ပြည်မှာ ဖြစ်လေသောခဏ၌ပင် ရှေးကောင်းမှု အာနိသင်ကြောင့် ကြည်လင်ရှင်ပျ နတ်မယ်လှကို ဂုဏ်ပြုတဲ့အနေဖြင့် ဒူးဆစ်ပမာဏမျှရှိတဲ့ မြတ်လေးပန်းမိုးကြီးဟာ နတ်ပြည်အပြည့်မျှ ရွာချ လိုက်တယ်၊ အားရ နှစ်ထောင်း သောင်းသောင်းဖျဖျ နတ်တွေကလဲ ပညာဝန္တ နတ်မယ်လှကို ဘွဲ့သတင်ချီ ကိုယ့်အမည်ကို ကိုယ်ယူပြီးလာခဲ့ တယ်လို့ သည်နှင့်အကိုက် ဗျူပွတ်နှင့် ရုပ်ဓာတ်လိုက်အောင် ဒါမိုက်ကာပေး နာမည်ကလေးကတော့ မမြတ်လေးတဲ့။

## ဘဝတိုင်း မမြတ်လေး အမည်ရခြင်း

အဲဒီ မမြတ်လေးဟာ ဝိပဿီဘုရားရှင် ပွင့်တော်မူရာ ကမ္ဘာမှ ဤဘဒ္ဒ ကမ္ဘာတိုင်အောင် ကိုးဆယ့်တကမ္ဘာပတ်လုံး လူ့ပြည်နတ်ပြည် လှည့်လည် ကာ ကျင်လည်ရပြီး ဖြစ်တိုင်း ဖြစ်တိုင်းသော ဘဝမှာ အံ့ဘွယ်ထူးဆန်း မြတ်လေးပန်းမိုးရွာချကာ မမြတ်လေးဆိုတဲ့ နာမည်ကိုသာ ရခဲ့တယ်။

ဤဘဒ္ဒကမ္ဘာ ဂေါတမဘုရား လက်ထက်တော်အခါမှာ သာဝတ္ထိ ပြည့်ရှင် ဘုရင်ကောသလ၏ အခေါင်ထွတ်ထား မိဖုရားဝမ်းမှာ ပဋိသန္ဓေ ယူလာခဲ့တယ်။

ထိုအခိုက်မှာပင် ဝိပဿိဘုရားရှင် လက်ထက်တော်အခါတုန်းက ရှေ့ဖော် အမျိုးသမီးငါးရာတို့လဲ အမျိုးအထွေထွေမှာ ပဋိသန္ဓေယူခဲ့ကြပြီး အားလုံးပင် တပြိုင်နက် တနေ့တည်းမှာ ဖွားမြင်ကြသတဲ့။

မမြတ်လေးနှင့် အပေါင်းပါ အမျိုးသမီးငါးရာတို့ဖွားမြင်တဲ့ ထိုခဏမှာပင် ဒူးဆစ်ပမာဏမျှရှိတဲ့ မြတ်လေးပန်းမိုးသည်းကြီး ရွာချလိုက်တယ်၊ ဒီလိုအံ့ဘွယ်ထူးဆန်း မြတ်လေးပန်းမိုးရွာသည်ကို မြင်လျှင် သာဝတ္ထိပြည့်ရှင် ဘုရင်ကောသလလဲ ငါ့ရဲ့သမီးတော်ဟာ ရှေးက ဆုတောင်းကောင်းမှုထူးရှိသူ ဖြစ်ပေလိမ့်မယ်လို့ နှစ်သက်အားရ သဘောကျစွာဖြင့် ငါ့ရဲ့သမီးတော်ဟာ ကိုယ့်အမည်ကို ကိုယ်ယူပြီး လာခဲ့တယ်လို့ ဗျူပွတ်နှင့် ရုပ်ဓာတ်လိုက်အောင် နာမည်ကလေးကို မမြတ်လေးလို့ မှည့်လိုက်သတဲ့။

## ဖွားဘက်တော် အမျိုးသမီးငါးရာ

ကောသလမင်းကြီးလဲ ပုညဝန္တ သမီးရတနာနှင့် တနေ့တည်းမှာဖွားတဲ့ ဖွားဘက်တော် အမျိုးသမီးများကို မြို့တွင်းမှာ စုံစမ်းရှာဖွေ စေလျှင် ဖွားဘက်တော် အမျိုးသမီး ငါးရာ ရှိတယ်လို့ သိတော်မူ၍ ထိုဖွားဘက်တော် အမျိုးသမီးငါးရာကို ကောင်းမွန်စွာ ကျွေးမွေးသုတ်သင်စေတယ်၊ လတိုင်း လတိုင်း သမီးတော်အား ပြစေတယ်။

## သာဝတ္ထိပြည်သို့ ဘုရားကြွခြင်း

ဘုရင့်သမီးတော်မမြတ်လေး ခုနစ်နှစ်အရွယ်ရှိရာအခါမှာ အနာထပိဏ် သူဌေးကြီးလဲ ဇေတဝန်ကျောင်းတော်ကြီးကို အပြီးသတ်ဆောက်လုပ်ပြီး မြတ်ဘုရားနှင့် သံဃာတော်များအား သွားရောက် ပင့်ဆောင်စေတယ်၊ ဂေါတမဘုရားရှင်လဲ နောက်ပါ သံဃာတော်ပေါင်း များစွာဖြင့် ရာဇဌာနီ သာဝတ္ထိပြည်ကြီးသို့ ကြွချီတော်မူလာတယ်။

## မမြတ်လေးနှင့် ဖွားဘက်တော်ငါးရာတို့ ကြိုဆို

ကျောင်းဒါယကာ အနာထပိဏ်သူဌေးကြီးလဲ သာဝတ္ထိပြည့်ရှင် ဘုရင်ကောသလထံ ခပ်မြန်မြန် သွားပြီး "မြတ်သောမင်းကြီး....ဘုရားမြတ်စွာ ဤမြို့ရွာသို့ ကြွလာတော်မူခြင်းသည် အကျွန်ုပ်တို့အားလဲ မင်္ဂလာဖြစ်ပါတယ်၊ အသင်မင်းကြီးအားလဲ မင်္ဂလာဖြစ်ပါတယ်၊ ဒါ့ကြောင့် သမီးတော် မမြတ်လေးကို ဖွားဘက်တော် အမျိုးသမီး ငါးရာနှင့်အတူ ရေပြည့်အိုး

နို့သားပန်း စသည်တို့ကို ယူစေပြီး မြတ်ဘုရားနှင့် သံဃာတော်များအား ခရီးဦးကြို စေလွှတ်တော်မူပါလို့ လျှောက်ထားလျှင်—

သာဝတ္ထိပြည့်ရှင် ဘုရင်ကောသလလဲ "သူဌေးကြီး ကောင်းလှပါ၏" လို့ မိန့်ကြားပြီး သမီးတော် မမြတ်လေးကို ဖွားဘက်တော် အမျိုးသမီး ငါးရာနှင့်အတူ မြတ်ဘုရားနှင့် သံဃာတော်များအား ခရီးဦးကြိုဆိုရန် လွှတ်လိုက်တယ်၊

သမီးတော် မမြတ်လေးလဲ ဖခင်ဘုရင်ကြီး စေလွှတ်ချက် အရပင် မြတ်ဘုရားနှင့် သံဃာတော်များအား သွားရောက်ကြိုဆိုကာ ဘုရားရှင်အား ရှိသေစွာ ရှိခိုးပြီ ပန်းနံ့သာများဖြင့် ပူဇော်ကာ သင့်တင့်တဲ့နေရာမှာ ထိုင်နေသတဲ့။

## ခရီးအကြား သောတာပန် ၂၀၀၀

ဂေါတမဘုရားရှင်လဲ ဘုရင့်သမီးတော် မမြတ်လေးကို အမှူးထားပြီး ရောက်ရှိလာတဲ့ ပရိသတ်ကို တရားဟောကြားတော်မူလျှင် ဒေသနာတော် အဆုံးမှာ ဘုရင့်သမီးတော် မြတ်လေးနှင့်အတူ ဖွားဘက်တော် အမျိုးသမီး ငါးရာ၊ ထိုမှတပါး သတို့သမီးငယ် ငါးရာ၊ ဥပါသိကာမ ငါးရာ၊ ဥပါသကာ ငါးရာတို့ သောတာပတ္တိဖိုလ်ကို ရကြတယ်၊ ခရီးအကြား တနေရာတည်းမှာပင် သောတာပန် ၂၀၀၀-မျှ ဖြစ်ကြတယ်။

## ဒါနပြုသူနှင့် မပြုသူ ခြားနားချက် ပုစ္ဆာဖြစ်ပေါ်လာ

အခါတပါး ဘုရင့်သမီးတော် မမြတ်လေးမှာ ဒါနပြုသူနှင့် ဒါနမပြုသူ နှစ်ဦးတို့ နတ်ဘဝ, လူ့ဘဝ, ရဟန်းဘဝ အရဟတ္တဖိုလ်ကျအောင် ထူးခြားချက် ရှိမရှိဆိုတဲ့ အမေးပုစ္ဆာများ ဖြစ်ပေါ်လာတယ်။

## ဦးဒါနနှင့် ဦးသီလ

ပုစ္ဆာဖြစ်ပေါ်လာပုံ အကြောင်းစုံက ဒီလိုတဲ့—

ကဿပဘုရားရှင် သာသနာတော်မှာ တရားကျင့်ဘက် သူငယ်ချင်း ရဟန်းနှစ်ဦးတို့ အတူတကွ နေကြသတဲ့။

ရဟန်းတော်တဦးက ဒါနကို လက်ကိုင်ထားပြီး 'သာရဏီယဓမ္မ'ကို ဖြည့်ကျင့်တယ်၊ ဆွမ်းခံပြီး ရသမျှ ဘောဇဉ်များကို တပါးသောရဟန်းတို့အား ပေးလှူပြီးမှသာ သုံးဆောင်တယ်။

ရဟန်းတော်တဦးက ဒါနကို ပယ်ရှားပြီး 'ဘတ္တဂ္ဂ'ဝတ်ကို ဖြည့်ကျင့်တယ်၊ စားလောက်ရုံမျှသာ ဆွမ်းခံပြီး တပါးသောရဟန်းတို့အား မပေးလှူဘဲ သုံးဆောင်တယ်။

အချင်းချင်းဆုံးမ နားမကျ

ဒါနကိုလက်ကိုင်ထားတဲ့ ရဟန်းတော်က ဒါနကိုပယ်ရှားတဲ့ ရဟန်းတော်ကို—

"ငါ့ရှင် ဒါနမပြုတဲ့ ပုဂ္ဂိုလ်ဟာ ဒါနရဲ့အကျိုးကို မရနိုင်ပါဘူး၊ ကိုယ်ရလာတဲ့ ဆွမ်းဘောဇဉ်များကို တပါးသောရဟန်းတို့အား ပေးလှူပြီးမှသာ သုံးဆောင်သင့်တယ်"

လို့ ပြောကြားဆုံးမသတဲ့။

ဒါနကိုပယ်ရှားတဲ့ ရဟန်းတော်ကလဲ ဒါနကိုလက်ကိုင်ထားတဲ့ ရဟန်းတော်ကို—

"ငါ့ရှင် သင်ဘာမှမသိတတ်ဘူး၊ ဒကာ ဒကာမတွေ လှူဒါန်းတဲ့ ဆွမ်းဘောဇဉ် များကို မဖျက်ဆီးသင့်ဘူး၊ ကိုယ်စားလောက်ရုံမျှသာ ခံယူပြီး "ဘတ္တဂ္ဂ"ဝတ်ကို ဖြည့်စုံစေသင့်တယ်"

လို့ ပြောကြားဆုံးမသတဲ့။

သူငယ်ချင်း ရဟန်းနှစ်ဦးတို့လဲ တဦးရဲ့ ဩဝါဒကို တဦးနားမကျဘဲ ရှိကြတယ်။

ဦးဒါနက ငါးမျိုးအနိုင်ရ

အဲဒါလို သူငယ်ချင်း ရဟန်းနှစ်ဦးတို့လဲ ကိုယ့်ကျင့်ဝတ်ကို ကိုယ်ဖြည့်ကျင့်ကြပြီး သေသည့်၏အခြားမဲ့မှာ နှစ်ဦးစလုံးပင် နတ်ပြည်မှာသွားပြီး နတ်သားများ ဖြစ်ကြတယ်။

ဒီအခါမှာ ဒါနကို လက်ကိုင်ထားခဲ့တဲ့ ရဟန်းတော်နတ်သားက ဒါနကိုပယ်ရှားခဲ့တဲ့ ရဟန်းနတ်သားထက်—

၁။ အသက်လဲ ပိုရှည်တယ်၊
၂။ အဆင်းလဲ ပိုလှတယ်၊
၃။ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာမှုလဲ ပိုတယ်၊

၄။ အခြံအရံလဲ များတယ်၊

၅။ အစိုးရမှုလဲ များတယ်။

ဒီ အကျိုးငါးပါးဖြင့် အနိုင်ရတယ်။

အဲဒါလို သူငယ်ချင်းရဟန်းနှစ်ဦးတို့လဲ ကဿပဘုရားရှင်နှင့် ဂေါတမဘုရားရှင် နှစ်ဆူအကြားမှာ လူ့ပြည်နတ်ပြည် လှည့်လည်ကျက်လည်ကြတယ်၊ ဖြစ်တိုင်းဖြစ်တိုင်းသော လူ့ဘဝ နတ်ဘဝတွေမှာ ဒါနကို လက်ကိုင်ထားခဲ့တဲ့ ရဟန်းတော်ကသာ ဒါနကိုပယ်ရှားခဲ့တဲ့ ရဟန်းတော်ကို—

၁။ အသက်ရှည်ခြင်း

၂။ အဆင် လှခြင်း

၃။ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း

၄။ အခြံအရံ များခြင်း

၅။ အစိုးရခြင်း

ဆိုတဲ့ အကျိုးငါးပါးဖြင့် အနိုင်ရခဲ့တယ်။

## သူငယ်နှစ်ဦး စကားစစ်ထိုးခဏ်း

အဲဒါလို ဒါနလက်ကိုင်ထားခဲ့တဲ့ ရဟန်းတော်က ဒါနကိုပယ်ရှားခဲ့တဲ့ ရဟန်းတော်ကို ဖြစ်တိုင်းဖြစ်တိုင်းသော လူ့ဘဝ နတ်ဘဝတွေမှာ အကျိုးငါးပါးဖြင့် အနိုင်ရခဲ့ပြီး ဂေါတမဘုရား လက်ထက်တော်အခါမှာ—

ဒါနကို လက်ကိုင်ထားခဲ့တဲ့ ရဟန်းတော်က သာဝတ္ထိပြည့်ရှင် ဘုရင်ကောသလ၏ အခေါင်တွင်းထား မိဖုရားကြီးဝမ်းမှာ ပဋိသန္ဓေ ယူလာခဲ့တယ်။

ဒါနကိုပယ်ရှားခဲ့တဲ့ ရဟန်းတော်က အဲဒီမိဖုရားကြီးရဲ့ အလုပ်အကျွေးမိန်းမဝမ်းမှာ ပဋိသန္ဓေ ယူလာခဲ့တယ်။

နှစ်ဦးစလုံးပင် တနေ့တည်းမှာ ဖွားမြင်ကြတယ်၊ အမည်မှည့်မင်္ဂလာအခါတော်နေ့မှာ သူငယ်ချင်းနှစ်ဦးကို ရေမိုးချိုးပေးပြီး အသရေရှိတဲ့ တိုက်ခန်းမှာ သိပ်ထားခဲ့ပြီး မိခင်နှစ်ဦးလုံးပင် အပြင်ဘက်ထွက်၍ ကိစ္စအထွေထွေ စီရင်ကာနေသတဲ့။

ဒီအခါမှာ ဒါနကိုလက်ကိုင်ထားခဲ့တဲ့ သူငယ်ကလေးက မျက်စိများကိုဖွင့်ပြီး ဟိုကြည့် ဒီကြည့် ကြည့်တဲ့အခါ ရာဇပလ္လင် ထီးဖြူတင်ပြီး စီရင်

ခင်းကျင်း အသရေလင်းသည့် တန်ဆာဆင်ခြင်းနှင့်စပ်တဲ့ အိပ်ရာနေရာ မင်္ဂလာအိမ်တော်ကိုမြင်ရလျှင် "ဩော် ငါတော့ မင်းမျိုးမှာ ဖြစ်ရပေပြီ" လို့ သိတယ်၊ တဖန် ရှေးကောင်းမှုကံကို ဇာတိဿရဉာဏ်ဖြင့် ပြန်လှန်ပြီး ဆင်ခြင်ပြန်လျှင် "ကဿပဘုရားရှင် သာသနာတော်တုန်းက ဖြည့်ကျင့်ခဲ့တဲ့ သာရဏီယဓမ္မဒါနရဲ့ အကျိုးဆက်ကြောင့်"လို့ သိမြင်ပြန်သတဲ့။

တဖန် သူငယ်ချင်းရဟန်းရဲ့ ဖြစ်ရပ်ဌာနကို ဆင်ခြင်ပြန်လျှင် ယုတ်နိမ့်အောက်မွဲ ဆင်းရဲတို့၏ အိပ်ရာနေရာ ဝါးခြမ်းကပ်စီခင်းတဲ့ ညောင်စောင်းငယ်မှာ ပုဆိုးနွမ်းကြီးဖြင့် ရစ်ပတ်ကာ ဆင်းရဲငြိုငြင်းစွာ အိပ်နေရသည်ကို မြင်လျှင် "သင်းဟာ ငါ့စကားကို မနာယူ၊ တပါးသူတို့အား မပေးလှူခဲ့၊ ယခုမူကား ဒါနပါတဲ့ငါက အသာရပေပြီ၊ သင်းကို နှိပ်ကွပ်အုံးမှဘဲ"လို့ ကြံပြီး-

"သမ္မ မမ ဝစနံ နာကာသိ"

လို့ လှမ်းပြီးပြောလိုက်တယ်။

သမ္မ၊ ဒါနကံခေ အိုချစ်မိတ်ဆွေ။ တွံ၊ သင်ချစ်မိတ်ဆွေသည်။ မမ၊ ဒါနကံသာ ငါ၏။ ဝစနံ၊ လှူရန်ပြောကြား ဒါနစကားကို။ နာကာသိ၊ ဟိုခါတုန်းက လုံးဝပယ်ကာ မလိုက်နာခဲ့။

"ဒါနကံခေ အိုချစ်မိတ်ဆွေ....ကဿပဘုရားရှင် သာသနာတော်တုန်းကလေ၊ သင့်ကို 'ဒါနပြုပါ- ဒါနပြုပါ'လို့ ငါတစာစာ ပြောကြားခဲ့တယ် မဟုတ်ပါလား၊ သင်ဟာ ငါ့စကားကို နားမထောင်းခဲ့ဘူး"

လို့ ပြောကြားလျှင်-

ဒါနကို ပယ်ရှားခဲ့တဲ့ သူငယ်ကလေးက ခွန်းတုံ့ပြန်ပြီး-

"ကိံ ဇာတံ"လို့ ပြောကြားလိုက်တယ်။

သမ္မ၊ တရားကျင့်ဘက် မပျက်တူနေ အိုချစ်မိတ်ဆွေ။ ကိံ ဇာတံ၊ သင့်စကားကို ပယ်ရှားသမှု ငါဒါနမပြုခဲ့လို့ အသို့ဖြစ်၍ နေပါသနည်း။

"အို ချစ်မိတ်ဆွေ....သင့်စကားကို ပယ်ရှားပြီး ငါဒါန မပြုခဲ့လို့ ငါ့မှာ ဘာတွေများ ဖြစ်နေပါသလဲ"

ဒီအခါမှာ ဒါနကိုလက်ကိုင်ထားခဲ့တဲ့ သူငယ်ကလေးက "အင်း- ဒါနပါတဲ့ ငါက ဘုရင့်သား၊ ဒါနမပါတဲ့ သင်းက, သူဆင်းရဲငမွဲသား၊ မယှဉ်သာအောင် ကွာခြားနေတာတောင်မှ အရှုံးမပေးသေးဘူး၊ သင်းကို တဖန်ထပ်မံပြီးနှိပ်ကွပ်အုံးမှဘဲ"လို့ ကြံပြီး—

"ပဿ မယှံ သမ္ပတ္တိံ၊ သေတစ္ဆတ္တဿ ဟေဋ္ဌာ သိရိသယနေ နိပန္နောသို၊ တွံ နိစမဉ္စေ ထဒ္ဒအတ္ထရဏမတ္တော နိပန္နောသိ"

လို့ပြောကြားလိုက်တယ်။

သမ္မ၊ ဒါနကံခေ အိုချစ်မိတ်ဆွေ။ မယှံ၊ ဒါနကံပါ ငါ၏။ သမ္ပတ္တိံ၊ ချမ်းမြေ့ရိပ်ငြိမ် မင်းစည်းစိမ်ကြီးကို။ ပဿ၊ မျက်ဝါးထင်ထင် သင်ပင်ရှုလော့။ အဟံ၊ ဒါနကံပါ ငါသည်။ သေတစ္ဆတ္တဿ၊ ထက်ခွင်စိုက်ထူမြတ်သောထီးဖြူ၏။ ဟေဋ္ဌာ၊ အောက်အရပ်ဖြစ်သော။ သိရိသယနေ၊ ကြက်သရေမင်္ဂလာ လက်လက်ဖြာတဲ့ အိပ်ရာထက်၌။ နိပန္နော၊ လျောင်းစက်မှေးမှိတ် အိပ်နေရသည်။ အသ္မိ၊ တကယ်စင်စစ် ယခုပင်ဖြစ်တော့၏။ တွံ၊ ဒါနတံနဲ့ သင်ငမွဲသည်။ နိစမဉ္စေ၊ ကြက်သရေမရှိ ယုတ်နိမ့်ဘိသော ညောင်စောင်းငယ်၌။ ထဒ္ဒအတ္ထရဏမတ္တော၊ ဒါနကံနဲ့ ငဆင်းရဲတို့၏နေရာ ကြမ်းတန်းလှစွာ ပုဆိုးနွမ်းအတွင်း ဝါးကြမ်းခင်းရိပ်သာ၌။ နိပန္နော၊ လျောင်းစက် မှေးမှိတ် အိပ်နေရသည်။ အသိ၊ အကယ်စင်စစ် ယခုပင်ဖြစ်ပါ၏။

"အဟမ်း, အဟမ်း ဘယ့်နှဲ့လဲ မိတ်ဆွေ ငါ့ရဲ့ မင်းစည်းစိမ်ကြီးကို ကြည့်ပါဦးလေ၊ ကဿပဘုရားရှင် သာသနာတုန်းက ငါဒါနပြုခဲ့လို့ ငါ့မှာ ကြက်သရေမင်္ဂလာ လက်လက်ဖြာတဲ့ အိပ်ရာနေရာမှာ အိပ်နေရတယ် မဟုတ်ပါလား၊ သင် ငါ့စကားကို ပယ်ရှားပြီး ဒါနမပြုခဲ့လို့ ဘုန်းမဲ့ကံမဲ့ ငဆင်းရဲတို့၏နေရာ ကြမ်းတန်းလှစွာ ပုဆိုးနွမ်းအတွင်း ဝါးကြမ်းခင်း ရိပ်သာဝယ် အိပ်နေရတယ် မဟုတ်ပါလား"

သို့ကလို ဒါနပါတဲ့ သူငယ်ကလေးက ဒါနမပါတဲ့ သူငယ်ကလေးကို တင်စီးကော်ခတ် ဒါနနဲ့နှိပ်ကွပ် ဂုဏ်ဒြပ်တွေပြပြီး ပြောင်လှောင်ကြည်စယ် ပြက်ရယ်ပြုကာ ပြောကြားတော့ ဒါနမပါတဲ့ သူငယ်ကလေးကလဲ "အင်း- ဒါနအရာမှာတော့ ငါမပြိုင်နိုင်ဘူးဟေ့၊ သူအနိုင်ရပေပြီ၊ သို့သော်

သဒ္ဓါ,သီလ,ပညာကိုတော့သင်းကို ငါပြိုင်နိုင်တယ်၊ ပြိုင်နိုင်တဲ့ သဒ္ဓါ,သီလ, ပညာနှင့်ဘဲ သင်း၏ ဒါန မာန်မာနကို ဟန်ကျပန်ကျနှိပ်ဦးမှဘဲ”လို့ကြံပြီး -

“ကိံ ပန တွံ တေံ နိဿာယ မာနံ ကရောသိ၊
နနု ဝေဠုသလာကာဟိ ကတ္ဝာ ပိလောတိကာယ ပလိ
ဝေဌိတံ သဗ္ဗမေတံ ပထဝိဓာတုမတ္တမေဝ”

လို့ ပြန်လှန်ပြီး ပြောကြားလိုက်တယ်။

သမ္မ၊ ဒါနမာန်ဝေ အိုချစ်မိတ်ဆွေ။ တွံ ၊ဒါနမာန်ဝင် သင်သည်။ တေံ ဒါနံ၊ ဤစည်းစိမ်ပြည့်ဝ အလှူဒါနကို။ နိဿာယ၊ အမှီတကဲ သဟဲပြု၍။ မာနံ၊ ငါတကားဟု ထောင်လွှားဘက်တင်း မာန်တံခွန်ထူခြင်းကို။ ကိံ ကရောသိ၊ ဟုတ်တိဟပ်တိ အသို့ပြုရလေဘိသနည်း။ ဝေဠုသလာကာဟိ၊ အတွေ့ကြမ်းတန်း ဝါးခြမ်းစိတ်တို့ဖြင့်။ ကတွာ၊ ရက်စ်သမှု ကောင်းစွာပြု၍။ ပိလောတိကာယ၊ ဟောင်းမြင်းကြမ်းတန်း ပုဆိုးနွမ်းဖြင့်။ ပလိဝေဌိတံ၊ ချာချာပတ်ပတ် ဖွဲ့ခွေရစ်ပတ်အပ်သော။ ဧတံ သဗ္ဗံ၊ ကဲ့ရဲ့ဖွယ်ကြုံ ဤအလုံးစုံသည်။ ပထဝိဓာတုမတ္တမေဝနနု၊ ကြမ်းတန်းခက်မာ ပထဝီဓာတ်မျှသာဖြစ်သည် မဟုတ်ပါလော။

“ဒါနမာန်ဝင်နေတဲ့ အို ချစ်မိတ်ဆွေ....သင်ဟာ ဒါနကို အမှီပြုပြီး ဘာကြောင့် မာန်မာနတွေ ကြီးနေရတာလဲ၊ ဝါးခြမ်းစိတ် စီခင်းတဲ့ ညောင်စောင်းငယ်မှာ ဟောင်းမြင်းကြမ်းတန်းတဲ့ ပုဆိုးနွမ်းကြီးနှင့် ရစ်ပတ်ကာဖြင့် ကြမ်းတန်းတဲ့ အိပ်ရာနေရာမှာ အိပ်ရခြင်းကို သင်ကဲ့ရဲ့ ပြောကြား ခဲ့တယ်၊ အဲဒီ ကြမ်းတန်းခက်မာတဲ့ သဘောအားလုံးဟာ ပထဝီဓာတ်ချည်း မဟုတ်ပါလား”။

## မမြတ်လေး အကြံဖြစ်ပုံ

အဲဒီလို ဒါနပါတဲ့သူငယ်နှင့် ဒါနမပါတဲ့သူငယ် နှစ်ဦးတို့ အချေအတင် စကားစစ်ခင်းနေကြတုန်း ဖြူးကနဲဆို အမတော်မမြတ်လေး အနီးအပါး ရောက်လာပြီး ကြားရလျှင် ငါ့ရှဲမောင်တော်တို့ အနီးအပါးမှာ စကား ပြောကြားဘို့ရာ တစုံတယောက်သူမျှ မရှိ၊ ယခုကြားရတဲ့ စကားသံသည် ကား မောင်တော်တို့ရဲ့ စကားသံပင် ဖြစ်ပေလိမ့်မယ်လို့ အောက်မေ့ဆင် ခြင်ကာ သူငယ်နှစ်ဦးတို့၏ အနီးအပါး ရှေ့နားသို့ တဖန်တိုးသွားပြီး

တံခါးမှာမှီရပ်လျက် နားမတ်တတ်ဆင်လျှင် ခေတ်ဆိုတဲ့ စကားကိုပင် ကြားရ၍—

ဤခေတ်ဆိုတဲ့ စကားမျိုးသည်ကား ဗာဟိရကအန္ဓပုထုဇဉ် လူရာမဝင်သူတို့၏သန္တာန်တွင် အမှန်ပင် မရှိ၊ ငါ၏မောင်တော်တို့ဟာ စင်စစ်မခွားပါရမီသမ္ဘာရထူးခြားတဲ့ ရဟန်းနတ်သားတို့ ဖြစ်ခဲ့ပလိမ့်မယ်လို့အောက်မေ့ဆင်ခြင်ပြီး ဤသူငယ်ကလေး နှစ်ဦးဟာ ဤကဲ့သို့ အချင်းချင်း စကားပြောကြတယ်လို့များ မိခင်ဖခင်တို့အား အကယ်၍ ငါသွားပြောကြားလိုက်လျှင် ဤသူငယ်ကလေး နှစ်ဦးဟာ လူသားမဟုတ် ဘီလူးတွေဘဲ ဆိုပြီး အိမ်မှ နှင်ထုတ်ကြလိမ့်မယ်၊ ဒါကြောင့် ဒီအကြောင်းကို တပါးသူအားမပြောကြားဘဲ မြတ်ဘုရားအား လျှောက်ထား မေးမြန်းမယ်လို့ အကြံဖြစ်သတဲ့။

## ပုစ္ဆာမေးလျှောက်ရန် ဘုရားထံသွားခြင်း

အဲဒါလို အကြံဖြစ်ပြီး နံနက်စာ သုံးဆောင်ကာ ဖခင်ဘုရင်ကြီး ထံသို့ ချဉ်းကပ်ပြီး 'ဖ ခမည်းတော်မင်းမြတ်....ဒီကနေ့ မြတ်ဘုရားအား ဆည်းကပ်ခစားရန် ချစ်သမီး သွားပါရစေ' လို့ ပန်ကြားလျှောက်ထားလျှင် ဘုရင်ကောသလလဲ သမီးတော်မမြတ်လေးနှင့် ဖွားဘက်တော်များ စီးဘို့ရာရထားငါးရာကို စီရင်စေတယ်၊ သမီးတော် မမြတ်လေးလဲ ပန်းနံ့သာလက်ဆွဲပြီး ဖွားဘက်တော် အမျိုးသမီးငါးရာနှင့်အတူ ရထားစီးကာ ဘုရားရှိရာသို့ သွားကြသတဲ့။

## ပုစ္ဆာမေးလျှောက်ခြင်း

အဲဒါလို ဘုရားရှင်ထံချဉ်းကပ်ပြီး ရှိခိုးသစွာ ရှိခိုးကာ ပုစ္ဆာများကို လျှောက်ထား မေးမြန်းသည်မှာ—

**မမြတ်လေးအမေး** ''ဘုန်းတော် ကြီးတော်မူတဲ့ မြတ်စွာဘုရား....မြတ်ဘုရား၏ တပည့်နှစ်ဦးဟာ သဒ္ဓါ, သီလ, ပညာ တူမျှကြပါတယ်ဘုရား၊ သို့သော် တပည့်တဦးက ဒါနပြုပါတယ်၊ တပည့်တဦးက ဒါနမပြုပါ၊ထိုတပည့်နှစ်ဦးတို့ သေသည်၏အခြားမဲ့မှာ နတ်ပြည်မှာ သွားပြီး နတ်ဖြစ်ကြပါတယ်ဘုရား၊ ဒီလို ဒါနပြုသူနှင့် ဒါနမပြုသူ တပည့်နှစ်ဦးတို့ နတ်ဖြစ်ကြရာ၌ ထူးခြားချက်ရှိပါသလား ဘုရား''

**ဘုရားအဖြေ** "ချစ်သမီးမြတ်လေး ထူးခြားချက်ရှိပေတယ်၊ ချစ်သမီးမြတ်လေး ဒါနပြုတဲ့ တပည့်က ဒါနမပြုတဲ့ တပည့်ကို နတ်ဖြစ်ရာ၌ နတ်မှာဖြစ်တဲ့

၁။ အသက်ရှည်ခြင်း
၂။ အဆင်းလှခြင်း
၃။ ချမ်းသာကြီးခြင်း
၄။ အခြံအရံများခြင်း
၅။ အစိုးရခြင်း

ဆိုတဲ့ အကျိုးငါးပါးဖြင့် သာလွန်ပြီးဖြစ်တယ်"

**မမြတ်လေးအမေး** "ဘုန်းတော်ကြီးတော်မူတဲ့မြတ်စွာဘုရား၊ အဲဒီတပည့်နှစ်ဦးတို့ နတ်ဘဝမှစုတေပြီး ဒီလူ့ဘုံမှာ လူသာဖြစ်ကြပါတယ်ဘုရား၊ ဒီလို ဒါနပြုသူနှင့် ဒါနမပြုသူ တပည့်နှစ်ဦးတို့ လူဖြစ်ကြရာ၌ ထူးခြားချက်ရှိပါသလားဘုရား"

**ဘုရားအဖြေ** "ချစ်သမီး မြတ်လေး ထူးခြားချက် ရှိပေတယ်၊ ချစ်သမီးမြတ်လေး ဒါနပြုတဲ့ တပည့်က ဒါနမပြုတဲ့ တပည့်ကို လူဖြစ်ရာ၌ လူမှာဖြစ်တဲ့–

၁။ အသက်ရှည်ခြင်း
၂။ အဆင်းလှခြင်း
၃။ ချမ်းသာကြီး ခြင်း
၄။ အခြံအရံများခြင်း
၅။ အစိုးရခြင်း

ဆိုတဲ့ အကျိုးငါးပါးဖြင့် သာလွန်ပြီးဖြစ်တယ်"

**မမြတ်လေးအမေး** "ဘုန်းတော်ကြီးတော်မူတဲ့ မြတ်စွာဘုရား.... အဲဒီတပည့်နှစ်ဦးဟာ အိမ်ရာတည်ထောင် လူ့ဘောင်ကို စွန့်ခွါပြီး ရဟန်းပြုကြပါတယ်ဘုရား၊ ဒီလို ဒါနပြုသူနှင့် ဒါနမပြုသူတပည့်နှစ်ဦးတို့ ရဟန်းပြုကြရာ၌ ထူးခြားချက် ရှိပါသလားဘုရား"

ဘုရားအဖြေ “ချစ်သမီး မြတ်လေး ထူးခြားချက်ရှိပေတယ်၊ ချစ်သမီး မြတ်လေး ဒါနပြုတဲ့တပည့်က ဒါနမပြုတဲ့တပည့်ကို ရဟန်း ဖြစ်ရာ၌—

၁။ သင်္ကန်းလှူဒါန်းသူ ပေါများ၍ ထိုလှူဒါန်းသော သင်္ကန်း တို့ကိုသာ အများအားဖြင့် ဝတ်ရုံသုံးဆောင်ရခြင်း၊

၂။ ဆွမ်းလှူဒါန်းသူ ပေါများ၍ ထိုလှူဒါန်းသော ဆွမ်းတို့ကို သာ အများအားဖြင့် ဘုဉ်းပေးသုံးဆောင်ရခြင်း၊

၃။ ကျောင်းလှူဒါန်းသူ ပေါများ၍ ထိုလှူဒါန်းသော ကျောင်း တို့ကိုသာ အများအားဖြင့် နေထိုင်မှီတင်း သုံးဆောင် ရခြင်း၊

၄။ ဆေးလှူဒါန်းသူ ပေါများ၍ ထိုလှူဒါန်းသော ဆေးတို့ကို သာ အများအားဖြင့် မှီဝဲသုံးဆောင်ရခြင်း၊

၅။ သီတင်းသုံးဖော် တို့က နှစ်သက်ဖွယ်သော ကာယကံမှု, ဝစီကံမှု, မနောကံမှု တို့ဖြင့်သာ အပြုများခြင်း၊ နှစ်သက် ဖွယ်သော ပူဇော်ဖွယ်ကိုသာ အပူဇော်များခြင်း

ဆိုတဲ့ အကျိုးငါးပါးဖြင့် သာလွန်ပြီး ဖြစ်တယ်”

မှတ်ရန်။ ။ဤ၌ ဟောလွယ်စေရန် ပါဠိတော်လာ အကျယ်စကား ကို အကျဉ်းအဓိပ္ပါယ်ယူ၍ ရေးလိုက်သည်။

မမြတ်လေးအမေး “ဘုန်းတော်ကြီးတော်မူတဲ့ မြတ်စွာဘုရား.... အဲဒီ တပည့်နှစ်ဦးဟာ အရဟတ္တဖိုလ်ကို ရပြီး ရဟန္တာဖြစ်ကြ ပါတယ်ဘုရား၊ ဒီလို ဒါနပြုသူနှင့် ဒါနမပြုသူ တပည့် နှစ်ဦး တို့ အရဟတ္တဖိုလ်ကို ရပြီး ရဟန္တာ ဖြစ်ကြရာ၌ ထူးခြားချက် ရှိပါသလားဘုရား”

ဘုရားအဖြေ “ချစ်သမီးမြတ်လေး ဒါနပြုသူနှင့် ဒါနမပြုသူတပည့်နှစ်ဦး တို့ အရဟတ္တဖိုလ်ကို ရပြီး ရဟန္တာဖြစ်ကြရာ၌ ထူးခြား ချက် မရှိပေ၊ အရဟတ္တဖိုလ်, အရဟတ္တဖိုလ် ချင်းသာ ဖြစ်ပေတယ်။

### ဒါနပြုထိုက်ပုံ

ဘုန်းတော်ကြီးတော်မူတဲ့ မြတ်စွာဘုရား....အဲ့ဘွယ်ရှိပေစွ, အံ့ဘွယ်ရှိပေစွ၊ ဒါနကို များစွာပြုထိုက်လှပါ၏ဘုရား၊ ဒီဒါနဟာ နတ်ဖြစ်ရာ၌လဲ ကျေးဇူးများလှပါ၏ဘုရား၊ လူဖြစ်ရာ၌လဲ ကျေးဇူးများလှပါ၏ဘုရား၊ ရဟန်း ဖြစ်ရာ၌လဲ ကျေးဇူးများလှပါ၏ဘုရား။

"အလံ ဟိ သုမနေ ဒါနာနိ ဒါတုံ၊ အလံ ပုညာနိ ကာတုံ၊ ဒေဝဘူတဿာပိ ဥပကာရာနိ ပုညာနိ၊ မနုဿ ဘူတဿာပိ ဥပကာရာနိ ပုညာနိ၊ ပဗ္ဗဇိတဿာပိ ဥပ ကာရာနိ ပုညာနိ"

လို့ ဟောကြားတော်မူတယ်။

သုမနေ၊ ချစ်သမီးမြတ်လေး။ ဒါနာနိ၊ နည်းများမဟူ အလှူဝတ္ထု တို့ကို။ ဒါတုံ၊ အယုတ်အလတ် အမြတ်မရွေး လက်မနှေးဘဲ အရေးတယူ အလေးမူပြီး ပေးလှူခြင်းငှါ၊ အလံဟိ-အလံဝေ၊ သင့်တော်လျောက်ပတ် ကောင်းမြတ်တော့သည်သာတည်း။ ပုညာနိ၊ ဖြူစင်မြင့်မြတ် အကျိုးဇာတ် ကို ဖြစ်တတ်စေစု ကောင်းမှုတို့ကို။ ကာတုံ၊ အခွင့်လျော်စွာ ပြုကျင့် ခြင်းငှါ။ အလံဝေ၊ သင့်တော်လျောက်ပတ် ကောင်းမြတ်တော့သည် သာတည်း။ ပုညာနိ၊ ဖြူစင်မြင့်မြတ် အကျိုးဇာတ်ကို ဖြစ်တတ်စေစု ကောင်းမှုတို့သည်။ ဒေဝဘူတဿာပိ၊ နတ်ပြည်နတ်ရွာ နတ်ဖြစ်လာသော သူအားလည်း ဥပကာရာနိ၊ ထူးထူးခြားခြား ကျေးဇူးများလှပါကုန်၏။ ပုညာနိ၊ ဖြူစင်မြင့်မြတ် အကျိုးဇာတ်ကို ဖြစ်တတ်စေစု ကောင်းမှုတို့သည်။ မနုဿဘူတဿာပိ၊ လူ့ပြည် လူ့ရွာ လူဖြစ်လာသော သူအားလည်း။ ဥပကာရာနိ၊ ထူးထူးခြားခြား ကျေးဇူးများလှပါကုန်၏။ ပုညာနိ၊ ဖြူစင် မြင့်မြတ် အကျိုးဇာတ်ကို ဖြစ်တတ်စေစု ကောင်းမှုတို့သည်။ ပဗ္ဗဇိတဿာပိ၊ အိမ်ရာမထောင် ရဟန်းဘောင်၌ နေသောသူအားလည်း။ ဥပကာရာနိ၊ ထူးထူးခြားခြား ကျေးဇူးများလှပါကုန်၏။

### ဒါနအကျိုးပြ ဂါထာများ

တို့မှတဖန် ဂါထာအားဖြင့်လဲ ဟောတော်မူပြန်တယ်။

၁။ ယထာပိ စန္ဒော ဝိမလော၊ ဂစ္ဆံ အာကာသဓာတုယာ။
သဗ္ဗေ တာရာဂဏေ လောကေ၊ အာဘာယ အတိရောစတိ။

၂။ တထေဝ သီလသမ္ပန္နော၊ သဒ္ဓေါ ပုရိသပုဂ္ဂလော။
သဗ္ဗေ မစ္ဆရိနော လောကေ၊ စာဂေန အတိရောစတိ။
၃။ ယထာပိ မေဃော ထနယံ၊ ဝိဇ္ဇုမာလီ သတက္ကကု။
ထလံ နိန္နဉ္စ ပူရေတိ၊ အဘိဝဿံ ဝသုန္ဓရံ။
၄။ ဧဝံ ဒဿနသမ္ပန္နော၊ သမ္မာသမ္ဗုဒ္ဓသာဝကော။
မစ္ဆရိံ အဓိဂဏှာတိ၊ ပဉ္စဌာနေဟိ ပဏ္ဍိတော။
၅။ အာယုနာ ယသသာ စေဝ၊ ဝဏ္ဏေန စ သုခေန စ။
သ ဝေ ဘောဂပရိဗျူဠှော၊ ပေစ္စ သဂ္ဂေ ပမောဒတိ။

၁။ သုမနေ၊ ချစ်သမီးမြတ်လေး။ လောကေ၊ လောကဥ္စ။ အာကာသ ဓာတုယာ၊ ရေးချစ်မထင် ကောင်းကင်ခရီးဓာတ်ဖြင့်။ ဂစ္ဆံ-ဂစ္ဆန္တော၊အရှေ့ လောကဓာတ်မှ ထွက်ပေါ်လတ်၍ အနောက်လောကဓာတ်သို့ ပြေးသွား သော။ဝိမလော၊ ဆီးနှင်းမြူတိမ် သူရိန်မီးခိုး ညစ်မျိုးငါးဖြာ ကင်းစင် ကွာသော။ စန္ဒော၊ ရောင်ဝါထိန်လင်း လမင်းသည်။ သဗ္ဗေ၊ ကြွင်းမဲ့ဥဿုံ အလုံးစုံကုန်သော။ တာရာဂဏေ၊ ကောင်းကင်ယံသွား ကြယ်များအပေါင်း တို့ကို။ အာဘာယ၊ ပြောင်ပြောင် ဝင်းဝင်း အရောင် အလင်းဖြင့်။ အတိရောစတိ ယထာပိ၊ ထူးကဲမောက်ချွန် အလွန်တင့်တယ်သကဲ့သို့။

၂။ တထေဝ၊ ပမာပုံယူ လမင်းအတူသာလျှင်။ လောကေ၊ ရုပ်နှင့် နာမ်မျှ ဖြစ်ပျက်ကြသည့် သတ္တလောက၌။ သီလသမ္ပန္နော၊ ကိုယ်နှင့်နှုတ် ကို ထိန်းချုပ်လုံခြုံ သီလဂုဏ်နှင့်ပြည့်စုံသော။ သဒ္ဓေါ၊ ရတနာသုံးပါး ဂုဏ်တော်များကို လေးစားယုံကြည်ခြင်းရှိသော။ ပုရိသပုဂ္ဂလော၊ သတ္တဝါ ခေါ်ဆို လူပုဂ္ဂိုလ်သည်။ သဗ္ဗေ၊ ကြွင်းမဲ့ဥဿုံ အလုံးစုံကုန်သော။ မစ္ဆရိ နော၊မပေးလှူလို ဝန်တိုသောပုဂ္ဂိုလ်တို့ကို။ စာဂေန၊ ပေးလှူစွန့်ချမြတ်ဒါန ဖြင့်။အတိရောစတိ၊ ထူးကဲမောက်ချွန် အလွန်တင့်တယ်၏။

၃။ ဝိဇ္ဇုမာလီ၊ မိုးသံဝပြင်ကျယ် ကောင်းကင်လယ်၌ မြူးသွယ်ယှက် သန်း လျှပ်စစ်ပန်းရှိသော။ သတက္ကကု၊ ထိုမှ ဤမှ တက်ကာကြွတဲ့ အရာ မကသော တိမ်ထွဋ်ရှိသော။ မေဃော၊ အလျှင်ထန်ပြင်း ရှင်မိုးမင်း သည်။ ထနယံ- ထနယန္တော၊ ပဲ့တင်ထပ်ခုန် သိမ့်သိမ့်တုန်အောင် သံဟုန် ရိုက်ကြုံး ထစ်ချုန်းလျက်။ ဝသုန္ဓရံ၊ လူ့ပြည်တခွင် မြေအပြင်သို့။ အဘိ ဝဿံ- အဘိဝဿန္တော၊ ဖြိုးစွေရွှန်းရွှန်း ရွာသွန်းလျက်။ ထလံ စ၊ မြင့်မူရာ

မှတ် ကုန်းအရပ်ကိုရှင်း။ နိန္နံ စ၊ နိမ့်ရာသတ်မှတ် ချိုင့်ဝှမ်းသော အရပ်ကိုရှင်း။ ပူရေတိ ယထာပိ၊ မြေပြင်မတွေ့အောင် ရေဖြင့်ပြည့်စေသကဲ့သို့။

၄-၅။ ဝေ၊ ပမာပုံယူ မိုးနှင့် အတူ။ သမ္မာသမ္ဗုဒ္ဓသာဝကော၊ သဲကို နှယ်ဘွား ငါဘုရား၏ တပည့်သားဖြစ်သော။ ဒဿနသမ္ပန္နော၊ အဦး မဂ်ဉာဏ် ဂုဏ်ရည်လျှံသည့် သောတာပန်ဖြစ်သော။ ပဏ္ဍိတော၊ သဒ္ဓါ ပေါထူ ပေးလှူတတ်သည့် ပညာရှိသည်။ အာယုနာ စ၊ ရုပ်နာမ်နှစ်တွေ ဇီဝိတိန္ဒြေတည် အသက်ရှည်ခြင်းဖြင့်လည်းကောင်း။ ယသသာ စေဝ၊ ပေါများပြည့်လျှံ အခြံအရံဖြင့်လည်းကောင်း။ ဝဏ္ဏေန စ၊ ကိုယ်ရေ အဆင်း လှပပြည့်ဖြိုးခြင်းဖြင့်လည်းကောင်း။ သုခေန စ၊ ကိုယ်စိတ်နှစ်ပြ ချမ်းသာခြင်းဖြင့်လည်းကောင်း။ အဓိပတေယျေန စ၊ အာဏာတန်ခိုး လွှမ်းမိုးရှိန်ကြွ အစိုးရခြင်းဖြင့်လည်းကောင်း။ ဣတိ၊ ဤသို့။ပဥ္စဌာနေဟိ၊ ငါးမျိုးငါးစား ငါးပါးသောအကြောင်းတရားတို့ဖြင့်။ မစ္ဆရိံ၊ မပေး လှူလို နှမြောဝန်တိုသောသူကို။ အဓိဂဏှာတိ၊ သာလွန်တက်ဖြိုး လွှမ်းမိုး၍ ယူနိုင်၏။

သ- သော ပဏ္ဍိတော၊ထိုသဒ္ဓါပေါထူ ပေးလှူတတ်သည့် ပညာရှိသည်။ ဝေ၊ မချွတ်ကေန် အမှန်စင်စစ်။ ဘောဂပရိဗျူဠှော၊ ပမာပုံပြ ရေလျှင် လှသို့ ဒါနအလျှင်ဖြင့် နတ်ပြည်သို့ပို့အပ်သည်ဖြစ်၍။ ဝါ၊ ပေးလှူစွန့်ချ မြတ်ဒါနဖြင့် ဌာနနတ်ပြည် ရောက်စေသည်ဖြစ်၍။ ပေစ္စ၊ ခုဘဝကျွံ တမလွန်၌။ သဂ္ဂေ၊ ငါးဝအာရုံ ကာမဂုဏ်တို့ဖြင့် ပြည့်စုံလွန်မြတ် နတ်ခြောက်ရပ်၌။ ပမောဒတိ၊ စွဲကပ်သန္ဓေ တည်နေ၍ရှင်ပျ မွေ့လျော်ရ၏။

အဓိပ္ပါယ် အကျဉ်း

ဟောတော်မူလိုရင်း အဓိပ္ပါယ်အကျဉ်းကတော့ မိုးကောင်းကင်တွင် ဆီးနှင်းမြူတိမ် သူရိန်မီးခိုး အပြစ်မျိုးတွေ ကင်းစင်ပြီးနေတဲ့အခါ အရှေ့ လောကဓာတ်မှ ထွက်ပေါ်လာတဲ့ လမင်းကြီးဟာ နက္ခတ် ကြယ်တာရာ တွေကို အရောင်အလင်းဖြင့် လွှမ်းမိုးနိုင်တာလို့ နက္ခတ် ကြယ်တာရာတွေရဲ့ အလယ်မှာ ကြက်သရေတမြမြဖြင့် အလွန်အမင်း တင့်တယ်လှသလိုပင် ဘုရား, တရား, သံဃာဆိုတဲ့ ရတနာသုံးပါးကို ကြည်ညိုမှု,ကံ,ကံ၏အကျိုး ကို ယုံကြည်မှု သဒ္ဓါ၊ အကုသိုလ် မဖြစ်ပွားရအောင် ကိုယ်နှင့်နှုတ်ကို စောင့်စည်းမှု သီလ၊ အရာရာကို မှန်စွာသိတတ်တဲ့ ပညာ၊ စွန့်ကြဲပေးကမ်း

လှူဒါန်းမှုဒါနတို့နှင့် ပြည့်ဝတဲ့ ငါဘုရားရဲ့ တပည့်သာဝကဟာလဲ မပေးလှူလို ဝန်တိုစိတ်ထား ပုဂ္ဂိုလ်များကို ပေးလှူမှုဒါနဖြင့် လွှမ်းမိုးနိုင်တယ်၊ ဒါနမပြုတဲ့ ပုဂ္ဂိုလ်များအလယ်မှာ ဒါနဖြင့်ပင် တင့်တယ်ထယ်ဝါ အနိုင်ယူလာခဲ့တယ်။

လောကဥပမာ ပုံတူရှားပြီး ပြရပါလျှင် အရာမကတဲ့ တိမ်ထွင့်တွေနှင့် တက်လာပြီးလျှပ်စစ်လျှပ်ပန်းတွေ တဖျတ်ဖျတ်ပွင့်လန်းကာ အလျှင်ထန်စွာ ရွာသွန်း တဲ့မိုးသီးမင်းဟာ ကုန်းရေချိုင့်ပါ မြေပြင်မတွေ့အောင် ရေဖြင့် လွှမ်းမိုးစေသကဲ့သို့ပင် စွန့်ကြဲပေးကမ်း လှူဒါန်းတတ်တဲ့ ငါဘုရားရဲ့တပည့်သာဝကဟာလဲ မပေးလှူလို ဝန်တိုတဲ့ ပုဂ္ဂိုလ်တွေကို နတ်, လူ, ရဟန်း ဘဝတွေမှာ—

၁။ အသက်ရှည်ခြင်း
၂။ အဆင်းလှခြင်း
၃။ ချမ်းသာကြီးခြင်း
၄။ အခြံအရံများခြင်း
၅။ အစိုးရခြင်း

ဆိုတဲ့ အကျိုးငါးပါးဖြင့် လွှမ်းမိုးကာအနိုင်ရပြီး အဆုံးဘဝမှာ နိဗ္ဗာန်ချမ်းသာကြီးကို မျက်မှောက်ပြုရပါလိမ့်မယ်လို့ ဟောတော်မူတယ်။

## ဒါနပါရမီကို ပြည့်အောင်ဖြည့်ပါ

ဤသို့လျှင် ရှင်တော်ဘုရား ဒါနအကျိုး တန်ခိုးထွားပုံကို ဟောကြားတော်မူခဲ့ခြင်းကြောင့် အလှူခံပုဂ္ဂိုလ်လာလျှင် အယုတ်, အလတ်, အမြတ် မရွေး လက်မနှေးဘဲ လှူပါ,တမ်းပါ,ပေးပါ, ကမ်းပါ၊ ခုလို သာသနာတော်ခေတ်မြတ်ကြီးနှင့်လဲကြုံ အသိဉာဏ်တွေကလဲစုံ လှူဘွယ်ပစ္စည်းတွေကလဲ လက်ထဲမှာစုပုံနေတုန်း ကြိုးစားပမ်းစား လှူဒါန်းပြီး ထားလိုက်ပါလျှင် နိဗ္ဗာန်မရခင် သံသရာတခွင်မှာတော့ အောက်ကျ နောက်ကျ ဘဝမျိုးမှာ မဖြစ်ရဘဲ အထက်တန်းကျကျ မျက်နှာပန်းလှလှနှင့် ချမ်းချမ်းသာသာ ဖြစ်ကြရမှာဘဲ။

ယခုမျက်မြင်ဘဝမှာပင် ပစ္စည်းဥစ္စာ ကြွယ်ဝ ချမ်းသာသူတွေတိုင်း ဒါနပြုခဲ့ကြလို့ ဒါနမျိုးစေ့အောင်လို့ ကြွယ်ဝချမ်းသာကြတယ်လို့ မှတ်ရ

မယ်၊ ဆင်းရဲမွဲတေတဲ့ ပုဂ္ဂိုလ်တွေတိုင်း ဒါနမပြုခဲ့ကြလို့ ဒါနမျိုးစေ့ မအောင်လို့ ဆင်းရဲမွဲတေကြတယ်လို့ မှတ်ရမယ်၊ "မရှိလို့ မလှူ၊ မလှူလို့မွဲ" ဆိုတာမျိုးလို ဆင်းရဲမွဲတေလို့ ခုဘဝမှာ စွန့်ကြဲပေးကမ်း လှူဒါန်းမှု ဒါန မပြုပြန်လျှင်လဲ နောင်ဘဝအဆက်ဆက်မှာ ဆင်းရဲမွဲတေ အောက်ကျ နောက်ကျ ဘဝတွေ အတောမသတ်အောင် လာပါလိမ့်မယ်၊ဒါ့ဒင်မကသေး ဘူး၊ မပေးလှူဘဲနေလျှင် ဒါနပါရမီကို မဖြည့်လျှင် ပါရမီမပြည့်ခြင်း ကြောင့် နိဗ္ဗာန်ချမ်းသာကြီးကိုပင် မရနိုင်၊ ဒါကြောင့် လူချမ်းသာ, နတ်ချမ်းသာ, နိဗ္ဗာန်ချမ်းသာဆိုတဲ့ ချမ်းသာသုံးပါးကို လိုလားတဲ့ အမျိုး သား အမျိုးသမီးတိုင်းပင် လှူဒါန်းပေးကမ်းမှုဆိုတဲ့ ဒါနပါရမီကို ပြည့်စုံ အောင် ဖြည့်ကြကုန်ရာသတည်း။

## ဒါနသဘာဝနှင့် အကျိုးပေးပုံ

ဒီဒါနရဲ့ သဘာဝကို ပဓာနအားဖြင့် ပြရပါလျှင် စေတနာဘဲ ပြရပါ လိမ့်မယ်၊ ပုဗ္ဗစေတနာ, မုဉ္စစေတနာ, အပရစေတနာ၊ ဒီ ဒါနကုသိုလ် စေတနာတွေဟာ အလှူရှင်ရဲ့ ခန္ဓာအစဉ်မှာ အကြိမ်ပေါင်း များစွာ ဖြစ်ပြီး ချုပ်သွားတယ်၊ ချုပ်ပင်ချုပ်ခဲ့သော်လဲ အချည်းနှီး အလဟဿ ချုပ်ခဲ့ကြတာမဟုတ်ဘူး၊ နောင်အခါ အခွင့်သာတိုင်း အကျိုးပေးဘို့ရန် သတ္တိစွမ်းကလေးချန်ပြီး ချုပ်ခဲ့တယ်၊ အဲဒီသတ္တိစွမ်းကလေးက အလှူရှင် သွားလေရာ အရိပ်ပမာ တကောက်ကောက်ပါပြီး အခွင့်သာတိုင်း, အခွင့် သာတိုင်း အလှူရှင်ကို လောကအလယ်တွင် မျက်နှာမငယ်ရအောင် ကူညီ စောင်မလျက် နိဗ္ဗာန်ကျအောင် အကျိုးပေးပါတော့သည်။

## သစ္စာလေးပါး

### ဒုက္ခသစ္စာ

ဝဋ်အတွင်းမှာ သတ္တဝါရယ်လို့ ရုပ်နာမ်ခန္ဓာတွေ ဖြစ်နေသမျှ မုချ 'ဒုက္ခသစ္စာ'ဆင်းရဲတာအမှန်လို့ မှတ်ရမယ်။

### သမုဒယသစ္စာ

သတ္တဝါခေါ်စရာ ရုပ်နာမ်ခန္ဓာတွေ ဘဝမပြတ်ဖြစ်နေအောင် ဖန်တီး တည်ထောင်ပေးတဲ့ တဏှာလောဘကို 'သမုဒယသစ္စာ' ဆင်းရဲကို ဖြစ်စေ တတ်တာအမှန်လို့ မှတ်ရမယ်။

## နိရောဓသစ္စာ

တဏှာလောဘကို အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ ပယ်လိုက်ခြင်းကြောင့် ရုပ်နာမ်မျိုးစေ့ပြတ်သွားပြီး နောက်ထပ်တခါ ဘဝသစ်မှာ သတ္တဝါခေါ် စရာ ရုပ်နာမ်ခန္ဓာတွေ မဖြစ်ပေါ်လာခြင်း နိဗ္ဗာန်ကို 'နိရောဓသစ္စာ' ဆင်းရဲ ချုပ်ငြိမ်းတာအမှန်လို့ မှတ်ရမယ်။

## မဂ္ဂသစ္စာ

တဏှာလောဘကို အကြွင်းမဲ့ပယ်ဖျက်ပြီး နိဗ္ဗာန်သို့သက်စေတဲ့ အင်္ဂါ ၈ ကမဂ်ကို 'မဂ္ဂသစ္စာ'ဆင်းရဲချုပ်ငြိမ်းကြောင်းအကျင့် အမှန်လို့ မှတ်ရမယ်။

## သစ္စာမြင်အောင်ကျင့်ပါ

ဤကဲ့သို့ သစ္စာလေးပါး မြတ်တရားကို မှတ်သားကျင့်ကြံ ဖန်ဖန် အားထုတ် ပြုလုပ်ကြကုန်ရာသတည်း။

## တရားသိမ်း

ကဲ—တရားလဲ ပြီးဆုံးသွားပြီ၊ နိဂုံးအုပ်ကာ အချုပ်ဂါထာကလေးနှင့် တရားသိမ်းကြစို့ရဲ့။

ဒေသိတံ ဒါနဗုဒ္ဓေန၊သုဏိတွာ ဒါနဒေသနံ။
အဘိနန္ဒနစိတ္တေန၊ 'သာဓု သာဓူ'တိ ဘာသထ။

ဘောဒ္ဓော၊ တရားနာနေကြတဲ့ အို-ဒကာ,ဒကာမတို့။ တုမှေ၊ တရား ခင်မင် သင်သူတော်စင်တို့သည်။ ဒါနဗုဒ္ဓေန၊ ဒါနအမျိုးအံစား အကျိုး များကိုပိုင်းခြားသိမြင် ဘုရားရှင်သည်။ဒေသိတံ၊စည်းကမ်းကျနဲ့နည်းလမ်း ချ၍ ဟောပြတော်မူအပ်သော။ ဒါနဒေသနံ၊ ပါရမီအစ ကျင့်ဘွယ်ပြသည့် ဒါနဒေသနာတော်ကို။ သုဏိတွာ၊ယုံကြည်လေးစား မှတ်သားနာယူပြီး၍။ အဘိနန္ဒနစိတ္တေန၊ ရှင်လန်းအားတက် အလွန်နှစ်သက်သော စိတ်ဖြင့်။ သာဓု သာဓူတိ၊ နိဗ္ဗာန်မင်ဖိုလ် ရပါလိုဟု ပတ္တနာပြု သာဓု, သာဓု, သာဓု ဟူ၍။ ဘာသထ၊ သာယာချိုမြ သုံးကြိမ်ကျအောင် ဆိုလိုက်ကြ ကုန်လော့။

(သာဓု သာဓု သာဓု)

ဒါနတရားတော် ပြီး၏။

(ပဉ္စကနိပါတ် အင်္ဂုတ္တိုရ် သုမနဝဂ် သီဟသေနာပတိသုတ်)

# ဒါနတရားတော်

## တရားအချီ

### ဒါန၏သာမည လောကီအကျိုး ၅ ပါး

သန္ဒိဋ္ဌိကာနိ စတ္တာရိ၊
ကေဥ္စ သမ္ပရာယိကံ။
ဒါနဖလာ ဣမေ ပဉ္စ၊
သမ္ဗုဒ္ဓေန သုဒေသိတာ။

သန္ဒိဋ္ဌိကာနိ၊ ကိုယ်တိုင် ကိုယ်ကျ ရှုမြင်ရသည့် မျက်မှောက်ဘဝ၌ ဖြစ်ကုန်သော။ စတ္တာရိ၊ ဗိုလ်လူချစ်မြတ် ဆည်းကပ်သူတော် ဂုဏ်နေ့ကျော်ကြား ရဲရင့်အားဖြင့် အကျိုးလေးပါးတို့ရင်း။ သမ္ပရာယိကံ၊ ခန္ဓာပျက်ကျ တမလွန်၌ဖြစ်သော။ ကေဥ္စ၊ နတ်ပြည်သို့လား အကျိုးတပါးရင်း။ ဣတိ၊ ဤသို့။ ပဉ္စ၊ နှစ်ရပ်ပေါင်းငြား ငါးပါးကုန်သော။ ဣမေ ဒါနဖလာ၊ ဤ မျက်မှောက်တမလွန် နှစ်ဘန်ရငြား ဒါန၏ အကျိုးတရားတို့ကို။ သမ္ဗုဒ္ဓေန၊ မျက်မှောက်တမလွန် ဒါန၏ အာနိသင်ကို မြင်တော်မူသော ဘုရားရှင်သည်။ သုဒေသိတာ၊ ဝေဘန်ပိုင်းခြား၍ ကောင်းစွာ ဟောကြားအပ်ကုန်၏။

ယခုဘဝမျက်မြင် မသေခင်မှာပင် အကျိုးလေးပါး၊ သေလွန်ပြီးနောက် အကျိုးတပါးအားဖြင့် ဒါန၏ သာမည လောကီ အကျိုးငါးပါးကို ရှင်တော်ဘုရား ဟောကြားတော်မူခဲ့တယ်။

### မျက်မှောက် အကျိုးလေးပါး

၁။ လူရှင်အပေါင်းတို့ ချစ်မြတ်နိုးခြင်း
၂။ သူတော်ကောင်းတွေ ချဉ်းကပ်ခြင်း
၃။ ကောင်းသောသတင်း ကျော်စောခြင်း

သုမနဝဂ်(က)၁၀၀–၃၄

၄။ ရဲရဲတင်းတင်း ပရိသတ်သို့ ချဉ်းကပ်ရခြင်း
အားဖြင့် လေးပါးပင် ဖြစ်တယ်။

**တမလွန် အကျိုးတပါး**

၁။ သေသည်၏ အခြားမဲ့မှာ နတ်ပြည်သို့ လားရောက်ရခြင်းပင် ဖြစ်တယ်။

ဒီ ဒါနရဲ့ သာမည လောကီအကျိုးငါးပါးကို ဒါနပြုတဲ့ အလှူရှင်တိုင်း ပင် ရတယ်။

## စစ်သူကြီးသီဟဝတ္ထု

### ဒါနအကျိုးငါးပါး ဟောကြားခဲ့ပုံ

အလှူ့ရှင်တိုင်း ရနိုင်တဲ့ ဒါနရဲ့ သာမည လောကီ အကျိုးငါးပါးကို စစ်သူကြီးသီဟအား ရှင်တော်ဘုရား ဟောကြားတော်မူခဲ့တယ်။

အခါတပါး ရှင်တော်ဘုရားဟာ ဝေသာလီပြည်၏အနီး မဟာဝုန် တောရကျောင်းမှာ သီတင်းသုံးတော်မူတယ်၊ ထိုအခိုက်မှ သီဟအမည် ရှိတဲ့ စစ်သူကြီးတဦးဟာ ဘုရားရှင်ထံချဉ်းကပ်ပြီး ရိုသေစွာ ရှိခိုး၍ ဒါနရဲ့ အကျိုးတို့ကို သို့ကလို လျှောက်ထားမေးမြန်းတယ်။

**သီဟ** "ဘုန်းတော်ကြီးတော်မူတဲ့ မြတ်စွာဘုရား....မျက်မှောက်ထင်ထင် ယခုဘဝမှာပင် ရနိုင်တဲ့ ဒါနရဲ့ အကျိုးအာနိသင်များကို ပြနိုင် ပါမလား ဘုရား"

ဘုရား "ဒကာတော်သီဟ.... ပြနိုင်ပါတယ်၊ ဒကာတော်သီဟ.... စွန့်ကြဲ ပေးကမ်းလှူဒါန်းလေ့ရှိတဲ့ အလှူ့ရှင်ကို လူရှင်အပေါင်းတို့ ချစ်မြတ် နိုးကြတယ်၊ ဒကာတော်သီဟ...ဤသည်ပင်လျှင် မျက်မှောက် ထင်ထင် ယခုဘဝမှာပင် ရနိုင်တဲ့ ဒါနရဲ့ ပဌမအကျိုး အာနိသင် တပါးပင် ဖြစ်တယ်။

"ဒကာတော်သီဟ.. စွန့်ကြဲပေးကမ်း လှူဒါန်းလေ့ရှိတဲ့ အလှူ့ ရှင်ထံသို့ ဘုရားပစ္စေကဗုဒ္ဓါ သာဝကအပေါင်း အလှူခံ သူတော် ကောင်းတွေချဉ်းကပ်ကြတယ်၊ဒကာတော်သီဟ....ဤသည်ပင်လျှင်

မျက်မှောက်ထင်ထင် ယခုဘဝမှာပင် ရနိုင်တဲ့ ဒါနရဲ့ ဒုတိယအကျိုး အာနိသင် တပါးပင် ဖြစ်တယ်”

“ဒကာတော်သီဟ....စွန့်ကြဲပေးကမ်း လှူဒါန်းလေ့ရှိတဲ့ အလှူ့ ရှင်အား ကောင်းသော သတင်း ကျော်စောခြင်းကို ရတယ်၊ ဒကာ တော်သီဟ....ဤသည်ပင်လျှင် မျက်မှောက်ထင်ထင်ယခုဘဝမှာပင် ရနိုင်တဲ့ ဒါနရဲ့ တတိယအကျိုး အာနိသင် တပါးပင် ဖြစ်တယ်။

“ဒကာတော်သီဟ.... စွန့်ကြဲပေးကမ်း လှူဒါန်းလေ့ရှိတဲ့ အလှူ့ ရှင်ဟာ ကြောက်ရွံ့ခြင်းကင်း ရဲတင်းစွာပင် ကြည်လင်ရွှင်ပျ မျက်နှာလုလုနှင့် ပရိသတ်လေးပါးသို့ ချဉ်းကပ်ရတယ်၊ ဒကာတော် သီဟ.... ဤသည်ပင်လျှင် မျက်မှောက်ထင်ထင် ယခုဘဝမှာပင် ရနိုင်တဲ့ ဒါနရဲ့ စတုတ္ထအကျိုး အာနိသင် တပါးပင် ဖြစ်တယ်”

ဒကာတော်သီဟ.... စွန့်ကြဲပေးကမ်း လှူဒါန်းလေ့ရှိတဲ့ အလှူ့ ရှင်ဟာ သေသည်၏ အခြားမဲ့မှာ နတ်ပြည်သို့ လားရောက်ရတယ်၊ ဒကာတော်သီဟ....ဤသည်ပင်လျှင် တမလွန်တွင် ရနိုင်တဲ့ ဒါနရဲ့ ပဥ္စမအကျိုး အာနိသင်တပါးပင် ဖြစ်တယ်”

## တမလွန်အကျိုးကို နှစ်သက်ခြင်း

စစ်သူကြီးသီဟလဲ ဒါနရဲ့ အကျိုးငါးပါးကို နာကြားပြီး မြတ်ဘုရား အား ဤကဲ့သို့ ပြန်ကြားလျှောက်ထားသတဲ့။

“ဘုန်းတော်ကြီးတော်မူတဲ့ မြတ်စွာဘုရား....ဒါနရဲ့ မျက်မှောက်အကျိုး လေးပါးကို မြတ်ဘုရား ဟောကြားတော်မူပါ၏ဘုရား၊ တပည့်တော် သီဟသည် ဒီဒါနရဲ့ မျက်မှောက် အကျိုးလေးပါးမှာ မြတ်ဘုရားအား သဒ္ဓါတရားဖြင့် မဆည်းကပ် မလုပ်ကျွေးပါ၊ ဒီဒါနရဲ့ မျက်မှောက် အကျိုးလေးပါးကို တပည့်တော်သီဟလဲ သိမြင်ပါ၏ဘုရား။

“ဘုန်းတော်ကြီးတော်မူတဲ့ မြတ်စွာဘုရား.... အလှူ့ဒါယကာ တပည့် တော်သီဟကို လူရှင်အပေါင်းတို့ ချစ်မြတ်နိုးကြပါတယ် ဘုရား၊ဘုန်းတော် ကြီးတော်မူတဲ့ မြတ်စွာဘုရား၊ အလှူ့ဒါယကာ တပည့်တော် သီဟထံသို့ အလှူခံ သူတော်ကောင်းတွေ ချဉ်းကပ်ကြပါတယ်ဘုရား၊ ဘုန်းတော်ကြီး

တော်မူတဲ့ မြတ်စွာဘုရား....အလူဒါယကာ တပည့်တော် သီဟအား 'သီဟခေါ်တဲ့ စစ်ကြီးသူဟာ သာသနာတော်၌ ကုသိုလ်ဒါန ပြုတယ်၊ သံဃာတော်ကို ဆည်းကပ်လုပ်ကျွေးတယ်'လို့ ကောင်းတဲ့ ဂုဏ်သတင်း ကျော်စောခြင်းကို ရပါ၏ဘုရား။

"ဘုန်းတော်ကြီးတော်မူတဲ့ မြတ်စွာဘုရား.... အလှူဒါယကာ တပည့်တော်သီဟသည် ကြောက်ရွံ့ခြင်းကင်း ရဲတင်းစွာပင် ကြည်လင်ရွှင်ပျ မျက်နှာလှလှနှင့် ပရိသတ် လေးပါးသို့ ချဉ်းကပ်ရပါတယ် ဘုရား၊ ဘုန်းတော်ကြီးတော်မူတဲ့ မြတ်စွာဘုရား.... ဒီဒါနရဲ့ မျက်မှောက်အကျိုး လေးပါးကို တပည့်တော်သီဟလဲ သိမြင်ပါ၏ဘုရား၊ တပည့်တော် သီဟ သည် ဒီဒါနရဲ့ မျက်မှောက်အကျိုး လေးပါးမှာ မြတ်ဘုရားအား သဒ္ဓါ တရားနှင့် မဆည်းကပ် မလုပ်ကျွေးပါ။

"ဘုန်းတော်ကြီးတော်မူတဲ့ မြတ်စွာဘုရား.... ဒါနရဲ့ တမလွန်အကျိုး တပါးကို မြတ်ဘုရားဟောကြားတော်မူပါ၏ ဘုရား၊ တပည့်တော် သီဟ သည် ဒီဒါနရဲ့ တမလွန် အကျိုးတပါးမှာ မြတ်ဘုရားအား သဒ္ဓါတရားဖြင့် ဆည်းကပ်လုပ်ကျွေးပါ၏ ဘုရား၊ ဒီဒါနရဲ့ တမလွန် အကျိုးတပါးကို တပည့်တော်သီဟ မသိမြင်ပါ၊ ဘုန်းတော်ကြီးတော်မူတဲ့ မြတ်စွာဘုရား.... အလှူဒါယကာ တပည့်တော် သီဟဟာ သေသည်၏ အခြားမဲ့မှာ နတ်ပြည် သို့ လားရောက်ရပါ၏ဘုရား၊ ဒီဒါနရဲ့ တမလွန်အကျိုးတပါးကို တပည့် တော်သီဟ မသိမြင်ပါ၊ တပည့်တော်သီဟသည် ဒီဒါနရဲ့ တမလွန်အကျိုး တပါးမှာ မြတ်ဘုရားအား သဒ္ဓါတရားဖြင့် ဆည်းကပ်လုပ်ကျွေးပါ၏ ဘုရား"လို့ လျှောက်ထားပါတယ်။

ဘုရားရှင်လဲ "ဒကာတော်သီဟ ဟုတ်ပေ၏၊ စွန့်ကြဲပေးကမ်း လှူဒါန်း လေ့ရှိတဲ့ အလှူ့ဒါယကာဟာ သေသည်၏ အခြားမဲ့မှာ နတ်ပြည်သို့ လားရောက်ရတယ်"လို့ ဟောတော်မူတယ်။

## ဒါနအကျိုး ပြ ဂါထာများ

ထိုမှတဖန် ဂါထာအားဖြင့်လဲ ဟောတော်မူပြန်တယ်။

၁။ ဒဒံ ပိယော ဟောတိ ဘဇန္တိ နံ ဗဟူ၊
ကိတ္တိဉ္စ ပပ္ပောတိ ယသော စ ဝဍ္ဎတိ။

အမက္ကုဘူတော ပရိသံ ဝိဂါဟတိ၊
ဝိသာရဒေါ ဟောတိ နရော အမစ္ဆရီ။

၂။ တသ္မာ ဟိ ဒါနာနိ ဒဒန္တိ ပဏ္ဍိတာ၊
ဝိနေယျ မစ္ဆေရမလံ သုခေသိနော။
တေ ဒီဃရတ္တံ တိဒိဝေ ပတိဋ္ဌိတာ၊
ဒေဝါနံ သဟဗျဂတာ ရမန္တိ တေ။

၃။ ကတာဝကာသာ ကတကုသလာ ဣတော စုတာ၊
သယံပဘာ အနုဝိစရန္တိ နန္ဒနံ။
တေ တတ္ထ နန္ဒန္တိ ရမန္တိ မောဒရေ၊
သမပ္ပိတာ ကာမဂုဏေဟိ ပဉ္စဟိ။

၄။ ကတွာန ဝါကျံ အသိတဿ တာဒိနော၊
ရမန္တိ သဂ္ဂေ သုဂတဿ သာဝကာ။

၁။ သီဟ၊ ဒကာတော်သီဟ။ ဒဒံ·ဒဒန္တော၊ စွန့်ကြဲပေးကမ်း လှူဒါန်းတတ်သော သူသည်။ ပိယော၊ ရှင်လူအပေါင်း နှစ်ထောင်းလေးမြတ် ချစ်ခင်အပ်သည်။ ဟောတိ၊ ဒါနတန်ခိုး အကျိုးအနေ ဖြစ်ပါပေ၏။ဒဒံ-ဒဒန္တံ၊ စွန့်ကြဲပေးကမ်း လှူဒါန်းတတ်သော။ နံ၊ ထိုပုဂ္ဂိုလ်သို့။ ဗဟူ၊ အလှူခံသူ ရှင်လူအပေါင်း များစွာသော သူတော်ကောင်းတို့သည်။ ဘဇန္တိ၊ ဝမ်းသာလေးမြတ် ဆည်းကပ်ကြကုန်၏။ ကိတ္တိဉ္စ၊ စာဂဂုဏ်သတင်း ကျော်စောခြင်းသို့လည်း။ ပပ္ပေါတိ၊ ဒါနပင့်မြှောက် ရောက်လေတော့၏။ ယသော စ၊ တပည့်သားမြေး ကျွန်ကျေးစသား အခြံအရံများသည်လည်း။ ဝဍ္ဎတိ၊ ရက်ရှေ့လများ တစိမ့်စိမ့်ပင် တိုးပွားတော့၏။ အမစ္ဆရီ၊ ပေးကမ်းစွန့်ချ စာဂမောက်မို ဝန်တိုခြင်းမရှိသော။ နရော၊ နရအမည်သာ အလှူ့ဒါယကာသည်။ အမက္ကုဘူတော၊ ထိတ်လန့်ခြင်းမှိုန် တန်ခိုးရှိန်ကြ မျက်နှာလှသည်ဖြစ်၍။ ပရိသံ၊ လူရှင်လေးရပ် ပရိသတ်သို့။ ဝိဂါဟတိ၊ ချဉ်းနင်းကပ်ယှဉ် သက်ဝင်နိုင်၏။ဝိသာရဒေါ၊ ဉာဏ်သောမနဿ အရောက်လှတင့် ရဲရင့်သည်။ ဟောတိ၊ စင်စစ်မသွေ ဖြစ်ပါပေ၏။

၂။ တသ္မာ ဟိ၊ ချမ်းသာပွားတိုး အကျိုးရကောင်း ထိုအကြောင်းကြောင့်လျှင်။ သုခေသိနော၊ သက်သာရာစီး ချမ်းသာကို ရှာမှီးလေ့ရှိကုန်သော။ ပဏ္ဍိတာ၊ ဒါနအကျိုးမြင် ပညာရှင်တို့သည်။ မစ္ဆေရမလံ၊ ဝန်တိုနှဲစေး မစ္ဆေရ အညစ်အကြေးကို။ ဝိနေယျ၊ ဆုံးမဖြစ်တား ပယ်ရှားပြီး၍။ ဒါနာနိ၊ ထမင်းစသား ဆယ်ပါးသော ဝတ္ထုတို့ကို။ ဒဒန္တိ၊ ပေးကမ်းစွန့်ချ လှူဒါန်းကြကုန်၏။ တေ၊ ထိုထမင်း စသား လှူဆယ်ပါးကို တတ်အားကြည်ဖြူ ပေးလှူကြကုန်သော သူတို့သည်။ ဒီဃရတ္တံ၊ ရှည်ကြာလေးမြင့် နေ့ညဥ့်တို့ပတ်လုံး။ တိဒိဝေ၊ တာဝတိံသာ နတ်တို့ရွာ၌။ ပတိဋ္ဌိတာ၊ စွဲကပ်သန္ဓေ တည်နေကြကုန်၏။ တေ၊ အလှူပေးတတ် ဒါနနတ်တို့သည်။ ဒေဝါနံ၊ သဒ္ဓါဖြူလတ် တာဝတိံသာနတ်တို့၏။ သဟဗျဂတာ၊ အပေါင်းအဖော်ရ တကွအဖြစ်သို့ ရောက်ကုန်သည် ဖြစ်၍။ ရမန္တိ၊ မြူးတူး စံပျော် မွေ့လျော်ရကုန်၏။

၃။ ကတာ ဝကာသာ၊ နတ်ပြည် ရောက်ကြောင်း ပြုအပ်ပြီးသော အခွင့်ကောင်းရှိကုန်သော။ ကတကုသလာ၊ နတ်ပြည် ရောက်ကြောင်း ပြုအပ်ပြီးသော ကုသိုလ်ကောင်းရှိကုန်သော။ ပဏ္ဍိတာ၊ ဒါနအကျိုးမြင် ပညာရှင်တို့သည်။ ဣတော၊ ဤမနုဿဌာနီ လူတို့ပြည်မှ။ စုတာ၊ ခန္ဓာပျက်ကြွေ စုတေကြကုန်သည်ဖြစ်၍။ သယံပဘာ၊ တောက်ပြောင်ထိန်လင်း မိမိတို့၏ ကိုယ်ရောင်ကိုယ်ဝါ အလင်းဖြင့်။ နန္ဒနံ၊ အဆန်းစုံစွ ပျော်ပေါင်းခတွဲ မည်ရနန္ဒဝန် နတ်ဥယျာဉ်၌။ အနုဝိစရန္တိ၊ ပျော်ပါးရှင်ကြည် လှည့်လည် ရကုန်၏။ တေ၊ ထိုအလှူပေးတတ် ဒါနနတ်တို့သည်။ တတ္ထ၊ ထိုတာဝတိံသာ နတ်တို့ရွာ၌။ ပဉ္စဟိ၊ ရေတွက်ပိုင်းခြား ငါးပါး ကုန်သော။ ကာမဂုဏေဟိ၊ ဝတ္ထုအာရုံ ကာမဂုဏ်တို့ဖြင့်။ သမပ္ပိတာ၊ ကာကွကုံလုံ ပြည့်စုံသည်ဖြစ်၍။ နန္ဒန္တိ စ၊ စိတ်စက်ကြည်မြ နှစ်လည်းနှစ်သက် ရကုန်၏။ ရမန္တိ စ၊ မြူးတူးရှင်ပျ မွေ့လည်း မွေ့လျော် ကြရကုန်၏။ မောဒရေ-မောဒန္တိ စ၊ စိတ်အလိုပြည့်ရောက် ဝမ်းလည်းဝမ်းမြောက်ကြ ရကုန်၏။

၄။ တာဒိနော၊ တာဒိလက္ခဏာသို့ ရောက်တော်မူပြီးသော။ အသိတဿ၊ တဏှာတည်းဟူသော အနှောင်အဖွဲ့ဖြင့် နှောင်ဖွဲ့ခြင်းမရှိသော

မြတ်ဘုရား၏။ ဝါကျံ၊ အများချမ်းသာ ပွားစေရာဟု မိန့်မှာမြွက်ဖော် စကားတော်ကို။ ကတွာန၊ လိုက်နာကျင့်တုံ ပြုကြကုန်ပြီး၍။ သုဂတဿ၊ ကောင်းသောစကား ကောင်းသောအားဖြင့် ပြောကြားပေတတ် ဘုရား မြတ်၏။ သာဝကာ၊ ဟောတိုင်းလိုက်နာ တပည့်များစွာတို့သည်။ သဂ္ဂေ၊ ရူပ သဒ္ဒ စသည်အာရုံ ကာမဂုဏ်တို့ဖြင့် ပြည့်စုံလွန်မြတ် နတ်ပြည်ရပ်၌။ ရမန္တိ၊ စိတ်အလိုပြည့်ရောက် ဝမ်းမြောက်ကြည်နူး မြူးတူးရွှင်ပျ မွေ့လျော် ကြရကုန်၏။

အသိတဿာတိ ဝါ အဗန္ဓဿ၊ တဏှာဗန္ဓနေန
အဗန္ဓဿာတိ အတ္ထော။ (ဋီကာ)

## ဒါနအကျိုး ရကြမည်

ဤကဲ့သို့ မြတ်ဘုရားက ဒါန၏ အကျိုးတရားများကို စစ်သူကြီးသိဟ အား ဟောကြားတော်မူခဲ့သောကြောင့် ဒီကနေ့ ဒါနပြုကြတဲ့ ဒကာ, ဒကာမတွေလဲ ဒါန၏ အကျိုးများကို ရကြပါလိမ့်မယ်၊ ဒီကနေ့ ဒါနပြုကြ တဲ့ ဒကာ,ဒကာမတွေဟာ ယခုဘဝမှာပင် လူရှင်အပေါင်းတို့ ချစ်ခင်မြတ်နိုး ခြင်းဆိုတဲ့ ဒါနရဲ့ပဌမအကျိုးကို ရကြပါလိမ့်မယ်၊ ဒီကနေ့ ဒါနပြုကြတဲ့ ဒကာ, ဒကာမတွေထံသို့ ဝေးနီးရပ်ခြား သူတော်ကောင်းတွေ ချဉ်းကပ် ခြင်းဆိုတဲ့ ဒါန၏ ဒုတိယအကျိုးကိုလဲ ရကြပါလိမ့်မယ်။

ဒီကနေ့ ဒါနပြုကြတဲ့ ဒကာ,ဒကာမတွေဟာ 'တော်ပါပေ့ရဲ့ ရတနာ သုံးရပ် အမြတ်ဇာတ်ကို ဆည်းကပ်လုပ်ကျွေးတယ်'လို့ ဒီလိုကောင်းတဲ့ ဂုဏ်သတင်း ကျော်စောခြင်းဆိုတဲ့ ဒါန၏ တတိယအကျိုးကိုလဲ ရကြပါ လိမ့်မယ်၊ ဒီကနေ့ ဒါနပြုကြတဲ့ ဒကာ, ဒကာမတွေဟာ ကြောက်ရွံ့ခြင်း ကင်း ရဲတင်းစွာပင် ကြည်လင်ရွှင်ပျ မျက်နှာလှလှနှင့် ပရိသတ်လေးပါးသို့ ချဉ်းကပ်ရခြင်းဆိုတဲ့ ဒါန၏ စတုတ္ထအကျိုးကိုလဲ ရကြပါလိမ့်မယ်၊ ဒီကနေ့ ဒါနပြုကြတဲ့ ဒကာ,ဒကာမတွေဟာ သေသည်၏ အခြားမဲ့မှာ နတ်ပြည်သို့ လားရောက်ရခြင်းဆိုတဲ့ ဒါန၏ ပဉ္စမအကျိုးကိုလဲ ရကြပါလိမ့်မည်။

ၾင်းပြင် ဒီကနေ့ပြုကြတဲ့ ဒါနပါရမီဖြင့် အလှူ့ဒကာ,ဒကာမတွေဟာ နိဗ္ဗာန်ချမ်းသာကြီးကိုလဲ ဧကန်မုချ မျက်မှောက် ပြုကြရပါလိမ့်ဦးမယ်လို့ ယုံကြည်မှတ်သားပြီး ဒါနပါရမီများကို ကြိုးစားကြကုန်ရာသတည်း။

## နာမ်နှင့်ရုပ်ကို ပိုင်းခြားမှတ်သားပုံ

ပေးလှူတဲ့အရာမှာ နာမ်နှင့်ရုပ်ကိုပိုင်းခြားပါလျှင် လှူဖွယ်ဝတ္ထုကို ပေးလှူတဲ့ စေတနာပြဋ္ဌာန်းတဲ့ ကုသိုလ်စိတ္တုပ္ပါဒ် အားလုံးပင် အာရုံသို့ညွတ်တတ်၊ အာရုံကိုသိတတ်တဲ့ သဘောလက္ခဏာကြောင့် နာမ်အမည်ရတယ်၊ ဒီနာမ်တရားဟာ ဘယ်ကိုမှီပြီး ဖြစ်သလဲလို့ ရှာဖွေကြည့်လျှင် ဟဒယဝတ္ထုရုပ်ကို မြင်ပါလိမ့်မယ်၊ အဲဒီ ဟဒယဝတ္ထုရုပ်ရဲ့ မှီရာဖြစ်တဲ့ မဟာဘုတ်, မှီတတ်တဲ့ ဥပါဒါရုပ်တွေကိုလဲ မြင်ပါလိမ့်မယ်၊ ဒီ ဘူတရုပ်, ဥပါဒါရုပ် အားလုံးပင် ဖောက်ပြန်တတ်တဲ့ သဘောလက္ခဏာကြောင့် ရုပ်အမည်ရတယ်။

"နမနလက္ခဏံ နာမံ"

"ရုပ္ပနလက္ခဏံ ရူပံ"

လို့ နာမ်ရဲ့လက္ခဏာ,ရုပ်ရဲ့လက္ခဏာကို အခါခါ ပိုင်းခြားမှတ်သားရမယ်။

## သစ္စာလေးပါး

### ဒုက္ခသစ္စာ

တဖန် ဒီနာမ်တရား ရုပ်တရားအားလုံးပင် ဒုက္ခသစ္စာမည်တယ်။

### သမုဒယသစ္စာ

ဒီ ဒုက္ခသစ္စာကို အမှန်အစ, ဖြစ်ပွားစေတတ်တဲ့ ရှေးဘဝ တဏှာဟာ သမုဒယသစ္စာမည်တယ်။

### နိရောဓသစ္စာ

ဒီ ဒုက္ခသစ္စာ, သမုဒယသစ္စာဆိုတဲ့ သစ္စာနှစ်ပါးတို့ မဖြစ်ပေါ်ခြင်း နိဗ္ဗာန်သည် နိရောဓသစ္စာမည်တယ်။

### မဂ္ဂသစ္စာ

ဒီ နိရောဓသစ္စာ နိဗ္ဗာန်သို့ရောက်ကြောင်း မဂ္ဂင်ရှစ်ပါး အကျင့်တရားသည် မဂ္ဂသစ္စာမည်တယ်၊ ဤကဲ့သို့ သစ္စာလေးပါးကို အကျဉ်းအားဖြင့် ပိုင်းခြားမှတ်သားရမယ်။

## ကြိုးစားပါ

ဤအကျဉ်းနည်း ပိုင်းခြားမှတ်သား ပွားများခြင်းဖြင့် ဉာဏ်ရည်သွက်လက် ထက်မြက်တဲ့ ပုဂ္ဂိုလ်ဖြစ်ခဲ့ပါလျှင် အစဉ်အားဖြင့်တက်ပြီး အရိယာနယ်သို့ ဝင်ရောက်နိုင်ပါတယ်၊ ဒါ့ကြောင့် ဒါနနှင့်စပ်ဆက်ပြီး ကမ္မဋ္ဌာန်းအချက်ကိုလဲ မပျက်မကွက် ပွားများအားထုတ်ကြကုန်ရာသတည်း။

## တရားသိမ်း

ကဲ—တရားလဲ ပြီးဆုံးသွားပြီ နိဂုံးအုပ်ကာ အချုပ်ဂါထာကလေးနှင့် တရားသိမ်းလိုက်ကြစို့။

ဒေသိတံ ဒါနဗုဒ္ဓေန၊
သုဏိတွာ ဒါနဒေသနံ။
အဘိနန္ဒနစိတ္တေန၊
'သာဓု သာဓူ'တိ ဘာသထ။

ဘော၊ တရားနာနေကြတဲ့ အို…ဒကာ,ဒကာမတို့။တုမှေ၊ တရားခင်မင်သင်သူတော်စင်တို့သည်။ ဒါနဗုဒ္ဓေန၊ ဒါနအမျိုးအစား အကျိုးများကို ပိုင်းခြားသိမြင် ဘုရားရှင်သည်။ ဒေသိတံ၊ ဝေနေယျများ ချမ်းသာပွားဘို့ ဟောကြားတော်မူအပ်သော။ ဒါနဒေသနံ၊ ပေးလှူစွန့်ချ အကျိုးရကို ဟောပြတဲ့ ဒါနဒေသနာတော်ကို။ သုဏိတွာ၊ မှတ်မှတ်သားသား ရိုသေစွာ နာကြားကြပြီး၍။ အဘိနန္ဒနစိတ္တေန၊ ရွှင်လန်းအားတက် အလွန်နှစ်သက်သောစိတ်ဖြင့်။ သာဓု သာဓူတိ၊ သာဓု, သာဓု, သာဓု ဟူ၍။ ဘာသထ၊ သာယာချိုမြ သုံးကြိမ်ကျအောင် ဆိုလိုက်ကြကုန်လော့။

(သာဓု သာဓု သာဓု)

ဒါနတရားတော် ပြီး၏။

(ပဉ္စကနိပါတ် အင်္ဂုတ္တိုရ် သုမနဝဂ် ဘောဇနသုတ်)

# ဘောဇဉ် အနုမောဒနာ တရားတော်

## ဘောဇဉ်အလှူ၌ အလှူငါးမျိုး

"ဘောဇနံ ဘိက္ခဝေ ဒဒမာနော ဒါယကော ပဋိဂ္ဂါ
ဟကာနံ ပဉ္စ ဌာနာနိ ဒေတိ၊ ကတမာနိ ပဉ္စ၊ အာယုံ
ဒေတိ၊ ဝဏ္ဏံ ဒေတိ၊ သုခံ ဒေတိ၊ ဗလံ ဒေတိ၊ ပဋိ
ဘာနံ ဒေတိ၊ ဘောဇနံ ဘိက္ခဝေ ဒဒမာနော ဒါယ
ကော ပဋိဂ္ဂါဟကာနံ ဣမာနိ ပဉ္စ ဌာနာနိ ဒေတိ"

ဘိက္ခဝေ၊ သံသရာဘေး လာမည့်အရေးကို မြှော်တွေးရှုငြား အို—ချစ်သားတို့။ ဘောဇနံ၊ ဆွမ်းမုံ့စသား ဘောဇဉ်ငါးပါးကို။ ဒဒမာနော၊သဒ္ဓါဖွေးဖြူ အလေးမူ၍ ပေးလှူသော။ ဒါယကော၊ စာဂမောက်မို ဝန့်တိုကင်းကွာ ဒါယကာသည်။ ပဋိဂ္ဂါဟကာနံ၊ ဒါနကိုစား အလှူခံပုဂ္ဂိုလ်တို့အား။ ပဉ္စ ဌာနာနိ၊ ငါးပါးသောအလှူတို့ကို။ ဒေတိ၊ ပေးလှူသည်မည်၏။

ကတမာနိ ပဉ္စ၊ အဘယ် အလှူ ငါးပါးတို့ နည်းဟူမူကား။ အာယုံ၊ အသက်ရှည်ခြင်းအလှူကို။ ဒေတိ၊ ပေးလှူသည်မည်၏။ ဝဏ္ဏံ၊ အဆင်းလှခြင်းအလှူကို။ ဒေတိ၊ ပေးလှူသည်မည်၏။ သုခံ၊ ကိုယ်စိတ်နှစ်ဖြာချမ်းသာခြင်း အလှူကို။ ဒေတိ၊ ပေးလှူသည်-ည်၏။ ဗလံ၊ ခွန်အားကြီးခြင်း အလှူကို။ ဒေတိ၊ ပေးလှူသည်မည်၏။ ပဋိဘာနံ၊ ပညာကြီးခြင်းအလှူကို။ဒေတိ၊ ပေးလှူသည်မည်၏။

ဘိက္ခဝေ၊ သံသရာဘေး လာမည့်အရေးကို မြှော်တွေးရှုငြား အို–ချစ်သားတို့။ ဘောဇနံ၊ ဆွမ်းမုံ့စသား ဘောဇဉ်ငါးပါးကို။ ဒဒမာနော၊ သဒ္ဓါဖွေးဖြူ အလေးမူ၍ ပေးလှူသော။ ဒါယကော၊ စာဂမောက်မို ဝန့်တိုကင်းကွာ ဒါယကာသည်။ ပဋိဂ္ဂါဟကာနံ၊ ဒါနကိုစား အလှူခံ ပုဂ္ဂိုလ်တို့အား။ဣမာနိ ပဉ္စဌာနာနိ၊ဤငါးပါးသောအလှူတို့ကို။ ဒေတိ၊ပေးလှူသည်မည်၏။

အာယုံ ဒေတီတိ အာယုဒါနံ ဒေတိ၊ ဝဏ္ဏန္တိ သရီရ
ဝဏ္ဏံ၊ သုခန္တိ ကာယိကစေတသိကသုခံ၊ ဗလန္တိ သရီ
ရတ္ထာမံ၊ ပဋိဘာနန္တိ ယုတ္တမုတ္တပ္ပဋိဘာနံ။ (အဋ္ဌကထာ)

ဆွမ်းမုံ့အမဲငါး ဘောဇဉ်များကို ပေးလှူတဲ့ ဒါယကာဟာ အလှူ ငါးပါးကို ပေးလှူသည်မည်တယ်လို့ ဟောတော်မူခဲ့တယ်။

အလှူ ငါးပါး

၁။ အသက်ရှည်ခြင်း အလှူလဲ တပါး၊
၂။ အဆင်းလှခြင်း အလှူလဲ တပါး၊
၃။ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း အလှူလဲ တပါး၊
၄။ ခွန်အားကြီးခြင်း အလှူလဲ တပါး၊
၅။ ပညာကြီးခြင်း အလှူလဲ တပါး၊

ဘောဇဉ်အလှူ၌ အသက်ရှည်ခြင်း အလှူမည်ပုံ

ဟုတ်တာပေါ့၊ "ထမင်းအသက် ခုနစ်ရက်"တဲ့။

ဒီလူ့ဘုံမှာ ဟကြိမ်သုံးဆောင် စားသောက်ထားတဲ့ အစာအာဟာရ ဖြင့် ခုနစ်ရက်တိုင်အောင် မျှတနိုင်ပြီး နောက်ထပ် မစားသုံးလျှင် အသက် သေဆုံးသွားမည် ဖြစ်တယ်၊ ဒါ့ကြောင့် အစာအာဟာရဟာ အသက်ရှည် ခြင်း၏ အကြောင်းဖြစ်တယ်၊ ဆွမ်းမုံ့စတဲ့ ဘောဇဉ် အာဟာရများကို ပေးလှူခြင်းသည် အသက်ရှည်ခြင်း အလှူကို ပေးလှူသည်မည်တယ်။

ဘောဇဉ်အလှူ၌ အသက်ရှည်ခြင်းအကျိုးရပုံ

ဒါ့ကြောင့် ဆွမ်းကျွေး ဆွမ်းလှူစတဲ့ ပုဂ္ဂိုလ်တွေ၊ မုံ့ဆွမ်းကျွေး မုံ့ဆွမ်း လှူတဲ့ ပုဂ္ဂိုလ်တွေ၊ တစုံတခုသော ဘောဇဉ်အာဟာရ လှူဒါန်းကြတဲ့ ပုဂ္ဂိုလ်တွေ၊ ဒီပုဂ္ဂိုလ်တွေဟာ အသက်ရှည်ခြင်း အလှူကို ပေးလှူသည် မည်ခြင်းကြောင့်—

"အာယုံ ခေါ ပန ဒတွာ အာယုဿ ဘာဂီ
ဟောတိ ဒိဗ္ဗဿ ဝါ မာနုဿဿ ဝါ"

လို့ ဟောတော်မူသည်နှင့်အညီ—

အကြောင်းကံနှင့်တူတဲ့ အသက်ရှည်ခြင်းအကျိုးကို ရမယ်၊ နတ်ဖြစ်လဲ အသက်ရှည်မယ်၊ လူဖြစ်လဲ အသက်ရှည်မယ်၊ ဖြစ်တိုင်း ဖြစ်တိုင်းသော နတ်ဘဝ, လူ့ဘဝတွေမှာ အသက်ရှည်ခြင်းအကျိုးကို ရမယ်။

အန္နဒေါ အာယုဒေါ ဟောတိ၊ အာယုံ ဒတွာ စ ပဏ္ဍိတော။
ဒီဃာယု သဒိသော ဟောတိ၊ ယတ္ထ ယတ္ထူ ပပဇ္ဇတိ။

သုမင်္ဂလဝတီ(က)၁၀၀–၃၅

အန္နဒေါ၊ ဆွမ်းမုံ့စသား ဘောဇဉ်များကို တတ်အားကြည်ဖြူ ပေးကမ်းလှူသော။ ပဏ္ဍိတော၊ ဒါနအကျိုးမြင် ပညာရှင်သည်။ အာယုဒေါ၊ ရုပ်နာမ်နှစ်ထွေ ဇီဝိတိန္ဒြေတည် အသက်ရှည်ခြင်း အလှူကို ပေးလှူသည် မည်သည်။ ဟောတိ၊ မှန်စွာမသွေ ဖြစ်ပါပေ၏။ အာယုံ စ၊ ရုပ်နာမ်နှစ်ထွေ ဇီဝိတိန္ဒြေတည် အသက်ရှည်ခြင်းအလှူကိုလည်း။ ဒတွာ၊သဒ္ဓါချွန်မောင် ပူဇော်မြှောက်ချီး ပေးလှူပြီး၍။ ယတ္ထ ယတ္ထ၊ လောကီလူပေါင်း ချမ်းသာကောင်းဟု နှစ်ထောင်းရိပ်မြုံ အကြင်အကြင် လူ့ဘုံနတ်ဘုံ၌။ ဥပပဇ္ဇတိ၊ သန္ဓေစွဲကပ် အမြတ်ဇာတ်နေ ဖြစ်ရလေ၏။ တတ္ထ တတ္ထ၊ လောကီလူပေါင်း ချမ်းသာကောင်းဟု နှစ်ထောင်းရိပ်မြုံ ထိုထို လူ့ဘုံ နတ်ဘုံ၌။ သဒိသော၊ လှူပေးခဲ့မှန် အကြောင်းကံနှင့် ပုံစံမကွာ တူလှစွာသော။ ဒီဃာယု၊ အာယုတမ်း အတိုင်းတည် အသက်ရှည်ခြင်းရှိသည်။ ဟောတိ၊ မှန်စွာမသွေ ဖြစ်ပါပေ၏။

## ဘောဇဉ်အလှူ၌ အဆင်းလှခြင်းအလှူမည်ပုံ

ဆွမ်းမုံ့စတဲ့ ဘောဇဉ်အာဟာရများကို မစားရလျှင် အသားအရေ မကြည်မလင် အားအင်မဖြစ် ရုပ်သစ်မလှ နွမ်းလျညှိုးမှိန် ရုပ်ရေတွေပိန်ပြီး ဝဏ္ဏနြေ့ငါး အဆင်းရူပကာယ မလှမပဘဲ ရှိမယ်၊ ဘောဇဉ် အာဟာရ များကို စားရမှသာလျှင် အသားအရေ ကြည်ကြည်လင်လင် အားအင် တွေဖြစ် ရုပ်သစ်တွေလှ ပြည့်ဝရွှန်းထိန် ရုပ်ရေတွေမပိန်ဘဲ ဝဏ္ဏနြေ့ငါး အဆင်းရူပကာယ လှလှပပ ရှိမယ်၊ ဒါကြောင့် အစာအာဟာရဟာ အဆင်းလှခြင်းရဲ့ အကြောင်းလဲဖြစ်တယ်၊ ဆွမ်းမုံ့စတဲ့ ဘောဇဉ်အာဟာရ များကို ပေးလှူခြင်းသည် အဆင်းလှခြင်းအလှူကို ပေးလှူသည်မည်တယ်။

## ဘောဇဉ်အလှူ၌ အဆင်းလှခြင်းအကျိုးရပုံ

ဒါ့ကြောင့် ဆွမ်းကျွေး ဆွမ်းလှူတဲ့ ပုဂ္ဂိုလ်ကျွေးမုံ့ဆွမ်းကျွေး မုံ့ဆွမ်းလှူတဲ့ ပုဂ္ဂိုလ်တွေ တစုံတခု ဘောဇဉ် အာဟာရ လှူဒါန်းကြတဲ့ ပုဂ္ဂိုလ်တွေ၊ ဒီပုဂ္ဂိုလ်တွေဟာ အဆင်းလှခြင်းအလှူကို ပေးလှူသည် မည်ခြင်းကြောင့်—

"ဝဏ္ဏံ ဒတွာ ဝဏ္ဏဝါ ဘာဂီ ဟောတိ
ဒီဃာယု ဝါ မာနုသော ဝါ"

လို့ ဟောတော်မူသည်နှင့်အညီ—

အကြောင်းကံနှင့်တူတဲ့ အဆင်းလှခြင်းအကျိုးကို ရမယ်၊ နတ်ဖြစ်လဲ အဆင်းလှမယ်၊ လူဖြစ်လဲ အဆင်းလှမယ်၊ ဖြစ်တိုင်း ဖြစ်တိုင်းသော နတ်ဘဝ,လူ့ဘဝတွေမှာ အဆင်းလှခြင်းအကျိုးကို ရမယ်။

အန္နဒေါ ဝဏ္ဏဒေါ ဟောတိ၊
ဝဏ္ဏံ ဒတွာ စ ပဏ္ဍိတော။
ဝဏ္ဏဝါ သံကာသော ဟောတိ၊
ယတ္ထ ယတ္ထူပပဇ္ဇတိ။

အန္နဒေါ၊ ဆွမ်းမုံ့စသား ဘောဇဉ်များကို တတ်အားကြည်ဖြူ ပေးကမ်းလှူသော။ ပဏ္ဍိတော၊ ဒါနအကျိုးမြင် ပညာရှင်သည်။ ဝဏ္ဏဒေါ၊ လှပပြည့်တင်း ကိုယ်အဆင်းမှု အဆင်းလှခြင်း အလှူကိုပေးလှူသည် မည်သည်။ ဟောတိ၊ မုန်စွာမသွေ ဖြစ်ပါပေ၏။ ဝဏ္ဏံ စ၊လှပပြည့်ဘင်း ကိုယ်အဆင်းမှု အဆင်းလှခြင်း အလှူကိုလည်း။ ဒတွာ၊ သဒ္ဓါချွန်မော် ပူဇော်မြှောက်ချီး ပေးလှူပြီး၍။ ယတ္ထ ယတ္ထ၊ လောကီလူပေါင်း ချမ်းသာကောင်းဟု နှစ်ထောင်ရိပ်မြုံ အကြင် အကြင် လူ့ဘုံ နတ်ဘုံ၌။ ဥပပဇ္ဇတိ၊ သန္ဓေစွဲကပ် အမြတ်ဇာတ်ခန ဖြစ်ရပေ၏။ တတ္ထ တတ္ထ၊ လောကီလူပေါင်း ချမ်းသာကောင်းဟု နှစ်ထောင်းရိပ်မြုံ ထိုထို လူ့ဘုံ နတ်ဘုံ၌။ သံကာသော၊ လှူပေးခဲ့မှန် အကြောင်းကံနှင့် ပုံစံမကွာ တူလှစွာသော။ ဝဏ္ဏဝါ၊ ရုပ်ရေ အဆင်း ချောမောလှပခြင်းရှိသည်။ ဟောတိ၊ မုန်စွာမသွေ ဖြစ်ပါပေ၏။

## ဘောဇဉ်အလှူ၌ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းအလှူမည်ပုံ

ဆွမ်းမုံ့စတဲ့ ဘောဇဉ် အာဟာရများကို မစားရလျှင် ဆာလောင်မွတ်သိပ်ခြင်းဒုက္ခဖြင့် နှိပ်စက်ခြင်းကြောင့် ကိုယ်၏ချမ်းသာခြင်း စိတ်၏ ချမ်းသာခြင်းကို မရနိုင်ဘူးပေါ့၊ ဘောဇဉ် အာဟာရများကို စားရမှသာလျှင် ဆာလောင်မွတ်သိပ်ခြင်း ဒုက္ခကင်းပြီး ကိုယ်၏ချမ်းသာခြင်း စိတ်၏ ချမ်းသာခြင်းကို ရနိုင်တယ်၊ ဒါကြောင့် အစာအာဟာရဟာ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း၏ အကြောင်းလဲဖြစ်တယ်၊ ဆွမ်းမုံ့စတဲ့ ဘောဇဉ် အာဟာရများကို ပေးလှူခြင်းသည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းအလှူကို ပေးလှူသည်မည်တယ်။

## ဘောဇဉ်အလှူ၌ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းအကျိုးရပုံ

ဒါ့ကြောင့် ဆွမ်းကျွေး ဆွမ်းလှူတဲ့ ပုဂ္ဂိုလ်တွေ၊ မုံ့ဆွမ်းကျွေး မုံ့ဆွမ်းလှူတဲ့ပုဂ္ဂိုလ်တွေ၊ တစုံတခု ဘောဇဉ်အာဟာရ လှူဒါန်းကြတဲ့ ပုဂ္ဂိုလ်တွေ၊ ဒီပုဂ္ဂိုလ်တွေဟာ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းအလှူကို ပေးလှူသည် မည်ခြင်းကြောင့်—

"သုခံ ဒတွာ သုခဿ ဘာဂီ ဟောတိ
ဒိဗ္ဗဿ ဝါ မာနုသဿ ဝါ"

လို့ ဟောတော်မူသည်နှင့် အညီ—

အကြောင်းကံနှင့် တူတဲ့ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း အကျိုးကို ရမယ်၊ နတ်ဖြစ်လဲ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာမယ်၊ လူဖြစ်လဲ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာမယ်၊ ဖြစ်တိုင်း ဖြစ်တိုင်းသော နတ်ဘဝ, လူ့ဘဝတွေမှာ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းအကျိုးကို ရမယ်။

အန္နဒေါ သုခဒေါ ဟောတိ၊ သုခံ ဒတွာ စ ပဏ္ဍိတော။
သုခဝါ သန္တိဘော ဟောတိ၊ ယတ္ထယတ္ထု' ပပဇ္ဇတိ။

အန္နဒေါ၊ ဆွမ်းမုံ့စသား ဘောဇဉ်များကို တတ်အားကြည်ဖြူ ပေးကမ်းလှူသော။ ပဏ္ဍိတော၊ ဒါနအကျိုးမြင် ပညာရှင်သည်။ သုခဒေါ၊ ကာယစိတ္တ သုခနှစ်ဆူ ချမ်းသာအလှူကို ပေးလှူသည် မည်သည်။ ဟောတိ၊ မုန်စွာမသွေ ဖြစ်ပါပေ၏။ သုခံ စ၊ ကာယစိတ္တ သုခနှစ်ဆူ ချမ်းသာခြင်း အလှူကိုလည်း။ ဒတွာ၊ သဒ္ဒါချွန်မော် ပူဇော်မြှောက်ချီး ပေးလှူပြီး၍။ ယတ္ထ ယတ္ထ၊ လောကီလူပေါင်း ချမ်းသာကောင်းဟု နှစ်ထောင်းရိပ်မြို့ အကြင် အကြင် လူ့ဘုံ နတ်ဘုံ၌။ ဥပပဇ္ဇတိ၊ သန္ဓေစွဲ ကပ် အမြတ်ဇာတ်နေ ဖြစ်ရလေ၏။ တတ္ထ တတ္ထ၊ လောကီလူပေါင်း ချမ်းသာကောင်းဟု နှစ်ထောင်းရိပ်မြို့ ထိုထို လူ့ဘုံ နတ်ဘုံ၌။ သန္တိဘော၊ လှူးပေးခဲ့မှန် အကြောင်းကံနှင့် ပုံစံမကွာ တူလှစွာသော။ သုခဝါ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းရှိသည်။ ဟောတိ၊ မုန်စွာမသွေ ဖြစ်ပါပေ၏။

## ဘောဇဉ်အလှူ၌ ခွန်အားကြီးခြင်း အလှူမည်ပုံ

ဆွမ်းမုံ့စတဲ့ ဘောဇဉ် အာဟာရများကို မစားရလျှင် အားအင်နည်းပါးပြီး ခွန်အားဗလ ကြီးမားဘွယ်ရာ မရှိနိုင်ဘူးပေါ့၊ ဘောဇဉ် အာဟာရ

များကို စားရမှသာလျှင် အားအင်ကြီးထွားပြီး ခွန်အားဗလ ကြီးမား ဘွယ်ရာ ရှိနိုင်တယ်၊ ဒါ့ကြောင့် အစာအာဟာရဟာ ခွန်အားကြီးခြင်း၏ အကြောင်းလဲ ဖြစ်တယ်၊ ဆွမ်းမုံ့စတဲ့ ဘောဇဉ်အာဟာရများကို ပေးလှူ ခြင်းသည် ခွန်အားကြီးခြင်း အလှူကို ပေးလှူသည်မည်တယ်။

ဘောဇဉ်အလှူ၌ ခွန်အားကြီးခြင်း အကျိုးရပုံ

ဒါ့ကြောင့် ဆွမ်းကျွေးဆွမ်းလှူတဲ့ ပုဂ္ဂိုလ်တွေ၊ မုံ့ဆွမ်းကျွေး မုံ့ဆွမ်း လှူတဲ့ ပုဂ္ဂိုလ်တွေ၊ တစုံတခု ဘောဇဉ်အာဟာရ လှူဒါန်းကြတဲ့ ပုဂ္ဂိုလ် တွေ၊ ဒီပုဂ္ဂိုလ်တွေဟာ ခွန်အားကြီးခြင်း အလှူကို ပေးလှူသည် မည်ခြင်း ကြောင့်—

"ဗလံ ဒတွာ ဗလဿ ဘာဂီ ဟောတိ
ဒိဗ္ဗဿ ဝါ မာနုသဿ ဝါ"

လို့ ဟောတော်မူသည်နှင့်အညီ—

အကြောင်းကံနှင့်တူတဲ့ခွန်အားကြီးခြင်းအကျိုးကို ရမယ်၊ နတ်ဖြစ်လဲ ခွန်အားကြီးမယ်၊ လူဖြစ်လဲ ခွန်အားကြီးမယ်၊ ဖြစ်တိုင်း ဖြစ်တိုင်းသော နတ်ဘဝ၊လူ့ဘဝတွေမှာ ခွန်အားကြီးခြင်းအကျိုးကို ရမယ်။

အန္နဒေါ ဗလဒေါ ဟောတိ၊ ဗလံ ဒတွာ စ ပဏ္ဍိတော။
ဗလဝါ သမာနော ဟောတိ၊ ယတ္ထ ယတ္ထူပပဇ္ဇတိ။

အန္နဒေါ၊ ဆွမ်းမုံ့စသား ဘောဇဉ်များကို တတ်အားကြည်ဖြူ ပေးကမ်း လှူသော။ ပဏ္ဍိတော၊ ဒါနအကျိုးမြင် ပညာရှင်သည်။ ဗလဒေါ၊ကိုယ်စွမ်း အင်အား ကြီးမားမောက်မူ ခွန်အားအလှူကို ပေးလှူသည် မည်သည်။ ဟောတိ၊ မှန်စွာမသွေ ဖြစ်ပါပေ၏။ ဗလံစ၊ ကိုယ်စွမ်းအင်အား ကြီးမား မောက်မူ ခွန်အားအလှူကိုလည်း။ ဒတွာ၊ သဒ္ဓါချွန်မော် ပူဇော် မြှောက်ချီး ပေးလှူပြီး၍။ ယတ္ထ ယတ္ထ၊ လောကီလူပေါင်း ချမ်းသာ ကောင်းဟု နှစ်ထောင်းရိပ်မြုံ အကြင် အကြင် လူ့ဘုံနတ်ဘုံ၌။ ဥပပဇ္ဇတိ၊ သန္ဓေစွဲကပ် အမြတ်ဇာတ်နေ ဖြစ်ရလေ၏။ တတ္ထ တတ္ထ၊လောကီလူပေါင်း ချမ်းသာကောင်းဟု နှစ်ထောင်းရိပ်မြုံ ထိုထို လူ့ဘုံနတ်ဘုံ၌။ သမာနော၊ လှူပေးခဲ့မှန် အကြောင်းကံနှင့် ပုံစံမကွာ တူလှစွာသော။ ဗလဝါ၊ကိုယ်စွမ်း ခွန်အား ကြီးမားခြင်းရှိသည်။ ဟောတိ၊ မှန်စွာမသွေ ဖြစ်ပါပေ၏။

## ဘောဇဉ်အလှူ၌ ပညာကြီးခြင်း အလှူမည်ပုံ

ဆွမ်းမုံ့စတဲ့ ဘောဇဉ်အာဟာရများကို မစားရလျှင် ကိုယ်၏ချမ်းသာခြင်း စိတ်၏ချမ်းသာခြင်းကို မရ၊ သမာဓိမဖြစ်ဘဲ ဉာဏ်ပညာလဲ မဖြစ်နိုင်ဘူးပေါ့၊ဘောဇဉ်အာဟာရများကို စားရမှသာလျှင် ကိုယ်၏ချမ်းသာခြင်း စိတ်၏ချမ်းသာခြင်းကို ရပြီး သမာဓိဖြစ်ကာ ဉာဏ်ပညာလဲ ဖြစ်နိုင်တယ်၊ ဒါ့ကြောင့် အစာအာဟာရဟာ ပညာကြီးခြင်း၏ အကြောင်းလဲဖြစ်တယ်၊ ဆွမ်းမုံ့စတဲ့ ဘောဇဉ်အာဟာရများကို ပေးလှူခြင်းသည် ပညာကြီးခြင်း အလှူကို ပေးလှူသည်မည်တယ်။

## ဘောဇဉ်အလှူ၌ ပညာကြီးခြင်း အကျိုးရပုံ

ဒါ့ကြောင့် ဆွမ်းကျွေးဆွမ်းလှူတဲ့ ပုဂ္ဂိုလ်တွေ၊ မုံ့ဆွမ်းကျွေး မုံ့ဆွမ်းလှူတဲ့ ပုဂ္ဂိုလ်တွေ၊ တစုံတခု ဘောဇဉ်အာဟာရ လှူဒါန်းကြတဲ့ ပုဂ္ဂိုလ်တွေ၊ ဒီ ပုဂ္ဂိုလ်တွေဟာ ပညာကြီးခြင်းအလှူကို ပေးလှူသည် မည်ခြင်းကြောင့်—

"ပဋိဘာနံ ဒတွာ ပဋိဘာနဿ ဘာဂီ
ဟောတိ ဒိဗ္ဗဿ ဝါ မာနုဿဿ ဝါ"

လို့ ဟောတော်မူသည်နှင့် အညီ—

အကြောင်းကံနှင့်တူတဲ့ ပညာကြီးခြင်းအကျိုးကို ရမယ်၊ နတ်ဖြစ်လဲ ပညာကြီးမယ်၊ လူဖြစ်လဲ ပညာကြီးမယ်၊ဖြစ်တိုင်း ဖြစ်တိုင်သော နတ်ဘဝ, လူ့ဘဝတွေမှာ ပညာကြီးခြင်း အကျိုးကို ရမယ်။

အန္နဒေါ ဉာဏဒေါ ဟောတိ၊
ဉာဏံ ဒတွာ စ ပဏ္ဍိတော။
ပညဝါ သန္တိဘော ဟောတိ၊
ယတ္ထ ယတ္ထူပပဇ္ဇတိ။

အန္နဒေါ၊ ဆွမ်းမုံ့စသား ဘောဇဉ်များကို တတ်အားကြည်ဖြူ ပေးကမ်းလှူသော။ ပဏ္ဍိတော၊ ဒါနအကျိုးမြင် ပညာရှင်သည်။ ဉာဏဒေါ၊ အရာရာကို မှန်စွာသိတတ် အမြတ်တဆူ ပညာအလှူကို ပေးလှူသည်မည်သည်။ ဟောတိ၊ မှန်စွာမသွေ ဖြစ်ပါပေ၏။ ဉာဏံ စ၊ အရာရာကို မှန်စွာသိတတ် အမြတ်တဆူ ပညာအလှူကိုလည်း။ ဒတွာ၊ သဒ္ဓါချွန်မေဉ် ပူဇော်မြှောက်ချီး ပေးလှူပြီး၍။ယတ္ထယတ္ထ၊လောကီလူပေါင်း ချမ်းသာကောင်းဟု နှစ်ထောင်း

ရိပ်မြုံ အကြင် အကြင် လူ့ဘုံ နတ်ဘုံ၌။ ဥပပဇ္ဇတိ၊ သန္ဓေစွဲကပ် အမြတ် ဇာတ်နေ ဖြစ်ရလေ၏။ တတ္ထ တတ္ထ၊ လောကီလူပေါင်း ချမ်းသာကောင်း ဟု နှစ်ထောင်းရိပ်မြုံ ထိုထို လူ့ဘုံ နတ်ဘုံ၌။ သန္တိဘော၊ လှူပေးခဲ့မှန် အကြောင်းကံနှင့် ပုံစံမကွာ တူလှစွာသော။ ပညဝါ၊ အရာရာကို မှန်စွာ သိတတ် ဒ. မြတ်ဟူဘိ ပညာရှိသည်။ ဟောတိ၊ မှန်စွာမသွေ ဖြစ်ပါပေ၏။

## ဘောဇဉ်အလှူ၌ အလှူငါးပါးမည်ပုံ

ဆွမ်းမုံ့စတဲ့ ဘောဇဉ် အာဟာရများကို မစားရလျှင် အသက်လဲ မရှည်နိုင်ဘူး၊ အဆင်းလဲ မလှနိုင်ဘူး၊ ကိုယ်၏ချမ်းသာခြင်း စိတ်၏ ချမ်းသာခြင်းကိုလဲ မရနိုင်ဘူး၊ ခွန်အားဗလလဲ မကြီးမားနိုင်ဘူး၊ ပညာလဲ မကြီးနိုင်ဘူး၊ ဘောဇဉ် အာဟာရများကို စားရမှသာလျှင် အသက်လဲ ရှည်နိုင်တယ်၊ အဆင်းလဲ လှနိုင်တယ်၊ ကိုယ်၏ ချမ်းသာခြင်း စိတ်၏ ချမ်းသာခြင်းကိုလဲ ရနိုင်တယ် ခွန်အားဗလလဲ ကြီးမားနိုင်တယ်၊ ပညာလဲ ကြီးမားနိုင်တယ်၊ ဒါ့ကြောင့် အစာအာဟာရဟာ အသက်ရှည်ခြင်း, အဆင်းလှခြင်း, ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း, ခွန်အားကြီးခြင်း, ပညာ ကြီးခြင်းတို့၏ အကြောင်းဖြစ်တယ်။

ဆွမ်းမုံ့စတဲ့ ဘောဇဉ်အာဟာရများကို ပေးလှူခြင်းသည်—

၁။ အသက်ရှည်ခြင်း အလှူ
၂။ အဆင်းလှခြင်း အလှူ
၃။ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း အလှူ
၄။ ခွန်အားကြီးခြင်း အလှူ
၅။ ပညာကြီးခြင်း အလှူ

အားဖြင့် အလှူငါးပါးကို ပေးလှူသည်မည်တယ်။

## ဘောဇဉ်အလှူ၌ အကျိုးငါးပါးရပုံ

ဒါ့ကြောင့် ဆွမ်းကျွေး ဆွမ်းလှူတဲ့ ပုဂ္ဂိုလ်တွေ၊ မုံ့ဆွမ်းကျွေး မုံ့ဆွမ်း လှူတဲ့ ပုဂ္ဂိုလ်တွေ၊ တစုံတခု ဘောဇဉ် အာဟာရ လှူဒါန်းကြတဲ့ ပုဂ္ဂိုလ် တွေ ဒီပုဂ္ဂိုလ်တွေဟာ အလှူငါးပါးကို ပေးလှူသည်မည်ခြင်းကြောင့်—

"အာယုံ ဒေါ ပန ဒတွာ အာယုဿ ဘာဂီ ဟောတိ
ဒိဗ္ဗဿ ဝါ မာနုသဿ ဝါ၊

ဝဏ္ဏံ ဒတွာ ဝဏ္ဏဿ ဘာဂီ ဟောတိ ဒိဗ္ဗဿ ဝါ မာနုသဿ ဝါ၊

သုခံ ဒတွာ သုခဿ ဘာဂီ ဟောတိ ဒိဗ္ဗဿ ဝါ မာနုသဿ ဝါ၊

ဗလံ ဒတွာ ဗလဿ ဘာဂီ ဟောတိ ဒိဗ္ဗဿ ဝါ မာနုသဿ ဝါ၊

ပဋိဘာနံ ဒတွာ ပဋိဘာနဿ ဘာဂီ ဟောတိ ဒိဗ္ဗဿ ဝါ မာနုသဿ ဝါ”

လို့ ဟောတော်မူသည်နှင့်အညီ–

အကြောင်းငါးနှင့် တူတဲ့–

၁။ အသက်ရှည်ခြင်း အကျိုး

၂။ အဆင်းလှခြင်း အကျိုး

၃။ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း အကျိုး

၄။ ခွန်အားကြီးခြင်း အကျိုး

၅။ ပညာကြီးခြင်း အကျိုး

အားဖြင့် အကျိုးငါးပါးကို ရမယ်၊ နတ်ဖြစ်လဲ အသက်ရှည်မယ်၊ အဆင်းလှမယ်၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာမယ်၊ ခွန်အားကြီးမယ်၊ ပညာကြီးမယ်၊ လူဖြစ်လဲ အသက်ရှည်မယ်၊ အဆင်းလှမယ်၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာမယ်၊ ခွန်အားကြီးမယ်၊ ပညာကြီးမယ်၊ ဖြစ်တိုင်းဖြစ်တိုင်းသော နတ်ဘဝ, လူ့ဘဝတွေမှာ အသက်ရှည်ခြင်း, အဆင်းလှခြင်း, ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း, ခွန်အားကြီးခြင်း, ပညာကြီးခြင်းဆိုတဲ့ အကျိုး ငါးပါးကို ရမယ်။

အာယုံ ဝဏ္ဏံ သုခံ ထာမံ၊ ပဋိဘာနဥ္စ အန္နဒေါ။

ဒတွာ ဒီဃာယုပါကာဒိ၊ ယတ္ထ ယတ္ထူပပဇ္ဇတိ။

အန္နဒေါ၊ ဆွမ်းမုံ့စသား ဘောဇဉ်များကို တတ်အားကြည်ဖြူ ပေးလှူသောသူသည်။ အာယုံ စ၊ ရုပ်နာမ်နှစ်ထွေ ဇီဝိတိန္ဒြေတည် အသက်ရှည်ခြင်း အလှူကိုလည်းကောင်း။ ဝဏ္ဏံ စ၊ ရုပ်ရေအဆင်း ချောမောလှပခြင်း

အလှူကိုလည်းကောင်း။ သုခံ စ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း အလှူကို လည်းကောင်း။ ထလံ စ၊ ကိုယ်စွမ်းအင်အား ကြီးမားမောက်မူ ခွန်အား အလှူကိုလည်းကောင်း။ ပဋိဘာနဥ္စ၊ အရာရာကို မှန်စွာသိတတ် အမြတ် တဆူ ပညာအလှူကိုလည်းကောင်း။ ဒတွာ·ဒေတိ၊ ပေးလှူသည်မည်၏။ ဒတွာ၊ သဒ္ဓါချွန်မော် ပူဇော်မြှောက်ချီး အလှူငါးပါးကို ပေးလှူပြီး ၍။ ယတ္ထ ယတ္ထ၊ အကြင် အကြင် လူ့ဘုံနတ်ရပ် အမြတ်ဇာတ်၌။ ဥပပဇ္ဇတိ၊ သန္ဓေစွဲကပ် ဖြစ်လတ်လေ၏။ တတ္ထ တတ္ထ၊ ထိုထို လူ့ဘုံနတ်ရပ် အမြတ် ဇာတ်၌။သဒိသော၊ ဘဝဟိုရှေး လှူပေးခဲ့မှန် အကြောင်းကံနှင့်တူသော။ ဒီဃာယုပါကာဒိ၊ အသက်ရှည်ခြင်း အကျိုးစသည်သည်။ ဝါ၊ အသက် ရှည်ခြင်း, အဆင်းလှခြင်း, ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း, ခွန်အားကြီး ခြင်း, ပညာကြီးခြင်း ဟူသော အကျိုးငါးပါးသည်။ ဟောတိ၊ မုန်စွာ မသွေ ဖြစ်လာလေ၏။

## အကျိုးငါးပါး ရကြမည်

ဤကဲ့သို့ ဘောဇဥ်အလှူ၌ အလှူငါးမျိုး အကျိုးငါးပါးကို ဟောကြား တော်မူခဲ့ခြင်းကြောင့် ဒီကနေ့ ဘောဇဥ်အာဟာရ လှူဒါန်းကြတဲ့ ဒကာ, ဒကာမတွေမှာလဲ အသက်ရှည်ခြင်းအလှူ, အဆင်းလှခြင်းအလှူ, ကိုယ်စိတ် နှစ်ဖြာ ချမ်းသာခြင်းအလှူ, ခွန်အားကြီးခြင်း အလှူ, ပညာကြီးခြင်း အလှူ အားဖြင့် အလှူငါးမျိုးကို ပေးလှူသည် မည်ခြင်းကြောင့် ဖြစ်တိုင်းဖြစ်တိုင်း သော လူ့ဘဝ,နတ်ဘဝတွေမှာ အကြောင်းကံနှင့် တူတဲ့—

၁။ အသက်ရှည်ခြင်း အကျိုး
၂။ အဆင်းလှခြင်း အကျိုး
၃။ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း အကျိုး
၄။ ခွန်အားကြီးခြင်း အကျိုး
၅။ ပညာကြီးခြင်း အကျိုး

ဒီ အကျိုးငါးပါးကို ရကြပါလိမ့်မယ်။

## အကျိုးရ ဘဝ အရေအတွက်

တကြိမ်လှူဒါန်းတဲ့ ဘောဇဥ်ဒါန၏ အကျိုးရ ဘဝအရေအတွက်ကို ဥပရိပဏ္ဏာသပါဠိတော် ဒက္ခိဏာ ဝိဘင်္ဂသုတ်မှာ ဘုရားဟောကြားတော်မူခဲ့

တယ်၊ အဲဒီသုတ်မှာ အလှူခံပုဂ္ဂိုလ်၏ ဂုဏ်အနိမ့်အမြင့်သို့ လိုက်ပြီး အကျိုးရ ဘဝအရေအတွက်ကို ဆုံးဖြတ်ချက်ချပြီး ဟောကြားတော်မူခဲ့တယ်။

### ပုဂ္ဂလိက အလှူ
### အလှူခံ တဆယ့်လေး

အလှူခံပုဂ္ဂိုလ်က တဆယ့်လေးပါးပင်ရှိတယ်၊ အဲဒီ တဆယ့်လေးပါးက–

၁။ ဘုရားရှင်လဲ တပါး
၂။ ပစ္စေကဗုဒ္ဓါလဲ တပါး
၃။ ရဟန္တာလဲ တပါး
၄။ အရဟတ္တဖိုလ်အကျိုးငှါ ကျင့်သူလဲ တပါး
၅။ အနာဂါမ်လဲ တပါး
၆။ အနာဂါမိဖိုလ်အကျိုးငှါ ကျင့်သူလဲ တပါး
၇။ သကဒါဂါမ်လဲ တပါး
၈။ သကဒါဂါမိဖိုလ်အကျိုးငှါ ကျင့်သူလဲ တပါး
၉။ သောတာပန်လဲ တပါး
၁၀။ သောတာပတ္တိဖိုလ်အကျိုးငှါ ကျင့်သူလဲ တပါး
၁၁။ သာသနာပ လောကီစျာန်ရ ကမ္မဝါဒီ ကိရိယဝါဒီ ပုဂ္ဂိုလ်လဲ တပါး
၁၂။ သီလရှိတဲ့ ပုထုဇဉ်လဲ တပါး
၁၃။ သီလမရှိတဲ့ ပုထုဇဉ်လဲ တပါး
၁၄။ တိရစ္ဆာန်လဲ တပါး

ဒီတဆယ့်လေးပါး အလှူခံပုဂ္ဂိုလ်များဟာ ဂုဏ်အားဖြင့် အဆင့်ဆင့် အစဉ်အတိုင်းပင် ကြီးမြင့်ကြတယ်။

### ဘဝတရာ
### တိရစ္ဆာန်ပါန အကျိုးရ

၁၄။ "တိရစ္ဆာနဂတေ ဒါနံ ဒတွာ သတဂုဏာ
ဒက္ခိဏာ ပါဋိကင်္ခိတဗ္ဗာ"

လို့ ဟောတော်မူသောကြောင့် အလှူခံ တဆယ့်လေးတွင် နောက်ဆုံး အလှူခံဖြစ်တဲ့ ခွေး,ဝက်,ကြက်,ငှက်,တိရစ္ဆာန်ကလေး တကောင်ကို–

"ဣဒံ မေ ဒါနမယံ ပုညံ အာယတိ
သုခဟိတာဘာဝါယ ဟောတု"

မေ၊ ဒါနပါရမီ ထုံဝသီနှင့် စုံညီပြည့်စွာ ငါဒကာ၏။ ဒါနမယံ၊ ပေးလှူစွန့်ချ ပရိစ္စာဂ စေတနာသာလျှင် ဖြစ်သော။ ဣဒံ ပုညံ၊ ဤဖြူစင် မြင့်မြတ် အကျိုးဇာတ်ကို ဖြစ်တတ်စေစု မြတ်ကောင်းမှုသည်။ အာယတိံ၊ ဖြစ်လေရာရာ နောင်သော အခါ၌။ သုခဟိတာဘာဝါယ၊ လောကီ လောကုတ္တရာ ချမ်းသာစီးပွား ဖြစ်ပွားပါစေခြင်း အကျိုးငှါ။ ဟောတု၊ မလွဲမသွေ ဖြစ်ပါစေသား။

ဤကဲ့သို့ ဒါနအကျိုးကို မြော်ကိုးတောင့်တပြီး တကြိမ်တခါ တထပ် စာမျှ အစာအာဟာရကို ဝဝလင်လင် ကျွေးမွေးလိုက်ရပါလျှင် ဘဝ တရာမှာ အာဟာရဒါန၏အကျိုးကို မြော်ကိုးရရှိနိုင်ပါသတဲ့။

**မှတ်ချက်**။ သတဂုဏာတိ သတာနိသံသာ။ (အဋ္ဌကထာ)

သတဝဍ္ဎိကာ။ (ဋီကာ)

ဒါနမေဝ ဒါနမယံ၊ ဒါနစေတနာသု ဝါ ပုရိမစေတနာတော နိပ္ဖန္နာ သန္နိဋ္ဌာပကစေတနာ ဒါနမယံ။ (အဋ္ဌကထာ)

ဒါနမေဝ ဒါနမယံ၊ ပဒပူရဏာမတ္တံ မယသဒ္ဒေါ။ (ဋီကာ)

"အယံ ဒက္ခိဏာ အာယုသတံ, ဝဏ္ဏသတံ, သုခသတံ, ဗလ သတံ,· ပဋိဘာနသတန္တိ ပဉ္စ အာနိသံသသတာနိ ဒေတိ၊ အတ္တ ဘာဝသတေ အာယုံ ဒေတိ၊ ဝဏ္ဏံ သုခံ ဗလံ ပဋိဘာနံ ဒေတိ"

လို့ 'သတဂုဏ' သရုပ်ကို အဋ္ဌကထာ၌ ထုတ်ပြသောကြောင့်--

ဘဝတရာမှာ

၁။ အသက်ရှည်ခြင်း အကျိုးက တရာ
၂။ အဆင်းလှခြင်း အကျိုးက တရာ
၃။ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းအကျိုးက တရာ
၄။ ခွန်အားကြီးခြင်း အကျိုးက တရာ
၅။ ပညာကြီးခြင်း အကျိုးက တရာ

အားလုံးပေါင်း အကျိုးငါးရာ ရနိုင်တယ်။

သုဓမ္မဝတီ(က)၁၀၀-၃၆

တိရစ္ဆာန်တကောင်ကောင်အား တကြိမ်လှူဒါန်းရတဲ့ အာဟာရဒါန မှာ တဘဝမှာ အကျိုးငါးပါးရပြီး ဘဝတရာမှာအကျိုးငါးရာ အာဟာရ ဒါန၏ အကျိုးကို မြှော်ကိုးနိုင်ပါတယ်။

ဘဝတထောင်

သီလမဲ့ ပုထုဇဉ်ဒါန အကျိုးရ

၁၃။ "ပုထုဇ္ဇနဒုဿီလေ ဒါနံ ဒတွာ သဟဿဂုဏာ
ဒက္ခိဏာ ပါဋိကင်္ခိတဗ္ဗာ"

လို့ ဟောတော်မူခြင်းကြောင့် အလှူခံတဆယ့်လေးတွင် တဆယ့်သုံး ယောက်မြောက် အလှူခံဖြစ်တဲ့ တံငါ, မုဆိုး, ဝက်ထိုး, သားသတ်, သီလ မကပ်တဲ့ အယုတ်ဇာတ် ပုထုဇဉ်မိုက် တဦးဦးအား—

"ဣဒံ မေ ဒါနမယံ ပုညံ အာယတိံ
သုခဟိတာဘာဝယ ဟောတု"

လို့ ဒါန၏အကျိုးကို မြှော်ကိုးတောင့်တပြီး တကြိမ်တခါ တထပ်စာမျှ အစာအာဟာရကို ဝဝလင်လင် ကျွေးမွေး လှူဒါန်းလိုက်ရပါလျှင် ဘဝ တထောင်မှာ အာဟာရဒါန၏အကျိုးကို မြှော်ကိုးရရှိနိုင်ပါသတဲ့။

ဘဝတထောင်မှာ

၁။ အသက်ရှည်ခြင်း အကျိုးက တထောင်၊
၂။ အဆင်းလှခြင်း အကျိုးက တထောင်၊
၃။ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း အကျိုးက တထောင်၊
၄။ ခွန်အားကြီးခြင်း အကျိုးက တထောင်၊
၅။ ပညာကြီးခြင်း အကျိုးက တထောင်

အားလုံးပေါင်း အကျိုးငါးထောင် ရနိုင်တယ်။

သီလမရှိတဲ့ တံငါ,မုဆိုး,ဝက်ထိုး,သားသတ် အမိုက်ဇာတ်ပုဂ္ဂိုလ် တဦး ဦးအား တကြိမ်လှူဒါန်းရတဲ့ အာဟာရဒါနမှာ တဘဝမှာ အကျိုးငါးပါး ရပြီး ဘဝတထောင်မှာ အကျိုးငါးထောင် အာဟာရဒါန၏ အကျိုးကို မြှော်ကိုးနိုင်ပါတယ်။

ဘဝတသိန်း

ပကတိသိလရှိ ပုထုဇဉ်ဒါန အကျိုး ရ

၁၂။ "ပုထုဇ္ဇနသိလဝန္တေ ဒါနံ ဒတွာ သတ
သဟဿဂုဏာ ဒက္ခိဏာ ပါဋိကင်္ခိတဗ္ဗာ"

လို့ ဟောတော်မူခြင်းကြောင့် အလှူခံ တဆယ့်လေးတွင် ဝါဆယ့် နှစ်ယောက်မြောက်အလှူခံဖြစ်တဲ့ သရဏဂုံ ပဥ္စသီ ကိုယ်မှာမတည်၊ တရားနှင့် အညီ ကုန်သည်ပွဲစား တောင်သူလယ်သမား အခြားအတတ်ပညာများဖြင့် အသက်မွေးမှုပြုနေတဲ့ "ပကတိသိဒ္ဓ သိလဝန္တ" ပုဂ္ဂိုလ် တဦးဦးအား–

ဣဒံ မေ ဒါနမယံ ပုညံ အာယတိ
သုခဟိတဘာဝါယ ဟောတု"

လို့ ဒါန၏အကျိုးကို မြှော်ကိုးတောင့်ဝ ပြီး တကြိမ်တခါ တထပ်စာမျှ အစာအာဟာရကို ဝဝလင်လင် ကျွေးမွေးလှူဒါန်းလိုက်ရပါလျှင် ဘဝ တသိန်းမှာ အာဟာရဒါန၏အကျိုးကို မြှော်ကိုးရနိုင်တယ်။

ဘဝတသိန်းမှာ

၁။ အသက်ရှည်ခြင်း အကျိုးက တသိန်း

၂။ အဆင်းလှခြင်း အကျိုးက တသိန်း

၃။ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း အကျိုးက တသိန်း

၄။ ခွန်အားကြီးခြင်း အကျိုးက တသိန်း

၅။ ပညာကြီးခြင်း အကျိုးက တသိန်း

အားလုံးပေါင်း အကျိုး ငါးသိန်း ရနိုင်တယ်။

သရဏဂုံနှင့် ငါးပါးသီလ ကိုယ်မှာမတည်လို့ ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်မျိုး မဟုတ်သော်လဲ တရားနှင့်အညီ ကုန်သွယ်လယ်လုပ် အခြားပညာရေး အလုပ်ဖြင့် အသက်မွေးမှု ပြုနေတဲ့ "ပကတိသိဒ္ဓ သီလဝန္တ" ပုဂ္ဂိုလ် တဦး ဦးအား တကြိမ်လှူဒါန်းရတဲ့ အာဟာရဒါနမှာ တဘဝမှာ အကျိုးငါးပါး ရပြီး ဘဝတသိန်းမှာ အကျိုးငါးသိန်း အာဟာရဒါန၏ အကျိုးကိုမြှော်ကိုး နိုင်ပါတယ်။

**ဘဝကုဋေတသိန်း**

**သာသနာ့ပ လောကီဈာန်ရ ဒါနအကျိုးရ**

၁၁။ "ဗာဟိရကေ ကာမေသု ဝီတရာဂေ
ဒါနံ ဒတွာ ကောဋိ သတသဟဿဂုဏာ
ဒက္ခိဏာ ပါဋိကင်္ခိတဗ္ဗာ"

လို့ ဟောတော်မူခြင်းကြောင့် အလှူခံ တဆယ့်လေးတွင် တဆယ့်တယောက်မြောက်ဖြစ်တဲ့ သာသနာ့ပ လောကီဈာန်ရ ကမ္မဝါဒီ ကိရိယဝါဒီ ပုဂ္ဂိုလ်တဦးဦးအား–

"ဣဒံ မေ ဒါနမယံ ပုညံ အာယတိံ
သုခဟိတဘာဝါယ ဟောတု"

လို့ ဒါနအကျိုးကို မြော်ကိုးတောင့်တပြီး တကြိမ်တခါ တထပ်စာမျှ ဘောဇဉ်အာဟာရကို ဝဝလင်လင် ကျွေးမွေး လှူဒါန်းလိုက်ရပါလျှင် ဘဝကုဋေတသိန်းမှာ အာဟာရဒါန၏အကျိုးကို မြော်ကိုးရရှိနိုင်တယ်။

**ဘဝကုဋေတသိန်းမှာ**

၁။ အသက်ရှည်ခြင်း အကျိုးက ကုဋေတသိန်း၊
၂။ အဆင်းလှခြင်း အကျိုးက ကုဋေတသိန်း၊
၃။ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း အကျိုးက ကုဋေတသိန်း၊
၄။ ခွန်အားကြီးခြင်း အကျိုးက ကုဋေတသိန် ၊
၅။ ပညာကြီး ခြင်း အကျိုးက ကုဋေတသိန်း
အားလုံးပေါင်း အကျိုးကုဋေငါးသိန်း ရနိုင်တယ်။

သာသနာ့ပ လောကီဈာန်ရ ကမ္မဝါဒီ ကိရိယဝါဒီ ပုဂ္ဂိုလ် တဦးဦးအား တကြိမ်လှူဒါန်းရတဲ့ အာဟာရဒါနမှာ တဘဝမှာ အကျိုးငါးပါး ရပြီး ဘဝကုဋေတသိန်းမှာ အကျိုးကုဋေငါးသိန်း ဘောဇဉ်အာဟာရဒါန၏ အကျိုးကို မြော်ကိုးနိုင်ပါတယ်။

**ဘဝအသင်္ချေ**

**ဒသမမှ ပဋ္ဌမအရှုခံတိုင်း ဒါနအကျိုးရ**

၁၀။ "သောတာပတ္တိဖလသစ္ဆိကိရိယာယ ပဋိပန္နေ ဒါနံ ဒတွာ
အသင်္ချေယျာ အပ္ပမေယျာ ဒက္ခိဏာ ပါဋိကင်္ခိတဗ္ဗာ၊

၉။ ကော ပန ဝါဒေါ သောတာပန္နော၊
၈။ ကော ပန ဝါဒေါ သကဒါဂါမိဖလသစ္ဆိကိရိယာယ ပဋိပန္နော၊
၇။ ကော ပန ဝါဒေါ သကဒါဂါမိဿ၊
၆။ ကော ပန ဝါဒေါ အနာဂါမိဖလသစ္ဆိကိရိယာယ ပဋိပန္နော၊
၅။ ကော ပန ဝါဒေါ အနာဂါမိဿ၊
၄။ ကော ပန ဝါဒေါ အရဟတ္တဖလသစ္ဆိကိရိယာယ ပဋိပန္နော၊
၃။ ကော ပန ဝါဒေါ အရဟန္တေ၊
၂။ ကော ပန ဝါဒေါ ပစ္စေကသမ္ဗုဒ္ဓေ၊
၁။ ကော ပန ဝါဒေါ တထာဂတေ အရဟန္တေ သမ္မာသမ္ဗုဒ္ဓေ"

လို့ ဟောတော်မူခြင်းကြောင့် သောတာပတ္တိဖိုလ်အကျိုးငှါ ကျင့်တဲ့ ဆယ်ယောက်မြောက် အလှူခံပုဂ္ဂိုလ်မှစပြီး ပဌမအလှူခံ ဘုရားရှင်တိုင် အောင် အလှူခံဆယ်ဦးတွင် တဦးဦးအား–

"ဣဒံ မေ ဒါနမယံ ပုညံ အာယတိံ
သုခဟိတာဝဟံ ဟောတု"

လို့ ဒါန၏အကျိုးကိုမြော်ကိုး တောင့်တပြီး တကြိမ်တခါ တထပ်စာမျှ ဘောဇဉ်အာဟာရကို ကျွေးမွေးလှူဒါန်း လိုက်ရပါလျှင် မရေမတွက်နိုင် တဲ့ ဘဝတွေမှာ အာဟာရဒါန၏အကျိုးကို မြော်ကိုးရရှိနိုင်တယ်။

ဘဝအသင်္ချေမှာ

၁။ အသက်ရှည်ခြင်း အကျိုးက အသင်္ချေယျ အပ္ပမေယျ၊
၂။ အဆင်းလှခြင်း အကျိုးက အသင်္ချေယျ အပ္ပမေယျ၊
၃။ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း အကျိုးက အသင်္ချေယျ အပ္ပမေယျ၊
၄။ ခွန်အားကြီးခြင်း အကျိုးက အသင်္ချေယျ အပ္ပမေယျ၊
၅။ ပညာကြီးခြင်း အကျိုးက အသင်္ချေယျ အပ္ပမေယျ

အားလုံးပေါင်း အကျိုးငါးအသင်္ချေယျ အပ္ပမေယျ ရနိုင်တယ်။

သောတာပတ္တိဖိုလ်အကျိုးငှါ ကျင့်တဲ့ ဆယ်ယောက်မြောက် အလှူခံ ပုဂ္ဂိုလ်မှစပြီး ပဌမအလှူခံ ဘုရားရှင်တိုင်အောင် အလှူခံဆယ်ဦးတွင် တဦး ဦးအား တကြိမ်တခါ တထပ်စာမျှ လှူဒါန်းရတဲ့ ဘောဇဉ်အာဟာရ

ဒါနမှာ တဘဝမှာ အကျိုးပါးပါးရပြီး ဘဝအသင်္ချေ မရေမတွက်နိုင်တဲ့ ဘဝတွေမှာ အကျိုးငါးပါး အသင်္ချေယျ အပ္ပမေယျ ဘောဇဥ်အာဟာရ ဒါန၏အကျိုးကို မြော်ကိုးနိုင်ပါတယ်။

## အသင်္ချေယျ အပ္ပမေယျချင်း ခြားနားပုံ

ဒီအလှူခံဆယ်ဦးမှာ အသင်္ချေယျ, အပ္ပမေယျချည်း အကျိုးဂုဏ်သော်လဲ အသင်္ချေယျ, အပ္ပမေယျချင်းက မတူကြဘူးတဲ့။

ကျောက်ရေကန်မှာရှိတဲ့ ရေကဲ့သို့ သောတာပတ္တိဖိုလ် အကျိုးငှါ ကျင့်တဲ့ ဆယ်ယောက်မြောက် အလှူခံပုဂ္ဂိုလ် တဦးအား တကြိမ်တခါ တထပ်စာမျှ လှူဒါန်းရတဲ့ ဘောဇဥ်ဒါန၏ အကျိုး အသင်္ချေယျ၏ အဖြစ်ကို သိမှတ်ရမယ်၊ မြစ်သမုဒ္ဒရာမှာရှိတဲ့ ရေကဲ့သို့ကိုးယောက်မြောက် အလှူခံ သောတာပန်တဦးအား တကြိမ်လှူဒါန်းရတဲ့ ဘောဇဥ်ဒါန၏ အကျိုး အသင်္ချေယျ၏အဖြစ်ကို သိမှတ်ရမယ်။

ကောက်နယ်တလင်းခန့် မြေအရပ်မှာရှိတဲ့ မြေမှုန့်ကဲ့သို့ သောတာပတ္တိဖိုလ်အကျိုးငှါ ကျင့်တဲ့ ဆယ်ယောက်မြောက် အလှူခံ ပုဂ္ဂိုလ်တဦးအား တကြိမ်တခါ တထပ်စာမျှလှူဒါန်းရတဲ့ ဘောဇဥ်ဒါန၏အကျိုး အပ္ပမေယျ အဖြစ်ကို သိမှတ်ရမယ်၊ နှစ်သိန်းလေးသောင်း အထုရှိတဲ့ မဟာပထဝီမြေမှာရှိတဲ့ မြေမှုန့်ကဲ့သို့ ကိုးယောက်မြောက် အလှူခံ သောတာပန် တဦးအား တကြိမ်တခါ တထပ်စာမျှ လှူဒါန်းရတဲ့ ဘောဇဥ်ဒါန၏အကျိုး အပ္ပမေယျ အဖြစ်ကို သိမှတ်ရမယ်။

ဤကဲ့သို့ ပဌမအလှူခံ ဘုရားရှင်တိုင်အောင် တဆင့်ထက်တဆင့် အသင်္ချေယျ, အပ္ပမေယျချင်း ခြားနားပြီး အကျိုးကြီးမြင့် ကြတယ်လို့ မှတ်ရမယ်။

## ဆယ်ယောက်မြောက် အလှူခံ

သရဏဂုံတည်လဲသူ၊ ငါးပါးသီလ တည်တဲ့သူ၊ ဆယ်ပါးသီလ တည်တဲ့သူ၊ ရှင်သာမဏေ၊ ရဟန်းသာမန်၊ ဝတ်ကြီးဝတ်ငယ်နှင့် ပြည့်စုံတဲ့ရဟန်း၊ နုသေးတဲ ဝိပဿနာ ရှိတဲ့ ရဟန်း၊ ရင့်ကျက်တဲ့ ဝိပဿနာရှိတဲ့ ရဟန်း၊ သောတာပတ္တိမဂ်ပုဂ္ဂိုလ်၊ ဒီပုဂ္ဂိုလ်အားလုံးပင်သောတာပတ္တိဖိုလ်အကျိုးငှါ ကျင့်တဲ့ ဆယ်ယောက်မြောက် အလှူခံပုဂ္ဂိုလ်များလို့ မှတ်သားရမယ်။

## အကျိုးဆင့်ကဲ

ဒီဆယ်ယောက်မြောက် အလှူခံပုဂ္ဂိုလ်များမှလဲ အကျိုးမတူကြဘူး။

သရဏဂုံ တည်သူတက် ငါးပါးသီလ တည်သူကို ပေးလှူတာက ပိုပြီး အကျိုးကြီးတယ်။

ငါးပါးသီလ တည်သူထက် ဆယ်ပါးသီလ တည်သူကို ပေးလှူရတာက ပိုပြီး အကျိုးကြီးတယ်။

ဆယ်ပါးသီလတည်သူ လူထက် ရှင်သာမဏေကို ပေးလှူရတာက ပိုပြီး အကျိုးကြီးတယ်။

ရှင်သာမဏေထက် ရဟန်းသာမန်ကို ပေးလှူရတာက ပိုပြီး အကျိုး ကြီးတယ်။

ရဟန်းသာမန်ထက် ဝတ်ကြီးဝတ်ငယ်နှင့် ပြည့်စုံတဲ့ ရဟန်းကို ပေးလှူရတာက ပိုပြီး အကျိုးကြီးတယ်။

ဝတ်ကြီးဝတ်ငယ်နှင့် ပြည့်စုံတဲ့ ရဟန်းထက် နုသေးတဲ့ ဝိပဿနာရှိတဲ့ ရဟန်းကို ပေးလှူရတာက ပိုပြီး အကျိုးကြီးတယ်။

နုသေးတဲ့ ဝိပဿနာရှိတဲ့ ရဟန်းထက် ရင့်ကျက်တဲ့ ဝိပဿနာရှိတဲ့ ရဟန်းကို ပေးလှူရတာက ပိုပြီး အကျိုးကြီးတယ်။

ရင့်ကျက်တဲ့ ဝိပဿနာရှိတဲ့ ရဟန်းထက် သောတာပတ္တိမဂ် ပုဂ္ဂိုလ်ကို ပေးလှူရတာက ပိုပြီး အကျိုးကြီးတယ်။

ဤကဲ့သို့ ဆင့်ကဲ ဆင့်ကဲ အကျိုးကြီးတယ်လို့ မှတ်ရမယ်။

## သံဃိက အလှူ ၇–မျိုး

သံဃိကအလှူက ခုနစ်မျိုးပင် ရှိတယ်၊ အဲဒီ ခုနစ်မျိုးက

၁။ ဘုရားအမှူးရှိတဲ့ ဘိက္ခု ဘိက္ခုနီ သံဃာအား လှူဒါန်းတဲ့ သံဃိကလဲ တမျိုး၊

၂။ ဘိက္ခု ဘိက္ခုနီ သံဃာအား လှူဒါန်းတဲ့ သံဃိက အလှူလဲ တမျိုး၊

၃။ ဘိက္ခု သံဃာအား လှူဒါန်းတဲ့ သံဃိကအလှူလဲ တမျိုး၊

၄။ ဘိက္ခုနီသံဃာအား လှူဒါန်းတဲ့ သံဃိကအလှူလဲ တမျိုး၊

၅။ ဘိက္ခု ဘိက္ခုနီ သံဃာမှ ညွှန်းချစေပြီး လှူဒါန်းတဲ့ သံဃိက အလှူလဲ တမျိုး၊

၆။ ဘိက္ခုသံဃာမှ ညွှန်းချစေပြီး လှူဒါန်းတဲ့ သံဃိကအလှူလဲ တမျိုး၊

၇။ ဘိက္ခုနီသံဃာမှ ညွှန်းချစေပြီး လှူဒါန်းတဲ့ သံဃိကအလှူလဲ တမျိုး၊

**သံဃိကဒါန အကျိုးရ**

ဒီသံဃိကအလှူ ခုနစ်မျိုးလုံးမှာပင် အသင်္ချေယျ, အပ္ပမေယျ အလှူ၏ အကျိုးကိုရတယ်လို့ မှတ်ရမယ်။

"ဘဝိဿန္တိ ခေါ ပနာနန္ဒ အနာဂတမဒ္ဓါနံ ဂေါတြဘုနော ကာသာဝကဏ္ဌာ ဒုဿီလာ ပါပဓမ္မာ၊ တေသု ဒုဿီလေသု သံဃံ ဥဒ္ဒိဿ ဒါနံ ဒဿန္တိ၊ တဒါပါဟံ အာနန္ဒ သံဃဂတံ ဒက္ခိဏံ အသင်္ချေယျံ အပ္ပမေယျံ ဝဒါမိ"

လို့ ဒက္ခိဏာ ဝိဘင်္ဂသုတ်မှာ ဟောတော်မူခဲ့တယ်။

"ချစ်သားအာနန္ဒာ....စင်စစ်လျှင် အနာဂတ်ကာလမှာ ရဟန်းအနွယ်မျှကိုဆောင်ကာ သင်္ကန်းလည်မှာ ရောက်ပြီး သီလမရှိ၊ ယုတ်မာတဲ့ ကိုယ်အကျင့် နှုတ်အကျင့်ရှိသူတို့ ဖြစ်ထွန်းပေါ်ပေါက်ကြလိမ့်မယ်၊ ထိုပါပဓမ္မ ဒုဿီလ ပုဂ္ဂိုလ်တို့အား သံဃာကို ရည်စူးပြီး ပေးလှူကြလိမ့်မယ်၊ ချစ်သားအာနန္ဒာ.... ထိုအခါ၌ သော်လဲ သံဃိကအလှူကို မရေတွက်နိုင် မနှိုင်းယှဉ်နိုင်လို့ အကျိုးရှိတယ်လို့ ငါ ဟောပါ၏"။

**ဒါနပါရမီကို ကြိုးစားပါ**

ဒင်းပြင် ယခုပြုရ ဝိဝဋ္ဋနိဿိတ ဘောဇဉ်ဒါနဖြင့်ပင် အဆုံးဘဝမှာ မိမိတို့ လိုလားတောင့်တတဲ့ သာဝက ဗောဓိဉာဏ်, ပစ္စေကဗောဓိဉာဏ်, သမ္မာသမ္ဗောဓိဉာဏ် တို့ကိုလဲ ရကြပါလိမ့်ဦးမယ်လို့ ယုံကြည် မှတ်သားပြီး ဒါနပါရမီများကို ကြိုးစားကြကုန်ရာသတည်း။

## သစ္စာလေးပါး

### ဒုက္ခသစ္စာ

"တဏှာ ဥပေတွာ တေဘူမိကာ ပဉ္စက္ခန္ဓာ ဒုက္ခံ"

လို့ ဟောတော်မူခြင်းကြောင့် ဟိုဟာတွေလိုချင် ဒီဟာတွေလိုချင်နှင့် အရာရာ လိုချင်တဲ့ အလိုရှင် တဏှာလောဘကို အသာ ဖယ်ချထားပြီး ဘုံသုံးပါးမှာ ဖြစ်ဖြစ်သမျှ ရုပ်နာမ်ခန္ဓာငါးဝကို ဒုက္ခသစ္စာလို့ မှတ်ရမယ်။

### သမုဒယသစ္စာ

"တဿေဝ ဒုက္ခဿ ပဘာဝတော တပ္ပစ္စယာ တဏှာ ဒုက္ခသမုဒယော"

လို့ ဟောတော်မူခြင်းကြောင့် ဘုံသုံးပါးမှာ ဖြစ်ဖြစ်သမျှ ရုပ်နာမ် ခန္ဓာငါးဝ၏ အကြောင်းရင်း အမွန်အစကို ရှာရလျှင် ဟိုဟာတွေလိုချင် ဒီဟာတွေ လိုချင်နှင့် အရာရာ လိုချင်တဲ့ အလိုရှင် တဏှာလောဘကိုလဲ တွေ့မယ်၊ အဲဒီ တဏှာလောဘကို သမုဒယသစ္စာလို့ မှတ်ရမယ်။

### နိရောဓသစ္စာ

"ဥဘိန္နံ အပ္ပဝတ္တိ ဒုက္ခနိရောဓော"

လို့ ဟောတော်မူခြင်းကြောင့် ဘုံသုံးပါးမှာ ဖြစ်ဖြစ်သမျှ ရုပ်နာမ် ခန္ဓာငါးဝ ဒုက္ခသစ္စာ၊ ထိုဒုက္ခသစ္စာ၏အကြောင်းရင်း အမွန်အစ တဏှာ လောဘ သမုဒယသစ္စာ၊ အဲဒီ သစ္စာနှစ်ပါးတို့ မဖြစ်ပေါ်ခြင်း ချုပ်ငြိမ်း ေမြခြင်း နိဗ္ဗာန်ကို နိရောဓသစ္စာလို့ မှတ်ရမယ်။

### မဂ္ဂသစ္စာ

"အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ"

လို့ ဟောတော်မူခြင်းကြောင့် ဆင်းရဲချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ရောက် ကြောင်းအကျင့်ကို ရှာဖွေလျှင် ဖြူစင်မြင့်မြတ် အညစ်အကြေးမကပ်တဲ့—

| | |
|---|---|
| ၁။ မှန်စွာမြင်ခြင်း | ၂။ မှန်စွာကြံခြင်း |
| ၃။ မှန်စွာဆိုခြင်း | ၄။ မှန်စွာပြုခြင်း |
| ၅။ မှန်စွာအသက်မွေးခြင်း | ၆။ မှန်စွာအားထုတ်ခြင်း |
| ၇။ မှန်စွာအောက်မေ့ခြင်း | ၈။ မှန်စွာတည်ကြည်ခြင်း |

ဒီမဂ္ဂင်ရှစ်ပါး အကျင့်တရားကို တွေ့မယ်၊ အဲဒီ မဂ္ဂင်ရှစ်ပါး အကျင့်တရားဟာ မဂ္ဂသစ္စာမည်တယ်။

### သစ္စာမြင်အောင် ကြိုးစားပါ

ဤကဲ့သို့ သစ္စာလေးပါး မြတ်တရားကိုမှတ်သားပြီး သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်လိုတဲ့ သူတော်ကောင်းအပေါင်းတို့သည် သစ္စာလေးအင်ကို မဂ်ဉာဏ်ဖြင့်မြင်အောင် တွင်တွင်ကြီး ကြိုးစားကြကုန်ရာသတည်း။

### တရားသိမ်း

တရားလဲ ပြီးဆုံးသွားပြီ၊ နိဂုံးအုပ်ကာ အချုပ်ဂါထာကလေးနှင့် တရားသိမ်းလိုက်ကြစို့—

ဒါနဗုဒ္ဓေန ကထိတံ၊
ဒေသနံ သုတိဒုလ္လဘံ။
သက္ကစ္စံယေဝ သုတွာန၊
'သာဓု သာဓူ'တိ ဘာသထ။

ဘော၊ သဒ္ဓမ္မသဝန ဒုလ္လဘနှင့် ကြုံရခုခါ ကံထူးသာသည့် အို....ဒကာ, ဒကာမတို့။တုမှေ၊ သုံးလူ့ချစ်ရှင် တရားမင်သည့် သင်တို့သည်။ဒါနဗုဒ္ဓေန၊ ဒါနအမျိုးအစား အကျိုးများကို ပိုင်းခြားသိမြင် ဘုရားရှင်သည်။ ကထိတံ၊ ဝေနေယျများ ချမ်းသာပွားဘို့ ဟောကြားတော်မူအပ်သော။ သုတိဒုလ္လဘံ၊ ကမ္ဘာအသင်္ချေ လွန်လေကြာလည်း ကြုံလာမှုနဲ ကြားနာရခဲသော။ ဒေသနံ၊ ဘောဇဉ် အနုမောဒနာ တရားဒေသနာတော်ကို။ သက္ကစ္စံယေဝ၊ ဝဋ်လွတ်ဘို့ရာ ဒေသနာဟု သဒ္ဓါစိတ်ထား ဂါရဝတရားဖြင့် လေးစားရိုသေစွာသာလျှင်။ သုတွာန၊ မှတ်မှတ်သားသား နာကြားပြီး၍။ သာဓု သာဓူတိ၊ ဗုဒ္ဓမြတ်စွာ သာသနာနှင့် တို့မှာကြုံရ ကောင်းပါလေစွ ကောင်းလေစွဟူ၍။ဘာသထ၊ သာယာချိုမြ သုံးကြိမ်ကျအောင် နှုတ်မြွက်ဟ၍ ဆိုလိုက်ကြကုန်လော့။

(သာဓု သာဓု သာဓု)

ဘောဇဉ်အနုမောဒနာတရားတော် ပြီး၏။

(ဆက္ကနိပါတ် အင်္ဂုတ္တိုရ် ဒေဝတာဝဂ် ဆင္ဂဟဒါနသုတ်)

# ဒါနတရားတော်

### စေတနာဒါန

"ဒုဂ္ဂတိတော ဒါယတိ ရက္ခတီတိ ဒါနံ"

ယံ ဓမ္မဇာတံ၊ အကြင် မလှူမီရှေးအဘို့မှာ ဖြစ်ပေါ်လာတဲ့ ကုသိုလ်စေတနာ, လှူဆဲအခိုက်အတန့်မှာ ဖြစ်ပေါ်လာတဲ့ ကုသိုလ်စေတနာ, လှူပြီး နောက်အခါမှာ ဖြစ်ပေါ်လာတဲ့ ကုသိုလ်စေတနာ တရားအပေါင်းသည်။ ဒါနပတိံ၊ အလှူ့ရှင်ကို။ ဒုဂ္ဂတိတော၊ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ် အပါယ်လေးပါး မကောင်းသောအလားမှ၊ ဒါယတိ ရက္ခတိ၊ မလားရောက်အောင် ကယ်မ စောင့်ရှောက်တတ်၏။ ဣတိ၊ ထို့ကြောင့်။ တံ ဓမ္မဇာတံ၊ ထို ပုဗ္ဗ,မုဉ္စ, အပရ ကုသိုလ်စေတနာ တရားအပေါင်းသည်။ ဒါနံ၊ ဒါနမည်၏။

ကုသိုလ်ဒါနပြုရာမှာ အလှူ့ဒကာ,အလှူ့အမတွေရဲ့ ကိုယ်တွင်းသန္တာန်မှာ အလှူပေးမယ်လို့ အကြံအစည် ဖြစ်ပေါ်လာသည်မှစပြီး အလှူကြီး အောင်မြင်ပြီးစီးလို့ နောက်ဆုံးသေသည်အထိ ပေးလှူတဲ့ ဒါနဝတ္ထုကို အာရုံပြုပြီး ကုသိုလ်စေတနာတွေဟာ တဖွားဖွားနှင့်အများကြီး ပေါက်ပွားဖြစ်ပေါ်ခဲ့တယ်၊ အဲဒီ ကုသိုလ်စေတနာတွေက အလှူ့ဒကာ, အလှူ့အမတွေကို ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ် အပါယ်လေးပါးသို့ မလားမရောက်ရအောင် ကယ်မ စောင့်ရှောက်တတ်တယ်၊ ဒါ့ကြောင့် အလှူ့ဒကာ, အလှူ့အမတွေရဲ့ ကိုယ်တွင်းသန္တာန်မှာ ဒါနဝတ္ထုကို အာရုံပြုပြီး ဖြစ်ပေါ်ပေါက်ပွားတဲ့ ကုသိုလ်စေတနာများကို 'ဒါန'လို့ အမည်မှည့်ရတယ်တဲ့။

မှတ်ချက်။ စေတနာသုံးချက်တွင် မုဉ္စစေတနာသည်သာ မုချအားဖြင့် ဒါနမည်၏၊ ပုဗ္ဗစေတနာ, အပရစေတနာတို့ကား သမီပူပစာရအားဖြင့် ဒါနမည်သည်မှတ်။

တာသု မုဉ္စစေတနာဝ မုချေန ဒါနံ နာမ၊ ပုဗ္ဗာပရ
ဘာဂစေတနာ ပန သမီပူပစာရေန ဒါနံ နာမ။ (ဋီကာအကျော်)

သုမင်္ဂလဝတီ(က)၁၀၀-၃၇

## ဆင္ဃာဒါန

အဲဒီ ဒါနကလဲ အလှူပေး၊ အလှူခံ၊ လှူရန်ဝတ္ထု ခြားနားမှုကြောင့် အမျိုးအစားအားဖြင့် အများကြီးတဲရှိတယ်၊ ဒီကနေ့တော့ 'ဆင္ဃာဒါန'ကို ဟောပြမယ်၊ ဆင္ဃာဒါနဆိုတာ အင်္ဂါခြောက်ပါးနှင့် ပြည့်စုံတဲ့ ဒါနကို ဆိုတယ်။

## အင်္ဂါ ၆-ပါး

အင်္ဂါခြောက်ပါးက—

၁။ အလှူပေးဒါယကာဘက်မှ အင်္ဂါ ၃-ပါး၊

၂။ အလှူခံပုဂ္ဂိုလ်ဘက်မှ အင်္ဂါ ၃-ပါး၊

နှစ်ရပ်ပေါင်းလိုက်တော့ အင်္ဂါ ၆-ပါး။

## ဒါယကာဘက်မှ အင်္ဂါ ၃-ပါး

၁။ အလှူပေးဒါယကာဘက်မှ အင်္ဂါ ၃-ပါးက—

"ကတမာနိ ဒါယကဿ တီဏင်္ဂါနိ၊ ဣဓ ဘိက္ခဝေ ဒါယကော ပုဗ္ဗေဝ ဒါနာ သုမနော ဟောတိ၊ ဒဒံ စိတ္တံ ပသာဒေတိ၊ ဒတွာ အတ္တမနော ဟောတိ၊ ဣမာနိ ဒါယကဿ တီဏင်္ဂါနိ"

ဟု ဟောတော်မူသောကြောင့်—

## ပုဗ္ဗအင်္ဂါ

"ဒါနံ ဒဿာမိ" အလှူပေးမယ်လို့ မလှူမီ ရှေးတလခန့် သို့မဟုတ် ဆယ့်ငါးရက်ခန့်လောက်က အကြံအစည် ဖြစ်ပေါ်လာသည်မှစပြီး အလှူ မဏ္ဍပ် ဆောက်ခြင်း၊ လှူရန်တမ်းရန်တွေကို စီမံခြင်း၊ အလှူခံပုဂ္ဂိုလ်တွေကို ပင့်ဘိတ်ခြင်း၊ အလှူကိစ္စအရပ်ရပ်ကို စီမံဆောင်ရွက်ခြင်း၊ အလှူကြီးပေးတဲ့ နေ့တိုင်အောင် ရှေးကာလမှာ ဖြစ်ပေါ်လာတဲ့ ကုသိုလ်စေတနာတွေကို 'ပုဗ္ဗစေတနာ'လို့ ခေါ်တယ်။

အဲဒီ ပုဗ္ဗစေတနာ အခိုက်မှာ

"ဩော်....ငါတော့ လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာ့ပြည်ဆိုတဲ့ ဘဝသမ္ပတ္တိ၊ လူ၌ဖြစ်တဲ့ စည်းစိမ်ချမ်းသာ၊ နတ်၌ဖြစ်တဲ့စည်းစိမ်ချမ်းသာ၊ ဗြဟ္မာ၌ဖြစ်တဲ့ စည်းစိမ်ချမ်းသာဆိုတဲ့ ဘောဂသမ္ပတ္တိ၊ ဘဝလက်စ

ရပ်ပြီး ရပ်ခရာနာမ်ပါ အပြီးသတ်ချုပ်ငြိမ်းခြင်းဆိုတဲ့ နိဗ္ဗာနသမ္ပတ္တိ တို့ကို ရကြောင်းဖြစ်တဲ့ အရိပ်ပမာ အလှူ့ရှင်သွားရာသို့ အစဉ် တစိုက်လိုက်တတ်တဲ့ "အနုဂါမိက" မြတ်ဒါနကို ပြုရတော့မယ်" လို့ ဝမ်းမြောက်ဝမ်းသာ ဖြစ်စေရမယ်တဲ့။

ဤကဲ့သို့ မလှူမီ ရှေးအဘို့မှာ ပေးလှူမည့် ဒါနကိုအာရုံပြုပြီး ဝမ်းမြောက် မှုကို အလှူပေးဒါယကာဘက်မှ 'ပဌမအင်္ဂါတပါး' လို့ မှတ်သားထားရမယ်။

ဒုတိယအင်္ဂါ

အလှူကြီး ပေးလှူတဲ့နေ့ လှူဘွယ် ဝတ္ထုတွေကို အလှူခံ ပုဂ္ဂိုလ်တွေရဲ့ လက်သို့ သက်ရာအချိန်အခါမှာ ဖြစ်ပေါ်လာတဲ့ ကုသိုလ်စေတနာတွေကို 'မုဉ္စစေတနာ' လို့ ခေါ်တယ်။

အဲဒီ မုဉ္စစေတနာ အခိုက်မှာလဲ—

"သြော်....ငါတော့ အနှစ်မရှိတဲ့ ပစ္စည်းဥစ္စာမှ ကုသိုလ်အနှစ်ကို ရယူရပေ၏"

လို့ စိတ်ကြည်ရွှင်ပျ ဝမ်းမြောက်မှုကို ဖြစ်စေရမယ်တဲ့။

ဤကဲ့သို့ ပေးလှူဆဲ အခိုက်အတန့်မှာ ပေးလှူတဲ့ဒါနကို အာရုံပြုပြီး ဝမ်းမြောက်မှုကို အလှူပေး ဒါယကာဘက်မှ 'ဒုတိယအင်္ဂါတပါး' လို့ မှတ်သားထားရမယ်။

တတိယအင်္ဂါ

လှူဘွယ်ဝတ္ထုတွေကို အလှူခံပုဂ္ဂိုလ်တွေအား ပေးလှူပြီးနောက်သေသည် အထိ မိမိဒါနကို အဖန်တလဲလဲ အောက်မေ့တဲ့အခါမှာ ဖြစ်ပေါ်လာတဲ့ ကုသိုလ်စေတနာတွေကို 'အပရစေတနာ' လို့ ခေါ်တယ်။

အဲဒီ အပရစေတနာ အခိုက်မှာလဲ—

"သြော်....ငါတော့ ပညာရှိတွေ ပညတ်ထားတဲ့ 'ဒါန' ကို ပြုခဲ့ရ ပေပြီ၊ လွန်စွာ ကောင်းလေစွ"

လို့ ဝမ်းမြောက်ဝမ်းသာ ဖြစ်စေရမယ်တဲ့။

ဤကဲ့သို့ ပေးလှူပြီး နောက်အခါမှာ ပေးလှူခဲ့တဲ့ဒါနကို အာရုံပြုပြီး ဝမ်းမြောက်မှုကို အလှူပေး ဒါယကာဘက်မှ 'တတိယအင်္ဂါတပါး' လို့ မှတ်သားထားရမယ်။

အဲဒါလို အလှူပေးဒါယကာဘက်မှာ အင်္ဂါသုံးပါးကို မှတ်သားထား ရမယ်တဲ့။

**ဒါယကာဘက်မှ အင်္ဂါသုံးချက်ပြ ဂါထာ**

မြတ်ဘုရားက အလှူပေး ဒါယကာဘက်မှ အင်္ဂါသုံးချက်ကို ဂါထာ အားဖြင့်လဲ ဟောကြားတော်မူခဲ့တယ်။

ပုဗ္ဗေဝ ဒါနာ သုမနော၊ ဒဒံ စိတ္တံ ပသာဒယေ။
ဒတွာ အတ္တမနော ဟောတိ၊ သော ယညဿ သမ္ပဒါ။

ဒါနာ၊ စွန့်ကြဲပေးကမ်း လှူဒါန်းသည်မှ။ ပုဗ္ဗေဝ၊ ဒါန အဆောက် အဦးကို ရှာဖွေဆည်းပူးရာ ရှေးကာလ၌သာလျှင်။ သုမနော၊ လှူနတ်နိဗ္ဗာန် သုံးတန်ချမ်းသာ မှန်စွာရကြောင်း အနုဂါမိက ဒါနကောင်းကို ပြုရတော့ မယ်ဟု ဝမ်းမြောက်ဝမ်းသာ ကြည်သာလျှံဖိတ် ကောင်းမြတ်သောစိတ်ရှိ သည်။ ဘဝေယျ၊ မချွတ်ပုံသေ ဖြစ်ပေရာ၏။ ဒဒံ-ဒဒန္တော၊ လှူဘွယ် ဇမ်းဘွယ် အသွယ်သွယ်ကို တကယ်အမှန် အလှူခံလက် သက်လှူဆဲသော သူသည်။ စိတ္တံ၊ ပေးလှူဆဲမှာ ဖြစ်ပေါ်လာသည့် ရောင်ဝါဖိတ်ဖိတ် မိမိစိတ် ကို။ ပသာဒယေ၊ အသာရမှ အနှစ်ရအောင် ယူရပေ၏ဟု ဝမ်းမြောက် ဝမ်းသာ ကြည်လင်စေရာ၏။ ဒတွာ၊ စွန့်ကြဲပေးကမ်း လှူဒါန်းပြီး၍။ အတ္တ မနော၊သူတော်သူမြတ် ပညာတတ်တို့ ပညတ်ဒါနပြုခဲ့ရပြီ 'ဩော်...လှန်စွာ ကောင်းလေစွ' ဟု ပီတိဂုဏ်မောက် မိမိပြုပြီးသော ဒါန၌ နှစ်သက် ဝမ်းမြောက်သည်။ ဟောတိ၊ မချွတ်ပုံသေ ဖြစ်ရပေ၏။ သော၊ ဤ ပုဗ္ဗ,မုဥ္စ, အပရစေတနာ သုံးပြသုံးဖြစ် ပြည့်စုံညီညွတ်ခြင်းသည်။ ယညဿ၊ ပေးလှူစွန့်ချ မြတ်ဒါန၏။သမ္ပဒါ၊ နောင်ခါကာလ အကျိုးလှာတို့ စေ့ငကုံလုံ ပြည့်စုံခြင်းပေတည်း။

"ပုဗ္ဗေဝ ဒါနာ သုမနော"တိ အာဒိဂါထာယ ပုဗ္ဗေဝ ဒါနာ မုဥ္စစေတနာယ ပုဗ္ဗေ ဒါနူပကရဏသမ္ဘာရဏတော ပဋ္ဌာယ သုမနော "သမ္ပတ္တိနံ နိဒါနံ အနုဂါမိကဒါနံ ဒဿာမိ"တိ သောမနဿိကော ဘဝေယျ။

"ဒဒံ စိတ္တံ ပသာဒယေ"တိ ဒဒန္တော ဒေယျဓမ္မံ ဒက္ခိဏေယျ ဟတ္ထေ ပတိဋ္ဌာပေန္တော "အသာရတော ဓနတော သာရာ ဒါနံ ဂဏှာမိ"တိ အတ္တနော စိတ္တံ ပသာဒေယျ။

"ဒတ္ထ အတ္တမနော ဟောတိ"တိ ဒက္ခိဏေယျာနံ ဒေယျဓမ္မံ ပရိစ္စဇိတွာ "ပဏ္ဍိတ ပညတ္တံ နာမ မယာ အနုဋ္ဌိတံ၊ အဟော သာဓု သုဋ္ဌု"တိ အတ္တမနော ပမုဒိတော ပီတိသောမနဿဇာတော ဟောတိ။ (အင်-ဋ္ဌကာ)

အလှူခံဘက်မှ အင်္ဂါ ၃-ပါး

၂။ အလှူခံပုဂ္ဂိုလ်များဘက်မှ အင်္ဂါ ၃-ပါးက

"ကတမာနိ ပဋိဂ္ဂါဟကာနံ တီဏင်္ဂါနိ၊ ဣဓ ဘိက္ခဝေ ပဋိဂ္ဂါဟကာ ဝီတရာဂါ ဝါ ဟောန္တိ ရာဂဝိနယာယ ဝါ ပဋိပန္နာ၊ ဝီတဒေါသာ ဝါ ဟောန္တိ ဒေါသဝိနယာယ ဝါ ပဋိပန္နာ၊ ဝီတမောဟာ ဝါ ဟောန္တိ မောဟဝိနယာယ ဝါ ပဋိပန္နာ၊ ဣမာနိ ပဋိဂ္ဂါဟကာနံ တီဏင်္ဂါနိ"

ဟု ဟောတော်မူသောကြောင့် အလှူခံ ပုဂ္ဂိုလ်တွေဟာ

၁။ လောဘကင်းပြီးတဲ့ ပုဂ္ဂိုလ်တွေ၊ လောဘကင်းအောင် ကျင့်ကြံနေတဲ့ ပုဂ္ဂိုလ်တွေ၊

၂။ ဒေါသကင်းပြီးတဲ့ ပုဂ္ဂိုလ်တွေ၊ ဒေါသကင်းအောင် ကျင့်ကြံနေတဲ့ ပုဂ္ဂိုလ်တွေ၊

၃။ မောဟကင်းပြီးတဲ့ ပုဂ္ဂိုလ်တွေ၊ မောဟကင်းအောင် ကျင့်ကြံနေတဲ့ ပုဂ္ဂိုလ်တွေ၊

လောဘ, ဒေါသ, မောဟ ကင်းပြီးတဲ့ ပုဂ္ဂိုလ်တွေက ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာတွေ၊ လောဘ, ဒေါသ, မောဟကင်းအောင် ကျင့်ကြံနေတဲ့ ပုဂ္ဂိုလ်တွေက အနာဂါမ်ပုဂ္ဂိုလ်တွေ၊ သကဒါဂါမ်ပုဂ္ဂိုလ်တွေ၊ သောတာပန်ပုဂ္ဂိုလ်တွေ၊ ကလျာဏပုထုဇဉ် ယခုမျက်မြင် ဘုန်းတော်ကြီးများ၊ အယုတ်ဆုံးအားဖြင့် ထိုနေ့ ရှင်ပြုတဲ့ သာမဏေ၊ ဒီပုဂ္ဂိုလ်တွေဟာ အလှူခံဘက်မှ အင်္ဂါသုံးချက်နှင့်ညီတဲ့ ပုဂ္ဂိုလ်တွေတဲ့။

အလှူခံဘက်မှ အင်္ဂါသုံးချက်ပြ ဂါထာ

မြတ်ဘုရားက အလှူခံ ပုဂ္ဂိုလ်များဘက်မှ အင်္ဂါသုံးချက်ကို ဂါထာအားဖြင့်လဲ ဟောကြားတော်မူခဲ့တယ်။

ဝီတရာဂါ ဝီတဒေါသာ၊ ဝီတမောဟာ အနာသဝါ။
ခေတ္တံ ယညာ သမ္ပန္နံ၊ သညတာ ဗြဟ္မစာရယော။

ဝီတရာဂါ၊ လောဘပယ်ခွင်း မကျန်ရှင်း၍ ကင်းပြီးသော ရာဂရှိကုန်သော။ ဝီတဒေါသာ၊ ဒေါသပယ်ခွင်း မကျန်ရှင်း၍ ကင်းပြီးသော ဒေါသရှိကုန်သော။ ဝီတမောဟာ၊ မောဟပယ်ခွင်း မကျန်ရှင်း၍ ကင်းပြီးသော မောဟရှိကုန်သော။ အနာသဝါ၊ ယိုစီးတတ်ဘိ အာသဝေါတရား မရှိကုန်သော။ သညတာ၊ ကိုယ်နှုတ်နှလုံး သုံးပါးလုံးကို စောင့်သုံးကုန်သော။ ဗြဟ္မစာရယော၊ အကျင့်တော်မြတ် ကိုယ်ဝယ်ကပ်သည့် ရဟန္တာ အရှင်မြတ်တို့သည်။ ယညာ၊ နည်းများမဟူ ပေးလှူပူဇော်ခြင်း၏။ သမ္ပန္နံ၊ စေ့ငကုံလုံ အင်္ဂါသုံးပုံနှင့်ပြည့်စုံသော။ ခေတ္တံ၊အလွန်ကောင်းပေ လယ်ယာမြေသစ် ခေတ်မည်ပါပေ၏။

အမှာ။ ဤဒေသနာကား ဥက္ကဋ္ဌနည်း ဒေသနာတည်း၊ ရဟန္တာသာ မဟုတ်၊ အနာဂါမ်၊သကဒါဂါမ်၊ သောတာပန်၊ ကလျာဏပုထုဇဉ် ယခုမျက်မြင် ဘုန်းတော်ကြီးများ၊ အယုတ်ဆုံး ဒီနေ့ရှင်ပြုသည့် သာမဏေသည်ပင် အလှူခံဘက်မှ အင်္ဂါသုံးချက်နှင့် ညီသည်ဟူ၏။
နကေဝလံ ပန ခီဏာသဝါနံ၊ အနာဂါမိ သကဒါဂါမိ သောတာပန္နာနမ္ပိ အန္တမသော တဒဟုပဗ္ဗဇိတဿ ဘဏ္ဍာဂါဟက သာမဏေရဿာပိ ဒိန္နာ ဒက္ခိဏာ ဆဠင်္ဂသမန္နာဂတာဝ ဟောတိ။ (အင် - အဋ္ဌကထာ)

## ဆဠင်္ဂဒါနမှာ ကောင်းမှုပမာဏ တွက်ဆမပြနိုင်

အလှူပေး ဒါယကာဘက်မှ အင်္ဂါသုံးပါး
အလှူခံ ပုဂ္ဂိုလ်များဘက်မှ အင်္ဂါသုံးပါး

အားဖြင့် အင်္ဂါခြောက်ပါးနှင့် ပြည့်စုံအောင် ပြုပြီးပေးလှူတဲ့ ဆဠင်္ဂဒါနဟာ ကောင်းမှုပမာဏကို တွက်ဆ၍ မပြနိုင်လောက်အောင် အလွန်ပင် အကျိုးကြီးမြတ်သတဲ့။

ဒီ ဆဠင်္ဂဒါနမျိုးမှာ ဘယ်ရွေ့ဘယ်မျှလောက် ကောင်းမှုအစုကို ရတယ်၊ ဘယ်ရွေ့ ဘယ်မျှလောက် ကုသိုလ်အစုကို ရတယ်၊ဘယ်ရွေ့ ဘယ်မျှလောက် ချမ်းသာကို ဆောင်တယ်၊ ဘယ်ရွေ့ ဘယ်မျှလောက် နတ်ပြည်အကျိုးငှါ

ဖြစ်တယ်၊ ဘယ်ရွေ့ ဘယ်မျှလောက် ကောင်းကျိုးကို ရတယ်၊ ဘယ်ရွေ့ ဘယ်မျှလောက် နတ်ပြည် ပဋိသန္ဓေကို ဖြစ်စေတယ်လို့ ကောင်းမှုပမာဏကို တွက်ဆ၍ မပြနိုင်ဘူးတဲ့။

သမုဒ္ဒရာရေကို ဘယ်ရွေ့ ဘယ်မျှဟု ပြည်ကွမ်းစားဖြင့် တွက်ဆ၍ မပြနိုင်သလိုပင်၊စင်စစ်မှာတော့ ပရေမတွက်နိုင် မနှိုင်းယှဉ်နိုင်တဲ့ ကြီးမားသော ရေအစုသာလျှင် ဖြစ်သလိုပင် မရေမတွက်နိုင် မနှိုင်းယှဉ်နိုင်တဲ့ ကြီးမားသော ကုသိုလ်အစုသာလျှင် ဖြစ်တယ်လို့ မှတ်ရမယ်တဲ့။

## ဆင္ဃဂ်ဒါန ပြုနည်းပြ

ဒါ့ကြောင့် ဆင္ဃဂ်ဒါနမျိုးဖြစ်အောင် လောဘ, ဒေါသ, မောဟကင်း ပြီးတဲ့ ပုဂ္ဂိုလ်တွေ၊ သို့မဟုတ် လောဘ, ဒေါသ, မောဟ ကင်းအောင် ကျင့်ကြံနေတဲ့ ပုဂ္ဂိုလ်တွေကို ပင့်ဖိတ်ပြီး အလှူပေး ဒါယကာကိုယ်တိုင် ခြေသုတ်ပေးခြင်း၊ လက်ဆေးပေးခြင်း၊ ခံတွင်းကို လုပ်ကျွေးခြင်း အမှုတွေကို ပြုပြီး လှူဘွယ်ဝတ္ထုကို ကိုယ်တိုင် လက်ဖြင့် သာလျှင် စေတနာ သုံးတန်ပြဋ္ဌာန်း၍ လှူဒါန်းရမယ်။

## ဆင္ဃဂ်ဒါနပြုနည်းနှင့် အကျိုးကြီးပုံပြ ဂါထာ

ဘုရားရှင်လဲ ဆင္ဃဂ်ဒါနပြုနည်းနှင့် အကျိုးကြီးပုံကို ဤကဲ့သို့ဟောကြား တော်မူခဲ့တယ်။

> သယံ အာစမယိတွာန၊ ဒတွာ သကေဟိ ပါဏိဘိ။
> အတ္တနော ပရတော စေ သော၊ ယညော ဟောတိ မဟပ္ဖလော။

သယံ၊ သဒ္ဓါလန်းရှင် အလှူ့ရှင်ကိုယ်တိုင်။ အာစမယိတွာန၊ အင်္ဂါ သုံးရပ် ပြည့်စုံလှာသည့် အလှူခံအရှင်မြတ်အား ခြေသုတ် လက်ဆေး ခံတွင်းဆေးမှု အစုစုကို ပြုပြီး၍။ သကေဟိ၊ အများမဆိုင် ကိုယ်ပိုင်ဥစ္စာ ဖြစ်ကုန်သော။ ပါဏိဘိ၊ ဆယ်ချောင်းစုံယှက် နှစ်ဘက်သော လက်တို့ဖြင့်။ ဒတွာ၊ ကြည်လင်ရွှင်ပျ ဒါနဝတ္ထု ပေးလှူမှုကို ပြုပြီး၍။ အတ္တနော၊ သဒ္ဓါလန်းရှင် အလှူ့ရှင်ဆိုတဲ့ မိမိ၏။ သော ယညော၊ အင်္ဂါခြောက်ရွေ့ ပြည့်စုံစေ၍ ရှိသေတုပ်ကွ ပြုဆွသဒ္ဓါ စာဂါပုညာ ထိုဒါနသည်။ ပရတော၊ ရောက်ရာ ရောက်ရာ တမလွန်ရွာ၌။ မဟပ္ဖလော၊ သမုဒ္ဒရာ ရေပမာသို့ မဟာပုညာ အကျိုးရသည်။ ဟောတိ၊ မချွတ်ပုံသေ ဖြစ်ရပေ၏။

## ဆင္ဒဂ်ဒါန အကျိုးပြ

ဆင္ဒဂ်ဒါနမှာ သမုဒ္ဒရာ ရေထုပမာ ကောင်းမှု ပမာဏကို တွက်ဆ၍ မပြနိုင်လောက်အောင် အသင်္ချေယျ အပ္ပမေယျ မဟာပုညက္ခန္ဓာဟုဟောပြခဲ့ခြင်းကြောင့် ဘုရား, တရား, သံဃာ ရတနာသုံးပါး ဂုဏ်တော်များနှင့် ကံ, ကံ၏အကျိုးတရားကို လေးစားယုံကြည်တဲ့ သူတော်ကောင်း ပညာရှိဟာ လောဘ,မစ္ဆေရ စသည်တို့မှ လွတ်ကင်းတဲ့ စိတ်ထားမျိုးဖြင့် ဆင္ဒဂ်ဒါနမျိုးကို စိုက်ပျိုးပြုလုပ် အားထုတ်ရမယ်၊ အဲဒါလို ဆင္ဒဂ်ဒါနမျိုးကို စိုက်ပျိုးပြုလုပ် အားထုတ်ပြီး သေသည်၏ အခြားမဲ့မှာ သူတော်ကောင်း ပညာရှိဟာ အာရုံငါးပါး ကာမဂုဏ်တရားတွေနဲ့ အလွန်ကောင်းမြတ် ချမ်းသာရပ်ဖြစ်တဲ့ နတ်ခြောက်ထပ်တွင် ဖြစ်ရပြီး ပျော်ပါး မော်ကြွားနိုင်ပါလိမ့်မယ်။

## ဆင္ဒဂ်ဒါန အကျိုးပြ ဂါထာ

ဧဝံ ယဇိတွာ မေဓာဝီ၊ သဒ္ဓေါ မုတ္တေန စေတသာ။
အဗျာပဇ္ဈံ သုခံ လောကံ၊ ပဏ္ဍိတော ဥပပဇ္ဇတိ။

မေဓာဝီ၊ ဓမ္မောဇပညာနှင့် ပြည့်စုံသော။ သဒ္ဓေါ၊ ရတနာသုံးပါး ဂုဏ်တော်များကို အားထားယုံကြည်သော။ ပဏ္ဍိတော၊ အခေါင်တဆူ အာဂလူဟု နှံ့ဆုဝ္နန်းသိ ပညာရှိသည်။ မုတ္တေန၊ လောဘမစ္ဆေ အစထွေသည့် ညစ်ပေယုတ်စု ပါပဓမ္မမှလွတ်သော။ စေတသာ၊ သဒ္ဓါလျှံဖိတ် ကောင်းမြတ်သောစိတ်ဖြင့်။ ဧဝံ၊ ဤသို့။ ယဇိတွာ၊ အရေးတယူ အလေးမူကာ ပေးလှူပူဇော်ပြီး၍။ အဗျာပဇ္ဈံ၊ ဒုက္ခထန်သဲ ဆင်းရဲမရှိသော။ သုခံ၊ ထူးကဲမောက်ချွန် မွန်မြတ်သော ချမ်းသာရှိသော။ လောကံ၊ ခြောက်ထပ် ခြောက်တုံ နတ်ရိုင်မြုံသို့။ ဥပပဇ္ဇတိ၊ အိပ်သောယောကျ်ား နိုးသောလားသို့ ထင်ရှားမသွေ ကပ်ရောက်ကာ ဖြစ်ရလေသတည်း။

## လက်ထက်တော်က ဆင္ဒဂ်ဒါန

ဒီ ဆင္ဒဂ်ဒါနမျိုးကို ဘုရားရှင် ရှေးလက်ထက်တော်အခါက ဝေဠုကဏ္ဍကမြို့မှာနေတဲ့ နန္ဒလုလင်၏မိခင် ဒါယိကာမကြီးဟာ ပြုဘူးပါသတဲ့။

အခါတပါး နန္ဒလုလင်၏ မိခင် ဒါယိကာမကြီးဟာ မိမိတို့ ဝေဠုကဏ္ဍကမြို့သို့ ရောက်ရှိနေတဲ့ ရှင်သာရိပုတြာ, ရှင်မဟာမောဂ္ဂလာန် အစရှိတဲ့

သံဃာတော် အရှင်သူမြတ်တွေကို အင်္ဂါခြောက်ပါးနှင့် ပြည့်စုံတဲ့ အလှူကြီး ကို ပေးလှူပြီးနေသတဲ့။

ဒိဗ္ဗစက္ခုဖြင့်ရှု၍ ဆဋ္ဌင်္ဂဒါနနှင့် အကျိုးများကို ဟောခြင်း

ဘုရား ကိုယ်တော်မြတ်ကြီးကလဲ သာဝတ္ထိပြည် ဇေတဝန်ကျောင်း တော်ကြီးမှာ သီတင်းသုံးတော်မူလျက်ပင် ဒိဗ္ဗစက္ခုဖြင့် ရှုတော်မူ၍ ဟို ဝေဠုကဏ္ဍကမြို့ကြီးမှာ နန္ဒလုလင်ရဲ့မိခင် ဒါယိကာမကြီး ရှင်သာရိပုတြာ, ရှင်မဟာမောဂ္ဂလာန် အမှူးရှိတဲ့ သံဃာတော် အရှင်သူမြတ်တွေကို အင်္ဂါ ခြောက်ပါးနှင့် ပြည့်စုံတဲ့ အလှူကြီး ပေးလှူနေတာကို မြင်တော်မူသတဲ့၊ အဲဒါလို မြင်တော်မူ၍ ရဟန်းတွေကို ခေါ်တော်မူပြီး ဆဋ္ဌင်္ဂဒါနနှင့် အကျိုးများကို ဟောကြားတော်မူခဲ့တယ်။

ယခုပြုရ ဆဋ္ဌင်္ဂဒါန

ဒီကနေ့ အလှူပွဲကြီးဟာ အင်္ဂါခြောက်ပါးနှင့် ပြည့်စုံတဲ့ ဆဋ္ဌင် အလှူပွဲ ကြီးဖြစ်တယ်။

ဒါယကာဘက်မှ ပဌမအင်္ဂါနှင့် ပြည့်စုံပုံ

ဟုတ်တာပေါ့၊ အလှူ့ဒါကာ, အလှူ့အမတွေဟာ အလှူ လှူချင်တဲ့စိတ် ဖြစ်ပေါ်လာကထဲက အလှူပွဲကြီး အောင်မြင်သို့ရာ ဝမ်းမြောက်ဝမ်းသာ လူဘွယ်တန်းဘွယ် အသွယ်သွယ်နှင့် လှူဘွယ်ကိစ္စ အဝဝကို ပြည့်စုံအောင် ကြိုးစားကြရတယ်၊ ဒါကြောင့်လဲ—

"ဒါယကော ပုဗ္ဗေဝ ဒါနာ သုမနော ဟောတိ"

လို့ ဟောတော်မူသည်နှင့်အညီ ပုဗ္ဗစေတနာနှင့်ပြည့်စုံမှုဆိုတဲ့ ဒါယကာ ဘက်မှ ပဌမအင်္ဂါနှင့် ပြည့်စုံခဲ့ပြီး ဖြစ်တယ်။

ဒုတိယအင်္ဂါနှင့် ပြည့်စုံပုံ

ဒီကနေ့ အလှူကြီးပေးတဲ့အခါမှာလဲ ကြည်လင်ရွှင်လန်း ဝမ်းမြောက် ဝမ်းသာ စေတနာတွေ ဝေဝေဖြာဖြာနှင့် ပေးလှူခဲ့ကြတယ်၊ ဒါကြောင့်လဲ-

"ဒဒံ စိတ္တံ ပသာဒေတိ"

လို့ ဟောတော်မူသည်နှင့်အညီ မုဥ္စစေတနာနှင့် ပြည့်စုံမှုဆိုတဲ့ ဒါယကာ ဘက်မှ ဒုတိယအင်္ဂါ နှင့်လဲ ပြည့်စုံကြပြန်တယ်။

### တတိယအင်္ဂါနှင့် ပြည့်စုံပုံ

အလှူကြီးပေးလို့ ပြီးဆုံးချိန်မှစပြီး အလှူပွဲကြီးတော့ အောင်မြင်ပြီးစီးသွားပြီ၊ အနုဂါမိက ဒါနရှေ့အိုးကြီးတော့ မြှုပ်လိုက်ရပေပြီ၊ ဝမ်းသာလိုက်ထာ"အဟော သာဓု၊ အဟော သာဓု"လို့ သေသည်အထိ ဒီဒါနကိုပင် အမှတ်ရတိုင်း အမှတ်ရတိုင်း ဝမ်းမြောက်မှုကို ပြုရမယ်၊ ဒီလိုပြုခဲ့ပါလျှင်—

"ဒတွာ အတ္တမနော ဟောတိ"

လို့ ဟောတော်မူသည်နှင့် အညီ အပရစေတနာနှင့် ပြည့်စုံမှု ဆိုတဲ့ ဒါယကာဘက်မှ တတိယအင်္ဂါနှင့်လဲ ပြည့်စုံပါလိမ့်မယ်။

ဒါ့ကြောင့် အလှူ့ဒကာ, အလှူ့အမတွေ ဘက်က အင်္ဂါသုံးချက်နှင့် ပြည့်စုံပြီပေါ့။

### အလှူခံဘက်မှ ပဌမအင်္ဂါနှင့် ပြည့်စုံပုံ

အလှူခံ ပုဂ္ဂိုလ်များဘတ်က ကြည့်ပါဦး—

ဒီကနေ့ အလှူပွဲကြီးမှာ အလှူ့ဒကာ, အလှူ့အမများရဲ့ အလှူဒါနကို ချီးမြှင့်ရန် ကြွလာတော်မူကြတဲ့ အလှူခံဘုန်းတော်ကြီးများဟာ လောဘကင်းအောင် ကျင့်ကြံကြိုးကုတ် အားထုတ်နေကြတဲ့ ပုဂ္ဂိုလ်များဖြစ်တယ်၊ ဒါ့ကြောင့်လဲ—

"ပဋိဂ္ဂါဟကာ ရာဂဝိနယာယ ဝါ ပဋိပန္နာ"

လို့ ဟောတော်မူသည်နှင့်အညီ လောဘကင်းအောင် ကျင့်ကြံနေတဲ့ ပုဂ္ဂိုလ်ဆိုတဲ့ အလှူခံဘက်မှ ပဌမအင်္ဂါနှင့် ပြည့်စုံတော်မူကြပေယ်။

### ဒုတိယအင်္ဂါနှင့် ပြည့်စုံပုံ

ဒေါသကင်းအောင်လဲ ကျင့်ကြံကြိုးကုတ် အားထုတ်နေကြတဲ့ ပုဂ္ဂိုလ်များဖြစ်တယ်၊ ဒါ့ကြောင့်လဲ—

"ဒေါသဝိနယာယ ဝါ ပဋိပန္နာ"

လို့ ဟောတော်မူသည်နှင့် အညီ ဒေါသကင်းအောင် ကျင့်ကြံနေတဲ့ ပုဂ္ဂိုလ်ဆိုတဲ့ အလှူခံဘက်မှ ဒုတိယအင်္ဂါနှင့်လဲ ပြည့်စုံတော်မူကြတယ်။

### တတိယအင်္ဂါနှင့် ပြည့်စုံပုံ

မောဟကင်းအောင်လဲ ကျင့်ကြံကြိုးကုတ် အားထုတ်နေကြတဲ့ ပုဂ္ဂိုလ်များဖြစ်တယ်၊ ဒါ့ကြောင့်လဲ—

"မောဟဝိနယာယ ဝါ ပဋိပန္နာ"

လို့ ဟောတော်မူသည်နှင့် အညီ မောဟကင်းအောင် ကျင့်ကြံနေတဲ့ ပုဂ္ဂိုလ်ဆိုတဲ့ အလှူခံဘက်မှ တတိယအင်္ဂါနှင့်လဲ ပြည့်စုံတော်မူကြတယ်။

ဒါကြောင့် အလှူခံ ဘုန်းတော်ကြီးများဘက်ကလဲ အင်္ဂါသုံးချက်နှင့် ပြည့်စုံပြီးပေါ့။

အင်္ဂါ ၆-ပါးနှင့် ပြည့်စုံပုံ

အဲဒါကြောင့် ဒီကနေ့ အလှူပွဲကြီးဟာ

၁။ အလှူ့ဒကာ, အလှူ့အမတွေဘက်မှ အင်္ဂါ ၃-ပါး

၂။ အလှူခံ ဘုန်းတော်ကြီးများဘက်မှ အင်္ဂါ ၃-ပါး

အားဖြင့် အင်္ဂါခြောက်ပါးနှင့်ပြည့်စုံတဲ့ 'ဆဠင်္ဂ'အလှူပွဲကြီး ဖြစ်တယ်လို့ ဆိုခဲ့တယ်။

ဆဠင်္ဂဒါန အကျိုးရ

ဒီအင်္ဂါခြောက်ပါးနှင့် ပြည့်စုံတဲ့ ဆဠင်္ဂ အလှူကြီးကို ပေးလှူကြတဲ့ ဒီကနေ့ အလှူ့ဒကာ, အလှူ့အမတွေဟာ—

"ဧဝံ ဆဠင်္ဂသမန္နာဂတာယ ဘိက္ခဝေ ဒက္ခိဏာယ န သုကရံ ပုညဿ ပမာဏံ ဂဟေတုံ 'ဧတ္တကော ပုညာဘိသန္ဒော ကုသလာဘိသန္ဒော သုခဿာဟာရော သောဝဂ္ဂိကော သုခဝိပါကော သဂ္ဂသံဝတ္တနိကော ဣဋ္ဌာယ ကန္တာယ မနာပါယ ဟိတာယ သုခါယ သံဝတ္တတီ'တိ၊ အထ ခေါ အသင်္ချေယျော အပ္ပမေယျော မဟာပုညက္ခန္ဓောတွေဝ သင်္ခံ ဂစ္ဆတိ"

ဟု ဟောတော်မူသည်နှင့်အညီ သမုဒ္ဒရာ ရေထုပမာ ကောင်းမှုပမာဏကို တွက်ဆ၍ မပြနိုင်လောက်အောင် အသင်္ချေယျ, အပ္ပမေယျ ကြီးစွာသော ကောင်းမှုအစုကို ရကြပေပြီ၊ ဒီကနေ့ရတဲ့ အသင်္ချေယျ, အပ္ပမေယျ မဟာပုညက္ခန္ဓဖြင့် အလှူ့ဒကာ, အလှူ့အမတွေဟာ လူ့ချမ်းသာ, နတ်ချမ်းသာ, နိဗ္ဗာန်ချမ်းသာတို့ကို ကေန်မုချ ရပါလိမ့်မယ်။

ဒါန သဘာဝနှင့် အကျိုးပေးပုံ

ဒီဒါနကို သဘာဝအားဖြင့် ပြရလျှင် စေတနာကိုဘဲ ပြရလိမ့်မယ်၊ ပုဗ္ဗစေတနာ, မုဉ္စစေတနာ, အပရစေတနာတွေဟာ အလှူ့ဒကာ, အလှူ့

အမတွေရဲ့ ကိုယ်တွင်းသန္တာန်မှာ မရေမတွက်နိုင်အောင် ဖြစ်ပြီးချုပ်သွား ခဲ့တယ်၊ ချုပ်ပင်ချုပ်သွားသော်လဲ အချည်းနှီး အလဟဿ ချုပ်သွားကြ တာမဟုတ်ဘူး၊ နောင်အခါ အခွင့်သာတိုင်း အကျိုးပေးဘို့ရန် သတ္တိစွမ်း ကလေးချန်ပြီး ချုပ်သွားကြတယ်၊ အဲဒီ သတ္တိစွမ်းကလေးက အလှူ့ဒကာ၊ အလှူ့အမတွေနောက် အရိပ်ပမာ သွားလေရာရာ တကောက်ကောက်ပါ ပြီး ဘဝတိုင်း ဘဝတိုင်း အခွင့်သာတိုင်း အခွင့်သာတိုင်း နိဗ္ဗာန်ကျအောင် အကျိုးပေးပါတော့သည်။

**သစ္စာလေးပါး**

**ဒုက္ခသစ္စာ**

လူကောင်း နတ်ကောင်၊ ဗြဟ္မာကောင်၊ ငရဲကောင်၊ တိရစ္ဆာန်ကောင်၊ ပြိတ္တာကောင်၊ အသုရကာယ်ကောင်တွေရယ်လို့ ရုပ်နာမ်ခန္ဓာ ဖြစ်ပေါ် လာတာက မုချဒုက္ခသစ္စာ၊ ဆင်းရဲတာ အမှန်ပါ။

**သမုဒယသစ္စာ**

ဒီလူကောင်၊ နတ်ကောင်၊ ဗြဟ္မာကောင်၊ ငရဲကောင်၊ တိရစ္ဆာန်ကောင်၊ ပြိတ္တာကောင်၊ အသုရကာယ်ကောင်ဆိုတဲ့ ရုပ်နာမ်ခန္ဓာတွေ ဖြစ်ပေါ်လာ အောင် ဖန်တီးပြုလုပ်ပေးတဲ့ တဏှာလောဘက သမုဒယသစ္စာ၊ ဆင်းရဲကို ဖြစ်စေတတ်တာ အမှန်ပါ။

**နိရောဓသစ္စာ**

ဒီတဏှာလောဘကို အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ ပယ်ဖျက်လိုက်လို့ ဘဝ သစ်မှာ လူကောင်၊ နတ်ကောင်၊ ဗြဟ္မာကောင်၊ ငရဲကောင်၊ တိရစ္ဆာန် ကောင်၊ ပြိတ္တာကောင်၊ အသုရကာယ်ကောင်ဆိုတဲ့ ရုပ်နာမ်ခန္ဓာတွေ မဖြစ် ပေါ်လာတာက နိရောဓသစ္စာ၊ ဆင်းရဲချုပ်ငြိမ်းတာ အမှန်ပါ။

**မဂ္ဂသစ္စာ**

ဒီလူကောင်၊ နတ်ကောင်၊ ဗြဟ္မာကောင်၊ ငရဲကောင်၊ တိရစ္ဆာန်ကောင်၊ ပြိတ္တာကောင်၊ အသုရကာယ်ကောင်ဆိုတဲ့ ရုပ်နာမ်ခန္ဓာတွေ ဖြစ်ပေါ်လာ အောင် ဖန်တီးတည်ထောင်ပေးတဲ့ တဏှာလောဘကို အကြွင်းမဲ့ပယ်ဖျက် တဲ့ အရဟတ္တမဂ်က မဂ္ဂသစ္စာ၊ ဆင်းရဲချုပ်ငြိမ်းကြောင်း အမှန်ပါ။

## သစ္စာမြင်အောင် ကြိုးစားပါ

ဤကဲ့သို့

၁။ ဆင်းရဲတဲ့ ဒုက္ခသစ္စာတရား

၂။ ဆင်းရဲကို ဖြစ်စေတတ်တဲ့ သမုဒယသစ္စာတရား

၃။ ဆင်းရဲချုပ်ငြိမ်းတဲ့ နိရောဓသစ္စာတရား

၄။ ဆင်းရဲချုပ်ကြောင်းအကျင့် မဂ္ဂသစ္စာတရား

အားဖြင့် သစ္စာလေးပါး မြတ်တရားကို မှတ်သားပြီး မဂ်ဉာဏ်ဖြင့် မြင်အောင် ကြိုးစားကြကုန်ရာသတည်း။

### တရားသိမ်း

က တရားလဲ ပြီးဆုံးသွားပြီ၊ နိဂုံးအုပ်ကာ အချုပ်ဂါထာကလေးနဲ့ တရားသိမ်းလိုက်ကြစို့ရဲ့။

ဒေသိတံ ဒါနဗုဒ္ဓေန၊ သုဏိတွာ ဒါနဒေသနံ။
အဘိနန္ဒနစိတ္တေန၊ 'သာဓု သာဓူ'တိ ဘာသထ။

ဘောဇ္ဈော သပ္ပုရိသာ၊ ဆင္ဂဂ်ဒါနပွဲမှာ တအားခဲပြီး ကုသိုလ်ယူငင်ကြတဲ့ အိုဗုဒ္ဓဘာသာဝင် သူတော်စင်တို့။ တုမှေ၊ သံသရာရေး ထောက်တွေးမြော်မြင် သင်သူတော်စင်တို့သည်။ ဒါနဗုဒ္ဓေန၊ ဒါနအမျိုးအစားအကျိုးများကို ပိုင်းခြားသိမြင် ဘုရားရှင်သည်။ ဒေသိတံ၊ ဝေနေယျများချမ်းသာပွားအောင် ဟောကြားတော်မူအပ်သော။ ဒါနဒေသနံ၊ အင်္ဂါခြောက်ဝ ဆင္ဂဂ်ဒါန ဒေသနာတော်ကို။ သုဏိတွာ၊ ယုံကြည်လေးစားမှတ်သားနာယူပြီး၍။ အဘိနန္ဒနစိတ္တေန၊ ရှင်လန်းအားတက် အလွန်နှစ်သက်သောစိတ်ဖြင့်။ သာဓုသာဓူတိ၊ နိဗ္ဗာန်မဂ်ဖိုလ် ရပါလိုဟု ပတ္ထနာပြုသာဓု သာဓု သာဓု ဟူ၍။ ဘာသထ၊ အသံချိုမြ နှုတ်မြွက်ဟ၍ ဆိုလိုက်ကြကုန်လော့။

(သာဓု သာဓု သာဓု)

ဆင္ဂဂ်ဒါနသုတ် ဒါနတရားတော် ပြီး၏။

(အဋ္ဌကနိပါတ် အင်္ဂုတ္တိုရ် ဂဟပတိဝဂ် အက္ခဏသုတ်)

# နဝမခဏာနုလွှာတရားတော်

**မဂ်ဖိုလ်ကွယ်ပြား အက္ခဏ ၈ ပါး**

"အဋ္ဌိမေ ဘိက္ခဝေ အက္ခဏာ အသမယာ
ဗြဟ္မစရိယဝါသာယ"

ဘိက္ခဝေ၊သံသရာဘေး လာမည့်အရေးကိုမြော်တွေးရှုငြား အို-ချစ်သားတို့။ ဗြဟ္မစရိယဝါသာယ၊ မဂ္ဂဗြဟ္မစရိယ အကျင့်လှကို ကျင့်ရခြင်းငှါ။ အက္ခဏာ၊ အင်္ဂါချို့ယုတ် ခဏမဟုတ်သော ဝတ္ထုတို့သည်။ အသမယာ၊ အင်္ဂါချို့ယုတ် အခွင့်မဟုတ်သော ဝတ္ထုတို့သည်။ ဣမေ အဋ္ဌ၊ ရေတွက်ပိုင်းခြား ဤရှစ်ပါးတို့ပင်တည်း။

မြတ်ဘုရားက'မဂ္ဂဗြဟ္မစရိယ'ကိုကျင့်သုံးနိုင်တဲ့ အခွင့်မဟုတ်ရာ'အက္ခဏ' ရှစ်ပါးရှိတယ်လို့ ဟောကြားတော်မူခဲ့တယ်၊ အဲဒီ အက္ခဏရှစ်ပါးက—

လူနတ်ဗြဟ္မာ သတ္တဝါတို့၏ စီးပွားချမ်းသာအလို့ငှါ လောက၌ ဘုရားပွင့်တော်မူလျက် ရှိတယ်၊ သာသနာတော်မြတ်ကြီးကလဲ နေဝန်းလဝန်းကဲ့သို့ ထွန်းလင်းလျက်ရှိတယ်၊ မြတ်ဘုရားနှင့် တပည့်သာဝကများ တို့ကလဲ နိဗ္ဗာန်ရောက်ကြောင်း သူတော်ကောင်းတရားတွေကို နေ့မအား ညမအား ကြိုးစားပမ်းစား ဟောကြားလျက်ရှိတယ်။

သို့ပင်ရှိလည်း—

မိမိက ငရဲမှာကျနေပါလျှင်
သို့မဟုတ် တိရစ္ဆာန်မျိုးမှာ ဖြစ်နေပါလျှင်
သို့မဟုတ် ပြိတ္တာမျိုးမှာ ဖြစ်နေပါလျှင်
သို့မဟုတ် အသညသတ် ဗြဟ္မာ ဖြစ်နေပါလျှင်

သို့မဟုတ် သာသနာမထွန်းလင်းတဲ့ ပစ္စန္တရစ်အရပ် တောင်သူ လူရိုင်း မျိုးမှာ ဖြစ်နေပါလျှင်

သို့မဟုတ် သာသနာထွန်းလင်းရာဌာန မဇ္ဈိမဒေသမှာ ဖြစ်ရပါသော်လဲ မိစ္ဆာဒိဋ္ဌိပုဂ္ဂိုလ် ဖြစ်နေပါလျှင်

သို့မဟုတ် ဆွံ့၊ အ၊ နားပင်း၊ အသိဉာဏ်ကင်းတဲ့ သုဂတိအဟိတ်၊ ဒွိဟိတ် ပုဂ္ဂိုလ် ဖြစ်နေပါလျှင်

သို့မဟုတ် မဂ်ဖိုလ်ရရန် တိဟိတ်အသိဉာဏ်နှင့် ပြည့်စုံပြန်ပါသော်လဲ ဘုရားမပွင့်ရာ သာသနာပအခါမျိုးမှာ ဖြစ်နေပါလျှင်

မြတ်ဘုရားနှင့် တပည့်သာဝကများ၏ ဒေသနာတရားကို နာကြားရမှု၊ နာကြားရသော်လဲ နားလည်နိုင်မှု မရှိဘူးပေါ့၊ တရားနာရမှု၊ နားလည်မှုနှင့် ကင်းပြီး မဂ်ကို မရ၊ မဂ္ဂဗြဟ္မစရိယကို မကျင့်သုံးနိုင်ဘူးပေါ့။

ဒါကြောင့်—

၁။ ငရဲဘုံကို ပဌမ အက္ခဏတပါးလို့ မှတ်သားရမယ်၊

၂။ တိရစ္ဆာန်ဘုံကို ဒုတိယ အက္ခဏတပါးလို့ မှတ်သားရမယ်၊

၃။ ပြိတ္တာဘုံကို တတိယ အက္ခဏတပါးလို့ မှတ်သားရမယ်၊

၄။ အသညသတ်ဗြဟ္မာဘုံကိုစတုတ္ထအက္ခဏတပါးလို့ မှတ်သားရမယ်၊

၅။ ပစ္စန္တရစ်အရပ်ကို ပဉ္စမ အက္ခဏတပါးလို့ မှတ်သားရမယ်၊

၆။ မိစ္ဆာဒိဋ္ဌိပုဂ္ဂိုလ်ကို ဆဋ္ဌမ အက္ခဏတပါးလို့ မှတ်သားရမယ်၊

၇။ သုဂတိအဟိတ်၊ ဒွိဟိတ်ပုဂ္ဂိုလ်ကို သတ္တမ အက္ခဏတပါးလို့ မှတ်သားရမယ်၊

၈။ သာသနာပ အခါကို အဋ္ဌမ အက္ခဏတပါးလို့ မှတ်သားရမယ်။

ဒီ အက္ခဏ ရှစ်ပါးမှာဖြင့် မဂ္ဂဗြဟ္မစရိယကို မကျင့်သုံး နိုင်ဘူးတဲ့၊ မဂ်ဖိုလ်နိဗ္ဗာန် တရားထူးကို မရနိုင်ဘူးတဲ့၊ ဒီအက္ခဏရှစ်ပါးကိုပင် 'ရပ်ပြစ်ရှစ်ပါး' လို့ ခေါ်ကြတယ်၊ မဂ်ဖိုလ်နိဗ္ဗာန် တရားထူးကို မရနိုင်တဲ့ အပြစ်ရှိတဲ့ အရပ်ရှစ်ပါးလို့ ဆိုလိုရင်းဖြစ်တယ်၊ ဒါ့ကြောင့် ဗုဒ္ဓဘာသာ လူမျိုးတွေ ဒီ ရပ်ပြစ်ရှစ်ပါးမှ ကင်းလွတ်မှုကို ဆုတောင်းကြတယ်။

ဒီဃာယုကံ ဒေဝနိကာယန္တိ ဣဒံ အသညံ
ဒေဝနိကာယံ သန္ဓာယ ပုတ္တံ။ (အင်္ဂုတ္တိုရ်အဋ္ဌကထာ)

(ဒေဝါသုရာကို နတ်၌၊ ပေတာသုရာကို ပြိတ္တာ၌ သင်္ဂြိုဟ်သည်)

ငရဲ[၁]၊ တိရစ္ဆာန်[၂]၊ ဘုံဒွာန်ပြိတ္တာ[၃]၊ ဗြဟ္မာအသညသတ်[၄]၊
အရပ်ပစ္စန်[၅]၊ မိစ္ဆာဥာဏ်ရှိ[၆]၊ သုဒ္ဓိပုဂ္ဂလာ[၇]၊
သာသနာပ၊ ကာလ[၈]မှတ်လစ်၊ ရပ်ပြစ်ရှစ်ဖြာ၊
မဂ်ဖိုလ်ကွာသည်....လွတ်ရာခဏနဝမသော်။

## မဂ်ဖိုလ်ရနိုင်တဲ့ နဝမခဏ

ဒီအက္ခဏ ရှစ်ပါး ရပ်ပြစ်ရှစ်ပါးမှ လွတ်မြောက်ပြီး ကိုးခုမြောက်ဖြစ်တဲ့ နဝမ ခဏမှာသာလျှင် မဂ္ဂဗြဟ္မစရိယကို ကျင့်သုံးနိုင်တယ်၊ မဂ်ဖိုလ်နိဗ္ဗာန် တရားထူးကို ရနိုင်တယ်၊ ဒါ့ကြောင့်—

> "ဧကောဝ ခေါ ဘိက္ခဝေ ခဏော စ သမယော စ ဗြဟ္မစရိယ
> ဝါသာယ"ဟု ဟောကြားတော်မူတယ်။

ဘိက္ခဝေ၊သံသရာဘေးလာမည့်အရေးကို မြော်တွေးရှုငြား အို-ချစ်သားတို့။ ဧကောဝ၊ အက္ခဏလွန်ရောက် ကိုးခုမြောက်ဖြစ်သော တခုတည်းသော ဗုဒ္ဓုပ္ပါဒ နဝမခဏကြီးသည်သာလျှင်။ ဗြဟ္မစရိယဝါသာယ၊ မဂ္ဂဗြဟ္မစရိယ အကျင့်လှုကို ကျင့်ရခြင်းငှါ။ ခဏော စ၊ ထူးမြတ်စွာတောင်း အခွင့်ကောင်းလည်းမည်၏။ သမယော စ၊ ထူးမြတ်ပေစွ အခွင့်လှလည်းမည်၏။

ရပ်ပြစ်ရှစ်ပါးခေါ်တဲ့ အက္ခဏရှစ်ပါးကို လွန်မြောက်ပြီး ကိုးခုမြောက်ဖြစ်တဲ့ နဝမခဏဆိုတာ လူ နတ် ဗြဟ္မာ သတ္တဝါတို့၏ စီးပွားချမ်းသာ အလို့ငှါ လောက၌ ဘုရားပွင့်တော်မူလျက် ရှိတယ်၊ သာသနာတော်ကြီးကလဲ နေဝန်းလဝန်း ထွန်းလင်းလျက်ရှိတယ်၊မြတ်ဘုရားနှင့် တပည့်သာဝကများကလဲ နိဗ္ဗာန်ရောက်ကြောင်း သူတော်ကောင်းတရားတွေကို နေ့မအား ညမအား တွင်တွင်ကြီး ဟောကြားလျက် ရှိတယ်၊ မိမိကလဲ ဘုရားပွင့်ရာ သာသနာထွန်းလင်းရာ ဒေသမှာ လူ့အဖြစ်ကိုရပြီး မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရနိုင်တဲ့ တိဟိတ်အသိဉာဏ်နှင့်လဲ ပြည့်စုံနေပြန်တယ်၊ ဒီလိုဆိုလျှင် ဘုရားတရားတော်များကို နာကြားရပြီး မဂ်ကိုရကာ မဂ္ဂဗြဟ္မစရိယကို ကျင့်သုံးနိုင်တယ်။

ဒါ့ကြောင့် ဘုရားပွင့်ရာ သာသနာထွန်းလင်းရာ ဒေသမှာ တိဟိတ်ပဋိသန် အသိဉာဏ်ရှိတဲ့ လူ့အဖြစ်ကို ရခြင်းကို မဂ္ဂဗြဟ္မစရိယကို ကျင့်သုံးနိုင်တဲ့ မဂ် ဖိုလ် နိဗ္ဗာန်တရားထူးကို ရနိုင်တဲ့ တခုတည်းသော 'နဝမခဏ'လို့ ဟောတော်မူတယ်။

ဒီ ဗုဒ္ဓုပ္ပါဒ နဝမခဏဟာ အလွန်ကြုံရခဲတယ်၊ ဗုဒ္ဓုပ္ပါဒ နဝမခဏနှင့် ကြုံရမှလဲ မဂ္ဂဗြဟ္မစရိယကို ကျင့်သုံးနိုင်တယ်၊ မဂ် ဖိုလ် နိဗ္ဗာန် တရားထူးကို ရနိုင်တယ်။

## မေ့လျော့က နဝမခဏကို လွန်မည်

ဒီကနေ့ မြန်မာနိုင်ငံမှာ ဘုရားသာသနာတော်ကြီး နေဝန်းလဝန်းကဲ့သို့ ထွန်းလင်းလျက်ရှိတယ်၊ ဘုရားဟောကြား နိဗ္ဗာန်ရောက်ကြောင်း သူတော်ကောင်းတရားတွေကိုလဲ ဓမ္မကထိက ရဟန်းလူရှင်သူတော်စင်တို့က တွင်တွင်ကြီး ဟောပြောပြသလျက်ရှိတယ်၊ ဒီမြန်မာနိုင်ငံ သာသနာ ထွန်းလင်းရာဒေသမှာ လူ့အဖြစ်ကိုရကြတဲ့ ဗုဒ္ဓဘာသာဝင် အသိဉာဏ်ရှင် သူတော်စင်တို့မှာ မဂ္ဂပြဟ္မစရိယကို ကျင့်သုံးနိုင်တဲ့ မဂ်ဖိုလ်နိဗ္ဗာန်တရားထူးကို ရနိုင်တဲ့ ဗုဒ္ဓုပ္ပါဒ နဝမခဏကြီးနှင့် ကြုံရဆုံရပေပြီ။

ဒီလို ဗုဒ္ဓုပ္ပါဒနဝမခဏဆိုတဲ့ အခွင့်ထူး အခွင့်ကောင်းကြီးနှင့် ကြုံရဆုံရသော်လဲ ဒီဗုဒ္ဓဘာသာဝင် သူတော်စင်တွေဟာ မဂ်ဉာဏ်ဖိုလ်ဉာဏ် နိဗ္ဗာန်ရကြောင်း သူတော်ကောင်း တရားတွေကိုလဲ မနာကြား မမှတ်သား၊ နာကြား မှတ်သားသော်လဲ မလိုက်နာ မကျင့်ကြံ၊ မဂ်ဖိုလ်နိဗ္ဗာန်ကို မရ၊ မဂ်ဉာဏ်ဖိုလ်ဉာဏ် နိဗ္ဗာန်၏ 'ဥပနိဿယ' ဖြစ်အောင် အလှူပေးမှု သီလဆောက်တည်မှု သမထ ဝိပဿနာ ဘာဝနာကမ္မဋ္ဌာန်း ကြိုးပမ်းအားထုတ်မှုဆိုတဲ့ ဒါန, သီလ, ဘာဝနာအလုပ်ကို အားမထုတ်ဘဲ နေကြပါလျှင် လက်ရှိရရှိဆဲဖြစ်တဲ့ ဗုဒ္ဓုပ္ပါဒ နဝမခဏဆိုတဲ့ အခွင့်ထူး အခွင့်ကောင်းကြီးကို အချည်းနှီး အလဟဿ ကျော်လွန်ပြီး သွားကြမှာပေါ့။

မနုဿလာဘံ လဒ္ဓါန၊ သဒ္ဓမ္မေ သုပ္ပဝေဒိတေ။
ယေ ခဏံ နာဓိဂစ္ဆန္တိ၊ အတိနာမေန္တိ တေ ခဏံ။

ယေ၊ အမှတ်မထင် အကြင်သူတို့သည်။ သုပ္ပဝေဒိတေ၊ သုံးလူ့မြတ်ဖျား ကောင်းစွာ ဟောကြားတော်မူအပ်သော။ သဒ္ဓမ္မေ၊ နိဗ္ဗာန်ရောက်ကြောင်း သူတော်ကောင်း တရားတော်တည်းဟူသော သာသနာတော်၌။ မနုဿလာဘံ၊ ကြောင်းကျိုးသိတတ် အမြတ်ဇာတ်ဟူ လူ၏အဖြစ်ကိုရခြင်းကို။ လဒ္ဓါန၊ အခွင့်သာစွ ရကုန်ပြီးကြ၍။ ခဏံ၊ ရခဲလှစွာ ဗုဒ္ဓုပ္ပါဒ နဝမခဏကြီးကို။ နာဓိဂစ္ဆန္တိ၊ မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ ထိုးထွင်း၍ မသိမမြင်ကြကုန်။ တေ၊ ထိုမေ့လျော့ပေါ့ဆ ဗုဒ္ဓုပ္ပါဒနဝမခဏကို ထိုးထွင်း၍ မသိမမြင်ကြကုန်သောသူတို့သည်။ ခဏံ၊ ရခဲလှစွာ ဗုဒ္ဓုပ္ပါဒ နဝမခဏကြီးကို။ အတိနာမေန္တိ၊ အချည်းနှီးကျုံ ကျိုးမဲ့မွန်ဘဲ ကျော်လွန်စေကြကုန်၏။

## ခဏနည်းပါး အက္ခဏများ

မဂ်၏အန္တရာယ်, ဖိုလ်၏အန္တရာယ်, နိဗ္ဗာန်၏အန္တရာယ် မဂ်ဖိုလ်နိဗ္ဗာန် တရားထူးကို မရနိုင်တဲ့ အက္ခဏကာလရှစ်ပါး၊ မဂ္ဂဗြဟ္မစရိယကိုကျင့်သုံးနိုင်တဲ့ မဂ်ဖိုလ်နိဗ္ဗာန် တရားထူးကို ရနိုင်တဲ့ ခဏကာလ တပါးသာဟု ဟောတော်မူခြင်းကြောင့် အက္ခဏကသာ များပြီး ခဏကာလ အလွန်နည်းပါးလှတယ်၊ ဟုတ်တာပေါ့၊ ဘုရားရှင်တို့မည်သည်မှာလဲ တရံတခါကပ်ကမ္ဘာတွေအသင်္ချေ အသင်္ချာ လွန်လေကြပါမှ လောကမှာ ပွင့်တော်မူလာကြတယ်။

ဗဟူ ဟိ အက္ခဏာ ဝုတ္တာ၊ မဂ္ဂဿ အန္တရာယိကာ။
ကဒါစိ ကရဟာစိ လောကေ၊ ဥပ္ပဇ္ဇန္တိ တထာဂတာ။

မဂ္ဂဿ၊ တဏှာပယ်ဖျက် အဋ္ဌင်္ဂိကမဂ်၏။ အန္တရာယိကာ၊ ပျောက်ပျက်ယွန်းကွယ် အန္တရာယ်ကို ပြုတတ်ကုန်သော။ ဗဟူ၊ ရှစ်မျိုးရှစ်စား အရေအတွက်အားဖြင့် များစွာကုန်သော။ အက္ခဏာ၊ မဂ္ဂဗြဟ္မစရိယ အကျင့်လှကို မရနိုင်ရာ အခွင့်အခါတို့ကို။ ဘဂဝတာ၊ ဘုန်းတော်ခြောက်သွယ် ပြည့်ဖြိုးကျယ်ပြော မြတ်ဘုရားသည်။ ဝုတ္တာ၊ ဝေဖန်ပိုင်းခြား သိထင်ရှားအောင် ဟောကြားတော်မူအပ်ပြီ။ တထာဂတာ၊ မှန်သောတရား မှန်သောအားဖြင့် သိပြားပေတတ် ဘုရားမြတ်တို့သည်။ ကဒါစိ ကရဟာစိ၊ ကပ်ကမ္ဘာတွေ သင်္ချေ သင်္ချာ လွန်လေပါမှ တရံတခါ၌။ လောကေ၊ ရုပ်နှင့်နာမ်မျှ ဖြစ်ပျက်ကြသည့် လောကကြီး၌။ ဥပ္ပဇ္ဇန္တိ၊ ပါရမီရင့် သမ္ဘာတင့်၍ ပွင့်တော်မူကြကုန်၏။

**အမှာ။** "ဗဟူ ဟိ"၌ 'ဟိ'ကား အနက်မဲ့ နိပါတ်၊ 'ကဒါစိ, ကရဟာစိ' တို့ကား 'ရံခါ' အနက်ဟော ပရိယာယ်နိပါတ်များတည်း။

## ဒုလ္လဘ အဝဝ ရခဲစွ

ကပ်ကမ္ဘာတွေ သင်္ချေသင်္ချာ အလွန်ကြာပါမှ တရံတခါသာ ဘုရားရှင်တို့ ပွင့်တော်မူလာခြင်းကြောင့် 'ဗုဒ္ဓုပ္ပါဒ နဝမခဏ'ကို အလွန်ရခဲတဲ့ ရဘို့ရာ မလွယ်ကူတဲ့ ဒုလ္လဘတဆူလို့ ဟောတော်မူခဲ့တယ်၊ဘုရားသာသနာဆိုတာလဲ ခဏတာမျှ တိုတောင်းလှတဲ့ နှစ်ကာလကလေးဖြစ်လို့ သာသနာတော် အတွင်းမှာ လူ့အဖြစ်ကို ရဘို့ရာ မလွယ်ကူလှဘူးတဲ့၊ ဒုလ္လဘ တဆူလို့ပင်

ဟောတော်မူခဲ့တယ်၊ သာသနာ ထွန်းလင်းခိုက်မှာသာလျှင် ဘုရားတရားတော်များ ထွန်းကားပြီး မြတ်ဘုရားနှင့် တပည့်သာဝကများတို့ ပြောကြဟောကြ၍ နာကြားကြရတယ်။

သာသနာပ အခါကာလမှာဆိုလျှင် တပုဒ် တဂါထာ တပါဒမျှသဲ ဟောပြောပြသနိုင်သူ မရှိလို့ မနာကြားကြရဘူး၊ ဒါ့ကြောင့် သူတော်ကောင်းတရားကို ပမာပမည်း အနည်းနည်းဖြင့် သိပ်သည်းသေချာ အတ္ထာ မိပ္ပါယ ဂ,န,စုံလင် နားဝင်ချိုမြ နားလည်လှအောင် ဟောပြောပြသနိုင်မှု နာကြားရမှုကိုလဲ အလွန်ရခဲတဲ့ ရဘိုရာမလွယ်ကူတဲ့ ဒုလ္လဘဘာသူဟုပင် ဟောတော်မူခဲ့တယ်။

တယိဒံ သမ္ဗုခီဘူတံ၊ ယံ လောကသ္မိံ သုဒုလ္လဘံ။
မနုဿပဋိလာဘော စ၊ သဒ္ဓမ္မဿ စ ဒေသနာ။

လောကသ္မိံ၊ ရုပ်နာမ်နှစ်လီ ဖြစ်ချည်ပျက်ချည် အတည်မကျ သတ္တလောက၌။ ယံ ခဏံ၊ အကြင်ဘုရားပွင့်ရာ သာသနာဟူသော ဗုဒ္ဓုပ္ပါဒ နဝမခဏကို။ သုဒုလ္လဘံ၊ ကမ္ဘာသချေ လွန်လေပါလည်း ကြုံလာမှုနဲ့ အလွန်ခဲသဖြင့် ရအပ်ပါ၏။ တယိဒံ-တံ ခဏံ၊ ထိုဘုရားပွင့်ရာ သာသနာဟူသော ဗုဒ္ဓုပ္ပါဒ နဝမခဏကြီးသည်ကား။ သမ္မုခီဘူတံ၊ သင်တို့မျက်မြင် အထင်မကောက် မျက်မှောက်ဖြစ်၍ ဖြစ်၏။ မနုဿပဋိလာဘော စ၊ ကောင်းကျိုးသိတတ် အမြတ်ဇာတ်ဟူ လူ၏အဖြစ်ကို ရခြင်းကို လည်းကောင်း။ သဒ္ဓမ္မဿ၊ နိဗ္ဗာန်ရောက်ကြောင်း သူတော်ကောင်းတရားကို။ ဒေသနာ စ၊ ပမာပမည်း အနည်းနည်းဖြင့် သိပ်သည်းသေချာ အတ္ထာမိပ္ပါယ ဂ, န, စုံလင် နားဝင်ချိုမြ နားလည်လှအောင် ဟောပြော ပြသ နိုင်ခြင်းကို လည်းကောင်း။ သုဒုလ္လဘာ၊ ကမ္ဘာသချေ လွန်လေပါလည်း ကြုံလာမှုနဲ့ အလွန်ခဲသဖြင့် ရအပ်ပါ၏။

## နဝမခဏ ကြိုးစားကြ

ဗုဒ္ဓဘာသာ သူတော်စင် အပေါင်းတွေဟာ ယခုလက်ရှိ ရရှိဆဲဖြစ်တဲ့ ဘုရားသာသနာ ဗုဒ္ဓုပ္ပါဒ နဝမခဏမှာ အလှူပေးမှု, သီလဆောက်တည်မှု, သမထဝိပဿနာ ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်း အားထုတ်မှုဆိုတဲ့ ဒါန, သီလ, ဘာဝနာအလုပ်ကို များများကြီး ကြိုးစား အားထုတ် သင့်တယ်၊

ဒီဘုရားသာသနာတော်မှာပင် မဂ်ဖိုလ်နိဗ္ဗာန်တရားထူးကို ရစေသင့်တယ်၊ ဒါန, သီလ, ဘာဝနာအလုပ်ကို တကယ်တမ်း အားထုတ်ပြီး ဒီဘုရား သာသနာတော်မှာပင် မဂ်ဖိုလ်နိဗ္ဗာန်တရားတူးကို ရခဲ့ပါလျှင် အဘယ်မှာ နဝမခဏကို ကျော်လွန်တော့မှာလဲ။

## ခဏလွန်ရာ အပါယ်စာ

ယခု ရရှိဆဲဖြစ်တဲ့ ဗုဒ္ဓုပ္ပါဒ နဝမခဏကြီးကို ဒါန, သီလ, ဘာဝနာ အလုပ်ကို အားမထုတ်ဘဲနှင့် စားခါ၊ အိပ်ခါ၊ ပျော်ပါးခါနှင့် အချိန်ဖြုန်းပြီး နေကြပါလျှင် မဂ်ဖိုလ်မရ, ဥပနိဿယမျှလည်း မဖြစ်ဘဲ အချည်းနှီး အလဟဿ ကျော်လွန်ပြီးသွားကြမှာပေါ့၊ အဲဒါလို ယခုရဆဲဖြစ်တဲ့ ဘုရား သာသနာ နဝမခေတ်အခါကြီးကို ကျော်လွန်ပြီးသွားကြပြီဆိုလျှင် ငရဲမှာ တဖတ်ဖတ်ကျပြီး အထပ်ထပ်စိုးရိမ်ကြရမယ်၊ ပူပင်ကြရမယ်၊ ဆင်းရဲကြရ မယ်၊ ဒါ့ကြောင့် ယခုရဆဲဖြစ်တဲ့ ဘုရားသာသနာ နဝမခေတ်အခါကြီးကို မကျော်လွန်ကြပါစေနှင့်၊ အလှူပေးကြပါ၊ သီလဆောက်တည်ကြပါ၊ သမထ ဝိပဿနာ ဘာဝနာအလုပ်ကို တကယ်တမ်းအားထုတ်ကြပါ၊ မဂ်ဖိုလ်နိဗ္ဗာန် ရအောင် မဂ်ဖိုလ်နိဗ္ဗာန်၏ ဥပနိဿယဖြစ်အောင် ကြိုးစားကြပါ။

အလံ ဝါယမိတုံ တတ္ထ၊ အတ္တကာမေန ဇန္တုနာ။
ကထံ ဝိဇညာ သဒ္ဓမ္မံ၊ ခဏံ ဝေ မာ ဥပစ္စဂါ။
ခဏာတီတာ ဟိ သောစန္တိ၊ နိရယမှိ သမပ္ပိတာ။

တတ္ထ၊ ထို သင်တို့မျက်မြင် အထင်ကရ ဗုဒ္ဓုပ္ပါဒ နဝမခဏ၌။ အတ္တ ကာမေန၊ မဂ်ဖိုလ်ဟူငြား ကိုယ့်ကျိုး ကိုယ့်စီးပွားကို လိုလားသော။ ဇန္တုနာ၊ ထူးကဲသာလွန် လူရည်ချွန်ဟု သိမှန်လိမ္မာ သတ္တဝါသည်။ ဝါယမိတုံ၊ ဒါန, သီလ ဘာဝနာအလုပ်ကို တကယ်တမ်း အားထုတ်ခြင်း ငှါ။ အလံ၊ အခါမလင့် အခွင့်သာခိုက် ပြုထိုက်လှတော့၏။ သဒ္ဓမ္မံ၊ အရိ ယာအပေါင်း သူတော်ကောင်းတို့၏ တရားကို။ ဝိဇညာ-ဝိဇညာယ၊ သမ္မာ ပဋိပတ် အကျင့်မြတ်ဖြင့် သိသတ်ပြီး၍။ ကထံ၊ အဘယ်သို့လျှင်။ ခဏံ၊ ယခုကြုံရ ဗုဒ္ဓုပ္ပါဒ နဝမခဏကြီးကို။ ဥပစ္စဂါ၊ အချည်းနှီးကျ ကျိုးမမှန်ဘဲ ကျော်လွန်စေရာအံ့နည်း။ ဝေ၊ မချွတ်ဧကန် အမှန်စင်စစ်။ ခဏံ၊ ယခု လက်ရ ဗုဒ္ဓုပ္ပါဒ နဝမခဏကြီးကို။ မာ ဥပစ္စဂါ၊ အချည်းနှီးကျ ကျိုးမမှန်ဘဲ

မကျော်လွန်စေလင့်။ ဟိသစ္စ၊ မချွတ်ကေန် မှန်လှပေ၏။ ဥဏ္ဏာတ်တာ၊ ဘုရားပွင့်ရာ သာသနာဟူသော နဝမခဏကို ဒါန, သီလ, ဘာဝနာ အလုပ်ကို အားမထုတ်ဘဲ စားခါ, အိပ်ခါ, ပျော်ပါးခါနှင့် အချည်းနှီး အလဟဿ ကျော်လွန်ကြကုန်သော သူတို့သည်။ နိရယမှိ၊ ချမ်းသာကင်းရဲ့ အလွန်ဆင်းရဲသည့် ငရဲရွာ၌။ သမပ္ပိတာ၊ အဖန်တလဲလဲ မလွဲသာပဲဖြစ်ကြ ရကုန်သည်ဖြစ်၍။ သောစန္တိ၊ စိတ်စက်မဲ စိုးရိမ်ပူဆွေး ကြရကုန်၏။

ဒီသာသနာ ချွတ်ချော်ပါက နောင်ခါနောင်တ ရှိတတ်စွ

မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ စားခါ, အိပ်ခါ, ပျော်ပါးခါနှင့် ဒါန,သီလ,ဘာဝနာ အလုပ်ကို အားမထုတ်ဘဲနေကြလို့ ဒီ ဘုရားသာသနာ တော်မှာလဲ မဂ်ဖိုလ်ကိုမရ မဂ္ဂဖြဟ္မစရိယကို မကျင့်သုံးနိုင်၊ နောင်ဘုရား သာသနာတော်တွေမှာလဲ မဂ်ဖိုလ်ရရန် မဂ္ဂဖြဟ္မစရိယကို ကျင့်သုံးနိုင်ရန် ဥပနိဿယမျှမဖြစ်ဘဲ ယခုကြုံရဆဲဖြစ်တဲ့ ဘုရားသာသနာ နဝမခေတ်အခါ ကြီးကို အချည်းနှီး အလဟဿ ချော်ချွတ်ပြီး သွားကြပါလျှင် အဖျင်း အချာ ကုန်သည်ပွဲစား တဦးဟာ ဘယ်နေရာ ဘယ်ဒေသမှာ ဘယ်ကုန် ဘယ်ပစ္စည်းတွေ ဖြစ်ထွန်းပေါများတယ်၊ ဘယ်နေရာ ဘယ်ဒေသမှာ ဘယ်ကုန် ဘယ်ပစ္စည်းတွေ ရှားပါးသည်ဟု သိပါလျက် အချိန် မှီကာလမှီ သွားရောက်ပြီး ပေါများရာ ဒေသမှ ဝယ်ယူကာ ရှားပါးရာ ဒေသမှာ ရောင်းမှုမပြုဘဲနေတယ်။

တပါးသော ကုန်သည်ပွဲစား လူလယ်များက ကုန်ပစ္စည်း ဖြစ်ထွန်း ပေါများရာဒေသသို့ အချိန်မှီ ကာလမှီ သွားရောက် ဝယ်ယူပြီး ရှားပါးရာ ဒေသမှာ ရောင်းချကြလို့ ကိုးဆ, ဆယ်ဆ အမြတ်တွေ ပြီး ချမ်းသာကြီး ပွားကြတယ်၊ အဖျင်းအချာ ကုန်သည်ပွဲစား ခမျာမှာတော့ အကျိုးစီးပွား မရ၊ နောင် တ, တတနှင့်ကြုံမှိုင်ရရှာသကဲ့သို့ စိုးစိုမ်ပူဆွေး စိတ်မရေရှာသကဲ့ သို့ ဗုဒ္ဓဘာသာဝင် သင်တို့သည်လည်း ဘုရားသာသနာ နဝမခေတ်အခါ ကြီးကို ရပင်ရပါသော်လဲ အကျိုးစီးပွားမရ နောင်ခါ နောင်တ စိုးရိမ် ပူဆွေး စိတ်မသာ ရှိကြပေလိမ့်မယ်။

ဣဓ စေ နံ ဝိရာဓေဇိ၊ သဒ္ဓမ္မဿ နိယာမတံ။
ဝါဏိဇောဝ အတီတတ္ထော၊ စိရတ္တံ အနုတပိဿတိ။

သုမင်္ဂလဝိ(က)၁၀၀-၃၉

ယောကောစိ၊ အကြင် မေ့လျော့ ပေါ့ဆ ဒါန, သီလ, ဘာဝနာအလုပ်၌ အမှတ်မရသော သူသည်။ ဣဓ၊ ဤ ယခုကြုံရ ဗုဒ္ဓုပ္ပါဒ နဝမခဏကြီး၌။ သဒ္ဓမ္မသ၊ အရိယာအပေါင်း သူတော်ကောင်း တရား၏။ နိယာမတံ၊ မချွတ်မလွဲ အမြဲဖြစ်စွ နိယာမဟု ဆိုအပ်သော။ နံ၊ ထိုကိလေသာဖျက် အရိယာမဂ်ကို။ စေ ဝိရာဓေတိ၊ မပြည့်စုံလေ အကယ်၍ ချွတ်ယွင်းသွားစေသည်ဖြစ်အံ့။ သော၊ ထိုမေ့လျော့ ပေါ့ဆ ဤဘုရား သာသနာတော်၌ မဂ်ဖိုလ်မရ လုံ့လဉာဏ်ဖျင်း ချွတ်ယွင်းစေသော သူသည်။ အတီတတ္တော၊ လုံ့လဉာဏ်မသွန် ကံမစွန်ဘဲ လွန်ပြီးသော အကျိုးစီးပွားရှိသော။ ဝါဏိဇော၊ အဖျင်း အညံ့စား ကုန်သည်ပွဲစားသည်။ စိရတ္တံ၊ ရှည်ကြာလေးမြင့် နေ့ညဉ့်တို့ ပတ်လုံး။ အနုတပ္ပတိ ဣဝ၊ နောင်တ တဖန် စိုးရိမ်ပူပန်ရသကဲ့သို့။ စိရတ္တံ၊ ရှည်ကြာလေးမြင့် နေ့ညဉ့်တို့ပတ်လုံး။ အနုတပိဿတိ၊ နောင်တ တဖန် စိုးရိမ်ပူပန်ရလတ္တံ့။

## မဂ်ဖိုလ်မရ ဒုက္ခရှည်ကြာ

အဝိဇ္ဇာလက်ချက်ကြောင့် အလှူပေးမှု, သီလဆောက်တည်မှု, -သမထဝိပဿနာ ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းအားထုတ်မှုဆိုတဲ့ဒါန,သီလ,ဘာဝနာဘက်မှာ အားမတက်ဘဲ မှားကွက်တွေ ဗလပွေနှင့် ဆိုးပေပေအချိန်ဖြုန်းပြီ ကြုံတုန်းကြုံဆဲဖြစ်တဲ့ ဤနဝမခဏကြီးကို မဂ်ဖိုလ်မရ, ဥပနိဿယမျှ မဖြစ်ဘဲ ချော်ချွတ်ကြပြီဆိုလျှင် ခန္ဓာ,အာယတန, ဓာတ်, ရုပ်နာမ်နှစ်ရပ်တို့ မပြတ်ဖြစ်ပျက်နေတဲ့ သံသရာကြီးထဲမှာ၊ ပဋိသန္ဓေနေလိုက်, အိုလိုက်, နာလိုက်, သေလိုက်နှင့် ဇာတိဒုက္ခ, ဇရာဒုက္ခ, ဗျာဓိဒုက္ခ, မရဏဒုက္ခတွေကို ထပ်တလဲလဲရပြီး ဘဝရှည်ကြာ ဆင်းရဲဒုက္ခတွေကို ခံစားကြရမှာပေါ့။

အဝိဇ္ဇာနိဝုတော ပေါသော၊ သဒ္ဓမ္မံ အပရာဓိကော။
ဇာတိမရဏသံသာရံ၊ စိရံ ပစ္စနုဘောဿတိ။

သဒ္ဓမ္မံ၊ အရိယာအပေါင်း သူတော်ကောင်းတို့၏ တရားကို။ အပရာဓိကော၊ မပြည့်စုံလေ ချွတ်ယွင်းစေသော။ အဝိဇ္ဇာနိဝုတော၊ မသိရှစ်ဝသနဗဟလာ မဟာအဝိဇ္ဇာသည် ကွယ်ကာဖုံးပိတ်အပ်သော။ ပေါသော၊ ညံ့ဖျင်းပေါ့ဆ မေ့လျော့လှသည့် လူ့ဗာလသည်။ ဇာတိမရဏသံသာရံ၊ ရုပ်နာမ်နှစ်ရပ် ဥပါဒ်ဋ္ဌီဘင် အစဉ်မပြတ် ဆက်စပ်ဖြစ်ရာ သံသရာ၌။ စိရံ၊

ရှည်ကြာလေးမြင့် နေ့ညဥ့်တို့ပတ်လုံး။ ပဋ္ဌာနေဘောသာတိ၊ မှုမမြသေ့ ဒုက္ခ အထွေထွေ ခံစားရပေလတ္တံ့။

အမှာ။ "ဇာတိမရဏသံသာရံ"၌ ဘုမ္မဝ္ထဂ္ဂိ ပဋ္ဌမာတည်း၊
'ဇရာ' (ပ)၌ ပုဒ် ကြေသည်။

## ဗုဒ္ဓဩဝါဒ လိုက်နာကြ

ဗုဒ္ဓဘာသာဝင်အပေါင်း သူတော်ကောင်းတွေဟာ သာသနာတော် ခေတ်မြတ်ကြီးထဲမှာ လူအဖြစ်ကိုရလာခဲ့ကြပြီ၊အလွန်ကံထူးပါရမီထူးတဲ့ ပုဂ္ဂိုလ်တွေပေါ့။

မြတ်ဘုရားက–

"ဟဲ့ ချစ်သား ချစ်သမီးတို့.... ငါဘုရား သာသနာတော်မှာပင် မဂ်ဖိုလ်ကိုရအောင် မဂ္ဂပြဟ္မစရိယကို ကျင့်သုံးနိုင်အောင် ဒါန, သီလ,ဘာဝနာအလုပ်ကို များများကြီး အားထုတ်ကြရမယ်၊ မေ့မေ့ လျော့လျော့ ပေါ့ပေါ့ဆဆ မနေကြနှင့်၊ ငါဘုရား သာသနာ တော်ကြီးကို ချော်ချွတ်ပြီး မသွားကြစေနှင့်"

လို့ ဆုံးမဩဝါဒများ ပေးတော်မူခဲ့ကယ်၊ ဘုရားဆုံးမတော်မူတိုင်း အချို့ ဗုဒ္ဓဘာသာဝင်တို့ လိုက်နာကြပြီးဖြစ်တယ်၊ အချို့ဗုဒ္ဓဘာသာဝင်တို့ လိုက်နာကြဆဲဖြစ်တယ်၊ အချို့ဗုဒ္ဓဘာသာဝင်တို့လိုက်နာကြလတ္တံ့ဖြစ်ဘယ် လိုက်လည်းလိုက်နာကြပါလို့ တိုက်တွန်းပါတယ်။

ယေ စ လဒ္ဓါ မနုဿတ္တံ၊ သဒ္ဓမ္မေ သုပ္ပဝေဒိတေ။
အကံသု သတ္ထု ဝစနံ၊ ကရိဿန္တိ ကရောန္တိ ဝါ။

ယေ စ၊ အမှတ်မထင် အကြင်သူတို့သည်လည်း။ သုပ္ပဝေဒိတေ၊ သုံးလူ့ မြတ်ဖျား ကောင်းစွာ ဟောကြားတော်မူအပ်သော။ သဒ္ဓမ္မေ၊ နိဗ္ဗာန် ရောက်ကြောင်း သူတော်ကောင်းတရားတည်းဟူသော သာသနာတော်၌။ မနုဿတ္တံ၊ ကြောင်းကျိုးသိတတ် မြတ်သောလူ၏အဖြစ်ကို။ လဒ္ဓါ၊ အခွင့် သာစွ ရကုန်ပြီးကြ၍။ သတ္ထု၊ ဆုံးမတတ်ငြား မြတ်ဘုရား၏။ ဝစနံ၊ ဟောပြောပြသ အဆုံးအမ ဖြစ်သော စကားတော်ကို။ အကံသု ဝါ၊ အရေးတယူ အလေးပြု၍ လိုက်နာပြုကျင့်မှုလည်း ပြုကျင့်ကုန်ပြီ။ကရိဿန္တိ

ဝါ၊ အရေးတယူ အလေးမူ၍ လိုက်နာပြုကျင့်မှုလည်း ပြုကျင့်ကုန်လတ္တံ့။ ကရောန္တိ ဝါ၊ အရေးတယူ အလေးမူ၍ လိုက်နာပြုကျင့်မှုလည်း ပြုကျင့်ကုန်ဆဲ။

## ဒီသာသနာမှာ မဂ်ရပါသော် မချွတ်ချော်

ဘုရားဆုံးမတော်မူတိုင်း ဗုဒ္ဓဘာသာဝင် သူတော်စင်တို့ လိုက်နာကြပြီး မေ့မေ့ လျော့လျော့ ပေါ့ပေါ့ဆဆ မနေကြဘဲ ဒါန, သီလ, ဘာဝနာ အလုပ်ကို တကယ်တမ်း ကြိုးစားအားထုတ်ကြပါလျှင် ဒီဘုရားသာသနာ တော်မှာပင် ဉပနိဿယနှင့် ပြည့်စုံတဲ့ ပုဂ္ဂိုလ်တွေ မဂ်ဖိုလ်ကိုရပြီး မဂ္ဂဗြဟ္မ စရိယကို ကျင့်သုံးနိုင်ပါလိမ့်မည်၊ ဉပနိဿယနှင့် မပြည့်စုံလို့ ဒီဘုရား သာသနာတော်မှာ မဂ်ဖိုလ်ကို မရ၊ မဂ္ဂဗြဟ္မစရိယကို မကျင့်သုံးနိုင်ပါ လျှင် နောင်ဘုရား သာသနာတော်တွေမှာ မဂ်ဖိုလ်ကိုရရန် မဂ္ဂဗြဟ္မစရိယ ကို ကျင့်သုံးနိုင်ရန် ဉပနိဿယ ဖြစ်ကြပါလိမ့်မယ်။

အဲဒါလို ဒီဘုရားသာသနာတော်မှာပင် မဂ်ဖိုလ်နိဗ္ဗာန် တရားကို ရကြ ပါလျှင် မဂ်ဖိုလ်နိဗ္ဗာန်၏ ဉပနိဿယကို ဖြစ်စေကြပါလျှင် ကြုံဆဲဖြစ်တဲ့ ဉာဏ်ဝမခဏကြီးကို ထိုးထွင်း၍ သိမြင်ကြတယ်လို့ ဆိုရပေလိမ့်မယ်၊ ဘုရား သာသနာတော် အတွင်းမှာ လူဖြစ်ကျိုး နပ်တယ်လို့ ဆိုရပေလိမ့်မယ်။

ခဏံ ပစ္စဝိဒ္ဓံ လောကေ၊ ဗြဟ္မစရိယံ အနုတ္တရံ။
ယေ မဂ္ဂံ ပဋိပဇ္ဇိံသု၊ တထာဂတပ္ပဝေဒိတံ။

ယေ၊ အမှတ်မထင် အကြင်သူတို့သည်။ တထာဂတပ္ပဝေဒိတံ၊ အဟုတ် တရားအဟုတ်အားဖြင့်သိငြားပေတတ်ဘုရားမြတ်တို့သည်ဟောအပ်သော။ အနုတ္တရံ၊ တုဘက်ပြိုင်ခတ် လွန်မြတ်စွာဘိ တရားမရှိသော။ ဗြဟ္မစရိယံ၊ လောကလွန်ခွင့် မြတ်သော အကျင့်ဟု ဆိုအပ်သော။ မဂ္ဂံ၊ ကိလေသာ ဖျက် နိဗ္ဗာန်မြို့သို့ သက်သည့် အဋ္ဌင်္ဂိကမဂ်ကို။ ပဋိပဇ္ဇိံသု၊ ပေါက်ရောက် သိမြင် ဉာဏ်လျှင်အဆင့်ဆင့်ဖြင့် ကျင့်ကုန်ပြီ။ တေ၊ ထိုဉာဏ်အဆင့်ဆင့်ဖြင့် မဂ်ကိုကျင့်ကုန်သော သူတို့သည်။ လောကေ၊ ရုပ်နာမ်နှစ်ချက် ဖြစ်ပျက်မှုန် လှ သတ္တလောက၌။ ခဏံ၊ ကြုံခဲစွာလှ ဗုဒ္ဓုပ္ပါဒ နဝမခဏကို။ ပစ္စဝိဒ္ဓံ၊ အခါမလင့် အခွင့်မကုန် ထိုးထွင်း၍ သိကုန်ပြီ။

"ပစ္စဝိဒ္ဓံ"န္တိ ပဋိဝိဇ္ဈိံသု။ (အဋ္ဌကထာ)

အမှာ။ ဤသုတ်၌ ဘုရားရှင်သည် ယခုကြုံဆဲ သာသနာတော်မှာပင် မဂ်ဖိုလ်နိဗ္ဗာန် တရားထူးကို ရအောင်ကြိုးစားဘို့ရာ ဟောကြားတော်မူသည်၊ ဤဘုရားသာသနာတော်၌ မဂ်ဖိုလ်နိဗ္ဗာန် တရားထူးကို မရစေကာမူ မဂ္ဂဖလူပနိဿယမျှ ရလျှင်ပင် လူဖြစ်ကျိုးနပ်ပြီးဟု ဆိုလောက်ပေ၏။

**သီလသံဝရဖြင့် ကိလေသာမိုးယံး မစွတ်အောင်နေကြ**

အမိုးအကာမရှိတဲ့ နေအိမ်ဖြင့်နေတဲ့သူအား မိုးယံးရွာလျှင်မိုးယံးရေစိုစွတ်ရသလိုပင် သီလသံဝရ အမိုးအကာမရှိတဲ့ ခန္ဓာအိမ်ဖြင့် နေသူအား ကိလေသာမိုးယံးရွာလျှင် ကိလေသာမိုးယံးရေဖြင့် စိုစွတ်ရတယ်၊ ထိုကိလေသာ မိုးယံးကို ကာကွယ်တားဆီးနိုင်ရန် သီလသံဝရတရားတွေကို ရှင်တော်ဘုရားဟောကြားတော်မူခဲ့တယ်၊ ထိုသီလသံဝရတရားတွေနှင့်မိမိ၏ခန္ဓာအိမ်ကို လုံခြုံအောင် မိုးကာကြပြီး မမှေ့ မလျှော့ မပေါ့မဆ ကိလေသာမိုးယံးရေမစိုစွတ်ရအောင် နေထိုင်ကြရမယ်။

ယေ သံဝရာ စက္ခုမတာ၊ ဒေသိတာ, ဒိစ္စဗန္ဓုနာ။
တေသု ဂုတ္တော သဒါ သတော၊ ဝိဟာရေ အနဝဿုတော။

စက္ခုမတာ၊ စက္ခုငါးပါး ထင်ရှားရှိတော်မူသော။ အာဒိစ္စဗန္ဓုနာ၊ အမျောင်ပယ်ခွင်း နေမင်း၏အဆွေ ဖြစ်တော်မူသော ဘုရားရှင်သည်။ ယေ သံဝရာ၊ အကြင် အမျိုးမျိုး အစားစား သံဝရတရားတို့ကို။ ဒေသိတာ၊ ဝေဖန်ပိုင်းခြား သိထင်ရှားအောင် ဟောကြားတော်မူအပ်ကုန်၏။ တေသု၊ ထိုဘုရားဟောကြား သီလသံဝရတရားတို့၌။ သဒါ၊ နေ့ရော ညဉ့်ပါ အခါခပ်သိမ်း။ ဂုတ္တော၊ စောင့်စည်းပြည့်စုံ လုံခြုံသည်ဖြစ်၍။ သတော၊ မေ့လျော့ကင်းစင် အမြဲထင်ဘိ သတိနှင့် ပြည့်စုံသည်ဖြစ်၍။ အနဝဿုတော၊ ကိလေသာမိုးယံး မဖြိုးမယို မစွတ်စိုသည်ဖြစ်၍။ ဝိဟာရေ၊ ကောင်းမြတ်ချမ်းသာ နေထိုင်ရာ၏။

**အနုသယပြတ်က နိဗ္ဗာန်ရ**

အစမထင်တဲ့ ကာလမှစပြီး ယခုဘဝကျအောင် ရုပ်တရား နာမ်တရား နှစ်ပါးဟာ ဖြစ်လိုက် ပျက်လိုက်, ဖြစ်လိုက် ပျက်လိုက်နှင့် မပြတ်မလပ် ဖြစ်ပျက်ပြီးလာခဲ့တယ်၊ ယခုဘဝမှာလဲ ရုပ်တရား, နာမ်တရား နှစ်ပါးပင်

ဖြစ်လိုက် ပျက်လိုက်, ဖြစ်လိုက် ပျက်လိုက်နှင့် မပြတ်မလပ် ဖြစ်ပျက်ပြီး နေတယ်၊ သံသရာ မဆုံးသေးသမျှ နောင်ဘဝတွေမှာလဲ ရုပ်တရား, နာမ်တရား နှစ်ပါးပင် ဖြစ်လိုက် ပျက်လိုက်, ဖြစ်လိုက် ပျက်လိုက်နှင့် မပြတ်မလပ် ဖြစ်ပျက်ပြီး နေပါလိမ့်ဦးမယ်၊ ဒီရုပ်နာမ် ဖြစ်ပျက်ကိုပင် မာရ်၏တည်ရာ သံသရာလို့ဆိုတယ်။

အနုသယဓာတ်ကို မဂ်ဉာဏ်ဖြင့် အကြွင်းမဲ့ မဖြတ်နိုင်သေးသမျှ သူသူ ငါငါ သတ္တဝါတွေဟာ ဒီသံသရာကြီးထဲမှာ ဖြစ်ကြ ပျက်ကြရတယ်၊ အလှူ ပေးမှု, သီလဆောက်တည်မှု, သမထဝိပဿနာ ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်း အားထုတ်မှုဆိုတဲ့ ဒါန, သီလ, ဘာဝနာအလုပ်ကို တကယ်တမ်း အားထုတ် ပါလျှင် အနုသယဓာတ်ကို အကြွင်းမဲ့ဖြတ်နိုင်တဲ့မဂ်ဉာဏ်ကို ရမယ်၊မဂ်ဉာဏ် ကိုရလျှင် အနုသယဓာတ် အကြွင်းမဲ့ပြတ်ပြီး ရဟန္တာဖြစ်ကာ သံသရာ တဘက်ကမ်းမှာတဲ့ရှိ နိဗ္ဗာန်မြို့နန်းသို့ တက်လှမ်းနိုင်ပါတော့တယ်။

သဗ္ဗေ အနုသယေ ဆေတွာ၊ မာရဓေယျပရာနုဂေ။
တေ ဝေ ပါရင်္ဂတာ လောကေ၊ ယေ ပတ္တာ အာသဝက္ခယံ။

လောကေ၊ ရုပ်နာမ်နှစ်လီဖြစ်ချည်ပျက်ချည် အတည်မကျ သတ္တလောက ၌။ ယေ၊ အမှတ်မထင် အကြင်သူတို့သည်။ မာရဓေယျပရာနုဂေ၊ မာရ်၏ တည်ရာ သံသရာသို့ ဖန်ခါခါရောက် အစဉ်လျှောက်၍ ဖြစ်တတ်ကုန်သော။ သဗ္ဗေ၊ ကြွင်းမဲ့ဥဿုံ အလုံးစုံကုန်သော။ အနုသယေ၊ ဘဝမပြတ် အဖန်ဖန် ကိန်းတတ်တဲ့ အနုသယဓာတ်တို့ကို။ ဆေတွာ၊ လေးထွေလေးမဂ် ဉာဏ်သန် လျက်ဖြင့် ပယ်ဖျက်ဖြတ်တောက်ပြီး၍။ အာသဝက္ခယံ၊ အာသဝေါလေးဖြာ ကုန်ရာဟုဆို အရဟတ္တဖိုလ်သို့။ ပတ္တာ၊ စင်စစ်မဖောက် ရောက်ကြကုန်၏။ တေ၊ထိုအာသဝေါကင်းစင် ရဟန္တာအရှင်တို့သည်။ ဝေ၊မချွတ်ကေန် အမှန် စင်စစ်။ ပါရံ၊ ဘေးဘျမ်းမသန်း အလွန်ချမ်းသည့် နိဗ္ဗာန်တည်းဟူသော တဘက်ကမ်းသို့။ ဂတာ၊ လျှင်စွာကူးမြောက် ဝင်ရောက်ကြရကုန်၏။

မာရဓေယျပရာနုဂေတိ မာရဓေယျသင်္ခါတံ သံသာရံ
အနုဂတေ၊ ပါရင်္ဂတာတိ နိဗ္ဗာနဂတာ၊ ယေ ပတ္တာ
အာသဝက္ခယန္တိ ယေ အရဟတ္တပ္ပတ္တာ။ (အဋ္ဌကထာ)

## လိုရင်းအချုပ်

ဟောတော်မူလိုရင်း အကျဉ်းချုပ် အဓိပ္ပါယ်ကတော့ ဗုဒ္ဓဘာသာဝင် သူတော်စင်တွေဟာ ယခုကြုံဆဲဖြစ်တဲ့ ဘုရားသာသနာတော်မှာပင် မဂ်ဖိုလ် နိဗ္ဗာန် တရားထူးကိုရအောင် ကြိုးစားရမယ်တဲ့၊ ဥပနိဿယနှင့် မပြည့်စုံလို့ ယခုကြုံဆဲဖြစ်တဲ့ ဘုရားသာသနာတော်မှာ မဂ်ဖိုလ်နိဗ္ဗာန် တရားထူးကို မရနိုင်သေးပါချေင် နောင်ဘုရားသာသနာတော် တွေမှာ မဂ် ဖိုလ် နိဗ္ဗာန် တရားထူးကို ရနိုင်လောက်အောင် ဒါန,သီလ,ဘာဝနာအလုပ်ကို များများ ကြီး အားထုတ်ထားရမယ်တဲ့၊ မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ စားခါ အိပ်ခါ ပျော်ပါးခါနှင့် အချည်းနှီး အလဟဿ အချိန်ကုန်ပြီ ကြုံဆဲဖြစ်တဲ့ ဘုရားသာသနာတော်ကြီးကို ချော်ချွတ်ပြီး မသွားကြပါစေနှင့်တဲ့ ။

## တရားသိမ်း

ကဲ—တရားလဲ ပြီးဆုံးသွားပြီ၊ နိဂုံးအုပ်ကာ အချုပ်ဂါထာကလေးနှင့် တရားသိမ်းလိုက်ကြစို့ရဲ့။

ဒေသိတံ လောကနာထေန၊ သုတွာ ဒုလ္လဘဒေသနံ။
အဘိနန္ဒနစိတ္တေန၊ 'သာဓု သာဓူ'တိ ဘာသထ။

ဘောန္တော သပ္ပုရိသာ၊ ဓမ္မသဘင် ဆင်ယင်ကျင်းပ ဤဌာနသို့ တရား နာလာကြတဲ့ ဓမ္မမိတ်ပေါင်း အို-သူတော်ကောင်းတို့။ တုမှေ၊ သုံးလူ့ ချစ်ရှင် တရားမင်သည့် သင်သူတော်စင် တို့သည်။ လောကနာထေန၊ သတ္တလောက၏ အားထားမှီတွယ် ကိုးကွယ်ရာအစစ် ဖြစ်ကြီ ဖြစ်ငြား မြတ်ဘုရားသည်။ ဒေသိတံ၊ ဝေနေယျများ ချမ်းသာပွားဘို့ ဟောကြား တော်မူအပ်သော။ ဒုလ္လဘဒေသနံ ကြုံကြိုက်ခဲလှ နဝမဓဏကို ဟောပြသည့် ဒုလ္လဘ ဒေသနာတော်ကို။ သုတွာ၊ ယုံကြည်လေးစား မှတ်မှတ်သားသား နာကြားကြပြီး၍။ အဘိနန္ဒနစိတ္တေန၊ ရွှင်လန်းအားတက် အလွန်နှစ်သက် သောစိတ်ဖြင့်။ သာဓု သာဓူတိ၊ နိဗ္ဗာန်မဂ်ဖိုလ် ရပါလိုဟု ပတ္ထနာပြု သာဓု, သာဓု, သာဓု ဟူ၍။ ဘာသထ၊ သာယာချိုမြ သုံးကြိမ်ကျအောင် နှုတ်မြွက်ဟ၍ ဆိုလိုက်ကြကုန်လော့။

(သာဓု သာဓု သာဓု)

နဝမခဏ ဒုလ္လဘတရားတော် ပြီး၏။

(နဝကနိပါတ် အင်္ဂုတ္တိုရ် သီဟနာဒဝဂ် ဝေလာမသုတ်)

# ဒါနတရားတော်

## တရားအချီ

သဗ္ဗညု ဘုရားရှင်သည် သာဝတ္ထိပြည်မှန် ဇေတဝန် ရွှေကျောင်း၌ ကိန်းအောင်း မွေ့လျော် စံတော်မူစဉ် အနာထပိဏ် ဂုဏ်သိရိပုံမွေး ကျောင်းဒါယကာ သူဌေးအား ဤ ဝေလာမသုတ္တန်ကို ထုတ်ပြန်၍ ဟောတော်မူပါသည်။

## သူယုတ်မာဒါန အကျိုးပေးမလှ

အခါတပါး ရှင်တော်ဘုရားသည် မိမိထံပါးသို့ ရောက်ရှိနေတဲ့ အနာထပိဏ် သူဌေးကြီးအား—

ဘုရား "ဒါယကာ သူဌေးကြီး သင်သည် ကိုးကွယ်ရာမဲ့လူတို့အားကျွေးမွေး ပေးကမ်း လှူဒါန်းမှုကို ပြုပါ၏လော"လို့ မေးတော်မူတယ်။

သူဌေး သူဌေးကြီးကလည်း နှုတ်မဆိတ်ပင် "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား....ကိုးကွယ်ရာမဲ့ လူတို့အား ကျွေးမွေး ပေးကမ်း လှူဒါန်းမှုကို တပည့်တော်ပြုပါ၏ ဘုရား၊ ပြုပင်ပြုရသော်လဲ လှူတဲ့ ဒါနက ကြမ်းတန်းလှပါ၏ဘုရား၊ ဆန်ကွဲထမင်းနှင့် ပုံးရည်ဟင်းမျှ ကိုသာ ပေးလှူရပါ၏ဘုရား"လို့ ပြန်ကြားလျှောက်ထားသတဲ့။

ရှင်တော်ဘုရားက—

"ဒါယကာသူဌေးကြီး....လှူဘွယ်ဝတ္ထု ကြမ်းတန်းမှု, မွန်မြတ်မှု ဟာ လိုရင်းမဟုတ်ပါဘူး၊ 'သူတော်ကောင်း ဒါန' ဖြစ်အောင် ပေးလှူမှုသာ လိုရင်းဖြစ်ပါတယ်။

"ဒါယကာ သူဌေးကြီး....

ကြမ်းတန်းတဲ့ ဒါနကိုဘဲဖြစ်စေ, မွန်မြတ်တဲ့ ဒါနကိုဘဲဖြစ်စေ လှူဘွယ်ဝတ္ထုကိုလဲ မရိုမသေ၊ အလှူခံပုဂ္ဂိုလ်တွေကိုလဲ မရိုမသေ ပြုပြီး ပေးလှူခဲ့ပါလျှင် အကျိုးပေးမလှမပ ဖြစ်တတ်တယ်။

အလှူခံပုဂ္ဂိုလ်ကို စိတ်၌မထား ပူဇော်မှုကိုမပြုဘဲ ပေးလှူပြန် လျှင်လဲ အကျိုးပေးမလှမပ ဖြစ်တတ်တယ်။

ကိုယ်တိုင် လက်ဖြင့်မလှူဘဲ တပါးသူကို ခိုင်းစေပြီး ပေးလှူပြန် လျှင်လဲ အကျိုးပေးမလှမပ ဖြစ်တတ်တယ်။

နှစ်ခြား လခြား စွန့်ပစ်ထားတဲ့ ဝတ္ထုများကဲ့သို့ ပေးလှူပြန် လျှင်လဲ အကျိုးပေးမလှမပ ဖြစ်တတ်တယ်။

ဒါနအကျိုးကိုမယုံမကြည်ပြုပြီး ပေးလှူပြန်လျှင်လဲအကျိုးပေး မလှမပ ဖြစ်တတ်တယ်။

"ဒါယကာ သူဌေးကြီး....ဒီသူယုတ်မာဒါန၏ အကျိုးကြောင့် မြင့်မြတ်ကြွယ်ဝတဲ့ အမျိုးမှာဖြစ်ရပါသော်လဲ မွန်မြတ်တဲ့ အစာ ထမင်းကိုလဲ စားလိုစိတ်မရှိဘူး၊ မွန်မြတ်တဲ့ အဝတ်အထည်ကိုလဲ ဝတ်ရုံလိုစိတ်မရှိဘူး၊မွန်မြတ်တဲ့ယာဉ်အမျိုးမျိုးကိုလဲ စီးနင်းလိုစိတ် မရှိဘူး၊ မွန်မြတ်တဲ့ကာမဂုဏ်ငါးပါးကိုလဲ သုံးဆောင်ခံစားလိုစိတ် မရှိဘူး၊ သားမယားနှင့် ကျွန်အမှုလုပ်များတို့ကလဲ ထိုသူ၏ စကား ကို မလေးစား မနာယူကြဘူး၊ မျက်မှောက်တမျိုး မျက်ကွယ်တပုံ အကျိုးစီးပွါးမဲ့သို့သာ ဦးလှည့်ကြတယ်။

"ဒါယကာ သူဌေးကြီး သူယုတ်မာဒါန ပြုသူတိုင်းပင် ဤကဲ့သို့ အကျိုးပေး မလှပမ ဖြစ်ရတယ်"။

ဒါနံ ဒေတိ အသက္ကစ္စံ၊ ယတ္ထ ပါကာသ ဝတ္တတိ။
ဉဋ္ဌာရေသု န နမတိ၊ ပုတ္တာဒယော ကထာကရာ။

ယော၊အမှတ်မထင် အကြင်သူသည်။ အသက္ကစ္စံ၊ လှူဘွယ်အစုစု ဝတ္ထု အတန်တန် အလှူခံပုဂ္ဂိုလ်တို့၌ ရိုသေမှုကို မပြုမူ၍၊ ဒါနံ၊ အန္န,ပါန စသည် အပြား ဆယ်ပါးသော လှူဘွယ်ဝတ္ထုကို။ ဒေတိ၊ လှူလဲရှိသေ ရှင်ရှိသေ အောင် ဝတ်ကြေတန်းကြေ ပေးလှူလေ၏။ ယတ္ထ၊ အကြင်မြင့်မြတ် အမျိုး ဇာတ်၌။အဿ ဒါနဿ၊ ထိုမရိုမသေ ဝတ်ကြေလှူကြ အသပ္ပုရိသဒါန၏။ ပါကော၊ ရရှိမြားမြောင် သုံးဆောင်ခံစား အကျိုးတရားသည်။ ဝတ္တတိ၊

မကင်းနိုင်ကောင်း အကြောင်းလျော်စွာ ဖြစ်ပေါ်လာ၏။ တတ္တ၊ ထို ကြီးကျယ်မြင့်မြတ် အမျိုးဇာတ်၌။ သော၊ ထိုမရှိမသေ ဝတ်ကြွေလျှချင် အလှူ့ရှင်သည်။ ဥဋ္ဌာရေသု၊ ကောင်းနိုးရာရာ ဥဋ္ဌာရုံမှတ် မွန်မြတ်သော အစား၊ အဝတ်၊ ယာဉ်၊ အသုံးအဆောင် မြားမြောင်လုံးစုံ ငါးပါးသော ကာမဂုဏ်တို့၌။ န နမတိ၊ သုံးဆောင်ခံစား ပျော်ပါးလို့မှု စိတ်မပြုဘဲ မညွတ်လေ။ အဿ၊ ထိုမရှိမသေ ဝတ်ကြွေလျှချင် အသပ္ပုရိသ ဒါနရှင်၏။ ပုတ္တဒါရဒယော၊ ချစ်သားတသီး ချစ်သွီးစသည်တို့သည်။ ဝါ၊ သားနှင့်သွီး ဇနီးမယား လုပ်သားကျေးကျွန် တို့သည်။ အကထာကရာ၊ ပြောစကား ကို ထောင်နားမနာ မလိုက်နာကြကုန်သည်။ ဟောန္တိ၊ မချွတ်ပုံသေ ဖြစ်ကြရလေကုန်၏။

## မျက်မှောက်ခေတ် အသပ္ပုရိသဒါန၏ အကျိုးများ

ခုခေတ်မှာ အချို့ပုဂ္ဂိုလ်တွေ ပစ္စည်းဥစ္စာတွေတော့ ကြွယ်ဝချမ်းသာ ပါရဲ့၊ သို့ပေမဲ့ မစားရက် မဝတ်ရက် စည်းစိမ်ချမ်းသာကို မွန်မွန်မြတ်မြတ် မသုံးဆောင်မခံစားကြဘူး၊ အရသာ အမျိုးမျိုးရှိတဲ့ ထမင်း၊ မုန့်၊ အမဲ၊ ငါး စားဖွယ်ခဲဖွယ်များကို 'ဒီလိုထွေရာလေးပါး အစာတွေစားလို့ ရောဂါများ တာဘဲ၊ ငါတို့တော့ မစားဘူးဟေ့'လို့ ပယ်ရှားပြီး ဆန်ကွဲထမင်းနှင့် ဟင်းရွက်ဟင်းလောက်ကိုသာ မြိန်မြိန်ရှက်ရှက်ကြီး စားကြသတဲ့။

ပိုးဖဲကတ္တီပါ ချောမွေ့နူးညံ့တဲ့ အဝတ်အထည်များကို 'ဒီအဝတ်မျိုးတွေ ဝတ်ရတာ အဝတ်မပါ မဝတ်သာနဲ့ အတူတူပါဘဲ၊ ပါးတီပါးလစ် ချော်တီချော်ချက်နဲ့၊ ဝတ်လို့ ဝတ်ထားမှန်းတောင် မသိဘူး၊ ဝတ်လို့ကို လဲ မခြဘူး ရှောရှောကျတာဘဲ၊ ငါတို့တော့ ဒီအဝတ်မျိုးတွေ မဝတ်ချင် ပေါင်၊ ဖျင်ပင်နီလက်ငင်ချည်မှဘဲ လုံလုံလဲလဲ ထူထူထဲထဲရှိတယ်၊ ဝတ်ရာ မှာလဲ တစ်တစ်ရစ်ရစ် လေးလေးပင်ပင်ရှိတယ်၊ ဝတ်လို့ဝတ်ထားမှန်းလဲ သိတယ်'ဟု ဖျင်ပင်နီ လက်ငင်ချည်ကိုသာ အမြတ်ဘနိုး စုံစုံမက်မက်ပြုပြီး ဝတ်ဆင်ကြသတဲ့။

လှပဆန်းကြယ် သူစီးကားယာဉ်ငယ်ကလေးများကိုတော့ 'ငါတို့တော့ ကျဉ်းဘိကျဉ်းကြပ်နဲ့ ထိုင်လို့မကောင်း စီးလို့မကောင်း မစီးချင်ပါ၊

ကားကြမ်းကြီးမှာဘဲ ကျယ်ကျယ်ဝန်းဝန်း ထိုင်လို့ကောင်း စီးလို့ကောင်း'ဟု ကားကြမ်းကြီးကိုသာ စုံစုံမက်မက် နှစ်နှစ်သက်သက်နဲ့ စီးကြသတဲ့။"

ရုပ်ရေချောမောလှပတဲ့ မိန်းကလေးတွေကို မြင်လျှင် 'ဟေ့ ဘိလူးမကလေးတွေ ငါတို့ကို စားချင်လို့လား၊ ဝါးချင်လို့လား ဒီဘီလူးမကလေးတွေနဲ့ ငါတို့ဘာလုပ်ဘို့လဲ၊ စုတ်တီးစုတ်ချာမဲတူတာမှဘဲ အာမနာရဘူး'ဟု ဘာသာလဝါ နေရှာကြသတဲ့၊ ဇနီးမယား သွီးသားနှင့် အစေအပါး ကျေးကျွန်များကလဲ ထိုသူ၏ စကားကို မလေးစား မနာယူကြဘူး၊ မျက်မှောက်တမျိုး မျက်ကွယ်တဖုံ နည်းမျိုးစုံဖြင့် စီးပွားမဲ့သို့သာ ဦးလှည့်ကြသတဲ့။

ဒီပုဂ္ဂိုလ်တွေ ဒီလိုဖြစ်ရတာဟာ အသပ္ပုရိသဒါန၏ အကျိုးမျှပင် ဖြစ်တယ်လို့ မှတ်ရမယ်၊ ဒါကြောင့် ဒါနပြုတဲ့အခါမှာ သူယုတ်မာ ဒါနမျိုး မဖြစ်အောင် ရှောင်ရှားရမယ်။

## သူတော်ကောင်းဒါန အကျိုးပေးလှ

"ဒါယကာ သူဌေးကြီး ... ကြမ်းတန်းတဲ့ ဒါနကိုဘဲ ဖြစ်စေ၊ မွန်မြတ်တဲ့ ဒါနကိုဘဲ ဖြစ်စေ၊ လှူဘွယ်ဝတ္ထုကိုလဲ ရိုရိုသေသေ၊ အလှူခံ ပုဂ္ဂိုလ်တွေကိုလဲ ရိုရိုသေသေပြုပြီး ပေးလှူခဲ့ပါလျှင် အကျိုးပေး လှလှပပ ဖြစ်တတ်တယ်။

အလှူခံပုဂ္ဂိုလ်ကို စိတ်၌ထားကာ ပူဇော်မှုကိုပြုပြီး ပေးလှူပြန်လျှင်လဲ အကျိုးပေး လှလှပပ ဖြစ်တတ်တယ်။

ကိုယ်တိုင် လက်ဖြင့် ပေးလှူပြန်လျှင်လဲ အကျိုးပေး လှလှပပ ဖြစ်တတ်တယ်။

လစဉ် နှစ်စဉ် မပြတ်မလတ်ပင် ပေးလှူပြန်လျှင်လဲ အကျိုးပေး လှလှပပ ဖြစ်တတ်တယ်။

ဒါန၏ အကျိုးကို ယုံယုံကြည်ကြည်နှင့် ပေးလှူပြန်လျှင်လဲ အကျိုးပေး လှလှပပ ဖြစ်တတ်တယ်။

"ဒါယကာ သူဌေးကြီး.... ဒီသပ္ပုရိသဒါန၏ အကျိုးကြောင့် မြင့်မြတ်ကြွယ်ဝတဲ့ အမျိုးမှာဖြစ်ရပြီး မွန်မြတ်တဲ့ အစာ ထမင်း

ကိုလဲ စားလိုစိတ်ရှိမယ်၊ မွန်မြတ်တဲ အဝတ်အထည်ကိုလဲ ဝတ်ရုံလိုစိတ် ရှိမယ်၊ မွန်မြတ်တဲ့ ယာဉ်အမျိုးမျိုးကိုလဲ စီးနင်းလိုစိတ်ရှိမယ် မွန်မြတ်တဲ့ ကာမဂုဏ်ငါးပါးကိုလဲ သုံးဆောင်ခံစားလိုစိတ်ရှိမယ်၊ သားမယားနှင့် ကျွန်အမှုလုပ်များကလဲ ထိုသူ၏စကားကို လေးစားနာယူကြတယ်။

"ဒါယကာသူဌေးကြီး.... သူတော်ကောင်း ဒါန ပြုသူတိုင်းပင် ဤကဲ့သို့ အကျိုးပေး လှလှပပ ဖြစ်ရတယ်။

ဒါနံ ဒဒါတိ သက္ကစ္စံ၊ ယတ္ထ ပါက'သ ဝတ္တတိ။
ဥဠာရေသု ဘောဂေသု နမတိ၊ ပုတ္တာဒယော ကထာကရာ။

ယော၊ အမှတ်မထင် အကြင်သူသည်။ သက္ကစ္စံ၊ လှူဘွယ် အစုစု ဝတ္ထုအတန်တန် အလှူခံပုဂ္ဂိုလ်၌ ရိုသေမှုကိုပြု၍။ ဒါနံ၊ အန္နပါန စသည်အပြားဆယ်ပါးသော လှူဘွယ်ဝတ္ထုကို။ ဒဒါတိ၊ ခုရေနောင်ပါ ကောင်းအောင်သာပေ ပေးလှူလေ၏။ ယတ္ထ၊ အကြင်မြင့်မြတ် အမျိုးဇာတ်၌။ အဿဒါနဿ၊ ထိုရိုသေစွာပ ပေးလှူကြသည့် သပ္ပုရိသဒါန၏။ ပါကော၊ ရရှိမြားမြောင် သုံးဆောင်ခံစား အကျိုးတရားသည်။ ဝတ္တတိ၊ အကြောင်းလျော်စွာ ဖြစ်ပေါ်လာ၏။ တတ္ထ၊ ထိုကြီးကျယ်မြင့်မြတ် အမျိုးဇာတ်၌။ သော၊ ထိုရိုသေစွာပင် ပေးလှူချင်သည့် အလှူ့ရှင်သည်။ ဥဠာရေသု၊ ကောင်းနိုးရာရာ ဩဠာရိမှတ် မွန်မြတ်သော အစား, အဝတ်, ယာဉ်, အသုံးအဆောင် မြားမြောင်လုံးစုံ ငါးပါးသောကာမဂုဏ်တို့၌။ နမတိ၊ သုံးဆောင်ခံစား ပျော်ပါးလိုမှု စိတ်ဝယ်ပြုလေ ညွတ်တော့ပေ၏။ အဿ၊ ထိုရိုသေစွာပင် ပေးလှူချင်သည့် သပ္ပုရိသဒါနရှင်၏။ ပုတ္တာဒယော၊ ချစ်သားတသီးချစ်သွီး စသည်တို့သည်။ ဝါ၊ သားနှင့်သွီး ဇနီးမယား အစေ အပါးကျေးကျွန်များတို့သည်။ ကထာကရာ၊ ပြောစကားကို ထောင်နားနာကာလိုက်နာပြုကျင့်ကြကုန်သည်။ ဟောန္တိ၊ မချွတ်ပုံသေ ဖြစ်ကြရလေကုန်၏။

ဒါ့ကြောင့် နည်းနည်းလှူလှူ များများလှူလှူ ကောင်းတာလှူလှူ ဆိုးတာလှူလှူ—

၁။ ရိုရိုသေသေ လှူပါ၊

၂။ အလှူခံပုဂ္ဂိုလ်ကို ပူဇော်မှုကို ပြုပြီး လှူပါ၊

၃။ ကိုယ်တိုင် လက်ဖြင့် လှူပါ၊
၄။ လစဉ် နှစ်စဉ် မပြတ်မလပ်ပင် လှူပါ၊
၅။ ဒါန၏အကျိုးကို ယုံယုံကြည်ကြည်နှင့် လှူပါ။

## ဝေလာမပုဏ္ဏားဝတ္ထု

### ဗာရာဏသီပြည်ဖွား ပုရောဟိတ်သား

ဒါယကာသူဌေးကြီး.... ငါဘုရား ဝေလာမပုဏ္ဏားဖြစ်စဉ်က ခုနစ်နှစ် ခုနစ်လပတ်လုံး အလှူကြီးပေးဘူးတယ်၊ ဒါယကာသူဌေးကြီး.... ငါဘုရားဟာ လွန်လေပြီးသော အတိတ်ခေတ်က ဗာရာဏသီပြည်မှာ ကိစ္စအရပ်ရပ် စီရင်ဆုံးဖြတ်တတ်တဲ့ ပုရောဟိတ်အမတ်ကြီး၏ နေအိမ်မှာ 'ဝေလာမပုဏ္ဏား'ရယ်လို့ ဖြစ်ဘူးတယ်။

### တက္ကသိုလ်ပြည် ပညာသင်သွား

အဲဒီ ဝေလာမပုဏ္ဏားဟာ အရွယ်တော်စစ်ပေါက် တဆယ့်ခြောက်နှစ် လောက်မှာ ဗာရာဏသီပြည့်ရှင် ဘုရင်မင်းမြတ်၏ သားတော်တပါးနှင့် တက္ကသိုလ်ပြည်သို့ အတူသွားကာ ဒိသာပါမောက္ခဆရာ့ထံမှာ အထွေထွေ ပညာရပ်များကို သင်ကြားကြတယ်။

ဗာရာဏသီမင်းသား ဝေလာမပုဏ္ဏားတို့ နည်းတူပင် ဇမ္ဗူဒိပ်ကျွန်း အပြင် မြို့ပေါင်း ရှစ်သောင်းလေးထောင်မှ မင်းသားပေါင်း ရှစ်သောင်း လေးထောင်တို့လဲ တက္ကသိုလ်ပြည်သို့ သွားရောက်ကြပြီး အထွေထွေသော ပညာရပ်များကို သင်ကြားကြတယ်။

### ဝေလာမဆရာအား မင်းသားများကို အပ်နှင်း

ဝေလာမပုဏ္ဏားလဲ တဆယ့်ခြောက်နှစ် သင်ယူရတဲ့ အတတ်ပညာများ ကို သုံးနှစ်နှင့်အပြီးသင်ယူပြီး လက်ထောက်ဆရာအဖြစ်နှင့် ရှစ်သောင်းလေး ထောင်သော မင်းသားတို့အား တဆင့် သင်ကြားပေတယ်၊ဒိသာပါမောက္ခ ဆရာကြီးလဲ ဝေလာမပုဏ္ဏား၏ အထွေထွေ ပညာရပ်များ သင်ကြားလေ့ လာ၍ ပြီးဆုံးသည်ကို သိတော်မူလျှင်—

"အမောင်တို့....ဤဝေလာမပုဏ္ဏားဟာ ငါတတ်သမျှ ပညာရပ် ဟူသမျှမှာပင် ကုန်စင်အောင် တတ်မြောက်ပေပြီ၊ သင်တို့သည်

ဤ ဝေလာမပုဏ္ဏားၡ၏ အထံမှာ အထွေထွေ ပညာရပ်များကို သင်ကြားကြပါ”

လို့မိန့်ကြားပြီး ရှစ်သောင်းလေးထောင်သော မင်းသားတို့ကို ဝေလာမ ပုဏ္ဏားအား အပ်နှင်းလိုက်တယ်။

## ဆရာဝေလာမ ပုရောဟိတ်ရာထူးရ

ဝေလာမပုဏ္ဏားလဲ ဒိသာပါမောက္ခဆရာကို ပန်ကြားရှိခိုးပြီ ရှစ်သောင်း လေးထောင်သော မင်းသားတို့နှင့်အတူ တက္ကသိုလ်ပြည်မှ ထွက်ခဲ့ပြီး အနီး အပါးမှာရှိဘဲ့ မြို့တမြို့သို့ ရောက်လျှင် ထိုမြို့အရှင်ဖြစ်တဲ့ မင်းသားကို အထွေထွေ ပညာရပ်များကို တတ်မြောက်အောင် သင်ကြားစေပြီး ထိုမြို့ မှာပင် ထားခဲ့တယ်၊ အဲဒါလို ဇမ္ဗူဒိပ်ကျွန်းအပြင် မြို့ပေါင်း ရှစ်သောင်း လေးထောင်သို့ သွားပြီး ရှစ်သောင်းလေးထောင်သော မင်းသားတို့အား အထွေထွေ ပညာရပ်များကို သင်ကြားစေပြီး မိမိ မိမိတို့၏ မြို့မှာပင် ထားခဲ့၍ ဗာရာဏသီမင်းသားနှင့် အတူ ဗာရာဏသီမြို့သို့ ပြန်လာခဲ့ဘယ်၊ ဗာရာဏသီ ပြည်သူပြည်သားတွေကလဲ ငါတို့ရဲ့ မင်းသားတော့ ပညာရပ် များ စုံလင်ပြေပြီဟု ညီညာဖျဖျ မင်းအဖြစ် အဘိသိက်သွန်းကြတယ်၊ ဝေလာမဆရာကိုတော့ ပုရောဟိတ်ရာထူးမှာ ထားကြတယ်။

## အလိုရှိရာ မိန့်ကြားပါ

ရှစ်သောင်းလေးထောင်သော မင်းသားတို့လဲ မိမိ မိမိတို့၏ တိုင်းပြည် မှာ မင်းအဖြစ်ကို ရကြပြီး နှစ်စဉ်နှစ်တိုင်း ဗာရာဏသီမင်းထံ ဖူးမျှော်ရန် လာကြတယ်၊ မင်းသားတွေလဲ ဗာရာဏသီမင်းကို ဖူးမြင်ကြပြီး ဆရာ ဝေလာမပုဏ္ဏားထံသို့ သွားရောက်ကြကာ“ဆရာ....ကျွန်တော်တို့ မင်းအဖြစ် ကို ရပါပြီ၊ ဆရာအလိုရှိရာ မိန့်ကြားတော်မူပါ”ဟု ဘိတ်ကြားပြီး ပြန်သွား ကြတယ်တဲ့။

## မင်းသားတို့နှိပ်စက်၍ ဇနပုဒ်သားတို့ဆူပွက်

မင်းသားတို့ လာရာအခါ ပြန်ရာအခါတို့မှာ တိုင်းစွန်ပြည်နား ဇနပုဒ် များမှ လှည်းဆင့်ခြင်း, ကြက်ဝက်များကို ဖမ်းဆီးယူငင် သွားခြင်းတို့

ကြောင့် ဇနပုဒ်နေသူ လူအများတို့ မင်းသားတို့၏ နှိပ်စက်မှုဒဏ်ကို မခံမရပ်နိုင်ဖြစ်ကြပြီး ညီညာဖျဖျ စည်းဝေးတိုင်ပင်ကြကာ မင်းယင်ပြင်မှာ ကြွေးကြော်ကြတယ်။

## ဥပါယ်တခု ပြုဝစခြင်း

ဗာရာဏသီမင်းလဲ ဆရာဝေလာမပုဏ္ဏားကို ခေါ်တော်မူပြီး "ဆရာ.... မင်းသားတို့ အသွားအပြန် လုယက်နှိပ်စက်လို့ ဇနပုဒ်နေသူ လူအပေါင်းတို့ စိတ်စက် မချမ်းမသာ ဖြစ်နေကြပါတယ်၊ မင်းသားတို့ မလုယက် မနှိပ်စက်နိုင်အောင် ဥပါယ်တခု ပြုပါဦး"လို့ မိန့်ကြားသတဲ့။

## နယ်ပိုင်းခြား သတ်မှတ်ခြင်း

ဝေလာမ မင်းဆရာလဲ"မြတ်သောမင်းကြီး....ကောင်းလှပါ၏၊ ဥပါယ် တခုကို ပြုပါအံ့၊ မြတ်သောမင်းကြီး.... သင်မင်းကြီးပိုင်တဲ့ နယ်ပယ်ဇနပုဒ် များကို ပိုင်းခြားသတ်မှတ်တော်မူပါဘုရား"လို့ လျှောက်ထားတယ်။

ဗာရာဏသီမင်းလဲ မိမိပိုင် နယ်ပယ်ဇနပုဒ်များကို ပိုင်းခြားသတ်မှတ် တော်မူတယ်၊ အခြားသော ရှစ်သောင်းလေးထောင်သော မင်းသားတို့၏ အသီးသီးပိုင် နယ်ပယ် ဇနပုဒ်များကိုလဲ စီစစ်ပိုင်းခြား သတ်မှတ်ကာ ထားစေတယ်။

## နယ်ပိုင် ခြား သတ်မှတ်၍ ချမ်း

ဤကဲ့သို့ ဇမ္ဗူဒိပ်ကျွန်း အပြင်တွင် ရှစ်သောင်း လေးထောင်သော မင်းတို့၏ အသီးသီးပိုင် နယ်ပယ်ဇနပုဒ်များကို ပိုင်းခြားသတ်မှတ်ခါထား ခြင်းကြောင့် အားလုံးသောမင်းတို့ ဗာရာဏသီမင်းထံ ဖူးမျှော်ရန်လာကြ ပါသော်လဲ မိမိတို့၏ ဇနပုဒ်အတွင်းမှာ 'ဤဇနပုဒ်ကား ငါတို့၏ ဇနပုဒ် ပေတည်း'ဟု လုယက်နှိပ်စက်မှုကို မပြုကြဘူးတဲ့၊ ဗာရာဏသီမင်း၏ ဇနပုဒ်အတွင်းမှာလဲ ဤ'ဇနပုဒ်ကား ဗာရာဏသီမင်း၏ ဇနပုဒ်ပေတည်း'ဟု ဗာရာဏသီမင်းအား ရိုသေလေးစားသောအားဖြင့်လုယက်နှိပ်စက်မှုကို မပြု ဘူးတဲ့၊ တိုင်းစွန် ပြည်နားဇနပုဒ်များလဲ ချမ်းသာယာ မင်းအပေါင်းတို့လဲ ဝမ်းမြောက်ဝမ်းသာ ဆရာဝေလာမ အလိုရှိသမျှကို မိန့်ဟတော်မူပါဟု အခါခါ ဘိတ်ကြားကြသတဲ့။

## ဒါနစည် လည်စေခြင်း

ဝေလာမပုဏ္ဏားလဲ ဆွေမျိုးခုနစ်ဆက်တိုင်အောင် ထားရှိခဲ့တဲ့ ပစ္စည်းဥစ္စာ ရတနာတွေကို ကြည့်ရှုတော်မူကာ သခါရတရားတို့၏ ခယသဘော၊ ဝယသဘောကို ဉာဏ်ဖြင့် တွေးတောဆင်ခြင် အဖန်ဖန်ပင် မှတ်သားပြီး 'ငါသည် အလှူပေးခြင်းငှါ သင့်၏'ဟု ကြံစည်တော်မူပြီးလျှင် မင်းအား ပန်ကြားကာ ဂင်္ဂါမြစ်ကမ်းနားမှာ တဆယ့်နှစ်ယူဇနာရှိတဲ့ မိုခနောက် အစဉ်ကို ပြုစေတယ်၊ ထောပတ်၊ ပျား၊ တင်လဲ၊ ဆီ၊ နှမ်း၊ ဆန်စတဲ့ ဝတ္ထုပစ္စည်းတွေထားဘို့ရန် အလွန်ကြီးမားတဲ့ ဂိုဒေါင်ကြီးများကို ဆောက်လုပ်စေတယ် တခု တခုသော ဌာနမှာ ဘယ်ရွှေ ဘယ်မျှ လူတွေကို ခွဲဝေပြီး ထားကြရမယ်၊ အလှူပွဲမှာ မရှိတာရယ်လို့ မရှိကြစေနှင့်၊ မရှိတာရှိက ငါ့အား ပြောကြားကြပါဟု မှာထားစီရင်ပြီး 'ဘယ်နေ့ ဘယ်ရက်မှ စ၍ ဝေလာမပုဏ္ဏား၏ အလှူပွဲသည် ဖြစ်ပါ၏၊ ဝေလာမပုဏ္ဏား၏ အလှူဒါနကို သုံးဆောင်တော်မူကြပါ'လို့ မြို့ကို စည်လည်စေတယ်။

## ဒါနကို စုံစမ်းခြင်း

အလှူမဏ္ဍပ်မှ စပြီး အားလုံး ပြီးစီးပြည့်စုံလို့ အလှူပေးချိန်ကျလျှင် ဝေလာမ မင်းဆရာလဲ အဘိုးတထောင်ထိုက်တဲ့ အဝတ်ကိုဝတ်ပြီး အဘိုးငါးရာထိုက်တဲ့ အဝတ်ကိုအပေါ် ရုံပြုပြီး တန်းဆာများ ဝတ်ဆင်ကာဒါနကို စုံစမ်းလို၍ ရွှေကရားမှာ ရေအပြည့်ထည့်ပြီး—

> "ဤလောကမှာ ဤဒါနကို အလှူခံထိုက်တဲ့ မြတ်သောအလှူခံ ပုဂ္ဂိုလ်တို့ အကယ်၍ ရှိခဲ့ပါမူ ဤရေသည် မြေသို့ ကျပါစေသား၊ မရှိခဲ့ပါမူ ဤကရား၌သာ တည်ပါစေသား"

ဟု သစ္စာဆိုကာ ရေကို သွန်လျှင် မြေသို့ မကျ ကရားလျှ၌သာ တည်သည်ကိုမြင်၍ ဇမ္ဗူဒိပ်ကျွန်းသည် မြတ်သောအလှူခံပုဂ္ဂိုလ်တို့မှ ဆိတ်စွတကား၊ တဦးတလေမျှလဲ သီလစတဲ့ ဂုဏ်ကျေးဇူးရှိတဲ့ မြတ်သော အလှူခံပုဂ္ဂိုလ်ဟူ၍ မရှိဟု နှလုံးမသာယာမူမပြုဘဲ အလှူပေးဒါယကာ၏ အစွမ်းဖြင့် ဤဒါနသည် အကယ်၍ စင်ကြယ်လတ္တံ့၊ ဤကရားမှရေသည် မြေသို့ ကျပါစေသားဟုကြံတော်မူလျှင် ရေသည်ကရားမှထွက်၍ မြေသို့ကျသတဲ့။

## အလှူကြီး ပေးခြင်း

ယခုမူကား အလှူပေးတော့အံ့ဟု ကြံပြီး ယာဂုခဲဘွယ် ဘောဇဉ်မှစပြီး အလုံးစုံပင် ပေးလှူစေသတဲ့၊ ဝေလာမပုဏ္ဏားရဲ့ အလှူပွဲမှာ 'ဘယ်ဟာတွေကို သာ ပေးလှူတယ်၊ ဘယ်ဟာတွေကို မပေးလှူဘူး'ဟု ဆိုဘွယ်ရာမရှိဘူးတဲ့။

ရှစ်သောင်း လေးထောင်သော မင်းတို့အား ရှစ်သောင်း လေးထောင် စီသော ရွှေခွက် စသည်တို့ကို ပူဇော်ပြီး–

ရွှေခွက်, ငွေပယင်း, ငွေပဲ တို့ဖြင့် ပြည့်တဲ့ ရွှေခွက်ပေါင်း ရှစ်သောင်း လေးထောင်၊

ရွှေခွက်, ရွှေပယင်း, ရွှေပဲ တို့ဖြင့် ပြည့်တဲ့ ငွေခွက်ပေါင်း ရှစ်သောင်း လေးထောင်၊

ရတနာ ခုနစ်ပါးဖြင့် ပြည့်တဲ့ ကြေးခွက်ပေါင်း ရှစ်သောင်း လေးထောင်၊

အဲဒီ ရွှေခွက်, ငွေခွက်, ကြေးခွက်ကြီးတွေဟာလဲ အလွန် ကြီးမားတဲ့ ခွက်ကြီးတွေတဲ့၊ တပယ်ခန့်ရှိတဲ့ မြေအရပ်မှာ လေးခွက်သာ ထားလောက် သတဲ့၊ ခွက်အဖူးအငုံ ကိုးတောင်, ခွက်အနားဝမှ အောက်အစောက် ရှစ်တောင် ရှိပြီး အကျယ်အဝန်းမှာ ခွက်အတွင်း အာဇာနည်မြင်း ခြောက်ကောင် က,တဲ့ ရထားပင် လှည့်လည်လောက်သတဲ့။

ရွှေတန်ဆာ, ရွှေတံခွန်, ရွှေကွန်ယက် တို့ဖြင့် တန်ဆာဆင် ထားတဲ့ ဆင်ပေါင်း ရှစ်သောင်း လေးထောင်၊

ခြသေ့်ရေ, ကျားရေ, သစ်ရေ, ကမ္ဗလာ တို့ဖြင့် ကွပ်ကာရံပြီး ရွှေတန်ဆာဖြင့် တန်ဆာဆင်ကာ ရွှေတံခွန် စိုက်မထောင်လျက် ရွှေကွန်ယက်တို့ဖြင့် ဖုံးလွှမ်းထားတဲ့ ရထားပေါင်း ရှစ်သောင်း လေးထောင်၊

ဘွဲ့ဖြူပုဆိုးအခင်းနှင့် တကွ ငွေဖြင့်ပြီးတဲ့ နို့ရည်ခံခွက်ရှိတဲ့ နို့ညှစ်နွားမပေါင်း ရှစ်သောင်း လေးထောင်၊

ပတ္တမြားနားဒွောင်း ဝတ်ဆင်ထားတဲ့ သတို့သမီး ကညာပေါင်း ရှစ်သောင်း လေးထောင်၊

လက်လေးသစ်ထက်ရှည်တဲ့ အမွေးရှိတဲ့ ကော်ဇောကြီးများ၊ သားမွေးဖြူဖြင့် ပြီးတဲ့ အခင်းများ၊ ဝံပိုင်ရေဖြင့် ပြုထားတဲ့ မြတ်သော အခင်းများ ခင်းထားပြီး နီမြန်းတဲ့ ဗိတာန်မျက်နှာကြက်, နှစ်ဘက်သော ခြေအုံး ခေါင်းအုံးရှိတဲ့ ပလ္လင်ပေါင်း ရှစ်သောင်း လေးထောင်၊

ခုံချည်, ပိုးချည်, ဝါချည်, သားမွေးချည်, ပုဆိုးလိပ်ပေါင်း ရှစ်သောင်း လေးထောင်တို့ကို ပေးလှူတယ်။

ထမင်း,အဖျော်, ခဲဘွယ်, ဘောဇဉ်, စားဘွယ်, သောက်ဘွယ်တွေကို ပေးလှူရာမှာ အပိုင်းအခြားမရှိ ထမင်းရေချောင်းစီးပင် ဖြစ်သတဲ့၊ ဝေလာမ ပုဏ္ဏား၏ အလှူပွဲဟာ ခုနစ်နှစ် ခုနစ်လပင် ကြာသတဲ့။

**မှတ်ချက်။** မိန်းမအလှူ, နွားလားဥသဘအလှူ,သေအရက်အလှူ, ပွဲလမ်းသဘင်အလှူတို့ ၂ ည် ဒါနမဟုတ်သော်လဲ 'ဝေလာမပုဏ္ဏား၏ အလှူပွဲမှာ ဤမည်သော လှူဘွယ်ဝတ္ထုများမပါ'ဟု ဆိုဘွယ်ရာမရှိစေရန် အခြံအရံပြု၍ ပေးလှူသတဲ့။

ယာနိ ပနေတာနိ ဣတ္ထိဒါနံ, ဥသဘဒါနံ, မဇ္ဇဒါနံ, သမဇ္ဇဒါနန္တိ အဒါန သမ္မတာနိ၊ တာနိပိ ဧသ 'ဝေလာမဿ ဒါနမုခေ ဣဒံ နာမ နတ္ထိ'တိ ဝစနပထံ ပစ္ဆိန္ဒိတုံ ပရိဝါရတ္ထာယ အဒါသိ။ (အဋ္ဌကထာ)

**အလှူခံ သီလကင်း၍ အကျိုးပေးညံ့ဖျင်း**

ဒါယကာ သူဋ္ဌေးကြီး....ငါဘုရား ဝေလာမပုဏ္ဏား ဖြစ်စဉ် အခါက ငါ့ဒါနကို လာရောက် ချီးမြှောက်ကြတဲ့ အလှူခံပုဂ္ဂိုလ်တွေထဲမှာ သီလ, သမာဓိ, ပညာ ဂုဏ်ကျေးဇူးရှိတဲ့ မြတ်သော အလှူခံပုဂ္ဂိုလ်ဆိုလို့ တစ်ုတယောက်မျှ မပါမရှိပါ၊ ငါ့ဒါနကို အလှူခံတဲ့ တစုံတယောက်သော အလှူခံပုဂ္ဂိုလ်သည်လည်း ငါ့ဒါနကို အကျိုးကြီးအောင် မပြုနိုင်။

**အလှူခံ ဂုဏ်အဆင့်ဆင့် အကျိုးကြီးမြင့်**

"ဒါယကာ သူဋ္ဌေးကြီး.... ခုနစ်နှစ် ခုနစ်လပေးလှူတဲ့ ဝေလာမပုဏ္ဏား၏ အလှူကြီးထက် သောတာပန် ပုဂ္ဂိုလ်တဦးအား တကြိမ်ဆွမ်းကျွေးရတာက ပိုပြီး အကျိုးကြီးတယ်။

သောတာပန် တရားကို တကြိမ် ဆွမ်းကျွေးရတာထက် သကဒါ ဂါမ်ပုဂ္ဂိုလ် တဦးအား တကြိမ် ဆွမ်းကျွေးရတာက ပိုပြီး အကျိုးကြီးတယ်။

သကဒါဂါမ် တရားကို တကြိမ်ဆွမ်းကျွေးရတာထက် အနာဂါမ် ပုဂ္ဂိုလ် တဦးအား တကြိမ် ဆွမ်းကျွေးရတာက ပိုပြီး အကျိုး ကြီးတယ်။

အနာဂါမ် တရားကို တကြိမ် ဆွမ်းကျွေးရတာထက် ရဟန္တာ ပုဂ္ဂိုလ် တဦးအား တကြိမ် ဆွမ်းကျွေးရတာက ပိုမိုပြီး အကျိုး ကြီးတယ်။

ရဟန္တာ တရားကို တကြိမ် ဆွမ်းကျွေးရတာထက် ပစ္စေကဗုဒ္ဓါ တပါးအား တကြိမ် ဆွမ်းကျွေးရတာက ပိုမိုပြီးအကျိုးကြီးတယ်။

ပစ္စေကဗုဒ္ဓါတရားကို တကြိမ်ဆွမ်းကျွေးရတာထက် သဗ္ဗညုဘုရား ရှင်အား တကြိမ် ဆွမ်းကျွေးရတာက ပိုမိုပြီး အကျိုးကြီးတယ်။

သဗ္ဗညုဘုရားရှင်အား တကြိမ် ဆွမ်းကျွေးရတာထက် ဘုရား အမှူးရှိတဲ့ သံဃာတော် အရှင်သူမြတ်တွေကို တကြိမ် ဆွမ်းကျွေး ရတာက ပိုမိုပြီး အကျိုးကြီးတယ်။

ဘုရားအမှူးရှိတဲ့ သံဃာတော် အရှင်သူမြတ်တွေကို တကြိမ် ဆွမ်းကျွေးရတာထက် "စာတုဒ္ဒိသာ သံဃိက" ကျောင်းတဆောင် ဆောက်လုပ်ပြီး လှူဒါန်းရတာက ပိုမိုပြီး အကျိုးကြီးတယ်။

စာတုဒ္ဒိသာ သံဃိက ကျောင်းတဆောင် ဆောက်လုပ်ပြီး လှူဒါန်းရတာထက် ကြည်ညိုသောစိတ်ဖြင့် သရဏဂုံဆောက်တည် ရတာက ပိုပြီး အကျိုးကြီးတယ်။

ကြည်ညိုသော စိတ်ဖြင့် သရဏဂုံ ဆောက်တည် ရတာထက် ကြည်ညိုသောစိတ်ဖြင့် ငါးပါးသီလဆောက်တည်ရတာက ပိုမိုပြီး အကျိုးကြီးတယ်။

ကြည်ညိုသောစိတ်ဖြင့် ငါးပါးသီလ ဆောက်တည်ရတာထက် နို့သာတရှူခန့် အချိန်ကလေးမှာ မေတ္တာဘာဝနာကို ပွားများ ရတာက ပိုမိုပြီး အကျိုးကြီးတယ်။

နှံ့သာတရှူးခန့် အချိန်ကလေးမှာ မေတ္တာဘာဝနာကို ပွားများရတာထက် လက်ဖျစ်တတွက် အချိန်ကလေးမှာ အနိစ္စသညာကို ပွားများရတာက ပိုမိုပြီး အကျိုးကြီးတယ်”

ဟု ဟောကြားတော်မူတယ်။

**ဝိစေယျဒါန အကျိုးကြီးလှ**

ဒါ့ကြောင့် ဝိစေယျဒါနကို အကျိုးကြီးလှတယ်လို့ မြတ်ဘုရားချီးမွမ်း ဟောကြားခဲ့တာ ဒီလိုတဲ့။

ဝိစေယျ ဒါနံ သုဂတပ္ပသတ္ထံ၊ ယေ ဒက္ခိဏေယျာ ဣဓ ဇီဝလောကေ။
ဧတေသု ဒိန္နာနိ မဟပ္ဖလာနိ၊ ဗီဇာနိ ဝုတ္တာနိ ယထာ သုခေတ္တေ။

ဝိစေယျ၊ အလှူခံပုဂ္ဂိုလ် လှူဘွယ်ဝတ္ထုတို့ကို ရွေးချယ်စီစစ်၍။ ဒါနံ၊ စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းကို။ သုဂတပ္ပသတ္ထံ၊ ကောင်းသောစကားကို ဆိုတော်မူတတ် ဘုရားမြတ်တို့သည် ချီးမွမ်းတော်မူအပ်၏။ သုခေတ္တေ၊ အလွန်ကောင်းပေ လယ်ယာမြေ၌။ ဝုတ္တာနိ၊ ကောင်းစွာ ထွန်ယက်၍ စိုက်ပျိုးကြဲချအပ်ကုန်သော။ ဗီဇာနိ ယထာ၊ အဘိုးထိုက်ဘိ တန်ကြေး ရှိသည့် မျိုးစေ့တို့ကဲ့သို့။ တထာ၊ ထို့အတူ။ ဣဓ ဇီဝလောကေ၊ ဤရုပ်နှင့် နာမ်မျှ ဖြစ်ပျက်ကြသည့် သတ္တလောက၌။ ယေ ဒက္ခိဏေယျာ၊ အကြင် သီလစ,တုံ ကျေးဇူးဂုဏ်နှင့် ပြည့်စုံတော်မူကြတဲ့ ဘုရားပစ္စေကဗုဒ္ဓါ,အရိယာ သာဝက, ကလျာဏပုထုဇဉ်များဖြင့် ထိုထို အလှူခံ ပုဂ္ဂိုလ်တို့သည်။ သန္တိ၊ အမှန်တိတိ ထင်စွာရှိကုန်၏။ ဧတေသု၊ ထိုသီလစသား ကျေးဇူးအားဖြင့် ကြီးမားပိုမို အလှူခံပုဂ္ဂိုလ် တို့အား။ ဒိန္နာနိ၊ သဒ္ဓါဖွေးဖြူ အလေးမူ၍ ပေးလှူ အပ်ကုန်သော အလှူတို့သည်။ မဟပ္ဖလာနိ၊ ကြီးကျယ်ဖွံ့ဖြိုး များမြတ်သော အကျိုးရှိပါကုန်၏။

**သပ္ပုရိသဒါန ဝိစေယျဒါန ပြုပါကြ**

ဤဝေလာမသုတ် ဒေသနာတော်ကို နာကြားမှတ်သားပြီး ယခုအခါ ဒါယကာ, ဒါယိကာမအပေါင်း သူတော်ကောင်း တို့သည် ဒါနပြုရာ၌ သူတော်ကောင်းတွေ ပေးလှူတဲ့ ဒါနမျိုးဖြစ်အောင် ပြုကြပါ၊ အလှူခံ ပုဂ္ဂိုလ်လာလျှင် အယုတ်, အလတ်, အမြတ်မရွေး လက်မနှေးဘဲ လေးလေး ကြည်သာ ကောင်းစွာဝတ္ထု ပေးလှူမှုပြုကြပါ၊ ရံခါရံခါလဲ မိမိတို့၏

ဒါနကို အကျိုးစီးပွား များများရအောင် သီလ,သမာဓိ, ပညာ အကျင့်သိက္ခာနှင့် ပြည့်စုံတဲ့ သူမွန်သူမြတ်တွေကို ရွေးချယ်ပြီး ပေးလှူကြပါ။

## သစ္စာလေးပါး

### ဒုက္ခသစ္စာ

"ကတမံ ပနာ'ဝုသော ဒုက္ခံ၊ ဇာတိပိ ဒုက္ခာ၊ ဇရာပိ ဒုက္ခာ၊ မရဏမ္ပိ ဒုက္ခံ၊ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာပိ ဒုက္ခာ၊ ယံ ပိစ္ဆံ န လဘတိ, တမ္ပိ ဒုက္ခံ၊ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိ ဒုက္ခာ၊ ဣဒံ ဝုစ္စတာ' ဝုသော ဒုက္ခံ။

လို့ ဟောတော်မူသောကြောင့် ပဋိသန္ဓေ နေရတာလဲ ဒုက္ခသစ္စာ၊ အိုရတာလဲ ဒုက္ခသစ္စာ၊ သေရတာလဲ ဒုက္ခသစ္စာ၊ စိုးရိမ်ပူဆွေးရတာလဲ ဒုက္ခသစ္စာ၊ ငိုကြွေးရတာလဲ ဒုက္ခသစ္စာ၊ ပြင်းစွာပင်ပန်းရတာလဲ ဒုက္ခသစ္စာ၊ မအို မနာ မသေတာကို တောင့်တလို့ မရတာလဲ ဒုက္ခသစ္စာ၊ အကျဉ်းအားဖြင့် ဥပါဒါန်၏ အာရုံဖြစ်တဲ့ ခန္ဓာငါးပါးလုံး ဒုက္ခသစ္စာ၊ ဆင်းရဲတာ အမှန်ပါ။

### သမုဒယသစ္စာ

"ကတမော စာ'ဝုသော ဒုက္ခသမုဒယော၊ ယာ'ယံ တဏှာ ပေါနောဗ္ဘဝိကာ နန္ဒိရာဂသဟဂတာ တတြတတြာ'ဘိနန္ဒိနီ၊ သေယျထိဒံ၊ ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ၊ အယံ ဝုစ္စတာ'ဝုသော ဒုက္ခသမုဒယော"

လို့ ဟောတော်မူသောကြောင့် ဘဝသစ်ကို အဖန်ဖန် ပြုလေ့ရှိတဲ့ တပ်မက်မောခြင်းနှင့်တကွဖြစ်တဲ့ ထိုထို အာရုံကို အလွန်နှစ်သက်တတ်တဲ့ တဏှာ၊ သရုပ်အားဖြင့် ကာမတဏှာ,ဘဝတဏှာ, ဝိဘဝတဏှာ၊ ဤတဏှာ သုံးပြား သမုဒယသစ္စာ၊ ဆင်းရဲဒုက္ခကို ဖြစ်စေတတ်တာ အမှန်ပါ။

### နိရောဓသစ္စာ

_ ကတမော စာ'ဝုသော ဒုက္ခနိရောဓော၊ ' ယော တဿာယေဝ တဏှာယ အသေသ ဝိရာဂ နိရောဓော

သုမင်္ဂလဝတီ(က)၁၀၀–၄၁

စာဂေါ ပဋိနိဿဂ္ဂေါ မုတ္တိ အနာလယော၊ အယံ ဝုစ္စတာ'ဝုသော ဒုက္ခနိရောဓော"

လို့ ဟောတော်မူသောကြောင့် တဏှာသုံးပါတို့ အကြွင်းမဲ့တပ်ခြင်းကင်းသောအားဖြင့် ချုပ်ငြိမ်းခြင်း, စွန့်ပစ်ခြင်း, စွန့်လွှတ်ခြင်း, လွတ်မြောက်ခြင်း, တွယ်တာကပ်ငြိမှု မရှိခြင်း နိဗ္ဗာန် နိရောဓသစ္စာ၊ ဆင်းရဲဒုက္ခချုပ်ငြိမ်းတာ အမှန်ပါ။

**မဂ္ဂသစ္စာ**

"ကတမာ စာ'ဝုသော ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ၊ အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ၊ သေယျထိဒံ၊ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ သမ္မာဝါစာ သမ္မာကမ္မန္တော သမ္မာအာဇီဝေါ သမ္မာဝါယာမော သမ္မာသတိ သမ္မာသမာဓိ"

လို့ ဟောတော်မူသောကြောင့်—

၁။ မှန်စွာသိခြင်း
၂။ မှန်စွာကြံခြင်း
၃။ မှန်စွာပြောခြင်း
၄။ မှန်စွာပြုလုပ်ခြင်း
၅။ မှန်စွာအသက်မွေးခြင်း
၆။ မှန်စွာအားထုတ်ခြင်း
၇။ မှန်စွာအောက်မေ့ခြင်း
၈။ မှန်စွာတည်ကြည်ခြင်း

ဒီ ဖြူစင်မြင့်မြတ် အညစ်အကြေးမကပ်တဲ့ မဂ္ဂင်ရှစ်ပါး အကျင့်တရားသည်ကား မဂ္ဂသစ္စာ၊ ဆင်းရဲဒုက္ခချုပ်ငြိမ်းကြောင်း အကျင့် အမှန်ပါ။

**သစ္စာမြင်အောင် ကြိုးစားပါ**

ဤကဲ့သို့—

၁။ ဆင်းရဲတဲ့ ဒုက္ခသစ္စာတရား
၂။ ဆင်းရဲကို ဖြစ်စေတတ်တဲ့ သမုဒယသစ္စာတရား
၃။ ဆင်ရဲချုပ်ငြိမ်းခြင်း နိရောဓသစ္စာတရား
၄။ ဆင်းရဲချုပ်ငြိမ်းကြောင်း အကျင့် မဂ္ဂသစ္စာတရား

လို့ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားမှတ်သားပြီး မဂ်ဉာဏ်ဖြင့် မြင်အောင် ကြိုးစားကြကုန်ရာသတည်း။

## တရားသိမ်း

ကဲ–တရားလဲ ပြီးဆုံးသွားပြီ၊ နိဂုံးအုပ်ကာ အချုပ်ဂါထာကလေးနှင့် တရားသိမ်းလိုက်ကြစို့ရဲ့။

သုဏိတွာ ဘာသိတံ သုတ္တံ၊ ဂါရဝေန သဃမ္မုနာ။
အဘိနန္ဒနစိတ္တေန၊ ''သာဓု သာဓူ''တိ ဘာသထ။

ဘောန္တော သပ္ပုရိသာ၊ ဓမ္မသဘင် ဆင်ယင်ကျင်းပ ဤဌာနသို့ တရားနာလာကြတဲ့ ဓမ္မမိတ်ဆွေပေါင်း အို-ဗုဒ္ဓဘာသာဝင် သူတော်စင် အပေါင်းတို့။ တုမှေ၊ ဓမ္မသဝန ဒုလ္လဘကို အရယူငင် သင်သူတော်စင်တို့သည်။ ဂါရဝေန၊ ဒေသနာတရား၌ ရိုသေလေးစားခြင်းရှိတော်မူသော။ သဃမ္မုနာ၊ သဃမ္မုဉာဏ်သခင် ဘုရားရှင်သည်။ ဘာသိတံ၊ သတ္တဝါများ ချမ်းသာပွားအောင် မှာထားဆုံးမ ဟောပြတော်မူအပ်သော။ သုတ္တံ၊ ဝေလာမသုတ္တန် ဒေသနာတော်ကို။ သုဏိတွာ၊ မှတ်မှတ်သားသား ရိုသေစွာနာကြားကြပြီး၍။ အဘိနန္ဒနစိတ္တေန၊ ရွှင်လန်းအားတက် အလွန်နှစ်သက်သောစိတ်ဖြင့်။ သာဓု သာဓူတိ၊ နိဗ္ဗာန်မဂ်ဖိုလ် ရပါလိုဟု ပတ္ထနာပြု သာဓု၊ သာဓု၊ သာဓုဟူ၍။ ဘာသထ၊ သာယာချိုမြ နှုတ်မြွက်ဟ၍ ဆိုလိုက်ကြကုန်လော့။

(သာဓု သာဓု သာဓု)

### ဝေလာမသုတ်၌ မှတ်ဖွယ်

**သံဃိကကျောင်း။** သံဃိကကျောင်းဟူရာ၌–

''စာတုဒ္ဒိသံ သံဃံ ဥဒ္ဒိဿ ကတဝိဟာရော နာမ ယတ္ထ စေတိယံ ပတိဋ္ဌိတံ ဟောတိ၊ ဓမ္မာသနံ ကရီယတိ၊ စတူဟိ ဒိသာဟိ စ ဘိက္ခူ အာဂန္တွာ အပ္ပဋိပုစ္ဆိတွာယေဝ ပါဒေ ဓောဝိတွာ ကုဉ္စိကာယ ဒွါရံ ဝိဝရိတွာ သေနာသနံ ပဋိ ဇဂ္ဂိတွာ ဝသိတွာ ယထာဖာသုကံ ဂစ္ဆန္တိ၊ သော စတုရတနိယာ ပဏ္ဏသာလာပိ ဟောတိ၊ စာတုဒ္ဒိသံ သံဃံ ဥဒ္ဒိဿ ကတဝိဟာရောတွေဝ ဝုစ္စတိ''

ဟု အဋ္ဌကထာ၌ လာသောကြောင်–

အောက်ထစ်ပိုင်းခြား အယုတ်ဆုံးအားဖြင့် စေတီတော်တဆူ, တရားဟောပလ္လင်တခုရှိသော အရပ်လေးမျက်နှာမှ ရဟန်းတော်တို့ လာရောက်ပြီး မပန်ကြားမူ၍သာလျှင် ခြေကိုဆေးပြီး သော့ဖြင့် တံခါးကိုဖွင့်ကာ ကျောင်းကိုသုမ်သင်၍ ချမ်းသာစွာနေပြီး အလို ရှိရာ ဖဲခွါသွားနိုင်သော လေးထောင်ပတ်လည်မျှရှိတဲ့ သစ်မျက်မိုး ကျောင်းငယ်သည်ပင် သံဃိကကျောင်း မည်၏။

**သရဏဂုံ။** သရဏဂုံ ဟူရာ၌—

"သရဏံ ဂစ္ဆေယျာတိ ဧတ္ထ မဂ္ဂေနာဂတံ
အနိဝတ္တနသရဏံ အဓိပ္ပေတံ"

ဟု အဋ္ဌကထာ၌ လာသောကြောင့် မဂ်ဖြင့်လာတဲ့ မပျက်စီးနိုင်တဲ့ သရဏဂုံကို ယူ။

**ငါးပါးသီလ။** ငါးပါးသီလ ဟူရာ၌—

"သီလမ္ပိ မဂ္ဂေန အာဂတံ အနိဝတ္တနသီလမေဝ
ကထိတံ"

ဟု လာသောကြောင့် မဂ်ဖြင့်လာတဲ့ မပျက်စီး မဆုတ်နစ်တဲ့ ငါးပါးသီလကို ယူ။

**မေတ္တာဘာဝနာ။** မေတ္တာဘာဝနာ ဟူရာ၌—

"မေတ္တာစိတ္တန္တိ သဗ္ဗသတ္တာနံ ဟိတာနုဖရဏစိတ္တံ၊
တံ ပန အပ္ပနာဝသေန ဂဟိတံ"

ဟု လာသောကြောင့် အပ္ပနာ၏ အစွမ်းဖြင့်လာတဲ့ မေတ္တာ ဘာဝ နာကို ယူ။

**အနိစ္စသညာ။** အနိစ္စသညာ ဟူရာ၌—

"အနိစ္စသညန္တိ မဂ္ဂဿ အနန္တရပစ္စယဘာဝေန
သိခါပတ္တာ ဗလဝဝိပဿနံ"

ဟု လာသောကြောင့် မဂ်၏ အနန္တရပစ္စည်းအဖြစ်ဖြင့် လာသော အထွတ်အထိပ်သို့ရောက်တဲ့ ဗလဝဝိပဿနာ အနိစ္စသညာကို ယူ။

ဝေလာမသုတ် ဒါနတရားတော် ပြီး၏။

(ဒသကနိပါတ် အင်္ဂုတ္တိုရ် ဇာဏုဿောဏိဝဂ် ဇာဏုဿောဏိသုတ်)

# ပေတဥဒ္ဒိဿဒါန အနုမောဒနာ တရားတော်

## ပေတဥဒ္ဒိဿဒါန

ဘဝတပါး ပြောင်းသွား ကွယ်လွန်တဲ့ အဆွေခင်ပွန်း ဆွေမျိုးသားချင်း တွေကို ရည်စူးကာ ဒါနပြုပြီး အမျှအတန်း ပေးဝေမှုကိုတော့ ဘုရား လက်ထက်တော်အခါမှ အစပြုပြီး ယခုထက်တိုင်ပင် ဗုဒ္ဓဘာသာဝင် သူတော်စင်တို့ အစဉ်မပျက် ဆက်ကာ ဆက်ကာ ပြုလုပ်လာခဲ့ကြတယ်၊ ဒီဒါနကိုပင် 'ပေတဥဒ္ဒိဿဒါန'လို့ ဆိုတယ်။

## ပေတဥဒ္ဒိဿဒါနဖြင့်

### ဆွေမျိုးပြိတ္တာ, ဒါယကာ နှစ်ပြာချမ်းသာရ

ဒီ ပေတဥဒ္ဒိဿဒါနဖြင့်-

ယခု ပစ္စုပ္ပန်ဘဝမှာ ဘဝတပါး ပြောင်းသွားကွယ်လွန်ကာ ပြိတ္တာ ဘုံဘဝမှာ ရောက်ရှိနေကြတဲ့ ပြိတ္တာတို့အားလဲ ချမ်းသာသုခကိုရစေတယ်။

အစမထင်တဲ့ သံသရာဘဝမှာ အစပြုပြီး ယခုဘဝကျအောင် အဆွေ ခင်ပွန်း ဆွေမျိုးသားချင်းတော်စပ်ခဲ့ပြီး ပြိတ္တာဘုံဘဝမှာ ရောက်ရှိနေကြတဲ့ ပြိတ္တာတို့အားလဲ ချမ်းသာသုခကို ရစေတယ်။

ပေးလှူတဲ့ဒါယကာအားလဲ ချမ်းသာသုခကို ရစေတယ်။

### ဆွေမျိုးပြိတ္တာတို့ ချမ်းသာသုခ ရကြပုံ

အစမထင်တဲ့ သံသရာဘဝမှ အစပြုပြီး ယခုဘဝ ယခုအချိန်ကျအောင် အဆွေခင်ပွန်း ဆွေမျိုးသားချင်း တော်စပ်ခဲ့ပြီး ပြိတ္တာဘုံဘဝမှာရောက်ရှိ နေကြတဲ့ ပြိတ္တာတွေဟာစားရမဲ့,သောက်ရမဲ့,ဝတ်ရမဲ့ အဝတ်အထည်ဆိုတာ ဗလာနတ္ထိ, နေစရာ ထိုင်စရာ အိမ်ဂေဟာလဲမရှိ, ဆင်းရဲဒုက္ခအတိ ဖြစ်နေ ကြတယ်၊ ဒီဆွေမျိုးပြိတ္တာတွေကို ရည်စူးကာ ဒါနပြုပြီး ကုသိုလ်၏အဘို့ကို ပေးဝေတဲ့အခါမှာသာဓုအနုမောဒနာပြုပြီး နတ်မှာဖြစ်တဲ့အစာအာဟာရ,

အဝတ်အထည်, ရေကန်, နေထိုင်ရန် ဗိမာန်များကို ရပြီး ချမ်းသာသုခ ရကြတယ်။

## အကြောင်းတူစွ အကျိုးရ

လူ့ပြည်က အဆွေခင်ပွန်း ဆွေမျိုးသားချင်းတွေက—

အစာအာဟာရကို ပေးလှူပြီး ကုသိုလ်၏အဘို့ကို အမျှပေးဝေလျှင် ထိုခဏမှာပင် နတ်မှာဖြစ်တဲ့ အစာအာဟာရကို ဆွေမျိုးပြိတ္တာတွေ ရကြတယ်။

အဝတ်သင်္ကန်းကို ပေးလှူပြီး ကုသိုလ်၏ အဘို့ကို အမျှပေးဝေလျှင် ထိုခဏမှာပင် နတ်မှာဖြစ်တဲ့ အဝတ်အထည်များကို ဆွေမျိုးပြိတ္တာတွေ ရကြတယ်။

ရေတွင်း ရေကန် စရပ် တန်ဆောင်း ကျောင်းများကိုပေးလှူပြီး ကုသိုလ် အဘို့ကို အမျှပေးဝေလျှင် ထိုခဏမှာပင် နတ်မှာဖြစ်တဲ ရေကန်,နေထိုင်ရန် ဗိမာန်များကို ဆွေမျိုးပြိတ္တာတွေ ရကြတယ်။

## ဒါယကာ ချမ်းသာသုခရပုံ

ပေးလှူတဲ့ ဒါယကာမှာလဲ ဒီဒါနဖြင့် လူ့ပြည်နတ်ရွာ ဗြဟ္မာဟူတဲ့ သုဂတိဘဝတို့မှာ ဖြစ်ရခြင်းဆိုတဲ့ ဘဝသမ္ပတ္တိ၊ လူ၌ဖြစ်တဲ့ စည်းစိမ် ချမ်းသာ,နတ်၌ဖြစ်တဲ့ စည်းစိမ်ချမ်းသာ, ဗြဟ္မာ၌ဖြစ်တဲ့ စည်းစိမ်ချမ်းသာ ပြည့်စုံခြင်းဆိုတဲ့ ဘောဂသမ္ပတ္တိ၊ ဘဝလက်စရပ်ပြီး ရုပ်နာမ်နှစ်ရပ် အပြီးသတ် ချုပ်ငြိမ်းမြေခြင်းဆိုတဲ့နိဗ္ဗာနသမ္ပတ္တိအားဖြင့် သုံးပါးသော သမ္ပတ္တိကို ရတယ်။

အယုတ်သဖြင့် တိရစ္ဆာန်ဘဝ ဆင်, မြင်း, နွား ဖြစ်ရစေကာမူ မင်္ဂလာ ဆင်, မင်္ဂလာမြင်း, မင်္ဂလာနွားဖြစ်ရပြီး ဝတ်စားတန်ဆာများကို ရတယ်၊ အဲဒါလို ဒီပေတဥဒ္ဒိဿဒါနဟာ ပေးလှူတဲ့ဒါယကာမှာလဲ ချမ်းသာသုခကို ရစေတယ်။

## ပေတဥဒ္ဒိဿဒါနကို ဇာဏုဿောဏိပုဏ္ဏားအား ဟောကြားခြင်း

ဘုရားရှင်လဲ ဒီပေတဥဒ္ဒိဿဒါနဖြင့် ဆွေမျိုးပြိတ္တာတို့အား ချမ်းသာ သုခရပုံ၊ ပေးလှူလဲ ဒါယကာမှာလဲ ချမ်းသာသုခရပုံကို ဇာဏုဿောဏိ ပုဏ္ဏားအား ဟောကြားတော်မူခဲ့တယ်။

အခါတပါး ဇာဏုဿောဏိပုဏ္ဏားဟာ မြတ်ဘုရားထံ ချဉ်းကပ်ပြီး ဤကဲ့သို့ မေးမြန်းလျှောက်ထားသတဲ့။

**ပုဏ္ဏားအမေး** "အို ရှင်ဂေါတမ... တပည့်တော်တို့ ပုဏ္ဏားတွေဟာ

'ဣဒံ ဒါနံ ပေတာနံ ဉာတိသာလောဟိတာနံ ဥပကပ္ပတု၊

ဣဒံ ဒါနံ ပေတာ ဉာတိသာလောဟိတာ ပရိဘုဉ္ဇန္တု၊'

"ယခုလှူရ ဤဒါနသည် ဘဝတပါး ပြောင်းသွားကြတဲ့ ဆွေမျိုးသားချင်းတို့အား ရောက်ပါစေ။

ဤဒါနကို ဘဝတပါး ပြောင်းသွားကြတဲ့ ဆွေမျိုးသားချင်းတွေ သုံးဆောင်နိုင်ကြပါစေ"

လို့ ဘဝတပါး ပြောင်းသွားကြတဲ့ဆွေမျိုးသားချင်းတွေကို ရည်စူး ပြီး ကြည်နူးတဲ့သဒ္ဓါဖြင့် အလှူဒါနများ ပြုကြပါတယ် ဘုရား၊ အို ရှင်ဂေါတမ ဒီ ဒါနဟာ ဘဝတပါး ပြောင်းသွားကြတဲ့ ဆွေမျိုးသားချင်းတို့အား ရောက်ပါသလားဘုရား၊ ဒီဒါနကို ဘဝတပါး ပြောင်းသွားကြတဲ့ ဆွေမျိုးသားချင်းတွေ သုံးဆောင်ရပါသလားဘုရား"

လို့ လျှောက်ထားမေးမြန်းသတဲ့။

**ဘုရားဖြေ** မြတ်ဘုရားက—

- "ဌာနေ ခေါ ဗြာဟ္မဏ ပကပ္ပတိ နော အဋ္ဌာနေ"

လို့ ဖြေဆိုဟောကြားတော်မူတယ်။

"အို ပုဏ္ဏား....ဘဝတပါး ပြောင်းသွားကြတဲ့ ဆွေမျိုးသားချင်းတွေကို ရည်စူးပြီး ကြည်နူးတဲ့သဒ္ဓါဖြင့်ပေးလှူတဲ့ဒါနဟာ အကျိုးပေးနိုင်ခွင့်ရှိတဲ့ ဘုံဌာနမှာဖြစ်ကြတဲ့ ဆွေမျိုးသားချင်းတို့အား ရောက်ပါတယ်၊အဲဒီဆွေမျိုးသားချင်းတွေ ဒီဒါနကို သုံးဆောင်ကြရပါတယ်၊ အကျိုးပေးနိုင်ခွင့်မရှိတဲ့ ဘုံဌာနမှာ ဖြစ်ကြတဲ့ ဆွေမျိုးသားချင်း တို့အား မရောက်ပါ၊ အဲဒီ ဆွေမျိုးသားချင်းတွေ ဒီဒါနကို မသုံးဆောင်ကြရပါ"

လို့ ဖြေဆိုဟောကြားတော်မူလျှင်—

## ဌာနနှင့် အဌာန

**ပုဏ္ဏားအမေး** ဇာဏုသောဏိပုဏ္ဏားလဲ အကျဉ်းအားဖြင့် ဖြေဆိုဟောကြားတဲ့ မြတ်ဘုရားစကားတော်ကို မသိနားမလည်၊တဖန်ထပ်မံပြီး—

"ကတမံ ပန ဘော ဂေါတမ ဌာနံ၊ ကတမံ အဌာနံ"

လို့ လျှောက်ထားမေးမြန်းပြန်သတဲ့။

"အို ရှင်ဂေါတမ.... အကျိုးပေးနိုင်ခွင့်ရှိတဲ့ ဘယ်ဌာနကား အဘယ်ပါနည်း၊ အကျိုးပေးနိုင်ခွင့် မရှိတဲ့ ဘယ်ဌာနကား အဘယ်ပါနည်း"

လို့ လျှောက်ထားမေးမြန်းပြန်လျှင်—

## ငရဲဘုံ အဌာန

ဘုရားရှင်လဲ ဇာဏုသောဏိပုဏ္ဏားအား အကျယ်အားဖြင့် ဟောကြားတော်မူပြန်တယ်။

**ဘုရားအဖြေ** "အို ပုဏ္ဏား....ဤလူ့ပြည်မှာ အချို့ပုဂ္ဂိုလ်တွေဟာ—

၁။ သူ့အသက်ကို သတ်တယ်၊
၂။ သူ့ဥစ္စာကို ခိုးတယ်၊
၃။ ကာမဂုဏ်တို့၌ မှားယွင်းစွာကျင့်တယ်၊
၄။ မုသားပြောတယ်၊
၅။ ဂုံးချောတယ်၊
၆။ ကြမ်းကြုတ်စွာ ပြောကြားဆဲရေးတယ်၊
၇။ အကျိုးမရှိ ပိန်ဖျင်းတဲ့စကားကို ပြောတယ်၊
၈။ သူ့စည်းစိမ်ကို မတရားလိုချင်တယ်၊
၉။ သူတပါးပျက်စီးမှုကို ကြံစည်တယ်၊
၁၀။ အယူလွဲမှားတယ်။

အဲဒါလို ကာယဒုစရိုက်မှု့ ဝစီဒုစရိုက်မှု့ မနောဒုစရိုက်မှု့ဆိုတဲ့ မကောင်းမှု အကုသိုလ်တွေကို ပြုပြီး သေသည်၏ အခြားမဲ့မှာ ဒုက္ခထန်သဲ ငရဲရွာမှာ ဖြစ်ကြတယ်၊ အဲဒီ ငရဲရွာမှာဖြစ်တဲ့ ပုဂ္ဂိုလ်တို့အား အကုသိုလ်ကံဟူသော အာဟာရဖြင့် မျှတပြီး ငရဲမှာ တည်နေကြတယ်။

"အို ပုဏ္ဏား....အဲဒီငရဲရွာမှာဖြစ်တဲ့ ပုဂ္ဂိုလ်တို့အား လူ့ပြည်က ကျန်ရစ်သူ ဆွေမျိုးသားချင်းတို့ ဘဝတပါး ပြောင်းသွားကြတဲ့ ဆွေမျိုးသားချင်းတို့အား ရည်စူးပြီး ကြည်နူးတဲ့ သဒ္ဓါဖြင့် ပေးလှူတဲ့ဒါနဟာ မရောက်ပါဘူး၊ အဲဒီငရဲမှာဖြစ်တဲ့ ဆွေမျိုးသားချင်းတို့ ဒီ ပေတဉဒ္ဒိဿဒါနကို မသုံးဆောင်ရပါဘူး။

"အို ပုဏ္ဏား....ဒီ ငရဲရွာမှာလဲ အကျိုးပေးနိုင်ခွင့်ရှိတဲ့ ဒီ ပေတဉဒ္ဒိဿဒါနကို သုံးဆောင်နိုင်ခွင့်ရှိတဲ့ ဘုံဌာနမဟုတ်ပါဘူး။

## တိရစ္ဆာန်ဘုံ အဌာန

ဘုရားအဖြေ "အို ပုဏ္ဏား....ဤလူ့ပြည်မှာ အချို့ပုဂ္ဂိုလ်တွေဟာ—

၁။ သူ့အသက်ကို သတ်တယ်၊ (လ)

၁၀။ အယူလွဲမှားတယ်။

အဲဒါလို ကာယဒုစရိုက်မှု၊ ဝစီဒုစရိုက်မှု၊ မနောဒုစရိုက်မှု ဆိုတဲ့ မကောင်းမှု အကုသိုလ်တွေကို ပြုပြီး သေသည်၏ အခြားမဲ့မှာ တိရစ္ဆာန်မျိုးမှာ ဖြစ်ကြတယ်၊ အဲဒီတိရစ္ဆာန်မျိုးမှာဖြစ်တဲ့ ပုဂ္ဂိုလ်တို့အား မြက်၊ သစ်ရွက် စတဲ့ အာဟာရဖြင့် မျှတပြီး တိရစ္ဆာန်ဘဝမှာ တည်နေကြတယ်။

"အို ပုဏ္ဏား.... အဲဒီ တိရစ္ဆာန်မျိုးမှာ ဖြစ်တဲ့ ပုဂ္ဂိုလ်တို့အား လူ့ပြည်က ကျန်ရစ်သူ ဆွေမျိုးသားချင်းတို့ ဘဝတပါးပြောင်းသွားကြတဲ့ ဆွေမျိုးသားချင်း တို့အား ရည်စူးပြီး ကြည်နူးတဲ့ သဒ္ဓါဖြင့် ပေးလှူတဲ့ဒါနဟာ မရောက်ပါဘူး၊ အဲဒီ တိရစ္ဆာန်မျိုး ဖြစ်တဲ့ ဆွေမျိုးသားချင်းတို့ ဒီပေတဉဒ္ဒိဿဒါနကို မသုံးဆောင်ရပါဘူး။

"အို ပုဏ္ဏား.... ဒီတိရစ္ဆာန်မျိုးဟာလဲ အကျိုးပေးနိုင်ခွင့် ရှိတဲ့ ဒီ ပေတဉဒ္ဒိဿဒါနကို သုံးဆောင်နိုင်ခွင့်ရှိတဲ့ ဘုံဌာနမဟုတ်ပါဘူး။

## လူ့ဘုံ အဌာန

ဘုရားအဖြေ "အို ပုဏ္ဏား....ဤလူ့ပြည်မှာ အချို့လူပုဂ္ဂိုလ်တွေဟာ—

၁။ သူ့အသက်ကိုသတ်ခြင်းမှ ရှောင်ကြဉ်တယ်၊

၂။ သူ့ဥစ္စာကိုခိုးခြင်းမှ ရှောင်ကြည်တယ်၊

၃။ ကာမဂုဏ်တို့၌ မှားယွင်းစွာကျင့်ခြင်းမှ ရှောင်ကြဉ်တယ်၊
၄။ မုသားပြောခြင်းမှ ရှောင်ကြဉ်တယ်၊
၅။ ကုံးချောခြင်းမှ ရှောင်ကြဉ်တယ်၊
၆။ ကြမ်းကြုတ်စွာပြောခြင်းမှ ရှောင်ကြဉ်တယ်၊
၇။ အကျိုးမရှိတဲ့စကားကို ပြောခြင်းမှ ရှောင်ကြဉ်တယ်၊
၈။ သူ့စည်းစိမ်ကို မတရားလိုချင်ခြင်းမှ ရှောင်ကြဉ်တယ်၊
၉။ သူတပါးပျက်စီးမှုကိုကြံစည်ခြင်းမှ ရှောင်ကြဉ်တယ်၊
၁၀။ အယူဖြောင့်မှန်တယ်။

အဲဒါလို ကာယသုစရိုက်မှု၊ ဝစီသုစရိုက်မှု၊ မနောသုစရိုက်မှု ဆိုတဲ့ ကောင်းမှု ကုသိုလ်တွေကို ပြုပြီး သေသည်၏ အခြားမဲ့မှာ လူ့ပြည်မှာ ဖြစ်ကြတယ်၊ အဲဒီ လူ့ပြည်မှာဖြစ်တဲ့ ပုဂ္ဂိုလ်တို့အား ထမင်း၊မုန့်၊ငါး အာဟာရများဖြင့် မျှတပြီး လူ့ဘဝမှာ တည်နေတယ်။

"အို ပုဏ္ဏား....အဲဒီလူ့ပြည်မှာဖြစ်တဲ့ ပုဂ္ဂိုလ်တို့အားလူ့ပြည်က ကျန်ရစ်သူ ဆွေမျိုးသားချင်းတို့ ဘဝတပါး ပြောင်းသွားကြတဲ့ ဆွေမျိုးသားချင်းတို့အား ရည်စူးပြီး ကြည်နူးတဲ့ သဒ္ဓါဖြင့် ပေးလှူတဲ့ ဒါနဟာ မရောက်ပါဘူး၊ အဲဒီ လူ့ပြည်မှာ ဖြစ်တဲ့ ဆွေမျိုးသားချင်းတို့ ဒီပေတာဥဒ္ဒိဿဒါနကို မသုံးဆောင်ရပါဘူး။

"အို ပုဏ္ဏား.... လူ့ပြည် ဟာလဲ အကျိုး ပေးနိုင်ခွင့် ရှိတဲ့ ပေတာဥဒ္ဒိဿဒါနကို သုံးဆောင်နိုင်ခွင့်ရှိတဲ့ ဘုံဌာနမဟုတ်ပါဘူး။

## နတ်ပြဟ္မာဘုံ အဌာန

ဘုရားအဖြေ "အို ပုဏ္ဏား....ဤလူ့ပြည်မှာ အချို့ပုဂ္ဂိုလ်တွေဟာ–
၁။ သူ့အသက် သတ်ခြင်းမှ ရှောင်ကြဉ်တယ်၊ (လ)
၁၀။ အယူဖြောင့်မှန်တယ်။

အဲဒါလို ကာယသုစရိုက်မှု၊ ဝစီသုရိုက်မှု၊ မနောသုစရိုက်မှု ဆိုတဲ့ ကောင်းမှု ကုသိုလ်တွေကို ပြုပြီး သေသည်၏ အခြားမဲ့မှာ နည်ပြည် ဗြဟ္မာ့ပြည်မှာ ဖြစ်ကြတယ်၊ အဲဒီ နတ်ပြည် ဗြဟ္မာ့ပြည်မှာ ဖြစ်တဲ့ ပုဂ္ဂိုလ်တို့အား သုဓာဘုတ်၊ ဈာန် အာဟာရများဖြင့် မျှတပြီး နတ်ဗြဟ္မာဘဝမှာ တည်နေကြတယ်။

"အို ပုဏ္ဏား.... အဲဒီ နတ်ပြည် ဗြဟ္မာ့ပြည်မှာဖြစ်တဲ့ ပုဂ္ဂိုလ်တို့အား လူ့ပြည်က ကျန်ရစ်သူ ဆွေမျိုးသားချင်းတို့ ဘဝတပါး ပြောင်းသွားကြတဲ့ ဆွေမျိုးသားချင်းတို့အား ရည်စူးပြီး ကြည်နူးတဲ့ သဒ္ဓါဖြင့် ပေးလှူတဲ့ ဒါနဟာ မရောက်ပါဘူး၊ အဲဒီ နတ်ပြည် ဗြဟ္မာ့ပြည်မှာဖြစ်တဲ့ ဆွေမျိုးသားချင်းတို့ ဒီပေတဥဒ္ဒိဿဒါနကို မသုံးဆောင်ရပါဘူး။

"အို-ပုဏ္ဏား....နတ်ပြည် ဗြဟ္မာ့ပြည်ဟာလဲ အကျိုးပေးနိုင်ခွင့်ရှိတဲ့ ပေတဥဒ္ဒိဿဒါနကို သုံးဆောင်နိုင်ခွင့်ရှိတဲ့ ဘုံဌာန မဟုတ်ပါဘူး။

## ပြိတ္တာဘုံဌာန

**ဘုရားအဖြေ** "အို-ပုဏ္ဏား....ဤလူ့ပြည်မှာ အချို့ပုဂ္ဂိုလ်တွေဟာ-

၁။ သူ့အသက်ကို သတ်တယ်၊ (လ)

၁၀။ အယူလွဲမှားတယ်။

အဲဒါလို ကာယဒုစရိုက်မှု၊ ဝစီဒုစရိုက်မှု၊ မနောဒုစရိုက်မှု ဆိုတဲ့ မကောင်းမှု အကုသိုလ်တွေကိုပြုပြီး သေသည်၏ အခြားမဲ့မှာ ပြိတ္တာဘုံမှာ ဖြစ်ကြတယ်၊ အဲဒီ ပြိတ္တာဘုံမှာဖြစ်တဲ့ ပုဂ္ဂိုလ်တို့အား တံတွေး၊ နှပ်စတဲ့ အာဟာရဖြင့် မျှတပြီး ပြိတ္တာဘဝမှာ တည်နေကြတယ်၊လူ့ပြည်က ကျန်ရစ်သူ အဆွေခင်ပွန်း ဆွေမျိုးသားချင်းတို့ ဘဝတပါးပြောင်းသွားကြတဲ့ ဆွေမျိုးသားချင်းတို့အား ရည်စူးပြီး ကြည်နူးတဲ့ သဒ္ဓါဖြင့် ပေးလှူတဲ့ ဒါနဖြင့်လည်း မျှတပြီး ပြိတ္တာဘဝမှာ တည်နေကြတယ်။

"အို ပုဏ္ဏား....ပြိတ္တာဘုံမှာဖြစ်တဲ့ ပုဂ္ဂိုလ်တို့အား လူ့ပြည်က ကျန်ရစ်သူ ဆွေမျိုးသားချင်းတို့ ဘဝတပါး ပြောင်းသွားကြတဲ့ ဆွေမျိုးသားချင်းတို့အား ရည်စူးပြီး ကြည်နူးတဲ့သဒ္ဓါဖြင့် ပေးလှူတဲ့ဒါနဟာ ရောက်ပါတယ်၊ အဲဒီ ပြိတ္တာဘုံမှာ ဖြစ်တဲ့ ဆွေမျိုးသားချင်းတို့ ပေတဥဒ္ဒိဿဒါနကို သုံးဆောင်ရပါတယ်။

"အို-ပုဏ္ဏား....ဒီပြိတ္တာဘုံဟာဖြင့် အကျိုးပေးနိုင်ခွင့်ရှိတဲ့ ပေတ ဥဒ္ဒိဿဒါနကို သုံးဆောင်နိုင်ခွင့် ရှိတဲ့ ဘုံဌာနဖြစ်တယ်"။

**ပုဏ္ဏားအမေး** "အို အရှင်ဂေါတမ.... ဘဝတပါး ပြောင်းသွားကြတဲ့ ဆွေမျိုးသားချင်းတွေဟာ ပြိတ္တာဘုံမှာ မဖြစ်ပါလျှင်ဒီပေတဥဒ္ဒိဿ ဒါနကို ဘယ်သူ သုံးဆောင်ရပါသလဲ ဘုရား"

**ဘုရားအဖြေ** "အို ပုဏ္ဏား....အခြားအတိတ် ဘဝဟောင်းတွေက ဆွေမျိုးသားချင်းတွေဟာ ပြိတ္တာဘုံမှာ ဖြစ်ကြတယ်၊ အဲဒီ ဘဝဟောင်းက ဆွေမျိုးပြိတ္တာတွေဟာ ဒီပေတဥဒ္ဒိဿဒါနကိုသုံးဆောင်ကြရတယ်"

**ပုဏ္ဏားအမေး** "အို-အရှင်ဂေါတမ....ဘဝတပါးပြောင်းသွားတဲ့ ဆွေမျိုးသားချင်းဟာ ပြိတ္တာဘုံမှာ မဖြစ်ဘူး, အတိတ်ဘဝဟောင်းတွေက ဆွေမျိုးသားချင်းတွေလဲ ပြိတ္တာဘုံမှာ မဖြစ်ကြဘူး ဆိုပါလျှင် ဒီပေတဥဒ္ဒိဿဒါန ဘယ်သူ သုံးဆောင်ရပါသလဲဘုရား"

### ပေတဒါနမှာ ဒါယကာအကျိုးရှိပုံ

**ဘုရားအဖြေ** "အို-ပုဏ္ဏား....အစမထင်မြင်နိုင်အောင် ရှည်လျားတဲ့ သံသရာကြီးထဲမှာ ဆွေမျိုး ပြိတ္တာတွေမရှိတဲ့ ပြိတ္တာဘုံ ဆိုတာ မဖြစ်နိုင်ပါဘူး၊အို ပုဏ္ဏား....ဒီပေတဥဒ္ဒိဿဒါနဟာ ပေးလှူတဲ့ ဒါယကာမှာလဲ အကျိုးရှိပါတယ်၊ ပေးလှူတဲ့ ဒါယကာလဲ ဒီပေတဥဒ္ဒိဿဒါနကို သုံးဆောင်ရပါတယ်။

### တိရစ္ဆာန်ဘဝ ဒါနအကျိုးရပုံ

"အို-ပုဏ္ဏား....ဤလူ့ပြည်မှာ အချို့ ပုဂ္ဂိုလ်တွေဟာ–

၁။ သူ့အသက်ကို သတ်တယ်၊ (လ)

၁၀။ အယူလွဲမှားတယ်။

ထိုပုဂ္ဂိုလ်ဟာ ရတနာသုံးပါး အလှူခံပုဂ္ဂိုလ်တို့အား ထမင်း, အဖျော်, အဝတ်, ယာဉ်, ထီး, ဘိနပ်, ပန်း, နံ့သာ, နံ့သာပျောင်း, အိပ်ရာ, နေရာ, ကုတင်, ညောင်စောင်း, ကျောင်း, စရပ်, မီးအရောင်အလင်းတွေကို ပေးလှူတယ်။

ဒီပုဂ္ဂိုလ်ဟာ ဒါနကား ပြည့်စုံတယ်၊ သီလမလုံခြုံမှုကြောင့် သေသည်၏ အခြားမဲ့မှာ တိရစ္ဆာန်ဘဝ ဆင်ဖြစ်ရတယ်, မြင်းဖြစ်

ရတယ်, နွားဖြစ်ရတယ်, ခွေးဖြစ်ရတယ်၊ အဲဒီ ဆင်ဘဝ,မြင်းဘဝ, နွားဘဝ ,ခွေးဘဝတွေမှာ လူ့ဘဝတုန်းက ပေးလှူခဲ့တဲ့ ဒါနရဲ့ အကျိုးဆက်ကြောင့် ထမင်း, အဖျော်, အစာအာဟာရ, တန်ဆာ အမျိုးမျိုးကို ရတယ်။

လူ့ဘဝဒါန အကျိုး ရပုံ

"အို-ပုဏ္ဏား....ဤလူ့ပြည်မှာ အချို့ပုဂ္ဂိုလ်တွေဟာ-

၁။ သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်တယ်၊ (လ)

၁၀။ အယူဖြောင့်မှန်တယ်။

ထိုပုဂ္ဂိုလ်ဟာ ရတနာသုံးပါး အလှူခံပုဂ္ဂိုလ်တို့အား ထမင်း, အဖျော်, အဝတ်, ယာဉ်, ထီး, ဘိနပ်, ပန်း, နံ့သာ, နံ့သာပျောင်း, အိပ်ရာ, နေရာ, ကုတင်,ညောင်စောင်း, ကျောင်း,စရပ်,မီးအရောင် အလင်းတွေကို ပေးလှူတယ်။

ဒီပုဂ္ဂိုလ်ဟာ ဒါန, သီလ နှစ်ပါးလုံး ပြည့်စုံမှုကြောင့် သေသည် ၏ အခြားမဲ့မှာ လူ့ပြည်မှာ လူပြန်ဖြစ်တယ်၊ အဲဒီ လူ့ဘဝမှာ ရှေးလူ့ဘဝတုန်းက ပေးလှူခဲ့တဲ့ ဒါနရဲ့အကျိုးဆက်ကြောင့် လူမှာ ဖြစ်တဲ့ ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံဆိုတဲ့ အာရုံ ငါးပါး ကာမဂုဏ်တရားတွေကို ရရှိမြားမြောင် သုံးဆောင်ရတယ်။

နတ်ဘဝ ဒါနအကျိုးရပုံ

"အို-ပုဏ္ဏား.... ဤလူ့ပြည်မှာ အချို့ပုဂ္ဂိုလ်တွေဟာ—

၁။ သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်တယ်၊ (လ)

၁၀။ အယူဖြောင့်မှန်တယ်။

ထိုပုဂ္ဂိုလ်ဟာ ရတနာသုံးပါး အလှူခံပုဂ္ဂိုလ်တို့အား ထမင်း, အဖျော်, အဝတ်, ယာဉ်, ထီး, ဘိနပ်, ပန်း, နံ့သာ, နံ့သာပျောင်း, အိပ်ရာ,နေရာ, ကုတင်, ညောင်စောင်း,ကျောင်း, စရပ်, မီးအရောင် အလင်းတွေကို ပေးလှူတယ်။

ဒီပုဂ္ဂိုလ်ဟာ ဒါန, သီလ နှစ်ပါးလုံး ပြည့်စုံမှုကြောင့် သေသည် ၏ အခြားမဲ့မှာ နတ်ပြည်မှာ နတ်ဖြစ်ရတယ်၊ အဲဒီ နတ်ဘဝမှာ

ရှေးလူ့ဘ၀တုန်းက ပေးလှူတဲ့ ဒါနရဲ့ အကျိုးဆက်ကြောင့် နတ်မှာ ဖြစ်တဲ့ ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗရုံ ဆိုတဲ့ အာရုံ ငါးပါး ကာမဂုဏ်တရားတွေကို ရရှိမြားမြောင် သုံးဆောင်ရတယ်။

"အိုပုဏ္ဏား....ဘ၀တပါး ပြောင်းသွားကြတဲ့ ဆွေမျိုးသားချင်း တို့အား ရည်စူးပြီး ကြည်နူးတဲ့ သဒ္ဓါဖြင့် ပေးလှူတဲ့ ဒါနဟာ ပေးလှူတဲ့ဒါယကာမှာလဲ အကျိုးရှိပါတယ်၊ ပေးလှူတဲ့ ဒါယကာလဲ ဒီပေတဉ္ဇဒ္ဒိဿဒါနကို သုံးဆောင်ရပါတယ်။

## ပေတဒါန ပြုသင့်ပုံ

ဘော ဂေါတမ၊ အိုရှင်ဂေါတမ။ အစ္ဆရိယံ၊ အံ့ဘွယ်ရှိပါပေစွဘုရား။
ဘော ဂေါတမ၊ အိုရှင်ဂေါတမ။ အဗ္ဘုတံ၊ မဖြစ်စဘူး အထူးအဆန်း ဖြစ်ပါပေစွဘုရား။

ဘော ဂေါတမ၊ အိုဂေါတမနွယ်ဘွား ရှင်တော်မြတ်ဘုရား။ ယာဝ စ အတိဝိယ၊ အတိုင်းထက်အလွန်ပင်။ဣဓံ ဣမာနိ ဒါနာနိ၊ ဤနည်းမျှားမဟူ အလှူဝတ္ထုတို့ကို။ ဒါတုံ၊ အယုတ်, အလတ်, အမြတ်မရွေး လက်မနှေးဘဲ ပေးလှူခြင်းငှါ။ အလံဝေ၊ သင့်လျော်လျောက်ပတ် ကောင်းမြတ်တော့ သည်သာဘုရား။

ဣဒံ ဣမာနိ သဒ္ဓါနိ၊ ဤကုသိုလ်ထမင်းတို့ကို။ ဝါ၊ သေလေပြီးသော ဆွေမျိုးတို့ကို ရည်စူး၍ ပေးလှူအပ်သော ထမင်းတို့ကို။ကာတုံ၊ အခါမလင့် အခွင့်လျော်စွာ ပြုကျင့်ခြင်းငှါ။ အလံဝေ၊ သင့်လျော်လျောက်ပတ် ကောင်းမြတ်တော့သည်သာဘုရား။

ယတြ ဟိ နာမ၊ အကြင်ကြောင့်လျှင်။ ဒါယကောပိ၊ ပေးလှူကြည်သာ ဒါယကာသည်လည်း။ အနိပ္ဖလော၊ ခုရောနောင်ထိ အကျိုးရှိသည်။ ဟောတိ၊ စင်စစ်မသွေ ဖြစ်ပါပေ၏ဘုရား။

တသ္မာ၊ ထိုကြောင့်။ ဣဒံ ဣမာနိ ဒါနာနိ၊ တို့ကို။ ဒါတုံ၊ ငှါ။ အလံဝေ၊ သာဘုရား။ ဣဒံ ဣမာနိ သဒ္ဓါနိ၊ တို့ကို။ ကာတုံ။ ငှါ။ အလံဝေ၊ သာဘုရား။

ဖြာဟွတော၊ ဇာလုသောဏ်ပုဏ္ဏား။ တော၊ ဤ“ ယတြ ပဲ နာမ ဒါယကောပိ အနိပ္ပလော”ဟု သင်လျောက်ထားတဲ့စကားသည်။ ငါ၊ သင်လျှောက်ထားတိုင်းပင် မှန်လှပေ၏။ ဖြာဟွဏ၊ ဇာလုသောဏ်ပုဏ္ဏား။ ဒါယကောပိ၊ သေလွန်၍သွား ဆွေမျိုးများကို စိတ်ထားရည်စူး၍ ကြည်ဖြူတဲ့ သဒ္ဓါဖြင့် ပေးလှူတဲ့ ဒါယကာသည်လည်း။ အနိပ္ဖလော၊ ကျေးဇူးနှောင်ပေါ် ဖြစ်သမျှတွင် သုခဖြိုးဖြိုး အကျိုးရှိသည်။ ဟောတိ၊ မှန်စွာမသွေ ဖြစ်ရပါပေ၏။

## ပေတဥဒ္ဒိဿဒါနဖြင့် အမျှဝေ

ဤကဲ့သို့ ပေတဥဒ္ဒိဿဒါနဟာ အစမထင်တဲ့ သံသရာဘဝမှ အစပြုပြီး ယခုဘဝ ယခုအချိန်ကျအောင် အဆက်ဆက်ပွန်း ဆွေမျိုးသားချင်းတော်စပ်ခဲ့ပြီး ပြိတ္တာဘုံဘဝမှာ လားရောက်ပြီးနေကြတဲ့ ရှေးရှေးဘဝဟောင်းတွေက ဆွေမျိုးပြိတ္တာများနှင့် ယခုဘဝ ဆွေမျိုးပြိတ္တာများအား ချမ်းသာသုခကို ရစေသောအားဖြင့် ကျေးဇူးများ၊ ပေးလှူတဲ့ ဒါယကာမှာလဲ လူ့ချမ်းသာ နတ်ချမ်းသာ နိဗ္ဗာန်ချမ်းသာကို ရစေသောအားဖြင့် ကျေးဇူးများလှသောကြောင့် လူတိုင်း လူတိုင်းပင် အခါအခွင့် သင့်သလို ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး ပစ္စည်းလေးပါးကို ဘုရား, တရား, သံဃာ ရတနာသုံးပါးအား ပေးလှူပြီး

“ဣဒံ ဝေါ ဉာတီနံ ဟောတု၊
သုခိတာ ဟောန္တု ဉာတယော”

“ယခုပြုရ ဤဒါနသည် သံသရာဘဝမှ ယနေ့ကျအောင် ဆွေမျိုးသားချင်းတော်စပ်ခဲ့ပြီး ပြိတ္တာဘုံဘဝသို့ လားရောက်နေကြတဲ့ ဆွေမျိုးပြိတ္တာတို့အား ရောက်ပါစေ၊ ဤဒါနကို ဆွေမျိုးပြိတ္တာတို့ သုံးဆောင်ရ၍ ကိုယ်ရောစိတ်ပါ နှစ်ဖြာသုခ လက်ငင်းရကြပါစေ”

လို့ ကုသိုလ်၏ အဘို့ကို ဆွေမျိုးပြိတ္တာတို့အား အလှူပြုပြီး အမျှပေးဝေကြပါ။

## သစ္စာလေးပါး

### ဒုက္ခသစ္စာ

"ဇရာမရဏံ ဒုက္ခသစ္စံ"

လို့ ဟောတော်မူသောကြောင့်—

၁။ ရူပက္ခန္ဓာ
၂။ ဝေဒနာက္ခန္ဓာ
၃။ သညာက္ခန္ဓာ
၄။ သင်္ခါရက္ခန္ဓာ
၅။ ဝိညာဏက္ခန္ဓာ

ဆိုတဲ့ ခန္ဓာငါးပါးတို့ အိုမင်း ရင့်ယော်ခြင်း, ပြိုကွဲ ပျက်စီးခြင်းကို 'ဒုက္ခသစ္စာ'လို့မှတ်ရမယ်။

### သမုဒယသစ္စာ

"ဇာတိ သမုဒယသစ္စံ"

လို့ ဟောတော်မူသောကြောင့်—

၁။ ရူပက္ခန္ဓာ
၂။ ဝေဒနာက္ခန္ဓာ
၃။ သညာက္ခန္ဓာ
၄။ သင်္ခါရက္ခန္ဓာ
၅။ ဝိညာဏက္ခန္ဓာ

ဆိုတဲ့ ခန္ဓာငါးပါး ဖြစ်ပေါ်လာခြင်းကို 'သမုဒယသစ္စာ'လို့ မှတ်သားရမယ်။

### နိရောဓသစ္စာ

"ဥဘိန္နမ္ပိ နိဿရဏံ နိရောဓသစ္စံ"

လို့ ဟောတော်မူသောကြောင့်-

၁။ ရူပက္ခန္ဓာ
၂။ ဝေဒနာက္ခန္ဓာ
၃။ သညာက္ခန္ဓာ

၄။ သင်္ခါရက္ခန္ဓာ
၅။ ဝိညာဏက္ခန္ဓာ

ဆိုတဲ့ ခန္ဓာငါးပါးတို့ ဖြစ်ပေါ်ခြင်း, အိုမင်းရင့်ယော်ခြင်း, ပြိုကွဲပျက်စီးခြင်း, မရှိခြင်း, လွတ်မြောက်ခြင်းကို 'နိရောဓသစ္စာ'လို့ မှတ်ရမယ်။

**မဂ္ဂသစ္စာ**

"နိရောဓဂ္ဂါမိနိ မဂ္ဂသစ္စံ"

လို့ ဟောတော်မူသောကြောင့် ဘဝလက်စ,ရပ်ပြီး ရုပ်ရော နာမ်ပါ အပြီးသတ် ချုပ်ငြိမ်းသွားခြင်း, နောက်ထပ်တခါ လူ နတ် ဗြဟ္မာ ငရဲ တိရစ္ဆာန် ပြိတ္တာ သတ္တဝါရယ်လို့ မဖြစ်ပေါ်တော့ခြင်း, သတ္တဝါမဖြစ်ခြင်းကြောင့် ပဋိသန္ဓေနေခြင်းဆင်းရဲ, အိုခြင်းဆင်းရဲ, နာခြင်းဆင်းရဲ, သေခြင်းဆင်းရဲတို့မရှိတဲ့ နိဗ္ဗာန်ကို ထိုးတွင်းသိမြင်တဲ့ အင်္ဂါရှစ်ပါးမဂ်ကို 'မဂ္ဂသစ္စာ'လို့ မှတ်ရမယ်။

**သစ္စာမြင်အောင် ကြိုးစားပါ**

ဤကဲ့သို့ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားမှတ်သားပြီး သစ္စာလေးအင်ကို မဂ်ဉာဏ်ဖြင့်မြင်အောင် ကြိုးစားကြကုန်ရာသတည်း။

**တရားသိမ်း**

ပေတဒါနေန သညုတ္တံ၊ သုတ္တန္တံ ဗုဒ္ဓဘာသိတံ။
သက္ကစ္စံ သုဏမာနာဝ၊ "သာဓု သာဓူ"တိ ဘာသထ။

ဘော၊သဒ္ဓါဗလဝန္တ တရားနာနေကြတဲ့ အို-ဒကာ,ဒကာမတို့။ ဘုရားမြတ်စွာ မိန့်မှာ
တရားခံမင် သင်သူတော်စင်တို့သည်။ ဗုဒ္ဓဘာသိတံ၊ ဘုရားမြတ်စွာ မိန့်မှာ ဆုံးမ ဟောပြတော်မူအပ်သော။ ပေတဒါနေန သညုတ္တံ၊ သေမျိုးပြိတ္တာတို့ကို ရည်စူးပြီး ပေးလှူအပ်သော ဒါနနှင့်စပ်ယှဉ်သော။ သုတ္တန္တံ၊ ဒသဂါနိပါတ်လာ ဇာဏုဿောဏိ သုတ္တန်ဒေသနာတော်ကို။ သက္ကစ္စံ၊ အာရုံတပါး စိတ်မသွားဘဲ လေးစားရိုသေစွာ။ သုဏမာနာဝ၊ မှတ်မှတ်သားသားနာကြားကြကုန်ပြီ ရှိသာလျှင်။ သာဓု သာဓူတိ၊ သာဓု,သာဓု,သာဓုဟူ၍။ ဘာသထ၊ သံသာချိမြ သုံးကြိမ်ကျအောင် ဆိုလိုက်ကြကုန်လော့။

**(သာဓု သာဓု သာဓု)**

ပေတဥဒ္ဒိဿဒါန အနုမောဒနာ တရားတော် ပြီး၏။

# ခြောက်ရောင်ခြည် တရားတော်

## ရောင်ခြည်တော် ၆ - ပါး

ရသ္မိယော သတ္တုနော နီလံ၊ ပီတောဒါတံ စ လောဟိတံ။

မဥ္ဇဋ္ဌံ ပဘဿရဉ္စ၊ ဆဗ္ဗိဓာ ဟောန္တိ ဝဏ္ဏတော။

သတ္ထုနော၊ သုံးဆရာတင် သုံးခွင်ထွတ်ထား သဗ္ဗညု ရှင်တော်မြတ်ဘုရား၏။ ကာယတော၊ ရွှေကိုယ်တော်မြတ် အဆင်းဓာတ်တော်မှ။ နိက္ခန္တာ၊ အံ့ဘွယ်ဆန်းထူး ကွန့်မြူးစီရရီ အလီလီ ထွက်ကြွကုန်သော။ ရသ္မိယော၊ နေရောင်လရောင် ပျောက်အောင်ထိန်ကြည် ရောင်ခြည်တော်တို့သည်။ ဝဏ္ဏတော၊ အမျိုးအစား အဆင်းအားဖြင့်။

နီလံ စ၊ ကြာညိုအဆင်း မယွင်းတူလတ် ညိုသော ရောင်ခြည်တော်မြတ်ရှင်း။

ပီတံ စ၊ ရွှေအဆင်းသို့ မယွင်းတူလတ် ရွှေသော ရောင်ခြည်တော်မြတ်ရှင်း။

ဩဒါတံ စ၊ ငွေအဆင်းသို့ မယွင်းတူလတ် ဖြူသောရောင်ခြည်တော်မြတ်ရှင်း။

လောဟိတံ စ၊ ချိတ်ရည်အဆင်း မယွင်းတူလတ် နီသော ရောင်ခြည်တော်မြတ်ရှင်း။

မဉ္ဇိဋ္ဌံ စ၊ ညို နီ ယှက်ပေါင်း နီမောင်း ရီမှုံသော ရောင်ခြည်တော်မြတ်ရှင်း။

ပဘဿရံ စ၊ မိုးသိုးကောင်းကင်ထက် လျှပ်စစ်ပြက်သို့ ပြို ပြိုးပြက်ပြက် တခဲနက်သော ရောင်ခြည်တော်မြတ်ရှင်း။

ဣတိ၊ဤသို့ဆိုခဲ့ပြီးသား ပေါင်းသောအားဖြင့်။ ဆဗ္ဗိဓာ၊ ခြောက်မျိုး ခြောက်စား ခြောက်ပါး အပြား ရှိကုန်သည်။ ဟောန္တိ၊ မချွတ်ပုံသေ ဖြစ်ပေကုန်၏။

ရောင်ခြည်တော် ခြောက်ပါး တရားဒေသနာတော်ကို သချ်ာ ဂ,မှ ဟောပြမယ်၊ ရောင်ခြည်တော် ဆိုတာကိုတော့ လူတိုင်းဘဲ ကြားဘူး နားဝ ရှိကြပေလိမ့်မယ်၊ မျက်မှောက်ခေတ်မှာပင် "ဘယ်ဘုရားကဖြင့် ရောင်ခြည်တော်တွေ လွှတ်လိုက်တာ၊ ဘယ်လိုလွှတ်လိုက်တာဘဲ၊ လူတွေလဲ ကြိတ်ကြိတ်တိုး သွားရောက် ဖူးမျှော်ကြတယ်"လို့ တဆင့်ပြောသံတွေ ကြားရတယ်၊ ဟုတ်တာ မဟုတ်တာ အသာဖယ်ထားပြီး ဘုရားကိုဖူးမျှော် ကြတာကတော့ အမှန်ပင်အကျိုးရပြီး အလွန်ပင်ကောင်းတဲ့ ကိစ္စဖြစ်လို့ ဝမ်းသာအားရပင် အားပေးထိုက်ပါတယ်။

မျက်မှောက်ခေတ် ဗုဒ္ဓဘာသာဝင်အပေါင်း သူတော်ကောင်းတွေဟာ ဘုရားနှင့် စပ်လျဉ်းတဲ့ အရေးကိစ္စတွေမှာ ကိုယ်အား ပစ္စည်းအားဖြင့် ကြိုးစားပမ်းစား အားရပါးရ လုပ်ကိုင် ဆောင်ရွက်ကြတယ်၊ ဒါဟာ သဒ္ဓါထက်သန် ကမ္မဿကတာဉာဏ်ကို စံနမူနာ တင်ခြင်း တရပ်ဘဲလို့ ဂုဏ်ယူထိုက်ပါတယ်၊ ရှေးကစဉ်ဆက် ဗုဒ္ဓဘာသာဝင်တွေနှင့် တုဘက်ဖြစ်လို့ ဝမ်းမြောက်လေးလေး အားပေးထိုက်ပါတယ်၊ နောင်လာဆက်စဉ် ဗုဒ္ဓ ဘာသာဝင်တွေ အတုယူဘွယ်ဖြစ်လို့လဲ နမူနာ စံတင်ထားထိုက်ပါတယ်၊ လူတိုင်းလူတိုင်းပင် စံတင်နိုင်အောင် ဂုဏ်ယူနိုင်အောင် အားပေးထိုက် အောင် ကြိုးစားကြရမယ်။

ဘုရားက ရောင်ခြည်တော်လွှတ်ပုံကို ကျမ်းဂန်လာတိုင်း ဟောပြမယ်၊ မျက်မှောက်ခေတ် သုတစကားတွေကို အမှားအမှန် ဆုံးဖြတ်နိုင်အောင် သချ်ာစွာ နာကြားပြီး မှတ်သားထားရမယ်။

| | | | |
|---|---|---|---|
| ၁။ | နီလ | = | ညိုသောရောင်ခြည်တော်၊ |
| ၂။ | ပီတ | = | ရွှေသောရောင်ခြည်တော်၊ |
| ၃။ | လောဟိတ | = | နီသောရောင်ခြည်တော်၊ |
| ၄။ | ဩဒါတ | = | ဖြူသောရောင်ခြည်တော်၊ |
| ၅။ | မဉ္ဇိဋ္ဌ | = | မောင်းသောရောင်ခြည်တော်၊ |
| ၆။ | ပဘဿရ | = | ပြိုးပြိုးပြက်တခဲနက်သောရောင်ခြည်တော်၊ |

အဆင်းအားဖြင့် ရောင်ခြည်တော်ခြောက်ပါး အပြားရှိတယ်။

## ရောင်ခြည်တော် လွှတ်ကြောင်းများ

'ဘုရားက ရောင်ခြည်တော် လွှတ်တယ်' ဆိုရာမှာ ဘုရားသက်တော် ထင်ရှား ရှိတော်မူစဉ်အခါက တလံမျှလောက်ရှိတဲ့ ရောင်ခြည်တော်အဝန်းမှာ အမြဲတစေ ထွက်ပေါ်ပြီးနေတယ်၊ " အမှာကံ ဘဂဝတော သမန္တာ ဗျာမမတ္တာ"ငါတို့ရဲ့ ဂေါတမဘုရားကို ဆိုလိုတယ်။

"ရသ္မိဝေမတ္တံ အဇ္ဈာသယပဋိဗဒ္ဓံ၊ ယော ယတ္တကံ ဣစ္ဆတိ၊ တာသ တတ္တကံ သရီရပ္ပဘာ ဖရတိ"ဟု ကျမ်းလာရှိသည်နှင့်အညီ ရောင်ခြည်တော် လွှတ်ရာမှာ အလိုတော်နှင့်စပ်ပြီးနေတယ်၊ ရောင်ခြည်တော်တမျိုးနှစ်မျိုးမှစပြီး ခြောက်မျိုးတိုင်အောင် အလိုတော်ရှိသလောက် အချိန်ကာလ အရပ်ဌာနတိုင်အောင် လွှတ်နိုင်တယ်၊ ကိုယ်တော်မှ ရောင်ခြည်တော်တွေ ထွက်ပေါ်ပြန့်နှံ့တယ်။

မင်္ဂလဘုရားမှာ အလိုတော်အားလျော်စွာ စကြာဝဠာ ကမ္ဘာလောက ဓာတ်တသောင်းလုံး နေ့ရောညပါ ရောင်ခြည်တော်တွေ ထွန်းလင်းတောက်ပနေလို့ ပရိနိဗ္ဗာန် ပြုတော်မူသည်တိုင်အောင် နေရောင် လရောင်တွေ ကွယ်ပျောက်နေတယ်လို့ လာတယ်၊ ဒါ့ကြောင့် ရှံခါ အဓိဋ္ဌာန်တန်ခိုးတော်ကြောင့် ဘာဝနာတန်ခိုးတော်ကြောင့် နာမ်ဓာတ်ကိုအကြောင်းခံပြီး ရုပ်ဓာတ်တော် ကြည်လင်ခြင်းကြောင့် ဘုရားရှင်၏ကိုယ်တော်မှ ရောင်ခြည်တော်တွေ ထွက်ပေါ်ကွန့်မြူးပြီး ထက်အောက်ဖီလာ အရပ်ဆယ်မျက်နှာ အဆုံးအပိုင်းအခြားမရှိတဲ့ အနန္တစကြာဝဠာ ကမ္ဘာလောကဓာတ်တို့သို့ပင် ရောင်ခြည်တော်တွေ ပြန့်နှံ့ပြးဝင်သွားကြတယ်။

## ဓာတ်တော် တန်ခိုးပြ

ဘုရား ပရိနိဗ္ဗာန် စံဝင်တော် မူပြီးနောက် ဓာတ်တော် မွေတော်တွေ ကြွင်းကျန်ခဲ့တယ်၊ အဲဒီ ဓာတ်တော် မွေတော်တွေကို သာသနာ ထွန်းလင်းရာ မြို့ရွာတွေမှာ စေတီပုထိုး ရုပ်ပွား ဆင်းတုတော်တွေ အတွင်းမှာ ထည့်သွင်းဌာပနာပြီး ကိုးကွယ်ခဲ့ကြတယ်၊ အဲဒီ ဓာတ်တော်တွေက ဘုရား အဓိဋ္ဌာန်တော်မူခဲ့လို့ တန်ခိုးပြတယ်လို့ ကျမ်းဂန်တွေမှာ လာတယ်။

ပြောရအုံးမယ်၊တတိယသင်္ဂါယနာတင်ပြီး သီဟိုဠ်ကျွန်းကိုသာသနာပြုကြွတော်မူတဲ့ ရှင်မဟာမဟိန္ဒ ရဟန္တာနှင့် ဒေဝါနံ ပိယတိဿမင်းတို့

သိဟိုဠ်ကျွန်းမှာ စေတီပုထိုးတည်တားကိုးကွယ်ကြရာ အသောကမင်းထံမှ ပုလဲနှစ်အဆင်းရှိတဲ့ ဓာတ်တော်များနှင့် သိကြားမင်းထံမှ လက်ျာညှပ်ရိုးတော်ကို ယူစေပြီး စေတီအတွင်း ထည့်သွင်းဌာပနာရာ အဲဒီနေ့မှာ လက်ျာညှပ်ရိုးတော်ဟာ တန်ခိုးပြတယ်ဆိုဘဲ၊ နောင်သာသနာကုန်ဘုံးသို့ ဓာတုပရိနိဗ္ဗာန် ပြုတဲ့အခါ ဓာတ်တော်တွေဟာ တန်ခိုးပြအုံးမယ်လို့ ကျမ်းဂန်တွေမှာ လာတယ်။

## ပလ္လင်္ကသတ္တာဟ

သက်တော်ထင်ရှားရှိစဉ်က ရောင်ခြည်တော် လွှတ်ပုံတခုကို ဟောရအုံးမယ်။

လွန်ခဲ့တဲ့ အတိတ်ခေတ် နှစ်ပေါင်း (၂၅၀၀) နှစ်ထောင် ငါးရာကျော်လောက်က 'မဇ္ဈိမဒေသ' ယခုအိန္ဒိယပြည်အတွင်းမှာ တရားအားလုံး သိမြင်တော်မူတဲ့ ဘုရားရှင်ရယ်လို့ လူတွင်ထင်ရှား ပွင့်တော်မူသွားခဲ့တယ်၊ အဲဒီ ဘုရားကိုယ်တော်မြတ်ကြီးဟာ မဟာဗောဓိပင်အနီး ရတနာပလ္လင်မှာ ဆရာမရှိ ကိုယ်တော်တိုင် ထိုးထွင်းသိမြင်တော်မူပြီးဖြစ်တဲ့ တရားတော်များကို ဆင်ခြင်တော်မူပြီး ခုနစ်ရက်ပတ်လုံး ထက်ဝယ်ပလ္လင်ဖြင့် ထိုင်နေတော်မူတယ်။

## အနိမိသသတ္တာဟ

ခုနစ်ရက်လွန်တဲ့အခါ ရတနာပလ္လင်တော်မှ ထတော်မူပြီး သဗ္ဗညုတဉာဏ်တော်ကြီးကို ဤရတနာပလ္လင်မှာပင် ရခဲ့ပေပြီလို့ မမှိတ်သော မျက်စိဖြင့် ခုနစ်ရက်ပတ်လုံး ရတနာပလ္လင်ကို ကြည့်တော်မူလျက် ရပ်ခြင်းဣရိယာပုထ်ဖြင့် နေတော်မူတယ်။

## နတ်တွေအထင်မှား

ဒီအခါမှာ နတ်တွေက အထင်မှားပြီး "ယနေ့ထက်တိုင်ပင် အလောင်းမင်းသားအား ဘုရားဖြစ်ရန် ပြုဘွယ်ကိစ္စတွေရှိသေးတယ်၊ ဒါကြောင့်ပင် အလောင်းတော် မင်းသားဟာ ပလ္လင်တော်မှာ တွယ်တာကပ်ငြိတဲ့ တဏှာကို မစွန့်ခွါနိုင်သေးဘူး"လို့ အကြံများ ဖြစ်ကြတယ်ဆိုဘဲ။

သုမင်္ဂလဝိလာသိနီ(က)၁၀၀-၄၃

## တန်းခိုးတော်ပြ

ဘုရားရှင်လဲ အထင်မြင်မှား နတ်အများ၏ အမှားသက်သက် ကြံစည်ချက်ကို ပယ်ဖျက်တော်မူလို၍ ထိုခဏမှာပင် ဟင်းလင်းဝေဟင် ထက်ကောင်းကင်သို့ ပျံတက်ကြွချီတော်မူပြီး ရေမီးအစုံအစုံ အစရှိတဲ့ တန်ခိုးပြာဋိဟာတို့ကို ပြတော်မူလိုက်တယ်။

## စင်္ကမသတ္တာဟ

အဲဒါလို တန်ခိုးပြာဋိဟာတို့ကို ပြတော်မူပြီး ကောင်းကင်မှ ဆင်းသက်တော်မူကာ ရတနာပလ္လင်နှင့်ရပ်တော်မူရာ အကြားမှာ လူးလာတုံ့ခေါက် စင်္ကြံလျှောက်လျက် ခုနစ်ရက်ပတ်လုံး သီတင်းသုံးတော်မူတယ်။

## သုံးလီသတ္တာဟ

၁။ ပလ္လင်ပေါ်မှာ ထိုင်ခြင်း ဣရိယာပုထ်ဖြင့် သီတင်းသုံးတော်မူတာက ခုနစ်ရက်၊

၂။ ပလ္လင်တော်ကို ကြည့်လျက် ရပ်ခြင်း ဣရိယာပုထ်ဖြင့် သီတင်းသုံးတော်မူတာက ခုနစ်ရက်၊

၃။ ပလ္လင်တော်နှင့် ရပ်တော်မူရာ အကြား စင်္ကြံသွားခြင်း ဣရိယာပုထ်ဖြင့် သီတင်းသုံးတော်မူတာက ခုနစ်ရက်၊

အားလုံး နှစ်ဆယ့်တရက် ရှိသွားတယ်၊ အဲဒီ နှစ်တဆယ့်တရက်မှာ ဘုရားရှင်၏ ကိုယ်တော်မှ ရောင်ခြည်တော်တွေ မထွက်သေးဘူးတဲ့။

## ရတနာဃရသတ္တာဟ

နှစ်ဆယ့်တရက်လွန်တဲ့အခါ ဗောဓိပင်ရဲ့ အနောက်မြောက်အရပ်မှာ အဘိဓမ္မာခုနစ်ကျမ်းကို ဝေဘန်သုံးသပ်တော်မူတယ်၊ ရှေးဦးစွာ ဓမ္မသင်္ဂဏီကျမ်းကို ဝေဘန်သုံးသပ်တယ်၊ ဒီအခါမှာလဲ ရွှေကိုယ်တော်မှ ရောင်ခြည်တော်တွေ မထွက်ပေါ် သေးဘူးတဲ့၊ ထို့နောင် ဝိဘင်းကျမ်း, ထို့နောင် ဓာတုကထာကျမ်း, ထို့နောင် ပုဂ္ဂလပညတ်ကျမ်း, ထို့နောင် ကထာဝတ္ထုကျမ်း, ထို့နောင် ယမိုက်ကျမ်းကို ဝေဘန်သုံးသပ်တော်မူတယ်၊ အဲဒီ အဘိဓမ္မာ ခြောက်ကျမ်းတိုင်အောင် ဝေဘန်သုံးသပ်သော်လဲ ရွှေကိုယ်တော်မှ ရောင်ခြည်တော်တွေ မထွက်ပေါ်သေးဘူးတဲ့။

## ခြောက်ဖြာရောင်ခြည် ထွက်ပေါ်ခြင်း

ထိုနောက် ခုနစ်ကျမ်းမြောက်ဖြစ်တဲ့ ပဋ္ဌာန်းကျမ်းကြီးကို

"ဟေတုပစ္စယော (လ)
အဝိဂတပစ္စယော"

လို့ ခွဲသပ်တော်မူတယ်။

အဲဒါလို သုံးသပ်တော်မူတဲ့အခါ တိမိရတိမိင်္ဂလမည်တဲ့ ငါးကြီးတွေဟာ ယူဇနာပေါင်း ရှစ်သောင်း လေးထောင် (=၈၄,၀၀၀) နက်ဝှမ်းတဲ့ မြင့်မိုရ်ပတ်ခွေ မဟာသမုဒ္ဒရာရေမှာသာ ကျယ်ကျယ်ဝင့်ဝင့် မူးတူးခွင့်ကို ရသလိုပင်၊ ဘုရားရှင်ရဲ့ သဗ္ဗညုတဉာဏ်တော်ကြီးဟာလဲ သိမ်မွေ့နက်ဝှမ်း နည်းစုံပြွမ်း တဲ့ ပဋ္ဌာန်းကျမ်းကြီးမှာသာ ကျယ်ကျယ်ဝင့်ဝင့် မူးတူးခွင့်ကို ရတော်မူတယ်။

အဲဒါလို သဗ္ဗညုတဉာဏ်တော်ကြီးဖြင့် သိမ်မွေ့နက်ဝှမ်း နည်းစုံပြွမ်းတဲ့ ပဋ္ဌာန်းကျမ် ကြီးကို ပြန်ကာ လှန်ကာ သုံးသပ်တော်မူလျှင်ပင် ရွှေကိုယ်တော်မှ စိတ်တော်ကို အကြောင်းခံပြီး ဥတုကြောင့်ဖြစ်တဲ့ ခြောက်သွယ်သော ရောင်ခြည်တော်တွေဟာ အဆိုင်အဆိုင်ထွက်ပေါ်လာပြီး ဆယ်တိုင်းရပ်ခွင်မှာ နတ်ပန်းချီဖြင့် ရေးခြယ်စီရင်ထားတာလို ရှုမြင်သူ အံ့မခန်းအောင် ဆန်းဆန်းကြယ်ကြယ် ကွန့်မြူးတော်မူတယ်။

ဓာတုလောတုလော ဝရပညော၊ ကာယတော ရတနာဃရေ။
ပဋ္ဌာနံ သမ္မသန္တဿ၊ နိက္ခမိံသု ဆ ရသ္မိယော။

အတုလော၊ သီ, မိ, ပညာ ဂုဏ်သုံးဖြာဖြင့် ပြိုင်လာလျှင်ရှုံး တုဘက် သဉ်းတော်မူထသော။ တုလော၊ ကပ်မူဟိုရှေး သဗ္ဗဉ်လေးသည့် မဲ့ရေးတူ ဌြား နောင်ဘုရားတို့နှင့်သာ တူတော်မူထသော။ ဝရပညော၊ သတ္တလောက ဉာဏတံခွန် လူရည်ချွန်တို့၏ အမွန်ထွတ်ဖျား သဗ္ဗညုတဉာဏ်စက်သွားရှိတော်မူသော ဘုရားရှင်သည်။ ရတနာဃရေ၊ ကျမ်းအဘိဓမ္မာ ခုနစ်ဖြာကို စဉ်ကာသုံးသပ် ထိုအရပ်ကို ပညတ်ယူသည့် လေးဆူမြောက်ကျ ရတနာဃရသတ္တာဟ၌။ ပဋ္ဌာနံ၊ သိမ်မွေ့နက်ဝှမ်း နည်းစုံပြွမ်းသည့် ပဋ္ဌာန်းကျမ်းကို။ သမ္မသိ၊ သဗ္ဗဉ်ရွှေဉာဏ်ဖြင့် ပြန်လှန်အထပ်ထပ် သုံးသပ်တော်

မှုပြီး။ ပဋ္ဌာနံ၊ သိမ်မွေ့နက်ဝှမ်း နည်းစုံပြွမ်းသည့် ပဋ္ဌာန်းကျမ်းကို။ သမ္မသန္တသာ၊ သဗ္ဗညုရွှေဉာဏ်ဖြင့် ပြန်လှန်အထပ်ထပ် သုံးသပ်ပေးငြား မြတ်ဘုရား၏။ကာယတော၊ ကြည်လင်သပ်ရပ် ကိုယ်တော်မြတ်၏ ရုပ်ဓာတ်တော်မှ။ ဆရသ္မိယော၊ နီလ,ပီတ,လောဟိတနှင့် ဩဒါတပါ တဖြာမဉ္ဇဋ္ဌ, ပဘဿရဟု ခြောက်ဝခြောက်စား အဆင်းအားဖြင့် ပြန့်ပွားအလီလီ ခြောက်သွယ်သော ရောင်ခြည်တော်တို့သည်။ နိက္ခမိံသု၊ ဆယ်တိုင်းရပ်ခွင် ပန်းချီဆင်သို့ ရှုမြင်သူတိုင်း ပီတိလှိုင်းထ ဟဒယရွှင်ပြုံး အံ့မဆုံးအောင် ဆန်းလုံးပြောင်မျက် ကွန့်မြူးလျက်ပင် ထွက်ပေါ်ကြကုန်ပြီ။

### အဆင်းဓာတ်တူ ရောင်ခြောက်ဆူ

ဘုရားရှင်၏ကိုယ်တော်မှ ခြောက်ပါးသောအဆင်းရှိတဲ့ ခြောက်သွယ်သော ရောင်ခြည်တော်တွေ ထွက်ပေါ် ကွန့်မြူးကြတယ် ဆိုသော်လဲ တနေရာ တဌာတည်းမှ အဆင်းခြောက်မျိုးရှိတဲ့ ရောင်ခြည်တော် ခြောက်ပါးလုံး ထွက်ပေါ်ကွန့်မြူးကြတာ မဟုတ်ဘူး၊ ဘုရားရှင်၏ ရွှေကိုယ်တော်မြတ် ဆိုင်ရာဆိုင်ရာ အဆင်းဓာတ်မှ ဆိုင်ရာဆိုင်ရာ အဆင်းရှိတဲ့ ရောင်ခြည်တော်တွေ ထွက်ပေါ်ကွန့်မြူးကြတယ်။

### ညိုသောရောင်ခြည်တော်

ဘုရားရှင်၏ဓာတ်တော်တွင် ညိုသောအဆင်းရှိတဲ့ ရုပ်ဓာတ်တွေရှိတယ်၊ ဆံတော်, မုတ်ဆိတ်တော်, မျက်စိတော်တို့တွင် ညိုသောအရုပ်၊ အဲဒီ ညိုသောအဆင်းရှိတဲ့ ရုပ်ဓာတ်တော်တို့မှ ညိုသောရောင်ခြည်တော်တွေ ထွက်ပေါ်ကွန့်မြူးကြတယ်။

ပဋ္ဌာနံ သမ္မသန္တဿ၊ ကေသမဿုဟိ အက္ခိနံ။
နီလဋ္ဌာနေဟိ ရံသိယော၊ နိက္ခမိံသု သုဘာ နီလာ။

ပဋ္ဌာနံ၊ နည်းစုံသွယ်ပြွမ်း နက်ကျယ်ဝှမ်းသည့် ကျမ်းပဋ္ဌာန်းကို။ သမ္မသန္တဿ၊ သဗ္ဗညုဉာဏ်ဖြင့် ပြန်လှန်အတပ်ထပ် သုံးသပ်ပေငြား မြတ်ဘုရား၏။ကေသမဿုဟိ၊ညိုရောင်ဖိတ်ဖိတ် ဆံတော်မုတ်ဆိတ်တို့မှလည်းကောင်း။ အက္ခိနံ၊ ကြည်လင်တောက်ပ သပ္ပါယ်လှသည့် မျက်စိတော်တို့၏။ နီလဋ္ဌာနေဟိ၊ကြ ညိုအဆင်းမယွင်းတူလတ် ညိုသောအရုပ်တို့မှလည်းကောင်း။

သုဘာ၊ ရှုချင်စဖွယ် အလွန်တင့်တယ်ကုန်သော။ နီလာ၊ မျက်စဉ်း ညိုရောင်, အောင်မဲညိုရောင်, ကြာညိုရောင်, ပတ္တမြားညိုရောင်, ပုဆိုးညိုရောင် အဆင်းကဲ့သို့ ညိုဝင်းသော အဆင်းရှိကုန်သော။ ပီတိယော၊ နေရောင် လရောင် ပျောက်အောင် ထိန်လင်း ရောင်ခြည်တော် အာနုဘော်သည်။ နိက္ခမိံသု၊ တတ်မြောက်စွမ်းရည် နတ်ပန်းချီသည်း ညီညြည်စုတ်သေး ပန်းချီ ရေးသို့ ဆယ်ထွေးရပ်ခွင် ညိုရောင်ဆင်လျက် ပြုံးနှင်ကုန်ကြ ဖူးပဝအောင် ထွက်ပေါ်ကြကုန်ပြီ။

အဲဒါလို ရှင်တော်ဘုရား၏ ရွှေကိုယ်တော်အစိတ် ညိုသောအဆင်းရှိတဲ့ ရုပ်ခါတ်တော်တို့မှ ညိုသော ရောင်ခြည်တော်တွေ ထွက်ပေါ်လာတဲ့အခါ ဆယ်တိုင်းရပ်ခွင်မှာ တတ်မြောက်ကျွမ်းကျင်တဲ့ နတ်ပန်းချီရှင်တို့ ဆေးမင် ရည်အညိုဖြင့် စုတ်တံကိုစိုစေပြီး ရေးခြယ်စီရင်ထားတာလို မျက်စဉ်းညိုမှုန့် တို့ဖြင့် ရောပြွမ်းနေသည့်အသွင်, အောင်မဲညိုပန်း, ကြာညိုပန်းတွေနှင့် ပုံးလွှမ်းနေသည့်အသွင်, ပတ္တမြားယပ်ဝန်းဖြင့် တလွဲလွဲယပ်နေသည့်အသွင်, ပုဆိုးညိုကို ဖြန့်ခင်းထားသည့်အသွင် ထင်စေလျက် ဆယ်ရပ်ခွင်လုံး ညိုသော ရောင်ခြည်တော်တွေဖြင့်ဖုံးကာ ဖူးမြင်ရသူတွေ အံ့မဆုံးအောင်ပင် ဖြစ်သွား သတဲ့။

## ရွှေသောရောင်ခြည်တော်

ဘုရားရှင်၏ ရုပ်ခါတ်တော်တွင် ဝါရွှေသောအဆင်းရှိတဲ့ ရုပ်ခါတ်တွေ ရှိတယ်၊ အရေတော်, မျက်စိတော်တို့တွင် ဝါရွှေသော အရပ်၊ အဲဒီ ဝါရွှေသောအဆင်းရှိတဲ့ ရုပ်ခါတ်တော်တို့မှ ရွှေသောရောင်ခြည်တော်တွေ ထွက်ပေါ်ကွန့်မြူးကြတယ်။

ပဋ္ဌာနံ သမ္မသန္တဿ၊ ဆဝိတော သတ္ထု အက္ခိနံ။
ပီတဋ္ဌာနေဟိ ရံသီယော၊ နိက္ခမိံသု သုဘာ ပီတာ။

ပဋ္ဌာနံ၊ သိမ်မွေ့နက်ဆန်း နည်းကျယ်ဝှမ်းသည့် ပဋ္ဌာန်းကျမ်းကို။ သမ္မသန္တဿ၊ ရွှေဉာဏ်သဗ္ဗညု ဉာဏ်တံခွန်ဖြင့် ဆင်ခြင်အထပ်ထပ် သုံးသပ် တော်မူသော။ သတ္ထု၊ သုံးဆရာတင် သုံးခွင်ထွတ်ထား မြတ်ဘုရား၏။ ဆဝိတော၊ ပမာဇမ္ဗူရာဇ် ရွှေသစ်အနေ ဝါရွှေသော အရေတော်တို့မှ လည်းကောင်း။ အက္ခိနံ၊ကြည်လင်တောက်ပ သပ္ပါယ်လှသည့် မျက်စိတော်

တို့၏။ ပီတဌာနေဟိ၊ ရွှေသစ်ရောင်ကပ် ဝါရွှေသောအရပ်တို့မှ လည်းကောင်း။ သုဘာ၊ ရှုချင်စဖွယ် အလွန်တင့်တယ်ကုန်သော။ ပီတာ၊ ရွှေဆင်းအရောင်ကဲ့သို့ ဝင်းပြောင်ထိန်လင်း ဝါရွှေသော အဆင်းရှိကုန်သော။ ရံသိယော၊လနေအရောင်ပြောင်လှောင်ကွယ်ကင်း ရောင်ခြည်တော်အဝန်းတို့သည်။နိက္ခမိံသု၊ တတ်မြောက်စွမ်းရည် နတ်ပန်းချီလည်း ရွှေရည်စုတ်ဆေး ပန်းချီရေးသို့ ဆယ်ထွေးရပ်ခွင် ရွှေရောင်ဆင်လျက် မြူးရှင်ကွန့်ကြွ ဖူးမဝအောင် ထွက်ပေါ်ကြကုန်ပြီ။

အဲဒါလို ရှင်တော်ဘုရား၏ ရွှေကိုယ်တော်အစိတ် ရွှေသောအဆင်းရှိတဲ့ ရုပ်ခာတ်တော်တို့မှ ရွှေသောရောင်ခြည်တော်တွေ ထွက်ပေါ်လာတဲ့အခါ ဆယ်တိုင်းရပ်ခွင်မှာ တတ်မြောက်ကျွမ်းကျင်တဲ့ နတ်ပန်းချီရှင်တို့ ရွှေမင်ရည်ဖြင့် ရေးခြယ်စီရင်ထားတာလို့, ရွှေရည်တွေဖြင့် သွန်းလောင်းထားသည့်အသွင်,ရွှေပုဆိုးတွေ ဖြန့်ခင်းထားသည့်အသွင်, မာလာကျိကျူမှုန့် မဟာလှေကားပန်းတွေ ဖရိုဖရဲ ဖြန့်ကြဲနေသည့်အသွင် ထင်စေလျက် ဆယ်ရပ်ခွင်လုံး ရွှေသောရောင်ခြည်တော်တွေဖြင့် ဖုံးကာ ဖူးမြင်ရသူတွေ အံ့မဆုံးအောင်ပင် ဖြစ်သွားသတဲ့။

## နီသောရောင်ခြည်တော်

ဘုရားရှင်၏ ရုပ်ဓာတ်တော်တွင် နီသောအဆင်းရှိတဲ့ ရုပ်ဓာတ်တွေ ရှိတယ်၊ အသားတော်,အသွေးတော်, မျက်စိတော်တို့တွင် နီသောအရပ်၊ အဲဒီ နီသောအဆင်းရှိတဲ့ ရုပ်ဓာတ်တော်တို့မှ နီသော ရောင်ခြည်တော်တွေ ထွက်ပေါ်ကွန့်မြူးကြတယ်။

ပဋ္ဌာနံ သမ္မသန္တဿ၊ မံသရတ္တေဟိ အက္ခိနံ။
ရတ္တဋ္ဌာနေဟိ ရံသီယော၊ နိက္ခမိံသု သုဘာ ရတ္တာ။

ပဋ္ဌာနံ၊မဟာသမုဒ်ပမာထုတ်ပြ နက်ဝှမ်းလှသည့် ဓမ္မနက်ဆန်း ပဋ္ဌာန်းကျမ်းကို။ သမ္မသန္တဿ၊ သဗ္ဗညုရွှေဉာဏ်ဖြင့် ဖြန့်လှန်အထပ်ထပ် သုံးသပ်တော်မူသော။ သတ္ထု၊ သုံးဆရာတင် သုံးခွင်ထွတ်ထား မြတ်ဘုရား၏။ မံသရတ္တေဟိ၊ နီမြန်းရောင်ပေါ် အသားတော် အသွေးတော်တို့မှ လည်းကောင်း။အက္ခိနံ၊ ကြည်လင်တောက်ပ သပ္ပါယ်လှသည့် မျက်စိတော်တို့၏။ ရတ္တဋ္ဌာနေဟိ၊ ကမ္ဗလာနီအသွေး နီတွေးသော အရပ်တို့မှလည်းကောင်း။

သုဘာ၊ ရွှချင်စဖွယ် အလွန် တင့်တယ်ကုန်သော။ ရတ္တာ၊ ကမ္ပလာနီ အရောင်, ချိတ်ရည်အရောင်, ဆုံးမှုန့်အရောင်, လယ်ခေါင်းရန်းပန်း အရောင်, ပင်လယ်ကသစ်ပန်းအရောင်, မိုယ်းစွေပန်းအရောင်အဆင်းကဲ့သို့ တောက်ပြောင်ထိန်လင်း နီဝင်းသော အဆင်းရှိကုန်သော။ ရံသိယော၊ နက္ခတ်, နေ,လ အရောင်ပအောင် ထွန်းပကြည်ပေါ် ရောင်ခြည်တော်တို့ သည်။ နိက္ခမိံသု၊ တတ်မြောက်ဇွမ်းနည် နတ်ပန်းချီလည်း မင်ရည်နီဆေး ပန်းချီရေးသို့ ဆယ်ထွေးရပ်ခွင် နီရောင်ဆင်လျက် မြူးရှင်ကွန့်ကြ ဖူးမဝ အောင် ထွက်ပေါ်ကြကုန်ပြီ။

အဲဒါလို ရှင်တော်ဘုရား၏ ရွှေကိုယ်တော်အစိတ် နီသောအဆင်းရှိတဲ့ ရုပ်ခာတ်တော်တို့မှ နီသောရောင်ခြည်တော်တွေ ထွက်ပေါ်လာတဲ့အခါ ဆယ်တိုင်းရပ်ခွင်မှာ တတ်မြောက်ကျွမ်းကျင်တဲ့ နတ်ပန်းချီရှင်တို့ ဆေးမင် ရည်အနီဖြင့် ရေးခြယ် စီရင်ထားတာလို, ဆုံးမှုန့်ဖြင့် ထပ်ဆိုးထားသည့် အသွင်, ချိတ်ရည်တွေဖြင့် သွန်းလောင်းထားသည့် အသွင်, ကမ္ဗလာနီ တွေဖြင့် ကာရံထားသည့်အသွင်, လယ်ခေါင်ရန်းပန်း, ပင်လယ်ကသစ်ပန်း, မိုယ်းစွေပန်းတွေ ဖရိုဖရဲ ပြန့်ကြဲနေသည့်အသွင် ထင်စေလျက် ဆယ်ရပ် ခွင်လုံး နီသောရောင်ခြည်တော်တွေဖြင့် ဖုံးကာ ဖူးမြင်ရသူတွေ အံ့မဆုံး အောင်ပင် ဖြစ်သွားသတဲ့။

## ဖြူသောရောင်ခြည်တော်

ဘုရားရှင်၏ ရုပ်ခာတ်တော်တွင် ဖြူသောအဆင်းရှိတဲ့ ရုပ်ခာတ်တွေ ရှိတယ်၊ အရိုးတော်, သွားတော်, မျက်စိတော်တို့ဘွင် ဖြူသောအရပ်၊ အဲဒီ ဖြူသောအဆင်းရှိတဲ့ ရုပ်ခာတ်တော်တို့မှ ဖြူသော ရောင်ခြည်တော်တွေ ထွက်ပေါ်ကွန့်မြူးကြတယ်။

ပဋ္ဌာနံ သမ္မသန္တဿ၊ အဋ္ဌိဒန္တေဟိ အက္ခိနံ။

သေတဋ္ဌာနေဟိ ရံသီယော၊ နိက္ခမိံသု သုဘာ သေတာ။

ပဋ္ဌာနံ၊ခက်ဆန်းသိမ်မွေ့နည် စုံပြည့်လျှမ်းပဋ္ဌာန်းကျမ်းကို။သမ္မသန္တဿ၊ လုံးစုံသိပြန် သဗ္ဗညုဉာဏ်ဖြင့် ပြန်လှန်အထပ်ထပ် သုံးသပ်တော်မူသော။ သတ္ထု၊သုံးဆရာတင် သုံးခွင်ထွတ်ထား မြတ်ဘုရား၏။အဋ္ဌိဒန္တေဟိ၊ဘော်ငွေ ရောင်ဆင်း ဖြူဝင်းတောက်ပေါ် အရိုးတော်သွားတော်တို့မှလည်းကောင်း။

အက္ခိနံ၊ ကြည်လင်တောက်ပ သပ္ပါယ်လှသည့် မျက်စိတော်တို့၏။ သေတ ဋ္ဌာနေဟိ၊ ဘော်ရောင်ခြယ်ဟပ် ဖြူဖွေးသော အရပ်တို့မှ လည်းကောင်း။ သုဘာ၊ ရှုချင်စဖွယ် အလွန်တင့်တယ်ကုန်သော။ သေတာ၊ ငွေဆင်း အရောင်, နို့ဆင်းအရောင်, သင်းခွေပန်းအရောင်, ကုမုဒြာကြာပန်း အရောင်, ရေအုန္နပန်း အရောင်, မြတ်လေးပန်း အရောင်, ကြက်ရိုးပန်း အရောင် အဆင်းကဲ့သို့ တောက်ပြောင်ထိန်လင်း ဖြူဝင်းသော. အဆင်းရှိ ကုန်သော။ ရံသိယော၊ လ,နေ,နက္ခတ် ကင်းပြတ်အရောင် တောက်ပြောင် ထွန်းကြည် ရောင်ခြည်တော်တို့သည်။ နိက္ခမိံသု၊ တတ်မြောက်စွမ်းရည် နတ်ပန်းချီလည်း မငွရည်စုတ်ဆေး ပန်းချီရေးသို့ ဆယ်ထွေးရပ်ခွင် ငွေမျည် ဆင်လျက် မြူးရွှင်ကွန့်ကြွ ဖူးမဝအောင် ထွက်ပေါ်ကြကုန်ပြီ။

အဲဒါလို ရှင်တော်ဘုရား၏ ရွှေကိုယ်တော်အစိတ် ဖြူသော အဆင်း ရှိတဲ့ ရုပ်ဓာတ်တော်တို့မှ ဖြူသောရောင်ခြည်တော်တွေ ထွက်ပေါ်လာတဲ့ အခါ ဆယ်တိုင်းရပ်ခွင်မှာ တတ်မြောက်ကျွမ်းကျင်တဲ့ နတ်ပန်းချီရှင်တို့ ငွေမင်ရည်ဖြင့် ရေးခြယ်စီရင်ထားတာလို ငွေအိုးတွေဖြင့် သွန်းလောင်း လိုက်တဲ့ နို့ရည်အလျှင်တွေ ပြန့်ကြဲနေသည့်အသွင်၊ ငွေပြားဗိတာန်မျက် နှာကြက်တွေ ဖြန့်ကြက်စီခင်းထားသည့် အသွင်၊ တလွဲလွဲယပ်နေသည့် ငွေယပ်ဝန်းတွေအသွင်၊ သင်းခွေပန်း, ကုမုဒြာကြာပန်း, ရေအုန္နပန်း, မြတ်လေးပန်း, ကြက်ရိုးပန်းတွေ ဖုံးလွှမ်းနေသည့်အသွင် ထင်စေလျက် ဆယ်ရပ်ခွင်လုံး ဖြူသော ရောင်ခြည်တော်တွေဖြင့် ဖုံးကာ ဖူးမြင်ရသူတွေ အံ့မဆုံးအောင်ပင် ဖြစ်သွားသတဲ့။

## မောင်းသောရောင်ခြည်တော်

ဘုရားရှင်၏ ထိုထိုကိုယ်တော်အရပ် ညိုသောအဆင်းရှိတဲ့ ရုပ်ဓာတ်, နီသောအဆင်းရှိတဲ့ ရုပ်ဓာတ်တော်တို့မှ အညို အနီ ရောယှက်ပြီး နီမောင်း ရှိမှုံသော ရောင်ခြည်တော်တွေ ထွက်ပေါ်ကွန့်မြူးကြတယ်။

ပဋ္ဌာနံ သမ္မသန္တဿ၊ တမှာ တမှာ စ သတ္တုဿ။
ကာယဒေသာ စ ရံသီယော၊ နိက္ခမိံသု စ မဥ္ဇဋ္ဌာ။

ပဋ္ဌာနံ၊ သတ္တ, သုခုမ ဓမ္မမည်ဆန်း ပဋ္ဌာန်းကျမ်းကို။ သမ္မသန္တဿ၊ သဗ္ဗညုရွှေဉာဏ်ဖြင့် ပြန်လှန်အထပ်ထပ် သုံးသပ်တော်မူသော။ သတ္တုဿ၊

သုံးဆရာတင် သုံးခွင်ထွတ်ထား မြတ်ဘုရား၏။ တမှာ တမှာ ကာယဒေသာ၊ ညိုနီရပ်ခတ် ထိုထိုကိုယ်တော်အရပ်မှ။ မဥ္ဇဋ္ဌာ၊ နီမောင်းရိုး အဆင်းရှိကုန်သော။ရံသိယော၊ ဟာရာ,နေ,လ ကင်းပအရောင် တောက်ပြောင်ထိန်လင်း ရောင်ခြည်တော် အဝန်းတို့သည်။ နိက္ခမိံသု၊ တတ်မြောက် စွမ်းရည် နတ်ပန်းချီလည်း ညိုနီစုတ်ဆေး ပန်းချီရေးသို့ ဆယ်ထွေးရပ်ခွင် မောင်းရိ ဆင်လျက် မြူးရှင်ကွန့်ကြွ ဖူးမဝအောင် ထွက်ပေါ်ကြကုန်ပြီ။

အဲဒါလို ရှင်တော်ဘုရား၏ ထိုထိုကိုယ်တော်အရပ် ညိုသောအဆင်းခတ်, နီသော အဆင်းခတ်တို့မှ အညို အနီရောစပ်ပြီး နီမောင်းမှုံရိတဲ့ ရောင်ခြည်တော်တွေ ထွက်ပေါ်လာတဲ့အခါ ဆယ်တိုင်းရပ်ခွင်မှာ တတ်မြောက်ကျွမ်းကျင်တဲ့ နတ်ပန်းချီရှင်တို့ ညိုနီဆေးရည်ဖြင့် ရေးခြယ်စီရင်ထားတာလို ဆယ်ရပ်ခွင်လုံး နီမောင်းရိမှုံတဲ့ ရောင်ခြည်တော်တွေဖြင့် ဖုံးကာ ဖူးမြင်ရသူတွေ အံ့မဆုံးအောင်ပင် ဖြစ်သွားသတဲ့။

## ပြိုးပြိုးပြက်တခဲနက်သော ရောင်ခြည်တော်

ဘုရားရှင်၏ ထိုထိုကိုယ်တော်အရပ်, ထိုထိုအဆင်းခတ်တို့မှ လျှပ်စစ်ပြက်သကဲ့သို့ ပြိုးပြိုးပြက်ပြက် တခဲနက်သော ရောင်ခြည်တော်တွေ ထွက်ပေါ်ကွန့်မြူးကြတယ်။

ပဘဿရံ သမ္မသမ္ဗုဒ္ဓဿ၊ တမှာ တမှာ စ သတ္ထုနော။
ကာယဒေသာ စ ရံသိယော၊ နိက္ခမိံသု ပဘဿရာ။

ပဘဿရံ၊ ခုနစ်ဆင့်မြောက် အံ့လောက်ဖွယ်ဆန်း ပဘဿရန်းကျမ်းကို။ သမ္မာသမ္ဗုဒ္ဓဿ၊ သဗ္ဗညုတ ရွှေဉာဏ်လျှဖြင့် စေ့ငထပ်ထပ် သုံးသပ်တော်မူသော။ သတ္ထုနော၊ သုံးဆရာတင် သုံးခွင်ထွတ်ထား မြတ်ဘုရား၏။ တမှာ တမှာ ကာယဒေသာ၊ ထိုထိုအဆင်းခတ် ကိုယ်တော်အရပ်မှ။ပဘဿရာ၊ လျှပ်စစ်ပြက်သကဲ့သို့ ပြိုးပြိုးပြက်ပြက် တခဲနက် ဖြစ်ကုန်သော။ ရံသိယော၊ တန်ခိုးရှိန်ဝါ မင်းပြဟွာလည်း ရောင်ဝါကွယ်ပ တောက်ပထွန်းကြည် ရောင်ခြည်တော်တို့သည်။ နိက္ခမိံသု၊ တတ်မြောက်စွမ်းရည် နတ်ပန်းချီလည်း မင်ရည်ရောထွေး ရောင်စုံရေးသို့ ဆယ်ထွေးရပ်ခွင် အံ့ဘွယ်ဆင်လျက် မြူးရှင်ကွန့်ကြွ ဖူးမဝအောင် ထွက်ပေါ်ကြကုန်ပြီ။

အဲဒါလို ရှင်တော်ဘုရား၏ ထိုထို ကိုယ်တော်အရပ်, ထိုထိုအဆင်းခာတ်တို့မှ မိုးကောင်းကင်မှာ လျှပ်စစ်လျှပ်ပန်းတွေ တဖျတ်ဖျတ်ပွင့်လန်းပြီးနေတာလို ပြိုးပြိုးပြက်ပြက် တခဲနက်သော ရောင်ခြည်တော်တွေ ထွက်ပေါ်လာတဲ့အခါ ဆယ်တိုင်းရပ်ခွင်မှာ တတ်မြောက်ကျွမ်းကျင်တဲ့ နတ်ပန်းချီရှင်တို့ ဆေးမင်ရည်ရောင်စုံဖြင့် ရေးခြယ်စီရင်ထားတာလို ဆယ်ရပ်ခွင်လုံး ပြိုးပြိုးပြက်ပြက် တခဲနက်သော ရောင်ခြည်တော်တွေဖြင့်ဖုံးကာ ဖူးမြင်ရသူတွေ အံ့မဆုံးအောင်ပင် ဖြစ်သွားသတဲ့။

## ခြောက်သွယ်ရောင်ခြည် ထွက်လည်ကွန့်ကြွ အနန္တ

အဲဒါလို ဘုရားမြတ်၏ ရုပ်ခာတ်တော်မှ ခြောက်သွယ်သော ရောင်ခြည်တော်တွေ အဆိုင်အဆိုင် ကွန့်မြူးထွက်ပေါ်လာပြီး—

အောက်အဘို့အားဖြင့် ယူဇနာပေါင်း နှစ်သိန်းလေးသောင်း အထုရှိတဲ့ မဟာပထဝီမြေကြီးကို ရွှေတုံးရွှေခဲကဲ့သို့ ပြုတယ်။

တဖန်-အဲဒီမြေကို ဖေါက်ထွင်းပြီး မြေကိုခံတဲ့ ယူဇနာပေါင်း လေးသိန်းရှစ်သောင်း အထုရှိတဲ့ ရေကိုလဲ ရွှေမှုန့်တွေ ရွှေရည်တွေကဲ့သို့ ပြုပြန်တယ်။

တဖန်-အဲဒီရေကို ဖေါက်ထွင်းပြီး ရေကိုခံတဲ့ ယူဇနာပေါင်း ကိုးသိန်းခြောက်သောင်းအထုရှိတဲ့ လေကိုလဲ ရွှေတိုင် ရွှေလုံးကဲ့သို့ ပြုပြန်တယ်။

တဖန်- အဲဒီလေကို ဖေါက်ထွင်းပြီး အဇဋာကာသ အောက်ကောင်းကင်သို့ ပြေဝင်သွားကြတယ်။

အထက်အဘို့အားဖြင့်လဲ ခြောက်သွယ်သော ရောင်ခြည်တော်တွေဟာ စတုမဟာရာဇ်, တာဝတိံသာ, ယာမာ, တုသိတာ, နိမ္မာနရတိ, ပရနိမ္မိတဝသဝတ္တီ နတ်ပြည်ခြောက်ထပ်ကို အစဉ်အတိုင်း ထိုးဖောက်ကြတယ်။

ထိုမှတဖန် ရူပတဆယ့်ခြောက်ဘုံ, အရူပလေးဘုံတို့ကို အစဉ်အတိုင်း ထိုးဖောက်ပြီး 'အဇဋာကာသ' အထက်ကောင်းကင်သို့ ပြေးငင်သွားကြတယ်။

ဖီလာအားဖြင့်လဲ ခြောက်သွယ်သော ရောင်ခြည်တော်တွေဟာ အဆုံးအပိုင်းအခြားမရှိတဲ့ လောကခာတ်အများသို့ ပြေးဝင်သွားကြတယ်။

## ပင်ကိုယ်ရောင်ပျောက် ရောင်ခြည်ရောင်တောက်

အဲဒီ ခြောက်သွယ်သော ရောင်ခြည်တော်တွေ ပြန့်နှံ့ပြေးဝင်ရာ အနန္တ စကြာဝဠာ ကမ္ဘာလောကဓာတ် အတွင်းမှာ ရှိရှိသမျှ လ, နေ, ကြယ်, တာရာ, နတ်ပြဟ္မာတို့၏ ဥယျာဉ်ဗိမာန် ပဒေသာပင် ကိုယ်ရောင်ကိုယ်ဝါ အဝတ် တန်းဆာတို့မှာ ပင်ကိုယ်ရောင်တွေ ကွယ်ပျောက်ပြီး အပိုင်းအခြား လောကသား ထင်သတဲ့၊ လောကဓာတ်ကုဋေတသိန်းကို အရောင်အလင်းပြင့် နှံ့စေခြင်းငှါ စွမ်းနိုင်တဲ့ ပြဟ္မာမင်းကြီးပင် နေထွက်တဲ့အခါမှာ ပိုးစုန်းကြူး ကလေးကဲ့သို့ ဖြစ်သွားသတဲ့။

ယေဒ္ဒု ပရိတိရိယေန၊ အနန္တာ လောကဓာတုယော။
အဂ္ဂါဒိဘော ဘိဘာဝိတွာ၊ ပက္ခန္ဒိံသု ဆရံသိယော။

ဆရံသိယော၊ သုံးလူ့ရှင်မြတ် အဆင်းဓာတ်မှ ထူးမြတ်ထွက်ပေါ် ခြောက်ရပ်သော ရောင်ခြည်တော်တို့သည်။ အဂ္ဂါဒိဘော၊ အမှောင် ခွင်းကြည် နေစသည်တို့၏ အရောင်တို့ကို။ ဝါ၊ နေ, လ, နက္ခတ် ဗိမာန်, နတ်နှင့် ထက်ရပ်ပြဟ္မာ ကိုယ်ဝါအဆင်း အရောင်အလင်းတို့ကို။ အဘိဘာဝိတွာ၊ နေတွက်ရာကူး ပိုးရည်မှူးသို့ လွန်ကျူးကျော်တက် နှိပ်စက်လွှမ်းမိုး ဖြစ်ကြ ပြီး၍။ ယေဒ္ဒုပရိတိရိယေန၊ ဒိသာဆယ်ချက် အောက်ထက်ဖီလာအား ဖြင့်။ အနန္တာ၊ ဘယ်ရွှေ ဘယ်မျှ ဘယ်ဌာနဟု ပိုင်းပြဖွယ်သည်း အဆုံး မရှိကုန်သော။ လောကဓာတုယော၊ ဖြစ်တတ် ပျက်တတ် လောကဓာတ် တို့သို့။ ပက္ခန္ဒိံသု၊ မြူးရွှင်ကွန့်ကြွ ဖူးမဝအောင် ပြေးဝင်ကြကုန်ပြီ။

## စိတ္တသမုဋ္ဌာန ဝဏ္ဏဓာတ်

ဒီလို ဘုရားရှင်၏ ရုပ်ဓာတ်တော်မှ ခြောက်သွယ်သော ရောင်ခြည် တော်တွေ ထွက်ပေါ် ကွန့်မြူးကြတာဟာ အဓိဋ္ဌာန် တန်ခိုးကြောင့်လဲ မဟုတ်ဘူး၊ ဘာဝနာ တန်ခိုးကြောင့်လဲ မဟုတ်ဘူးတဲ့၊ သိမ်မွေ့နူးညံ့တဲ့ ပဋ္ဌာန်းတရားတော်ကို သုံးသပ်ဟော်မူခြင်းကြောင့် ဘုရားရှင်၏ နှလုံး သွေးတော် ကြည်လင်တယ်၊ နှလုံးသွေးတော် ကြည်လင်ခြင်းကြောင့် ဟာဒယဝတ္ထုရုပ် ကြည်လင်တယ်၊ ဟာဒယဝတ္ထုရုပ် ကြည်လင်ခြင်းကြောင့် အရေအဆင်း ကြည်လင်တယ်၊ အရေအဆင်း ကြည်လင်ခြင်းကြောင့် "စိတ္တ သမုဋ္ဌာနဝဏ္ဏဓာတ်" ခေါ်တဲ့ စိတ်ကိုအကြောင်းခံပြီး ဥတုကြောင့်

ဖြစ်ပေါ်လာတဲ့ အဆင်းဓာတ်ခြောက်မျိုး ရောင်ခြည်တော် ခြောက်သွယ်တို့ ထွက်ပေါ် ကွန့်မြူးကြပြီး ဝန်းကျင်ပတ်လည် အတောင်ရှစ်ဆယ်မျှ လောက်သော အရပ်မှာ မတုန်မလှုပ် တည်နေသတဲ့။

**အစိန္တေယျနှစ်မျိုး**

ဗုဒ္ဓအပဒါန် ပါဠိတော်မှာ အစိန္တေယျ နှစ်မျိုးကို ဤကဲ့သို့ ဟောတော်ခဲ့မူတယ်။

ဧဝံ အစိန္တိယာ ဗုဒ္ဓါ၊ ဗုဒ္ဓဓမ္မာ အစိန္တိယာ။
အစိန္တိယေ ပသန္နာနံ၊ ဝိပါကော ဟောတိ အစိန္တိယော။

ဧဝံ၊ ဤသို့။ ဗုဒ္ဓါ၊ ဂင်္ဂါဝါဠု သဲစုမက ပွင့်တော်မူသွားကြသည့် သုံးလောကထွတ်တင် အဆူဆူသော ဘုရားရှင်တို့ကို။ အစိန္တိယာ၊ အဝိသယ ဌာနရပ်မို့ တပ်အပ်ပိုင်ပိုင် မကြံအပ် မကြံစည်နိုင်ပါကုန်။

ဗုဒ္ဓဓမ္မာ၊ ပွင့်ကြထွေထွေ ဘုရားတွေ၏ တွက်ရေမကုန် ကျေးဇူးဂုဏ်တို့ကို။ အစိန္တိယာ၊ အဝိသယ ဌာနရပ်မို့ တပ်အပ်ပိုင်ပိုင် မကြံအပ် မကြံစည်နိုင်ပါကုန်။

အစိန္တိယေ၊ အဝိသယ ဌာနရပ်မို့ တပ်အပ်ပိုင်ပိုင် မကြံအပ်နိုင် မကြံနိုင်တဲ့ ကျေးဇူးဂုဏ်နှင့် ပြည့်စုံပေလတ် ဘုရားမြတ်၌။ ပသန္နာနံ၊ သဒ္ဓါရွှမ်းစို ကြည်ညိုကြကုန်သောသူတို့အား။ အစိန္တိယော၊ အဝိသယ ဌာနရပ်မို့ တပ်အပ်ပိုင်ပိုင် မကြံစည်နိုင်သော။ ဝိပါကော၊ ကြည်ညိုဆပွား အကျိုးတရားသည်။ ဟောတိ၊ မုချမသွေ ဖြစ်ရပေ၏။

ဗုဒ္ဓဓမ္မာတိတွေ ဗုဒ္ဓဂုဏာ (ဋီကာ)

"ဗုဒ္ဓဝိသယော အစိန္တေယျော, ဈာနဝိသယော အစိန္တေယျော,
ကမ္မဝိပါကော အစိန္တေယျော, လောကစိန္တာ အစိန္တေယျာ"

ဟု ဟောတော်မူသောကြောင့် သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်ကြီး, ရှစ်ဆယ်သော လက္ခဏာတော် ငယ်တို့ဖြင့် တန်းဆာ ဆင်ထားတဲ့ ဘုရားရှင်ရဲ့ ရူပကာယတော်၊ သဗ္ဗညုတဉာဏ်စသော နာမကာယတော်၊ ဒီ ဗုဒ္ဓဝိသယကို မကြံအပ် မကြံညစ်စည်နိုင်ဘူးတဲ့။

ဒိဗ္ဗဝိသယ အစိန္တေယျကို ကြည့်ညိုကြတဲ့ ကလျာဏ ဂုဏ်းဝင် သူတော်စင်အပေါင်းတို့အား ရရှိတဲ့ ကံ၏ အကျိုးတရားကိုလဲ မကြံ့အပ် မကြံ့စည်နိုင်ဘူးတဲ့။

ဒါ့ကြောင့် ဗုဒ္ဓဝိသယ အစိန္တေယျကို ပူဇော်ပသ ကြည်ညိုကိုးကွယ်ကြတဲ့ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့အား ကမ္မဝိပါက အစိန္တေယျကို ကိုယ်စီကိုယ်င ရကြကုန်၏ဟု မှတ်သားရာသတည်း။

**တရားသိမ်း**

အင်္ဂီရသဿ နိက္ခန္တံ၊ ဆဗ္ဗဏ္ဏံ ရသ္မိဒေသနံ။
သက္ကစ္စံယေဝ သုတွာန၊ 'သာဓု သာဓူ'တိ ဘာသထ။

ဘော၊ တရားနာနေကြတဲ့ အို ဒကာ, ဒကာမတို့။ တုမှေ၊ တရားချစ်ခင် သင်သူတော်စင်တို့သည်။ အင်္ဂီရသဿ၊ ဆယ်ဖြာပါရမီ ငါးလီစာဂ စရိယာသုံး ကျင့်အားလုံးကြောင့် ထွတ်ဘုန်းဇာနည်ချုပ်ခေါင်တော်ဆိမ့် ထွက်လည်မြူးတည် ခြောက်ရောင်ခြည်ဖြင့် အင်္ဂီရသ ဘွဲ့ထူးရသည့် လောကထွတ်တင်ဘုရားရှင်၏။ ကာယတော၊ ကြည်လင်သပ်ရပ် ကိုယ်တော်မြတ်၏ အဆင်းခေါင်တော်ကိုယ်မှ။ နိက္ခန္တံ၊ အံ့ဖွယ်ဆန်းကြည် ထွက်လည်ကွန့်မြူးသော။ ဆဗ္ဗဏ္ဏံ၊ အမျိုးအစား အဆင်းအားဖြင့် ခြောက်ပါး အပြားရှိသော။ ရသ္မိဒေသနံ၊ စိတ္တာပစ္စယ ဝဏ္ဏခေါတ်မည် ရောင်ခြည် ဒေသနာတော်ကို။ သက္ကစ္စံယေဝ၊ အာရုံတပါး စိတ်မသွားဘဲ လေးစား ရိုသေစွာသာလျှင်။ သုတွာန၊ အားရ ပါးရ သဘောကျပင် နာကြပြီး၍။ သာဓု သာဓူတိ၊ မင်္ဂလိဖိုလ်ရ-ကြောင်း အလွန်ကောင်းစွ ကောင်းလေစွ ဟူ၍။ ဘာသထ၊ သာယာချိုမြ သုံးကြိမ်ကျအောင် ဆိုလိုက်ကြကုန်လော့။

(သာဓု သာဓု သာဓု)

ခြောက်ရောင်ခြည် တရားတော် ပြီး၏။

**မြင်းခြံတရားစာ တတိယတွဲ ပြီးပြီ။**

# နိဂမကထာ

၁။ နဂရံ အတ္ထိ ရာမညေ၊
မြောင်းမြ နာမ ဥပန္တိကေ။
ကံချောင်တိ လဒ္ဓဝေါဟာရေ၊
တဿ ကိရာတဂါမကေ။
(ပထျာဝတ္တ)

၂။ ဦးကြည့်, ဒေါ်ပန်းရင်ဝှယေဟိ
ပိတရေဟိ မဓိက္ခယေ။
ဇေဋ္ဌမာသေ ဇုဏှပက္ခေ၊
ရဝိဝါရေ စ ပဉ္စမေ။
(ဥဘယ ရကာရ ဝိပုလာ)

၃။ စတုတ္ထော'ဟံ သုဇာတောမှိ၊
ပုတ္တော ရာမညရဋ္ဌတော။
ဥဒ္ဓံ ဂန္တွာ ဗာလကာလေ၊
မြမ္မရဋ္ဌဿ မဇ္ဈိမေ။
(တတိယ ရကာရ ဝိပုလာ)

၄။ ရေစကြိုမ္ဗလေ ဒေသေ၊
ဂါမေ နတ်ညွန်းတိ ပါကဋေ။
ဧရာဝတီနဒီယာ စ၊
သလ္လာဝတီ စ အန္တရေ။
(ပထျာဝတ္တ)

၅။ ဓိတွာ တေရသေ ဝဿေ၊
ပဗ္ဗဇိတွာ စ သာသနေ။
ပရိယတ္တိံ ပဋိပတ္တိံ၊
ကရောမိ ဝီရိယံ တတော။
(တတိယ သကာရ ဝိပုလာ)

၆။ ပုရတ္ထိမေ ရောဝတ်၊
နဒိယာ စ ဥပန္တိကေ။
ဘူမိဓနေ့ဒိသမ္ပန္နံ၊
ဝဏ္ဏိတ္တာနဋ္ဌ ဂေါစရံ။
(ပထမ တကာရ ဝိပုလာ)

၇။ ဇိနသာသနဝိဇ္ဇောတံ၊
ထူပမာဋ္ဌာဒိမဏ္ဍိတံ။
ဣဒ္ဓံ ဖိတံ မနောရမ္မံ၊
မြင်းခြံနဂရံ မုတ္တမံ။
(ပထျာဝတ္တ)

၈။ တသ္မိံ ပုရေ မဟာရာမေ၊
ကိုးဆောင် ဝှယေ ဝိဟာရိကံ။
ဘဒ္ဒန္တသောဘိတအဂ္ဂ၊
မဟာပဏ္ဍိတလဋ္ဌနံ။
(တတိယ သကာရ ဝိပုလာ)

၉။ ဂရုံ နိဿာယ လဒ္ဓါန၊
ဓမ္မာစရိယ လဋ္ဌနံ။
လိခါမဟံ ဗဟူ ဂန္ထေ၊
ပဋ္ဌာယ ဒသဝဿိကာ။
(ပထျာဝတ္တ)

၁၀။ သာသနဿ ဇောတတ္ထာယ၊
ဝေပုလ္လတ္ထာယ ဝုဒ္ဓိယာ။
ဓမ္မကထိက ဂုဏ်ရည်နာ၊
မာယံ ဂန္ထော ကတော မယာ။
(ပထမ မကာရ ဝိပုလာ)

၁၁။ မဂ္ဂကထိကာနမ္ဘဝ၊
မဂ္ဂပဋိဂ္ဂါဟကာန စ။
ပီတိဝဍ္ဎနကော ယော၊
ဘယာဘာဝေန နိဋ္ဌိတော။
(ပထမ မကာရ ဝိပုလာ)

၁၂။ ဇိနစက္ကေ တိကာမဋ္ဌေ၊
သက္ကရာဇေ ဃဗျဂ္ဂိဋ္ဌေ။
ဖဂ္ဂုဏေ သုက္ကေ ဒုတိယေ၊
ဗျဂ္ဃဝါရေ စ နိဋ္ဌိတော။
(တတိယ ဘကာရ ဝိပုလာ)

၁၃။ ဣမိနာ ပုညကမ္မေန၊
အညေန ကုသလေန စ။
သတ္တာနံ ဘုခနိမိတ္တံ၊
လဘေယျံ ဗောဓိမုတ္တမံ။
(တတိယ သကာရ ဝိပုလာ)

၁၄။ ရာဇိမံ ပါလေတု ရဋ္ဌံ၊
စိရံ ဇောတေတု သာသနံ။
ယာဝ စ သာသနဋ္ဌိတိ၊
တာဝ ဌာတု အယမ္ပိ စ။
(ပထမ ရကာရ ဝိပုလာ)

၁၅။ သီဃံ သိဇ္ဈန္တု သင်္ကပ္ပါ၊
ဝဍ္ဎန္တု သဗ္ဗမင်္ဂလာ။
သဗ္ဗေ သတ္တာ သုခါ ဟောန္တု၊
လဘန္တု အမတံ ပဒံ။
(ပထျာဝတ္တ)

၁။ ရာမညေ၊ မွန်လူမျိုးတို့ သမိုင်းပျံ့ကာ စရာဌာန ရာမညာ၌။ မြောင်းမြနာမ၊ မြောင်းမြအမည်ရှိသော။ နဂရံ၊ ဆန်ရေစပါး အလွန်ပေါများသည့်မြို့သည်။ အတ္ထိ၊ ရှိ၏။ တဿ၊ ထိုမြောင်းမြမြို့၏ ဥတ္တရဒိသာဘာဂေ၊ ယူဇနာဝက်ခရီး အနီးဖြစ်သော။ ကံချောင်တိ၊ ကံချောင်ဟူ၍။ လဒ္ဓါဝေါဟာရေ၊ ခေါ်ဝေါ်ပညတ် သမုတ်လတ်၍ ရအပ်သော အမည်ရှိသော။ ကရိဂါမကေ၊ ကံရင်များစွာ လယ်ယာလုပ်ငန်း အသက်မွေးဝမ်းမြင့် မှီငြမ်းနေရာ သာယာချမ်းငြ ကရင်ရွာငယ်ကလေး၌။

(ဤကျမ်းစာရှင် မွေးဖွားရာ 'ကံချောင်' ခေါ်တဲ့ ကရင်ရွာငယ်ကလေးက မြောင်းမြမြို့ မြောက်ဘက် အိမ်မဲမြို့နယ် အဝင်အပေါ် ယူဇနာဝက် ခရီးအကွာတွင် တည်ရှိ၍ လူနေအိမ်ခြေ ၂၀-ခန့်မျှ ထိုစဉ်အခါက အများစုအားဖြင့် ကရင်လူမျိုးများ နေထိုင်ပြီး လယ်ယာလုပ်ငန်းဖြင့် အသက်မွေးမှု ပြုကြသတတ်။)

၂။ ဦးကြည့်၊ ဒေါ်ပန်းရင် ဝှယေဟိ၊ ဦးကြည့်၊ ဒေါ်ပန်းရင် အမည်ရှိကုန်သော။ ပိတရေဟိ၊ ဖ,ခမည်းတော် မယ်တော်တို့မှ။ မဝိက္ခယေ၊ တထောင့်နှစ်ရာပေါ် ကိုးဆယ်ကျော်၍ ငါးသော် စွန်းကျ နှစ်ကာလ၌။ ဝါ၊ (၁၂၉၅)ခုနှစ်၌။ ဇေဋ္ဌမာသေ၊ ဇေဋ္ဌနက္ခတ် ထွန်းလတ်ခါကြုံ လ,နယုန်၌။ ဇုဏှပက္ခေ၊ သိကြားခတ်နှိပ် ယုန်တံဆိပ်နှင့် ရောင်ဖိတ်လမင်း ရောင်ခြည်အလင်းပြု ဆန်းပက္ခ၌။ ပဉ္စမေ၊ ငါးရက်မြောက်ဖြစ်သော။ ရဝိဝါရေ၊ ဂဠုန်ဖြင့်မှတ် ဂြိုဟ်မြတ်ကြိမ်ပေ့ တနင်္ဂနွေနေ့၌။

(ဖ,ခမည်းတော်ကား မြင်းခြံမြို့ အနောက်ဘက် သုံးမိုင်ကွာခရီးတွင် တည်ရှိသည့် တန်ဆောင်းရွာ ဇာတိပင် ဖြစ်၏၊ မယ်တော်ကား မြင်းခြံမြို့ အနောက်ဘက် လေးမိုင်ခန့်အကွာ ဧရာဝတီမြစ်၏ အနောက်ဘက်ကမ်းခြေ, ချင်းတွင်းမြစ်၏ အရှေ့ဘက် ပခုက္ကူခရိုင် ရေစကြိုမြို့ အရှေ့တောင်လက်နယ်အဝင်အပေါ် ဆင်ဟဲရွာဇာတိပင် ဖြစ်၏၊ ကံချောင်ရွာ၌ (၆)နှစ်ခန့်မျှ နေဘူးကြ၏။)

၃။ အဟံ၊ ဣန္ဒကာဘိဝံသ မည် ငါသည်။ သုဇာသော၊ မီးရှူးသန့်စင်ကောင်းစွာ ဖွားမြင်သော။ စတုတ္ထော၊ လေးယောက်မြောက်ဖြစ်သော။ ပုတ္တော၊ လုံ့လညာဏ်ထက် ဂုဏ်ရည်သွက်စွာ သားရတနာသည်။ အမှို၊

ဖြစ်၏။ ဗာလကာလေ၊ ကလေးအရွယ် လူမမယ်အခါ၌။ ရာမညရဋ္ဌေတော၊ မွန်လူမျိုးတို့ သမိုင်းပျို့ကာ စံရာဌာန ရာမညမှ။ ဥဒ္ဓံ၊ အထက်အညာသို့။ ဂန္တွာ၊ ပြန်လာဆက်ဆက် ဆန်ကာတက်ခဲ့၍။ မြမ္မရဋ္ဌေ၊ ဗုဒ္ဓဘာသာ သမ္မာကိုင်းရှိုင်း မြန်မာတိုင်း၏။ မဇ္ဈိမေ၊ အလယ်ပိုင်းဖြစ်သော။

(ဤ ကျမ်းစာရှင်ကား မွေးချင်း(၁၀)ယောက်အနက် စတုတ္ထ မြောက် သားရတနာပင် ဖြစ်၏၊ နို့စို့သူငယ် အရွယ်မှာပင် မိဘ အကက်အညာသို့ ပြန်လာခဲ့၍ အောက်မွေး အညာကြီးပင် ဖြစ်၏။)

၄။ ရေစကြိုမဏ္ဍလေ၊ ရေစကြိုမြို့၏ အရှေ့တောင်လက်နယ် အဝင် အပါဖြစ်သော။ ရောဝတီနဒိယာ၊ ရောဝတီ အမည်ကျော်ဟီး မြစ်ကြီး၏ လည်းကောင်း။သလ္လာဝတီနဒိယာစ၊သလ္လာဝတီရှေးမည်ရင်းဖြစ် ချင်းတွင်း မြစ်၏လည်းကောင်း။ ဝါ၊ မြောင်းတူးမြစ်၏လည်းကောင်း။ အန္တရေ၊ ရှေ့နောက်နှစ်သွယ် အလယ် အကြား ဖြစ်သော။ ဒေသေ၊ အရပ်၌။ နတ်ညွှန်းတိ၊ နတ်ညွှန်းဟူ၍။ ပါကဋ္ဌေ၊ သမ္မုတိသစ္စာ သညာအားဖြင့် ထင်ရှားသော။ ဂါမေ၊ စည်ပင်သာယာ ဝပြောစွာသည့် ကျွန်းရွာ၌။

(ကျမ်းစာရှင် ငယ်စဉ်က နေထိုင်ခဲ့သော နတ်ညွှန်းရွာကား ပခုက္ကူခရိုင် ရေစကြိုမြို့ အရှေ့ တောင်လက်နယ် အဝင်အပါ ရှေးအခါက စာတတ် အကျော်အမော်များ ထွန်းကားရာ ပခန်း နယ်အဝင်အပါ လူနေအိမ်ခြေလေးရာခန့်မျှ မြစ်ပတ်လည် ဝန်းရံခ လျက် ပျော်မွေ့ဘွယ်ရာ ချမ်းသာယာ ဆူဖြိုးသောရွာတရွာပင်။)

၅။ ဓမိတ္တာ၊ နေထိုင်မှီတင်း ကြီးပြင်း၍။ တေရသေ ဝဿေ၊ တဆယ့် သုံးနှစ်အရွယ်၌။ သာသနေ၊ ဘုရာ မြတ်စွာ သာသနာတော်၌။ ပဗ္ဗဇိတ္ဗာ၊ သိက္ခာဆယ်ထွေ ရှင်သာမဏေပြု၍။ ပရိယတ္တိံ၊ သင်ယူအပ်လှ ပရိယတ္တိ ဓမ္မကိုင်း။ ပဋိပတ္တိံ၊ ဖြည့်ကျင့်အပ်လှ ပဋိပတ္တိဓမ္မကိုင်း။ ဝီရိယံ၊ နေ့ည မယုတ်အားထုတ်ခြင်းလုံ့လကို။ကရောမိ၊ မြဲမြံစွာလေ ပြုခဲ့ပေ၏။ တတော ပစ္ဆာ၊ ထိုမှ နောက်၌။

(နတ်ညွှန်းရွာတွင် မိဘများနေထိုင်စဉ် ကျမ်းစာရှင်ကို ထိုကျေး ရွာရှိ အလယ်တန်းကျောင်းတွင် ကျောင်းထား၍ ငါးတန်းအထိ

ပညာသင်ကြားခဲ့ပြီး ၂၅၀နှစ် ကိုးနှစ် ဂျပန်ခေတ်တွင် ကျောင်းမှ ထွက်ခါ တဖန် တဆယ့်သုံးနှစ်အရွယ်တွင် ကိုကျေးရွာရှိ ရှင်ဦး ကျောင်းသစ်တွင် ရှင်သာမဏေပြု၍ စာပေပရိယတ်ကို မပြတ် အားထုတ်ခြင်း၊ ရှင်သာမဏေတို့ ဆိုင်ရာ ကျင့်ဝတ် အပြာပြာ ပဋိပတ်ကို ဖြည့်ကျင့်ခြင်းများကို ပြုခဲ့၏။)

၆။ ဧရာဝတီနဒီယာ၊ ဧရာဝတီ အမည်ကျော်ဟိး မြစ်ကြီး၏။ ဉာဏ်ဘက်ကော၊ အနီးဖြစ်သော။ ပုရတ္ထိမေ၊ ကျားမင်းစံရာ အရှေ့မျက်နှာ အရပ်၌။ ဘူမိဓနာဒိ သမ္ပန္နံ၊ ဆေး ပဲ နှမ်း ဝါ ဧရတ် ကြက်သွန် စသော မြေထွက် ပစ္စည်း စသည်တို့နှင့် ပြည့်စုံထသော။ ဝဏိဇ္ဇာနံ၊ ထက်အောက်မြို့ရွာ သွားလာရောင်းဝယ် ကုန်သည်ပွဲစား လူလယ်များတို့၏။ ဂေါစရံ၊ ပျော်မွေ့ ရှင်ကြည် ကျင်လည် ကျက်စားရာလည်း ဖြစ်ထသော။

၇။ ဇိနသာသနဝိဇ္ဇောတံ၊ အံ့ဘွယ်ရှစ်ပြာ ဘုရားသာသနာတော် မြတ်ကြီး၏ နေဝန်းလဝန်းတမျှ ထွန်းလင်းတောက်ပရာလည်း ဖြစ်ထသော။ ထူပ, မာဋ္ဌာဒိမဏ္ဍိတံ၊ စေတီ, တန်ဆောင်း, ကျောင်းစသည်တို့ဖြင့်လည်း တန်းဆာ ဆင်အပ်ထသော။ ဝါ၊ တဆယ့်နှစ်မုခ် ကိုးဆောင် မာရ်အောင် ရတနာ, နှစ်ကျိပ်ရှစ်ဆူစသော စေတီတော်ကြီးများ, တန်ဆောင်းတော်ကြီးများ, ပရိယတ္တိကျောင်းတိုက်ကြီးများ,ပဋိပတ္တိကျောင်းတိုက်ကြီးများ တို့ဖြင့်လည်း တန်းဆာဆင်အပ်ထသော။ ဣဒ္ဓံ၊ ကြွယ်ဝကုံလုံ ပြည့်စုံသည် လည်း ဖြစ်ထသော။ဖီတံ၊ သာယာဝေစည် ဝပြောသည်လည်းဖြစ်ထသော။ မနောရမ္မံ၊ ချမ်းသာကိုမူ လိုလားသူတို့ ကြည်ဖြူရှင်ပြုံး နှလုံးမွေ့လျော် ရာလည်းဖြစ်ထသော။ ဥတ္တမံ၊ ပုဉ်းရှင် ကံရှင် သမ္မာရှင်တို့ ခင်မင်ပျော် လဲ့တ်၍ မြတ်ထသော။ မြင်းခြံနဂရံ၊ မြင်းခြံမြို့တော်သည်။ အတ္ထိ၊ ရှိ၏။

(မြင်းခြံမြို့ကား မြန်မာပြည်အလယ်ပိုင်း မန္တလေးတိုင်း အပါ အဝင် ဧရာဝတီမြစ်ကို မှီ၍ အရှေ့ဘက် ကမ်းခြေတွင် တည်ရှိ၍ အနီး ပတ်ဝန်းကျင် အသီးအနှံများ ထွက်သော ကျွန်းကုန်းဒေသ များဖြင့် ကုန်သည် ပွဲစား ဈေးသည်များ ပေါများကာ အရောင်း အဝယ် သွက်လက်ပြီး စီးပွားရေး အကွက်အကွင်း ကောင်းလှ၏၊ ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်ပြီး ကံ, ကံ၏အကျိုးကို

ယုံကြည်တဲ့ ဗုဒ္ဓဘာသာဝင် သမ္မာဒိဋ္ဌိ သူတော်စင်တွေ နေထိုင်မှီတင်း ဘုရားဖူး, တရားနာ, အလှူပေးခြင်း, သီလဆောက်တည်ခြင်း, ဘာဝနာအလုပ်ကို အားထုတ်ခြင်း, ရှင်ရဟန်းတို့ဘက်မှလည်း ပရိယတ်, ပဋိပတ်လုပ်ငန်းကို ကြိုးပမ်းတော်မူကြခြင်းတို့ဖြင့်လည်း သာသနာ အလွန်သွန်းလင်း၍ ပဋိရူပဒေသဝါသ သမ္ပတ္တိစက်နှင့် ပြည့်စုံတဲ့ မြို့ပင်ဖြစ်၏၊ စစ်ပြီးခေတ်တွင် ဖ,ခမည်းတော် မယ်တော်များ ဖြစ်သော ဆေးရိုးစက်ပိုင်ရှင် **ဦးကြည်-ဒေါ်ပန်းရင်**တို့ နတ်ညွန်းရွာမှ မြင်းခြံမြို့ ၁၉-လမ်း နွားကူးတန်း အိမ်အမှတ် (၅၇)၌ ပြောင်းရွှေ့နေထိုင်ခဲ့ကြသည်၊ ကျမ်းစာရှင် သားကိုရင်ကိုလည်း ထိုမြို့ရှိ ကိုးဆောင်တိုက် ပခုက္ကူကျောင်းသို့ ပြောင်းရွှေ့အပ်နှံခဲ့ကြသည်။)

၇။ တသ္မိံ ပုရေ၊ ထိုမြင်းခြံမြို့တော်၌။ ကိုးဆောင်ဝှယေ၊ စွင့်စွင့်မြင့်ခေါင် အဆောင်ကိုးရပ် ဗျူပွတ်နှင့်အညီ **ကိုးဆောင်** အမည်ရှိသော။ မဟာရာမေ၊ ထက်အောက်မြို့ရွာ ပညာ သင်ကြား စာသင်သားတို့ ကျက်စားပျော်မွေ့ **ကျောင်းတိုက်ကြီး**၌။ ဝိဟာရိကံ၊ဣရိယာပထ စက်လေးဝဖြင့် မျှတရှင်ပြုံး သီတင်း သုံးတော် မူထသော။ ဘဒ္ဒန္တသောဘိတ အဂ္ဂမဟာပဏ္ဍိတလည္ဟုနံ၊ **ဘဒ္ဒန္တသောဘိတ အဂ္ဂမဟာပဏ္ဍိတ** ဟူ၍ ရအပ်သော ဘွဲ့တံဆိပ်တော်ရှိသော။

၉။ ဂရုံ၊ အနန္တ ဂိုဏ်းဝင် ဆရာထေရ်ရှင်ကို။ နိဿာယ၊ ပရိယတ္တိပန်းအထက်တန်းသို့ **တက်လှမ်းဆွတ်မှု** မှီငြမ်းပြု၍။ ဓမ္မာစရိယလည္ဟုနံ၊ ဓမ္မာစရိယ ဘွဲ့တံဆိပ်တော်ကို။ လဒ္ဓါန၊ ရပြီး၍။ ဒသဝဿိကာ၊ဆယ်ဝါရသည်မှ။ ပဋ္ဌာယ၊ စ၍။ ဗဟူ၊ ထွေထွေရာရာ များစွာကုန်သော။ ဂန္ထေ၊ ကျမ်းဂန်တို့ကို။ အဟံ၊ ငါသည်။လိခါမိ၊ ကြိုးကြိုးစားစား ရေးသားခဲ့၏။

(ဤကျမ်းရေးသူကား ပခုက္ကူနိကာယကြီးမှ ပေါက်ဖွားခဲ့သူပင်၊ ကျမ်းရေးသူ၏ ဆရာ့ဆရာများမှာ သာသနာတော်တွင် နေအသွင် လအသွင် အလွန်ပင် ကျော်စောထင်ရှားပြီး ပရိယတ်, ပဋိပတ် ခုရနှစ်ပါးကို နေ့မအား ညမအား အလွန်ကြိုးစားတော်မူခဲ့ကြသည့်—

၁။ ဆရာတော် ဦးဂန္ဓသာရ (ပိဋကတ္တယဆေကနိကာယပါရဂူ)

၂။ ဆရာတော် ဦးပညာ (အဂ္ဂမဟာပဏ္ဍိတ)

၃။ ဆရာတော် ဦးနန္ဒဝံသ (အဂ္ဂမဟာပဏ္ဍိတ)

၄။ ဆရာတော် ဦးသုန္ဒရ (အဘိဓဇ မဟာရဋ္ဌဂုရု)

၅။ ဆရာတော် ဦးသောဘိတ (အဂ္ဂမဟာပဏ္ဍိတ)

ကျေးဇူးရှင် ဆရာတော်ဘုရားကြီးတို့အား ကျမ်းစာရေးသားမှုဖြင့် ဂုဏ်ပြု ပူဇော်ပါ၏။)

၁၀။ မယာ၊ 'ဏန္ဒကာဘိဝံသ'မည် ငါသည်။ သာသနဿ၊ ပရိယတ္တိသာသနာ, ပဋိပတ္တိ သာသနာ, ပဋိဝေဓ သာသနာ ဟုဆိုအပ်သော သုံးရပ်သော သာသနာတော်မြတ်ကြီး၏။ ဇောတတ္ထာယ၊ နေဝန်းတမျှ ထွန်းတောက်ပပါစေခြင်း အကျိုးငှါလည်း။ ဝေပုလ္လတ္ထာယ၊ ဝေဝေဆာဆာ ပြန့်ပြောပါစေခြင်းအကျိုးငှါလည်း။ ဝုဍ္ဎိယာ၊ တနေ့တခြား တိုးပွားပါစေခြင်း အကျိုးငှါလည်း။ ဓမ္မကထိက ဂုဏ်ရည် နာမ၊ ဓမ္မကထိကဂုဏ်ရည် အမည်ရှိသော။ အယံ ဂန္ထော၊ ဤ "မြင်းခြံတရားစာကျမ်း"ကို။ ကတော၊ ရေးသားပြုစု စီရင်အပ်ပေပြီ။

၁၁။ ဓမ္မကထိကာနဉ္စ၊ တရားဟောပြ ပုဂ္ဂလဇာနည် ဉာဏ်ရည်ကွန့်မြူး အံ့ထူးစွာပ ကထိကအကျော် ပုဂ္ဂိုလ်မော်တို့အားလည်း။ ဓမ္မပဋိဂ္ဂါဟကာနဉ္စ၊ တရားနာခံ ကျင့်ကြံသောင်းပြောင်း တရားနာပုဂ္ဂိုလ် အပေါင်းတို့အားလည်း။ ပီတိဝဍ္ဎနကော၊ လွန်စွာဝမ်းမြောက်ခြင်း ပီတိကို ဖြစ်ပွားစေတတ်သော။ ဧသော၊ ဤဓမ္မကထိကဂုဏ်ရည် အမည်တင့်ဆန်း မြင်းခြံတရားစာကျမ်းသည်။ ဘယာဘာဝေန၊ အန္တရာယ် မငြိ ဘေးမရှိသဖြင့်။ နိဋ္ဌိတော၊ နိဂုံးတရပ် လက်စသတ်၍ အပြီးအဆုံးသို့ ရောက်လတ်ပြီ။

၁၂။ စ၊ ကျမ်းစာပြီးရာ အချိန်အခါကို ပြဦးအံ့။ ဇိနစက္ကေ၊ ဘုရားမြတ်စွာ သာသနာတော်သည်။ တိကာမဋ္ဌေ၊ (၂၅၁၆) နှစ်ထောင့်ငါးရာ တဆယ့်ခြောက်ခုနှစ်သို့။ သက္ကရာဇေ၊ မြန်မာ့ဝေါဟာရ ကောဇာ သက္ကရာဇ်သည်။ ဃဗျဂ္ဂိဋ္ဌေ၊ (၁၃၃၄) တထောင့် သုံးရာ သုံးဆယ့်လေးခုနှစ်သို့။

ပတ္တော၊ ရောက်လတ်သော်။ ဖဂ္ဂုဏော၊ တပေါင်းလ၌။ သုက္ကေ၊ ဖြူစင်ချမ်းမြ ဆန်းပက္ခဖြစ်သော။ ဒုတိယေ၊ နှစ်ရက်မြောက်ဖြစ်သော။ ဗျဉ္ဇဝါရေ၊ ကျားမင်းကြိမ်ပေ့ တနင်းလာနေ့၌။ နိဋ္ဌိတော၊ ပြီးပြီ။

(ဤကျမ်းရေးသူ သာမဏေ ရှစ်ဝါရလျှင် ခမည်းတော် မယ်တော်တို့ကပင် သာသနာ့ အမွေကို ခံယူ၍ ရဟန်းအဖြစ်ကို ရပြီး ဆက်လက်ကြိုးစားခဲ့ရာ အထွေထွေ ပရိယတ္တိ စာမေးပွဲများကို အောင်မြင်ခဲ့ပြီး ကိုးဝါအလွန်တွင် ဂဏဝါစက အဖြစ်ဖြင့် စာပို့ချရင်း အထွေထွေ ကျမ်းစာများကို ရေးသားခဲ့၏၊ ယင်းသို့ ပို့ချရေးသားရင်း ပင်ကိုယ်ကလည်း ကျန်းမာရေး အားနည်းသောကြောင့်ရင်း၊ အားထုတ်အပ်သော ဝီရိယဓာတ်၏ အားကြီးသောကြောင့်ရင်း ကျန်းမာရေး ချို့တဲ့လာကာ ခန္ဓာကိုယ် ပြိုလဲမတတ်ပင် ဖြစ်၏၊ အကိုကြီး ဦးဘမောင်နှင့် ဇနီး ဒေါ်ကျင်ရွှေ (၁၅-ရပ်ကွက် တိုက်နံပါတ်- ၃၂၉၊ မင်္ဂလာသီရိ ဆေးရိုးစက်ပိုင် ဆေးကုန်သည်နှင့် ပွဲစား) တို့က ကျန်းမာရေးကို အထူးကူညီခဲ့သည်၊ သို့နှင့် ကျန်းမာရေးကို ပြုပြင်၍ ဆက်လက်ရေးသားခဲ့ရာ အပြီးအဆုံးသို့ ရောက်သတည်း)။

၁၃။ အဟံ၊ "ဣန္ဒကာဘိဝံသ"ဟု သမ္မုတိသစ္စာ သညာဘွဲ့ချီငါသည်။ဣမိနာ ပုညကမ္မေန စ၊ဤကျမ်းစာကိုကြိုးပမ်းပြုစု မြတ်ကောင်းမှုကံကြောင့်ရင်း။ အညေန၊ ဤမှတပါးသော။ ကုသလေန စ၊ အနမတဂ်သံသာစက်မှ ယနေ့ကျအောင် ပြုရ စုရ မြတ်ပုညကြောင့်ရင်း။ သတ္တာနံ၊ ဒုက္ခညွတ်ကွင်း ဝဋ္ဋအတွင်း၌ ထန်ပြင်းပူဆာ သတ္တဝါတို့၏။ သုခနိမိတ္တံ၊ လောကုတ်လောကီ နှစ်လီဣဋ္ဌ သုခ၏ အကြောင်းဖြစ်သော။ ဗောဓိမုတ္တမံ၊ ထူးကဲမောက်ချွန် အမွန်ဟုမှတ် ဗောဓိဉာဏ်မြတ်ကို။ လဘေယျံ၊ မချွတ်မုချ ရရပါလို။

၁၄။ ရာဇာ၊ မြန်မာ တိုင်းငူ သမိုင်းထူသည့် ပြိုင်သူဘက်ကင်း မြန်မာအစိုးရမင်းသည်။ ဣမံ ရဋ္ဌံ၊ ဤဗုဒ္ဓဘာသာ မြန်မာပြည်တိုင်းကို။ပါလေတု၊ မင်းတို့ကျင့်ရာ ဆယ်သိက္ခာနှင့် လေးဖြာသင်္ဂဟ ညီစွာ့ မသွေ စောင့်ပ

စေသတည်း။ သာသနံ၊ ဘုရားမြတ်စွာ သာသနာတော်သည်။ စိရံ၊ မြင့်ရှည် မြားမြောင် ငါးထောင်ရှည်ကြာ။ ဇောတေတု၊ နေဝန်းလာန်း မပျောင်းပုံမျှ ထွန်းလင်း တောက်ပပါစေသတည်း။ ယာဝ စ၊ အကြင်မျှလောက်လည်း။ သာသနဋ္ဌိတိ၊ သာသနာတော်၏ တည်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ တာဝ၊ ထို သာသနာ တည်နေသလောက်။ အယံပိ ဂန္ထော ဤ "ဓမ္မကထိကဂုဏ်ရည်" အမည်တွင်ဆန်း "မြင်းခြံတရားစာကျမ်း"သည်လည်း။ ဌာတု၊ မပျောက် မပျက် သူတော်လက်တွင် ဆက်ဆက်မသွေ တည်နိုင်ပါစေသတည်း။

(ဤကျမ်းစာကား တိုင်းပြုပြည်ပြု သမ္မတ ဦးနေဝင်း အမှူး ရှိသော ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရလက်ထက်တွင် ပေါ်တွက် ခဲ့သည်၊ ထိုအစိုးရ လက်ထက်တွင် အမျိုး, ဘာသာ, သာသနာကို ပြန်လည်ပြုပြင် ချီးမြှောက်ခဲ့ကြသည်) ။

၁၅။ သက်ပွါ၊ သဗ္ဗဝါ အမျိုးမျိုး ချမ်းသာတိုးဘို့ ကောင်းကျိုး အလီလီ ကောင်းသော အကြံအစည်ဟူသမျှတို့သည်။ သိဇ္ဈံ၊ မကြာမတင် ဆောလျင်လျင်။ သိဇ္ဈန္တု၊ လိုအင်ပြည့်လောက် ချမ်းသာရောက်အောင် ပြီးမြောက်ပါစေကုန်သတည်း။ သဗ္ဗမင်္ဂလာ၊ လယ်ယာမိုးမြေ ဆန်ရေ စပါး ကျွဲ နွား ဆင် မြင်း သင်းပင်းခြွေရံ ကုံထံရိပ်ငြိမ် စည်းစိမ်ဉစ္စာ ပညာသမ္ဘာရ နိဗ္ဗာနတိုင် မျှားဖိုင်ချမ်းသာ အလုံးစုံသော လောကီမင်္ဂလာ လောကုတ္တရာ မင်္ဂလာတို့သည်။ ဝဍ္ဎန္တု၊ တနေ့တခြား အကျိုးများအောင် တိုးပွားကြစေကုန်သတည်း။ သဗ္ဗေ၊ ခပ်သိမ်းကျုံးခြုံ အလုံးစုံကုန်သော။ သတ္တာ၊ ရှိရှိသမျှ အနန္တစကြဝဠာ တည်ရာဌာန သတ္တဝါမှန်သမျှတို့သည်။ သုခါ၊ ကိုယ်ရောစိတ်ပါ နှစ်ဖြာဘေးပ ချမ်းသာကြကုန်သည်။ ဟောန္တု၊ ယခုချက်ချင်း လက်ငင်းမသွေ ဖြစ်ကြပါ စေကုန်သတည်း။ အမတံ၊ ဉပါဒ်,ဌီ,ဘင် ဖြစ်ပျက်လျှင်ရှင်း သေခြင်းကင်းသော။ ပဒံ၊ အသင်္ခတဓာတ် မြတ်သောနိဗ္ဗာန်ကို။ လဘန္တု၊ ကိုယ်စီကိုယ်င ရကြပါစေကုန်သတည်း။

ဓမ္မကထိက ဂုဏ်ရည်ခေါ်

**မြင်းခြံတရားစာ အလုံးစုံ ပြီး ပြီ ။**

မြင်းခြံမြို့

ကိုးဆောင်တိုက်၊ ပခုက္ကူကျောင်းသစ်

ဓမ္မာစရိယ

# အရှင်ဣန္ဒကာဘိဝံသ

၏

# သာသနာပြု မြင်းခြံစာပေ

ခေါ်

# အခြေခံဘာသာရေး ကျမ်းကြီး

မကြာမီထွက်မည်

စိစဉ်ထားပုံ

အပိုင်း ( ၁ ) သီလ ဆောက်တည်ပုံမှစ၍ ဩကာသ ကန်တော့ခဏ်းကို စုံစုံလင်လင် အကျယ်ဖွင့်ပြသည်။

အပိုင်း (၂-၃) ကံငါးပါး အကျိုးအပြစ်နှင့် ငါးပါး, ရှစ်ပါး, ဆယ်ပါး သီလ၏ အကျိုးပြဝတ္ထုများ ပါရှိသည်။

အပိုင်း ( ၄ ) ပါဠိတော်လာ ဒါနမျိုးပေါင်း (၅၀)ကျော်တို့၏ အကျိုးများ ပါရှိသည်။

အပိုင်း ( ၅ ) ဂိဟိဝိနယသုတ္တန်လာ ကျင့်ဝတ်အမျိုးမျိုး ဖေါ်ညွှန်းထားသည်။

သို့အတွက် — ဘာသာရေး၌ ကျွမ်းကျင်၍ လူယဉ်ကျေး ဖြစ်လိုသူတိုင်း ဤကျမ်းကို အထူးလေ့လာသင့်သည်။